
# သိင်္ဂါလသုတ္တန်

# တရားတော်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

(သမိုတ်အိုင်)



သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

သီတဂူစာစဉ် [၁၂]

သဲကုန်းဆရာတော်

အရှင်ဉာဏိဿရ

# သိင်္ဂါလသုတ္တန်တရားတော်

ဖြန့်ချိရေးဌာန

ကြင်ကြင့်

အမျိုးသမီး သိဒ္ဓိပိဋကတ်-ပရိက္ခရာဆိုင်

၄၃/၄၄ ရွှေတိဂုံ အရှေ့မုခ်

ရန်ကုန်မြို့။

(A)

ပထမအကြိမ်
အုပ်ရေ ၂၀၀၀
၁၉၈၂-ခု မတ်လ
ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်(၈၄၈)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်(၈၃)
ဘလေ့ခက်-ရောင်နီဦး ၃၁-လမ်း
အဖုံးရိုက်-နေလင်း
ပန်းချီ-ဦးစံတိုး
စာအုပ်ချုပ်-သန်းသန်းယဉ်
ရောင်းဈေး-၂၀-ကျပ်

ထုတ်ဝေသူ။ ။ဦးကျော်ဆန်း(၀၉၃၂)
ရဲအောင်စာပေ၊ ၂၊ ချွန်းလမ်း၊ ၁-လမ်း၊
ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်တင်လှ(၀၂၀၃၀)၊
နေလင်းစာပုံနှိပ်တိုက်၊ အမှတ် ၁၁၊
၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

# အမှာစာ

## အမှာစာ၏ အမှာစကား

သိင်္ဂါလသုတ္တန် တရားတော် စာအုပ်အတွက် အမှာစာကို အရှင်ဉာဏိဿရ ကိုယ်တိုင်ရေးမည်၊ သို့မဟုတ် သင့်တော်ရာ အခြားပုဂ္ဂိုလ် တဦးဦးကို အရေးခိုင်းမည်ဟု အထင်နှင့် အခြား စာအုပ်များအတွက် အာရုံစိုက်နေခဲ့ရပါသည်။

သို့သော် စာအုပ်ထွက်ခါနီးတွင်မှ အမှာစာရေးပါဟု တာဝန်ပေးလာသောအခါ များစွာ ဝန်လေးမိပါသည်။

အရှင် ဉာဏိဿရလို ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်တဦး၏ အလေးအနက် ဟောကြားထားသော ဤသိင်္ဂါလသုတ္တန် တရားတော် စာအုပ်အတွက် အမှာစာကို သာမန် ပုဂ္ဂိုလ်တဦး မျှသာ ဖြစ်သော မိမိအဘို့ ရေးရမှာ များစွာဝန်လေးပြီး၊ မဝံ့မရဲ ဖြစ်ရပါသည်။

အရှင်ဉာဏိဿရမှာ ဟောရေးပြောရေး ဆက်ဆံရေးများနှင့် စစ်ကိုင်းတောင်ရိုး ရေပေးဝေရေးဖြစ်သည့် သီတဂူရေစီမံကိန်း အလုပ်ကိစ္စနှင့် မလွှန်ဆန်လှူတရားပွဲများမှာ အချိန်နှင့်မမျှတအောင် မအားမလပ်ဖြစ်နေသည်ကို မြင်တွေ့ရသဖြင့် ပေးအပ်လာသော တာဝန်ကို မငြင်းဆန်နိုင်ပဲ ယူခဲ့ရပါသည်။

စာရေးသူသည် ဤစာအုပ် ဖြစ်မြောက်ရေးအတွက် စာမူကြမ်းကို အချောကိုင် ပြင်ဆင်ပေးခဲ့ရသော်လည်း လက်နှိပ်စက်ရိုက်ပြီးသည့် စာမူကို မဖတ်လိုက်ရပါ၊ ပုံနှိပ်စက်တင်သောအခါ ပရုဖ် (Proof) ကိုလည်း မဖတ်လိုက်ရပါ၊ အချိန်မရလိုက်ပါ၊ စာအုပ်ဖြစ်လာသော အခါမှသာ စာရေးသူလက်ထဲ ရောက်လာပါတော့သည်။

ဤစာအုပ်တွင် အမှားအယွင်းနှင့် ချွတ်ယွင်းချက်များ အနည်းငယ် တွေ့ရှိပါလျှင် သည်းခံ၍ ခွင့်လွှတ်စေလိုပါသည်။ မူရင်းတရားသားနှင့် ဟောပြောချက်များမှာ တိတ်ခွေဖွင့်၍ နာရသကဲ့သို့ မွေ့ရသကိုခံစားရပါမည်။

## သုံးမည့်ရ သုတ္တန်တရား

ဤသိင်္ဂါလ သုတ္တန်တွင်—

(၁) ကမ္မကိလေသ ၄— ပါး၊

(၂) အဂတိတရား ၄— ပါး၊

(၃) စီးပွားဥစ္စာပျက်စီးကြောင်း ၆— ပါး၊

(၄) အရပ်ခြောက်မျက်နှာ ရှိခိုးခြင်းအကြောင်း

ဟူ၍ အခန်းကဏ္ဍ (၄) ခုရှိရာတွင် လူသားတိုင်းလိုက်နာဘွယ် ပြုကျင့်ဘွယ် ရှောင်ကြဉ်ဘွယ်ရာ အချက်အလက်များကို အရှင်ဘုရားသည် အကွက်စေ့စေ့နှင့် ထိထိမိမိရှိအောင် (၇) ဌာန၊ (၇) ညတိုင်တိုင် အပင်ပန်းခံ၍ စေတနာ ထက်သန်စွာ ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ဤသုတ္တန်တရားစာအုပ်ကိုလည်း အပိုင်း(၇)ပိုင်းခွဲကာ ဖော်ပြလိုက်ရပါသည်။

ဤသိင်္ဂါလသုတ္တန်၊ (သို့မဟုတ်) သိင်္ဂါလောဝါဒသုတ္တန်၊ (သို့မဟုတ်) ဂိဟိဝိနယသုတ္တန်သည် လူတို့၏ ကိုယ်ကျင့်တရား (သီလ)၊ (သို့မဟုတ်) လူမှုရေးကျင့်ဝတ်ပိုင်းဆိုင်ရာကို အတိအကျ ဗုဒ္ဓညွှန်ပြ ပညတ်တော်မူခဲ့သော ကျင့်ဝတ် ဥပဒေသများပင် ဖြစ်ပါသည်။

### သီလ (၂) မျိုး

ကျင့်ဝတ်ဆိုသည်မှာ ဝိနည်း (သို့မဟုတ်) သီလတရားဖြစ်ပြီး ထိုကျင့်ဝတ်သည် —

(၁) ရဟန်းကျင့်ဝတ်၊ (ဝါ) ရဟန်းဝိနည်း၊ (ဝါ) ရဟန်းသီလ၊

(၂) လူ့ကျင့်ဝတ်၊ (ဝါ) လူ့ဝိနည်း၊ (ဝါ) လူ့သီလ၊

ဟူ၍ ပုဂ္ဂလပဓာနအလိုက် နှစ်မျိုးရှိပါသည်။ ထိုသို့ရှိရာတွင် လူ့ကျင့်ဝတ်၊ (ဝါ) လူ့ဝိနည်း၊ (ဝါ) လူ့သီလကို အောက်ပါအတိုင်း ထပ်မံခွဲကြည့်နိုင်ပါသည်။

(၁) စာရိတ္တသီလ-ဆောင်ရွက်ရမည့်ကျင့်ဝတ်၊

(၂) ဝါရိတ္တသီလ-ရှောင်ကြဉ်ရမည့်ကျင့်ဝတ်တို့ ဖြစ်ပါသည်။

ပါဏာတိပါတာ စသော ငါးပါးသီလ၊ ရှစ်ပါး၊ ကိုးပါး၊ဆယ်ပါး သီလတို့မှာ ဤအမှုကိုမပြုကျင့်ရဟု ဗုဒ္ဓ တားမြစ်တော်မူခဲ့သဖြင့်“ဝါရိတ္တ သီလ”များ ဖြစ်၍ မိဘကျင့်ဝတ် စသည်တို့မှာ ဤအမှုကို မုချမသွေ ပြုကျင့်ရမည်ဟု ဗုဒ္ဓပညတ်တော်မူခဲ့သဖြင့် “စာရိတ္တသီလ”များပင်ဖြစ် ပါသည်။

## သီလနှင့် ပြည့်စုံတယ် ဆိုတာ

ထို့ကြောင့် လူပုဂ္ဂိုလ်တဦးတယောက်သည် ပါဏာတိပါတာ စသည် တို့ကို မကျိုးမပေါက်ရအောင် စောင့်ရှောက် ဆောက်တည်၍ နေပင် နေငြားသော်လည်း ထိုသူကို သီလနှင့်ပြည့်စုံသူဟူ၍ မဆိုနိုင်သေးပါ၊ အဘယ့်ကြောင့်ဆိုသော် ဝိနည်းပိဋက မဟာဝါပါဠိတော်၌—

ဝတ္တံ အပရိပူရေန္တော၊ န သီလံ ပရိပူရတိ။

ဝတ္တံ၊ ကျင့်ဝတ်တရားကို။ အပရိပူရေန္တော၊ မပြည့်ကျင့်သော သူသည်။ သီလံ၊ သီလကို။ နပရိပူရတိ၊ ပြည့်ကျင့်သည် မမည်။

ကျင့်ဝတ်တရားများကို မပြည့်ဆည်း မပြုကျင့် မဆောင်ရွက်လျှင် သီလစောင့်သည်၊ သီလနှင့်ပြည့်စုံသည်ဟု မဆိုနိုင်ကြောင်း ဗုဒ္ဓရှင်တော် မြတ် ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးစသော ဝါရိတ္တ သီလများတွင်သာမက ဖေါ်ပြပါ ကျင့်ဝတ်တရားများကိုလည်း ဖြည့် ကျင့်ပါမှ သီလနှင့်ပြည့်စုံသည်ဟု (ဝါ)သီလ ဆိုသော ပုဒ်၏အဓိပ္ပါယ် ခြုံမိငုံမိမည် ဖြစ်ပါသည်။

ထိုကဲ့သို့ သီလသမ္ပတ္တိသဘော ဆောင်နိုင်ရန်အတွက် ကျင့်ဝတ်တရား များ (ဝါ) ကိုယ်ကျင့်တရားများသည် မည်မျှ အရေးကြီးကြောင်း အထူးမရေးလိုတော့ပါ၊ လူ့လောက၏ လက်တွေ့ မျက်တွေ့ ဖြစ်သော အိမ်ထောင်တခုနှင့် ပညာသင်ကြားနေရသည့် စာသင်ကျောင်း တခုကို ကြည့်စေလိုပါသည်။

## သာယာစိုပြည်သော တြိဂံနယ်မြေ

အိမ်ထောင်တခုတွင် အမိအဖနှင့် သားသမီးဟူ၍ သုံးဦး သုံးဖလှယ် ရှိကြသကဲ့သို့ ပညာသင်ကြားရာ စာသင်ကျောင်း ဌာနများတွင် ဆရာ၊ မိဘ၊ ကျောင်းသားဟူ၍ သုံးဦးသုံးဖလှယ်ရှိကြပါသည်။

ထိုသို့ရှိရာတွင် အနားသုံးဖက်ရှိသော တြိဂံတခုအဖြစ် သတ်မှတ်မည် ဆိုလျှင် အမိသည်အနားတဖက်၊ အဖသည်အနားတဖက်၊ သားသမီး သည် အနားတဖက်ဖြစ်၍၊ ဆရာသည် အနားတဖက်၊ မိဘသည်အနား တဖက်၊ ကျောင်းသားသည် အနားတဖက်ဖြစ်ကြပေမည်။

လင့်ဝတ်ဘရား(၅)ပါးဟုဆိုအပ်သော ညီညာသည့် အနားတဖက်၊ မယားဝတ်တရား (၅)ပါးဟု ဆိုအပ်သော ညီညာသည့် အနားတဖက်၊ သားသမီးဝတ်တရား(၅)ပါးဟုဆိုအပ်သော ညီညာသည့်အနားတဖက်၊ ထိုသုံးနားညီညွတ်မှုကို ဆက်စပ်လိုက်သော အခါတွင် သုံးနားညီတြိဂံ တခုဖြစ်ပေါ်လာသည်။

ထို့အတူ ပညာသင်ကြားရာ စာသင်ကျောင်း ဌာနများတွင်သည်း ဆရာ့ဝတ္တရား (၅)ပါး၊ မိဘဝတ္တရား (၅)ပါး၊ ကျောင်းသားကျောင်း သူ ဝတ္တရား (၅)ပါးဟု ဆိုအပ်သော ညီညာသည့် အနားသုံးဖက်ကို ဆက်သွယ်ပေါင်းစပ်လိုက်လျှင် သုံးနားညီတြိဂံတခု ဖြစ်လာပါသည်။

သက်ဆိုင်ရာ ကျင့်ဝတ္တရားများ တဖက်ဖက်မှချွတ်ယွင်းလျှင် သုံးနား ညီတြိဂံဘခုဖြစ်ပေါ်မလာနိုင်တော့ပါ၊ဆက်စပ်၍ရပါလျှင်လည်းသုံးနား ညီ တြိဂံ၏ အင်္ဂါနှင့် မပြည့်စုံတော့ပါ၊ သုံးနားညီတြိဂံဟု မခေါ်ဆိုနိုင် တော့ပါ။

ထိုသို့ချွတ်ယွင်း ပြီဆိုလျှင် ထိုဌာန ထိုအိမ်ထောင်စုသည် သာယာ စိုပြည်သော တိုးတက်ဖွံ့ဖြိုးစည်ပင်သော ဌာနတခု အိမ်ထောင် တခု အဖြစ် မဟုတ်တော့ပါ၊ ဆူဆူ ညံညံနှင့် စိတ် မချမ်းမြေ့စရာ စိတ်ဆင်းရဲစရာများ ရောပြွန်း၍ တိုးတက်ဖွံ့ဖြိုးမှုမှ ဆိတ်သုဉ်းသော အိမ်ထောင်တခု၊ ဌာနတခုမျှသာဖြစ်ပေတော့မည်။

ထိုကဲ့သို့ ဖြစ်ပေါ်လာရခြင်းအကြောင်းကိုရှာလျှင် မိမိတို့နှင့်ဆိုင်ရာ ဝတ္တရားများ၊ ကျင့်ဝတ်သီလများ ချွတ်ယွင်းမှုကြောင့်ဟု အထူးပြော

စရာ မလိုတော့ပါ၊ ထို့ကြောင့် ထိုကျင့်ဝတ် (ဝါ) လူမှုရေးကျင့်ဝတ် များကို ကြိုးစားဖြည့်ကျင့်ရမည်ဟု အထူးလိုအပ်ကြောင်း၊ သပိတ်အိုင် ဆရာတော်ဟု ကျော်ကြားနေသော သံကုန်း - အရှင်ဉာဏိဿရစာ သုတ္တန်လာ ပါဠိတော်စကားရပ်များကို ပြပြင်ပြင် ဖော်ကြူးထားပါ သည်။

## လူ့ပေါက်ပန်း မဖြစ်ရလေအောင်

ထို့အပြင် ပုဂ္ဂိုလ်တဦး တယောက်ကို ကြည့်ပါ၊ ထိုပုဂ္ဂိုလ်သည် လောကီစည်းစိမ်အစစအရာရာပြည့်စုံပါ၏၊ စားဝတ်နေရေးမှာ မကြောင့် မကြ နေရထိုင်ရ စားသောက်ရပါ၏၊ အဘက်ဘက်က ပြည့်စုံပါ၏။

သို့သော် ထိုသူ၌ ကိုယ်ကျင့်တရားများ (ဝါ) လူမှုရေးကျင့်ဝတ်များ ချွတ်ယွင်းပျက်စီးနေလျှင် ထိုသူကို မတင့်တယ် ကောင်းမြတ်သူအဖြစ် (ဝါ) လူကြီးလူကောင်းတယောက်အဖြစ် သတ်မှတ်ခံရပြီး ဂုဏ်သတင်း ပျံ့နှံ့လိမ့်မည်မဟုတ်ပါ၊ ထိပ်တန်းနေရာမျိုးကို ရရှိနိုင်လိမ့်မည်မဟုတ်ပါ၊ အကယ်၍ ရရှိခဲ့လျှင်လည်း ခေတ္တခဏမျိုးသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ထိုကိုယ်ကျင့်သီလများ (ဝါ) လူမှုရေးကျင့်ဝတ်တရား များသည် များစွာ အရေးပါ အရာရောက်ကြောင်းကို-

**နယာ ဟီနာ န သောဘန္တိ၊ နိဂ္ဂန္ဓာ ဣဝ ကိံသုကာ။**

နယာ၊ ကျင့်ဆောင်ရန် နည်းလမ်းမှ (ဝါ) လူမှုကျင့်ဝတ် တရား များမှ။ ဟီနာ၊ ယုတ်လျော့ခဲ့ပါမူကား။ နသောဘန္တိ၊ မတင့်တယ်ကြ ကုန်။ နိဂ္ဂန္ဓာ၊ အဆင်းသာရှိ၍ အနံ့မရှိသော။ ကိံသုကာဣဝ၊ ပေါက် ပန်းပွင့်တို့ကဲ့သို့တည်း။

ဟူ၍ နီတိကျမ်းတွင် စတုရင်္ဂဗလအမတ်ကြီးက ရေးသားခဲ့ပါသည်။

စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝနေသော်လည်း ကျင့်ဝတ်သီလများ (ဝါ) လူမှုရေးကျင့်ဝတ်များ ချွတ်ယွင်းပျက်စီးနေလျှင် ဂုဏ်သတင်း ပျံ့နှံ့ကျော်စောခြင်းမှ ကင်းဝေးပေလိမ့်မည်၊ အဆင်းသာရှိ၍ အနံ့မရှိ သော ပေါက်ပန်းပွင့်ကဲ့သို့ ဖြစ်ပါလိမ့်မည်။

ပေါက်ပန်းပွင့်တို့သည် နီနီရဲရဲနှင့် ပန်ဆင်နမ်းရှူချင်စရာ အသွင် သဏ္ဌာန်ဆောင်သော်လည်း ရနံ့မွှာမရှိပါ၊ ထို့ကြောင့် လူ့ပေါက်ပန်း

ဟု ခေါ်တွင်ခြင်းမှကင်းရန် ဆိုင်ရာကျင့်ဝတ်များကို ကျင့်ဆောင်ကြရပါမည်။ သို့မှသာ အဆင်းရော အခြင်းပါပြည့်စုံ၍ ဂုဏ်သတင်းပျံ့နှံ့ကျော်စောမှု ရရှိကြပေမည်။

လှည်းနပန်းစောင့်အလား—လူမှုကျင့်ဝတ်များ

ထိုလူမှုရေးကျင့်ဝတ်များသည် လှည်းဘီးအပြင် လှည်းဝင်ရိုးစွန်းတွင်တပ်ထားသော နပန်းစောင့်နှင့်တူကြောင်း၊ လိုအပ်သောကုန်ပစ္စည်းအသုံးအဆောင်များ တင်ဆောင်၍ လိုရာခရီးသို့ လှည်းဖြင့် သွားရာတွင် လှည်းနပန်းစောင့်သည် လှည်းဝင်ရိုးမှ လှည်းဘီးကျွတ်ထွက်မသွားစေရန် ထိန်းကွပ်၍ ပို့ဆောင်ပေးသကဲ့သို့—

ခေတ်တော်ဓာနှင့် သွားရာတွင်လည်း ဟာဗ်ဘိုး (Hubbolt) နှင့် နပ်(Nut)သည် ဝင်ရိုးမှ ဘီးကျွတ်ထွက်မသွားစေရန် ထိန်းကွပ်ထားသကဲ့သို့ သံသရာခရီးသည်များအဖို့ လှည်းနှင့်အလားတူသော ခန္ဓာကိုယ်ကို ဘဝခရီးတလျှောက် သယ်ဆောင်ရာ၌ လူမှုရေးကျင့်ဝတ်များ (ဝါ) ကျင့်ဝတ်တရားများသည် အထိန်းအကွပ်များဖြစ်ကြောင်း သတိပြုကြရပါမည်။

ထိုလူမှုရေးကျင့်ဝတ်များ(ဝါ)ကိုယ်ကျင့်တရား ဝတ်တရားများ ချွတ်ယွင်း ပျက်စီးပါလျှင် နပန်းစောင့်ကျွတ်သော လှည်းကဲ့သို့ ဟာဗ်ဘိုး (Hubbolt)နှင့် နပ် (Nut) ပြုတ်ထွက်သောကားကဲ့သို့ ခရီးလမ်းတွင် ကြန့်ကြာမှုနှင့် ဆင်းရဲဒုက္ခကြုံတွေ့ကြရပါမည်။

ထို့ကြောင့် အကျိုးစီးပွားတိုးတက်မှု၊ သာယာဝပြောမှုစိုပြည်သော ဘဝ ဖန်တီးတည်ဆောက်လိုကြသော အမျိုးကောင်းသားသမီးတို့သည် ထိုလူမှုရေးကျင့်ဝတ်များကို လှည်းနပန်းစောင့်အလား မှတ်ယူထား၍ ကြိုးစားအားထုတ်သင့်ကြောင်းကို သင်္ဂဇာဆရာတော်က

"လှည်းဘီးပြင်က၊ နစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒါယကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကျွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်ဒေတူ၊ စံထားမူ၍၊ နိဗ္ဗူခရီပြည်၊ ဝင်အံ့သည်တည်။

ဟူ၍ ဆုံးမလင်္ကာ သီကုံးရေးသားခဲ့ပါသတည်း။

## မှာပါရစေ-မှတ်တမ်းတင်ပါရစေ

အမျိုးကောင်း၊သားသမီးကောင်းတို့သည် မိမိတို့ ကျင့်ဆောင်ရမည့် ကြိုးစားအားထုတ်ကြရမည့် လူမှုရေးကျင့်ဝတ်များ (ဝါ) ဓါးဝတ်ပုဆိုးနှင့် အလားတူသော ကျင့်ဝတ်တရားများအကြောင်း စုံစုံလင်လင် သိရှိခွင့်ရကြလေအောင် ပေါ်ကြွူးထားသဖြင့် လူတိုင်းလူတိုင်း ဆောင်ထားသင့်၊ ဖတ်သင့်၊ မှတ်သင့်သည့် စာအုပ်ဖြစ်ပါသည်။

ဤသိင်္ဂါလောဝါဒ (ဝါ) သိင်္ဂါလသုတ္တန် (ဝါ) ဂိဟိဝိနယသုတ္တန် တရားတော်စာအုပ်ဖြစ်မြောက်အောင် တာဝန်ယူဆောင်ရွက်သော ဓဒါ ကြင်ကြင်မိသားစု ပိဋကတ်စာအုပ်ဆိုင်၊ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်း၊ ရန်ကုန်မြို့အားလည်းကောင်း။

တရားတိတ်ခွေများ ပေးပို့ကူညီ ထောက်ပံ့သော ဦးထွေးမောင် မမွှေအောင်လံတော် အသံကူးဌာန၊ အမှတ် ၆ဂ၊ ကျိတော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့အားလည်းကောင်း။

အဘက်ဘက်မှ ကူညီပို့ဆောင်တာဝန်ယူခဲ့သော ကိုတာ၊ အမှတ် ၁၂ (က)၊ သော်တာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင် ရန်ကုန်မြို့ အားလည်းကောင်း။

အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

အရှင်သစ္စာဝံသ(ဓမ္မာစရိယ), B.Sc.'Physics)
အရှေ့ပိန္နဲကုန်းတိုက်
ကန်တော်ကလေး
ရန်ကုန်မြို့။

# မာတိကာ

## သိင်္ဂါလသုတ္တန် (ပထမပိုင်း)


ပမာဏနဲ့ ဘုရားရှိခိုး ၁

လူမှုရေးကျင့်ဝတ်နှင့်ဆိုင်ရာသုတ္တန်တခု ၂
ရာဇဂြိုဟ်မြို့ တည်ရှိပုံအနေအထား ၄
ဘေးမဲ့ပေးခြင်း အကြောင်းသာဓက ၅
အရက်သမားတွေ အားမကျကြနဲ့ ၆
အဓိပ္ပာယ်နှစ်မျိုးဆောင်တဲ့ မဟတ္တာပုဒ် ၈
သိင်္ဂါလသူဌေးသားရဲ့ ပြုမူဆောင်ရွက်ပုံ ၉
ရှေးဟောင်း အယူအဆတခု ၁၀
ယနေ့ခေတ်လူငယ်လူရွယ်တွေရဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ၁၂
မဟာကရုဏာရှင်ဗုဒ္ဓနဲ့ ဖလုပ်များနေတဲ့ သိင်္ဂါလ
သူဌေးသား ၁၄
သိင်္ဂါလသူဌေးသား ဗုဒ္ဓနှင့်ဆုံဆည်းခြင်း ၁၅
သိင်္ဂါလသူဌေးသား လုပ်ရပ်ကို ဗုဒ္ဓမေးမြန်းတော်မူခြင်း ၁၇
အဖေမှာတဲ့အတိုင်း ၁၉
အဖေနဲ့သား၊ ကွာခြား ၂၀
သားဖြစ်သူသိင်္ဂါလရဲ့ ဆင်ခြေပေးချက် ၂၂
ရတနာသုံးပါးနဲ့ နီးစပ်ရမှာကြောက်တဲ့သိင်္ဂါလ ၂၃
ဖခင်သိင်္ဂါလသူဌေးကြီးရဲ့ နောက်ဆုံးစကား ၂၄
သိင်္ဂါလသူဌေးသား ပြန်လည်ဖြေကြားချက် ၂၅
ဗုဒ္ဓပေးတဲ့ အရပ်ခြောက်မျက်နှာနဲ့ ရှိခိုးပုံရှိခိုးနည်း ၂၆
သိင်္ဂါလ-သုတ္တန်ကို မာတိကာ၄လေးမျိုးစဉ်၍ ဗုဒ္ဓဟောခြင်း ၂၈
မာတိကာစဉ်(၁)ကမ္မကိလေသလေးပါး ၂၉
မာတိကာစဉ်(၂)ပါပကမ္မအဂတိတရားလေးပါး ၂၉
မာတိကာစဉ်(၃)ဘောဂအပါယမုခ ပျက်စီးခြင်းခြောက်ပါး ၂၉
မာတိကာစဉ်(၄)အရပ်ခြောက်မျက်နှာရှိခိုးနည်း ၃၀
လောကကြီးပွားရေး အောင်မြင်ရေးတရား ၃၁

[ကာ၊]


မာတိကာစဉ်(၁)ကမ္မကိလေသလေးပါး ၃၃
ကမ္မကိလေသရဲ့ အဓိပ္ပာယ်နှစ်မျိုး ၃၄

(၁)ပါဏာတိပါတကမ္မကိလေသရဲ့အဓိကအကြောင်းနှစ်ချက် ၃၅
လောဘကြီးစိုးနေလျှင် ငြိမ်းချမ်းရေးမရနိုင် ၃၇
အိုဃောဂီ သင်စိတ်ညစ်နေသလား ၃၉
ကံသုံးပါးစေတနာနဲ့ ဟိတ်ခြောက်ပါး ၄၀
(၂) အဒိန္နာဒါနကမ္မကိလေသရဲ့ အဓိကအကြောင်း ၄၀
(၃) ကာမေသုမိစ္ဆာစာရကမ္မကိလေသရဲ့အဓိကအကြောင်း ၄၀
(၄) မုသာဝါဒ ကမ္မကိလေသရဲ့ အဓိကအကြောင်း ၄၀
ပရမတ်ပညတ် ၄၁
သိင်္ဂါလသဌေး၊သားအား ကမ္မဝိသုဒ္ဓိဖြစ်အောင်
ဗုဒ္ဓတိုက်တွန်းချက် ၄၁
ကမ္မကိလေသနယ်က သံသရာခရီးသည်တွေ ၄၃
အတင်းပြောတာနဒါသ၊ အဖျင်းပြောတာမောဟ ၄၄
သမ္မာအာဇီဝနဲ့ မိစ္ဆာအာဇီဝ ၄၅

မာတိကာစဉ်(၂)ပါပကမ္မအဂတိတရားလေးပါး ၄၆
အကြောင်းတရားလေးပါးကြောင့် မကောင်းမှုပြုတတ်ပုံ ၄၈
(၁) ဆန္ဒာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ ၄၈
အလိုဆန္ဒ ခင်မင်ရာခင်မင်ကြောင်း လာဘ်ယူခြင်း ၄၉
ပိုင်ရှင်မဲ့ပိုင်ရှင်ရှိကို ကိုယ့်လူများများရပါစေ ၅၀
(၂) ဒေါသာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ ၅၁
တရားရေးဆုံးဖြတ်မှုကြန့်ကြာတာ အပြစ်မဆိုသင့် ၅၂
တရားစီရင်မှုမှာ အာဃာတရန်ငြိုး မဝင်စေနဲ့ ၅၃
(၃)မောဟာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ ၅၄
ဆိတ်ထမ်းသမားနဲ့ အရက်သမားလေးယောက် ၅၄
ကိုယ်ပိုင်ဉာဏ်မရှိတဲ့သူကို နေရာတကာမှာ လူကြီးမတင်နဲ့ ၅၅
(၄) ဘယာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ ၅၆
သူ့နောက်မှာ အကြီးကြီးတွေ ရှိနေလို့ ၅၇
လောဘကြီးပျက်စီးဖို့ရန် အကြောင်းတရားလေးပါး ၅၈
အဂတိတရားလေးပါး မလိုက်စားနဲ့ ၅၉

အဂတိတရားလေးပါး လိုက်စားမိယင် ၆၀
အဂတိတရားလေးပါး ရှောင်မယ်ဆိုယင် ၆၁

သိင်္ဂါလသုတ္တန်(ဒုတိယပိုင်း)

မာတိကာခြောက်ပါး(၃)ပျက်စီးခြင်း အာဂမပါယမုခ ၆-ပါး ၆၃
(၁) သေရည်သေရက်သောက်၍ ပျက်စီးခြင်းအကြောင်း ၆၄
(၂) အချိန်အခါမဲ့သည်ပတ်၍ ပျက်စီးခြင်းအကြောင်း ၆၄
(၃) ပွဲလမ်းသဘင်ကြည့်ရှု၍ ပျက်စီးခြင်းအကြောင်း ၆၄
(၄) လောင်းကစားလိုက်စားကျူးလွန်၍ ပျက်စီးခြင်းအကြောင်း ၆၅
(၅) ယုတ်မာမိတ်ဆွေနှင့် ပေါင်းသင်း၍ ပျက်စီးခြင်းအကြောင်း ၆၅
(၆) ပျင်းရိ၍ပျက်စီးခြင်းအကြောင်း ၆၅
၁။ သုရာမေရယကာ၏ အပြစ်ခြောက်ပါး ၆၆
(၁) သန္ဒိဋ္ဌိကာဓနဇာနိ ကိုယ်တိုင်ဆုံးရှုံးပျက်စီးခြင်း ၆၇
လွတ်လပ်ရေးလဲဆုံး လူမျိုးပါပြုန်းမယ့် စစ်ဆင်ရေးကြီး ၆၈
တရုတ်ပြည်ဘိန်းစစ်ပွဲ ၆၉
သုရာ ၅-ပါး ၇၀
မေရယ ၅-ပါး ၇၁
နံပါတ်(၄)သမားတရားနာတော့ ၇၂
(၂) ကလဟပ္ပဝဍ္ဍနီ-ငြင်းခုန်ခိုက်ရန်ဖြစ်ခြင်း ၇၃
အရက်မူးယင် ရန်ရှာတတ် ၇၃
(၃) ရောဂါနံအာယတန ရောဂါဝေဒနာဖြစ်ခြင်း ၇၄
မူးယစ်ဆေးဝါး ရောဂါများ ၇၄
(၄) အကိတ္တိသဉ္ဇနနီ-မကောင်းသတင်း ကျော်စောခြင်း ၇၅
အရှက်ကင်းပ မျက်နှာမလှဖြစ်တတ် ၇၅
(၅) ကောပိန နိဒံသနီ-အရှက်အကြောက်မရှိခြင်း ၇၅
(၆) ပညာယဒုဗ္ဗလီကရဏီ-ပညာဉာဏ်ခေါင်းပါးခြင်း ၇၆
သာဂတာမထေရ် ၇၆
သာဂတာမထေရ် နဂါးရန်ကို အောင်မြင်ခြင်း ၇၇
ရှင်သာဂတာမထေရ်အား အရက်ဖြင့်ပူဇော်ခြင်း ၇၈
ရှင်သာဂတာမထေရ် အရက်မူးလဲနေခြင်း ၈၀
ရဟန်းတော်များ အရက်သောက်က ပါစိတ်အာပတ်သင့် ၈၁
အသားစားကြူး ရှင်ဘုရင် ၈၂
အရက်မူးတော့ ကိုယ့်သားကိုယ်ပြန်သတ်တဲ့ဘုရင် ၈၃

၂။ အချိန်အခါမဲ့သွားလာလည်ပတ်ခြင်းအပြစ် ၆-ပါး ၈၆
(၁) ကိုယ့်ကိုယ်ကို ကိုယ်လုံခြုံရေးမရခြင်း ၈၈
(၂) ကိုယ့်သားမယား လုံခြုံရေးမရခြင်း ၈၉
(၃) ကိုယ့်အိုးကိုယ့်အိမ် လုံခြုံရေးမရခြင်း ၈၉
(၄) ကိုယ့်ကို သူတပါးတို့က ယုံမှားသံသယဖြစ်ခြင်း ၉၀
(၅) မဟုတ်မမှန် သူတပါးတို့ အစွပ်စွဲခံရခြင်း ၉၁
(၆) မြောက်မြားစွာသော ဆင်းရဲဒုက္ခတို့ ခြံရံခံရခြင်း ၉၁
အိမ်ထောင်သာယာမှုပျက်စီးနိုင်တယ် ၉၁
၃။ ပွဲလမ်းသဘင်လိုက်စားလွန်ကျူးခြင်းအပြစ် ၆-ပါး ၉၂
(၁) ကပွဲသဘင် လှည့်ပတ်ကြည့်ရှုခြင်း ၉၃
လူသည် အတုမြင်၍အတတ်သင် ၉၃
(၂) သီချင်းဆိုပွဲ လှည့်ပတ်ကြည့်ရှုခြင်း ၉၄
(၃) တီးမှုတ်ပွဲ လှည့်ပတ်ကြည့်ရှုခြင်း ၉၄
(၄) လက်ခုပ်ပွဲ လှည့်ပတ်ကြည့်ရှုခြင်း ၉၅
(၅) စစ်ပွဲဆိုးပွဲ လှည့်ပတ်ကြည့်ရှုခြင်း ၉၅
ဘောလုံးပွဲ ၉၅
(၆) အိုးစည်ဗုံတီးပွဲ လှည့်ပတ်ကြည့်ရှုခြင်း ၉၆
ပွဲလမ်းသဘင်ကြည့်ရှုခြင်းကြောင့် မကောင်းပြစ် ၅-ပါး ၉၆
သဘင်သည်ဇာတ်ဆရာကြီး နဋပုတနဲ့ ရှင်တော်ဗုဒ္ဓ ၉၇
၄။ လောင်းကစားခြင်း၌ အပြစ် ၆ပါး ၉၈
(၁) နိုင်ခြင်းကြောင့် ရန်များခြင်း ၉၈
(၂) ရှုံးခြင်းကြောင့် စိုးရိမ်ပူဆွေးရခြင်း ၉၉
(၃) ကိုယ်ပိုင်လက်ရှိ စီးပွားဥစ္စာပျက်စီးခြင်း ၉၉
(၄) ပရိသတ်အလယ် ကဲ့ရဲ့ခံရခြင်း ၉၉
(၅) မိတ်ဆွေတို့ရဲ့ ပြက်ရယ်ပြုခံရခြင်း ၉၉
(၆) ဒီလူအလောင်းအစားသမားသမီးနဲ့ လက်မထပ်နိုင်ဟု တောင့်တလိုလားမှု မခံရခြင်း ၁၀၀
မိတ်ဆွေဆိုးကြောင့် မကောင်းကျိုး ၆-ပါး ၁၀၁
၅။ ယုတ်မာတဲ့မိတ်ဆွေနှင့် ပေါင်းသင်းရခြင်းအပြစ် ၆-ပါး ၁၀၁
(၁) ဓုတ္တ-လောင်းကစားကျူးလွန်သူ ဖြစ်ရခြင်း ၁၀၁
(၂) သောဏ္ဍ-ကာမဂုဏ်လိုက်စားသူဖြစ်ရခြင်း ၁၀၁

(၃) ပိပါသာ-အသောက်အစားသမားဖြစ်ရခြင်း ၁၀၂
(၄) နေကတိကာ–ပစ္စည်းအတုနှင့် လှလိမ်လူညာဖြစ်ရခြင်း ၁၀၂
(၅) ဝဉ္စနိကာ–ပစ္စည်းအတုမပါပဲ ပြောင်လိမ်သမားဖြစ်ရခြင်း ၁၀၂
(၆) သာဟသိကာ-အနိုင်အထက် နှိပ်စက်တတ်သူဖြစ်ရခြင်း၊ ၁၀၂
တမာငွေးတောက်မြစ်ဒလျှောက်ရောက်ယှက် တူနှောဖက်ဈာ ၁၀၂
အကျွမ်းတဝင် မရောဆင့်တဲ့ပုဂ္ဂိုလ်များ ၁၀၂
၆။ ပျင်းရိခြင်း၌မကောင်းကျိုး ၆-ပါး ၁၀၄
(၁) အလွန်စောသေးတယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
စားပြီးလျှင်အိပ်-အိပ်ပြီးလျှင်စား ၁၀၅
(၂) အလွန်ပူတယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
(၃) အလွန်မိုးချုပ်တယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
(၄) အလွန်စောတယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
(၅) အလွန်ဆာတယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
(၆) အလွန်ဗိုက်တင်းတယ်ဆိုပြီး ဆင်ခြေပေးခြင်း ၁၀၅
ကြီးပွားချမ်းသာလိုလျှင် ပျင်းရိမှုကိုရှောင် ၁၀၇
အပျင်းထူတဲ့ သုဝိနတ်သားနဲ့ ဖခင်သိကြားမင်း ၁၀၈
အလုပ်မလုပ်ပဲ စားဝတ်နေရေးပြေလည်တဲ့နေရာ ရှိသလား ၁၀၉
လူတွေသာပျင်းရိကြတာ မဟုတ်သေးဘူး ၁၁၀

## သိင်္ဂါလသုတ္တန် (တတိယပိုင်း)

မိတ္တပတိရူပကကဏ္ဍမိတ်ဆွေတုအကြောင်း ၁၁၂

(မိတ်ဆွေယုတ် ၄ခု ၄လီ ၁၆ယောက်)

မိတ်ဆွေအတု ၄မျိုး ၁၁၃
(၁) အညဒတ္ထုဟရ ကိုယ်ကမပေးပဲ ရသမျှယူတတ်သော မိတ်ဆွေတု ၁၁၄
(၂) ဝစီပရမ-လက်မပါ ပါးစပ်သာပါတဲ့ မိတ်ဆွေတု ၁၁၅
(၃) အနုပ္ပိယ–ကောင်းမကောင်း အကြိုက်ပေးပြောတတ်တဲ့ မိတ်ဆွေတု ၁၁၅
(၄) အပါယသဟာယ-မကောင်းတဲ့လုပ်ငန်းအားလုံး အဖော်ဖြစ်တဲ့မိတ်ဆွေတု ၁၁၅
ကျင့်ဝတ်သိက္ခာဖြင့် ဘဝကိုတန်ဆာဆင်ပါ ၁၁၆

၁။ အညဒတ္တုအရ မိတ်ဆွေအင်္ဂါ ၄ချက် ၁၁၆

(၁) ကိုယ်ရဖို့ကိုပဲကြည့်၍ နေလေ့ရှိသူ ၁၁၇

(၂) နည်းနည်းပေးပြီး များများလိုချင်တဲ့သူ ၁၁၇

(၃) ဘေးတွေ့မှ အားကိုလာရှာသူ ၁၁၈

(၄) ပစ္စက္ခတာဘဝအကျိုး မျှော်ကိုးသူ ၁၁၈

အရက်သမားစဏားပြန်ဖြစ်တော့ ၁၂၀

ငါးပါးသီလသာမဏ ဆယ်ပါးတောင်မြဲတဲ့ အခိပ္ပာယ်တဲ့ ၁၂၀

ကျောသားရင်သား မခွဲခြားပါဘူးတဲ့ ၁၂၁

မီးခဲမီးသွေးပမာ ကြောက်စရာ ၁၂၁

၂။ ဝစီပရမ မိတ်ဆွေတု အင်္ဂါလေးချက် ၁၂၂

(၁) အတိတ်ကိုအခြေခံထားပြီး လှည့်စားမှု ၁၂၃

(၂) အနာဂတ်ကို အခြေခံထားပြီး လှည့်စားမှု ၁၂၄

(၃) ပစ္စုပ္ပန်ကိုအခြေခံထားပြီး လှည့်စားမှု ၁၂၅

(၄) အကျိုးမရှိ ချီးမြှောက်ခြင်းဖြင့် လှည့်စားမှု ၁၂၆

နှုတ်သာပါပြီး လက်မပါသော မိတ်ဆွေတု ၁၂၆

စေဘနာတွေကောင်းလိုက်ပုံက ၁၂၇

၃။ အနုပ္ပိယဘာဏီ မိတ်ဆွေတု အင်္ဂါလေးချက် ၁၂၈

(၁) အကုန်လုံးကောင်းတယ်ဟု ထောက်ခံမှု ၁၂၉

(၂) အကုန်လုံးမကောင်းဟု ထောက်ခံမှု ၁၂၉

အဆရးပါအရာရောက်တဲ့ လူသုံးယောက် ၁၃၀

အလိုလိုက်ရအခက်ဆုံး ပုဂ္ဂိုလ်သုံးယောက် ၁၃၁

ဟုတ်ျါမှန်ျါလုပ်နေလို့မဖြစ် ၁၃၁

အနုပ္ပိယဘာဏီမိတ်ဆွေတုထဲမှာပါတယ် ၁၃၂

(၃) မျက်မှောက်မှာ ချီးမွမ်းမှု ၁၃၄

(၄) မျက်ကွယ်မှာ ကဲ့ရဲ့မှု ၁၃၄

မသတမ-လတမလူမျိုး ၁၃၅

၄။ အပါယ သဟာယ မိတ်ဆွေတုအင်္ဂါလေးချက် ၁၃၅

(၁) အရက်သမားအချင်းချင်း ရိုင်းပင်းကူညီမှု ၁၃၆

သူငယ်ချင်းနှစ်မျိုး ၁၃၇

(၂) ညဉ့်နက်သန်းခေါင် ရှိန်းပင်းကူညီမှု ၁၃၇
ပျော်ပွဲရှင်ပွဲ လောင်းကစားပွဲနဲ့ ခင်တွယ်တဲ့သူငယ်ချင်း ၁၃၈
(၃) ပွဲလမ်းသဘင်၌ ရှိန်းပင်းကူညီမှု ၁၃၈
(၄) လောင်းကစားပွဲ၌ ရှိန်းပင်းကူညီမှု ၁၃၈
ကြီးပွားရေးလမ်းစနဲ့လွဲနေသူများ ၁၃၉
ပျက်စီးကြောင်းလမ်းစပေါ်က မိတ်ဆွေတုလေးယောက် ၁၃၉
မိတ်ဆွေအတုကိုရှောင်ပါ ၁၄၁

## သိင်္ဂါလသုတ္တန် (စတုတ္ထပိုင်း)

သုဟဒမိတ္တကဏ္ဍ စိတ်နှလုံးကောင်းမိတ်ဆွေ ၁၄၃
(မိတ်ဆွေကောင်း ၄-ခု ၄-လီ ၁၆-ယောက်)
ဘုရားစကားပါဠိတော်များလျှော့မပစ်နဲ့ ၁၄၄
မိတ်ဆွေ့စစ် မိတ်ဆွေကောင်း၄-မျိုး ၁၄၅
(၁) ဥပကာရ=ကျေးဇူးများတဲ့မိတ်ဆွေ ၁၄၅
(၂) သမာနသုခဒုက္ခ=ချမ်းသာ ဆင်းရဲအတူမိတ်ဆွေ ၁၄၅
(၃) အတ္ထက္ခာယီ=အကျိုးစီးပွားကိုသာပြောဆိုတဲ့မိတ်ဆွေ ၁၄၆
(၄) အနုကမ္ပ=အစဉ်မပြတ်စောင့်ရှောက်တဲ့မိတ်ဆွေ ၁၄၆
လောကကြီးပွားကြောင်း တရားလေးပါး ၁၄၆
(၁) ဥဋ္ဌာနသမ္ပဒါ=ထကြွလုံ့လရှိခြင်း ၁၄၇
ပျင်းရိခြင်း ၆-မျိုးရှောင် ဥဋ္ဌာနသမ္ပဒါဖြစ်တယ် ၁၄၇
ပရဟတိတဦးစားပေးမှုလဲ ဥဋ္ဌာနသမ္ပဒါ ၁၄၉
အာရက္ခသမ္ပဒါ ပြည့်စုံရအောင် ၁၄၉
(၂) အာရက္ခသမ္ပဒါ=အမြတ်အစွန်းကိုကောင်းစွာ ၁၄၉
စောင့်ရှောက်ခြင်း
(၃) ကလျာဏမိတ္တသမ္ပဒါ=စိတ်နှလုံးကောင်းရှိခြင်း ၁၅၀
ကလျာဏမိတ္တသမ္ပဒါ လေးမျိုး ၁၅၀
(၄) သမဇီဝိတသမ္ပဒါ=မျှသော အသက်မွေးမှုရှိခြင်း ၁၅၁
၁။ ဥပကာရမိတ်ဆွေ့စစ်အင်္ဂါ ၄-ချက် ၁၅၃
(၁) ကူညီရှိန်းပင်းမှုရှိရမယ် ၁၅၂

(၂) ထိန်းသိမ်းစောင့်ရှောက်မှုပေးရမယ် ၁၅၃
ဗူးလေးရာမှာ ဖရုံဆင့်သလိုမဖြစ်စေနဲ့ ၁၅၄
(၃) အန္တရာယ်ကြုံလာယင် အားကိုးရာဖြစ်ပါစေ ၁၅၄
(၄) အကူအညီတောင်းယင် နှစ်ဆပိုပေးပါ ၁၅၅
ချမ်းသာဆင်းရဲအတူမိတ်ဆွေ ၁၅၇

၂။ သမာနသုခဒုက္ခ မိတ်ဆွေစစ် အင်္ဂါ ၄-ချက် ၁၅၈
(၁) လျှို့ဝှက်ချက်ကို ရင်းရင်းနှီးနှီးတိုင်ပင် ၁၅၈
(၂) လျှို့ဝှက်ချက်ပြောယင် သစ္စာရှိစွာ သိုသိပ်ထား ၁၅၈
(၃) ဘေးရန်တွေ့ယင် ရှောင်ဖယ်မသွားရ ၁၅၉
(၄) အသက်ပေးကာကွယ် ၁၆၀
သမာနသုခမိတ်ဆွေဆိုတာ ၁၆၁

၃။ အတ္ထက္ခာယီမိတ်ဆွေစစ်အင်္ဂါ ၄-ချက် ၁၆၂
(၁) မကောင်းမှုကို တားမြစ်ရမယ် ၁၆၂
(၂) ကောင်းတာကိုညွှန်ကြားပေးပါ ၁၆၃
(၃) မကြားဘူးမနာဘူးတဲ့တရားစကားကိုပြောပေးပါ ၁၆၄
(၄) နတ်ရွာနိဗ္ဗာန်လမ်းကိုပြသပေးပါ ၁၆၄

၄။ အနုကမ္ပမိတ်ဆွေစစ်အင်္ဂါ ၄-ချက် ၁၆၅
(၁) မိတ်ဆွေရဲ့ပျက်စီးမှုကို မလိုလားရ ၁၆၆
(၂) မိတ်ဆွေရဲ့ ကြီးပွားတိုးတက်မှုကို လိုလားရမယ် ၁၆၇
(၃) မကောင်းသတင်းကြားယင် တားမြစ်ပါ ၁၆၇
(၄) ကျေးဇူးစကားပြောသူကို ချီးကျူးပါ ၁၆၈
စောင့်ရှောက်မှုနှစ်မျိုး ၁၆၉
ကလျာဏမိတ္တသမ္ပဒါနဲ့ ပြည့်စုံကြရလေအောင် ၁၆၉
မိတ်ဆွေကောင်းကြောင့် ဂုဏ်သတင်းတောက်ပနိုင် ၁၇၁
ပျားပိတုန်းလို ကျင့်သုံးပါ ၁၇၁
ခြကောင်လေးတွေလို စုံထားပါ ၁၇၂
စီးပွားဥစ္စာလေးပုံပုံ တပုံသာသုံး ၁၇၃
လောကကြီးပွားကြောင်းတရားများ ၁၇၄

## သိင်္ဂါလသုတ္တန် (ပဌမပိုင်း)


| | |
|---|---|
| အဖနှစ်ယောက်ရှိတဲ့ သားသမီးများ | ၁၇၆ |
| ဟန္ဒ-ဟင် ပင်နှံလိုက်တာ | ၁၇၇ |
| အလှ ဘျယ်တဲ့အပ္ပမာဒတရား | ၁၇၈ |
| ဗုဒ္ဓရဲ့ နောက်ဆုံးစကား | ၁၇၉ |
| သီလ-သမာဓိ-ပညာ | ၁၇၉ |
| သတိတလုံးအရေးကြီးဆုံး | ၁၈၀ |
| အပ္ပမာဒတရားနဲ့ ပမာဒတရား၊ | ၁၈၁ |
| အသက်ရှင်လျက် သေနေသူမဖြစ်ကြလေနဲ့ | ၁၈၂ |
| မသေဆေးတယ်မှာရှာရပါ | ၁၈၂ |
| မာတိကာစဉ်(၄) အရပ် ၆-မျက်နှာရှိခိုးနည်းဆိုတာဘာလဲ | ၁၈၃ |
| စိတ်ပါလက်ပါ နားထောင်ပါ သိင်္ဂါလ | ၁၈၄ |
| အရပ် ၆-မျက်နှာဆိုတာ | ၁၈၅ |
| မိတ်ဆွေယုတ် ၁၆ ယောက် | ၁၈၇ |
| မိတ်ဆွေကောင်း ၁၆ ယောက် | ၁၈၈ |
| ဗုဒ္ဓညွှန်ပြတဲ့ အရပ် ၆ မျက်နှာ | ၁၈၉ |
| (၁) အရှေ့အရပ်ဆိုတာ မိဘနှစ်ပါး | ၁၉၀ |
| မိဘနှစ်ပါးက မေတ္တာကရုဏာနဲ့ စောင့်ရှောက်မှု | ၁၉၁ |
| ကျေးဇူးရှင် ဖေဖေနဲ့မေမေ | ၁၉၁ |
| မိဘမေတ္တာ ကြီးမားလေစွ | ၁၉၂ |
| (၂) တောင်အရပ်ဆိုတာ ဆရာသမား | ၁၉၃ |
| ပူဇော်ထိုက်တဲ့ အာစရိယဆရာ | ၁၉၃ |
| (၃) အနောက်အရပ်ဆိုတာ ဇနီး မယား | ၁၉၄ |
| သိကြားမင်းနဲ့သုဇာတာကို အားကျလို့ထင်ပါ | ၁၉၅ |
| (၄) မြောက်အရပ်ဆိုတာ မိတ်ဆွေ | ၁၉၆ |
| (၅) အောက်အရပ်ဆိုတာအလုပ်သမား | ၁၉၆ |
| (၆) အထက်အရပ်ဆိုတာ ရဟန်းပုဏ္ဏား | ၁၉၈ |
| သမဏနဲ့ဗြာဟ္မဏကြား ပုဏ္ဏားကန့်လန့်ပါ | ၁၉၉ |
| လူ့သမိုင်းအစ ဗြဟ္မာထ | ၁၉၉ |

သားသမီးကျင့်ဝတ် ၅-ပါး ၂၀၂
အိမ်အရှေ့ဘက်ကိုလဲ မီးမခလာင်စေနဲ့ ၂၀၃
အမေဆူချင်ဆူပါစေ ၂၀၄
(၁) မိဘနှစ်ပါးကို လုပ်ကျွေးပါ ၂၀၄
(၂) မိဘကိစ္စဆောင်ရွက်ပေးပါ ၂၀၅
ပုတီးကိုချ မြေးကိုမ ၂၀၆
(၃) မိဘအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပါ ၂၀၇
(၄) အမွေခံထိုက်သူဖြစ်ပါစေ ၂၀၉
(၅) အမျှပေးဝေပါ ၂၀၉
မိဘကိုလုပ်ကျွေးလိုတဲ့ရဟန်းတပါး ၂၁၀
ရဟန်းဘဝနဲ့ မိဘကိုလုပ်ကျွေးထိုက်တယ် ၂၁၁
သိကြားမင်းက ရှိခိုးခံရသူဖြစ်အောင် ၂၁၂
မေတ္တာတန်ခိုးအာနိသင် ၂၁၃

မိဘကျင့်ဝတ် ၅ပါး ၂၁၄
(၁) မကောင်းမှုမှတားမြစ်ပါ ၂၁၅
(၂) ကောင်းတဲ့လုပ်ငန်း၌တိုက်တွန်းပါ ၂၁၆
အနာထပိဏ်သဌေးသား ကာဠ ၂၁၆
ဥပုသ်တခါစောင့် တခါတရားနာ အသပြာတရာ ၂၁၆
တရားတလုံးမှတ်မိယင် အသပြာတထောင် ၂၁၇
မောင်ကာဠ စိတ်အစဉ် ကြည်လင်လာခြင်း ၂၁၈
မောင်ကာဠ သောတာပတ္တိမဂ်ဖိုလ်ဆိုက်ရောက်ခြင်း ၂၁၉
မောင်ကာဠ အသပြာတထောင်ကို ငြင်းပယ်ပြီ ၂၂၀
သားသမီးအမိုက်များကို ပရိယာယ်ဖြင့်ဆုံးမပါ ၂၂၂
(၃) အတတ်ပညာသင်ပေးပါ ၂၂၂
(၄) ထိမ်းမြားလက်ထပ်ပေးပါ ၂၂၂
(၅) အမွေအနှစ်ကို အပ်နှင်းပါ ၂၂၃
အမွေခွဲဝေပေးခြင်း အခြေအနေသုံးရပ် ၂၂၃
ဘေးရန်လုံရန် မေတ္တာခြံပါ ၂၂၄

## သိင်္ဂါလသုတ္တန် (ဆင့်မပိုင်း)


| | |
|---|---|
| အရပ် ၆ မျက်နှာ လုံခြုံမှုခိုင်မာစေရန် | ၂၂၆ |
| ယုံမှားသံသယတွေကင်းပါစေ | ၂၂၇ |
| တောင်အရပ်ကိုရှိခိုးနည်း | ၂၂၉ |
| ဆရာသမားကို အရိုအသေပြုလုပ်ကျွေးပါ | ၂၂၉ |
| တပည့်ကျင့်ဝတ် ၅ ပါး | ၂၃၀ |
| (၁) ဆရာလာယင် မတ်တပ်ရပ်ပါ | ၂၃၂ |
| အမ္ဗဋ္ဌပုဏ္ဏား အပြုအမူမယူကြလေနဲ့ | ၂၃၃ |
| တပ်မှူးနဲ့တပ်သားလို ငံနမှုယူပါ | ၂၃၄ |
| ဆရာနဲ့တပည့် မေတ္တာပျက်လာတဲ့အခါ | ၂၃၅ |
| (၂) ဆရာ့ထံ တနေ့သုံးကြိမ်ချဉ်းကပ်ပါ | ၂၃၅ |
| (၃) ဆရာ့ပြောစကား စူးစိုက်ပြီးနားထောင်ပါ | ၂၃၆ |
| ပုဏ္ဏား ငါးယောက်တရားနာသလို မဖြစ်စေနဲ့ | ၂၃၇ |
| ဂါရဝတရား ရှေ့ထားပြီးနားထောင်ပါ | ၂၃၈ |
| (၄) ဆရာသမားရဲ့ ဝတ်ကြီးဝတ်ငယ်ပြုစုပေးပါ | ၂၃၉ |
| (၅) ဆရာနဲ့ပညာကို ရိုသေလေးစားပါ | ၂၃၉ |
| တပည့်တွေကို မြှောက်စားနည်း | ၂၄၁ |
| ဆရာ့ကျင့်ဝတ် ၅ပါး | ၂၄၂ |
| (၁) မကောင်းတာကို တားမြစ်ပါ | ၂၄၂ |
| နွားရိုင်းပမာ ထိန်းကျောင်းပါ | ၂၄၃ |
| (၂) စေတနာထားပြီး သင်ကြားပေးပါ | ၂၄၄ |
| (၃) မခြွင်းမချန် သင်ပေးပါ | ၂၄၅ |
| (၄) မိတ်ဆွေကောင်းထံ အပ်နှံပေးပါ | ၂၄၅ |
| (၅) အကာအကွယ် အစောင့်အရှောက်ပေးပါ | ၂၄၆ |
| မြတ်နိုးရသောဆရာ | ၂၄၇ |
| တောင်ဘက်အရပ်ကလဲ လုံခြုံပါစေ | ၂၄၉ |
| အနောက်အရပ် ဇနီးသားသမီးတို့ကို ကျွေးမွေးပါ | ၂၄၉ |

လင်္ကျင့်ဝတ် ၅ပါး ၂၅၀
(၁) ချိုသာသော စကားဖြင့်ခေါ်ပါ ၂၅၁
မြွက်နိုးဆော၊စား မေတ္တာထား ၂၅၁
(၂) မခံသာအောင် မပြောဆိုရ ၂၅၂
(၃) တခြားမိန်းမများ မလိုက်စားရ ၂၅၂
(၄) စည်းစိမ်ဥစ္စာကို အပ်နှံပါ ၂၅၂
အိမ်ရှင်မ အိပ်ရာက စောစောထ ၂၅၃
(၅) ဆင်ယင်ထုံးဖွဲ့မှုခြုံးခြံပါ ၂၅၄
အနေ့ာက်ဘက်လုံခြုံရေး တာဝန်ကျေပါစေ ၂၅၅

မယားကျင့်ဝတ် ၅ပါး ၂၅၆
(၁) အိမ်တွင်းမှုလုပ်ငန်း ကျွမ်းကျင်ပါစေ ၂၅၆
မီးဖိုချောင်တာဝန် ကျွမ်းကျင်မှု ၂၅၇
အပျင်းထူတဲ့ အဖိုးအိုလင်မယား ၂၅၈
လင်နဲ့မယား လိုက်ဖက်ညီတယ် ၂၅၉
အိမ်ရှင်မကောင်း ပီသရမယ် ၂၆၀
သန့်ရှင်းမှုရှိမရှိ ဦးခေါင်းကြည့် ၂၆၀
(၂) သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး မခွဲခြားပါနဲ့ ၂၆၁
(၃) လင်ယောကျ်ားအပေါ် သစ္စာရှိပါ ၂၆၂
သောတာပန် ဒါယကာကြီးဖြစ်ပုံ ၂၆၃
နတ်သမီးဘဝက် ပြိတ္တာဘဝက် ၂၆၃
ဗာရာဏသီ ဘုရင်တပါးနဲ့တွေ့ဆုံ ၂၆၄
ဘုရင်ကယ်ပေမယ့် တဆကနေနှစ်ဆပွား ၂၆၅
ပြိတ္တာမဘဝ ကျွတ်ရပြီ ၂၆၅
(၄) စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဖြစ်ပါစေ ၂၆၇
(၅) အိမ်တွင်းမှုကိစ္စ မပျင်းမရိလုပ်ပါ ၂၆၇
အနေ့ာက်ဘက်အရပ် လုံခြုံမှုရှိပါစေ ၂၆၈
မြောက်အရပ်ဆိုတာ ဘာလဲ ၂၇၀

မိတ်ဆွေကျင့်ဝတ် ၅ပါး ၂၇၀
(၁) ပေးဆမ်းစွန့်ကြဲပါ ၂၇၁
(၂) ချစ်ဖွယ်စကားပြောပါ ၂၇၁

(၃) သူ့အကျိုးကို ဆောင်ရွက်ပေးပါ ၂၇၁
(၄) ကိုယ်နှင့်တန်းတူထားပါ ၂၇၂
(၅) ကတိသစ္စာ တည်ပါစေ ၂၇၂

တုံ့ပြန်မိတ်ဆွေကျင့်ဝတ် ၅ပါး ၂၇၃
(၁) မေ့လျော့တဲ့သူကို စောင့်ရှောက်ပါ ၂၇၄
(၂) မေ့လျော့တဲ့သူရဲ့ပစ္စည်းကို ထိန်းသိမ်းပါ ၂၇၄
(၃) ကြောက်စရာဘေးနှင့်ကြုံယင် ရပ်တည်ပါ ၂၇၄
(၄) ဒုက္ခတွေ့ယင် ရှောင်ထွက်မသွားပါနှင့် ၂၇၄
(၅) သားသမီး မြေးမြစ်တိုင်အောင် စောင့်ရှောက်ပါ ၂၇၄
မြောက်ဘက်အရပ် လုံခြုံမှုရှိပါစေ ၂၇၄

## သိင်္ဂါလသုတ္တန် (သတ္တမပိုင်း)

လူ့ကျင့်ဝတ်ဆိုင်ရာ ဂိဟိဝိနယသုတ္တန် ၂၇၇
ခါးဝတ်ပုဆိုးနဲ့တူတဲ့ သုတ္တန် ၂၇၈
ကင်းမြီးကောက်ထောင် ရှိခိုးမယ် ၂၇၉
အောက်အရပ်ဆိုတာ ဘာလဲ ၂၈၀

အလုပ်ရှင်ကျင့်ဝတ် ၅ပါး ၂၈၁
(၁) စွမ်းအားနဲ့ တော်သင့်ရုံခိုင်းပါ ၂၈၂
ဆုံးရှုံးနစ်နာမှုတွေ မဖြစ်ပါစေနဲ့ ၂၈၃
ဗုဒ္ဓရဲ့ အလုပ်သမားအပေါ် ထားရှိရမယ့်ဝါဒ ၂၈၃
ကာယစွန်းအားနဲ့ ဉာဏစွမ်းအား ၂၈၄
(၂) လုပ်အားခအပြည့်အဝ ပေးပါ ၂၈၅
စားရေရိက္ခာလဲ လုံလောက်အောင်ပေးပါ ၂၈၅
(၃) ဆေးကုပေးပါ ၂၈၆
လူမှုဖူလုံရေ နှင့် ဗုဒ္ဓအမြင် ၂၈၆
(၄) စားသောက်ဖွယ်ရာများ ခွဲခြမ်းဝေဖန်ပေးပါ ၂၈၇
ဆေးဝါး ပစ္စည်း ရှားပါးမှုမရှိပါစေနဲ့ ၂၈၈
ပြည်ချစ်သားများအတွက် ငဲ့ကွက်ပါ ၂၈၉
(၅) အလုပ်သမားများ ရပိုင်ခွင့်ပေးပါ ၂၉၁

ဆုပေး ဒဏ်ပေးစနစ် ၂၉၂
အလုပ်ရှင် တို့၏ တာဝန်ငါးချက် ၂၉၃
အောက်အချုပ် လုံခြုံရေးမူငါးချက် ၂၉၄

အလုပ်သမားကျင့်ဝတ် ၅ ပါး ၂၉၅
(၁) စောစောထ အချိန်မှန်မှန်ရုံးသွား ၂၉၆
(၂) အကြံအဖန်တွေ မလုပ်နဲ့ ၂၉၇
အလွဲသုံးစား မပြုနဲ့ ၂၉၈
(၃) အတိုအရှိုတွေမလုပ်ကြနဲ့ ၂၉၉
တိုင်းပြည်ရဲ့ ကုန်ပစ္စည်း များ မှောင်ထဲမရောက်စေနဲ့ ၃၀၀
ဝယ်ယင်ရဘယ် ၃၀၁
(၄) ခိုင်းတဲ့အလုပ် ကျေပွန်အောင်လုပ်ပါ ၃၀၁
ဗုဒ္ဓရဲ့ အလုပ်သမား ဥပဒေ ၃၀၂
(၅) အတင်း အဖျင်း စကားတွေ မပြောရ ၃၀၂
အထက်နှင့် အောက်ပြေလည်ရေးမူဝါဒ ၃၀၃
အောက်ဘက် အရပ်လုံခြုံမှုရှိပါစေ ၃၀၄
အထက် အရပ်ဆိုတာဘာလဲ ၃၀၅

ဒါယကာကျင့်ဝတ် ၅ ပါး ၃၀၆
(၁) မေတ္တာကာယကံဖြင့်ဝတ်ကြီးဝတ်ငယ်ပြုစုပါ ၃၀၇
(၂) မေတ္တာဝစီကံဖြင့် ချေချေငံငံဆက်ဆံပါ ၃၀၈
(၃) မေတ္တာမနောကံဖြင့်စိတ်နှလုံးကောင်းမွေးပါ ၃၀၈
(၄) ပစ္စည်းလေးပါးဖြင့် အမြဲဘမ်းဖိတ်ထားပါ ၃၀၉
ဘုန်းကြီးပင့်ဖိတ်တာလဲ ကြည့်ပြီးတော့ဖိတ် ၃၁၀
(၅) ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ချီးမြှောက်ပါ ၃၁၀
အကျိုးရှိတဲ့ ချီးမြှောက်မှုမျိုးကိုပေးပါ ၃၁၁
ကျင့်သုံးဖြည့်ဆည်းရမည့် ဒါယကာကျင့်ဝတ်ငါးခု ၃၁၁
အထက်အရပ်ကို ရှိခိုးလျှင် ၃၁၂

ရဟန်းကျင့်ဝတ် ၅ ပါး ၃၁၃
(၁) မကောင်းတာကိုတားမြစ်ပါ ၃၁၃
အပြစ်မတင်ကြပါနဲ့ ၃၁၄

(၂) ကောင်းရာကိုညွှန်ကြားပါ ၃၁၅
နာဠိဇင်္ဃရဘုရင်ကြီး ၃၁၅
တိုင်းပြည်ကြီး တခုလုံး သဲကန္တာရဖုံးသွား ၃၁၆
(၃) မေတ္တာ အမြဲပို့ပါ ၃၁၇
(၄) တရား အသစ်အသစ် ဟောပေးပါ ၃၁၇
တခါလား မဲ မပြောပုဆိုးနဲ့ ပွဲတက တို့ခဲ့ ၃၁၇
(၅) ဟောပြီးသားလဲ ကျေညက်အောင် ထပ်ဟောပါ ၃၁၉
(၆) နတ်ရွာနိဗ္ဗာန်အတွက် ကြောင်းခင်းပြပါ ၃၂၀
ရှိခိုးခြင်းဟာ အထက်အချပ်လုံးပူ ၃၂၀
ဝတ္တရားတွေ ကျေပွန်ကြမယ်ဆိုယင် ၃၂၂
အရပ် ၆ မျက်နှာ ပိုင်းခြားသတ်မှတ် ရှိခိုးတယ်ဆိုတာ ၃၂၃
အခြေအရံ ကျော်စေဖူးတို့နဲ့ ကြည်စုံးပဲ့ ပုဂ္ဂိုလ် ၃၂၄
ထကြွပုံ့လ ဝီရိယနဲ့ ပြည့်စုံတဲ့ ပညာရှိ ပုဂ္ဂိုလ် ၃၂၇
သင်္ဂဟတရား လေးပါးနဲ့ ချီးမြှောက်တတ်သူ ၃၂၇
ဝဒညူပုဂ္ဂိုလ်မျိုးဆိုတာ ၃၂၈

သင်္ဂဟ တရား ၄ ပါး ၃၂၉

(၁) ဒါန= ပေးကမ်းကူညီပါ ၃၂၉
(၂) ပေယျဝဇ္ဇ= ချစ်ဘွယ်စကားပြောပါ ၃၂၉
(၃) အတ္ထစရိယာ– အကျိုးကိုဆောင်ရွက်ပါ ၃၂၉
(၄) သမာနတ္တတာ– ကိုယ်နှင့်ထပ်တူထားပါ ၃၂၉
အလိုလိုက် အကျိုးကိုဆောင် ၃၀၀
ပီယဝါစာနဲ့ ဒေါသဝါစာ ၃၃၁
လှည်းနစောင့်နဲ့တူတဲ့ သင်္ဂဟ တရား ၄ ပါး ၃၃၁
သင်္ဂဟတရား ကင်းကြသောအခါ ၃၃၁
သိင်္ဂါလ သခင်္ဂသား ဗုဒ္ဓရှင်တော်အား ရှိခိုးလျှောက်ထားပြီ ၃၃၅
သိင်္ဂါလ သူဌေးသား လူ့ကျင့်ဝတ်ဖြင့် ဗုဒ္ဓဘာသာဖြစ်လာခြင်း ၃၃၆

သားသမီးကျင့်ဝတ် ၅-ပါးလင်္ကာ ၂၁၃


ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊
လျှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊
ကျင့်ဘွယ်သားတို့တာ။ ။

မိဘကျင့်ဝတ် ၅ ပါးလင်္ကာ ၂၂၄
မကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။ ။

တပည့်ကျင့်ဝတ် ၅ ပါးလင်္ကာ ၂၃၂
ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရှုတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

ဆရာကျင့်ဝတ် ၅ ပါးလင်္ကာ ၂၄၈
အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ ထင့်ရာအင်ပို့၊ ဆရာတို့၊ ကျင့်ဘို့ဝတ်ငါးဖြာ။

လင့်ကျင့်ဝတ် ၅ ပါး လင်္ကာ ၂၅၆
မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။ ။

အိမ်သူဇနီး မယားကျင့်ဝတ် ၅ ပါးလင်္ကာ ၂၆၉
အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အင်စွာ။ ။

မိတ်ဆွေကျင့်ဝတ် ၅ ပါးလင်္ကာ ၂၇၅
ဖေ ကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နူး မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။ ။

တုံ့ပြန်မိတ်ဆွေကျင့်ဝတ် ၅ ပါးလင်္ကာ ၂၇၅
မေ့လျော့စောင့်သာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လိမ့် ဘေးတွေ့စွန့်၊ ဆက်ညွန့်သားမြေး၊ မြစ်လေးပူဇော်၊ ဤငါးဖော်ကား၊ ညီလျော်တို့လမ်း ကျင့်ဝတ်တည်။ ။

အရှင်ကျင့်ဝတ် ၅ ပါးလင်္ကာ ၂၉၄

ဝစ္စာ ကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုဆေး၊ ငွေဝေရသာ၊
အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွှတ်ပဉ္စမ၊ ။

အလုပ်သမားကျင့်ဝတ် ၅ ပါးလင်္ကာ ၃၀၃

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊
စေစပ်ဆောင်ရွက်၊ ကျေးဇူးမြက်၊ ငါးချက်ကျွန်ကျင့်ရာ။

ဒါယကာကျင့်ဝတ် ၅ ပါးလင်္ကာ ၃၁၂

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊
လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊
ကျင့်လေဒါယကာ။ ။

ရဟန်းကျင့်ဝတ် ၆ ပါးလင်္ကာ ၃၂၂

မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟော
ကြား၊ နာဖူးထပ်မံ၊ နတ်ထံဘင်ရာ၊ ခေတ္တာလည်းပြု၊
ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။ ။

မာတိကာပြီး၏

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၁၁ | ဆလန္တနိဝါပေ | ကလန္တကနိဝါပေ |
| ၂၃ | ၂၂ | တောင်၊တာတွင် | လောင်းတာတွင် |
| ၂၆ | ၂ | ဝုဋ္ဌာယ | ဥဋ္ဌာယ |
| ၃၀ | ၁၀ | ၄×၄×၆= | ၄+၄+၆= |
| ၃၁ | ၁၇ | အာရ | အာရုဇ္ဈေါ |
| ၄၃ | ၁၇ | လေဘနှင့်လိမ်တယ် | လောဘနှင့် လိမ်တယ် |
| ၄၃ | ၂၁ | လေဘ၊ဒေါသ | လောဘ၊ ဒေါသ |
| ၄၅ | ၇ | သမ္မာအဇီဝ | ထမ္မာအာဇီဝ |
| ၄၇ | ၄ | ဘာယာဂတိ | ဘယာဂတိ |
| ၄၈ | ၁၀ | ဘာယာဂတိ | ဘယာဂတိ |
| ၆၄ | ၄ | အာလာသျာနု | အာလသျာနု |
| ၆၉ | ၂ | မိန်းဆလေးများ | ယောကျာ်း<br>ကလေးများ |
| ၇၁ | ၁ | မုန့်မှုန့်ရယ် | ဂျုံမှုန့်ရယ် |
| ၈၅ | ၆ | ရှင်ဘုရင်ဘို့ဘုန် | ရှင်ဘုရင်တို့ဘုန်း |
| ၈၈ | ၃ | ဓမ္မတာပွား | မေတ္တာပွား |
| ၉၀ | ၁၀ | ကိုယ့်အိမ်နဲ့ကို | ကိုယ့်အိမ်နဲ့ကိုယ် |
| ၉၅ | ၂၄ | ဆဟုတ်ပျက်စီးတယ် | အကုန်ပျက်စီးတယ် |
| ၁၂၄ | ၂၀ | ေးမယ့်ကိစ္စ | ပေးမယ် ကိစ္စ |
| ၁၃၀ | ၂၅ | မပြောမပနေတယ် | မပြောပေး နေဘယ် |
| ၁၃၂ | ၁၆ | ကိုင်းပြခကာ | တိုင်းပြည်ခကာ |
| ၁၃၅ | ၆ | ဒီသိုဟာ | ဒီလူဟာ |
| ၁၃၅ | ၂၄ | အသဟာယက | အပါယသဟာယ |
| ၁၅၁ | ၂၀ | ရှေ့ာက်၏ | ရှောက်၏ |
| ၁၅၂ | ၁၀ | သုဟာဒမိတံ | သုဟဒမိတ္တံ |
| ၁၇၁ | ၂၇ | စုတ်သူစားသုံး | စုတ်ယူစားသုံး |
| ၁၇၂ | ၁၈ | ခြကောင်ပုံကြည့် | ခြတောင်ပုံကြည့် |
| ၁၇၂ | ၂၂ | မိခကောင်း<br>ဆွေကော်ာင်း | မိတ်ကောင်း<br>ဆွေကောင်း |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇၄ | ၁၁ | တခနေ့တနေ | တနေ့တနေ့ |
| ၁၇၉ | ၁၆ | ဘသ်နှင့်အမျ | ဘယ်နှယ်မျ |
| ၁၈၈ | ၂၀ | ၄+၄= | ၄×၄= |
| ၁၉၁ | ၈ | အစားအစား | အစားအစာ |
| ၁၉၅ | ၅ | ရဘန်းတော် နှစ်ပါး | ရဟန်းတော် နှစ်သောင်း |
| ၁၉၉ | ၆ | ထောင်ကြီးနဲ့ | အိမ်ထောင်ကြီးနဲ့ |
| ၁၉၉ | ၂၇ | သတ္တဝါတယောက် | ဗြဟ္မာတယောက် |
| ၂၂၈ | ၂၇ | ၅+၂=လီ=၁၀ | ၅×၂သီ=၁၀ |
| ၂၄၅ | ၃ | အလုံးစွဲ | အလုံးစုံ |
| ၂၄၉ | ၂၆ | ဒါယကာကြီးများ | ဒါယိကာမကြီးများ |
| ၂၅၂ | ၁၂ | ကျွေးပါ | လုပ်ကျွေးပါ |
| ၂၅၆ | ကြောင်းရေ ၆-ခုအဆုံး၌ လင့်ကျင့်ဝတ်လက်ာထည့်ပါ | | |
| ၂၆၀ | ၈ | ဖပ်စရာ | ဖွပ်စရာ |
| ၂၆၂ | ၁၉ | ဒါယကာကြီးက တခြား | ဒါယိကာမကြီးက တခြား |
| ၂၆၉ | ၁၁ | အနေစကာအရပ် | အနောက်အရပ် |
| ၂၆၉ | ၁၁ | အပင်္ဂိဘယာ | အပွင်္ဂိဘယာ |
| ၂၇၂ | ၈ | (၄) ကိုယ့်မိတ်ဆွေနှင့် စာပိုဒ်၌– | |

(၄) ကိုယ်နှင့်တန်းတူထားပါ

(၄) သမာနတ္တတာယစ= ကိုယ်မိတ်ဆွေနှင့် ကိုယ်နှင့် တန်းတူ ယှဉ်ပြီးတော့ ကိုယ့်ချင်းစာပြီးထားအပ်ကုန်၏။

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၈၅ | ၇ | သတ္တဝေတန | ဘတ္တဝေတန |
| ၂၈၇ | ၂၀ | အသာတို့ကို | အရသာတို့ကို |
| ၂၈၉ | ၁၁ | လယ်သမားကြိုးတွေ | လယ်သမားကြီးတွေ |
| ၂၉၄ | ၂ | သံဝိဓာဂေန | သံဝိဓာနေန |
| ၃၀၀ | ၂၄ | ၁၀၀-ဆောက် | ၁၀၀-လောက် |
| ၃၀၆ | ၃ | ကို ဟိုတနေ့ထဲတော့ | ကိုယ် ဟိုတနေ့ကတော့ |
| ၃၁၄ | ၆ | မကောင်းတာမြစ် | မကောင်းတာတားမြစ် |

သဲကုန်းဆရာတော် အရှင်ဥက္ကဋ္ဌ ဟောကြားတော်မူသော

# သိင်္ဂါလသုတ္တန်(ပထမပိုင်း)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနဲ့ ဘုရားရှိခို

၁၃၃၁-ခုနှစ်-နှစ်ဦး ကဆုန်လပြည့်ကျော် ၁-ရက်နေ့ည ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ ကျွန်းတောလမ်း၊ မလွန်ဆန်လှူအသင်းထောက်မှုဆင်ယင်ကျင်းပသည့် ဆန်လှူရေစက်ချ ဓမ္မသဘင်၌ ဟောကြားအပ်သော ဒီဃနိကာယ်ပါထိကဝဂ္ဂ ပါဠိတော်၌လာသော "သိင်္ဂါလသုတ္တန်တရားတော် ပထမပိုင်း"

ဒီကနေ့ည သိင်္ဂါလသုတ္တန်ဆိုတဲ့ သုတ္တန်တရား တခုစတည်ပြီးတော့ ဟောပါမယ်။

ဤသိင်္ဂါလသုတ္တန်တရားကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့အချိန်တုန်းက ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ရွှေကျောင်း သံဃာတော်များစွာ ခြံရံကိန်းအောင်း မွေ့လျော်နေတော်မူခဲ့တဲ့ အချိန် ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ည ဤသိင်္ဂါလသုတ္တန်တရားနာမယ်လို့ အာရုံယူပြီးတော့ လာကြသော ဓမ္မပဋိဂ္ဂါဟက သူတော်စင်အားလုံးတို့သည် တရားပိုင်ရှင်ဖြစ်သော သဗ္ဗညုမြတ်စွာဘုရားအား ရှိသေစွာ လက်အုပ်ချီမိုး ရှိခိုးကြဦးစို့၊ အားလုံးပဲ လက်အုပ်ချီလိုက်ကြပါ။

(ကရုဏာသီဘသ .......................... .. ....တည်း)

(သာဓု-သာဓု-သာဓု ပါဘုရား)

## လူမှုရေးကျင့်ဝတ်နှင့် ဆိုင်ရာသုတ္တန်တခု

သိင်္ဂါလောဝါဒ သုတ္တန်တရား၊ ပါဠိတော်မှာ သင်္ဂါယနာတင်ထားတဲ့ အမည်က "သိင်္ဂါလသုတ္တန်"လို့ နာမယ်တင်ထားတယ်၊ အရပ်ထဲမှာ တော့ လူများစုရဲ့နှုတ်ထဲ ထင်ရှားတာကတော့ "သိင်္ဂါလောဝါဒ" လို့ ထင်ရှားတယ်။

သိင်္ဂါလောဝါဒ သုတ္တန်ကြီး တခုလုံး လူမှုရေး ကျင့်ဝတ်တွေချည်း အကုန်ဟောတဲ့ သုတ္တန်ကြီးပါ၊ ဝိပဿနာလမ်းကြောင်း ကျင့်ထုံးကျင့်နည်းနဲ့ပတ်သက်လို့ ခန္ဓာ-အာယတန--ဓာတ်-သစ္စာတွေ ထိုသုတ္တန်မှာ တလုံးမှ မပါဘူးဆိုတာ ကြိုတင်အစီရင်ခံထားမယ်နော်။

ဝိပဿနာတရား၊ ခန္ဓာ-အာယတန-ဓာတ်-သစ္စာတရားတွေ ဘုန်းကြီးတို့ဟောထားတဲ့ သုတ္တန်ပေါင်း မြောက်မြားစွာရှိပါပြီ။ ဒါကြောင့် "သိင်္ဂါလောဝါဒသုတ္တန်"သို့မဟုတ် "သိင်္ဂါလသုတ္တန်" ကိုင်ပြီးတော့ လူမှုရေး တရားကိုလဲဟောရယင် ကောင်းမယ်လို့ သဘောကျတာနဲ့ သိင်္ဂါလောဝါဒသုတ္တန် ပါဠိတော်ကြီး ကျက်ပြီးတော့ ကိုင်း....ဒီကနေ့က-စပြီး ဟောမယ်လို့။

"သိင်္ဂါလ"ဆိုတာ ရာဇဂြိုဟ်မြို့က ကုဋေပေါင်းလေးဆယ် ချမ်းသာတဲ့ သဋ္ဌေးကြီး၊ ထိုသဋ္ဌေးကြီးရဲ့သားသည် အဖေသိင်္ဂါလဆိုယင် သားလဲ သိင်္ဂါလပဲ၊ သိင်္ဂါလဆိုတဲ့ပုဒ်ဟာ ဘုန်းကြီးတို့ စာပေ ခပ်များများမှာ ဘာကို ဟောသလဲဆိုလို့ရှိယင် သိင်္ဂါလပုဒ်သည် မြေခွေးကို ဟောတယ်၊ ဒီတော့ဒီသဋ္ဌေးကြီးနာမည်ကို ဘုန်းကြီးစဉ်းစားကြည့်တယ်၊သိင်္ဂါလလို့ ပေးထားခြင်းဖြင့် အော-ကေန္တဒီသဋ္ဌေးကြီးဟာ ကိုခွေးလို့ ခေါ်ပုံရတယ်လို့။

"ဦးဖိုးခွေးပါ ဘုရား"

"အော-ဦးဖိုးခွေး နော်"

"မှန်ပါဘုရား"

"အော-ဦးဖိုးခွေးလို့ ဒကာထွန်ကျော်က တလုံးတိုးပြီး အမြီးကလေးတပ်လိုက်တယ်၊ ဦးဖိုးခွေးတဲ့"

ကောင်းပါရဲ့ သဌေးကြီး ဦးဖိုးခွေးရဲ့သား၊ သူ့အကြောင်းအရာကို ဟော်ပြတဲ့သုတ္တန်၊ ဘုရားရှင်ကိုယ်တော်မြတ်က ဩဝါဒပေးတဲ့သုတ္တန်၊ ဒီကနေ့အနုပ်ဟဲမှာလဲ ဦးဖိုးခွေးတို့၊ ဒေါ်ခွေးမတို့၊ အများကြီးရှိသားပဲ။ ဇီတော့ဒါယိကာပကြီးတွေလဲ ဒေါ်ခွေးပတို့၊ ဒါယကာကြီးတွေကျပြန့် တော့လဲ ဦးဖိုးခွေးတို့၊ ဒီကနေ့ခေတ်ဆိုယ် ရှေးတုန်းကလဲ ရှိတာ သေချာသွားပြီ။ သိင်္ဂါလသည် တို့ဒါယကာ တွန်းကျော်ပြောသလို ဦးဖိုးခွေးပဲ ထားကြပါစို့။ ဦးဖိုးခွေးအကြောင်းကို သင်္ဂါယနာတင် ပါဠိတော်မှာ စတင်ချီတော့ယင် ...

## ပင်းအဆက်ဆက် ထိးနန်းစိုးစံခဲ့တဲ့ ရာဇဂြိုဟ်

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ရာဇဂဟေ၊ တောင်ငါးလုံး ကာခို နွားခြံတို့လို ရာဇဂြိုဟ်ဆိုပဲ့ရွှေမြို့တော်အနီး၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်အပေါင်းတို့ကို အစာကျွေး၍ ဘေးမဲ့ပေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝါးတောပတ်ရံဝေဠုဝန်ခေါ်တဲ့ ကျောင်းတော်အာရာမ်၌။ မဟတာ၊ ဂုဏ်အားဖြင့် မြတ်သော၊ (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာတော်အပေါင်း နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ဣရိယာပုထ မျှဘ ရွှင်ပြုံးစွာ သီတင်းသုံးတော်မူနေခဲ့ပါသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

ဤသိင်္ဂါလသုတ္တန် တရားဖြစ်လာတဲ့အချိန်အခါတုန်းက တရားပိုင်ရှင် ဖြစ်တော်မူတဲ့ ဘုန်းတော်ခြောက်ပါးသခင် ဘုရာ ရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည်မွန် ဝေဠုဝန်မင်းကျောင်းမှာ သံဃာတော်များစွာခြံရံ၍ ကိန်းအောင်းမွေ့လျော်နေပျော်တော် မူခဲ့ပါတယ်။

မြို့ရဲ့နာမယ် ရာဇဂဟ၊ မန္ဓာတု-ဂေါဝိန္ဒ အစရှိသော မင်းအမတ်ကြီး များလဲပဲ ရှေးအဆက်ဆက်က ဒီနေရာသိမ်းပိုက်ပြီးတော့၊ အပိုင်စားရပြီး တော့နေထိုင်လာခဲ့တယ်၊ ရှေးကမင်းအဆက်ဆက်လဲပဲ ဒီနေရာထီးနန်း

စိုးစံပြီးတော့လာခဲ့တယ်၊ မင်းပေါင်းမြောက်မြားစွာ၊ ဝန်ကြီးအမတ် ပေါင်းမြောက်မြားစွာ နေထိုင်လာခဲ့တဲ့ မြို့ဖြစ်ခြင်းကြောင့် ရာဇဂဟ-မင်းအဆက်ဆက်သိမ်းပိုက်တဲ့မြို့၊ ခဏခဏနေပြည်တော်ကို ဟိုပြောင်း ဒီပြောင်း မပြောင်းဘူး ဆိုတဲ့အဓိပ္ပာယ်ကိုရတယ်။

"မှန်ပါဘုရား"

မြန်မာပြည် ရာဇဝင် ပြန်ကြည့်လိုက်လို့ရှိယင် သထုံက နေပြီးတော့ ပုဂံပြောင်း၊ ပုဂံကနေပြီးတော့ ပင်းယပြောင်း၊ ပင်းယကနေပြီးတော့ စစ်ကိုင်းပြောင်း၊ စစ်ကိုင်းကနေပြီးတော့ အင်းဝ၊ အင်းဝကနေပြီးတော့ အမရပူရပြောင်း၊ အမရပူရကနေပြီးတော့ မန္တလေး၊ မန္တလေးကနေပြီး တော့ပြောင်း၊ ဒီကနေ့ကျတော့ ရန်ကုန်။ နောက်ဘယ် ပြောင်းအုံးမလဲ မသိဘူး၊ နေပြည်တော်တွေ ဒီလိုပြောင်းပြောင်းပြီးတော့ သွားတဲ့အလေ့ အထဟာ တော်တော်များများရှိတယ်။

## ရာဇဂြိုဟ်မြို့ တည်ရှိပုံ အနေအထား

ရာဇဂဟဆိုတဲ့မြို့မှာဖြင့်ယင် နေပြည်တော်အဖြစ်နဲ့ မင်းအဆက်ဆက် တော်တော်မြဲတတ်တယ်၊ မပြောင်းဘူး၊ မန္ဓာတုတို့- ဂေါဝိန္ဒတို့ကစပြီး တော့၊နန်းအုပ်ချုပ် မင်းလုပ်ပြီးတော့၊ ဒီနေရာနန်းစိုက်ပြီ တော့ လာခဲ့ တာ ဗိမ္ဗိသာရဘုရင်မင်းကြီး လက်ထက်အထိ၊ မင်းဆက်ဒီနေရာ မပြတ် ပါဘူးတဲ့ ဒီလိုမင်းအဆက်ဆက် သိမ်းပိုက်လာခဲ့တဲ့ နေရာဖြစ်ခြင်းကြောင့် ရာဇဂဟ-မင်းတွေသိမ်းယူရာမြို့၊ မြို့တပတ် လှည့်ကြည့်လိုက်ယင် တောင် တန်းကြီးတွေ ရံပြီးတော့ထားတယ်၊ အလယ်ခေါင်ချိုင့်ကြီးလို တောင် တန်းကြီးတွေရဲ့ အကြားအကြားမှာ မြို့ပြင်ထွက်တဲ့ လမ်းပေါက်တွေရှိ တယ်။ ဂိဇ္ဈကူဋတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဝေဘာရ တောင်၊ ဣသိဂိလိတောင်၊ တောင်တန်းကြီးတွေ ငါးခုဝိုင်းရံပြီးတော့ ထားတယ်။ နွားခြံကြီးနဲ့ တူခြင်းကြောင့်ဂိရိဗဇလို့ ဒီလိုလဲ ခေါ်သတဲ့။

ထိုမြို့ကြီးမှာ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင်အတွက် ရာဇဂြိုဟ် ပြည့်ရှင် ဘုရင်မင်းကြီးက သူပိုင်တဲ့ ဝါးတောကြီးကို ဘုရားအတွက် လှူဒါန်းထားတယ်၊ ဝါးတွေဝါးတွေ ဥယျာဉ်ကြီးတပတ်လည်ပြီးတော့ စိုက်ပျိုးပြီ ထားတယ်၊ ဝါးသည်ပင်လျှင် ထိုဥယျာဉ်အတွက် တံတိုင်းကြီး သဖွယ်ဖြစ်တယ်။

ဝါးတွေ စည်းရိုးကာရံပြီးတဲ့နောက်မှာ ထိုဥယျာဉ် ကျောင်းတိုက်ကြီး အပြင်ဘက်ကတခါ တံတိုင်းကြီးတထပ် ခတ်ပြီးတော့ ထားလိုက်သေး၊ အတွင်းမှာလဲပဲစိမ်းလန်းစိုပြည်၊ သီးမျိုးစုံ အပွင့်ပျိုးစုံတို့ဖြင့် ထုံလျက်ရှိတဲ့ ဥယျာဉ်ကြီး။

ရှဥ့်နက်တွေကလဲ ညံလို၊ ရှဥ့်နက်အပေါင်းကို ဒီဥယျာဉ်ထဲနေသမျှ ရှဥ့်နက်အပေါင်းကို ဘယ်သူကမှ မပစ်- မခတ်-မသတ်ရလို့၊ အဘယ ဃောသ=ဇိဝိတဃောသ=ဘေးမဲ့ပေးရမယ်လို့လဲ ကြေးကြော်ထားတယ်။

## ဘေးမဲ့ပေးခြင်း အကြောင်းသာဝက

ရှေးတုန်းက ရှင်ဘုရင်တယောက်၊ ဗိမ္ဗိသာရရဲ့ ရှေးကရှင်ဘုရင်၊ အဲဒီ ရှင်ဘုရင်က ဥယျာဉ်ထဲ ပျော်ပွဲစားသွားတော့၊ နေ့ခင်းကျတော့ အိပ် ပျော်သွားသတဲ့၊ ဘာဖြစ်လို့ ဒီရှင်ဘုရင် အိပ်ပျော်သွားသလဲဆိုတော့၊ မူးပြီး အိပ်ပျော်သွားတာလို့ အဋ္ဌကထာက ပြောတယ်၊ ရှင်ဘုရင်ကြီး အရက်မူ ပြီးတော့ အိပ်ပျော်နေတုန်း အနီးပါလာတဲ့ မောင်းမမိဿံ အခြွေအရံပရိသတ် မှူးကြီးမတ်ရာ သေနာသေတီတို့က ဥယျာဉ်ကြီးထဲ လျှောက်ပြီး အပြင်းပြေကြည့်ယင်းကြည့်ယင်း ဘုရင်ကြီးတယောက်ထီး တည်းကျန်ရစ်ခဲ့တယ်။

အဲဒီအချိန်မှာ အနီးရှိတဲ့ သစ်ခေါင်းထဲက မြွေဟောက်တကောင် ထွက်လာတယ်။ဘာကြောင့် ဒီ မြွေဟောက် ထွက်လာသလဲလို့ဆိုတော့ ရှင်ဘုရင်ပါးစပ်က အရက်နံ့ရလို့တဲ့၊ မြွေဟောက်လဲ ထွက်လာတယ်၊ ဒီ မြွေဟောက်ကလဲ သေသောက်သမား သေပြီးတော့ ဖြစ်နေတဲ့ မြွေ ဟောက်လားမသိဘူး၊ အရက်နံ့ရှုံ့ရှိုက်ပြီး သူကလဲ သစ်ခေါင်းထဲက ပြေး ထွက်လာတယ်။

"အရက်က ဘယ်ကထွက်နေသလဲဆိုယင် ရှင်ဘုရင်ပါးစပ်က ထွက် နေတယ် မဟုတ်လား"

"မှန်ပါဘုရား"

ရှင်ဘုရင်ကလဲ တော်တော်သောက်ထားပုံရတယ်၊ သစ်ခေါင်းထဲက မြွေဟောက်တောင် မနေနိုင်ဘူး။ အဲဒါနဲ့ သစ်ခေါင်းထဲက မြွေဟောက်

ကြီး ထွက်လာ၊ ရှင်ဘုရင်ပါးစပ်က အရက်နံ့ကို ရတာနဲ့ပဲ စုပ်ယူမယ်ဆိုတဲ့ အစီပွာယ်နဲ့ မြွေဟောက်ကြီး ရှင်ဘုရင်နားရောက်နေတယ်။

အဲဒီအထဲ ရှင်ဘုရင်ကလဲ ကံကောင်း ချင်တော့ ဘယ့်နှယ်ကြုံပြန်သလဲ ဆိုတော့ အနီးရှိတဲ့ သစ်ပင်စောင့် ရုက္ခဒေဝတာနတ်က၊ ရုက္ခစိုးနတ်က ဒီရှင်ဘုရင်တော့ ပါးစပ်ထဲ မြွေဟောက်နိုက်ယင် သေတော့မှာပဲ၊ ရုက္ခစိုးက ရှင်ဘုရင်ကြီး သနားတာနဲ့ပဲ ရှဉ့်နက်ယောင်ဆောင်ပြီ တော့ အိပ်ပျော်နေတဲ့ ရှင်ဘုရင်နားရွက်နား ကပ်ပြီးတော့ အော်လိုက်သတဲ့။

"ဒကာထွန်းကျော်ရေ"

"အရှင်ဘုရား"

"ရှဉ့်နက်ကြီးက ရှင်ဘုရင်နားရွက်နား ကပ်ပြီးတော့ အော်တာ၊ ရှဉ့်နက်ဆိုတာ ဒကာထွန်းကျော် တွေ့ဘူးရဲ့လား"

"အနက် မတွေ့ဘူးပါ ဘုရား"

"အနက်မတွေ့ဘူးယင် အဖြူတော့ တွေ့ဘူးမလား မသိဘူး"

## အရက်သမားတွေ အားမကျကြနဲ့

"ရှဉ့်နက်ဆိုတာ ဘုန်းကြီးတို့ သပိတ်အိုင် တောရမှာ ရှိတယ်၊ အကောင်ကြီး တကောင် တကောင် နှာသီးဖျားကနေ အမြီးဖျားထိ တိုင်းမယ်ဆိုလို့ရှိယင် နှစ်တောင်လောက်ရှိတယ်"

"မှန်ပါဘုရား"

"ကျောကုန်း တခုလုံးက ဝက်ဝံမွေးလို မည်းပြီးတော့ ပြောင်နေတယ်။ ဝမ်းဗိုက်က ဝါဝါ၊ ဒီကောင်ကြီးများ အော်လိုက်ပြီဆိုလို့ရှိယင် တတောလုံးဟိန်းသွားပြီး အသံတွေက တဒက်ဒက်နဲ့ မြည်တယ်"

"မှန်ပါဘုရား"

အဲဒီလို ရှဉ့်နက်မြည်တဲ့ အသံဟာ စူးစူးဝါးဝါး မြည်တာဖြစ်ခြင်းကြောင့် ရှင်ဘုရင်ကြီး နားနား ကပ်အော်လိုက်တယ် ဆိုလို့ရှိယင်ပဲ ရှင်ဘုရင်ကြီး အိပ်ရာက နိုးသွားတယ်။

ရှဉ့်နက်အော်တဲ့ အသံရယ်၊ ရှင်ဘုရင်ကြီးက တလှုပ်လှုပ်နဲ့ နိုးလာတာရယ်၊ အဲဒီဟာ ကြည့်ပြီးတော့ ယခုနက မြွေဟောက်ကြီး ကြောက်ပြီး သစ်ခေါင်းထဲ ပြန်ဝင်သွားတယ်။

"အရက်ပူ့နေတဲ့ရှင်ဘုရင် မြွေဟောက်ဘေးမှ လွတ်သွားပြီ မဟုတ်လား"

"လွတ်သွားပါ ဘုရား"

"အေး...ရဂ္ဂစိုးစောင့်တာ မဟုတ်လား"

"မှန်ပါဘုရား"

"ဒီတော့ အရက်သမားတွေကလဲ အားရှိပြီးသွားအုံးမယ်၊ တို့အရက်မူးတာ ရဂ္ဂစိုးတောင် စောင့်တယ်ဟ၊ အရက်သာသောက်တာ၊ အဲဒီရှင်ဘုရင်က တိုင်းပြည်အုပ်ချုပ်တဲ့အခါကျတော့ မင်းကျင့်တရား ဆယ်ပါးနဲ့ အညီ အုပ်ချုပ်ဟာဗျ၊ ဒါကြောင့် ရဂ္ဂစိုစောင့်ရှောက်တာ"

"မှန်ပါဘုရား"

ဒီလို အသက်ဘေးမှ လွတ်ခဲ့တဲ့ ရှင်ဘုရင်သည် မြွေဟောက်ကြီး ထွက်ပြေးသွားတာလဲ မြင်တယ်၊ ရှဉ့်နက်ကြီး အော်ပြီးတော့ သစ်ပင်ပေါ် တက်ပြေး သွားတာလဲ သူတွေ့လိုက်တယ်၊ တွေ့လိုက်တော့ရှင်ဘုရင်ကြီးစိတ်ထဲ တွေးတယ်၊ ဒီရှဉ့်နက်ကြီးကြောင့် ငါ့အသက် ချမ်းသာရရတာ၊ ရှဉ့်နက်ဟာ ကျေးဇူးကြီးပါပေတယ်။

မြွေဟောက်ဘေးမှ ငါလွတ်ကင်းအောင် ရှဉ့်နက်ကြီး စောင့်ရှောက်တယ်ဆိုပြီးတော့ ထိုရှင်ဘုရင် ထိုအချိန်ကစပြီးတော့ ထိုဥယျာဉ်မှာ အမိန့်ထုတ်သတဲ့။ "ဤရှဉ့်နက်တွေကို ဘယ်သူမှ မပစ် မခတ် မသတ် မဖြတ် မနှိပ်စက် မဖမ်းဆီးရ၊ အဘယဒါန-ဇီဝိတဒါန ဘေးမဲ့ပေးရမယ်" အဲဒီလို မင်းကြီးအမိန့်တော်ထုတ်သဖြင့် ရှဉ့်နက်တွေ ထိုဥယျာဉ်အတွင်းမှာ သိပ်ပြီးတော့ လွတ်လွတ် လပ်လပ် ချမ်းချမ်း သာသာ နေကြရတယ်။

"မှန်ပါဘုရား"

ဘုန်းကြီးတို့ ပါဠိစကားမှာ ကလန္ဒကဆိုတာ ရှဉ့်နက်၊ ကာလကဆိုတဲ့ ပုဒ်ဟာလဲ ရှဉ့်နက်၊ ဒါကြောင့် အဋ္ဌကထာ ဆရာကြီးများက

"ကာလန္တရာဝုစ္စတိ ကာလကာ" ဒီလိုဖွင့်ပါတယ်၊ ထိုကာလက-ကာလန္တက အမည်ရတဲ့ ရှဉ့်နက်တွေကို ဘေးမဲ့ပေးရာဖြစ်တဲ့၊ အစာကျွေးရာဖြစ်တဲ့၊ ထိုဝါးတော ပတ်ရံ ဝေဠုဝန်ခေါ်တဲ့ ကျောင်းအာရာမ်သည် ကာလန္တက နိဝါပလို့ ခေါ်တယ်။ ဒါကြောင့်-

### အဓိပ္ပာယ် နှစ်မျိုးဆောင်တဲ့ "မဟတာ" ပုဒ်

ကော် သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင် ဘုရားရှင်သည်။ ရာဇဂဟေ၊ တောင်ငါးလုံးရံ နွားခြံကြီးနဲ့ တူတဲ့ ရာဇဂြိုဟ်မြို့၌။ ကလန္တက နိဝါပေ၊ ရှဉ့်နက် အပေါင်းတို့ကို ဘေးမဲ့ပေးရာ- အစာကျွေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝါးတော ပတ်ရံ ဝေဠုဝန်ကျောင်းတော်၌။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော။ (ဝါ) မဟတာ၊ အရေအတွက်အားဖြင့် များပြားလှစွာသော။ မဟတာ-ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာ မဟတ္တေနပိ မဟတာ။

'မဟတာ' ဆိုတဲ့ ပုဒ်ကို အဋ္ဌကထာဆရာတော်ကြီး အဓိပ္ပာယ်နှစ်မျိုး ဖွင့်တယ်၊ ထိုဝေဠုဝန် ရွှေကျောင်း ကိန်းအောင်းနေတဲ့ ရဟန်းတော် များသည် ဂုဏ်အားဖြင့် ကြီးကျယ် မြင့်မြတ်လို့ 'မဟတာ' ဂုဏ်ပုဒ်ထူးနဲ့ ချီးကျူးရတယ်၊ အရေအတွက်အားဖြင့် များလွန်းလို့လဲပဲ 'မဟတာ' ခေါ်ပါတယ်။ မဟတာ အဓိပ္ပာယ်နှစ်မျိုး၊ အရေအတွက် ဘယ်လောက် များသလဲဆို ငါးရာအောက် ဘယ်တော့မှ မလျော့ဖူး၊ ငါးရာအထက်မှာ ရှိတယ်၊ ဂုဏ်အားဖြင့် ဆိုလို့ရှိယင် သီလဂုဏ် သမာဓိဂုဏ်-ပညာဂုဏ် တို့ဖြင့် ကြီးကျယ် မြင့်မြတ်ဘော်မူကြလို့ ဂုဏ်အားဖြင့်လဲ မြတ်ပါတယ်။ ဒါကြောင့်-

မဟတာ၊ ဂုဏ်အားဖြင့် မြတ်သော။ (ဝါ) အရေအတွက်အားဖြင့် များပြားလှစွာသော။ ဘိက္ခုသံဃေန၊ ရဟန်း သံဃာတော် အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ ဝိဟရတိ၊ ဣရိယာပုထ မျှတ ရှင်ပြုံး ကာ သီတင်းသုံးတော်မူခနေခဲ့ပါပေသတည်း။

(သာဓု သာဓု-သာဓုပါ ဘုရား)

ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ် ပြည်မှာ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း နေမွေလျော် နေပျော်တော် မူခဲ့တဲ့အချိန်၊ ရာဇဂြိုဟ်မြို့ထဲ လှမ်းပြီးတော့ ကြည့်လိုက်စမ်းပါ။

## သိင်္ဂါလသင်္ဂဟသား၏ ပူဇော်ဆောင်ရွက်ပုံ

တေန ခေါ ပန သမယေန သိင်္ဂါလကော ဂဟပတိပုတ္တော ကာလဿေဝ ဥဋ္ဌာယ ရာဇဂဟာ နိက္ခမိတွာ အလ္လဝတ္ထော အလ္လကေသော ပဉ္ဇလိကော ပုထုဒိသာ နမဿတိ ပုရတ္ထိမံ ဒိသံ ဒက္ခိဏံ ဒိသံ ပစ္ဆိမံ ဒိသံ ဥတ္တရံ ဒိသံ ဟေဋ္ဌိမံ ဒိသံ ဥပရိမံ ဒိသံ။

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း ကိန်းအောင်းတော်မူခဲ့တဲ့ အချိန်၌။ ရာဇဂဟေ၊ တောင်ငါးလုံးကာခိုနားခြံကြီးနဲ့တူတဲ့ ရာဇဂြိုဟ် ဆိုတဲ့ ရွှေမြို့တော်ထဲမှာ။ သိင်္ဂါလကော၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တော၊ သင်္ဂဟသားသည်။ ကာလဿေဝ၊ စောစီးစွာသာလျှင်။ ဥဋ္ဌာယ၊ အိပ်ရာမှထ၍။ အလ္လဝတ္ထော၊ စွတ်စိုသော အဝတ်ရှိသည် ဖြစ်၍။ အလ္လကေသော၊ စွတ်စိုသော ဆံပင် ရှိသည် ဖြစ်၍။ ပုရတ္ထိမံ ဒိသံ၊ အရှေ့အရပ်ကို လည်းကောင်း။ ဒက္ခိဏံ ဒိသံ၊ တောင်အရပ်ကို လည်းကောင်း။ ပစ္ဆိမံ ဒိသံ၊ အနောက် အရပ်ကိုလည်းကောင်း။ ဥတ္တရံ ဒိသံ၊ မြောက်အရပ်ကို လည်းကောင်း။ ဟေဋ္ဌိမံ ဒိသံ၊ အောက်အရပ်ကို လည်းကောင်း။ ဥပရိမံ ဒိသံ၊ အထက်အရပ်ကို လည်းကောင်း။ ဣတိ၊ ဤသို့။ ပုထုဒိသာ၊ မြောက်မြားစွာသော အရပ်မျက်နှာတို့ကို။ နမဿတိ၊ ရှိခိုး၍နေလေတော့၏။

ရာဇဂြိုဟ်မြို့ထဲက သိင်္ဂါလ သင်္ဂဟသား လုပ်နေပုံကို ကြည့်လိုက်၊ "ပုရတ္ထိမံ ဒိသံ" အစရှိသည်ဖြင့် အရပ် ခြောက်မျက်နှာ ရှိခိုးပြီး ကော့နေတယ်။ "ပုထုဒိသာ" ပါဠိတော် စကားမှာ အရပ်ပေါင်း မြောက်မြားစွာလို့ 'ပုထု' ဆိုတဲ့ ပုဒ်အရ များစွာသော အရပ်ကို ရှိခိုးတယ်၊ များစွာသော အရပ်ကဘယ်လောက် များသလဲလို့ ဆိုတော့၊ နောက်နားက သရုပ်ထုတ်ထားတဲ့ ပုရတ္ထိမံ၊ ဒက္ခိဏံ၊ ပစ္ဆိမံ ဥတ္တရံ၊ ဟေဋ္ဌိမံ၊ ဥပရိမံ-အရပ် ခြောက်မျက်နှာ။ အရှေ့ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်-ရယ်လို့-

"တို့ပရိသတ် ဘယ်နှစ်ရပ်ပါလိမ့်"

"ခြောက်မျက်နှာပါဘုရား"

ထို ခြောက်ခုသောအရပ် ဒိသာ မျက်နှာများကို သိင်္ဂါလသဋ္ဌေး သားဟာ ရှိခိုးလျက် ရှိနေတယ်၊ ဘယ်အချိန်လဲလို့ဆိုယင်၊ ကာလသော ၀ ဥဋ္ဌာယအစောကြီး အိပ်ရာက ထပြီးတော့ ရှိခိုးတယ်၊ သူ့အနေအထား ကြည့်အုံးမယ်ဆိုယင်-

**အလ္လ၀တ္ထော-အလ္လကေသော။**

အလ္လ၀တ္ထော၊ ခန္ဓာကိုယ်က စွတ်စိုသော အ၀တ်တွေ ရှိသည် ဖြစ်၍။ **အလ္လကေသော၊** ဆံပင်တွေလဲ စွတ်စိုနေသည် ဖြစ်၍။ ပုထုဒိသာ၊ **အရပ်မျက်နှာ** မြောက်မြားစွာတို့ကို၊ **နမဿတိ၊** ရှိခိုးပါ၏။

ဆံပင်တွေကလဲ စိုရွှဲနေသတဲ့၊ ခန္ဓာကိုယ်မှာ ၀တ်ထားတဲ့ အ၀တ်တွေ ကလဲ စိုရွှဲနေပါပြီ၊ သိင်္ဂါလသဋ္ဌေးသား အ၀တ်တွေ ရေစိုလို့၊ ခေါင်းက ဆံပင်တွေလဲ ရေရွှဲလို့၊ ဘာဖြစ်လို့ ရေစိုတာလဲ၊ ရေရွှဲနေရတာလဲလို့ **အဋ္ဌကထာ ဋီကာမှာ** ကြည့်တော့ ဖြေရှင်းချက် မပါဘူး၊ အဲဒါကို ဘုန်းကြီးတို့ သီတင်းသုံးဘော် ဟောဘော် ဟောဘက် ဆရာတော်များ ကို မေးကြည့်တယ်။

အရှင်ဘုရားတို့ "**အလ္လ၀တ္ထော-အလ္လကေသော**" သိင်္ဂါလ သဋ္ဌေးသား **အရပ်မျက်နှာတွေ ထွက်ပြီး ရှိခိုးတာ၊** ဆံပင်တွေလဲ ရေစိုလို့၊ အ၀တ် တွေလဲရေရွှဲလို့ ဆိုတာတွေ့တယ်၊ အဲဒါ ဘာခပြောတာလဲ။ ကိုယ်တော် တို့- အရှင်ဘုရားတို့၊ ဘယ်နေရာများ တွေ့ဘူးတုံး ကိုယ့်ပြောစမ်းပါ အုံးလို့ မေးကြည့်ရတယ်၊ မေးကြည့်တော့ ကိုယ့်ဟောဘော် ဟောဘက် ကိုယ်တော်တွေကလဲပဲ မှန်းခြေနဲ့ပဲ ပြောတယ်၊ တပည့်တော်များလဲ ရှာ မတွေ့ဘူး ဘုရားတဲ့။

## ရှေးဟောင်း အယူ အဆ တခု

မှန်းခြေပြောပါအုံး ဘယ့်နှယ်လဲဆိုတော့၊ အဲဒီတုန်းက အိန္ဒိယထုံးစံ ရှိပုံ ပေါ်တယ်၊ ဘယ့်နှယ်ထုံးစံရှိသလဲလို့ ဆိုလို့ရှိယင် ထိုအိမ်ကမိဘများ အစရှိတဲ့ သွေးသားရင်းနှီးသူ တယောက် သေသွားယင် ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေဟာ အ၀တ်မည်းကြီးတွေ ၀တ်ပြီးတော့၊ တကိုယ်လုံး ရေ လောင်းထားပုံ ပေါ်တယ်တဲ့။

ဘာ့ကြောင့် ဒီလိုပြောနိုင်တာလဲလို့ဆိုယင်၊ ဒီလိုရေစိုနေတဲ့ဥပမာတွေ၊ အိမ်တအိမ်မှာလူတယောက်သေပြီးယင် ကျန်တဲ့ပုဂ္ဂိုလ်တွေ တကိုယ်လုံး ရေရွဲနေတဲ့ဥပမာ တော်တော်များများ တွေ့တယ်ဘုရားတဲ့၊ ဆိုတော့ဟုတ်ပြီ၊ ရှောက်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ပိသာခါ ကျောင်းအမကြီး မြေးကလေး သေတုန်းကလဲ ဒီလိုပဲ ဘုရားကျောင်းတော် နေ့ခင်းဘက် သွားတာ တကိုယ်လုံးစိုရွှဲပြီးတော့ သွားတယ်လို့ပါတယ်။

"မှန်ပါဘုရား"

အဲဒါကြောင့်မို့လို့ ချွေးတွေပဲရွှဲပြီးနေတာလား၊ ဘာတွေ စိုရွှဲပြီးနေတာလဲလို့ ဆက်ပြီးတော့ဘာခါစဉ်းစားတော့ ယခုသင်္ဂါလ သဌေးသား မနက်အစောကြီး အိပ်ရာကထပြီး ရှိခိုးတယ်ဆိုတော့၊ မိုးအရှိန့် ချွေး စိုတာတော့ မဖြစ်နိုင်ဘူး၊ ခေါင်းက ဆံပင်တွေရော၊ အဝတ်တွေရော၊ ရွှဲနေတယ်ဆိုယင်ဖြင့် ဒါရေစိုနေတာပဲ။

ဒီတော့ သူတို့ရဲ့ထုံးစံအရ တအိမ်လုံးကလူတွေဟာ ဒီအိမ်မှာရှိနေတဲ့ လူသေအလောင်းကို မြှုပ်နှံပြီးယင်၊ တကိုယ်လုံးရေလောင်းရတဲ့ ထုံးစံရှိပုံပေါ်တယ်။ အသုဘနဲ့ပတ်သက်တဲ့ အညစ်အကြေးတွေ ကင်းဝေးသွား စေခြင်း အကျိုးငှာပေါ့ဗျာ။ ကျန်ရစ်ခဲ့တဲ့ သူတွေက ရေလောင်းနေကြရတယ်။

ဒီကနေ့ခေတ်လဲ ဝါဒအမျိုးမျိုးရှိတယ်၊ ကျန်ရစ်သူတွေတော့ ရေလောင်းတာမရှိဘူး၊ ဒီကနေ့ခေတ်က သေသွားတဲ့အလောင်းကြီး ရေချိုးပြီးမှ ခေါင်းထဲထည့်တယ် ဆိုတာတော့ ရှိတယ်၊ အဲဒါ ဘုန်းကြီးတို့ အညာမိုင်းဇတော့ ခဏခဏတွေ့တယ်၊ သေပြီဆိုလို့ရှိယင် အဲဒါသေတဲ့လူ ဆံပင်ရိတ်၊ မုတ်ဆိတ်ရိတ်၊ ဘာညာရိတ်ပြုပြီးလို့ရှိယင် တကိုယ်လုံး သန့်သန့်ပြန့်ပြန့် ရေချိုးပြီးမှခေါင်းထဲထည့်တယ်။

မသာအလောင်း ရေချိုးနေတာများ ဘာများထူးသေးသလဲ မသိဘူး၊ ဘာထူးလို့ ရေချိုးတာလဲမေးကြည့်၊ ဟိုရှေးထုံးစဉ်လာမို့လို့ပါပဲ၊ ရှေးထုံးချည်း အကုန်ပုံချလိုက်ပါတယ်၊ ကေသမုတ္တိသုတ္တန် ကတော့"မာ ပရံပရာယ ဂဏှိတ္ထ"တဲ့၊ ရှေးထုံးတွေ ဒီလိုရှိတယ်ဆိုပြီး အကုန်လုံးသိမ်းကြုံး လက်ခံမထားနဲ့တဲ့။

## ယနေ့ ခေတ်လူငယ် လူရွယ်တွေရဲ့ ဝတ်စားဆင်ယင် ထုံးဖွဲ့မှု

ဒီတော့ ယခု စဉ်းစားမိတာကလဲ သိင်္ဂါလ တကိုယ်လုံး ရေစိုနေတယ်။ ကေန္တ မသာအလောင်းတင် ရေချိုးတာ မဟုတ်ဘူး၊ ကျန်ရစ်တဲ့ လူတွေလဲ ရေချိုးတဲ့ လက္ခဏာရှိတယ်။

''ဒီကနေ့ခေတ် တချို့လူတွေ သေသွားယင် ကျန်ရစ်တဲ့သူတွေ တကိုယ်လုံး အဝတ်မည်းကြီးတွေဝတ်ရဆို မဟုတ်လား''

''မှန်ပါဘုရား''

''အဲ အဝတ်မည်းကြီးတွေ ဝတ်ကြတာ ဘာအဓိပ္ပာယ်လဲဆိုတော့ သေသွားတဲ့ သူအတွက် ဝမ်းနည်းလို့လား၊ ဘာလား တခုခုပဲနေ့''

''မှန်ပါဘုရား''

''အဲ-သူတို့ လူမျိုးနဲ့ သူတို့ထုံးစံရှိတယ်။ တခါတခါကျတော့ အဲဒီလို သေတာလဲ မဟုတ်ပဲနဲ့၊ ဝမ်းနည်းစရာ ကိစ္စလဲ မရှိပဲနဲ့ တကိုယ်လုံး အဝတ်မည်းကြီးတွေ ဝတ်သွားတဲ့ ဒါယကာလေးတွေ၊ ဒါယိကာမလေးတွေလဲ တွေ့နေရတယ်''

''မှန်ပါဘုရား''

''ဘာများ ဝမ်းနည်းလို့လဲ မသိဘူး၊ အဝတ်မည်းကြီးတွေ ဝတ်လာတယ်''

''လမ်းသရဲလုပ်ဖို့ပါ ဘုရား''

''လမ်းသရဲလုပ်ဖို့လား၊ အေး-အဲ-ဒါတော့ ကိုယ်မသိဘူး၊ နောက်ပြီးတော့ ရှိသေးတယ်။ တကိုယ်လုံး နီရဲနေတဲ့ ပုဆိုးကော၊ အင်္ကျီကော၊ ထမိကော၊ အင်္ကျီကော၊ နီရဲနေတဲ့ အဝတ်ကြီးတွေ ဝတ်လာတာ ရှိသေးတယ်။ အဲဒါက ဘာဖြစ်တာလဲ''

''အဲဒါလဲ လမ်းသရဲပါဘုရား''

''အဲ-ဒါလဲ လမ်းသရဲလား။ ဘုန်းကြီးတို့ရှေးထုံးစံ တွေ့တာကတော့ တကိုယ်လုံး နီရဲနေတဲ့ အဝတ်တွေ ဝတ်လာပြီဆိုယင်၊ အဲဒါ ကြိုးပေးခံရတဲ့ ကြိုးပေးခံရမယ့် သူတွေပဲ ဒီလိုတွေ့တယ်''

''မှန်ပါဘုရား''

"ရှေးဂိုး ရှေ့ ဂိုး လုံနိုကြီးတွေဆိုတာနော်"

"မှန်ပါဘုရား"

"နန်းတော်ထဲ အဝတ်နိုကြီးတွေ ဝတ်သွားယင်၊ အေး-ဗီလူတော့ သေဒဏ်ကျရပြီဆိုတဲ့ အဓိပ္ပာယ်"

"မှန်ပါဘုရား"

"အဲ-ပြီးတော့ ရှိသေးတယ်၊ ပြောလက်စနဲ့ ပြောရဦးမယ်၊ ကျောကုန်းသွဲ့သွားတဲ့ အင်္ကျီကြီးတွေ ဝတ်ထားတာက ဘာဖြစ်တာလဲ"

"လူသေကောင် ဝတ်တာပါဘုရား"

"အဲ-ဒါလဲ လူသေကောင် ဝတ်တာလို့ကြားဘူးတယ်။ သေတဲ့သူ ရေချိုးပြီး အင်္ကျီပြန်ဝတ်ယင် ပဘ်တတ်ရပ်ပြီးတော့ နောက်ကျောတွေ ခေါင်းတွေ လျှို့ မလွယ်တော့ဘူး ပဟုတ်လား"

"မှန်ပါဘုရား"

"လူသေကြီး အင်္ကျီဝတ် ခေါင်းကလျှို လက်ကလျှို မလွယ်ဘူး၊ အဲဒါကြောင့် ကျောက ခွဲပြီတော့၊ ရှေ့က လက်နှစ်ဘက် လျှိုပြီးတော့ ဗိုက်ကလေး ဖုံးထားလိုက်တာ၊ အဲ-ဒါကြောင့် အင်္ကျီကျောကွဲဆိုတာ လူသေဝတ်တာကွဲ"

"မှန်ပါဘုရား"

"အဝတ်နိုကြီးတွေ ဝတ်ထာ တာက ကြိုးဒဏ်ကျနေတဲ့ သူတွေ ဝတ်တာတဲ့၊ အဝတ်မည်းကြီးတွေဆိုတာက ပသာအိမ်က လူသေဝတ်တာတဲ့၊ နောက် ပြောလိုက်ရအုံးမလား"

"မှန်ပါဘုရား"

"တော်ပြီ၊ ဒါယကာထွန်းကျော်ရေ၊ ပလ္လင်ပေါ်က ဘုန်းကြီး ခဲနဲ့ ပေါက်ချယင် ခက်သွားလိမ့် အုံးမယ်နော် မလွယ်ဘူး၊ သူ အောက်က ဟောတော်မူပါဆိုလို့ သူ့ပေါက်မှာ မဟုတ်ဘူး၊ ကိုယ့်ပေါက်မှာ၊ ရှောက်ပြောယင် မဆုံးဘူး၊ ဒီကနေ့ လုပ်နေကြတာတွေ ဟုတ်ဘယ် ထင်လို့လုပ်နေကြတာ"

အလ္လဝတ္ထော-အလ္လကေသော။

အလ္လဝတ္ထော၊ စိုစွတ်သည့် အဝတ်ရှိသည်ဖြစ်၍။ အလ္လကေသော၊ စိုစွတ်သည့် ဆံပင်ရှိသည်ဖြစ်၍၊ တာလသောဝ၊ စောစီးသာလျှင်။ ဥဋ္ဌာယ၊ အိပ်ရာမှထပြီးတော့။ ပုထုဒိသာ၊ မြောက်မြားစွာသော အရပ်မျက်နှာတို့ကို။ နမဿတိ၊ ရှိခိုး၍ နေလေတော့၏။

## မဟာကရုဏာရှင်ဗုဒ္ဓနဲ့ အလုပ်များနေတဲ့ သိင်္ဂါလသဌေးသား

နံနက်အစောကြီး သိင်္ဂါလသဌေးသား အလုပ်ရှုပ်နေတာ၊ နေရောင်ဆလေးပြူကာစ ရှိသေးတယ်၊ အရှေ့အရပ် လှည့်ရှိခိုးလိုက်၊ အနောက်ဘက်လှည့်ပြီးတော့ ရှိခိုးလိုက်၊ တောင်ဘက်လှည့်ပြီးတော့ ရှိခိုးလိုက်၊ မြောက်ဘက် အရပ်လှည့်ပြီးတော့ ရှိခိုးလိုက် အရပ်လေးမျက်နှာ၊ ကောင်းကင်မော့ပြီးတော့အထက်အရပ်ရှိခိုးလိုက်၊ အောက်အရပ်ကျတော့ ဘယ်လိုလုပ်ရှိခိုးမလဲ၊ ကျွမ်းထိုးပြီး ရှိခိုးရမလား၊ ကင်းမြီးကောက်ထောင်ပြီး ရှိခိုးရမလား၊ မသိဘူး။

"အောက်အရပ်ရှိခိုးတယ်ဆိုတာ ပါသေး"

"မှန်ပါဘုရား"

"ဘာရည်ရွယ်ချက်နဲ့ သူဒီလိုတွေလျှောက်လုပ်နေတာလဲ၊ သူ့ဟာနဲ့သူတော့ အဓိပ္ပာယ်ရှိတယ်နော်"

"မှန်ပါဘုရား"

"ဟိုအဝီစိငရဲရောက်နေတဲ့ ဒေဝဒတ်တို့၊ အဇာတသတ်တို့ ရှိခိုးတာမဟုတ်ဘူးနော်"

"မှန်ပါဘုရား"

ဘာရယ်လို့ အဓိပ္ပာယ်တော့မသိဘူး။ သူ့ဘာသာသူ လုပ်နေတာအဖြေကတော့ နောက်နားကျ ဘုရားမေးတော့မှ ပေါ်လာတယ်။

အဲ-ဒီလို သိင်္ဂါလအလုပ်ရှုပ်ပြီး တကိုယ်လုံး စိုရွှဲစွာဖြင့်အရှေ့-အနောက် တောင်- မြောက်- အထက်- အောက် အရပ် ခြောက်မျက်နှာ ရှိခိုးပြီးနေတုန်း ဘုရားရှင် ကိုယ်တော်မြတ်က နံနက်စောစော သတ္တလောကကို

ကြည့်တယ်၊ "ဒီကနေ့ ဒီလောကကြီး ငါဘယ်သူ့ကို ဒီသံသရာခရီးထဲမှ ကယ်တင်ရကောင်းမလဲ"စဉ်းစားတယ်၊ စဉ်းစားတော့ သိင်္ဂါလ အလုပ်ရှုပ်နေတာ ဘုရားတွေ့တယ်။

အေး-အဲဒီသိင်္ဂါလဆိုတဲ့ မောင်ဖိုးခွေးကို သာသနာတော် ကြည်ညိုအောင် ငါဘုရားကယ်တင်ယင် ရလိမ့်မယ်လို့ မြတ်စွာဘုရား မြင်တော်မူတော့သပိတ်သင်္ကန်းပြင်တယ်၊ မောင်ဖိုးခွေးရှိရာ ဘုရားရှင်ကိုယ်တော်မြတ် ကြွမယ်ရည်ရွယ်ချက်နဲ့။ အချိန်က ဆွမ်းခံတဲ့အချိန်ကိုး၊ ဆွမ်းခံအချိန်ဆိုတော့ သူလဲလမ်းသွားယင်းနဲ့ တရားဟောခဲ့မယ်၊ ဆွမ်းလဲခံမယ်၊ ရည်ရွယ်ချက်နဲ့ သပိတ်တွေ၊ သင်္ကန်းတွေ လွယ်ပြီးတော့ တခါတည်း ထွက်လာတယ်။ ဒါကြောင့်—

အထခေါ၊ ထိုအခါ၌၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်သည်။ ပုဗ္ဗဏှ သမယံ၊ နံနက်အခါ၌၊ နိဝါသေတွာ၊ သင်္ကန်းကိုပြင်ပြီးတော့ ဝတ်၍၊ ပတ္တစီဝရံ၊သပိတ်နဲ့ သင်္ကန်းကို၊ အာဒါယ၊ ယူဆောင်ပြီးတော့၊ ရာဇဂဟံ၊ ရာဇဂြိုဟ် ရွှေမြို့တော်ထဲသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ကြွဝင်၍လာခဲ့ပါပြီ။

## သိင်္ဂါလသင်္ဂါလသူဌေးသား ဗုဒ္ဓနှင့် ဆုံဆည်းပုံခြင်း

သပိတ်သင်္ကန်း ပြင်ဆင်ပြီး ဘုရားရှင်ကိုယ်တော်မြတ် နံနက်စောစောရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်ပြီးတော့ကြွလာပြီ၊နောက်လိုက်သံဃာတပါးမှမပါဘူး၊ ကိုယ်တော်ပါးတည်း ကြွလာတော်မူလာပြီ၊ ကြွလာတော်မူတဲ့ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်—

အဒ္ဒသာ ခေါ သိင်္ဂါလကံ ဂဟပတိ ပုတ္တံ ပုထု ဒိသံ နမဿန္တံ အလ္လဝတ္ထံ အလ္လကေသံ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါ သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သိင်္ဂါလကံ ဂဟပတိ ပုတ္တံ၊ သိင်္ဂါလကသူဌေးသားကို။ ကာလသောဝ၊စောစွာပင်လျှင်။ဥဋ္ဌာယ၊အိပ်ရာမှထတက်ပြီးတော့။ပုထုဒိသံ၊ ပြောက်များစွာသော အရပ်မျက်နှာတို့ကို။နမဿန္တံ၊ ရှိခိုး၍နေသည်ကို။ အလ္လဝတ္ထံ၊စိုစွတ်သောအဝတ်ရှိသည်ကို။ အလ္လကေသံ၊ စိုစွတ်သောဆံပင်ရှိသည်ကို။အဒ္ဒသာ ခေါ-အဒ္ဒသာ ဝေ၊မျက်ဝါးထင်ထင်တွေ့မြင်တော်မူခဲ့သည်သာလျှင်တည်း။

ရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံကြွလာတော်မူခဲ့သော ဘုရားရှင်ကိုယ်တော်မြတ် လမ်းခွတ်လတ်မှာ သိင်္ဂါလသူဌေးသား တကိုယ်လုံး စိုနေတဲ့အဝတ်၊ တခေါင်းလုံး စိုနေတဲ့ဆံပင်တို့ဖြင့် အရပ်ခြောက်မျက်နှာ ရှိခိုးနေတာကို၊ ဘုရားရှင်ကိုယ်တော်မြတ် တွေ့မြင်တော်မူခဲ့ပါသည်။ ပါဠိတော်ကတော့ စကားလုံးတွေ ထပ်ထပ်လာနေတယ်။

ပုထုဒိသံ နမဿန္တံ၊ မြောက်မြားစွာသော အရပ်တွေကို ရှိခိုးနေတယ်။ နောက်နားက—

ပုရတ္ထိမံ ဒိသံ၊ ဒက္ခိဏံ ဒိသံ၊ ပစ္ဆိမံ ဒိသံ၊ ဥတ္တရံ ဒိသံ ဟေဋ္ဌိမံ ဒိသံ၊ ဥပရိမံ ဒိသံ။

"ဒီပါဠိတော်ပိုဒ်ဟာ ထပ်တလဲလဲလာတယ်၊ ထပ်တလဲလဲလာချင်လဲ လာပါစေ၊ ဘုန်းကြီးတို့ ပရိတ်သတ်များ စကားလုံးထပ် နေတယ်၊ အဓိပ္ပာယ်တူတော့ ဒ်ဖြုတ်သင့်တဲ့ပါဠိကိုဖြုတ်ထားခဲ့ရမယ်"

"မှန်ပါဘုရား"

"နောက်ဆိုလို့ရှိယင် စကားလုံးတွေ ထပ်တလဲလဲနဲ့ ဘယ်သူတွေက စိတ်ညစ်မလဲ၊ ဟောဒီ တိပ်ခွေသမားတွေက စိတ်ညစ်တယ်၊ ထပ်တလဲလဲနဲ့ တော်တော်ကြာ ဒါပဲ ဆိုပြီးတော့ အဲဒါ သူတို့က စိတ်ညစ်စရာများ ဖြစ်နိုင်လို့၊ ကိုင်း အဲဒီတူနေတဲ့ စကားတွေ ဖြုတ်ထားမယ်"

"မှန်ပါဘုရား"

"ပုထုဒိသံ နမဿန္တံ-ဒီအပိုဒ်နဲ့ လုံလောက်တယ်"

"မှန်ပါဘုရား"

ပုထုဒိသံ နမဿန္တံ၊ အရပ်မျက်နှာ မြောက်မြားစွာ ရှိခိုးနေတာကို။ အဒ္ဒသာ ခေါ်-အဒ္ဒသာ ဝေါမျက်ဝါးထင်ထင် တွေ့မြင်တော်မူတော့သည်သာလျှင်တည်း။

ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်၊ မြို့ထဲမရောက်သေးဘူး။ မြို့အဝင် လမ်းခွတ်လတ်တနေရာမှာ သိင်္ဂါလအရပ်ခြောက်မျက်နှာ ရှိခိုးနေတာ၊ ဘုရားမြတ်စွာ ခပ်လှမ်းလှမ်းက တွေ့ပြီ။

## သိင်္ဂါလသဋ္ဌေးသား လုပ်ရပ်ကို-ဗုဒ္ဓမေ မြင် တော်မူခြင်း

အလွှာသုံး-အဝတ်တွေလဲ စိုနေတယ်။
အလှကေသံ-ဆံပင်တွေ ပဲ စိုနေတယ်။

ဒီတကိုယ်လုံး စိုရွှဲပြီးတော့ အရပ်ခြောက်မျက်နှာ လှည့်ကာလှည့်ကာ ရှိခိုးနေတဲ့ သိင်္ဂါလရဲ့ အနီးအပါးကို ဘုရားရှင်ကိုယ်တော်မြတ် သပိတ် လွယ်ပြီးတော့ နောက်နားက ရောက်လာတယ်။ မြတ်စွာဘုရားသပိတ် လွယ်ပြီးတော့ နောက်နားက ရောက်လာတာကို သိင်္ဂါလက မမြင်ဘူး၊ မသိဘူး။ သူ့ဟာနဲ့သူ အလုပ် ပ်နေလိုက်တာ၊ ဘုရားကို ဂရုမစိုက်ဘူး။ အရှေ့-အနောက်-တောင်- မြောက် ဒါပဲ ကုန်းကုန်းပြီးတော့ ဦးချ နေတယ်၊ အနီးရောက်နေတဲ့ ဘုရားကို ဦးချဖို့သတိတောင် မပေါ် ဘူးနော်၊

''မှန်ပါဘုရား။ အရပ်မျက်နှာတွေပဲ လှည့်လှည့်ပြီး သူရှိခိုးနေ ပါတယ်''

''တခါတခါကျတော့ ဘုန်းကြီးတို့ ဒါယိကာပမျာ ဘုရားဖူးသွား တဲ့အခါ တွေ့ရသေး၊ ဘုရားပေါ်တက်သွားလိုက်၊ ဘုရားကို ဦးမချ သေးဘူး။ဟိုဘက်နားက လက်ညှိုးထိုးနေတဲ့ဒါယကာကြီးကိုအရင်သွား ဦးချတယ်။ ''နောင်နှစ်ပါပဲ ဘုရားဖူးရောက်ပါရစေအုံးဘုရား၊'' ဆိုပြီးတော့ ဆုတောင်းသွားသေးတယ်။ အဲဒီရှေ့နား ကျောက်တုံးကြီးလဲ မကြည့်လိုက်ကြသေးတယ်။ကိုယ့်စိတ်ထဲ ကြံသားတာလေးတွေ အောင် မြင်မယ်ဆိုယင် ဘာတွေ ကြံသားမှန်းတော့ မသိဘူး။ သူတို့ဟာ သူများ ကြားအောင်တော့ မပြောဘူး။ အဲဒီနတ်မင်းကြီးကြားအောင် တိုးတိုး တော့ ပြောတယ်။ 'ကြံစည်ထားတာလေးတွေ အောင်မြင်ပြီတော့ သွားစေခြင်းအကျိုးငှာ အောင်မြင်မယ်ဆိုလို့ရှိယင် ဟောဒီကျောက်တုံး ကြီး လေးပါစေသတည်း'၊ ဘယ် မရတော့မလဲ သူ့ဘာသာသူ ပိထားတာ၊ 'အကြံအစည်တွေ အောင်မြင်မယ်ဆိုယင် ကျောက်တုံး ကြီး ပေါ့ပါစေသတည်း'၊ ဆိုပြီးတော့ ကြိုးစားပြီးတော့ မ,ပစ် လိုက်တယ်။ ကိုယ့်ဟာကိုယ် ပေါ့နေတာပဲနော်''

''မှန်ပါဘုရား''

"ဘယ်သူမှတော့ အဲဒီအပေါ် တက်စီးထားတာတော့ ကိုယ် မတွေ့ဘူး"

ယခု သိင်္ဂါလသဌေးသား ဘုရားအနားရောက်နေတယ်။ ဘုရားရှိခိုးဖို့ သူအမှတ်မရဘူး။ ဘယ့်နှယ်ဗျာ-အရှေ့အနောက်တောင်မြောက် ဒါတွေ ရှိခိုပြီး အလုပ်ရှုပ်နေတယ်။ ဘုရားရှင် ကိုယ်တော်မြတ် နောက်နားက ရပ်စောင့်နေတာ တော်တော်ကြာသွားပြီ၊ တော်တော်ကြာသွားတော့ မဖြစ်ဘူး။ ဒီမောင်ဖိုးခွေးကို ငါမေးကြည့်မှ ဖြစ်မယ်။

ကိံ နု ခေါ တွံ ဂဟပတိ ပုတ္တ ကာလဿေဝ ဥဋ္ဌာယ အလ္လ ဝတ္ထော အလ္လကေသော ပုထုဒိသာ နမဿသိ။

ဂဟပတိပုတ္တ သိင်္ဂါလက၊ ဟဲ့-သဌေးသား သိင်္ဂါလ။ တွံ၊ သင်သည်။ ကိံ၊ အဘယ့်ကြောင့်။ ပုထု ဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ ပုထု ဒိသာ၊ မြောက်မြားစွာသော အရပ်မျက်နှာ တို့ကို။ အလ္လဝတ္ထော၊ စိုစွတ်သော အဝတ်ရှိသည်ဖြစ်၍။ အလ္လကေ သော၊ စိုစွတ်သော ဆံပင်ရှိသည်ဖြစ်၍။ နမဿသိ၊ ရှိခိုး၍ နေပါ သနည်း။

"ဟဲ့ သိင်္ဂါလ၊ မင်း-ဘာလုပ်နေတာတုံးကွ၊ ဒီလို မေးလိုက်မှ ဖြစ်မှာပါ"

"မှန်ပါဘုရား"

ပါဠိတော်ထဲကတော့ ယဉ်ယဉ်ကျေးကျေး မေးထားတယ်။

ကိံ နု တွံ ဂဟပတိပုတ္တ ကာလဿေဝ ဥဋ္ဌာယ အလ္လဝတ္ထော အလ္လကေသော ပုထု ဒိသာ နမဿသိ ပုရတ္ထိမံ ဒိသံ။

ပါဠိတော်ကတော့ သေသေချာချာ စီကုံးထားတယ်။ ဘုန်းကြီး စိတ်ထင်တော့ ဟေ့-သိင်္ဂါလ မင်း ဘာလုပ်နေတာတုံး မေးတော့၊ မေ့ကြည့်တယ်။ နောက်နား ရောက်နေတဲ့ မြတ်စွာဘုရားက၊ မင်း အရပ်တွေ လှည့်ကာလှည့်ကာနဲ့ ဆံပင်တွေ ရေစိုလို့၊ အဝတ်တွေလဲ ရေစိုလို့ ဘာဖြစ်လို့ ရှိခိုးနေရတာတုံး။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သိင်္ဂါလကံ ဂဟပတိ ပုတ္တံ၊ သိင်္ဂါလ

ခေါ်ဆိုတဲ့ သင်္ဒွေးသားကို။ တော် ဝစန်၊ ဤစကားကို။ အပုစ္ဆိ၊ သိလိုရေးနှင့် မေးမြန်းဘော်မူရရှာလေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "ချစ်သား သိင်္ဂါလ မင်း၊ ဘာတွေ အလုပ်ရှုပ်ပြီး နေတာလဲ၊ အရှေ့- အနောက်- တောင်- မြောက်- အထက်-အောက်ဆိုတဲ့ အရပ်ခြောက်မျက်နှာ မင်း ဘာဖြစ်လို့ လှည့်ကာ လှည့်ကာ ရှိခိုးနေရတာလဲ" ဘုရားရှင် ကိုယ်တော်မြတ် မေးမြန်းတော်မူတဲ့အခါကျတော့မှ သူရှိခိုးနေတဲ့ လုပ်ငန်းကို ခဏကလေးရပ်၊ ရပ်ပြီးတော့မှ ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်တယ်။

အဖေမှာ ပုံတဲ့အတိုင်း

ပိတာ မံ ဘန္တေ ကာလံကရောန္တော ဧဝံ အဝစ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ တပည့်တော်၏။ ပိတာ၊ ဖခင်သည်။ ကာလံကရောန္တော၊ သေခါနီးတဲ့ အချိန်တုန်းက။ မံ၊ တပည့်တော်ကို။ ဧဝံ၊ ဤသို့။ အဝစ၊ မှာခဲ့ပါတော့တယ် ဘုရား။

တပည့်တော်အဖေ သေခါနီးတုန်းက တပည့်တော်ကို မှာသွားတယ် ဘုရား၊ ဘာတွေ မှာသွားတုံးဆိုလို့ရှိယင်-

ဒိသာ တာတ နမဿေယျာသီတိ။

တာတ၊ ချစ်သား။ တွံ၊ သင်သည်။ ပမစ္စယော၊ ငါ ကွယ်လွန်သွားတဲ့ အခါကျတော့။ ဒိသာ၊ အရပ်ခြောက်မျက်နှာ တို့ကို။ နမဿေယျာသိ၊ ရှိခိုးပြီးတော့ နေရစ်ပါလေ။

ဣတိ၊ ဤသို့။ ကာလံကရောန္တော၊ သေခါနီးဆဲဆဲ ဖြစ်၍ နေသော။ မေ၊ တပည့်တော်၏။ ပိတာ၊ ဖခမည်းတော်သည်။ မံ၊ တပည့်တော်ကို။ တော် ဝစန်၊ ဤစကားကို။ အဝေါစ၊ မှာကြားခဲ့ပါသည် မြတ်စွာဘုရား။

ဣတိ၊ ဤသို့။ သိင်္ဂါလကော ဂဟပတိပုတ္တော၊ သိင်္ဂါလ ခေါ် ဆိုတဲ့ သူဌေးသားသည်။ ဘဂဝန္တံ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကို။ တေ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ရွှေနားတော် ကြားအောင် လျှောက်ထားတော် မူလေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

တပည့်တော် အရပ် ခြောက်မျက်နှာ ရှိခိုးနေတာ တခြားကြောင့် မဟုတ် ပါဘူး။ အဖေသေခါနီးတုန်းက တပည့်တော်ကိုမှာခဲ့တယ် မြတ်စွာဘုရား၊ "ငါ့သား-ငါသေသွားယင်လေ၊ မင်း အရပ် ခြောက် မျက်နှာ ရှိခိုး၊လောကကြီးပွားလိမ့်မယ်"လို့ အဖေ မှာခဲ့တယ် ဘုရား။ အဲဒါကြောင့် မို့လို့-

ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား။ တံ ဝစနံ၊ထိုဖခင် သေခါနီး မှာကြားခဲ့တဲ့ စကားကို။ အနုဿရမာနော၊ အစဉ် အောက်မေ့သည် ဖြစ်၍၊ဂရုံ ကရောန္တော၊ အလေးအမြတ်ပြု သည်ဖြစ်၍။ အဟံ၊ ဘုရား တပည့်တော်သည်။ဆဒိသာ၊အရပ်ခြောက် မျက်နှာတို့ကို။ နမဿာမိ၊ ရှိခိုး၍နေရကြောင်းပါ မြတ်စွာ ဘုရား။

## အဖေနဲ့သား ကွာခြား

အဖေ့စကားရိုသေ လေးစားသောအားဖြင့် သေခါနီးလေး မှာသွား တဲ့ စကားကို စိတ်ထဲ ထိထိခိုက်ခိုက် တပည့်တော် စွဲပြီးတော့ အဖေ မရှိတဲ့နောက်၊ တပည့်တော် အရပ်ခြောက်မျက်နှာ လှည့်လည် ရှိခိုးနေ ပါတယ်ဘုရား။

"သူ့အဖေ မနေ့ တနေ့က သေသွားတယ်"

"မှန်ပါ ဘုရား"

"သိင်္ဂါလ သူဌေးသားရဲ့ အဖေ၊သိင်္ဂါလသူဌေးကြီး မနေ့ကသေသွား တယ်"

"မှန်ပါဘုရား"

သေခါနီး အဖေဖြစ်တဲ့ သိင်္ဂါလ သဌေးကြီးက သား သိင်္ဂါလကို မှာ ပစ်ခဲ့တယ်၊ "ဟဲ့-ငါ့သား မောင်ဖိုးခွေး၊ ငါမရှိယင် မင်း တရပ် ခြောက် မျက်နှာ ရှိခိုးပါလေ"လို့ မှာပစ်ခဲ့တယ်။

"မှန်ပါဘုရား"

ဘာဖြစ်လို့ အဖေက ဒီလိုမှာရတာလဲဆိုတော့၊ အဖေကြီးက-

သာသနေ နိဋ္ဌင်္ဂတော အဝေစ္စပ္ပသာဒေန သမန္နာဂတော သောတာပန္နော။

ရယ်လို့ အဋ္ဌ ကထာက ပြောတယ်။

သာသနာတော်မှာ စွဲစွဲ မြဲမြဲ ကြည်ညိုသိမှတ် ဆည်းကပ်တဲ့ဒါယကာ၊ တုန်လှုပ်ခြင်း မရှိသော ယုံကြည်ခြင်းဖြင့် ဆည်းကပ်တဲ့ ဒါယကာ၊ သောတာပန်ဖြစ်နေသော သိင်္ဂါလ သဌေးကြီး၊ သာသနာတော်မှာ ဒီလောက် ကြည်ညိုသိမှတ် ဆည်းကပ်တဲ့ သဌေးကြီး၊ သိင်္ဂါလဟာ ပစ္စည်း ဥစ္စာကုဋေ လေးဆယ်ကျော် ချမ်းသာတယ်။

ကုဋေ လေးဆယ်ကျော် ချမ်းသာတဲ့ သိင်္ဂါလသဌေးကြီး ဘုရားနဲ့၊ တရားနဲ့၊ သံဃာနဲ့၊ ဘယ်လိုပဲ ချဉ်းကပ်နေနေ၊ အဖေက ရတနာသုံးပါး ချဉ်းကပ်တယ်၊ သားဖြစ်သူက ဖြင့်ယင် ဘုရားကျောင်း တခေါက်မှ မသွားဘူး၊ တရားပွဲလဲ တခေါက်မှ မသွားဘူး၊ ဆွမ်းခံ ကြွလာတဲ့ ကိုယ်တော်တွေလဲ မျက်စောင်းကလေး ထိုးကြည့်လိုက်ပြီ၊ ဦးကလေး တခါမှ အိမ်မှာ မချ ဖူးဘူး၊ ဘုရား- တရား- သံဃာ မျက်နှာလွှဲပြီး နေတဲ့သားတဲ့။

"မှန်ပါဘုရား"

အဖေလုပ်တဲ့သူကပြောတယ်၊ "ဟဲ့-ငါ့သား ဘုရား သွားဟ၊ တရား နာကွဲ့၊ သံဃာတော်တွေ လာယင် ပြုစုလုပ်ကျွေး ပါတဲ့၊ ဆွမ်းလေး ဘာလေးလောင်းပါဟ၊ ဦးတော်လေးဘာလေး ချပါဟ"လို့ အဖေလိုပဲ ဘယ်ကတိုက်တွန်း တိုက်တွန်း၊ သားဖြစ်သူကို တိုက်တွန်းလို့ မရဘူး၊ ရိုင်းလိုက်တဲ့သား အဖေ ယဉ်ကျေးသလောက် သားဖြစ်သူက ရိုင်းတယ်၊

မိဘ နှစ်ပါး ရတနာသုံးပါး ဆည်းကပ်သလောက် သားဖြစ်သူက ရတနာသုံးပါး ကျောပေးတယ်။ ရာဇဂြိုဟ်က သိင်္ဂါလ ဖြစ်ပုံနော်။

"မှန်ပါဘုရား"

"ရန်ကုန်မြို့က တို့ဒါယကာ-ဒါယိကာမကြီးတွေ ကိုယ့်အိမ်ကသား၊ သမီးတွေကို ငယ်ငယ်ထဲက နေပြီးတော့၊သာသနာတော်ထဲကို စိတ်ရောက် အောင် သွန်သင်ပြီးတော့ထားကြ၊ ကြီးခါမှဆိုယင် မလွယ်ဘူး"

"မှန်ပါဘုရား"

ယခု သိင်္ဂါလ လုပ်ပုံကြည့်၊ သိင်္ဂါလ သဌေးသားဟာ ဖခင် သဌေး သိင်္ဂါလကို ပြန်ပြောတယ်။

## သားဖြစ်သူ သိင်္ဂါလရဲ့ ဆင်ခြေပေးချက်

ဩနမိတ္တာ ဝန္ဒန္တေ ပိဋ္ဌိ ရုဇ္ဇတိ-တဲ့။

ပိတာ၊ ဖခမည်းတော်။ ဩနမိတ္တာ၊ညွတ်ကိုင်းပြီးတော့။ ဝန္ဒန္တေ၊ ရှိခိုးခြင်းသည်။ သတိ၊ ရှိခဲ့သော်။ (ဝါ) ဝန္ဒန္တေ၊ ရှိခိုးမည်ဆိုလို့ ရှိယင်။ ပိဋ္ဌိ၊ ကျောက်ကုန်းသည်။ ရုဇ္ဇတိ၊ နာကျင်ပါတယ်။

ခါးကလေးကွေးပြီးတော့၊ ခေါင်းကလေး ညွတ်ပြီးတော့ ရှိခိုးရလို့ ရှိယင် ခါးတွေ ခေါင်းတွေ ကိုယ်တွေ ညွတ်ကိုင်းရတဲ့ အတွက်ကြောင့် ခါးနာတယ်၊ ကျောနာတယ် တဲ့။ ဘုရားရှိခိုးရတာ၊ သံဃာတော်တွေ ရှိခိုးရတာ သူကဘယ်နှယ်ပြောသလဲဆိုတော့၊ ခါးတွေ၊ ခေါင်းတွေကွေး ပြီးတော့ ရှိခိုးရတဲ့အတွက်ကြောင့် နာတယ်၊ ခါးကုန်းရတဲ့ အတွက် ကြောင့် ခါးနာတယ်၊ ခေါင်းညွတ်ရတဲ့ အတွက်ကြောင့် ခေါင်းနာ တယ်၊

"မှန်ပါဘုရား"

နောက်တခါ ဘာပြောပြန်တုံးလို့ ဆိုယင် ဘုရား-တရား-သံဃာ ရတနာသုံးပါးနဲ့တွေ့ယင် နိမ့်သောနေရာမှာ ထိုင်ရလိမ့်မယ်တဲ့၊ နိမ့်သော နေရာမှာထိုင်ပြီးတော့ ဦးသုံးကြိမ်ချရမယ်။ ဒူးနဲ့ကြမ်းနဲ့ တိုက်ပြီးတော့ ဦးချရမှာဖြစ်ခြင်းကြောင့်....

ဇင်္ဂုကာပိ ရုပ္ပန္တိ၊

ဟောဒီ ဒူးတွေလဲ နာတယ်ဗျာတဲ့။

ဒူးနဲ့မြေကြီးနဲ့၊ ဒူးနဲ့ကြမ်းနဲ့ထိပြီး ဦးချရခြင်းကြောင့် ဒူးပွန်းတယ်၊ တနည်း-ဒူးကြိမ်းတာပေါ့။

"မှန်ပါဘုရား"

နိမ့်ရာညံ့တဲ့နေရာက ထိုင်ရခြင်းကြောင့် ပုဆိုးတွေလဲ နွမ်းတယ်တဲ့၊ ဦးချရတဲ့အတွက်ကြောင့် နဖူးပွန်းတယ်၊ ဒူးပွန်းတယ်၊ ပုဆိုးနွမ်းတယ်။ ဒီကိုယ်တော်တွေ ဦးချရတာ သိင်္ဂါလသဌေးသား တွေ့တယ်နေ၁်၊ ဒါကြောင့် ဘုရားဆီလဲ မသွားချင်ဘူး၊ တရားပွဲလဲ မသွားနိုင်ဘူး၊ ကိုယ်တော်တွေတွေ့လဲ သူဦးမချနိုင်ဘူးတဲ့။ သူ့ရဲ့ အတွေးအခေါ်က အလွန့်အလွန် ခေတ်မီတဲ့ အတွေးအခေါ်ကြီးပဲ၊ နဖူးပွန်းတယ်၊ ဒူးပွန်းတယ်၊ ပုဆိုးနွမ်းတယ်၊ အလွန်အလွန် သိပ်ပွနည်းကျတဲ့အတွေးအခေါ်ပဲ။

## ရတနာသုံးပါးနဲ့ နီးစပ်ရမှာကြောက်တဲ့ သိင်္ဂါလသဌေးသား

ကိုယ်တော်တွေနဲ့ ရင် ရင်းနှီးနှီးထိုင်ပြီးစကားပြောယင်၊တဖြေ ဖြေး တလုံးပြောနှစ်လုံးပြောနဲ့ ဒီကိုယ်တော်တွေနဲ့ရင်းနှီးသွာ ပြီဆိုယင်အနည်း ဆုံး ဒီကိုယ်တော်တွေ အိမ်တော့အလည်အပတ် လာကြလိမ့်မယ်။

ရင်းနှီးသွားလို့အိမ်ကြွလာယင် အနည် ဆုံးဆွမ်းလေးတခွက် လောင်း ရတော့မှာပဲတဲ့။တဖြေးဖြေး တစဘာစဒါ့ထက် ပိုမိုရင်းနှီးလာယင်လောင်း တာတင် မဟုတ်တော့ဘူး၊ ပေးအုံးကွာလို့ တောင်းသာလိမ့်မယ်။

ဘိက္ခုနသီလော ယာစနသီလော ဘိက္ခု-ကိုဗျ၊

တောင်းတတ်တဲ့အတွက်ကြောင့် ဘိက္ခုခေါ်တာ။ ပိုမိုရင်းနှီးလာလို ရှိယင် တောင်းဘာတွင် မဟုတ်ဘူး၊ ပေးအုံးကွာလို့ တောင်းသာလိမ့် မယ်။ ဒီတော့ ပါဠိတော်နဲ့အညီတောင်းယင် စိတ်မကောင်းနဲ့ တို့ရှိသတ်ရေ၊ "ဘိက္ခု"ဆိုတာ တောင်းတတ်သတဲ့။

အိမ်ကြွလာယင် ဆွမ်းကပ်ရမယ်၊ တောင်းကတ်တယ်၊ လှူရမယ်၊ ရင်းနှီးယင် ပစ္စည်းကုန်တယ်၊ သိင်္ဂါလတွက်ပုံ၊ ဦးချရယင် နဖူးပွန်း၊ ဒူးပွန်း

ပုဆိုးနွမ်းတယ်။ ရင်းနှီးယင်းပစ္စည်းကုန်တယ်၊ ဒါကြောင့် ဒီကိုယ်တော်တွေ မတွေ့ချင်ဘူး၊ မမြင်ချင်ဘူး၊ ဦးမချချင်ဘူး၊ ဘုရားကိုယ်တော်မြတ်ထံလဲ မသွားချင်ဘူး။

ဖခင်ကြီးက သောတာပန်၊ ရတနာသုံးပါး ချဉ်းကပ်နေပေမယ့် သား ဖြစ်သူက အဲဒီလိုရှိုင်းနေတယ်၊ အဖေလုပ်သူ ဘယ်လိုပဲဆုံးမဆုံးမ၊ ဒီသား လုပ်သူဘယ်လိုမှ ဆုံးမလို့မရဘူး။ ဆုံးမလို့မရတော့ အဖေက စိတ်ညစ်ပြီး 'ငါ့သားသာသနာတော်နဲ့ နီးစပ်အောင် ဘယ့်နှယ်များ လုပ်ရပါ့မလဲ' စဉ်းစားယင်း စဉ်းစား ယင်းနှင့် ဖခင်ကြီး တော်တော်ကြာတော့ ရောဂါ နှိပ်စက်စက်ပြီးသေရာညောင်စောင်း လျောင်းပြီးတော့ ရောဂါ နှိပ်စက် လာတဲ့ အချိန်။

## ဖခင်သိင်္ဂါလသဌေးကြီးရဲ့ နောက်ဆုံးစကား

ဖခင်ကြီးက စဉ်းစားပြီ တော့ သားတော့ ပရိယာယ်နဲ့ လုပ်ထားပစ် ခဲ့မှ ဖြစ်မယ်ဆိုပြီး 'တနေ့ကျတော့သူ့ အမူအရာတွေထင်ရှားပြီး၊ သာသနာ တော်ထဲက ဘုရားနှင့်ဖြစ်စေ၊ သံဃာတော်များနှင့်ဖြစ်စေ၊ တဦးဦးနဲ့တွေ့ ပြီး၊ တွေ့ယင်တော့ သူ့အယူအဆတွေကို ဘုရားနှင့် သံဃာတော်တွေက ဖြေရှင်းပေးယင် ဒီကောင် လိမ္မာသွားလိမ့်မယ်' ထင်တယ်လို့၊ ဒါကို ဖအေ ကြီးကမြင်ပြီး။ စဉ်စားမိပြီးတော့၊ ဖအေလုပ်သူ သိင်္ဂါလ သဌေးကြီးက သေခါနီး အားယူပြီးတော့ ပြောသွားတယ်။

မပြောနိုင်ပြောနိုင်နဲ့ ပြောသွားတယ်၊ 'ငါ့သား ဖခင်ကိုချစ်ယင်ဖြင့် အဖေ့စကား နားထောင်၊ ငါတခွန်းပြောထားခဲ့မယ်၊ ဘုရားရှိမခိုးချင် နေ၊ တရားရှိမခိုးချင်နေ၊ သံဃာတော်တွေ မင်းရှိမခို ချင်နေပါ။ ငါမရှိ ယင်တော့ ငါမရှိတဲ့နောက် မင်း လောကကြီးပွားအောင် ငါမှာခဲ့မယ်၊ မင်းအရပ်ခြောက်မျက်နှာကို ရှိခိုးပြီတော့နေ' တဲ့။

သေခါနီး မှာခဲ့တဲ့စကားများဟာ စိတ်စွဲတယ်၊ အသက်ရှင်နေစဉ် ပြောတဲ့စကားတွေ၊ ကျန်းမာနေတုန်း ပြောတဲ့စကားတွေ၊ သားတွေ သမီးတွေ နားထောင်ချင်မှ ထောင်မယ်၊ ယခုလို သေခါနီးအချိန်ကျမှ ဆိုတဲ့ စကားကျတော့ 'တို့အဖေသေခါနီး ဒါလေးပြောသွားတယ်ဟဲ့၊ တို့အမေသေခါနီ ဒါလေး ပြောသွားတယ်ဟဲ့' ဒီလိုပြောသွားတယ်ဟ၊

တို့ဆရာသမား ဗ်လိုမှာသွားတယ်ဟ'။ သေ၁ါနိုး ဒီလို စကား ေ ေးတွေဟာ ကိုယ်သေတဲ့အထိ အသည်နှလုံးထဲ စွဲပြီး ကျ ရစ်တာ်တယ်။

"မှန်ပါဘုရား"

ဒါကြောင့် အဖေမှာသွားတဲ့စကား ရင်ထဲအသည်းထဲ နှလုံးထဲ [illegible] ကျန်ရစ်တယ်။ အဖေကြီးကလဲ ဒီစကားမှာပြီ တော့ သေ [illegible] ပြော၊ အဖေ့အလောင်း သုသာန်မှာ မြှုပ်သင်္ဂြိုဟ်ပြီးတော့၊ [illegible] သူ့ခေါင်းကနေပြီးတော့ တကိုယ်လုံး ရေ [illegible] လိုက်နာသေ၁အားဖြင့်၊ ရှိခိုးသေ [illegible] ဖြင့် အရပ်ခြောက် မျက်နှာရှိခိုးမယ်' ဆိုပြီ တော့ ကျွက်လ၁ဘ၁ [illegible] အဲဒါကို သူပြန်လျှောက်တယ်။

သိင်္ဂါလသဌေး သား ပြန်လည်ဖြေကြား ချက်

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ဘုရားတပည့်တော်၏။ပိတာ၊ ဖခမည်းတော်သည်။ ကာလံကရောန္တော၊ ကွယ်လွန်ခါနီးတဲ့ အချိန်တုန်းက။ မံ၊တပည့်တော်ကို။ [illegible] ဝစနံ၊ ဤစကားကို။ အဝေါစ၊ မှာကြားခဲ့ပါတော့သည် မြတ်စွာဘုရား။

'တာတ၊ ချစ်သား။ [illegible] သင်သည်။ မမ၊ငါ၏။ အစ္စယေန၊ ကွယ်လွန်တဲ့အခါ၌။ ဆ ဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ နမဿေယျ၊ ရှိခိုးပြီ တော့ ကျန်ရစ်ပါလေ။ ဣတိ၊ ဤသို့။ မေ၊ ဘုရားတပည့်တော်၏၊ ပိတာ၊ဖခမည်းတော်သည်၊ တော် ဤသို့။ ဝစနံ၊ စကားကို။ အဝေါစ၊ မှာကြားခဲ့ပါသည်အရှင်ဘုရား။' ဣတိ၊ ဤသို့။ သိင်္ဂါလ ကော၁ဂဟပတိပုတ္တော၊ သိင်္ဂါလခေါ်တဲ့ သဌေးသားသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ တော် ဝစနံ၊ ဤစကားကို။ အဝေါစ၊ ရွှေနားတော်ကြားအောင် ပြန်ကြား လျှောက်ထားရှာလေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

တပည့်တော့်ဖခင်ကြီး သေခါနီး မှာကြားခဲ့တဲ့စကား၊ ရှိသေလေးစားလိုက်နာသောအားဖြင့်—

**အဟံ ဘန္တေ ပိတု ဝစနံ သက္ကရောန္တော ဂရုံကရောန္တော မာနေန္တော ပူဇေန္တော ကာလဃောဝ ဝုဋ္ဌာယ ရာဇဂဟာ နိက္ခမိတွာ အလ္လဝတ္ထော အလ္လကေသော။**

ဘန္တေ၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ပိတု ဝစနံ၊ ထိုတပည့်တော်၏ အဖေမှာထားခဲ့တဲ့ စကားကို။သက္ကရောန္တော၊အရို အသေပြုသည်ဖြစ်၍။ဂရုံကရောန္တော၊လေးမြတ်စွာပြုသည်ဖြစ်၍။ မာနေန္တော၊ မြတ်နိုးသည်ဖြစ်၍။ ပူဇေန္တော၊ ပူဇော်သည်ဖြစ်၍။ အဟံ၊ ဘုရားတပည့်တော်သည်။ ဆ ဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ အလ္လဝတ္ထော၊ စိုသောအဝတ်ရှိသည်ဖြစ်၍။ အလ္လကေသော၊ စိုစွတ်သော ဆံပင်ရှိသည်ဖြစ်၍။ ဆ ဒိသာ၊အရပ်ခြောက်မျက်နှာတို့ကို။ နမဿာမိ၊ ရှိခိုး၍နေရကြောင်းပါဘုရား။

ဒီလို ပြန်ပြောင်းလျှောက်ကြားတဲ့အခါမှာ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်က–

ဗုဒ္ဓပေးတဲ့ အရပ်ခြောက်မျက်နှာနဲ့ ရှိခိုးပုံရှိခိုးနည်း

တာတ၊ ချစ်သား သိင်္ဂါလ၊ ဟဲ့ သူဌေးသား သိင်္ဂါလ။ အရိယဿ၊ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့။ ဝိနယေ၊ တရားသဖြင့် ဆုံးမရာဆိုတဲ့ သာသနာတော်ထဲမှာ။ဆ ဒိသာ၊အရပ်ခြောက်မျက်နှာ တို့ကို။ နမဿိတဗ္ဗာ၊ရှိခိုးတယ်ဆိုတာ။ဧဝံ၊ဤလို။န၊ မဟုတ်ပါဘူး။

ဟဲ့ သိင်္ဂါလ၊ မင်းတို့နည်းနဲ့ မင်းတို့ အရပ်ခြောက်မျက်နှာ ရှိခိုးတာ ရှိချင်ရှိမယ်။

အရိယဿ ဝိနယေ အရိယပုဂ္ဂိုလ်ရဲ့၊ ဘုရားရှင်ရဲ့ တရား သဖြင့် ဆုံးမတဲ့ သာသနာ၌။ဆ ဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ န နမဿိတဗ္ဗာ၊ မရှိခိုးရာ၊

'တို့သာသနာတော်မှာ အရပ်ခြောက်မျက်နှာ ရှိခိုးတယ်ဆိုတာ ဒါမျိုး မဟုတ်ဘူးကွ၊ မင်းတို့နည်းနဲ့ မင်းတို့တော့ ရှိခိုးချင် ရှိခိုးပေါ့ကွာ။ တို့သာသနာတော်နည်း၊ ဘုရားရှင်တို့ရဲ့နည်း၊ အရိယာတို့ရဲ့နည်းကတော့ မင်းပြောတဲ့ အရပ်ခြောက်မျက်နှာမျိုး မဟုတ်ဘူး'တဲ့၊ မြတ်စွာဘုရားက ဒီလိုမိန့်ကြား ပြီးတော့ စကားရပ်တန့်ထားတယ်။

ဘုရားရဲ့ စကားတော် ရပ်တန့်သွားတဲ့အချိန်မှာ သိင်္ဂါလက—

ယထာ ကထံ ပန ဘန္တေ အရိယဿ ဝိနယေ ဆ ဒိသာ နမဿိတဗ္ဗာ။

ဘန္တေ၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အရိယဿ ဝိနယေ၊အရိယာပုဂ္ဂိုလ်တို့ရဲ့ [illegible] ဆုံးမခြင်း [illegible]၌။ယထာ ကထံ ပန၊ ဘယ်သို့လျှင်။ ဆ ဒိသာ အရပ်ခြောက်မျက်နှာတို့ကို။ နမဿိတဗ္ဗာ၊ ရှိခိုးရပါသနည်း။

သိင်္ဂါလကဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရှိသော အိုသူဌေးသား၊ တေနဟိ၊ထိုသို့ဖြစ်ပါမူကား။ သုဏာဟိ၊နာ ထောင်လော့။သာဓုကံ မနသိကရောဟိ၊ ကောင်းမွန်စွာ နှလုံးသွင်းပါလေလော့။ အဟံ၊ ငါဘုရားသည်။ တေ၊ သင့်အား။ [illegible]၊ တရားတော်မြတ်ကို။ ဒေသေဿာမိ၊ ဟောပေအံ့။

'ဟေ့သိင်္ဂါလ၊ မင်းဒီလိုဆို ငါဟောမယ့်တရား ကောင်းကောင်းနားထောင်' သုဏောဟိ=နားထောင်ရမယ်။ နောက်ဆက်တွဲ ဘာပါသလဲ။ သာဓုကံ မနသိကရောဟိ=နားထောင်ပြီး နှလုံးသွင်းထား။ နှလုံးသွင်းဆိုတာ နှလုံးသားထဲရောက်အောင် သွင်းထည့်ထားလိုက်၊ ဒါ-နှလုံးသွင်းထားတာ၊ တရားဟောပယ်ကြံတော့ သိင်္ဂါလကို သေသေချာချာ တိုက်တွန်းရသေးတာ။

သက္ကစ္စံ သုဏောဟိ၊ မင်း ရိုရိုသေသေနားထောင်။ သာဓုကံ မနသိကရောဟိ၊ မင်းကောင်းကောင်းကြီး နှလုံးသွင်းထားလိုက်။

'မနသိကရောဟိ၊ နှလုံးသွင်းတော့' ဆိုတဲ့စကားလောက်နဲ့ မလုံလောက်ဘူး၊ 'သာဓုကံ' ဆိုတဲ့ပုဒ် ရှေ့ကထည့်သေးတယ်။ ကောင်းကောင်းကြီး နှလုံးသွင်းထားလိုက်။ ဒီလူ ဘုရား-တရား-သံဃာကို မဆည်းကပ်တဲ့သူဆိုတော့ တရားဟောခါနီးမှာ သေသေချာချာ တိုက်တွန်းပြီးမှ ဟောမှာ။ ဒီတော့ သိင်္ဂါလသူဌေးသားက—

## သိင်္ဂါလသဌေးသား ဗုဒ္ဓအား တရားဟောရန် လျှောက်ထားခြင်း

ဧဝံ ဘန္တေတိ ခေါ သိင်္ဂါလကော ဂဟပတိ ပုတ္တော ဘဂဝတော ပစ္စဿောသိ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဧဝံ-သာဓု၊ ကောင်းပါပြီဘုရား။ ဝန်ခံလိုက်တယ်နော်။

"မှန်ပါဘုရား"

ဣတိ၊ ဤသို့။ သိင်္ဂါလကော ဂဟပတိ ပုတ္တော၊ သိင်္ဂါလခေါ်တဲ့ သဌေးသားသည်။ (ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။) ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသိ၊ ပြန်ကြားလျှောက်ထား ဝန်ခံခဲ့ရှာပေတော့၏။

ကောင်းပါပြီ၊ မြတ်စွာဘုရား ဟောတဲ့တရား တပည့်တော် ရိုရို သေသေ လေးလေးစားစား နားထောင်ပါ့မယ်ဘုရား။

ဘဂဝါ ဧတ ဒဝေါစ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဧတံ စေနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူခဲ့ပါပေ၏။

တရားနာသူ သိင်္ဂါလသဌေးသား လမ်းခွတ်လတ်မှာ တယောက်ထဲ၊ တရား ဟောသူ ဘုရား လမ်းမတ်တပ်မှာ မတ်တပ် သပိတ်လွယ်ပြီး တရားဟောနေတာ တပါးထဲ၊ သိင်္ဂါလသုတ္တန်တရားပွဲက ဒီလိုသာဖြစ်တာ၊ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ် လမ်းမတ်တပ်တရားပွဲမှာ လူပရိသတ်အနေနဲ့ သိင်္ဂါလတယောက်ထဲထား၊ နတ်ပရိသတ်တွေ အများကြီး တရားနာနေကြတယ်ဆိုကာကတော့ ဘုန်းကြီးတို့ပရိသတ်တွေ မမှိတ်မသုန် ဟုံကြည့်ထားကြရမယ်။ ဒီတော့မှ မြတ်စွာဘုရားက အရပ်ခြောက်မျက်နှာ ရှိခိုးပုံ ငါဘုရားဟောတော့မယ် ဆိုပြီးတော့ တရားကို မာတိကာအနေနဲ့ စဉ်ပေးလိုက်သေးတယ် မာတိကာစဉ်ပုံက—

## သိင်္ဂါလသုတ္တန်ကို ပ-တိကာ ၄-မျိုး စဉ်၍ ဗုဒ္ဓဟောကြားခြင်း

### (အရပ် ၆-မျက်နှာ လုံခြုံရေးရရန် နည်းလမ်းများ)

ယတော ခေါ ဂဟ-တိ ပုတ္တ အရိယသာဝကဿ စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။ စတူဟိစ ဌာနေဟိ ပါပကမ္မံ နကရောတိ၊ ဆ စ ဘောဂါနံ အပါယမုခါနိ န သေဝတိ၊ သော ဧဝံ စုဒ္ဒသ

ပါပကာပဂတော ဆ ဒိသာ ပဋိစ္ဆာဒိ၊ ဥဓဘာ လောကဝိဇယာယ ပဋိပန္နော ဟောတိ၊ တဿ အယဉ္စေဝ လောကော အာရဒ္ဓေါ ဟောတိ ပရောစ လောကော သော ကာယဿ ဘေဒါ ပရံ ပရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

သိင်္ဂါလသုတ္တန် ဟောတော့မယ် ဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ် ပါဠိတော်မှာ မာတိကာစဉ်ပြီးတော့ နိဒါန်းချီသွားလိုက်တယ်။ စာအုပ် တအုပ် တအုပ်မှာ ကြည့်လိုက်ယင် ရှေးနားက နိဒါန်း-မာတိကာဆိုပြီး ဒီလိုလာတယ်။ ယခုဘုန်းကြီးဟောတာ နိဒါန်းပြီးသွားပြီ။ နိဒါန်းပြီး သွားတဲ့နောက်မှာ ယခုမာတိကာစဉ်လိုက်တယ်၊ မာတိကာစဉ်ပုံက—

## (က) မာတိကာစဉ် (၁)

ယတော ခေါ ဂဟပတိ ပုတ္တ အရိယသာဝကဿ ကမ္မကိလေသာ ပဟီနာ ဟောန္တိ၊

ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရှိတဲ့ သူဌေးသား။ ယတော-ယသ္မာ ကာရဏာ၊ အကြင်အကြောင်းကြောင့်။ ဧကစ္စဿ၊ အချို့သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သည်။ စတ္တာရော၊ လေးပါးကုန်သော။ ကမ္မကိလေသာ၊ ကမ္မကိလေသ တရားတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (မာတိကာ တခု)

## (ခ) မာတိကာစဉ် (၂)

စတူဟိ စ ဌာနေဟိ ပါပကမ္မံ န ကရောတိ။
စတူဟိ လေးပါးကုန်သော။ ဌာနေဟိ စ အကြောင်းတို့ဖြင့်လည်း ပါပကမ္မံ၊ မကောင်းသောအမှုတွေကို။ နကရောတိ မပြုလုပ်ပါ။
(မာတိကာနှစ်ခု)

## (ဂ) မာတိကာစဉ် (၃)

ဆ စ ဘောဂါနံ အပါယမုခါနိ န သေဝတိ။

ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့။ ဆ အပါယမုခါနိ စ၊ ခြောက်ပါးသော ပျက်စီးခြင်းရဲ့ အကြောင်းတို့ကိုလည်း၊ န သေဝတိ၊ မမှီဝဲရာပါ။

စီးပွားပျက်ခြင်းရဲ့ အကြောင်းတရား ၆-ပါးကိုလဲ မမှီဝဲပါလေနဲ့။ (မာတိကာသုံးခု)

အဲဒီသုံးခုကို ပေါင်းလိုက်ယင် သရုပ်ဟာ ၁၄-ခုရှိဘယ်။

စတ္တာရော ကမ္မ ကိလေသာ၊ ကမ္မ ကိလေသ လေးပါးကိုလဲ ပယ်ရမယ်။ (မာတိကာတခု)

စတူဟိ ဌာနေဟိ ပါပကမ္မံ နကရောတိ၊ လေးပါးသော အကြောင်းတို့ဖြင့် မကောင်းမှုကိုလဲ ရှောင်ရမယ်။ (မာတိကာတခု)

ဆ စ ဘောဂါနံ အပါယမုခါနိ န သေဝတိ၊ စီးပွား ဥစ္စာ ပျက်စီးကြောင်း ၆-ပါး ကိုလဲ ရှောင်ရမယ်။ (မာတိကာတခု)

၄×၄×၆=ရယ် ဆိုတော့ ၁၄-ခု။

## (ဃ) မာတိကာစဉ် (၄)

သော ဧဝံ စုဒ္ဒသ ပါပကာ ပဂတော ဆဒ္ဒိသာ ပဋိစ္ဆာဒီ။

ဧဝံ၊ဤသို့။ စုဒ္ဒသ ပါပကာ ပဂတော၊ တဆယ့်လေးပါးသော မကောင်းမှုမှ ကင်းကွာ ပြီးသော။ ဝါ၊ တဆယ့် လေးပါးသော မကောင်းတရားတို့ကို ပယ်ရှင်းပြီးသော။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဆဒ္ဒိသာ ပဋိစ္ဆာဒီ၊ အရပ်ခြောက်မျက်နှာ၌ လုံခြုံရေးရသည်။ (ဝါ) ၆-မျက်နှာ၌ ပိတ်ဖုံးရ ကာကွယ်ရသည်။ ဟောတိ ဖြစ်၏။

လေးခုမြောက် မာတိကာ စဉ်လိုက်ပြန်တယ်၊ ရှေ့ပိုင်းက ၁၄-မျိုးသော မကောင်းမှုတွေကို ရှောင်ပြီးတဲ့အခါ ကျတော့ အရပ် ၆-မျက်နှာရှိခိုး လုံခြုံရေးရတာ။ အရပ် ၆-မျက်နှာ ရှိခိုး လုံခြုံရေး ရတယ် ဆိုတာက လေးခုမြောက် မာတိကာစဉ်လိုက်ရော။

ဆဒ္ဒိသာ ပဋိစ္ဆာဒီ ဟောတိ။

သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ ဆဒ္ဒိသာပဋိစ္ဆာဒီ၊ အရပ် ၆-မျက်နှာ လုံခြုံရေးရသည်၊ပိတ်ဖုံးရသည်၊ ကာကွယ်ရသည်၊အရပ် ခြောက်မျက်နှာ ရှိခိုးရသည်။ ဟောတိ၊ ဖြစ်၏။

## လောကကြီးပွားရေး အောင်မြင်ရေးတရားတွေ

ဥဘော လောကဝိဇယာယ ပဋိပန္နော ဟောတိ။

သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ၁၄-ပါးသော မကောင်းမှုကို ပယ်ရှားပြီးသဖြင့် အရပ် ၆ မျက်နှာ လုံခြုံရေးရပြီ ဆိုတဲ့ ထိုပုဂ္ဂိုလ်မျိုးသည်။ ဥဘော လောကဝိဇယာယ၊ ဤလောက၊ ထိုလောကနှစ်ပါး အောင်မြင်ခြင်းအလို့ငှာ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

မကောင်းတရား-၁၄ပါးပယ်ပြီးတော့ အရပ်ခြောက်မျက်နှာ ကျကျနန ရှိခိုးတတ်တဲ့ပုဂ္ဂိုလ်မျိုးဟာ ဥဘောလောကဝိဇယာယ ပဋိပန္နော – လောက နှစ်ပါးမှာ အဲဒီ ပုဂ္ဂိုလ်ဟာ အောင်မြင်ခြင်းဖြင့်အထွဋ်အထိပ် ရောက်သွားပြီတဲ့။

တဿ အယဉ္စေဝ လောကော အာရဒ္ဓေါ ဟောတိ ပရော စ လောကော။

တဿ ပုဂ္ဂလဿ၊ ထိုလောကနှစ်ပါး အောင်မြင်ပြီးပြီ ဆိုတဲ့ အရပ် ခြောက်မျက်နှာ ရှိခိုးတတ်တဲ့ ပုဂ္ဂိုလ်သည်။ အယဉ္စေဝ လောကော၊ ဤပစ္စုပ္ပန်လောကကြီးကိုလဲ။ အာရဒ္ဓေါ၊ အားထုတ်အပ်ပြီးသည်။ အာရဒ္ဓေါ၊ နှစ်သိမ့်အောင် ပြုလုပ်အပ်ပြီးသည်။ အားရ ကျေနပ်အောင် လုပ်ကိုင်ဆောင်ရွက်ပြီးသည်။ အာရဒ္ဓေါ၊ အမှု ကိစ္စ မှန်သမျှ ပြီးပြီးသည်။ ဟောတိ၊ ဖြစ်၏။ ပရော စ လောကော၊ တမလွန် လောက နောက်ဘဝအတွက်လည်း။ အာရဒ္ဓေါ၊ ပြီးပြည့်စုံပြီးသည်။ အာရဒ္ဓေါ၊ ပြည့်စုံအောင် အားထုတ်ပြီးသည်။ အာရဒ္ဓေါ၊ ကျေနပ်အားရအောင် လုပ်ကိုင်ဆောင်ရွက်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်မျိုးသည်။ ကာယဿ၊ ခန္ဓာကိုယ်ရဲ့။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ စုတိစိတ်ကြွေ သေလွန်ပြီးမှ၊ ပရံ၊ နောက်ကာလ၌။ သုဂတိံ၊ လူကောင်း သူကောင်းတို့ရှိသွားရာ ဖြစ်ပေသော။ သဂ္ဂံ၊ ရူပါရုံစသည်တို့ရဲ့ အာရုံငါးပါးတို့ထက် သာလွန် မြင့်မြတ်သော။ လောကံ၊ နတ်ရွာသို့။ ဥပပဇ္ဇတိ၊ ရောက်ရာ၏။

ဣလ္လတိ၊ ဤသို့၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သခေ်ပေနမာတိကံ၊ အကျဉ်းအားဖြင့် သိင်္ဂါလ သုတ္တန်ရဲ့ မာတိကာကို။အဝေါစ၊ ကရုဏာ ရှေ့ထားမေတ္တာအားဖြင့် စဉ်တန်း၍ ပြတော်မူခဲ့ပါပေသတည်း။

မာတိကာ စဉ်ပြီးတော့ ဘုရားရှင်းပြလိုက်တာ-

(၁) ကမ္မ ကိလေသ ၄ ပါး။

(၂) လေးမျိုးသောအကြောင်းကိုရှောင်ပြီးတော့ မကောင်းမှုမပြုရဘူး။ (အဂတိတရား-၄-ပါး)

(၃) စီးပွားပျက်စီးခြင်းအကြောင်း ၆-ပါး။ (ဘောဂအပါယမုခ ၆-ပါး)

(၄) အဲဒီနောက်ကျတော့မှအရပ်၆မျက်နှာ ရှိခိုးခြင်း အကြောင်းတရား။

သုတ္တန်တခုလုံး စဉ်လိုက်တဲ့ မာတိကာ လေးခုရတယ်၊ ဒီမာတိကာလေးခု စဉ်ထားတာကို ပြည့်စုံအောင် ကျင့်နိုင်တဲ့ ပုဂ္ဂိုလ်သည် ဥဘောလောကဝိဇယာယပဋိပန္နော=လောက နှစ်ပါးမှာ အောင်မြင်သူဖြစ်လိမ့်မယ်။

ဒီလောက + နောက်လောက=လောက နှစ်ပါးမှာ အောင်မြင်လိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဤကျင့်စဉ်တွေကိုကျင့်သုံး။

အယဉ္စေဝ လောကော အာရဒ္ဓေါ-ဤလောကမှာ အားလုံး ပြည့်စုံသွားပြီ။

ပရောစ လောကော=နောက်လောက အတွက်လည်း ကျေနပ်စရာကောင်းအောင် လုပ်ကိုင်ဆောင်ရွက်ပြီးပြီ။

ဒီလိုပြောထားတယ်။

ထိုစဉ်တန်းထားတဲ့ မာတိကာစဉ်တွေထဲက ပထမ မာတိကာစဉ်ကို နိဒ္ဒေသထပ်ပြီး ချဲ့ဘို့ရန် ဘုရားရှင်ကိုယ်တော်မြတ်က—

## ကမ္မကိလေသ ၄ ပါး နိဒ္ဒေသကထာ

ယတော ခေါ ဂဟပတိပုတ္တ အရိယသာဝကဿ စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ယတော-ယသ္မာ ကရဏာ၊ အကြင်အကြောင်းကြောင့်။ စတ္တာရော၊ လေးပါးကုန်သော။ ကမ္မကိလေသာ၊ ကမ္မကိလေသတို့သည်။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကတမဿ စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။

ကတမာ၊ အဘယ်မည်သော။ ကမ္မကိလေသာ၊ ကမ္မကိလေသ တရားလေးပါးတို့ကို။ အဿ၊ ထိုသူလိုသည်။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။

ပယ်ရမယ် ဆိုတဲ့ ကမ္မ ကိလေသာတရား လေးပါး ဆိုတာက ဘာတွေကတုံး ဆိုတော့-

ပါဏာတိပါတော ခေါ ဂဟပတိပုတ္တ ကမ္မကိလေသော၊ အဒိန္နာဒါနံ ကမ္မကိလေသော၊ ကာမေသုမိစ္ဆာစာရော ကမ္မကိလေသော၊ မုသာဝါဒေါ ကမ္မကိလေသော။

သိင်္ဂါလက၊ သိင်္ဂါလက အမည်ရှိတဲ့ ဒို သူဌေးသား။

(၁) ပါဏာတိပါတော၊ သတ္တဝါ အသက်ကို သတ်ဖြတ်နှိပ်စက်နေတဲ့အမှုသည်။ ကမ္မကိလေသော၊ ကမ္မကိလေသ တခုပါပဲ။

(၂) အဒိန္နာဒါနံ၊ ပိုင်ရှင်မပေးတဲ့ ဥစ္စည်း မတရားယူခြင်းသည်။ ပုတိသော၊ နှစ်ခုမြောက်သော။ ကမ္မကိလေသော၊ ကမ္မကိလေသ ပဲရှာ ပါပဲ။

(၃) ကာမေသု မိစ္ဆာစာရော၊ ကာမဂုဏ်၌ မှားမှားယွင်းယွင်း ပြုမူတဲ့ ဤအကျင့်သည်။ တတိယော၊ သုံးခု မြောက်သော။ ကမ္မကိလေသော၊ ကမ္မကိလေသ တရားပါပဲ။

(၄) မုသာဝါဒေ၊ မဟုတ်မမှန်စကားတွေ လိမ်လည်လှည့်ဖြား ပြောနေခြင်းသည်။ စတုတ္ထော၊ လေးခုမြောက် ဖြစ်သော။ ကမ္မကိလေသော၊ ကမ္မကိလေသ တရားပါပဲ။

ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရတဲ့အို— သူဌေး သား။ ဣမေ၊ ဤ ပုဂ္ဂလဿ၊ ဤပုဂ္ဂိုလ်သည်။ စတ္တာရော ကမ္မကိလေသာ၊ လေးပါးသော ကမ္မကိလေသ တရားတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်လေတော့၏၊ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဣဒံ ဝစနံ၊ ဤစတ္တာရော ကမ္မကိလေသ တရားစကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါ ဘုရား)

## ကမ္မကိလေသရဲ့ အဓိပ္ပာယ် ၂-မျိုး

ကမ္မကိလေသကို အဓိပ္ပာယ်နှစ်မျိုး ဖွင့်ပြတယ်။ ဘယ်လို အဓိပ္ပာယ် ဖွင့်သလဲဆိုတော့ မြန်မာလို ဆိုကြပါစို့။ 'ကမ္မကိလေသ' ဆိုတာ ကိလေသာမကင်းသူတွေရဲ့ အလုပ်။ ဒီအဓိပ္ပာယ်ရတယ်၊ 'ကမ္မကိလေသ' ဆိုတာ ကိလေသာ မကင်းသူတွေရဲ့ လုပ်ငန်း။

နောက်အဓိပ္ပာယ်တမျိုး က ဒီအလုပ်လုပ်တယ်ဆိုတာဟာ ကိလေသာ လုပ်တဲ့အတွက်ကြောင့် 'ကမ္မကိလေသ' ခေါ်တယ်။ အဓိပ္ပာယ်နှစ်မျိုး။

အဓိပ္ပာယ်နှစ်မျိုး၊ စကားနှစ်မျိုး၊ ဝေါဟာရနှစ်မျိုး ပြောပင်ပြော ငြားသော်လည်း တရားကိုယ် တည့်တည့်ပြောလိုက်ယင် ကိလေသာမကင်း တဲ့ ပုဂ္ဂိုလ်တွေ ကိလေသာနဲ့ လုပ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းလေးမျိုး သည် 'ကမ္မကိလေသ' ခေါ်ပါတယ်။

ကမ္မကိလေသ၊ ဒီ'ကံ'လို့ခေါ်တဲ့ လုပ်ငန်းတွေကလဲ ကိလေသာ ဖြစ်လို့ ဖြစ်တယ်၊ ဒီအလုပ်လေးမျိုးကို လုပ်ကိုင်နေတဲ့ အတွက်ကြောင့် ညစ်နွမ်းကြတယ်။ လုပ်ငန်းတွေကလဲညစ်နွမ်းတယ်၊ လုပ်ငန်းရှင်တွေကလဲ ညစ်နွမ်းတယ်။ ထို့ကြောင့် 'ကမ္မကိလေသ' ခေါ်ရပါတယ်။

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ ပုသာဝါဒ လေးပါး။

ဒီလေးမျိုးသောလုပ်ငန်းသည် ဘယ်သူ့လုပ်ငန်းလဲလို့မေး။

ကိလေသာမကင်းသူတို့ရဲ့ လုပ်ငန်း။

ဒီလုပ်ငန်းလေးမျိုးကို ဘာနဲ့လုပ်သလဲမေး။

ကိလေသာနဲ့ လုပ်ကြပါတယ်။

ဒါကြောင့် ဒီလုပ်ငန်းတွေဟာလဲ ကိလေသာနဲ့ ရောလုံးရစ်ပတ် ဖြစ်နေလို့ ဒီအလုပ်တွေကလဲ ညစ်နွမ်းတယ်၊ ဒီလုပ်ငန်းလုပ်သူတို့ရဲ့ ကိုယ်-နှုတ်-စိတ် တွေကလဲ ညစ်နွမ်းတယ်၊ ဒါကြောင့် ဒီလုပ်ငန်း လေးမျိုးကို 'ကမ္မကိလေသ'ခေါ်ပါတယ်၊ အဋ္ဌကထာဖွင့်ကာ ဆရာယ် ကို ဒီလိုရှင်ပြီးတော့ မှတ်လိုက်ပါ။

**ပါဏာတိပါတကမ္မကိလေသာရဲ့ အဓိကအကြောင်းရင်း ၂-ချက်**

ပါဏာတိပါတော ကမ္မကိလေသော။

ပါဏာတိပါတော၊ သတ္တဝါတို့အသက်ကို သတ်ဖြတ်နေကြတယ် ဆိုတာ။ ကမ္မကိလေသော၊ ကိလေသာနှင့် လုပ်နေတဲ့ လုပ်ငန်း။ ကမ္မကိလေသော၊ ကိလေသာမကင်းသူတို့ရဲ့ လုပ်ငန်း။ (ဝါ) ကမ္မ ကိလေသော၊ ကိလေသာနဲ့လုပ်လို့ ဒီအလုပ်ကလည်း ညစ်နွမ်းတဲ့ လုပ်ငန်း။ (ဝါ)ကမ္မကိလေသော၊ဒီအလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေ ညစ်နွမ်း၍ နေသောကြောင့် 'ကမ္မကိလေသ'ခေါ်တဲ့တရား။

သတ္တဝါအသက် သတ်တယ်ဆိုတာ လောဘဦးစီးယင်လဲ သတ်တာ ပဲ၊ ဒေါသဦးစီးယင်လဲ သတ်တာပဲ၊ လောဘရဲ့အကျိုး၊ ဒေါသရဲ့ အကျိုးတွေကို မသိမှုဆိုတဲ့ မောဟဦးစီးတဲ့အချို့ ဆိုယင်လဲ သတ်တာပဲ။

လုဒ္ဓော အတ္ထံ န ဇာနာတိ၊ လုဒ္ဓော အတ္ထံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။ ။

လုဒ္ဓော၊ လောဘထွက်နေတဲ့ ပုဂ္ဂိုလ်သည်။ အတ္ထံ၊ အကျိုး ရှိသည်-မရှိသည်ကို။ န ဇာနာတိ၊ မသိပါလေ။

လောဘကြပ်ကြပ်ထွက်ယင် ကောင်းကျိုးဆိုးကျိုးခွဲပြီး သိနိုင်တဲ့ ဉာဏ်တွေဟာ တဖြေးဖြေး ကင်းသွားတယ်။

လုဒ္ဓော အတ္ထံ န ပဿတိ၊ လောဘကြပ်ကြပ်ဝင်ရောက်နေတဲ့ ပုဂ္ဂိုလ်သည် အကျိုးရှိသည် မရှိသည်ကိုလဲ မမြင်တော့ပါ။

**အန္ဓတမံ တဒါ ဟောတိ၊ ယံ လောဘော သဟတေ နရံ။**

**ယံ-ယသ္မိံကာလေ၊ အကြင်အခါ၌။ နရံ၊ ဟောဒီ သတ္တဝါတွေကို။ လောဘော၊ လောဘတရားသည်။ သဟတေ၊ လွှမ်းမိုး၍ နေလေတော့၏။ တဒါ-တသ္မိံကာလေ၊ ထိုအခါကာလကျတော့။ အယံလောကော၊ ဟောဒီသတ္တလောကကြီးသည်။ အန္ဓတမံ၊ အမိုက်တိုက်ကြီးကျသည်။ ဟောတိ၊ ဖြစ်လေတော့၏။**

လောဘလွှမ်းမိုးယင်....

(၁) ကောင်းကျိုး ဆိုးကျိုးလည်း မမြင်တော့ဘူး၊

(၂) မကောင်းမှုတွေ ဖြစ်မယ်ဆိုတာလည်း မသိမမြင်တော့ဘူး။

ဒီလို ကောင်းတာ ဆိုးတာ မသိမမြင်တော့တဲ့အတွက် လောဘ လွှမ်းယင်— ဒီလူ့သန္တာန်အမှောင်ကြီးကျပြီးတော့၊ စားဖို့ရ ပြီးရောတဲ့၊ သတ်လိမ့်မယ်၊ ဝတ်ဖို့ရယင်ပြီးရော၊ နေဖို့ရယင်ပြီးရော၊ သတ်ပြီးတော့ စီးပွားရှာကြလိမ့်မယ်။

ဒီအချိန် ဒီစီးပွားရေးလုပ်ငန်းဟာ ညစ်နွမ်းသွားပြီဆိုတာ သေချာ လိမ့်မယ်။ သတ်ပြီးတော့ရှာတဲ့ စီးပွားရေးလုပ်ငန်းဟာ ညစ်နွမ်းသွားတဲ့ အတွက်ကြောင့် ဒီစီးပွားရေးလုပ်ငန်းလဲ ကမ္မကိလေသထဲ ဝင်သွား တယ်။ ဒီ စီးပွားရေး လုပ်ငန်းကို လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေဟာ လဲပဲ ကမ္မကိလေသ သမားတွေဖြစ်သွားတယ်။

"စားတိုင်း ဝါးတိုင်း ထမင်းတွေကကော ဖြူစင်အုံ့မလား"

"မဖြူစင်တော့ပါ ဘုရား"

အေး-သတ္တဝါကိုသတ်ပြီးတော့မှ စားတဲ့ ထမင်း ဆိုတော့ သွေး စွန်းသော ထမင်း မသန့်ရှင်းဘူး၊ လုပ်ငန်း မသန့်ရှင်းလို့ ကမ္မကိလေသ

လုပ်ငန်းရှင် တွေရဲ့ မသန့်ရှင်းမှု ကြောင့်လည်း 'ကမ္မကိလေသာ'၊ ဒီ အလုပ် လုပ်တာကလောဘ ကိလေသာကြီး ပေါ်ပြီး လုပ်ခြင်းကြောင့် 'ကမ္မကိလေသ'၊ ဒီလိုခေါ်ရတယ်။

သတ်တဲ့နေရာမှာ လောဘ လွှမ်းယှက်ပြီး စားရေး-ဝတ်ရေး-နေရေး ကြောင့် သတ်ရတယ်၊ စား-ဝတ်-နေ တို့အကျိုးကြောင့်မဟုတ်ပဲ တခါ တခါ သတ်မယ့် ဒေါသဖြစ်ယင် ဒေါသကြောင့် သတ်ရတယ်။

## လောဘဒေါသ ကြီးစိုး နေလျှင် ငြိမ် ချမ်းရေး မရနိုင်

ဒုဋ္ဌော အတ္ထံ နဇာနာတိ၊ ဒုဋ္ဌော အတ္ထံ နပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။

ဒုဋ္ဌော၊ ဒေါသအမျက် တချောင်းချောင်း ထွက်နေသော ပုဂ္ဂိုလ်သည်။ အတ္ထံ၊ အကျိုးကိုလည်း။ နဇာနာတိ၊ မသိ။ နပဿတိ၊ မမြင်။ ယံ-ယသ္မိံ ကာလေ၊ အကြင်အခါ ကာလ၌။ နရံ၊ ဟောဒီ သတ္တဝါတွေကို၊ ကောဓော၊ အမျက် ဒေါသ ကောဓ တရားသည်။ သဟတေ၊ လွှမ်းမိုး၍ နေလေဟော့၏။ တဒါ တသ္မိံ ကာလေ၊ ထိုအခါကာလ၌။ အယံ လောကော၊ ဟောဒီလောကသည်။ အန္ဓတမံ၊ အမိုက်တိုက်ကြီးကျသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒေါသလွှမ်းပြီဆိုယင် ဒီလောကကြီး အမိုက်မှောင်ကြီ လွှမ်းသွားပြီ၊ ဒေါသကြောင့် ဘာဖြစ်ကြ သလဲ၊ သတ်ကြတယ်၊ စားစရာရရ၊ မရရ၊ ဒေါသဖြစ်ယင် သတ်ကြ တာပဲ၊ ဒီတော့ စားရေး-ဝတ်ရေး-နေရေး မဆိုင်ပေမယ့် ဒေါသလွှမ်းလို့ အမှောင်ထုကြီးထဲမှာ သတ်ဖြတ်နေကြတာ ဟာ ဒီ လုပ်ငန်းတွေထဲမှာ ဒေါသ ကိလေသာတွေနဲ့ ညစ်နွမ်း၍ နေခြင်း ကြောင့် 'ကမ္မကိလေသ'ခေါ်တယ်။

ဤယနေ့ ကမ္ဘာမှာ ရှိနေတဲ့ လူသားတွေကိုကြည့်လိုက်စမ်း၊ တတိုင်း ပြည်နဲ့ တတိုင်းပြည် ဘာတွေလုပ်နေကြသလဲ ဆိုယင် သတ်ဖို့ပဲ အပြင်း အထန် ကမ္ဘာ အရပ်ရပ်မှာ ကြိုးစားနေကြတယ်။

သတ်ဖို့ ကြိုးစားနေကြတဲ့ ဟိုတိုင်းပြည်က ဒီတိုင်းပြည် သတ်မယ်၊ တလောကလုံး ဘာတွေလွှမ်းနေကြသလဲဆိုတော့ ဒေါသတွေလွှမ်းတယ်။

"ဒေါသတွေနဲ့လုပ်နေတဲ့ လုပ်ငန်းမှန်သမျှ သန့်ရှင်း ပါအုံးမလား"

"မသန့်ရှင်းပါ ဘုရား"

ဒေါသကိုအခြေခံလုပ်တဲ့လုပ်ငန်းမှာဘယ်လုပ်ငန်းမှမသန့်ရှင်းလို့ 'ကမ္မကိလေသ' ခေါ်တယ်။ ဒေါသ အခြေတည်ပြီးတော့ လုပ်နေတဲ့ လုပ်ငန်းရှင်တွေဟာ ကမ္မကိလေသကို လုပ်နေကြတာ မည်တယ်။

"ကမ္မကိုတရား၊ကိုယ်ကောက်၊ တရားကိုယ်ဘာရသလဲ"

"ကမ္မ-တလုံး၊ ကိလေသ- တလုံး–နှစ်လုံးပါဘုရား"

"ကမ္မ—ဆိုတာ စေတနာ"

"စေတနာရပါတယ် ဘုရား"

"ကံ–ဆိုတာ စေတနာပြောတာ၊ အဲဒီဖွေးဖွေးလက်နေတဲ့စေတနာကလေးဟာ ဒေါသနဲ့တွဲလိုက်ယင် ညစ်မသွားဘူးလား"

"ညစ်သွားပါတယ်ဘုရား"

စေတနာက ကမ္မ၊ သူ့မှာလာပြီးတော့ ညစ်သွား စေတယ်ဆိုတဲ့ လောဘဒေါသတွေက ကိလေသာ၊ ကမ္မ-ပုဒ်နဲ့ ကိလေသ- ပုဒ်တရားကိုယ်တွဲလိုက်၊စေတနာကို ကံအနေနှင့် ကောက်၊ ကိလေသ-အရလောဘ၊ ဒေါသ၊ မောဟကို ကောက်ပါ။

လောဘနှင့်တွဲနေတဲ့စေတနာသည် ကမ္မကိလေသဖြစ်တယ်။

ဒေါသနှင့်တွဲနေတဲ့ စေတနာသည် ကမ္မကိလေသဖြစ်တယ်။

မောဟနှင့်တွဲနေတဲ့ စေတနာသည် ကမ္မကိလေသ ဖြစ်တယ်။

ဒီစေတနာနှင့်ကြံပြီဆိုယင်၊ ဒီအကြံနှ ကြံတဲ့အကြံလဲမ နောက်ဝင်နေတယ်၊ ဒီစေတနာနှင့်ပြောယင်ပြောတဲ့ဝစီကံလဲ ကိလေသာဝင်နေတယ်၊ ဒီစေတနာတွေနဲ့ လုပ်တိုင်းလုပ်တိုင်း ကိလေသာပါနေတယ်။ အေး–အဲဒီ ကမ္မကိလေသတရားတွေ ချစ်သားသိင်္ဂါလ မင်း ရှောင်ရမယ်။

မြတ်စွာဘုရား သာသနာတော်ထဲမှာ ဆောက်အောင်ဆိုပြီး သိင်္ဂါလသင့်ေသားကို ပို့ဆောင်တာကြည့်စမ်း၊ သူ့အဓိကထားနေတဲ့ အရပ်

၆-မျက်နှာကို ဘုရားဆာမပြောသေးပဲနဲ့၊ ကိုယ်ကျင့်တရားပိုင်းကို ရှေက တည်ပြီးတော့ ပြောနေတယ်၊ သိင်္ဂါလ သင့္မေးသာ· တကယ်နှာ:ထောင် ချင်တာက အရပ်၆-မျက်နှာရှိခိုးပုံကို မက်လုံးပေးပြီးတော့မဟောသေး ပဲ၊ ရှေက ကိုယ်ကျင့်တရားပိုင်းဘွဲဟောနေတယ်။

## ဘို–ယောဂီ သင် စိတ်ညစ်နေသလား

ဒီတော့ ဘုန်းကြီးပြောခဲ့တဲ့ စကားလုံးကလေးမျာ၊ ပရိသတ်မှတ်မိ ကြရဲ့လား။ ကမ္မကိလေသ၊ 'ကမ္မ'-ဆိုတဲ့ပုဒ်အရ ခွဲကောက်ယင် စေတနာ၊ ကိလေသပုဒ် ခွဲကောက်ယင် လောဘ-ဒေါသ-မောဟ၊ ဒီစေတနာ သည် လောဘ-ဒေါသ-မောဟနဲ့ ပတ်ယင် ပြုပြွေ့နေတယ်။ ဒီစေတနာ လောဘနဲ့တွဲယင် သံကိလေသဖြစ်လို့ ညစ်သွားပြီ။

"စိတ်ညစ်တယ် ပပြောကြဘူးလား"

"ပြောကြပါတယ် ဘုရား"

ဒီစိတ်ဟာ ဘာကြောင့်ညစ်သွားရသလဲ၊ အာဖြေက လောဘကပ်လို့၊ ဒေါသကပ်လို့၊ မောဟကပ်လို့။ အတိုချုံးဖြေယင် ကိလေသာဝင်လို့၊ ကိလေသာဝင်ပြီလို့ ပြောနေကြတာ။

"စိတ်ညစ်တယ်၊ စိတ်ညစ်တယ်-လို့ ပြောပနေနဲ့နော်၊ စိတ်ညစ်ဘာယ် လို့ ပြောယင်"

"ကိလေသာ ဝင်တာပါဘုရား"

ကိလေသာဝင်ပြီလို့ ကြွေးကြော်တာနဲ့ အတူတူပဲ။

စေတနာဆိုတဲ့ ကံတရား၊ လောဘနဲ့တွဲယင် ညစ်နွမ်း၍ သွားသော ကြောင့်"ကမ္မကိလေသ"ခေါ်တယ်။

စေတနာဆိုတဲ့ ကံတရား၊ ဒေါသနဲ့တွဲယင် ညစ်နွမ်း၍ သွားသော ကြောင့် "ကမ္မကိလေသ"ခေါ်တယ်။

စေတနာဆိုတဲ့ ကံတရား၊ မောဟနဲ့တွဲယင် ညစ်နွမ်း၍ သွားသော ကြောင့် "ကမ္မကိလေသ"ခေါ်တယ်။

## ကံ ၃-ပါး စေတနာနဲ့ ဟိတ် ၆-ပါး

ဒီစေတနာ လောဘနဲ့တွဲ၍၊ ဒေါသနဲ့တွဲ၍၊ မောဟနဲ့တွဲ၍ ကြံစည်ယင် မနောကံ ညစ်နွမ်းပြီ။

ဒီးစေတနာ လောဘနှင့်၊ ဒေါသနှင့်၊ မောဟနှင့်တွဲ၍ ပြောဆိုယင် ဝစီကံ ညစ်နွမ်းပြီ။

ဒီစေတနာ လောဘ-ဒေါသ-မောဟနှင့် တွဲပြီးတော့ လုပ်ယင် ကိုင်ယင် ကာယကံ ညစ်နွမ်းပြီ။

ထိုညစ်နွမ်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို "ကမ္မကိလေသ" ခေါ်ပါတယ်။ ဒီကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ လောဘနဲ့တွဲနေတဲ့ ကမ္မကိလေသ တရားဟိုကပင်သတ်တယ်၊ ခိုးတယ်၊ မှားယွင်းတဲ့ ကာမဂုဏ် ကျင့်တယ်၊ မမှန်တဲ့စကားတွေကို ပြောတယ်။

"သိက္ခာပုဒ် ဘယ်နှစ်ခု ကျူးလွန်သလဲ"

"လေးခုပါ ဘုရား"

"ဒီလေးခု တခုချင်း လွန်ကျူးတိုင်း လွန်ကျူတိုင်း ပါသွားတဲ့ တရားကိုယ်လေးက လေးလုံး-လေးလုံး ပါတယ်"

"လေးလုံးပါပါတယ်ဘုရား"

"ပါဏာတိပါတမှုတခု လွန်ကျူးတဲ့ နေရာမှာ စေတနာရယ်၊ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အဲဒီတရား လေးလုံးကနေပြီးတော့ လွန်ကျူးတာ"

"မှန်ပါ ဘုရား"

အဒိန္နာဒါနမှုတခု လွန်ကျူးယင်လဲ ဒီတရားလေးလုံးက လွန်ကျူးတာ။

ကာမေသု မိစ္ဆာစာရ လွန်ကျူးယင်လဲ ဒီတရားလေးလုံးကလွန်ကျူးတာ။

မုသာဝါဒ လွန်ကျူးယင်လဲ ဒီတရားလေးလုံးက လွန်ကျူးတာ။

အဒိန္နာကံ လွန်ကျူးယင်လဲ ဒီတရားလေးလုံးက လွန်ကျူးတာကို ကမ္မကိလေသ ခေါ်တာ။

## ပရမတ် ပညတ်

ပညတ်နယ်က ပြောယင် သတ်တာရယ်၊ ခိုးတာရယ်၊ လိမ်တာရယ်၊ ကာမဂုဏ် မှားယွင်းကျင့်တာရယ် လေးခု။

ပရမတ်နယ်ကပြောယင် စေတနာရယ်၊ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်-လို့ လေးခုရတယ်။ အဲဒါတွေကို လောဘ ဒေါသ၊မောဟ၊ စေတနာက အကြောင်းတရား။

သတ်တယ်၊ ခိုးတယ်၊ လိမ်တယ်၊ မှားယွင်းတဲ့ ကာမဂုဏ်အကျင့်-ကျင့်တယ်ဆိုတာက အကျိုးတရား။ အကြောင်းကြောင့် အကျိုးဖြစ်တယ်ပဲ၊

## သိင်္ဂါလသဌေးသားအား ကမ္မဝိသုဒ္ဓိဖြစ်အောင် ဗုဒ္ဓတိုက်တွန်းချက် (ကမ္မကိလေသနဲ့ ကမ္မဝိသုဒ္ဓိ)

ညက ပဋ္ဌာန်းတရားပွဲမှာ—

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနဥ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဒီပဋ္ဌာန်းတရား ဟောခဲ့တယ်။ ဒီတော့ယင် ဒီနေရာမှာ လောဘ၊ ဒေါသ၊ မောဟ။ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ဟိတ် ၆-ပါး တရားတို့ထဲက အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဟိတ်တွေ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ်တွေ တွက်ယင် ဟိတ် ၆-ပါးရှိတယ်။

ဟေတုပစ္စည်းမှာ ဟိတ် ၆ ပါး တရားဆိုတာ ဒီသုံးခုနှစ်လီကိုပြောတာ။လောဘ၊ ဒေါသ၊ မောဟ-ဟိတ်သုံးခုက အကုသိုလ်အကြောင်း ဟိတ်သုံးပါး။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးခုက ကုသိုလ်အကြောင်း ဟိတ်သုံးပါး။ ထိုဟိတ်သုံးခုနှစ်လီမှာ အားလုံးစေတနာနဲ့တွဲယင် အဲဒါတွေဖြစ်တော့တာပဲ။

အကုသိုလ် ဟိတ်သုံးပါး လောဘ၊ ဒေါသ၊ မောဟနှင့် စေတနာနှင့် တွဲတော့"ကမ္မကိလေသ"ဖြစ်တာ။

ကုသိုလ်ဟိတ်သုံးပါး အလောဘ၊ အဒေါသ၊ အမောဟနှင့် စေတနာနှင့်တွဲတော့ "ကမ္မဝိသုဒ္ဓိ"ဖြစ်တာ။

အကုသိုလ်ဟိတ်သုံးပါးနှင့် စေတနာနှင့် တွဲတဲ့အခါ ကမ္မကိလေသ။ ကုသိုလ်ဟိတ်သုံးပါးနှင့် စေတနာနဲ့တွဲတဲ့အခါ ဒီကံတွေ ရှင်းသွားတဲ့ အတွက်ကြောင့် ကမ္မဝိသုဒ္ဓိ။

ဒီကမ္မကိလေသ လေးပါးကို ရှောင်ကြဉ်တာ၊ ကမ္မဝိသုဒ္ဓိဖြစ်အောင် တိုက်တွန်းတာ ဗုဒ္ဓရှင်တော်ရဲ့ဒေသနာကို သာမန်အားဖြင့် ကြည့်ယင် ငါးပါးသီလ။

"ငါးပါးသီလထဲကြည့်ယင် သုရာမေရယ ကျန်နေတယ်မဟုတ်လား"

"မှန်ပါ၊ ကျန်နေပါတယ်ဘုရား"

သီလ လေးခုထဲ ဟောနေတယ် ဆိုပြီးတော့ အထင်မသေးနဲ့။ ယခု ဘုန်းကြီးပြောသလို တရားကိုယ်နဲ့တွဲပြီးတော့ နားလည်ရအလွန်လေးနက်တဲ့ ပဋ္ဌာန်းတရားတွေ ဟောနေတာ။ ဒါကိုဘုရားရှင်ကိုယ်တော်မြတ်က-

## ကမ္မ ကိလေသ ၄-ပါး

စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။

စတ္တာရော၊လေးမျိုးကုန်သော။ ကမ္မကိလေသာ၊အဲဒီ ကမ္မကိလေသ တရားတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သောငှာ။

ကတမဿ စတ္တာရော ကမ္မကိလေသာ ပဟီနာ ဟောန္တိ။

အဿ၊ ထိုပုဂ္ဂိုလ်သည်။ ကတမေ စတ္တာရော ကမ္မကိလေသာ၊ အဘယ်-ကမ္မ ကိလေသတရားတို့ကို။ ပဟီနာ၊ ပယ်အပ် ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့သနည်း။

(၁) ဂဟပတိပုတ္တ၊ သိင်္ဂါလ သူဌေးသား။ ပါဏာတိ ပါတော၊ ပါဏာတိပါတလို့ခေါ်တဲ့ သတ္တဝါအသက်ကို သတ်ခြင်းသည်။ ကမ္မကိလေသော၊ ကမ္မကိလေသတရားတပါးပါပဲ။

(၂) အဒိန္နာဒါနံ၊ ပိုင်ရှင်မပေးတဲ့ ဥစ္စာကို မတရားယူခြင်းလဲပဲ။ ကမ္မကိလေသော၊ ကမ္မကိလေသတရား တပါးပါပဲ။

(၃) ကာမေသုမိစ္ဆာစာရော၊ ကာမဂုဏ်မှာ မှားယွင်းတဲ့အကျင့်ကို ကျင့်သုံး ခြင်းဟာလဲ။ ကမ္မကိလေသော၊ ကမ္မကိလေသ တရား တပါးပါပဲ။

(၄) မုသာဝါဒေါ၊ မမှန်တဲ့စကားပြောခြင်းဟာလဲ။ ကမ္မကိလေသော၊ ကမ္မကိလေသ တရား တပါးပါပဲ။

မုသာဝါဒရဲ့နောက်နားမှာထည့်အုံး ဘုန်းကြီးတို့ ပရိသတ်ရေ၊ ဝစီဒုစရိုက်လေးပါး စုံသင်အောင် ထည့်လိုက်မှ ပိုကောင်းမယ်၊

"မုသာဝါဒရဲ့ နောက်နားက ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပါ စကား ဘယ်နှစ်လုံး ထည့်ရမလဲ"

"သုံးလုံးထည့်ရမှာပါ ဘုရား"

"မူလတလုံးရဲ့ နောက်နားမှာနောက်သုံးလုံး ထည့်လိုက်တော့ လေးလုံးဖြစ်သွားရော"

"မှန်ပါဘုရား"

## ကမ္မကိလေသ နယ်က သံသရာခရီးသည်တွေ

လိမ်တယ်ဆိုတာ-လောဘနှင့်လိမ်တယ်၊ ဒေါသနှင့်လိမ်တယ်၊ မောဟနှင့် လိမ်တယ်။ လိမ်ပြီးယင် နောက်တခါ ပိသုဏဝါစာ=တယောက်နှင့်တယောက် ရန်တိုက်တဲ့စကားတွေ ပြောကြတယ်၊ ဒါဟာလဲ လောဘနဲ့ပြော၊ ဒေါသနဲ့ပြော၊ မောဟ ဖြစ်ယင်လဲ ဒါတွေ ပြောကြတယ်။ 'ကုန်းတိုက်'ဆိုတာ-လောဘ၊ဒေါသ၊မောဟ တခုခု အခြေခံတိုက်တာပဲ။

ဖရုသဝါစာ–အလွန် ကြမ်းတမ်းတဲ့စကားတွေ နားမချမ်းသာအောင် ပြောတယ်ဆိုတာလဲ လောဘကြောင့်လဲပဲ ပြောကြတယ်။ ဈေးထဲလဲ ဈေးနှောင်းနှင့် ဈေးဝယ် ပြောနေကြတာ မကြားဘူးလား။ (လာ) တော့ ဈေးလေးဆစ်၊ ဘာညာနှင့်ပြော၊ နောက်တော့ တဖြေးဖြေးနဲ့ ကျယ်ကျယ်လာကြရော။ အနီးပတ်ဝန်းကျင်က လူတွေက လည်ပင်းတွေ

ရှည်လာကြရော၊ ကမ္မကိလေသတွေ ကူးစက်ကုန်တာ၊ ဘာဖြစ်တာလဲ၊ အရောင်းအဝယ် မတည့်လို့ လောဘ အခြေခံပြီး ရန်ဖြစ်လိုက်ကြတာ၊ ဈေးထဲ ကြွက်ကြွက်ကိုညံ့လို့၊ ကမ္မကိလေသ လောဘ အခြေခံပြီး ဖရုသ ဝါစာတွေ ပြောတယ်။

ရထားပေါ် နေရာလုပြီး ရန်ဖြစ်ကြတယ်၊ သင်္ဘောပေါ်ဖျာကလေး တချပ် သူ့ဖျာစွန်း ငါ့ဖျာစွန်း ခြေထောက်ကလေး တင်မိရာက စပြီး ရန်ဖြစ်ကြတယ်။ ငါ့နေရာဟဲ့လို့ လောဘအခြေခံပြီးလာထိယင်မခံဘူး။ ဒေါသ ဖြစ်တယ်။ ဒါကြောင့် ဖရုသဝါစာ=ကြမ်းတမ်းစွာသောစကား ဆိုတာလဲ ဒီအကုသိုလ် အကြောင်းအရာ သုံးပါး အခြေခံပြီး ပြော တာပဲ။

**အတင်းပြောတာ ဒေါသ အဖျင်းပြောတာမောဟ**

သမ္ဖပ္ပလာပ=အတင်းတွေ အဖျင်းတွေ စုပြီး ပြောနေကြတယ်။ အတင်းတွေ၊ အဖျင်းတွေ စုပြီး ပြောတဲ့နေရာမှာတော့ အများအားဖြင့် မောဟ အခြေခံ ပြောတာ များတယ်။ 'အတင်း'ဆိုယင် ဒေါသအခြေခံ ပြောတာများတယ်။

'အတင်း'က တခု၊ 'အဖျင်း'က တခု။

အတင်းက သူများမကောင်းပြောတာ၊ အမနာပသတင်းပြောတာ၊ အဲဒါကစိတ်မကျေနပ်တဲ့ဒေါသကလေး အခြေခံပြောတတ်တယ်၊အဖျင်း က ဘာမှ ကုသိုလ်ပညာဥစ္စာ အကျိုးမရှိတဲ့တောင်စဉ်ရေမရ၊ ရောက်တတ် ရာရာ ပြောနေကြတာမျိုးကတော့ မောဟအခြေခံပြီးတော့ ပြောတာ၊ အကျိုးရှိသည်-မရှိသည် နားမလည်လို့ ပြောတာ။

ဒါကြောင့် ဝစီဒုစရိုက်လေးပါးလဲ မူလတရားအခြေခံပြီး ပြောတာ ချည်းပါပဲ။ ရှေ့ပိုင်းက ကာယဒုစရိုက်သုံးပါလဲ ဒီအကုသိုလ်ဟိတ်သုံးပါး အခြေခံပြီး ပြောတာပါပဲ။ အကြောင်းအခြေခံ ဟိတ်သုံးပါး၊ ဖြစ်ပေါ် လာတဲ့အကျိုးဒုစရိုက်က ခုနစ်ပါး၊ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး၊ လေးခုလို့ခေါ်တဲ့ ဝစီဒုစရိုက်၊ သုံးခုလို့ခေါ်တဲ့ ကာယဒုစရိုက်၊ ထိုဒုစရိုက်တွေ မသန့်ရှင်းလို့ ကမ္မကိလေသတွေ ဖြစ်နေကြယင် အသက် မွေးလုပ်ငန်းဟာလဲပဲ ကမ္မကိလေသထဲ ပါသွားတယ်။

## သမ္မာအာဇီဝနဲ့ မိစ္ဆာအာဇီဝ

ကာယဒုစရိုက်မှ မသန့်ရှင်းယင် ဘယ်နည်းနဲ့ စီးပွားရေးသန့်ရှင်းအုံးမှာလဲ၊ ဝစီဒုစရိုက်မှ မသန့်ရှင်းယင် စီးပွားရေးလဲ မသန့်ရှင်းဘူး။

မိစ္ဆာအာဇီဝဆိုတာ ဘာကြောင့်ဖြစ်သလဲ ပေယင် —

ကာယဒုစရိုက်သုံးပါးကြောင့် ဖြစ်တယ်၊ ဝစီဒုစရိုက်လေးပါးကြောင့် ဖြစ်တယ်။

သမ္မာအာဇီဝ - အသက်မွေး သန့်ရှင်းတယ်ဆိုတာ ဘာကြောင့်လဲ မေးယင် —

ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်ကင်းလို့ ဖြစ်တယ်။

"မိစ္ဆာ ဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"

ရယ်လို့ သီးခြားသိက္ခာပုဒ်မရှိဘူး၊ သီးခြားသိက္ခာပုဒ်တွင်ပြီး ဆောက်တည်ယင်လဲ ဆောက်တည်တာပဲရှိတယ်။ ပါဏာတိပါတ စတဲ့ ရှေးက ဒုစရိုက်တွေမှမကင်းယင် မိစ္ဆာအာဇီဝ ဘယ်နည်းနဲ့မှ မကင်းနိုင်ဘူး။

သမ္မာအာဇီဝဆိုတာ ဒုစရိုက်ခုနစ်ပါးပေါ်မှာ မှီတယ်။

ဒါနားလည်ထားယင် —

"မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"လို့

အထူးတလည် ဆောက်တည်မနေတော့ဘဲ၊ ရှေးက ဒုစရိုက်ခုနစ်ပါးကင်းအောင်နေယင်၊ ကင်းအောင်ကြိုးစားလိုက်ယင် ကိစ္စပြီးတယ်။ ဒါကြောင့် ကမ္မကိလေသထဲမှာ မိစ္ဆာအာဇီဝကိုလဲထည့်။ အဲဒီကမ္မကိလေသတရားတွေ ကင်းအောင်ကျင့်သုံးယင် ခုနပြောင်းပြန်မေးခဲ့တဲ့ "ကမ္မဝိသုဒ္ဓိ" ဖြစ်ပြီ။

ဒါကို ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သားသိင်္ဂါလ မင်းသည် အဲဒီကမ္မကိလေသတရားတွေကို ကင်းအောင်ရှောင်ပါမှ လူ့လောက စားရေး၊နေရေးမှာသန့်ရှင်းတဲ့ပုဂ္ဂိုလ်တယောက် ဖြစ်မယ်"လို့ဟောတယ်။

ပါဏာတိပါတော အဒိန္နာဒါနံ၊ မုသာဝါဒေါစ ဝုစ္စတိ။
ပရဒါရ ဂမနဉ္စေဝ၊ နပ္ပသံသန္တိ ပဏ္ဍိတာတိ။ ။

သိင်္ဂါလ၊ ချစ်သား သိင်္ဂါလသူဌေးသား။ ပါဏာတိပါတောစ၊ ပါဏာတိပါတ လုပ်ငန်းသည်လည်းကောင်း။ အဒိန္နာဒါနဉ္စ၊ အဒိန္နာဒါနလုပ်ငန်းသည်လည်းကောင်း။ မုသာဝါဒေါစ၊ မုသာဝါဒလုပ်ငန်းသည်လည်းကောင်း။ ပရဒါရဂမနဉ္စေဝ၊ မိမိမပိုင်တဲ့ တခြားတခြားသော အမျိုးသမီးတို့မှာ ဖောက်ပြန်ခြင်းသည်လည်းကောင်း။ ဧတေ စတ္တာရော၊အဲဒီလေးပါးတို့ကို။ကမ္မကိလေသာ တိဇမ္မကိလေသတရားတို့ပါပဲလို့။ ဝုစ္စတိ-ဝုစ္စန္တေ၊ ဆိုအပ်ကုန်၏။ဧတေ စတ္တာရော ကိလေသာ၊ ထိုလေးပါးသော ကမ္မကိလေသတရားတို့ကို။ ပဏ္ဍိတာ၊ ကြောင်းကျိုးသိမြင် ပညာရှိဖြစ်တော်မူကြတဲ့ အရိယာ ပညာရှင်သူတော်ကောင်းတို့သည်။ နပ္ပသံသန္တိ၊ ဘယ်လိုနည်းနဲ့မှ မချီးမွမ်းနိုင်ကြကုန်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်သည်။ စတ္တာရော ကမ္မကိလေသေ၊ ဇမ္မကိလေသတရားလေးပါတို့ကို။ အဝေါစ မေတ္တာရှေ့ထား ကရုဏာအားဖြင့် ဟောကြားတော်မူခဲ့ပါလေပြီ။

(သာဓု-သာဓု-သာဓုပါဘုရား။)

ကမ္မကိလေသ လေးပါးနှင့်တကွ ရှင်းလင်းချက် မာတိကာတခု။

## မလိုက်စားအပ်သော အဂတိတရား ၄-ပါး

ဒုတိယမာတိကာက အဂတိတရားလေးပါး မလိုက်စားရဘူးလို့ ဟောပါတယ်။

ကတမေဟိ စတူဟိ ဌာနေဟိ ပါပကမ္မံ နကရောတိ။

ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရှိသော အို-သူဌေးသား။ ကတမေဟိ စတူဟိ ဌာနေဟိ၊ အဘယ် အကြောင်းတရား လေးပါးတို့ဖြင့်။ ပါပကမ္မံ၊ ယုတ်မာတဲ့ ကမ္မကို။ နကရောတိ၊ မပြုလုပ်ပါသနည်း။ လေးမျိုးသောအကြောင်းဖြင့် မကောင်းတဲ့အကျင့်တွေကို မကျင့်ရဆိုတာ ဘာတွေလဲဆိုယင်—

(၁) ဆန္ဒာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။

(၂) ဒေါသာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ၊

(၃) မောဟာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ၊

(၄) ဘယာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ၊

ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရှိကြွယ်-သူဌေး-သား၊

(၁) ဆန္ဒာဂတိံ၊ ချစ်သဖြင့် မလားအပ်သော ဆန္ဒာဂတိသို့။ ဂစ္ဆန္တော၊ လားခဲ့မယ် ရောက်ခဲ့မယ်ဆိုယင်။ ပါပကမ္မံ ယုတ်မာတဲ့ အမှုတွေကို။ ကရောတိ၊ ပြုတတ်ပါတယ်။

(၂) ဒေါသာဂတိံ၊ ဒေါသဘက်လို့ မရောက်သင့် တာတွေကို ဂစ္ဆန္တော၊ ရောက်ခဲ့မယ် ဆိုယင်လဲ။ ပါပကမ္မံ၊ ယုတ်မာတဲ့အမှုကို။ ကရောတိ၊ ပြုတတ်ပါတယ်။

(၃) မောဟာဂတိံ၊ မောဟနှိပ်စက်လို့ မလားသင့် မရောက် ထိုက်တဲ့ အရာဌာနကို။ ဂစ္ဆန္တော၊ လားခဲ့ ရောက်ခဲ့မယ် ဆိုယင်။ ပါပကမ္မံ။ ယုတ်မာတဲ့ လုပ်ငန်းတွေကို။ ကရောတိ၊ လုပ်တတ် ပါတယ်။

(၄) ဘယာဂတိံ၊ ကြောက်သဖြင့် မလုပ်သင့် မလုပ်ထိုက် မလားသင့်မလားထိုက်တဲ့ အရာဌာနသို့။ ဂစ္ဆန္တော၊ လားခဲ့ ရောက် ခဲ့မယ်ဆိုယင်လဲ။ ပါပကမ္မံ၊ ယုတ်မာတဲ့မကောင်းမှုတွေကို။ ကရောတိ၊ ပြုတတ်ပါတယ်။

ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ပါပကမ္မံ၊ ယုတ်မာတဲ့ အမှုကို။ ကရောတိ၊ ပြုတတ်လေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင် ကိုယ် တော်မြတ်ကြီးသည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေ၏။

(သာဓု-သာဓု-သာဓုပါ ဘုရား)

## အနကြောင်းတရား ၄—ပါးကြောင့် မကောင်းမှုပြုလုပ်တတ်ပုံ

အဂတိတရားလေးပါးနှင့် ပတ်သက်လို့ အနုလုံပဋိလုံ မြတ်စွာဘုရား နှစ်မျိုးမိန့်တယ်။ တခုက "ဆန္ဒာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ" ဆိုသော အပိုဒ်အရ ပထမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ရည်ရွယ်ပြီး ပြောလိုသောစကားကို ပြောင်းပြန် ပြန်ပြီးတော့ ပထမမိန့်တယ်။

ပထမမိန့်တော်မူခဲ့တဲ့ မာတိကာထဲမှာ "စတူဟိ ဌာနေဟိ ပါပကမ္မံ ကရောတိ" လေးမျိုးသော အကြောင်းဖြင့် မကောင်းမှုမပြုဘူးလို့ ဒီလို စဉ်ခဲ့တယ်။ လေးပါးသော အကြောင်းဖြင့် မကောင်းမှု မပြုရဘူးလို့ ဒီလိုစဉ်ပြီး ယခု ပြန်ဟောလိုက်တဲ့ အခါကျတော့မှ လေးပါးသော အကြောင်းဖြင့် မကောင်းမှုကိုပြုတတ်ပုံ အရင်ဟောတယ်။ ဒါပြောင်းပြန် လှန်လိုက်တော့ အဓိပ္ပာယ်က အလိုလိုပြီးသွားတယ်။

လေးပါးသော အကြောင်းဖြင့် မကောင်းမှု ပြုပုံကို ဟောတဲ့ အခါမှာ—

### (၁) ဆန္ဒာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ

(၁) ဆန္ဒာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။

ဆန္ဒာဂတိကို ရောက်ခဲ့မယ်ဆိုယင် အဲဒီလူ မကောင်းမှုတွေလုပ်တယ်။ အဲဒါ အဂတိတပါးလို့ မှတ်ရမယ်။ နောက်တခါ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိရယ်လို့ အဂတိတရား လေးပါး တပါးပါးရောက်ခဲ့မယ် ဆိုယင်- သော၊ ထိုပုဂ္ဂိုလ်သည်။ ပါပကမ္မံ၊ မကောင်းတဲ့အလုပ်တွေကို။ ကရောတိ၊ ပြုလုပ်တတ်ပါတယ်။

(၁) ဆန္ဒနဲ့ တဘက်ဘက်လိုက်သွားယင် မကောင်းတာ လုပ်တတ်တယ်။

(၂) ဒေါသနဲ့ တဘက်ဘက်လိုက်သွားယင် မကောင်းတာလုပ်တတ်တယ်။

(၃) မောဟနဲ့ တဘက်ဘက်လိုက်သွားယင် မကောင်းတာ လုပ်တတ်တယ်။

(၄) ဘယာကြောက်လို့ တဘက်ဘက်လိုက်သွားယင် မကောင်းတာ လုပ်တတ်တယ်။

စကားပြေကို ဒီအတိုင်းမှတ်ရမယ်။ ဒါကို အဋ္ဌကထာဆရာကထပ်ဖွင့်တယ်။ ဆန္ဒာဂတိမှာ—

ဆန္ဒေန ပေမေန။

ဆန္ဒေန၊ အလိုဆန္ဒ လိုက်မိသောကြောင့် လည်းကောင်း။ ပေမေန၊ တစုံတယောက်ကို ချစ်မိတယ်ဆိုတဲ့အတွက်ကြောင့်လည်းကောင်း။ လဉ္ဇံ တံစိုးလက်ဆောင်ကို။ ဂဏှာတိ။ ယူထား၏။ တသွာ၊ ထိုကဲ့သို့ တံစိုးလက်ဆောင် ယူထားတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။ အဿာမိကံ၊ ပိုင်ရှင်မဟုတ်သည်ကို။ သာမိကံ ကရောတိ၊ ပိုင်ရှင်ဖြစ်အောင် လုပ်၏။ (သာမိကံ၊ ပိုင်ရှင်ဖြစ်နေသည်ကို။ အဿာမိကံ ကရောတိ၊ ပိုင်ရှင်မဲ့အောင် လုပ်၏။)

အလိုဆန္ဒ ခင်မင်ရာင်ပင်ကြောင်း လာဘ်ယူခြင်း

ဆန္ဒာဂတိကို 'ဆန္ဒေန ပေမေန လဉ္ဇံ ဂဏှာတိ' အကြောင်းသုံးချက်ပြတယ်။ "ဆန္ဒ"ဆိုတာ တစုံတယောက်သော ပုဂ္ဂိုလ်ရဲ့ နောက်ကို ကိုယ့်အလိုတွေ ပါသွားတယ်။ "ပေမ" ဆိုတာ တစုံတယောက်သော ပုဂ္ဂိုလ်ကို မိမိက ချစ်ခနခင်နေတာ။ မကာင်းရာမကာင်းကြောင်းတွေ၊မကောင်းရာ မကောင်းကြောင်းဆိုပြီး အကုန်လုံး လျှောက်လုပ်ပေးတာတွေ၊ မလုပ်သင့်တာ၊ တရားတာ၊ မတရားတာ၊ ဥပဒေနဲ့ညီတာ၊ ဥပဒေနဲ့မညီတာ၊ မစဉ်းစားဘူး။ ချမှတ်ထားတဲ့ စည်းမျဉ်းနဲ့ကိုက်တာ၊ မကိုက်တာ၊ မစဉ်းစားဘူး။ ကိုယ့်အလိုကျဖြစ်နေတဲ့ ပုဂ္ဂိုလ်မှန်ယင် အကုန်လုပ်ပေးနေတာပဲ၊ သူ့ထံက လာဘ်ယူထားယင်လဲ လုပ်ပေးတာပဲ၊ အဲဒါဟာ ဆန္ဒာဂတိ။

ဆန္ဒေန၊ ချစ်ခြင်းကြောင့်လည်းကောင်း။ ဆန္ဒေန၊ အလိုလိုက်မိတဲ့ အကြောင်းကြောင့်လည်းကောင်း။ ပေမေန၊ ချစ်မိတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။ ခင်မိတယ်ဆိုတဲ့ အကြောင်းကြောင့်လည်းကောင်း။ (ဝါ) မကောင်းရာ မကောင်းကြောင်း ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကြောင့် လည်းကောင်း။ လဉ္ဇံ ဂဏှာတိ၊ သူ့ထက်ငါ လာဘ်တွေ၊ တံစိုးတွေယူထားတယ်ဆိုတဲ့ အကြောင်း

ကြောင့်လည်းကောင်း။ပါပကံမှ၊မတရားလုပ်နေ်းတွေကို။ကရောတိ၊ လုပ်တတ်ပါတယ်။

အောက်အခြေကလေးက စပြီးတော့ အထက်ကို ဖြေးဖြေးချင်း တက်ပြီးတော့ ကြည့်လိုက်စမ်း၊ ချစ်လို့လုပ်ပေးတာတွေ၊ ခင်လို့လုပ်ပေး တာတွေ "ငါ့အလိုကျတယ်ကွ၊ ဒီလူတော့ ဆောင်ရွက်ပေးအုံးမှပဲ" ဆိုပြီးတော့ လုပ်ပေးလိုက်တာတွေ အများကြီးပဲ။

လာဘ်ယူထားမိလို့ သူ့ထံက ပစ္စည်းကလေး ယူထားမိလို့ မတရား မှန်းတော့ သိသားပဲ။ သူ့ဟာငါယူထားမိပြီ၊ လုပ်ပေးအုံးမှပဲ ဆိုပြီးတော့ လုပ်ပေးလိုက်တာတွေ တပုံကြီးပဲ။ ဆန္ဒာဂတိ၊ ဒါမျိုးလဲ မလုပ်ပါနဲ့ သိင်္ဂါလ၊ မြတ်စွာဘုရားကသိင်္ဂါလကို ပြောတဲ့ ဗုဒ္ဓရဲ့စကား၊ တို့ပရိသတ် ကို ဘုန်းကြီးက ပြန်ဖောက်သယ်ချတာ။

ဆန္ဒာဂတိ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။

ဒီလိုလုပ်ကိုင် ဆောင်ရွက်တဲ့နေရာမှာ အဋ္ဌကထာကပြောတဲ့ စကား သုံးခုပဲ။

## ပိုင်ရှင်မဲ့ ပိုင်ရှင်ရှိ ကိုယ့်လူများများရပါစေ

(၁) အဿာမိကံ သာမိကံ ကရောတိ။

တကယ်ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ် မဟုတ်တာတွေကို ပိုင်စေသတည်းလို့ လုပ် ပေးတတ်တယ်။ ဆန္ဒနဲ့ချစ်လို့၊ လာဘ်ယူမိလို့။ အလိုလိုက်မိပြီဆိုယင်၊ အဲဒီ အလိုလိုက်သူတို့ရဲ့ ကောင်းကျိုးကို မျှော်ပြီးတော့ ပိုင်ထိုက်သူမဟုတ်ပဲ မင်းပိုင်စေလို့ လုပ်ပေးတတ်တယ်။

အဲဒါကို ပြောင်းပြန် ပြန်လိုက်ယင်—

(၂) သာမိကံ အဿာမိကံ ကရောတိ။

တကယ်ပိုင်နေတဲ့သူကို မင်းမပိုင်ဘူးလို့ ဒီလိုလဲ လုပ်တတ်သေးတယ်။ တကယ်ပိုင်ထိုက်တဲ့သူကို မပိုင်ဘူးလို့ ဆုံးဖြတ်ပေးတော့ ဟိုလူ ရှုံးသွားရာ တယ်၊ တရားရုံးတော်တွေ ဘာတွေညာတွေ လျှောက်ပြီးတော့ ကြည့် လိုက်။

အသာမိကံ၊ တကယ်မပိုင်ရပယ့်ပုဂ္ဂိုလ်တွေကို။ သာမိကံ၊ ပိုင်စေသတည်းလို့။ ကရောတိ၊ ပြုလုပ်တယ်။ သာမိကံ၊ တကယ်ပိုင်ထိုက်ရထိုက်တဲ့ ပုဂ္ဂိုလ်တွေကိုတော့။ အသာမိကံ၊ ပင်းတိုပရထိုက်ဘူးလို့။ ကရောတိ၊ ပြုလုပ်တယ်။

ဘာကြောင့်လဲ ဆန္ဒလိုက်မိလို့၊ အလိုလိုက်မိလို့ လုပ်တာ၊ နောက်တခါ ဘာလုပ်ပြန်သလဲဆိုယင်—

(၃) ကိဉ္စိ ပစ္စယံ ဘာဇေန္တော။

ကိဉ္စိ၊တစုံတခုသော။ ပစ္စယံ၊ ပစ္စည်းကို၊ဘာဇေန္တော၊ ဝေဖန်ခဲ့မယ်ဆိုယင်။ တစုံတခုသော ပစ္စည်းကို ဝေဖန်ကြမယ်ဆိုတော့လဲ။ အတ္တနော၊ ပိမိရဲ့။ ဆန္ဒဝတ္တနပုဂ္ဂလံ၊ ကိုယ့်ဆန္ဒအတိုင်း ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကိုတော့။ ဗဟုံ၊ မြောက်မြားစွာ။ ဒေတိ-ပါဒေတိ၊ ဝေပြီးတော့ ပေးတတ်ပါတယ်။

ပစ္စည်းလေးဘာလေး ဝေခြမ်းတယ်ဆိုယင် ကိုယ့်အလိုကျတဲ့သူကို အများကြီး ပေးလိုက်သတဲ့။ ကိုယ့်အလိုမကျဘူးဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ မရှိဘူး ကုန်ပြီ၊ဒီလိုလာတယ်၊ အဲဒါ ဆန္ဒာဂတိ။

ဆန္ဒာဂတိံ၊ ဆန္ဒာဂတိကို အလိုလိုက်မိသဖြင့် မလိုက်သင့်မလားရောက်သင့်သည်ကို၊ ဂစ္ဆန္တော၊ ရောက်ကြပြန်လို့ရှိယင်။ ပါပကမ္မံ၊ အဲဒီလို မတရား၊တဲ့ လုပ်ငန်းမျိုးကို။ ကရောတိ၊ လုပ်တတ်ပါတယ်။ (၁) ချက်။

### ဒေါသာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ

ဒေါသာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။

ဒေါသာဂတိံ၊ ဒေါသာဂတိသို့။ ဂစ္ဆန္တော၊ ရောက်ပြန်ယင်လဲ။ ပါပကမ္မံ၊ ယုတ်မာတဲ့ လုပ်ငန်းတွေကို။ ကရောတိ၊ လုပ်တတ်ပါ၏။

ဒေါသာဂတိ ရောက်ပြန်ပြီဆိုယင်လဲ မလုပ်သင့်တဲ့ ယုတ်မာတဲ့ လုပ်ငန်းတွေလုပ်သတဲ့။ ဒေါသဖြစ်ပုံကို အဋ္ဌကထာက နှစ်မျိုးပြတယ်။

## တရားရေးဆုံးဖြတ်မှု ကြန့်ကြာတာ အပြစ်မဆိုသင့်

(၁) တဒ်ကာပွန္နကောခဝသေန ဝါ။

ရုံးထိုင်တရားစစ်နေတယ်ဆိုကြပါစို့၊ အမှုသည် တရားလို-တရားခံ၊ စစ်နေတဲ့ တရားသူကြီးများ ထိုင်စစ်ယင်း စစ်ယင်းနဲ့ အဲဒီ တရားသူကြီးက ပြုန်းဆို စိတ်ဆိုးသွားတယ်။ တရားစစ်ယင်းနဲ့ ရုံးတော်ပေါ်မှာ လောလောလတ်လတ် စိတ်ဆိုးသွားတဲ့ ဒေါသ။ တဒ်ကာပွန္နကောခ= စိတ်ဆိုးမှုတွေ ချက်ချင်းဖြစ်တယ်။စိတ်ဆိုးမှု ရုတ်တရက်ချက်ချင်း ပေါ်လာလို့ 'တဒ်ကာပွန္နကောခ' ဖြစ်ပြီဆိုယင် ဒေါသအလျောက် ချက်ချင်း စီမံချက် ချပစ်လိုက်တယ်။ ချလိုက်တဲ့ စီမံချက်က—

အဿာမိကံ သာမိကံ ကရောတိ=တကယ်ရထိုက်တဲ့သူဟာ မရစေသတည်း။

သာမိကံ အဿာမိကံ ကရောတိ=မရထိုက်တဲ့သူ ရစေသတည်း။

ဒီလို ပြောင်းပြန်ကြီး ဒေါသအလျောက် ဆုံးဖြတ်ပေးတတ်တယ်။

ဒါ-'ဒေါသာဂတိ' ခေါ်တယ်။ တဒ်ကာပွန္န=ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ဒေါသကလဲ အမှားဆုံ ဖြစ်တတ်တယ်တဲ့။

ဒါကြောင့်မို့ ဘုန်းကြီးတို့ အလွန်ကြီးကျယ်တဲ့ တရားရုံးကြီးတွေကျတော့ အမှုကိုတင်ပြီးလို့ စစ်ဆေးပြီးပြီဆိုယင် နှစ်ဘက်တရားလို တရားခံတွေစစ်ဆေးပြီး၊ စစ်ဆေးချက်၊ လျှောက်ထားချက်တွေ ယူပြီ၊ ကိုင်း အဲဒီအမှုကို အသာလေးထား၊ တရားသူကြီးတွေ ရက်ရှည်ချိန် ပြီးတော့မှ အေးအေးဆေးဆေး ခေါင်းအေးအေးနဲ့ စိတ်ဆိုးမာန်ဆိုး ပြေသွားပြီ၊ စိတ်လက် ကြည်ကြည်လင်လင်ရှိတဲ့အချိန် စဉ်းစားပြီးမှ ဆုံးဖြတ်မယ်။

"တချို့ တရားသူကြီးများ ဒီလိုလုပ်တယ်နော်"

"မှန်ပါဘုရား"

အဲဒါကြောင့် အမှုတွေ အရှည်ကြီးချိန်းတာတို့၊ စဉ်းစားခန်းဝင်တာတို့ကို ရက်ရှည်လို့ချိန်းရလို့ အပြစ်မတင်နဲ့၊ရုတ်တရက်ဆုံးဖြတ်လို့ တခါတခါ မဖြစ်ဘူး၊ စိတ်က သိပ်တိုနေတာ၊ တရားသူကြီးကလဲ စိတ်တိုသေးတာ

ပေါ့၊ ရုံးတော်ပေါ်မှာ စိတ်တိုပြီးတော့ မဟုတ်တာ ဆုံးဖြတ်မိယင် ခက်တယ်။

ဒါကြောင့် ဒီဒေါသပြေသွားအောင် အချိန်ဆွဲပြီးမှ၊ အေးအေး ချမ်းချမ်း စဉ်းစားပြီးမှ ဆုံးဖြတ်တယ်ဆိုတာ ပိုကောင်းတယ်။ ဒါကြောင့် ရက်ရွှေ့တယ်။ ဘာညာသိပ်ပြီးတော့ အပြစ်မတင်နဲ့၊ ဒေါသာဂတိ မဖြစ်စေခြင်းငှာ ဒီလိုမှုပဟုတ်ပဲ ဒေါသနဲ့ ဆုံးဖြတ်ပေးယင်၊ ဒေါသနဲ့ ဝေခြမ်းပေးလိုက်ယင်—

အဿာမိကံ၊ မပိုင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို၊ သာမိကံ၊ ပိုင်ထိုက်သလို၊ ကရောတိ၊ ပြုလုပ်တယ်။ သာမိကံ၊ ပိုင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို၊ အဿာ မိကံ၊ မပိုင်ထိုက်ဘူးလို့၊ ကရောတိ၊ လုပ်ပါတယ်။

ပြောင်းပြန်ပြီး တစ်ဇာတ်ပွဲနဲ့ ကောခနဲ့ လုပ်တတ်တယ်။

### တရားစီရင်မှုမှာ ဘာသာတရန်ငြိုး မဝင်စေနဲ့

(၂) ပကတိ ဝေရဝသေန ဝါ။

ပကတိ၊ နကိုကတည်းက။ ဝေရီ၊ ရန်သူ ဖြစ်နေသောကြောင့် တည်း။

နကိုကတည်းက ဒီလူနှင့်ဒီပုဂ္ဂိုလ် မတည့်တော့၊ မတည့်တဲ့ လူ နှစ်ယောက် တယောက်က တရားသူကြီးဖြစ်နေတယ်၊ နကိုယ်ကတည်းက အရပ်ထဲမတည့်ပဲ ရန်သူတွေဖြစ်နေတယ်၊ တယောက်က တရားငြိုးပြီး ရုံးတော်လဲလာကော၊ ဟိုက တရားသူကြီး ဖြစ်နေတဲ့ တရားသူကြီးက ကြည့်လိုက်တယ်၊ ဟိုကောင် ငါနဲ့မတည့်တဲ့ အကောင်လာပြီ၊ ငါတော့ အခွင့်ကောင်းကြုံပြီ၊ ဒီကောင်ကို နှိပ်စက်လိုက်မယ်ဆိုပြီး ဆုံးဖြတ်ချက် မချရသေးဘူး၊ အနိုင်ကြံဖို့ပဲ စိတ်ကူးနေတယ်၊ အဲဒါ ပကတိဝေရီ= နကိုယ်ကတည်းကရန်သူဖြစ်နေတဲ့အတွက်ကြောင့် နကိုရန်သူအပေါ်မှာ မပြေသေးတဲ့အာဃာတ ဆုံးဖြတ်ချက်ချယင် ဒါဟာ 'ဒေါသာဂတိ'။ ဒီဆုံးဖြတ်ချက်မျိုး မမှန်ဘူး ။

ပကတိဝေရီ=ပင်ကိုယ်အားဖြင့် ရန်သူဖြစ်နေတဲ့ အငြိမ်အား ဖြင့်လည်းကောင်း။ ပင်ကိုယ်ကတည်းက ရန်ငြိုး တွေကြောင့်

လည်းကောင်း။ **သောပုဂ္ဂလော၊** ထိုကဲ့သို့ ဆုံးဖြတ်တော့မယ်ဆိုတဲ့ လူကြီးနေရာကရောက်နေတဲ့ပုဂ္ဂိုလ်သည်။ **အဿာမိကံ၊** မပိုင်ထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **သာမိကံကရောတိ၊** ပိုင်ထိုက်တယ်လို့လုပ်တယ်။ **သာမိကံ၊** ပိုင်ထိုက်ဆိုင်ထိုက်တဲ့ပုဂ္ဂိုလ်မျိုးတွေကိုတော့။ **အဿာမိကံကရောတိ၊** မပိုင်ထိုက်ဘူးလို့ လုပ်တတ်ပါတယ်။ **ကိဥ္စိ၊ တစုံတခုသော။ ပစ္စယံ၊** ပစ္စည်းကို။ **ဘာဇေန္တော၊** ဝေဖန်ကြခတော့မယ်ဆိုယင်လဲ။ **တံ အာဿာတပုဂ္ဂလံ၊** နကိုယ်ကတည်းက ထိုကဲ့သို့ အာဿာတဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို။ **အပ္ပမတ္တကံ၊** အနည်းငယ်မျှကိုသာလျှင်။ **ဘာဇေတိ၊** ဝေဖန် ခွဲ့ ပေး၏။

ပစ္စည်းဝေတဲ့နေရာကျတော့လဲ နကိုယ်ကတည်းကအာဃာတရှိနေတဲ့၊ ရန်ငြိုးလိုတဲ့ ပုဂ္ဂိုလ်ကိုကျတော့ နည်းနည်းလေး ပေးသတဲ့၊ ကိုယ်ကျေနပ်တဲ့ပုဂ္ဂိုလ်ကျတော့ အများကြီးပေးလိုက်သတဲ့၊ အဲဒီလိုလုပ်တာတွေဟာ 'ဒေါသာဂတိ' မလားသင့်တာတွေလား၊ မလုပ်သင့်တာတွေ လုပ်တာ ဒေါသာဂတိကြောင့်ဖြစ်သာတဲ့ ပါပကမ္မံ။

## မောဟာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ

**မောဟာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။**

**မောဟာဂတိံ၊** မောဟဖြင့် မလားသင့်တဲ့ အရာဌာနသို့။ **ဂစ္ဆန္တော၊** လားခဲ့မယ် ရောက်ခဲ့မယ်ဆိုယင်လဲပဲ။ **ပါပကမ္မံ၊** ယုတ်မာတဲ့ လုပ်ငန်းတွေကို။ **ကရောတိ၊** လုပ်တတ်ပါ၏။

"မောဟာဂတိ"ဆိုတာက ချစ်တဲ့သူလဲမရှိဘူး၊ မုန်းတဲ့သူလဲမရှိဘူး၊ တရားခြင်း၊ မတရားခြင်းဥပဒေကို ဘာမှ နားမလည်လို့ ရမ်းသမ်းပြီး လုပ်တာ၊ ဘာဥပဒေမှလဲမကာတ်၊ ကိုယ့်လက်မှတ်ဘောင်မှ ကိုယ်မှန်မှန် မရေးတတ်ဘူး။ အဲဘာမှမသိ၊ ဘာဥပဒေမှနားမလည်လို့ ဘယ်ပုဒ်မတွေ ဘယ်လိုတဲ့ပြောပြော မသိဘူးတဲ့၊ ရမ်းသမ်းပြီးတော့ ဆုံးဖြတ်ချက် ချလိုက်တာ အဲဒါ "မောဟာဂတိ"တဲ့။

## ဆိတ်ထမ်းသမားနဲ့ အရက်သမား ၄-ယောက်

ဟိုစဉ်က လူတယောက်က ဆိတ်တကောင်ထမ်းသွားတယ်၊ ဆိတ်ဖြူကလေး တကောင်၊ ဆိတ်ဖြူကလေးတကောင် ထမ်းသွားတော့ လမ်းက

အမူးသမားလေးယောက်က အဲဒီ ဆိတ်ဖြူကလေးကို ညာစားပလို့ စောင့်နေကြတယ်။ စောင့်နေတော့ တယောက်နှင့်တယောက် တဖာလို လောက် ခွာစောင့်တယ်။

“ဒါ ဟိုးတာပဒေသ ပုံပြင်ကနေ၁”

“မှန်ပါဘုရား”

အဲဒီလူတယောက်ထမ်းလာတဲ့ဆိတ် ကျော့ရော၊ အဲဒီ ပထမဦးအမူး သမား လူလိမ်က ဟေ့လူ ခင်ဗျားဘာထမ်းလာတာလဲဆိုတော့၊ ငါ ဆိတ်ကလေးတကောင်ထမ်းလာတယ်လို့ ပြောတယ်၊ ခင်ဗျားဘယ်သွားမလို့လဲ၊ ဒါလေး ကျွန်တော်ယစ်ပူဇော်ပလို့၊ ခင်ဗျားဗျာ ကိုယ့်ခေါင်းပေါ် ခွေးကြီးထမ်းလာတာမြင်ရက်နဲ့ ဆိတ်လို့ပြောတယ်၊ အမူး သမားက အတင်းအကြပ်အာဘောင်အာရင်းနဲ့ ပြော လိုက်တော့ ဟိုက ထမ်းလာတဲ့သူက ဘယ့်နှယ် ငါထမ်းလာတာဆိတ်ပါ၊ မင်းတို့က ခွေးလို့ ပြောတယ်၊ ဟုတ်မှဟုတ်ရဲ့လား၊ သူက အောက်ချကြည့်တယ်၊ ကြည့် ပြီးတော့ ရှေ့ကကြည့် နောက်ကကြည့် ကြည့်ပြီး ဆိတ်တော့ဆိတ်ပါပဲ၊ ထမ်းသွားတယ်။

ကိုယ်ပိုင်ဉာဏ်မရှိတဲ့သူက နေရာတကာပမာလူကြိုက်ပထင်နဲ့

ရှေ့နားကျ တယောက်တွေ့ပြန်ရော၊ ဟေ့လူ ခင်ဗျား ဘာကြီးထမ်း လာတာလဲဗျ၊ ဆိတ်မဟုတ်ဘူး၊ ခင်ဗျားဘာကြောင့် ခွေးကြီးထမ်း လာတာလဲဗျဆိုတော့ ငါ့ဥစ္စာ ခွေးများဖြစ်နေပြီလား၊ သံသယ ဖြစ် လာပြီနေ၁။ နှစ်ခါလောက်လှန်လိုက်တယ်ဆိုယင်ပဲ ဆိတ်ကို ခွေးထင် သွားပြီ၊ နောက်ဆက်သွားတော့ ရှေ့နားကျ တယောက်တွေ့ပြန်ရော၊ ဟောဟိုလူ တော်တော်မိုက်တဲ့လူ၊ ခွေးဘာလို့ထမ်းလာရလဲ၊ ခွေး ဒီ အတိုင်းချထား သူ့ဘာသာသူ သွားလိမ့်မပေါ့လို့ဆိုတော့ အေးဟုတ်ပြီ ဒီလောက်တောင်ပြောတာ၊ ဒါခွေးပဲဖြစ်ရမယ်၊ သွားပေတော့ဆိုပြီး ချလိုက်တာ၊ ဆိတ်ကပြေးရော၊ ဆိတ်ကလေးတကောင် ဆုံးရှုံးရတာ ပေါ့၊ အောက်လဲကျကော ဆိတ်ကထွက်ပြေးတော့ အမူးသမားတွေက အကုန်လုံးသတ်စားပစ်လိုက်တယ်။

အဲဒီလို ကိုယ်ပိုင်ဉာဏ် ဘာမှမရှိ၊ ကိုယ့်ဘာသာကိုယ် ဆိတ်ထမ်းလာ ရက်နဲ့ ဟိုက လူညာတွေက ခင်ဗျားဘာခွေးလို့ပြောတာကို ခွေးထင်ပြီး

လွှတ်လိုက်တဲ့လူလို အဲဒီလိုကိုယ်ပိုင်ဉာဏ်မရှိတဲ့ သူတွေကို မောဟာဂတိ လိုက်တဲ့ သူတွေလို့ပြောတာ။ ဆိတ်ကိုသူများပြောတာနဲ့ ခွေးလုပ်တဲ့ သူသည် ဘာမှဉာဏ်မရှိတဲ့သူ၊ ဒီလိုလူမျိုးသာ နေရာတကာ လူကြီး တင်မိယင် ဆိတ်ကိုခွေး၊ ခွေးကိုဆိတ် လုပ်နေတော့မှာ။

မောဟာဂတိံ ဂစ္ဆန္တော။

ဆိတ်မှန်း ခွေးမှန်း ဘာမှန်းမှ မသိတဲ့အဲဒီလူမျိုးတွေကို တင်လား မယ်ဆိုယင်လဲ။

မောဟာဂတိံ၊ မရောက်သင့် မရောက်ထိုက် မလားသင့် မလား ထိုက်တဲ့ အရာဌာနကို။ ဂစ္ဆန္တော၊ လားမိသည်ဖြစ်၍။ ပါပကမ္မံ၊ အလွန်တရာမှားယွင်းတဲ့ လုပ်ငန်းတွေကို။ ကရောတိ၊ လုပ်တတ် ပါတယ်။

အဲဒီလို ကိုယ်ပိုင်ဉာဏ်မရှိတဲ့ သူတွေဟာ မောဟာဂတိ အမှားမှား အယွင်းယွင်းလုပ်တတ်တယ်တဲ့၊ မောဟာဂတိသမားကလဲ မပိုင်သင့်တဲ့လူကို ပိုင်သင့်တာပေး၊ ပိုင်သင့်တဲ့သူကိုမပေး၊ ရင်းနှီးတဲ့လူများများပေး၊ ရန်ငြိုး ရှိတဲ့သူကို အာဃာတထား အဲဒီလိုလုပ်တတ်ပါတယ်တဲ့။

## ဘယာဂတိကြောင့် မကောင်းမှုပြုတတ်ပုံ

ဘယာဂတိံ ဂစ္ဆန္တော ပါပကမ္မံ ကရောတိ။

သိင်္ဂါလ၊ ဟဲ့-သိင်္ဂါလသူဌေးသား။ ဘယာဂတိံ၊ ကြောက်တဲ့ အကြောက်ကြောင့် မလားသင့်မလားထိုက်တဲ့ အရပ်ဌာနကို၊ မရောက် သင့် မရောက်ထိုက်တဲ့ အရာဌာန၊ မလိုက်သင့် မလိုက်ထိုက်တဲ့အရာ ဌာနကို။ ဂစ္ဆန္တော၊ လိုက်မိပြန်တော့လဲ၊ ပါပကမ္မံ ယုတ်မာတဲ့ လုပ်ငန်းတွေကို။ ကရောတိ၊ ပြုလုပ်တတ်ပါ၏။

ဘယာဂတိဆိုတာ-မဟုတ်ဘူးဆိုတာလဲသိသား၊ ဥပဒေလဲအကုန်သိ၊ ဒါပေမဲ့ ကြောက်တာနဲ့ပဲ လုပ်ပေးရရှာတယ်။ ကျုပ်ဒါလေးလုပ်ပေး စမ်းပါဆိုပြီး ပြောတဲ့လူကို ကြည့်လိုက်တော့ ဒီလူဟာ ဘာမှမဟုတ်ဘူး၊ ဒါပေမဲ့ သူ့နောက်မှာ ကြည့်လိုက်ယင် အကြီးကြီးတွေကို စဉ်နေ တယ်။ အဲဒီလိုဆိုယင် ဒီလူ့လုပ်မပေးယင် မလွယ်ဘူး၊ သူ့နောက်က

အကြီးကြီးတွေက ကိုင်လိုက်ယင် နတ်မျှားကြိမ်းသလို သယ်-ငါကိုင်လိုက်ယင် အဲဒီလိုမျိုးဆို မလှယ်ဘူး။

ပတရားဘူးဆိုတာကို သိတော့သိသား အဲဒီမတရားတဲ့ အခွင့်အရေးကို တောင်းနေတဲ့သူကလဲ သေးသေးကလေးပါပဲ။ ဒါပေမယ့်သူ့နောက်မှာ အကြီးကြီးတွေက ရှိနေတဲ့အတွက်ကြောင့် ပဖြင်ဘူး။ လုပ်မပေးယင်တော့ ငါပြုတ်လိမ့်မယ်ထင်တယ်၊ အဲဒါကြောက်တဲ့ အတွက်ကြောင့် လုပ်ပေးရတာတွေဟာ "ဘယာဂတိ"ပဲ။

"ဟုတ်လား"

"မှန်ပါဘုရား"

အဲဒါတွေကို ပရိတ်သတ်ရေ— သင်္ခေပအကျဉ်းနည်းနဲ့ ဟောခဲ့မယ်၊ အဋ္ဌကထာတွေ ဋီကာတွေ ကိုယ့်ဘာသာကိုယ် ချဲ့ကြည့်လိုက်ကြ။ ဒါကြောင့်—

သူ့နောက်မှာ အကြီးကြီးတွေရှိနေလို့

ဘယာဂတိ၊ ကြောက်သဖြင့် မရောက်သင့် မရောက်ထိုက်တဲ့အရာဌာနကို။ ဂစ္ဆန္တော၊ လားကြမယ် ရောက်ကြမယ်ဆိုယင်လဲ။ ပါပကမ္မံ၊ ယုတ်မာတဲ့ မကောင်းမှုတွေကို။ ကရောတိ၊ ပြုတတ်ပါ၏။ အဿာမိကံ၊ မပိုင်ထိုက် မပိုင်သင့်တဲ့ပုဂ္ဂိုလ်ကို။ သာမိကံ ကရောတိ၊ ပိုင်စေသတည်း။

ဒီလိုလုပ်တယ်၊မရထိုက်ဘူးဆိုတာသိသား၊ ဒါပေမယ့်ရစေသတည်း။ နောက်က အကြီးကြီးတွေရှိလို့။

သာမိကံ၊ ပိုင်သင့် ပိုင်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ။ အဿာမိကံ၊ မပိုင်ထိုက်ဘူးလို့။ ကရောတိ၊ ဆုံးဖြတ်ပါလိမ့်မယ်။ ကြောက်လို့လုပ်တာ။

"ကိဉ္စိ၊ တစုံတခုသော။ ပစ္စယံ၊ ပစ္စည်းကို။ ဘာဇေန္တော ပိ၊ ဝေဖန်တဲ့အခါကျပြန်တော့လဲ။ ဗဟုံ၊ မြောက်မြားစွာသော။ ပစ္စယံ၊ ပစ္စည်းကို။ လဘိတုံ၊ ရဖို့ရန်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရဟတိ၊ ထိုက်၍နေ၏။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ အပ္ပမတ္တကံ၊ အနည်းငယ်မျှကိုသာလျှင်။ ဘာဇတိ၊ ဝေဖန်၍ပေး၏။

ပစ္စည်းလေး ဘာလေးပေးတဲ့အခါ များများရထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်မှန်းသိရက်နဲ့ ဒီလူမပေးနဲ့ကွာဆို ကြောက်တာနဲ့ နဲနဲပဲပေးလိုက်ရတယ်၊ လုံးဝမပေးထိုက်တဲ့ ပုဂ္ဂိုလ်ပင်ဖြစ်လင့်ကစား ကြောက်တာနဲ့ အများကြီး ပေးလိုက်ရတယ်၊ တရားတာ မတရားတာ မျက်နှာလွှဲပြီးကြောက်လို့ချည်း ရှောက်လုပ်ပေးနေရတာတွေဟာ "ဘယာဂတိ" တဲ့။

## လောကပျက်စီးဖို့ရန် အကြောင်းတရား ၄ ပါး

အဂတိတရား လေးပါး၊ ဒီလောက လွှမ်းယင် ပျက်စီးဖို့ သေချာသွားပြီ။

"အဂတိတရား ဘယ်နှစ်ပါးလဲ"

"လေးပါးပါဘုရား"

(၁) ဆန္ဒာဂတိ၊ ချစ်ခင်လို့ကောင်းတာ မကောင်းတာ အကုန်လုပ်ပေးတာ။

(၂) ဒေါသာဂတိ၊ စိတ်ဆိုးလို့ မလုပ်သင့်တာတွေ လျှောက်လုပ်တာ။

(၃) မောဟာဂတိ၊ ဆိတ်မှန်း ခွေးမှန်း မသိလို့ အမှားမှား အယွင်းယွင်းလုပ်တာ။

(၄) ဘယာဂတိ၊ မဟုတ်မှန်းတော့သိသား၊ ကြောက်လို့ လုပ်ပေးနေရတာ။

"ဘယ်နှစ်ပါးလဲ"

"လေးပါးပါဘုရား"

"လောကကြီးဟာ အတော်ခက်တယ်"

"မှန်ပါဘုရား"

သဗ္ဗံ ပရဝသံ ဒုက္ခံ၊ သဗ္ဗံ ဣဿရိယံ သုခံ၊
သာဓာရဏေ ဝိဟညန္တိ၊ ယောဂါ ဟိ ဒုရတိက္ကမာ။ ။

သဗ္ဗံ ပရဝသံ၊ သူတပါးအလိုကိုအလုံးစုံလိုက်၍ လိုက်၍ နေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ သူတပါး အလိုကိုလျှောက်လိုက်နေရယင်

အဂတိလေးပါး တပါးပါးထဲရောက်မယ်၊ အဲဒါသတိထား၊ ကိုယ့်အလို အတိုင်းဖြစ်ဖို့ကလဲတယ်မလွယ်ဘူး။ သဗ္ဗ၊ အလုံးစုံသော။ ဣဿရိယံ၊ အစိုးတရ စိမ့်နိုင်ကြမယ်ဆိုယင်ဖြင့်။ သုခံ၊ ချမ်းသာလှပါ၏။ အစိုးတရကိုယ့်စိတ်ကြိုက်စိမ့်ရမှ အဂတိလေးပါး လွတ်လို့ချမ်းသာမယ်၊ ဒါပေမယ့် အစိုးတရ စိမ့်နိုင်လှင့်နေရာတိုင်း ရှိရဲ့သားဆိုတော့မရရှိဘူး၊ အများနဲ့ဆက်ဆံနေရတဲ့ လောက။ သာဓာရဏာ၊ အများနဲ့ဆက်ဆံ၍ နေရခြင်းကြောင့်။ ဝိဟညန္တိ၊ အဂတိလေးပါးရောက်၍ ပင်ပန်းကြကုန်၏။ ဟိ-သစ္စံ၊ ထိုစကားသည် မှန်၏။ ယောဂါ၊ အများနှင့် တွဲထားတယ်ဆိုတဲ့ ဟောဒီ ကိလေသာတရားတွေဟာ။ ဒုရတိက္ကမ္မ၊ ကျော်လွန်ဖို့ရန်ခဲယဉ်းကြပေကုန်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာပွား၍ ဟောကြားတော်မူလေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

### အဂတိတရား လေးပါး မလိုက်စားနဲ့

အဂတိ ရောက်ပုံကို ပြောပြီးယင် ဒါပြောင်းပြန် ပြန်တော့ အဂတိ မရောက်ပုံ အဓိပ္ပာယ်က လွယ်သွားပြီ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ယော ပုဂ္ဂလော။ အကြင်ပုဂ္ဂိုလ်သည်။ ဆန္ဒာဂတိ၊ ဆန္ဒရဲ့ အစွမ်းဖြင့်။ ပါပကမ္မံ၊ ယုတ်မာတဲ့ အမှုကို။ နကရောတိ၊ မပြု။ ဒေါသ ဝသေနပိ၊ ဒေါသ၏အစွမ်းဖြင့်လည်း။ ပါပကမ္မံ၊ ယုတ်မာတဲ့အမှုကို။ နကရောတိ၊ မပြု။ မောဟဝသေနဝါ၊ မောဟရဲ့ အစွမ်းဖြင့်လည်း။ ပါပကမ္မံ၊ ယုတ်မာတဲ့ အမှုကို။ နကရောတိ၊ မပြု။ ဘယာဂဝသေနဝါ၊ ကြောက်သည်ရဲ့ အစွမ်းအားဖြင့်လည်း။ ပါပကမ္မံ၊ ယုတ်မာတဲ့အမှုတွေကို၊ နကရောတိ၊ မပြုလုပ်ပါ။ ဂဟပတိပုတ္တ၊ သိင်္ဂါလမည်တဲ့အို-သခင်သား။ ဣတိ၊ ဤကဲ့သို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ-ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ပါပကမ္မံ၊ ယုတ်မာတဲ့အမှုကို။ နကရောတိ၊ ဘယ်လိုနည်းနဲ့မှ မပြုလုပ်ရပါ။ ဣတိပိ၊ ဤသို့လဲပဲ။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အဝေါစ၊ ကရုဏာရှေ့ထား၍ မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေသတည်း။

ဒီအဓိပ္ပာယ်ကလွယ်သွားပြီ။

(၁) ချစ်တဲ့အတွက်ကြောင့် ဆန္ဒလိုက်ပြီး အမှားမှား အယွင်းယွင်း မလုပ်ပါနှင့်။

(၂) စိတ်ဆိုးတဲ့အတွက်ကြောင့်လဲ အမှားမှား အယွင်းယွင်း မလုပ်ပါနှင့်။

(၃) ဘာမသိ ညာမသိ မောဟလွှမ်းပြီး အကြောင်း အကျိုး နား မလည်ပဲ ရမ်းသမ်းပြီး မလုပ်ပါနှင့်။

(၄) ကြောက်တဲ့အတွက်ကြောင့်လဲ အမှားမှား အယွင်းယွင်း မလုပ်ပါနှင့်။

အဂတိတရားလေးပါး မလိုက်စားနဲ့၊ ဒီလေးမျိုးသော အကြောင်းတို့ဖြင့် မှားယွင်းတဲ့ အမှုတွေကို -သိင်္ဂါလ မင်းရှောင်မှ လောကမှာ လူကောင်းတယောက် ခေါ်မယ်၊ ဒီအဂတိတရားလေးပါး မရှောင်နိုင်ယင် လောကမှာ သူ့ရဲ့လုပ်ငန်းတွေဟာ ပါပကမ္မထဲက ဘယ်တက်တော့မလဲ။

## အဂတိတရားလေးပါး လိုက်စားမယ်ဆိုယင်

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။
နိဟီယတိ ယသော တဿ၊ ကာဠပက္ခေဝ စန္ဒိမာ။

သိင်္ဂါလ ဂဟပတိပုတ္တ၊ သိင်္ဂါလ အမည်ရပေတဲ့ အိုး-သဌေးသား။ ကာဠပက္ခေ၊ လဆုတ်ပက္ခ၌။ စန္ဒိမာ၊ လကြီးသည်။ နိဟီယတိ ယထာ၊ တရွေ့ရွေ့နှင့် ဆုတ်ယုတ်၍ သွားသကဲ့သို့။ ဧဝမေဝ-ဧဝံ တထာ၊ ပမာထားယူ ထို့အတူသာလျှင်။ ဆန္ဒာ၊ ချစ် ခြင်း ကြောင့်လည်းကောင်း။ ဒေါသာ၊ စိတ်ဆိုး ခြင်း ကြောင့် လည်းကောင်း။ မောဟာ၊ မသိမိုက်မဲခြင်းကြောင့် လည်းကောင်း။ ဘယာ၊ ကြောက်ခြင်းကြောင့် လည်းကောင်း။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ မင်းကျင့်တရားဆယ်ပါး သူတော်ကောင်းတရား ဆယ်ပါးကို။ အတိဝတ္တတိ၊ ကျော်လွန်၍ကျင့်၏။ တဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ယသော၊အခြံ

အရုံတွေ။ ယသော၊ ကျော်စောတဲ့ သတင်းတွေဟာ။ နိဟိယတိ၊ လဆုတ်ပက္ခမှာ လ-ကြီးဆုတ်ယုတ်၍ သွားသလို ကောင်းစွာပသော့ ဆုတ်ယုတ်၍သာ နေရပါပေတော့သတည်း။

ဆန္ဒ ဒေါသ မောဟ ဘယာ ဒီလေးမျိုးသောအကြောင်းကြော င့် မှားယွင်းတဲ့အကျင့်တွေကို ကျင့်မိမယ်ဆိုယင် ဓမ္မံ အတိဝတ္တတိ၊မင်းဆို ယင် မင်းကျင့်၊ လူဆိုယင် လူကျင့်၊ ရဟန်းဆိုယင် ရဟန်းကျင့်ဝတ်တွေ ကို ဖောက်ပြန်ကျူးလွန်ပြီးတော့ အဂတိလေးပါး လိုက်ကျင့်ပယ်ဆိုယင် တော့ လဆုတ် ပက္ခမှာ လ-ကြီး တဖြေးဖြေးနဲ့ ဆုတ်ယုတ်ပြီး မှောင် မိုက်ကျသွားသလို သိင်္ဂါလ မင်း-ကောင်းတဲ့သတင်းတွေ ဆုတ်ယုတ်ပြီး ပျက်ပြ ားသွားလိမ့်မယ်။ (၁) ချက်။

## အဂတိ ၄-ပါး ရှောင်ရှားမယ်ဆိုယင်

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ ယသော တဿ၊ သုက္ကပက္ခေဝ စန္ဒိမာတိ။ ။

သိင်္ဂါလက ဂဟပတိပုတ္တ၊ သိင်္ဂါလ အမည်ရပေတဲ့ အို-သဌေး သ ား။ ဆန္ဒာစ၊ ချစ်ခြင်းကြောင့်လည်းကောင်း။ ဒေါသာစ၊ ဒေါသ ကြေ င့်လည်းကောင်း။ မောဟာစ၊ မောဟကြောင့်လည်းကောင်း။ ဘယာစ၊ ကြောက်ခြင်းကြောင့် လည်းကောင်း။ ချစ်ခြင်းကြောင့် လည်းကောင်း၊ စိတ်ဆိုးခြင်းကြောင့် လည်းကောင်း၊ တွေဝေခြင်း ကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့် လည်းကောင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ ချစ်ခြင်း စိတ်ဆိုးခြင်း တွေဝေခြင်း ကြောက်ခြင်း အကြောင်းတို့သည်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ မိမိ ကျင့်ရမယ့် သူတော်ကောင်းတရားတွေကို။ နာတိ ဝတ္တတိ၊ ကျော် လွန်၍ မကျင့်ပါလေ။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ယသော၊ ကျော်စောတဲ့သတင်းတွေဟာ။ အာပူရတိ၊ တိုးပွားတိုးပွား၍ လာ လေတော့၏။ ကိမိဝ၊ ဥပမာပုံဆို အဘယ်သို့သော နည်းဟူမူကား။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒိမာ၊ လ-ကြီးသည်။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်။ ပူရတိယထာ၊ ပြည့်၍လာသကဲ့သို့။ ဧဝမေဝ ဧဝံတထာ၊ ပမာထားယူ တို့အတူ။ တဿ ပုဂ္ဂလဿ၊ ထိုသို့ အဂတိ

လေးပါး မလိုက်စားတဲ့ ပုဂ္ဂိုလ်ရဲ့။ ယသော၊ ကောင်းတဲ့သတင်း ကျော်စောတဲ့သတင်းတွေဟာ။ အာပူရတိ၊ ပြည့်၍လာလေတော့၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင် ကိုယ်တော်မြတ်သည်။ စတူဟိ ဌာနေဟိ၊ လေးပါးသော အကြောင်းတို့ဖြင့်။ အဂတိဂမနံ၊ မလားသင့် မလားထိုက်တဲ့နေရာသို့ မလားရပါဘူးဆိုတဲ့ တရားဒေသနာကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

# သိင်္ဂါလသုတ္တန် (ဒုတိယပိုင်း)

၁၃၄၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်နေ့သ၊ ရန်ကုန်တိုင်း၊ ကမာရွတ် မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဂုမ်းခြံမြောက်ပိုင်း ဓမ္မဒါန အလှူရှင် အပေါင်းတို့ စုပေါင်း စုဆောင်း၍ ဆင်ယင် ကျင်းပသော ဓမ္မသဘင်၌ ဟောကြားအပ်သော ဒီဃနိကာယ်ပါထိကဝဂ္ဂပါဠိတော်၌ လာသော "သိင်္ဂါလသုတ္တန် တရားတော် ဒုတိယပိုင်း"

ဤသိင်္ဂါလ သုတ္တန် တရားတော်ကို ကျွန်းတောလမ်း ဆန်လှူအသင်း ထောက်ရဲ့ တရားပွဲမှာ ပထမအကြိမ် ဟောခဲ့ပါတယ်။ ထိုအခါကကမ္မ ကိလေသ လေးပါးနဲ့+အဂတိတရား လေးပါး ပြီးခဲ့ပါတယ်။ ဒီကနေ့တော့ "ဆဘောဂါနံအပါယမုခံ" ဆိုတဲ့ အပိုင်းကနေ စတင်ဟောမယ်။

ဥစ္စာ+စီးပွား ပျက်စီးခြင်း အကြောင်းတရား ခြောက်ပါး

ကတမာနိ ဆဘောဂါနံ အပါယမုခါနိ န သေဝတိ။

သိင်္ဂါလက၊ အို-သိင်္ဂါလ သဌေး သား။ ဘောဂါနံ၊ စီးပွားဥစ္စာတို့၏။ ဆ အပါယ မုခါနိ၊ ပျက်စီး ခြင်း အကြောင်း တရား ခြောက်ပါးတို့ ဆိုသည်ကား။ ကတမာနိ၊ အဘယ်သည်တို့နည်း။

စီးပွားဥစ္စာရဲ့ ပျက်စီးခြင်း အကြောင်းတရား ခြောက်ပါး ဆိုတာက ဘာတွေလဲဆိုယင်-

(၁) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေါ ခေါ ဂဟပတိပုတ္တ ဘောဂါနံ အပါယမုခံ။

(၂) ဝိကာလ ဝိသိခါစရိယာနုယောဂေါ ဘောဂါနံ အပါယမုခံ။

(၃) သမဇ္ဇာဘိစရဏံ ဘောဂါနံ အပါယမုခံ။
(၄) ဇူတပ္ပမာဒဋ္ဌာနာနုယောဂေါ ဘောဂါနံ အပါယမုခံ။
(၅) ပါပမိတ္တာနုယောဂေါဘောဂါနံ အပါယမုခံ။
(၆) အာလဿာနုယောဂေါ ဘောဂါနံ အပါယမုခံ။

သိင်္ဂါလက၊ သိင်္ဂါလက အမည်ရပေတဲ့ အို-သူဌေးသား။

(၁) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေါ၊ သုရာ ငါးပါး–
မေရယငါးပါး လို့ခေါ်တဲ့ ယစ်ခြင်း၊ မူးခြင်း၊ မေ့လျော့ခြင်း တို့ ရဲ့ အကြောင်း တရား ငါး ပါး တို့ ကို အဖန် တလဲလဲ မှီဝဲ သုံးဆောင်ခြင်းသည်။ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့ ပထမံ၊ ရှေးဦးစွာသော။ အပါယမုခံ၊ ပျက်စီးခြင်းရဲ့။ အကြောင်းတရား ပါပေတည်း။

နံပါတ် (၁) သေရည် သေရက် သောက်စား မူးယစ်ခြင်းသည် ပျက်စီးခြင်း ရဲ့ အကြောင်းတပါး။

(၂) ဝိကာလ ဝိသိခါစရိယာနုယောဂေါ ဘောဂါနံ အပါယမုခံ။
ဝိကာလ ဝိသိခါစရိယာနု ယောဂေါ၊ အချိန်မဲ့အခါမဲ့၌လမ်းထွက်၍လည်ခြင်း။ အခါမဲ့၌ သွားလာ လည်ပတ်ခြင်းဆိုတာလဲပဲ။ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့။ အပါယမုခံ၊ ပျက်စီးခြင်းအကြောင်းတရား ပါပေဘည်း။

နံပါတ် (၂) အချိန်မဲ့အခါမဲ့ လမ်းထွက်ပြီး လည်ပတ်သွားလာခြင်းဟာလဲ စီးပွားဥစ္စာ ပျက်စီးခြင်းရဲ့ အကြောင်းတပါး။

(၃) သမဇ္ဇာဘိစရဏံ ဘောဂါနံ အပါယမုခံ၊
သမဇ္ဇာဘိစရဏံ၊ ပွဲသမ်းသဘင် လှည့်လည် ကျက်စားခြင်းဟာလဲပဲ။ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့။ အပါယမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားပါပေဘည်း။

အမှတ် (၃) ပွဲသမ်းသဘင် လှည့်လည်ခြင်းဆိုတာဟာလဲ စီးပွားဥစ္စာရဲ့ ပျက်စီးခြင်းရဲ့ အကြောင်းတပါး။

(၄) ဇူတပ္ပမာဒဋ္ဌာနာနုယောဂေါ ဘောဂါနံ အပါယမုခံ။

ဇူတပ္ပမာဒဋ္ဌာနာနုယောဂေါ၊ သတိကင်းလွတ် မေ့လျော့ခြင်းရဲ့ အကြောင်းလို့ ခေါ်ဆိုရပေသော ကြွေအံ လောင်းကစား၌ အဖန်ဖန် ကြိုးကုတ်အားထုတ်ခြင်းသည်။ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့၊ အပါယမုခံ၊ ပျက်စီးခြင်းအကြောင်းတရား ပါပေတည်း၊

နံပါတ် (၄) လောင်းကစား ၊ ရိုက်စား လှည့်ကျူးခြင်း၊ ဖဲရိုက် ဂျင်လုံး၊ ကြွေအံလောင်းကစားလွန်ကျူးခြင်းဟာလဲ စီးပွားဥစ္စာ ပျက်စီးခြင်းရဲ့ အကြောင်းတပါး၊

(၅) ပါပမိတ္တာနုယောဂေါ ဘောဂါနံ အပါယမုခံ၊

ပါပမိတ္တာနုယောဂေါ၊ မိတ်ဆွေယုတ်တို့နှင့် ပေါင်းဘော်မှုဝယ်ယှဉ်ဝဲ့ နေရခြင်းဟာလဲပဲ၊ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့။ အပါယမုခံ၊ ပျက်စီးခြင်းအကြောင်းတရားပါပေတည်း။

နံပါတ် (၅) ယုတ်မာတဲ့ မိတ်ဆွေနှင့် ပေါင်းသင်းခြင်းဟာလဲ စီးပွားဥစ္စာပျက်စီးခြင်းရဲ့ အကြောင်းတပါး။

(၆) အာလဿာနုယောဂေါ ဘောဂါနံ အပါယမုခံ။

အာလဿာနုယောဂေါ၊ ပျင်းရိမှုမှာ အဖန်ဖန်အားထုတ်နေတဲ့ ပုဂ္ဂိုလ်သည်။ (ဝါ) ပျင်းရိတဲ့ သဘောတရားသည်။ ဘောဂါနံ၊ စီးပွားဥစ္စာတို့ရဲ့။ အပါယမုခံ၊ ပျက်စီးခြင်းရဲ့ အကြောင်းတရားပါပေတည်း။

နံပါတ် (၆) ပျင်းရိခြင်းဟာလဲ စီးပွားပျက်ခြင်းရဲ့ အကြောင်းတပါး။

ယခုစဉ်ပြီးပြလိုက်တာ ၆-ခုရှိသွားပြီ၊ ယခင်တရားပွဲ ဟောခဲ့တာက ပါပကမ္မတရား ၄ ပါး + အဂတိတရား ၄ ပါးနဲ့ နှစ်ရပ် ပေါင်းတော့ ၈ ခု။ ယခုစဉ်ပြီး ဟောလိုက်တဲ့ ဘောဂါအပါယမုခ ၆ ခုနှင့်ပေါင်း လိုက်ယင် ၁၄ ပါး၊ ဒါကို စုဒ္ဒသ ပါပကမ္မ= တဆယ့်လေးမျိုးသော ယုတ်မာတဲ့ တရားတွေတဲ့။

သိင်္ဂါလအား ဆဒိသာရဲ့ ရှေ့နားကဘုရားမိန့်ကြားတယ်။ ဒီလိုမာတိကာ ၆ ခု စဉ်ပြီးတဲ့အခါမှာ ထိုမာတိကာ ၆ ပါးကို ထပ်ပြီးတော့အနည်းငယ် ဘုရားရှင်ကိုယ်တော်မြတ်က နိဒ္ဒေသအနေနှင့် ဖွင့်ဆိုပြလို့ရှိ-

## သုရာမေရယကံ၏ အပြစ် ၆ ပါး

ဆ ခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ သုရာ မေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ၊ သုရာမေရယ လုပ်ငန်း၌အဖန်ဖန် အားထုတ်လေ့လာလိုက်စားပြီးတော့ ကြိုးကုတ်အားထုတ်နေခြင်း၌။ အာဒီနဝါ၊ အပြစ်တို့သည်ကား။ ဆ၊ ခြောက်ပါးတို့ပါတည်း။

ဘောဂအပါယမုခ ၆ ပါး စဉ်ထားတာကို မှတ်မိပါစေ။ အဲဒီ ၆ ခုကို တခုတခုလျှင် အပြစ်ခြောက်မျိုးစီ ထပ်ပြတယ်၊ စဉ်ထားတာက မာတိကာ ၆ ပါး၊ အဲဒီတခုကိုအပြစ် ၆ ပါးဆိုတော့ ခြောက်×ခြောက်လီ ၃၆ ပါးဖြစ်သွားတယ်။

ဒီတော့ ဒီကနေ့ညတရားဟာ "ဆဘောဂအပါယမုခ" ဆိုတာက ပါဠိတော်ရဲ့အမည်အတိုင်း သိင်္ဂါလောဝါဒသုတ္တန်ရဲ့ တစိတ်တဒေသ။

သုရာမေရယ လိုက်စားလွန်ကျူးခြင်းကြောင့် ဖြစ်လာတဲ့မကောင်းတရား ခြောက်ပါးကို၊ ဘုရားရှင်ကိုယ်တော်မြတ်က သေရည်သေရက် သောက်စား၊ လိုက်စား လွန်ကျူးခြင်းလုပ်ငန်း၌ (ဝါ) ပျင်းရိခြင်း၊ မေ့လျော့ခြင်း၊ မိုက်မှားပျက်စီးခြင်းရဲ့ အကြောင်းလို့ ခေါ်ဆိုအပ်သော သုရာမေရယကို လိုက်စား လွန်ကျူး အဖန်ဖန် အားထုတ်ခြင်း သုရာမေရယ လုပ်ငန်း၌ အပြစ်တရားဆိုတာ ၆-ပါးရှိတယ်။

'သုရာ' ဆိုတာ လွယ်လွယ်လေး ပြောရင် ချက်သားတာတွေ၊ 'မေရယ' ဆိုတာ ပိမ့်ထားတဲ့ဥစ္စာ၊ နှစ်ခုစလုံး ချက်ထားတာ လဲမူးတာပဲ၊ စိမ်ထားတာလဲ မူးတာပဲ။ ဒီကနေ့ကျတော့ ခေတ်မီနည်းမျိုးစုံနဲ့ ချက်ပြီးတော့ထားလိုက်တာ၊ ဖြူဖြူဖွေး ဖွေးကလေး ကုံလေးတွေကျနေတာပဲ၊ ချက်ထားတာ ခေတ်မီနည်းမျိုးစုံနဲ့ ချက်တားတာ၊ လောကကြီး ကော်လေလက် ပျက်စီးဘယ်ကိုဘာကြည့်။

## သုရာမေရယကြောင့်ပျက်စီးမှုများ

(၁) သန္ဒိဋ္ဌိကာ ဓနဇာနိ။

(၂) ကလဟပ္ပဝဍ္ဍနီ။

(၃) ရောဂါနံ အာယတနံ၊

(၄) အကိတ္တိ သဉ္ဇနနီ။

(၅) ကောပိနံ နိဒံသနီ။

(၆) ပညာယ ဒုဗ္ဗလိကရဏီတွေဝ ဆဋ္ဌံ ပဒံ ဘဝတိ။

ဣမေ ခေါ ဂဟပတိပုတ္တ ဆ အာဒီနဝါ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ၊ သုရာမေရယလုပ်ငန်း၌ အဖန်ဖန်လိုက်စားကျူးလွန်ခြင်းဆိုတဲ့ သုရာမေရယလုပ်ငန်း၌။ ဣတမာနိ ဆ အာဒီနဝါ၊ အဘယ်အပြစ်တရား ၆-ပါးတို့နည်းဟူမူကား။

(၁) သန္ဒိဋ္ဌိကာ၊ ကိုယ်တိုင် ဤဘဝ၌ကြုံတွေ့ရသော။ဓနဇာနိ၊ ဥစ္စာပစ္စည်း၏ ဆုံးရှုံးခြင်းသည်လည်းကောင်း။

သုရာမေရယက မကောင်းမှုကြောင့် ပျက်စီးရတဲ့ နံပါတ် (၁) မကောင်းကျိုးက ဥစ္စာစီးပွားပျက်စီးရခြင်း။ သုရာ=ချက်ထားတာကို မူးအောင်သောက်ကြတယ်။ မေရယ=စိမ်ထားတဲ့အရာတွေကို မူးအောင်ဟဲ့ ဆိုပြီးသောက်ကြတယ် ရှုကြတယ်။ ခေတ်မီတဲ့ နည်းတွေနဲ့ဆိုတော့ ဒီကနေ့ အသားထဲ အကြောထဲထိုးပြီးတော့ ထည့်ကြတယ်။ ဆေးလိပ်ထဲ ထည့်ပြီးတော့ သောက်ကြတယ်။ အဲဒါလို စားသောက်သုံးဆောင်ခြင်း သုရာမေရယအမှုကို တနည်းနည်းနဲ့ ကျူးလွန်နေကြတာ။

ဥပမာဆိုယင်ဖြင့် ဘုန်းကြီးတို့ ဘီပီအိုင်ကထုတ်လိုက်တဲ့ ဘာမိတ္တန်ထဲမှာ မူးယစ်စေတတ်တဲ့အရာ ပါတယ်၊ ကိုဒါနင်ထဲမှာလဲ ပါတယ်၊ နိုင်ငံခြားကလာတဲ့ ဗီလီရန်တို့ထဲမှာလဲပါတယ်၊ အဲဒါကြပ်ကြပ်စားယင် ဒီပုဂ္ဂိုလ် ဒါလေးမှမစားရယင် အိပ်လို့ကိုမရချင်ဘူး၊ ဒါစားလိုက်တော့

ဘာဖြစ်သလဲဆိုယင် မှိန်းပြီးဟန်ကျသွားတယ်၊ ဒီထဲမှိန်းလို့ကောင်းတဲ့ အရာဝတ္ထု ထည့်ထားတာကို၊ နိုင်ငံခြားကလာတဲ့ တချို့စီးကရက်တွေထဲလဲ ပါတယ်။ မူးယစ်စေတဲ့အရာတွေ ထည့်ထားသဖြင့် ခေတ်မီ စီးကရက်သောက်တဲ့သူတွေ သတိထားဖို့ ကောင်းတယ်၊ ဒီတော့ ဒီကနေ့ခေတ် ခေတ်မီလူချီရဲ့ဆိုပြီး အမျိုးသမီးတွေကော၊ အမျိုးသားတွေကော၊ ခေတ်မီပညာတတ်ပုဂ္ဂိုလ်တွေကော၊ လူကုံတန်တွေကော၊ ကြွယ်ဝတဲ့လူကုံတန် သားသမီးတွေကော ဒါမျိုးတွေ ပိုပြီးလိုက်စားတဲ့ အပိုင်းကို ရောက်လာတယ်။

မြန်မာပြည် ရာဇဝတ်မှုသမိုင်းကို ပြန်ကြည့်မယ်ဆိုယင် ၆၅ ရာခိုင်နှုန်း ရာဇဝတ်မှုတွေဟာ မူးလို့ဖြစ်တာချည်းပဲ၊ ဒါက ရဲစခန်း သွားမေးကြည့်ယင် ပိုသိမယ်။ ဒီတော့ မူးတဲ့အရာဝတ္ထုတွေဟာ တိုင်းပြည်ကို ဘယ်လောက်ဒုက္ခပေးသလဲဆိုယင် လူမျိုးအညွန့်တုံးအောင် ဒုက္ခပေးတယ်။ ဟီးရိုးအင်းယှို့မခေါ်တဲ့ အဲဒီနံပါတ်(၄)ဘိန်းဖြူ ကျကျနန စွဲသွားပြီဆိုတဲ့ ယောကျ်ားကလေး၊ ကျကျနနစွဲသွားပြီဆိုတဲ့ မိန်းကလေးဟာ လူ့ဘဝမှာ တခါထဲ ဆုံးရှုံးပျက်ပြားတဲ့ အဖြစ်ကို ရောက်ဘာ ရန်ကုန်ကလူတွေ ပိုသိတယ်။

''မှန်ပါဘုရား''

### လွတ်လပ်ရေးလဲဆုံး လူမျိုးပါပြုန်းမယ့် စစ်ဆင်ရေး ကြီး

တနိုင်ငံနဲ့တနိုင်ငံ စစ်ပွဲဆင်နွှဲ တိုက်ကြတယ်ဆိုတဲ့ နေရာမှာ လေယာဉ်ပျံတွေနဲ့ ဗုံးတွေနဲ့ စက်သေနတ်တွေနဲ့ ဒီလိုဝင်တိုက်မှ စစ်တိုက်တယ်လို့ မသင်နဲ့။ နိုင်ငံကြီးတခုက နိုင်ငံငယ်တခုဝင်ကျူးကျော်တယ်ဆိုတာ ဗုံးတွေ စက်သေနတ်တွေနဲ့ဝင်တိုက်မှ စစ်ပွဲလို့ခေါ်တာ မဟုတ်ဘူး၊ စစ်အေးနည်းနဲ့ တိုက်နေကြတာ။ ယခုလို ဘိန်းဖြူတွေသွင်းလွတ်နေကြဘာ စစ်အေးနည်းနဲ့ တိုက်နေကြတာ။ ဒါတွေကို ခေတ်မီတယ်ထင်ပြီး ဒီကနေသုံး၊ ဟိုကနေထုတ်လုပ်၊ ဒီတိုင်းပြည်ထဲရောက်တော့ ခေတ်မီသူ့ရဲ့ သားသမီးမှန်သမျှ ဒါတွေကို အသားထဲအမျိုးမျိုးထိုးကြ ရှူကြ စွဲပြီဆိုတော့မှ၊ ချွတ်မရဘူးဆိုတော့မှ ဒီယောကျ်ားကလေးဟာ တိုင်းပြည် အတွက် ဘာမှ အသုံးမဝင်တော့ဘူး။

အိမ်ရှိတဲ့ပစ္စည်းတွေလဲ အကုန်ကုန်၊ မိဘနှစ်ပါး စိတ်နှလုံးပူလောင်၊ မိန်းကလေးများဆိုယင်လဲ တိုင်းပြည့်ရဲ့ ကာကွယ်ရေး ရိုင်ဖယ်တလက် တောင် မထမ်းနိုင်တော့ဘူး။ ကိုယ့် ပုဆိုးတောင်မှ ကိုယ်မနိုင်ဘူး၊ ပုဆိုးဝတ်ပုံကိုက အားယူပြီးတော့ဝတ်ရတယ်၊ ဒါဟဲ့သွာ ပြီဆိုတဲ့ ပုဂ္ဂိုလ် ပျက်စီးသွားပုံတွေ။ ဒီလိုပုဂ္ဂိုလ်တွေ တိုင်းပြည့် တနေ့ဘနေ့ များလာပြီ ဆိုတဲ့ အချိန်ကျယင် တိုင် ပြည်ရဲ့စီးပွားရေးကိစ္စမှာလဲ ဘာမှ အသုံး မဝင်၊ တိုင်းရေးပြည့်ရေး ဝန်ထမ်းကိစ္စမှာလဲ အသုံးမဝင်၊ စစ်ရေးနှင့် ကြုံ လာလျှင် ပိုဆိုးလိမ့်မယ်၊ အဲဒီအချိန်ကျယင် သူများက ကိုယ့်တိုင်း ပြည်ရဲ့ လွတ်လပ်ရေး အလကားယူသွားမှာ။

ဒါကြောင့် လူမျိုးအညွန့်ပါတုံး၊ တိုင်းပြည့် လွတ်လပ်ရေးပါဆုံးတဲ့ အခြေအနေရောက်အောင် လိမ္မာပါးနပ်တဲ့ ပုဂ္ဂိုလ်တစု ပုဂ္ဂိုလ်တွေက ဒီအခြေအနေရောက်အောင် သွင်းပေးနေတာ၊ ဒီကလူတွေက အဟုတ် ထင်ပြီး ခေတ်မီတယ်ထင်ပြီးတော့ သုံးစွဲနေကြယင် လူမျိုးပါဆုံး၊ ဘာသာရေးပါပျက်ပြား၊ ယဉ်ကျေးမှုပါပျက်ပြား၊ တိုင်းပြည့်ထူထောင် ရေးအတွက်လဲ တဖြေးဖြေးနဲ့ အဘက်ဘက်က နစ်နာလာမယ်။

## တရုတ်ပြည် ဘိန်း စစ်ပွဲကြီး

ဘုန်းကြီးတို့ပရိသတ် လွန်ခဲ့တဲ့ နှစ်တော်ဒတော်ကြာ၊ ဒုတိယကမ္ဘာ စစ်ကြီး ပတ်ဝန်းကျင် မတိုင်ခင်လေးမှာကြည့်၊ တရုတ်ပြည်မှာ ဘိန်းစစ် ပွဲခယ်လို့ အကြီးအကျယ်ဖြစ်ခဲ့တယ်။ ဘိန်းစစ်ပွဲခယ်လို့ နာမယ်ကို ပေး ယူရတယ်၊ တရုတ်လူမျိုးတွေတင် ဘိန်းစားပြီး ဘာမှမလုပ်ပဲ မှိန်းနေကြ တယ်။အဲဒီ ဘိန်းတွေဟာ ဘယ်ကလာသလဲဆိုတော့၊ ဟို ဥရောပနိုင်ငံကြီး တွေက လာတာ၊ ဥရောပနိုင်ငံကြီးတွေက လူတွေက ပို့လွှတ်လိုက်တာ။

တရုတ်ပြည်မှာ လူတွေ ဘိန်းစားတွေချည်းဖြစ်ကုန်တော့ မဖြစ်ဘူးခြ ဘူးဆိုပြီး အဲဒီမှာ တော်လှန်ရေးတွေကို ဒေါက်တာဆွန်ယက်ဆင်တို့က စပြီး လုပ်လိုက်ကြတယ်။ နောက်ဆုံးကျတော့ တရုတ်ပြည်တပြည်လုံး မော်စီတုန်းလက်ထဲ ရောက်လာတာပဲ၊ အဲဒီမှာကျတော့ ဘိန်းစားတွေ ထွက်ပြေးကြတယ်၊ ဒီကနေ့ အဲဒီရောဂါ မြန်မာပြည်ထဲ ကူးလာတယ်၊ လောကပျက်စီးခြင်းရဲ့ အကြောင်းတရားမှာ ဒီမူးယစ်စေတတ်တဲ့ အရာ ဝတ္ထုဟာ ထိပ်တန်းပဲ။

### သုရာမေရယရဲ့ မကောင်းကျိုး ၆-မျိုး

(၁) သန္ဒိဋ္ဌိကာ မျက်မှောက်ဘဝမှာလဲ။ ဓနဇာနိ၊ ဥစ္စာဆုံးရှုံး ပျက်ပြားနိုင်တဲ့ တရား။

(၂) ကလဟပ္ပဝဍ္ဎနီ၊ ခိုက်ရန်ငြင်းခုံ ဖြစ်တတ်တဲ့တရား။ ခိုက်ရန် ငြင်းခုံ ဖြစ်တတ်တဲ့အရာဝတ္ထု။

(၃) ရောဂါနံ အာယတနံ၊ ရောဂါတွေကိုလဲ ဖြစ်စေတတ်တဲ့၊ အရာဝတ္ထု။

(၄) အကိတ္တိသဉ္ဇနနီ၊ မကောင်းတဲ့ သတင်းတွေကိုလဲ ဖြစ်စေ တတ်တဲ့ အရာဝတ္ထု။

(၅) ကောပိနနိဒံသနီ၊ အရှက်အကြောက်ကို ဖြစ်စေတတ်တဲ့ ဖုံးလွှမ်းတတ်တဲ့ အရာဝတ္ထုတွေကို ဖွင့်၍ ပြတတ်တဲ့ အရာ ဝတ္ထု။

(၆) ပညာယ၊ ပညာကိုလဲပဲ။ ဒုဗ္ဗလိကရဏီ တွေ၊ အားနည်း အောင် ပြုလုပ်ခြင်းသာလျှင်။ ဆဋ္ဌံပဒံ၊ ခြောက်ခုမြောက် အချက်သည်။ ဘဝတိ၊ ဖြစ်ပါတော့သတည်း။

ပညာဉာဏ်ကိုလည်း အားနည်းအောင် ထုံထိုင်းအောင် ပြုလုပ်တတ် တယ်၊ ၆-ခုမြောက် မကောင်းကျိုး။

### အရက်ချက်နည်း အမျိုးမျိုး သုရာ ၅-ပါး

ပိဋ္ဌ=မုန့်မှုန့်လေးတွေနဲ့လဲ ချက်ပြီး မူးယစ်စေတတ်တဲ့ အရာဝတ္ထု ဖြစ်တယ်။

ပူဝ=မုန့်တွေနဲ့လဲပဲ၊ ဥပမာ ပေါင်မုန့်တို့ ဂျုံမုန့်တို့နဲ့လဲ အရက်ချက် ယင် ရတယ်။

သမ္ဘာရသံယုတ္တာ=ဆိုတာက ပေါင်းတင် ချွေးလေးတွေထုတ်ပြီး တော့ ခေတ်မီဆေးနဲ့ စိမ်လိုက်ယင် အရက်စားပွဲပေါ်တွင် လွယ်လွယ် ကလေး ဖြစ်တယ်၊ ဒီလိုခေတ်မီဆေးနဲ့ ဖြစ်တဲ့အရက်။

ကိတ္တာပက္ကိတ္တာ=ခုနမုန့်မှုန့်ရယ်၊ မုန့်ရယ်၊ ဆန်ရယ်၊ အဲဒီသုံးခုရောပေါင်းပြီးမှ ချက်တဲ့အရက်။

ဩဒန=မုန့်ပဲသတ်သတ်၊ ဆန်ချည်းသတ်သတ် ချက်တဲ့အရက်ဆိုပြီးတော့ အဲဒါ သုရာငါးပါးချက်ထားတဲ့ အရက်မျိုး ငါးမျိုး။

မေရယ ၅-ပါး

ပုပ္ဖာသဝ=ပန်းကိုစိမ်ပြီးတော့ဥပမာ မယ်ဇယ်ပွင့်တွေနဲ့ချက်တဲ့ရလာတဲ့ စိမ်ရည်တမျိုး၊

ဖလာသဝ=သစ်သီးတွေကို စိမ်၊ငှက်ပျောသီးတွေကို ချဉ်အောင်ထား" အဲဒါမှရလာတဲ့ စိမ်ရည်တမျိုး၊ အဲဒါလိုရလာတဲ့ အရက်တမျိုး၊ စပျစ်သီးတွေကို စိမ်၊ အဲဒီကရလာတဲ့ အရက်တမျိုး၊ သစ်သီးကို စိမ်ပြီးတော့ မူးစေတတ်တဲ့ အရာဝတ္ထု ရလာအောင် ပြုလုပ်တတ်တယ်။

မဓွာသဝေါ=ပျားရည်ကိုလဲ ပြောင်းလဲပြီးတော့ အရက်ဖြစ်အောင် လုပ်ယင်ရတယ်။

ဂုဠာသဝ=တင်လဲတွေ၊ ထန်းလျက်တွေကိုလဲ စိမ်လိုက်ယင် အရက်ဖြစ်အောင် ယူလို့ရတယ်။

သမ္ဘာရ သံယုတ္တ=သစ်သီး သုံးလေးမျိုး စသည်နဲ့ စိမ်ထားတဲ့ အရက်။

ဒီကနေ့ခေတ်ကျတော့ ဒီနည်းထက်ပိုပြီး စုံတောင်စုံကြသေးတယ်။ အညာမှာ ဘုန်းကြီးတို့ တွေ့ဘူးတယ်၊ ထနောင်းပင်က ထနောင်းခေါက်တွေ၊ ဒီအောက်ပိုင်းကျတော့လဲ အရက်ဖြစ်အောင်ချက်လို့ရတဲ့ အရာဝတ္ထုတွေ အများကြီးရှိတယ်၊ မူးယစ်စေတတ်တဲ့ အရာဝတ္ထု၊ ထန်းပင်က ထွက်မယ်၊ ဓနိပင်ကထွက်မယ်၊ နည်းတာတွေမှမဟုတ်ပဲ။

သက်ငယ်တွေကထွက်မယ်၊ သက်ငယ်ကို ဖွဲ့လေးတွေအုံလိုက်၊ အဲဒီဖွဲ့လေးတွေကို သုံးလေးလကြာတော့ ဖယ်လိုက်ယင် အမြစ်တွေကို ဖွေးနေတာပဲ၊ ဒီအမြစ်တွေကို စုစည်းပြီးတော့ နာနာလေးစည်းပြီး၊ ဓားလေးနဲ့ ပါးပါးရိတ်ပြီး အောက်ကခံထားယင် ထွက်လာတဲ့အရည်ဟာ မူးတယ်တဲ့၊

ရန်ကုန်ကလူတွေ အရက်ချက်နည်း တွေ သင်ပေးသလိုဖြစ်နေပါပြီ၊ နည်းမျိုးကို စုံနေတာပဲ။

ပုပ္ဖာသဝ၊ ဖလာသဝ၊ မဓ္ဝာသဝ၊ ဂုဠာသဝ၊ သမ္ဘာရ သံယုတ္တ၊ စာပေက ငါးမျိုးသာ ပြောတယ်၊ ဒီကနေ့ခေတ်က ငါးမျိုးမကဘူး၊ အမျိုးငါးဆယ်ကျော်နေပြီ၊ အပွင့်မျိုးစုံလဲ အရက်ဖြစ်အောင်ထုံတယ်၊ အသီးမျိုးစုံလဲ အရက်ဖြစ်အောင် ထုံတယ်။ တင်လဲတို့၊ ကြံသကာတို့၊ ကြံရည်တို့ကိုလဲ အရက်ဖြစ်စေသတဲ့။ ကြံရည်များ အရက်ဖြစ်အောင် ကြံကြံဖန်ဖန်လုပ်လို့ရတယ်၊ ဒါတွေအကုန်လုံး ပေါင်းလိုက်စုလိုက်ယင် တရားကိုယ်က မူးစေတတ်တဲ့ အရာဝတ္ထု တခုတည်းပါပဲ။

ဆေးခြောက်ဆိုတာရှိတယ်၊ ဘိန်းရှိတယ်၊ ဘိန်းကလဲ ဘိန်းဖြူ ဘိန်းမည်း၊ ဘိန်းဖြူကလဲ နံပါတ် (၁) ကနေပြီးတော့ နံပါတ်(၅) အထိ ရှိတယ်၊ ဒီလို အဲဒါတွေကို သုံးစွဲကြခြင်းဖြင့် (၁) သန္ဓိဋ္ဌိကာ မနေဇာနီ၊ လက်တွေ့စီးပွားပျက်မှာ သေချာတယ်။

## နံပါတ်(၄)သမား တရားနာတော့

မန္တလေးမှာ ဘုန်းကြီးတို့နဲ့ရင်းနှီးတဲ့ ဒါယကာကြီး တယောက်အိမ်၊ ထိုဒါယကာကြီးက တရားပေစာ ဝါသနာပါတယ်၊ ရီကော်တာကြီးနှင့်၊ ခုနစ်လက်မခွေကြီးနှင့် ဖမ်းထားတယ်၊ တရားခွေတွေ အများကြီးပဲ၊ ဗီရိုကြီးနဲ့နှစ်လုံး၊ ပြီးတော့ သူ့သားက နံပါတ်(၄ စွဲရော၊ သူ့သားက တရားနာသလို ဘာလို့နဲ့လုပ်လိုက်တော့ အဖေက သူ့သား တော်တော် ကြည်ညိုပြီ တရားခွေ ဘညို့ထားတဲ့ ဗီရိုကြီး ဖွင့်ပေးပြီးထားတော့ သူ့သားက တရားခွေဘခွေပြီးတခွ နားထောင်ယင်း အဖေလဲလစ်ကော သူ့သားက အဲဒီတိပ်ခွေကြီးတွေ တခွေဘခွေနဲ့ ထုတ်ထုက် သွားပြီး၊ ဈေးချိုက ဆိုင်ဘော့ကိုသွားရောင်း၊ ရသမျှ နံပါတ် (၄) ချည်းအကုန် ရှူပစ်တာပဲ။

ခြောက်လလောက်လဲကြာရော ဒ်ဗီရိုကြီးတလုံးနှင့် လှောင်ထားတဲ့၊ စုဆောင်းထားတဲ့ တိပ်ခွေတွေ အကုန်လုံးကုန်သွားရော၊ အဖိုးတန်တဲ့ တရားတွေ ဒီကနေ့ခေတ် သောင်းနဲ့ချီပြီး ဝယ်လို့တောင်မရတဲ့ တရား

ခွေတွေ အကုန်လုံးကုန်ရော၊ နံပါတ်(၄)သမား ဖြုန်းပစ်တာ၊ သိပ်ကြောက်စရာကောင်းတယ်၊ စီးပွားရေးပျက်ရုံတင် မကဘူး၊ အဖိုးတန်တရားတွေပါ ဆုံးရှုံးကုန်တယ်။

သန္နိဋ္ဌိကာဓနဇာနိ-စီးပွားပျက်ခြင်း အကျိုးတရား ပြီးသွားပြီ။

## အရက်သမား ဝေးရာကရှောင်

### (၂) ကလဟပ္ပဝဍ္ဍနီ။

ကလဟပ္ပဝဍ္ဍနီ-ငြင်းခုန် ခိုက်ရန်ကိုလဲ ဖြစ်စေခြင်း သည်လည်း အကြောင်းတရားတပါး။

ခိုက်ရန်ဖြစ်မှု များတဲ့၊ မူးလာတဲ့ သူတယောက် ဒီအရပ်ထဲ လမ်းလျှောက်လာယင် ကြောက်စရာ လန့်စရာပဲဆိုပြီး ဟိုအိမ်ဒီအိမ်က တံခါးတွေ အကုန်ပိတ်ကြတယ်၊ မူးလာပြီး ဟိုဘက်လှမ်းဆဲ၊ ခဲနဲ့ပေါက်၊ ခဲနဲ့ ပစ်လိုက်သေးတယ်။ ငြင်းခုံ ခိုက်ရန်ကလဲ မဆုံးတော့ဘူးတဲ့။

ဘုန်းကြီးတို့နယ်က ဒါယကာတယောက်ရှိတယ်၊ အမည်ကကိုထွေးတဲ့၊ ဇနီးသည်ကလဲ မထွေးပဲ၊ ဒါယိကာမ မထွေးက စက်ထဲစပါးတောင်းရွက်၊ ဒါယကာ ကို ထွေးကလဲ စက်ထဲစပါးတောင်းထမ်းပြီး အလုပ်လုပ်ကြတယ်။

## အရက်မူးယင် ရန်ရှာတတ်တယ်

ညနေစောင်းလို့ အိမ်ပြန်လာကြပြီဆိုယင် ဒီဇနီးမောင်နှံ တကျက်ကျက်နဲ့ ဆူပွက်နန်ဖြစ်နေကြတယ်၊ မထွေးက ထမင်းချက်ရအောင်ဆိုပြီး အိမ်စောစော ပြန်တယ်၊ ကိုထွေးကတော့ သူ့အချိန်နှင့်သူ ကျတော့ လေးကွက်သိုင်းနင်းပြီး ပြန်လာတယ်၊ ပုဆိုးလည်ပင်းချိတ်ပြီး ပြန်လာတယ်။ အရက်အကြိုက်တွေ ဖုံးကွယ်ရမှာ မှန်းသမျှအကုန်ဖွင့်လှစ်ပြီး သူပြန်လာတယ်၊ အိမ်ဘက်ကအိမ်က သူ့မကြည့်ချင်ဘူး၊ အရက်အကြောက်နဲ့ ဖုံးကွယ်ရမှာ မှန်သမျှ သူကဖွင့်လှစ်ပြီး အရပ်ထဲပြန်ချလာတယ်၊ အိမ်ခေါင်တက်လိုက်တာနဲ့သူက ဟဲ့ငါ့အတွက်ထမင်းချက်ပြီးပြီလား ပြီးပါပြီရှင်ဆိုတော့ မူးနေတဲ့လေသံနဲ့ ဘာဟင်းတုံး၊ ဘာထမင်းတုံး၊ ဘာဟင်းပါဆိုရှင်တော့၊ ငါဒီဟင်းမျိုး မစားဘူးဆိုတာ နင်မသိဘူး

လားဆိုပြီး ထမင်းအိုး ရိုက်ခွဲပစ်တယ်၊ ပန်းကန်တွေ၊ ရေအိုးတွေ၊ မီးဖိုချောင်ထဲမှာရှိတဲ့ အိုးခွက် ပန်းကန်တွေဘာမှ မကျန်ဘူး၊ အကုန် ရိုက်ခွဲပစ်တယ်။

အဲဒီနေ့ ညနေစာ ဝယ်ကြရော၊ မထွေးကတော့ မူးတာမဟုတ်တော့ ဖြစ်သလို ကောက်ပြီးစားတယ်။ ကိုခွေးကတော့ ရိုက်ခွဲပစ်ပြီး မူးမူးနဲ့ အိပ်ရာထဲဝင်အိပ်နေတယ်၊ အမူးပြေပြီးအိပ်ရာက နိုးလာတော့၊ငါ့ထမင်း၊ ကျွေးပါအုံးဆိုပြီး လုပ်လာတယ်၊ ဘယ်ရှိတော့မလဲ အကုန်လုံးရိုက်နှက် ခွဲထားတော့ ကုန်ပြီပေါ့။

အဲဒီလိုမှ ရိုက်ခွဲစရာမရှိဘူးဆိုယင် အိမ်ရှင်မ မထွေးကိုချည်း ဖိရိုက် တော့တာပဲ၊ မထွေးကလဲ နားလည်တယ်၊ ဒီအမူးသမား ပြန်လာမယ့် အချိန်ကျ အကုန်သိမ်းထားတယ်၊ ထမင်းပွဲပြင်ထားပြီးတော့ သူကလဲ ကောက်ရိုးပုံ သွားပုန်းနေတယ်၊ အိမ်ပေါ်ရိုက်ရမယ့်လူ မရှိတော့ လှေကားရင်းကရှိတဲ့ခွေးကြီး ဖိဖိရိုက်တော့တာပဲ နောက်တော့ခွေးကြီး ကလဲ ခဏခဏ အရိုက်ခံရတော့ ဟိုလူလေးဘက်နင်းပြီး ပြန်လာယင် ခွေးကပါတော့ ကောက်ရိုးပုံပြေးတယ် အမူးသမားကို ခွေးတောင် ကြောက်ရတယ်။

အမူးသမားများကို တိရစ္ဆာန်ကတောင် ကြောက်တယ်၊ခွေးနဲ့ရန်ဖြစ်၊ ကြောင်နဲ့ရန်ဖြစ်၊ နွားနဲ့ရန်ဖြစ်၊ဘယ်သူနဲ့မှ ရန်ဖြစ်စရာမရှိယင် အိမ်နံရံ ခေါင်းနဲ့တိုက်၊ သက်ရှိသက်မဲ့အကုန်လုံးကို ရန်ပြုတယ် ခိုက်ရန်များလေ့ ရှိတယ်၊ ဒါကအိမ်တွင်းမှာဖြစ်တာ၊ အိမ်ပြင်ဘက်အရပ်ထဲရှောက်ကြည့် အမူးသမား ဝင်လာယင် အကုန်လုံးသောအလုပ်အကိုင်တွေ ပျက်၊ ရုံးထဲမှာကြည့်၊ ကျယ်တဲ့ဌာနကြီးတွေကြည့်၊ အမူးသမား ဝင်လာယင် အကုန်ပျက်ကော။

ကလဟပ္ပဝဍ္ဍနီ ငြင်းခုံ ခိုက်ရန် များကြတယ်တဲ့ အကျိုးတပါးလဲပြီး သွားပြီ။

## မူးယစ်ဆေးဝါး ရောဂါများတယ်

(၃) ရောဂါနံ့ အာယတနံ။

ရောဂါနံ၊ ရောဂါဝေဒနာတို့လဲပဲ။ အာယတနံ၊ ဖြစ်ပွားတယ် ဆိုတာကလဲ အကြောင်းတပါး။

သုံ့ရာကိုပဲသောက်သောက်၊ မေရယကိုပဲသောက်သောက်၊ တနည်းအားဖြင့် သေရည်ပဲသောက်သောက်၊ စိမ်ရည်ပဲသောက်သောက်၊ ဘိန်းဆိုတာ ဘိန်းဖြူဘိန်းမည်းကိုပဲ ခန္ဓာကိုယ်ထဲထည့်ထည့်၊ မူးတဲ့အရာဝတ္ထုကိုယ်ထဲထည့်ပါများယင် ရောဂါဖြစ်ဘယ်၊ ရောဂါဖြစ်လာပုံကဘိန်းဖြူစွဲနေတဲ့ ပုဂ္ဂိုလ်လက် နာနာစွဲယင် လက်ပြုံးပြုံးနဲ့ မြေကြီးဆွဲသလိုပြတ်ထွက်သွားတယ်၊ အရိုးအကြောတွေ မခိုင်တော့ဘူး။ နောက်ပြီးတော့စွဲလာပြီဆိုတော့ ထမင်း မစားနိုင်၊ ဟင်း မစားနိုင်၊ ရေကလေးမှမသောက်နိုင်။

ဒီအချည်လေးမှ မသောက်ရယင် မိုးလင်းယင် ဒီလူ့လက်တွေ ကတုံ့ကယင်၊ ခြေတွေကတုံကယင် ဖြစ်နေတတ်တယ်၊ တဖြေးဖြေးနဲ့အသည်းတွေ၊ အဆုတ်တွေလောင်၊ နှလုံးသားကို တေဇောဓာတ်တွေလောင်ပြီးတော့ လူဟာပိန်ခြောက်လာပြီး တဖြေးဖြေးနဲ့ လူ့ဘဝမျက်နှာလွှဲသွားကြတာချည်းပါပဲ၊ ရောဂါ ပေါင်းစုံတို့ရဲ့ အကြောင်း နှင်းသည်ဒီမူးစေတတ်ဘဲ့ အရာဝတ္ထုတွေပါပဲလို့ ဗုဒ္ဓကသိင်္ဂါလကို ဟောတယ်။

### အရှက်ကင်းပဲ မျက်နှာမလှဖြစ်တတ်တယ်

(၄) အကိတ္တိသဉ္ဇနနီ။

အကိတ္တိသဉ္ဇနနီ= ကျော်စော သတင်းတွေကို ဖျက်ဆီးခြင်းကလဲအကြောင်းတပါး။

မကောင်းတဲ့ သတင်းတွေကိုလဲ ဖြစ်စေတတ်တဲ့ မူးသာတဲ့ပုဂ္ဂိုလ်ရဲ့သတင်း အရပ်ထဲကောင်းတဲ့သတင်းမလာပဲ၊ မကောင်းတဲ့သတင်းတရပ်အထွက်များတယ်။ အရပ်ထဲမှာ အရက်ပဲ သောက်သောက်၊ စိမ်ရည်ပဲသောက်သောက်၊ ဘိန်းပဲရှူရှူ၊ ဒီလူ့သတင်းဟာ ဘယ်တော့မှ ရိသတ်အလယ်မှာ မျက်နှာလှဘူးဖြစ်နေတယ်။

မကောင်းသတင်း ကျော်စောခြင်းဆိုတာက အကျိုးတရားတပါးပြီးသွားပြီ။

(၅) ကောပိနနိဒံသနီ။

ကောပိနနိဒံသနီ၊ အရှက်အကြောက်တွေကို ဖုံးကွယ်ထားတဲ့အရာဝတ္ထုတွေကို ဖွင့်လှစ်ပြသတတ်သည်။ ဟောတိ၊ အကျိုးတပါးဖြစ်၏။

အရှက်အကြောက်အတွက် ဖုံးကွယ်၍ထားရမှာ၊ အဲဒီအမူးသမား ဟာ အကုန်လုံးဖွင့်ပြီး ပြတတ်သတဲ့၊ သိပ်ကြောက်စရာကောင်းတယ်၊ အရှက်မရှိ၊ အကြောက်မရှိ ပုဆိုးလည်ပင်းသိုင်းပြီးတော့ လူစင်စစ်က အရူးဖြစ်ရတာ၊ မူးလို့ဖြစ်တာတဲ့။

အရှက်အကြောက်မရှိခြင်းသည် အကျိုးတရားပြီးသွားပြီ။

**(၆) ပညာယဒုဗ္ဗလီကရဏီတွေဝ ဆဋ္ဌံပဒံ ဘဝတိ။**

**ပညာယ ဒုဗ္ဗလီကရဏီ၊ ပညာဉာဏ်ကိုလည်း အားနည်းအောင် လုပ်တတ်သည်။ ဟောတိ၊ အကျိုးတပါး ဖြစ်၏။**

အသိဉာဏ်ကိုလဲ ထုံထိုင်းသွားအောင် လုပ်တတ်တယ်၊ မူးယစ်နေတဲ့ သူဟာ လောကီ အသိဉာဏ်လဲ ပျက်စီး၊ လောကုတ္တရာ အသိဉာဏ်ဆို တာ ဝေလာဝေး၊ မူးတဲ့ ပုဂ္ဂိုလ် စာသင်လို့မရဘူး၊ အတွေး အခေါ် တွေပါ ပျက်စီးနေတယ်၊ ကြီးကျယ်တဲ့ အရေးကြီးတဲ့ နေရာတွေ ဒီ အမူးသမား ထားယင် အကုန်လုံး ပျက်စီးကုန်မှာပဲ၊ လောကီမှာ ရှိတဲ့ တတ်တဲ့ ပညာတွေလဲ ပျက်စီးခေါင်းပါးပြီး၊ လောကုတ္တရာ ပညာ ဆို တာ ဝေးပါလိမ့်မယ်တဲ့။

## သာဂတမထေရ်

ဗုဒ္ဓဘုရားရှင် လက်ထက်က သာဂတမထေရ် ဆိုတာ အံ့သြစရာပဲ၊ ဘုရားရှင် ကိုယ်တော်မြတ် စေတီယတိုင်း ဒေသစာရီလှည့်စဉ်၊ ဘဒ္ဒဝတိကာ ဆိုတဲ့ ရွာတရွာ ရောက်တော့ ဘုရားရှင် ကိုယ်တော်မြတ် ခရီးနားနေစဉ် ရွာသူရွာသားတွေက ဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်၊

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ဟိုရှေ့နားမှာအမ္ဗတိတ္ထဆိုတာ ရှိပါတယ် ဘုရား၊ (မြစ်ကမ်းပါးက သရက်ပင်ဆိပ် သရက်ပင်ဆိပ်ကမ်း ဆိုကြပါစို့)၊ အဲဒီကို မြတ်စွာဘုရား မကြွပါနဲ့၊ ဘာကြောင့်လဲဆိုယင် ရသေ့တယောက်ရဲ့ သင်္ခမ်းကျောင်း မီးတင်းကုပ်ရှိတယ်၊ အဲဒီ မီးတင်းကုပ်ထဲမှာ တန်ခိုးကြီးတဲ့ နဂါးတကောင် ရှိတယ်ဘုရား၊ အဲဒီနဂါးတကောင်ဟာ လာသမျှ လူတွေကို နှိပ်စက် သတ်ဖြတ်ကြောင်းပါ ဘုရား"

မြတ်စွာဘုရားကြွယင် ၄င်းနဂါးကန္နိပ်စက်ညှင်းပန်းမှာစိုးလို့ ဘုရားမကြွပါနဲ့လို့ တားမြစ်တယ်၊ ဘဒ္ဒဝတိက ရွာသားတွေ ဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်ကြတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဘာမှမပြောပဲ ဆိတ်ဆိတ်နေတယ်။ ...းကြိမ် တိုင်အောင် လျှောက်တယ်၊ မြတ်စွာဘုရားက ဘာမှ ဆမိန့်မရှိဘူ ။

ထိုရွာသားတွေပြန်သွားတဲ့ အခါမှာ ဘုရားအနီး မှာ ရှိနေတဲ့ ရဟန်းတော် တပါးက သာဂတမထေရ်၊ သူက ပုထုဇဉ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဘာမှမရသေးဘူး၊ ထိုသာဂတမထေရ်က သမထ အလုပ်မှာတော့ ခရီးတော်တော်ရောက်လို့ အဘိညာဉ် ရထားတယ်၊သောတာပန်လောက် မဖြစ်သေးတဲ့ သာဂတမထေရ်က အဘိညာဉ် ရထားတော့ အဘိညာဉ် တန်ခိုးက ရှိသေးတာကိုး၊ မြတ်စွာဘုရား-အဲဒီနဂါး တည့်တော် သွားနှိပ်နင်းမယ်လို့ လျှောက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က ခွင့်ပြုလိုက်တယ်။

ရသေ့ကြီးရဲ့ သခ်မ်းကျောင်းမီးတင်းကုပ်ကို သာဂတမထေရ် သွားလေရော၊ ထိုနဂါးကြီးနေတဲ့ မီးတင်းကုပ်ထဲ ဝင်သွားပြီး တင်ပလ္လင်ခွေထိုင်ပြီး သာဂတမထေရ် အဘိညာဉ် ဝင်စားပြီး နေတယ်၊ တော်တော်လေးလဲကြာကော မီးတင်းကုပ်ထဲကနဂါး ဘွားကနဲ ပေါ်လာပြီး 'ဒီရဟန်း ငါ့ဗိမာန်ထဲ ဘာလုပ်နေသလဲ' ဆိုပြီးအခိုးနဲ့မှုတ်လွှတ်တယ်၊ နဂါးကအခိုးတွေလွှတ်တဲ့အချိန်မှာ သာဂတမထေရ်က အဘိညာဉ် တန်ခိုးနဲ့ အခိုးတွေပြန်လွှတ်တယ်၊ မီးတင်းကုပ်ထဲ ပိန်းပိတ်အောင် မှောင်ထနေတာပဲ။

## သာဂတမထေရ် နဂါးရန်ကိုအောင်မြင်ခြင်း

နောက်တခါ နဂါးက 'ဒီကိုယ်တော် အခိုးလွှတ်လို့တော့ မဖြစ်ဘူး၊ မီးလျှံလွှတ်မှပဲဆိုပြီး မီးလျှံတွေလွှတ်တာ၊ မီးတွေကို ရဲရဲတောက်နေတာပဲ၊ သာဂတမထေရ်က နဂါးထက်နှစ်ဆ ပိုမိုပြင်းထန်တဲ့မီးလျှံတွေ လွှတ်တော့ နဂါးကြီးလဲ မီးလောင်ပြီး ထွက်ပြေးရော၊ နဂါးကြီး ထွက်ပြေးတော့၊ ရသေ့ကြီးနဲ့ ထိုသရက်ပင်ဆိပ်ရွာက ဒါယကာ-ဒါယိကာမ တွေက 'ဟာ- ရှင်သာဂတ နဂါးကြီးနှိပ်နင်းနိုင်တယ်' ဆိုပြီးတော့ တန်ခိုး

ကြီးပါပေတယ်၊ တအံ့တသြ လက်ခုပ်သြဘာနဲ့ သာဓု မခေါ်ပဲ ချီးကျူးကြတယ်။

ရှင်သာဂတ နဂါးနှိပ်နင်းတာကို လက်ခုပ်သြဘာ ပေးတော့မှာပေါ့ စဉ်းစားကြည့်ကြလေ၊ နဂါးက အခိုးလွှတ်တော့ သူကလဲ အခိုးလွှတ်တယ်၊ နဂါးက မီးလျှံတွေလွှတ်တော့ သူကလဲ ပိုမိုပြင်းထန်တဲ့ မီးလျှံတွေ လွှတ်တယ်လေ၊ ဒီလိုမီးတွေ၊ ရေတွေ၊ အခိုးတွေ လွှတ်ပြတယ် ဆိုတော့ မျက်လှည့်ပြသလို ဖြစ်နေတာပေါ့၊ ဒီလိုအစွမ်းသတ္တိလေးတွေ ပြနေတာကို လူတွေက သာဓု မခေါ်ပဲ၊ လက်ခုပ်သြဘာ ပေးပြီး ပုဆိုးတွေ၊ ခေါင်းပေါင်းတွေ မြှောက်ပြီး ကောင်းချီး ပေးကြတယ်၊ ရှင်သာဂတမီးတင်းကုပ်ကထွက်တော့ အဲဒီလူတွေတအုပ်ကြီးနောက်က လိုက်လာတယ်။

မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ထံ ရောက်တော့ 'မင်းနဂါး နှိပ်နင်းပြီးပြီလား'၊ 'ပြီ စီးပါပြီဘုရား' ဆိုတော့ လာ ခရီး ဆက်ထွက်မယ် ဆိုပြီး ထွက်သွားတော့ ရှင်သာဂတမထေရ်နောက်ကပါသွားတယ်။

## ရှင်သာဂတမထေရ်အား အနက်ဖြင့်ပူဇော်ဆက်ကပ်ခြင်း

စေတိယဘိုင်းကို ဘုရားရှင်ကိုယ်တော်မြတ် ခရီးဆက်လက်ထွက်သွားလို့ ဘုရားရှင် ကိုယ်တော်မြတ်လဲ ရောက်ရော၊ ရောက်တဲ့အခါ နောက်က ရှဘ်ရှတ်သဲသဲနှင့် လိုက်လာကြတဲ့လူတချို့ မြို့ထဲဝင်ပြီး၊ စေတိယဘိုင်းက လူတွေကို လျှောက်ပြီးပြောတော့တာပဲ။

''သာဂတဆိုတဲ့ကိုယ်တော်ဟာ သိပ်တန်ခိုးကြီးတဲ့ကိုယ်တော်၊ ဘယ်လိုတန်ခိုးကြီးသလဲ၊ တို့သရက်ပင်ဆိပ်က နဂါးကို ဒီကိုယ်တော်နှိပ်နင်းသွားတာ၊ သူက နဂါးနှင့်အပြိုင်အခိုးအလျှံတွေလွှတ်၊ မီးလျှံတွေလွှတ်တော့ နဂါးထွက်ပြေးသွားရတယ်''လို့ နောက်က လိုက်လာတဲ့သူတွေက မြို့ထဲရောက်ကြွေးကြော်တယ်၊ ရှင်သာဂတနောက် လူတွေက ရှဘ်ရှတ်ရှတ်ရှတ်နဲ့လိုက်ကြတယ်။

အဲဒီတော့ မြို့ကလူတွေက ရှင်သာဂတ ကြည်ညိုလှချည်ရဲ့ ဆိုပြီး ''အရှင်ဘုရား ဒီနဂါးနှိမ်နင်းတဲ့ အရှင်ဘုရားရဲ့ တန်ခိုးကို ပူဇော်လို၍၊ အမြတ်ဆုံးပူဇော်နည်းနဲ့ ပူဇော်ရန်၊ ဘာပူဇော်ရမလဲ ဆိုတာ အရှင်

ဘုရား၊ အမိန့်ရှိမှပေါ့'' လုပ်ကြရော၊ ရှင်သာဂတက ဘာမှမပြောဘူး၊ ရှင်သာဂတ ဘာမှမပြောတော့ ကြာထဲက ဆဗ္ဗဂ္ဂီကိုယ်တော်တွေ ဝင်ပြောတယ်။

ဆဗ္ဗဂ္ဂီ ဆိုတာ ၆-ဦးအစု ကိုယ်တော်တွေပေါ့၊ အဲဒီ ကိုယ်တော်တွေက ဒီလောက်တန်ခိုးကြီးတဲ့ ရှင်သာဂတဘကို ပူဇော်ပွဲ လုပ်မယ်ဆိုယင် ရိုးရိုး ပူဇော်ပွဲတော့ မကျနပ်ဘူး၊ လောကမှာ ထိပ်တန်းအကျဆုံး ပူဇော်ပွဲဖြစ်တဲ့ ကာပေါတကိတ-သုရာနဲ့ ပူဇော်ရမယ် ပြောတာ။

''ကာပေါတကီတသုရာ'' ဆိုတာ၊ ကာပေါတ ဆိုတာ-ခို့ရဲ့ ခြေထောက်မှာရှိတဲ့ နီထွေးထွေး အရောင်ကလေးတွေ၊ အဲဒီ အရောင်ရှိတဲ့ ကာပေါတ ပါဒ-ခိုခြေအဆင်းရှိသော အရက်ဖြင့် ကိုယ်တော်ကို ပူဇော်ရမယ်၊ ခိုခြေအဆင်းရှိတဲ့ အရက်ဆိုတော့ ရန်ကုန်က လူတွေကတော့ နားလည်မှာပေါ့၊ တော်တော် အဆင့်အတန်းမြင့်တဲ့ နိုင်ငံခြား အရက်နေမှာ။ အဲဒါမှုးအောင် ဒီလူတွေ ကြံဖန်ပြီးသောက်ကြတယ်၊ သောက်မှာပေါ့ လယ်တီဆရာတော်ဘုရားထံ အရက်ဖြတ်မယ့် ဒါယကာတဦးလို၊ လယ်တီဆရာတော်ဘုရားက ဒါယကာကြီးတယောက် အရက်သောက်တော့ တရားဟောပြီး အရက်ဖြတ်ခိုင်းတယ်၊ ''ဒါယကာကြီး အရက်မကောင်းပါဘူး၊ မကောင်းတရားတွေရှိတယ်''ဆိုတော့ ''ဟောတော်မူပါဘုရား''ပေါ့။

လယ်တီဆရာတော်ဘုရားက စူဠကမ္မဝိဘင်္ဂသုတ္တန်မှာလာတဲ့ အရက်သောက်ခြင်း မကောင်းအပြစ်တွေ ဟောတယ်၊

''သေရည်သောက်လင့်၊ သင့်မသင့်၍၊ ရေခွင့်မသိ၊ ပြင်ရိုးမှုရှုး၊ ဟိရိဩတ္တပ်ကင်း၊ ခပင်းမျှသထို၊ အကုသိုလ်ကို၊ မပြုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခွာပြန်ကာ အကျိုးတည်း''

သေရည်သောက်လို့ မူးပြီဆိုလျှင် သင့်တော်တယ်၊ မသင့်တော်ဘူး မသိတော့ဘူး၊ ကောင်းတယ် ဆိုးတယ် မသိတော့ဘူး၊ အရေးအရာကောင် စွာနားမလည်တော့ဘူး၊ ကောင်းကျိုးဆိုးကျိုး ဘာမှနားမလည်တော့ဘူး၊ ပျင်းတယ်၊ မေ့တယ်၊ ရူးတယ်၊ ဟိရိဩတ္တပ္ပတရားတွေ ကင်းသွားတယ်၊ အရှက်အကြောက်မရှိတော့ဘူး။

## ရှင်သာဂတမထေရ် အရက်မူးလဲနေခြင်း

ယခုလဲ သာဂတမထေရ်ကို သကြန်တွင်း သိကြားမင်း ကြိုသလို ရှင်သာဂတ ပူဇော်ရန်ဆိုပြီး၊ အိမ်တိုင်း အရက်အိုးတွေ စီဘည်ထားပြီးတော့ "ကိုင်းအရှင်ဘုရား၊ အရှင်ဘုရားရဲ့ တန်ခိုးကို ကြည်ညိုလို့ တပည့်တော်များ အရက်နှင့်ပူဇော်ပါတယ်၊ ဘုဉ်းပေးတော် မူပါဘုရား" ဆဗ္ဗဂ္ဂီကိုယ်တော်တွေကလဲ မြှောက်ပေးလိုက်တာပဲ၊ ရှင်သာဂတ မထေရ်ကလဲ ဘုဉ်းပေးလိုက်တာပဲ။

ဆွမ်းခံသွားယင်းနဲ့ တအိမ်တခွက် နည်းနည်းချင်း မြိုထဲးလျှက်ပြီးတော့ သောက်သွားလိုက်တာ ဆွမ်းခံတန်းကြီးလဲဆုံးရော ရှင်သာဂတ ဗိုက်ထဲအရက်တွေကို ပြည့်လို့၊ ကျောင်းရောက်အောင် မပြန်နိုင်ပဲ ရှင်သာဂတ မြို့အထွက်က တံခါးဝမှာ ဗုန်းကနဲလဲပြီး သပိတ်ကြီးက ကိုးရိုးကားရား ဆွမ်းတွေ ပြန့်ကြဲပြီး သင်္ကန်းကြီးဖိုးရိုးဖားရားနဲ့ ရှင်သာဂတ လဲနေတယ်၊ လဲနေတော့ မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ ရှင်အာနန္ဒာ ကိုယ်တော်ကလဲ ဆွမ်းခံထွက်လာတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ရှေ့တော်မှောက်မှာ ကြည့်လိုက်တော့ ရှင်သာဂတကြီး ကိုးရိုးကားရား ဖိုးရိုးဖားရားနဲ့ လဲနေတော့ "ဟောဒါ သာဂတကိုယ်တော် မဟုတ်လား" "မှန်ပါတယ်ဘုရား" ဆိုတော့ "ဘယ်လိုဖြစ်တာလဲ၊ ငါ့ဘပည့်ကြည့်စမ်းပါအုံး" ဆိုတော့ "အရက်မူးပြီးလဲနေတာပါဘုရား"

"ဒီမြို့ကပုဂ္ဂိုလ်တွေက ရှင်သာဂတ တန်ခိုးပြ ကောင်းတယ်ဆိုပြီး အရက်နဲ့ဝိုင်းပူဇော်ကြတာပါဘုရား" "ဟာဒီပူဇော်ပွဲဘယ်သူစီမံတာလဲ" "ဆဗ္ဗဂ္ဂီ ၆-ဦး ကော်မတီ ကိုယ်တော်တွေ စီမံတာပါဘုရား" ဆိုတော့၊ 'ကိုင်း-ကိုင်း-ချမ်သားအာနန္ဒာ သာဂတဝိုင်းထမ်းဟဲ့' ဆိုပြီး ရှင်အာနန္ဒာနဲ့ အခြားကိုယ်တော်တွေ ဝိုင်းထမ်းကြပြီးတော့ ကျောင်းတော် ခေါ်သွားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က ဆွမ်းခံပြန်ကျောင်းရောက်တော့ ဓမ္မာသနပလ္လင်ထက် ဘုရားကထိုင်ပြီး ရှင်သာဂတ ဘုရားရှင်ရှေ့တော်မှောက် ချထားပြီး၊ 'ဟောဒီမှာ မြတ်စွာဘုရားဓမ္မာသနပလ္လင်ထက်မှာ ရှိတယ်၊ ငါ့ရှင်ကိုယ်တော်မြတ်ဘုရားကိုဖူးမျှော်ပါ' ဆိုတော့ ရှင်သာဂတမထေရ်က

ဘုရားရှင် ကိုယ်တော်မြတ် မေ့ကြည့်ပြီးတော့။ သူ့ စိတ် ထဲ မှာ အမ္ဗတိတ္ထ=သရက်ပင်ဆိပ်က ရသေ့ကြီးထင်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ရှေ့ ခြေထောက်ကြီး ရှေးရှုပြီး ပြောင်းပြန်လဲ့အိပ်လိုက်တယ်၊ ရှင်သာဂတ မူးလာလို့လုပ်တာနေ၊။ တို့ ဒါယကာတွေလဲ တခါ တခါ မူးလာယင် ဒီလိုပဲလုပ်တာပဲ၊ မူးလို့ဆူပူလာပြီဆိုယင် 'ဟေ့ မဆူနဲ့ကွ ဟိုမှာ ဘုန်းကြီး တွေကြွလာတယ်' ဘုန်းကြီးတွေလို့ပြောမှ 'မသံကပိုပြီး ကျယ်လာတယ်။

## ရဟန်းတော်များအရက်သောက်က ပါစိတ်အာပတ်သင့်စေ

အရှင်အာနန္ဒာက ဟောဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်၊ ဘုရားဘက် ခေါင်လှည့်ဆိုပြီး လှည့်ပေးလဲ ခဏပဲ၊ တော်တော်ကြာ သူက ခြေထောက်ကြီး ပြန်လှည့်တာပဲ။ ဘုရားရှင်ကိုယ်တော်မြတ်က 'ချစ်သား အာနန္ဒာ ကြည့်စမ်း၊ ရှင်သာဂတမထေရ်ရဲ့ပါးစပ်ထဲ အရက်တွေဝင်သွားတာနဲ့ တခါတည်း ရှင်သာဂတမထေရ်ဟာ ဝိသညီဖြစ်သွားပြီ' ပညာမပြောနဲ့ သညာတောင်မရှိတော့ဘူးတဲ့၊ ဘုရားဆိုတဲ့ အမှတ်ကလေး တောင် မကျန်တော့ဘူးတဲ့။ သညာပါကွယ်ပျောက်ယင် ပညာဆိုတာ ဘာမှမရှိတော့ဘူးတဲ့။

အဲဒီမှာ ဘုရားက မိန့်တော်မူတယ်၊ ဟောဒီသာဂတ မထေရ်ရဲ့ သန္တာန်မှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပညာလောက်တောင် မရှိတော့ဘူးတဲ့။ စောစောက သူရပြီးနေတဲ့ အဘိညာဉ်ခတွ တန်ခိုးတွေလဲ အကုန်လုံးပျောက်သွားပြီ၊ စောစောက နဂါးနဲ့ပြိုင်သူ၊ အခိုးတွေမီးလျှံတွေ လွှတ်တယ်၊ ယခုလွှတ်နိုင်သေးရဲ့လား၊ မလွှတ်နိုင်တော့ဘူး၊ သူရရှိတဲ့ တန်ခိုးအဘိညာဉ်တွေ အကုန်ပျောက်ကုန်ပြီ၊ အရက်သောက်မိလို့ ဒီလိုဖြစ်တာ၊ အရက်သောက်ယင် ဒီလိုအစွမ်းတွေ အကုန်ပျောက်တယ် ဆိုတာ သေချာသွားပြီ။

အဲဒီတော့မှ သာဂတမထေရ်အကြောင်းပြုပြီးတော့-

"သုရာမေရယ ပါနေ ပါစိတ္တိယံ"

"သံဃာတော်တွေ သေအရက်သောက်ယင် ပါစိတ် အာပတ် သင့်စေ"

အဲဒီတော့မှ ပဲညှတ်ရတယ်၊ စောစောက သိက္ခာပုဒ် မပညတ်ရ သေးတော့ သောက်တာကိုးဗျာ၊ ဒါကြောင့် ပြောချင်တဲ့အဓိပ္ပာယ်က-

“သေရည်သောက်လင့်၊ သင့်မသင့်ဌ၊ ရေးခွင့်မသိ၊ ပျင်းရိ မေ့ရူး၊ ဟိရွတ္တပ်ကင်း”

ဟိရိဩတ္တပ္ပတရားတွေ ကင်းကွာပြီး သက်န်းကြီးမဖုံးမဖိပဲ ဘုရားရှင် ကိုယ်တော်မြတ်ရှေ့ ခြေထောက်ကြီး လှည့်ထားတယ်ဆိုတာ ဒီထက် အရှက်အကြောက်ကင်းစရာ မရှိတော့ဘူး။

“ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုးလျင်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခွာအပြန်၊ အကျိုးတည်း”

အဲဒါတွေကိုရှောင်မှ အခြားအကျိုးအမြတ်တွေရမယ်။ ဒါကြောင့်-

ပညာယ ဒုဗ္ဗလီကရဏေ ဓမ္မေ ဆင္ဌံ ပဒံ ဘဝတိ။ ဣမေ ခေါ ဂဟပတိပုတ္တ ဆ အာဒီနဝါ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ နုယောဂေ။

ပညာယ၊ အသိဉာဏ်တော့ကိုလဲ။ ဒုဗ္ဗလီကရဏီ ဓမ္မေ၊ အားနည်း အောင် ပြုခြင်းဟာလဲ။ ဆဌံ၊ ခြောက်ခုမြောက်ဖြစ်သော။ အာဒီ နဝံ၊ အပြစ်သည်။ ဘဝတိ၊ ဖြစ်၏။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ ခေါ၊ စင်စစ်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးရှင် ကိုယ်တော်မြတ် သည်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ နုယောဂေ၊ သေရည်သေရက် သောက်စား မူးယစ်ခြင်းကို အဖန်ဖန် အားထုတ်ခြင်း လုပ်ငန်း၌၊ ဆ၊ ခြောက်ပါးကုန်သော။ ဣမေ အာဒီနဝါ၊ ဤအပြစ်တို့ကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ ပါပေသတည်း။

(သာဓု- သာဓု- သာဓု-ပါ ဘုရား)

### အသားစားကြူးတဲ့ရှင်ဘုရှင်

ရှင်သာဂတမထေရ်ရဲ့ ဖြစ်ပုံကြည့်စမ်း၊ အဘိညာဉ်တွေ မကျန်တော့ ဘူး။ လောကီအသိဉာဏ်တွေ ကုန်သွားပြီ၊ ဘုန်းကြီးတို့ ဇာတကမှာ တွေ့တဲ့ ရှင်ဘုရင်တယောက်ဆိုယင် သူ့သားကို သူပြန်ပြီးတော့ သတ်

စားတယ်။ ဓမ္မခဇ္ဇဇာတ်တော်ထဲက ရှင်ဘုရင်တပါးဟာ အသားစား အလွန်ကြိုက်တယ်၊ အသားမပါယင် ထမင်းမစား၊ ပွဲတော်မဘည်ဘူး။

တနေ့သောအခါကျတော့ သူ့ပွဲတော်အုပ်ထဲ အသားကမပါဘူး၊ မပါခြင်းရဲ့အကြောင်းက ဘာဖြစ်နေသလဲဆိုယင် ဥပုသ်နေ့ဖြစ်နေလို့တဲ့၊ ဘယ်လောက်ဟန်ကျသလဲ၊ ထိုတိုင်းတော်ပြည်တော်မှာ ဥပုသ်နေ့ ဆိုယင် ဘယ်အသားမှဝယ်မရဘူး။ "ဥပုသ်နေ့ သားသတ်ရုံတွေ ပိတ်စေသတည်း" အမိန့်တယ်ပြီး တည်တာကိုး။ နောက်ပြီးတော့ အမိန့်ထုတ်ထားပြီး၊ ဥပုသ်နေ့ အသားမသတ်ရ၊ မနက်ဖြန်ကာ ဥပုသ်နေ့ဟဲ့ဆိုပြီး အဖိတ်နေ့ကကြိုပြီး နင်းကန် သတ်မထားရဘူး။ ဗာရာဏသီပြည်ကျတော့ တယ်ပြီးဟန်ကျတာကိုး။ ဘုန်းကြီးတို့ တရားနာ ခေတ်ကျတော့ အလှူလုပ်တာတောင် နောက်ပိုင်းက ခြံကြိုခြံကြားမှာ ဝက်တွေကြက်တွေ အဆင်သင့် ကြိုးနဲ့ချည်ထားတယ်၊ ဒါမျိုး မလုပ် ကောင်းဘူး။

အဲဒီတော့ ဗာရာဏသီနေပြည်တော် ဥပုသ်နေ့အသားမရကဲ့အခါ မင်းကြီးရဲ့ ပွဲတော်အုပ်ထဲ အသားမပါဘူး။ ခါတိုင်းခါတိုင်းနေ့တွေ တော့ မင်းကြီးရဲ့ ပွဲတော်အုပ်ထဲ ပွဲတော်တည်ဘို့ရန် အဖိတ်နေ့ကတည်း က စားတော်ချက်က ကြိုပြီးထည့်ထားတယ်။ ကြိုပြီးဝယ်ထားတယ်။ ဒီကနေ့ အဖိတ်နေ့ အသားမဝယ်ဖြစ်တော့ ပွဲတော်အုပ်ထဲ အသားမပါ ဘူး။မပါတော့ စားတော်ကဲက (စားဖိုမှူးလုပ်တဲ့သူက) စိုးပျက်ပြီး 'ငါ့တော့ ရှင်ဘုရင်ဒဏ်ခတ်တော့မှာပဲ' မိဖုရားကြီးထံ သွားတိုင်ပင်တယ်။ "ယခု ပွဲတော်အုပ်တည်ရမယ့်အချိန်လဲ ရောက်နေပြီ၊ မိဖုရားကြီးကြည့် ပြီးတော့ ရှင်ဘုရင်ကြီးပြောပေးပါအုံး" ပေါ့၊ ပွဲတော်တည်ရမယ့် အချိန်ရောက်လို့ ရှင်ဘုရင်ကြီးလဲ မူးနေပြီ၊ ထမင်းစားခါနီး ရှင်ဘုရင် ကြီးလဲ မူးနေပြီ ပွဲတော်အုပ်လဲ တည်ရတော့မယ်၊ အသားသာမပါယင် တော့ စားတော်ကဲ အသက်ခံရမလားမသိဘူး။ ဒီရှင်ဘုရင်က ဓမ္မခဇ္ဇ ဇာတ်တော်ထဲက ဗာရာဏသီက ရှင်ဘုရင်၊ အသားလဲ အလွန်စားတယ်။ အရက်လဲ အလွန်သောက်တယ်။

## အရက်မူးတော့ ကိုယ့်သားကိုယ်ပြန်သတ်တဲ့ ရှင်ဘုရင်

ဒါကြောင့် မိဖုရားကြီးသွားတိုင်ပင်တော့ မိဖုရားကြီးက ဘာပြော သလဲဆိုတော့ "မပူပါနဲ့ စားတော်ကဲရယ်၊ တို့ရှင်ဘုရင်ဟာ သူ့ရဲ့သား

တော်သမီးတော်တွေကို အလွန်ချစ်တဲ့ ရှင်ဘုရင်၊ အထူးသဖြင့် ယခု နောက်ဆုံးမွေးတဲ့ အငယ်ဆုံးသားတော်ကလေးကို သူသိပ်ချစ်တယ်၊ ဒီလို ချစ်လှစွာသော သားတော်ကလေးကို ဘေးနား ချထားလိုက်ပြီး။ သို့မဟုတ်၊ မင်းကြီးပွဲတော်တည်နေစဉ် ငါမိဖုရားကြီးကိုယ်တိုင် သား ကလေးကို ဘေးနားကနေ ကယုကယနှင့် မြူဆွယ်ပြီးတော့ မင်းကြီး ကို ပြနေယင် မင်းကြီးဟာ သားအပေါ်၌ ချစ်ခြင်းဖြင့် သားကို ကြည့်၍ ကြည့်၍ စားနေမယ်ဆိုယင် သူစားနေကျ အသားတွေ မေ့သွားမှာပါ၊ သားတည်းဟူသော အာရုံကိုယူပြီး ချစ်ခြင်း မေတ္တာပွားများနေယင် မင်းကြီးရဲ့ ဒေါသတွေ ဒီလောက်မသောင်းကျန်းပါဘူး၊'' မိဖုရားကြီး က တွေးတယ်။

မိဖုရားကြီးရဲ့ မျှော်လင့်ချက် ၂ နှစ်ချက်—

(၁) သားတည်းဟူသော အာရုံကိုယူပြီ ချစ်ခြင်းမေတ္တာပွားများ နေယင် ဒေါသတွေ ပြေသွားမှာပါ။

(၂) သားဖြစ်သူနှင့် မိဖုရားကြီးဘေးနားက ထိုင်နေယင် သား လေးနှင့် မိဖုရားကို ချစ်ခင်နှစ်သက်နေတဲ့ မေတ္တာဓာတ်တို့ လွှမ်းနေတဲ့အတွက် မင်းကြီးစိတ်တွေဟာ နူးညံ့နေတယ်၊ အသားမပါလို့ စိတ်ဆိုးမှာမဟုတ်ဘူးတဲ့။

အဲဒီစီမံကိန်းချပြီး မင်းကြီးပွဲတော်အုပ်လဲတည်ရော မိဖုရားကြီးက သားတော်ကလေးမြူဆွယ်ယင်း ဘေးနားက ထိုင်ပြီး ကယုကယနှင့် မြှောက်ဟယ်၊ ချီဟယ်နဲ့ ကြည့်ပါအုံး၊ ရှုပါအုံး၊ သားလေးကို ချီပြီး မိဖုရားကြီးကပြတယ်။ မင်းကြီးက ''ဟဲ့ စားတော်ကဲ ငါစားနေကျ အသား ဘယ်မှာလဲ'' မေးတယ်၊ အသားစားကြူးလိုက်တဲ့ဘုရင် သား ရော-ဇနီးရော ထိုင်နေရက်နဲ့ မေးပြီး ''ငါစားနေကျအသား ဘယ်မှာ လဲ''လှမ်းမေးတယ်။

''မှန်လှပါမင်းကြီး၊ ယမန်နေ့ကအဖိဘ်နေ့ ဒီကနေ့ဥပုသ်နေ့ အသား မသတ်ပါဘူးဘုရား၊ ကြိုတင်ဝယ်ထားဖို့ရန် မေ့နေလို့ပါဘုရား'' ဆို တော့၊ ''ဟဲ့ အသားမပါ ငါမစားဘူးဆိုတာ နင်မသိဘူးလား'' စိတ် ဆိုးပြီးတော့ မိဖုရားကြီးမျှော်လင့်ချက် ဘာမှထွက်မလာဘူး၊ မိဖုရား ကြီးက မင်းကြီး စိတ်နူးညံ့အောင်၊ ပျော့ပျောင်းအောင်၊ ဖြားယောင်း

နေတယ်၊ မင်းကြီးလဲ စိတ်ပိုကြပ်းတမ်းလာကာ အနီးရှိတဲ့ မိဖုရားကြီး လက်ထဲကကလေး လှမ်းယူပြီး သူ့သားငယ်ငယ်ကလေးလည်ပင်း ချိုး လိုက်ပြီးတော့ "ရေ့ဒါအသား"ဆိုပြီး ချက်ခိုင်းလိုက်တယ်။

မိဖုရားကြီးလဲ ဘာမှမပြောရဲပဲ ကြည့်နေရတယ်၊ ရင်နှစ်သီးခြာ သားရတနာ ဂုတ်ချိုးပြီး စားဖို့မှုးလက်ထဲအပ်တယ် စားဖိုမှုးကလဲ ကြောက်တော့ ချက်ရတယ်၊ "ရှင်ဘုရင်တို့ဘုန်း မိုးသို့ချွန်း"ကိုး၊ မိဖုရား ကြီးလဲ ဘာမှမပြောရဲဘူး၊ ကုတ်ပြီးတော့ငိုပ်နေရတယ်။ ထိုဘုရင်ကြီးတရား သည် သူသေသက်နေကျအရက်နှင့် သူ့ရင်ကဖွားတဲ့သားကို အရက်နှင့် မြည်းပြီးတော့စားတယ်။

### ယစ်မူးခြင်းမေ့လျော့ခြင်း မကောင်းကျိုး ၆-မျိုး

ဒါဘာလဲဆိုတော့ မူးယစ်တဲ့သဘော၊ သုရာမေရယ ဝင်လာယင် ဇနီးမှန်းမသိ၊ သမီးမှန်းမသိ၊ သားမှန်းမသိ၊ ဘုရားမှန်းမသိ အကုန်ဖြစ် တယ်။အကုသိုလ်အားလုံးရဲ့ အကြောင်းရင်းသည်မူးတာပဲ၊ဒါကိုဘုရားရှင် ကိုယ်တော်မြတ်က မူးတာနှင့်ပတ်သက်သို့ ၆- မျိုးပြထားတယ်။

(၁) သန္ဒိဋ္ဌိကာ ဓနဇာနိ= လက်တွေ့စီးပွားဥစ္စာပျက်ပြား ဆုံးရှုံး ခြင်းတပါး။

(၂) ကလဟပ္ပဝဍ္ဎနီ=ခိုက်ရန် ငြင်းခုံတွေ များကြတယ်ဆိုတာက မကောင်းကျိုးတပါး။

(၃) ရောဂါနံ အာယတနံ=ရောဂါတွေဖြစ်တယ်တို တယ်ဆိုတာက အကျိုးတပါး။

(၄) အကိတ္တိ သဉ္ဇနနီ = မကောင်း သတင်းတွေ ကျော်စော တယ်ဆိုတာက မကောင်းကျိုးတပါး။

(၅) ကောပီနံနိဒံသနီ—အရှက်အကြောက်တွေ ကင်းသွားတယ်ဆို တာက မကောင်းကျိုးတပါး။

(၆) ပညာယဒုဗ္ဗလီကရဏီ= ပညာဉာဏ်တွေ ခေါင်းပါးသွား တယ်ဆိုတာက မကောင်းကျိုးတပါး။

က္လတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ၊ ယစ်မူးခြင်း မေ့လျော့ခြင်းရဲ့ အကြောင်းကိုဖြစ်စေတတ်သော သုရာငါးပါး+ မေရယငါးပါး သောက်စားသုံးဆောင်ခြင်း၌။ ဆအာဒီနဝါ၊ခြောက်ပါးသော အပြစ်တို့ကို။ အဝေါစ၊ ဓာရုဏာရွှေယား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါသဘည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

သေရည်သောက်ခြင်းရဲ့မကောင်းပြစ် ၆-ပါး ပြီးသွားယင်-

အချိန်မဲ့အခါမဲ့ သွားလာလည်ပတ်ခြင်းအပြစ် ၆ ပါး

ဆခေါမေ ဂဟပတိပုတ္တ အာဒီနဝါ ဝိကာလဝိသိခါစရိယာနုယောဂေ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရတဲ့။ ဂဟပတိပုတ္တ၊ အို သူကြွယ်သား။ ဝိကာလ ဝိသိခါစရိယာနုယောဂေ၊ အချိန်မဲ့အခါမဲ့ညကြီးသန်းခေါင် ထွက်လည်ပတ်တတ်တယ်ဆိုတဲ့အကျင့်၌။ အာဒီနဝါ၊ အပြစ်ဘို့သည်ကား။ ဣမေဆ၊ ဤခြောက်ပါးတို့ ပါပေတည်း။ ကတမာဆ၊ အဘယ် ခြောက်ပါးတို့နည်း ဟူမူကား။

(၁) အတ္တာပိဿ အဂုတ္တော အရက္ခိတော ဟောတိ၊
(၂) ပုတ္တဒါရောပိဿ အဂုတ္တော အရက္ခိတော ဟောတိ၊
(၃) သာပတေယျမ္ပိဿ အဂုတ္တော အရက္ခိတော ဟောတိ၊
(၄) သံကိယော စ ဟောတိ ပါပကေသု ဌာနေသု၊
(၅) အဘူတဝစနံ စ တသ္မိံ ရူဟတိ၊
(၆) ဗဟူနဉ္စ ဒုက္ခဓမ္မာနံ ပုရက္ခတော ဟောတိ၊

ဣမေ ခေါ ဂဟပတိပုတ္တ ဆ အာဒီနဝါ ဝိကာလဝိသိခါစရိယာနုယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဝိကာလဝိသိခါစရိယာနုယောဂေ၊ အချိန်မဲ့ခရီးထွက်ပြီးတော့ လည်တတ်ကြသဲ့လုပ်ငန်း၌။ ကတမာ ဆ အာဒီနဝါ၊ ခြောက်ပါးသောအပြစ်တို့သည်ကား အဘယ်သို့နည်း ဟူမူကား။

(၁) အသ၊ ထိုအချိန်အခါမဲ့ ခရီးထွက်လည်တတ်တဲ့ ပုဂ္ဂိုလ် သည်။ အတ္တာပိ၊ မိမိကိုယ်ကိုလည်း။ အရက္ခိတော၊ စောင့် ရှောက်မှုမရသည်။ အဂုတ္တော၊ စောင့်ရှောက်ခြင်း လုံခြုံခြင်း မရှိသည်။ဟောတိ၊ ဖြစ်၏၊

(၂) အသ၊ ထိုပုဂ္ဂိုလ်သည်။ဝါ၊ ထိုပုဂ္ဂိုလ်၏။ပုတ္တဒါရောပိ၊ သား မယားအတွက်လည်း။ အရက္ခိတော၊ စောင့်ရှောက်မှုမရှိသည်။ အဂုတ္တော၊ လုံခြုံမှုမရှိသည်။ ဟောတိ၊ ဖြစ်၏။

(၃) အသ၊ ထိုပုဂ္ဂိုလ်၏။ သာပတေယျမ္ပိ၊ မိမိအိမ်မှာ ရှိနေတဲ့ ဥစ္စာ အနှစ်တွေကိုလည်း။ အရက္ခိတံ၊ စောင့်ရှောက်ခြင်း ကင်းသွားသည်။ အဂုတ္တံ၊ လုံခြုံခြင်းကင်းသွားသည်။ ဟော တိ၊ ဖြစ်လေတော့၏။

(၄) ပါပကေသု၊ ယုတ်မာတတ်သော။ ဌာနေသု-ဓမ္မေသု၊ ဒုစရိုက် လုပ်ငန်းတို့၌လဲပဲ။ သံကိယော၊ ကိုယ့်ကို သူတပါးယုံမှား သံသယဖြစ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

(၅) တသ္မိံ၊ ထိုညအခါထွက်ပြီး လည်တဲ့ပုဂ္ဂိုလ်၌။ အဘူတဝစနံ၊ မဟုတ်မမှန် သူတပါးတို့ စွပ်စွဲတဲ့ စကားတွေ က လည်း။ ရူဟတိ၊ ရောက်၍ရောက်၍ လာတတ်ပါပေ၏။

(၆) ဗဟုန္နဉ္စ ဒုက္ခဓမ္မာနံ၊ မြောက်မြားစွာသော ဆင်းရဲခြင်းတို့ သည်။ ဝါ၊ တို့ဖြင့်။ ပုရက္ခတော၊ ခြံရံ၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဣတိ၊ ဤသို့။ ဝိကာလဝိသိခါစရိယာနုယောဂေ၊ ညဥ့်အခါ ထွက်ပြီးတော့ လည်တဲ့လုပ်ငန်း၌။အာဒီနဝါ၊အပြစ်တို့သည်။ဣမာဆ၊ ဤခြောက်ပါးသော အပြစ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်လေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရွှေထား ဓမ္မတာပွား၍ ဟောကြားတော် မူခဲ့ပါပေသတည်း။

(သာဓု-သာဓု သာဓုပါ ဘုရား)

## ကိုယ့်ကိုယ်ကိုယ် လုံခြုံရေး

ညဥ့်အခါလည်ခြင်းရဲ့ အပြစ်ခြောက်ပါး။ အခါမဲ့အချိန်မဲ့ထွက်ထွက်ပြီး လည်ကြတယ်။ ညကြီးသန်းခေါင်လဲ သွားလိုလာလို၊ ခရီးဝေးသွားနေကြတယ်၊ ခရီးနီးဆိုယင် အရပ်ထဲကြည့်လိုက်၊ လမ်းတကာလမ်းကြည့်လိုက်၊ ယောကျ်ားကလေးတွေလဲ သွားနေကြတာပဲ၊ မိန်းကလေးတွေလဲ ဒီလိုပဲ၊ ညကြီးသန်းခေါင် သွား နေကြတာပဲ၊ အဖော်နဲ့သွားတော်သေး၊ တချို့မိန်းကလေးများ တယောက်ထဲ နှစ်ယောက်ထဲ အဖော်မရှိပဲသွားနေကြတာပဲ။

ဒါယကာကြီးတွေလဲ ညထွက်ထွက်လည်တယ်၊ တချို့ကညထွက်စရာမလိုဘူး၊ ညနေရုံးဆင်းတာနဲ့ အိမ်မပြန်ဘူး၊ သန်းခေါင်ကျော်မှအိမ်ပြန်ရောက်တယ်၊ အဲဒါလဲညဥ့်သည်တဲ့အထဲပိုဆိုးတာ။ ဒီလိုသာစည်းမဲ့ကမ်းမဲ့ ညဥ့်အခါ သွားလာနေကြမယ်ဆိုယင် မကောင်းကျိုး ၆-မျိုးရသတဲ့။

နံပါတ် (၁) က မိမိကိုယ်ကိုပင် မိမိလုံခြုံရေးပြန်ပြီးတော့ မရနိုင်တော့ဘူး၊ ညဥ့်ခရီးထွက်သူများက ချောင်းပြီး ဓားနဲ့ခုတ်၊ လှံနဲ့ထိုး၊ သေနတ်နဲ့ပစ်လွယ်တယ် အချိန်အခါမဲ့ အပြင်ထွက်ယင် သူများလုပ်ကြံခံရဖို့လွယ်တယ်၊ကိုယ့်ကိုယ်လုံခြုံရေးမရှိဘူး၊မလိုသူတို့က လုပ်ကြံယင်လွယ်တယ်၊တရားခံလဲပေါ်မှာမဟုတ်ဘူး။

လုပ်ကြံခံရပြီဆိုယင် တရားခံလဲပေါ်မှာမဟုတ်ဘူး၊ မိမိကိုယ်ကိုပင်စောင့်ရှောက်နိုင်ခြင်း မရှိတော့၍ သူတပါးခြောင်းမြောင်းပြီး လုပ်ကြံခံရတတ်တယ်။ ဒါယကာကြီး အိမ်မရှိဘူး၊ အချိန်မီအိမ်ပြန်မလာဘူး၊ သန်းခေါင်ကျော်မှ ပြန်ပြန်လာတဲ့ အလေ့ရှိယင် အိမ်မှာ ကျန်ရစ်သူ အိမ်ရှင်မနှင့် ကလေးတွေကိုကြည့်စမ်း ဘယ်လိုနေရမလဲဆိုတာ။

## ကိုယ့်သားမယား လုံခြုံရေး

နံပါတ် (၂)က အချိန်မရှိ အခါမရှိ စည်းမဲ့ကမ်းမဲ့ ညဥ့်နက်သန်းခေါင် သွားလာနေတဲ့ ထိုပုဂ္ဂိုလ်ရဲ့ အိမ်ရှင်မတွေကလဲ စောင့်ရှောက်မယ့်သူမရှိတော့ဘူး၊ ကလေးတွေလဲ စောင့်ရှောက်မယ့်သူ မရှိတော့ဘူး။ ဘာဖြစ်လို့လဲ ဒါယကာ အိမ်ကိုအချိန်မှန်မှန် မပြန်တော့ပဲ ဒါယကာ့ဇနီးဖြစ်သူက ထမင်းပွဲကြီးနဲ့ ညဥ့်နက်သန်းခေါင်စောင့်လို့၊ တံခါးပေါက်ကနေ ယပ်တောင်လေးတခပ်ခပ်၊ မီးလေးဖွင့်ပြီး ငါ့ခင်ပွန်း ဘယ်အချိန်လာမလဲတမျှော်မျှော်နဲ့ပေါ့၊ ရှစ်နာရီမလာ၊ ကိုးနာရီ၊ ဆယ်နာရီ၊ ဆယ့်တစ်နာရီလဲမလာနဲ့ မျှော်ယင်းမျှော်ယင်းနဲ့ ဒီအချိန်ဒီအိမ်ကလူ မပြန်ဘူးဆိုတာကို လူဆိုးကသိသွားယင် အဲဒီအိမ်ဖောက်လို့ သိပ်လွယ်တာပဲ။

အိမ်ရှင်မလုံခြုံရေး မရတော့ဘူး၊ ကလေးတွေလဲ လုံခြုံရေးမရတော့ဘူး။ အရေးအကြောင်းဆို ကလေးတွေကအစ၊ မျက်နှာငယ်ပြီးအားကိုးရာမဲ့နေပြီ။ ဒါကြောင့် ဒါယကာတွေ ရုံးဆင်းယင် အိမ်ကိုခပ်မြန်မြန်ပြန်နေဘ်။ ဒါယိကာမကြီးတွေ ခပ်မြန်မြန်ပြန်လာအောင် အိမ်ကနေစီမံထားကြနေဘ်။ ဘယ့်နှယ် စီမံထားရမလဲဆိုတော့ ရုံးသွားပြီဆိုကတည်းက အိမ်ကနေပြီး ကျောကလေးပွတ်လွတ်လိုက်၊ ခပ်မြန်မြန်ပြန်လာလိမ့်မယ်၊ အိမ်ပေါ်ကဆင်း ရုံးသွားပြီဆိုကတည်းက ရှင့်မရှိတာကောင်းတယ်လို့ မလုပ်လိုက်နဲ့၊ တခါထဲပြန်မလာပဲနေအုံးမယ်။ အဲဒီလိုသာနာနာလုပ်ယင် ကိုယ့်အိမ်မှာတယောက်ထဲ ကျန်ခဲ့မယ်မှတ်ထား။

## ကိုယ့်အိုး ကိုယ့်အိမ် လုံခြုံရေး

နံပါတ် (၃) က အိမ်ရှိတဲ့ ပစ္စည်းတွေကိုလဲ သူခိုး၊ ဒမြ၊ လူလိမ်ကြံစည်လို့ လွယ်တယ်။ အိမ်ရှိပစ္စည်းတွေလဲ လုံခြုံရေးမရနိုင်ဘူးတဲ့။

ထွက်လည်သူ ယောကျာ်းကိုယ်တိုင် လုံခြုံရေးမရဘူး၊ သို့မဟုတ် အမျိုးသမီးထွက်လည်ယင်လဲ ထွက်လည်တဲ့အတွက်ကြောင့် ဂုဏ်သိက္ခာမရှိဘူး၊ ဒါ မကောင်းကျိုးတပါး၊ အိမ်ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေ လုံခြုံရေးကင်းသွားတယ် တပါး၊ အိမ်ရှိ ပစ္စည်းလဲပဲ သူခိုး၊ ဒမြ၊ လူလိမ်၊ လူဆိုးတွေ ကြံစည်နိုင်တယ်တပါး၊ မကောင်းကျိုးသုံးပါး။

## သူတပါးယုံမှား သံသယဖြစ်နိုင်ခြင်း

နံပါတ် (၄)က ယုတ်မာတဲ့ လုပ်ငန်းတို့၌လဲ သူတပါး ယုံမှားဝင်တတ်တယ်။ ဒုစရိုက်လုပ်ငန်း အရပ်ထဲ ခဏခဏပေါ်ယင် ညဘက်အထွက်များတဲ့သူကို အရပ်က ယုံမှားသံသယဝင်တတ်တယ်၊ ဘယ်သူ့အိမ် သူခိုး ခိုးသွားတယ်။ ဘယ်သူ့အိမ်ဓမြတိုက်သွားတယ်၊ ဘယ်မိန်းကလေး ဘယ်နေရာက နောက်လိုက်သတဲ့ ဆိုယင် ညညထွက်တဲ့လူကို အရပ်က တော်တော်ကြာတော့ အထင်မှားတတ်တယ်။ ဒီလူ ခဏခဏ ထွက်လည်တယ်၊ သတိထားမှ ဖြစ်မယ်၊ အဲဒီတော့ ရပ်ကွက်ကောင်စီတို့၊ ပါတီတို့၊ ရဲတို့ကနေပြီး ခေါ်စစ်တာကို ခံရတယ်၊ ဘာကြောင့် အစစ်ခံရသလဲ၊ ခြေရှည်တာကိုး။ ကိုယ့်အိမ်နဲ့ကို ကျကျနန ငြိမ်ငြိမ်မှ မနေချင်ပဲ ကိုး နာရီထွက်လည်၊ ဆယ်နာရီထွက်လည်၊ ညသန်းခေါင်ကြီး ထွက်လည်ဆိုတော့ အစစ်ဆေးခံရမှာပေါ့။

လုပြီဆိုယင် သူပဲ၊ ခိုးပြီဆိုယင် သူပဲ၊ အရပ်ထဲ သူများသတ်သွားတဲ့ လူတယောက် လဲကျန်ရစ်တယ်ဆိုကြပါစို့၊ ညထွက် လည်တဲ့သူ ဒီနေရာ လျှောက်နေကျဆိုယင် ဒီလူသတ်မှုဟာ သူ့ကိုပဲ သံသယဝင်ကြလိမ့်မယ်။ တကယ်တော့ သူသတ်တာမဟုတ်ဘူး၊ သူများသတ်တာ၊ သူ့အထင်ခံရတယ်။ အချိန်မဲ့ အခါမဲ့ ခရီးထွက်တတ်ယင်၊ အရပ်ထဲဖြစ်သမျှ မကောင်းမှုမှန်သမျှ ကိုယ့်အပေါ် သံသယဝင်တတ်တယ်။

ဒါကြောင့် အချိန်အခါ မဲ့ မလည်နဲ့၊ ညနေစောင်း လည်ယင်လဲ အချိန်မီ မိုးမချုပ်ခင် အိမ်ပြန်ရောက်ပါစေ။ လူကြီးတွေသာမဟုတ်၊ ယောကျ်ားကလေး၊ မိန်းကလေး လူငယ်တွေပါ အားလုံးနှင့် သက်ဆိုင်တယ်။

နောက်တခါ ဘာပြောပြန်သလဲဆိုတော့—

နံပါတ်(၅)က အချိန်မဲ့ အခါမဲ့ လည်တတ်တဲ့ ပုဂ္ဂိုလ်တွေမှာ မဟုတ် မမှန်တဲ့ စွပ်စွဲချက်တွေကလဲ ရောက်၍ လာတတ်ပါတယ်။ ခုနက နံပါတ်(၅)မှာ ယုံမှားရုံပဲ ဖြစ်တယ်။ မသက်ာမှု ဖြစ်ရုံပဲ ဖြစ်တယ်။

ဒီ(၅)ချက်မှာ မကောင်းကျိုး တက်လာတာကတော့ စွဲချက်ကို တခါထဲ အထင်ခံရတတ်တယ်။ (၄)အချက် ကောင်းကျိုးက အရပ်က သံသယရှိရုံ ရှိဘယ်။ အလည်လွန်လို့၊ (၅)အချက် မကောင်းကျိုးကျ တော့ မင်းကိုယ်တိုင် ဖြစ်ရမယ်ဆိုပြီး တခါထဲ ရဲစခန်းကို လာခဲ့ဆိုပြီး ခေါ်သွားတတ်တယ်။ စွဲချက်တင် ခံရတတ်တယ်။

နံပါတ်(၆)က မြောက်မြားစွာသော ဒုက္ခတို့ဖြင့် ခြံရံ၍နေရဘတ်ပါ တယ်။ဒုက္ခပေါင်းစုံ ခြံရံ၍ နေခြင်းဆိုတဲ့ မကောင်းပြစ်၊ ဒုက္ခပေါင်းစုံ ခြံရံ၍ နေဘယ်ဆိုတာက ရိုးရိုးဒုက္ခတွေကိုပဲ ကြည့်ပါအုံး။ သန်းခေါင် ကျော်ကြီး အရပ်ထဲ လျှောက်လည်၊ မြွေနဲ့တွေ့လဲ သူပဲခံရတယ်။ ကင်းနဲ့ တွေ့လဲ သူပဲခံရတယ်။ လေတို့၊ ရေတို့၊ မီးတို့။ ဘေးအမျိုးမျိုးနဲ့ လမ်းမှာ တွေ့ယင် သူပဲခံရတယ်။ ကိုယ့်အိမ်ကလေးနဲ့ကိုယ် အေးအေး ချမ်းချမ်း နေတဲ့သူကျတော့ ဒီဘေးတွေ ကင်းလွတ်သပေါ့။

ညခရီးမဲ့ အချိန်မဲ့ လည်သူတို့ရဲ့ မကောင်းပြစ်တွေက ကိုယ့်အတွက် လုံခြုံရေး ကင်းသွားတယ်။ ကိုယ့်ကို ချောင်း၍ လုပ်ကြံခံရတတ်တယ်။ အိမ်မှာ လုံခြုံရေး ကင်းသွားတယ်။

## အိမ်ထောင်သာယာမှု ပျက်စီးနိုင်တယ်

အိမ်လုံခြုံရေး ကင်းသွားယင် ဇနီးသည်မှာ ဘယ်လို ဘာဖြစ်တတ် သလဲ။ သူတောင် သွားသေးတာ၊ ငါလဲ သွားမယ်လို့ ဖြစ်လာယင် ခက်ကရော၊ အိမ်ကနေပြီး မကောင်းတာတွေ ကြံမယ်ဆိုယင် အိမ်ကလဲ ကြံနိုင်ခွင့် ရသွားတယ်။ ဒီလူ ညကြီးသန်းခေါင် ခဏခဏသွားတယ်။ အချိန်မှန် ပြန်မလာဘူး။ ငါတည်းဟူသော အိမ်ရှင်မတယောက် ရှိရက် သားနဲ့ ဘယ်သွားပြီး ဘာနဲ့ ဘယ်လိုများ စခန်းသွားနေသလဲဆိုပြီး တွေးရော၊ အဲဒီ အတွေး သံသယဝင် ခံရယင်၊ အိမ်ပြန်ရောက်ယင် ရန်ဖြစ်မှာ သေချာတယ်။ ရှင်ဘယ်သွားနေတာလဲ၊ ဘယ်သူကပြော တယ်။ ကန်တော်ကြီးမှာ တွေ့လိုက်တယ်။ အင်းလျားမှာ တွေ့လိုက် တယ်ဆိုယင် တခါထဲ အမှုတွေ အမျိုးမျိုး ရှုပ်ကုန်ရော။

ယုံမှားစရာတွေ အများကြီးဖြစ်ကုန်မယ်၊ ခင်ပွန်းဖြစ်သူက အဲဒီလို လည်ပြီဆိုယင် အိမ်ကလဲအခွင့်အရေး ရတာကိုးဗျ၊ အိမ်ကအခွင့်အရေးရ

တော့ ဒီလူနေ့လဲပြန်မလာ၊ ညလဲပြန်မလာ၊ ညလဲညဥ့်နက်သန်းခေါင်မှ ပြန်လာ၊ အိမ်ရှင်မက အခွင့်အရေးရလာတော့ အိမ်မှာလဲ မကောင်းမှု ဒုစရိုက်တွေ ဖြစ်နိုင်ခွင့်ရှိကုန်ပြီ၊ ရှိကုန်တယ်၊ ဒီလောက်ဆို ပရိသတ် နားလည်ပါစေ၊ ရန်ကုန်က လူတွေက ပိုသိတယ်။ ဒါကြောင့်....

(၁) မိမိကိုယ်မှာလဲ လုံခြုံရေးမရှိလို့ ဖြစ်ချင်တာဖြစ်နိုင်တယ်။

(၂) ကိုယ့်အိမ်ရှင်မမှာလဲ လုံခြုံရေးမရှိလို့ ဖြစ်ချင်တာတွေ ဖြစ်နိုင်တယ်။

(၃) ကိုယ့်ပစ္စည်းလဲလုံခြုံရေးမရှိလို့ ဖြစ်ချင်တာတွေဖြစ်နိုင်တယ်။

(၄) အများကကိုယ့်ကို သံသယ အဝင်ခံရတယ်။

(၅) မမှန်တဲ့ပြစ်မှုတွေနဲ့ ကိုယ့်ကိုစွဲချက်အတင်ခံရတတ်တယ်။

(၆) မြွေဘေး၊ ကင်းဘေး အစရှိသော အဆိပ်ရှိသော သတ္တဝါတို့ ရဲ့ ဘေးနဲ့ လမ်းမှ ညသန်းခေါင် ခံရတတ်တယ်။

မကောင်းပြစ် ၆-ပါး၊ ဒါကြောင့် ခြေထောက် လျှပ်ပေါ်လော်လီ ခြင်းဆိုတဲ့ ပါဒလောလကိုလျှော့ပါ။

''ဓနိယသုတ္တန်'' ဟောတုန်းက လော်လီခြင်း ငါးပါး ဆိုတာ ဘုန်းကြီးဟောခဲ့တယ်၊ အဲဒီထဲမှာ ''ပါဒလောလ'' ခြေထောက်လျှပ် ပေါ် လော်လီခြင်းဆိုတာ ပါသွားတယ်၊ ခြေမငြိမ်သူတို့ ယခုလိုဖြစ်တတ် တဲ့ မကောင်းကျိုးပြစ် ၆-ပါးသိယင် ကနေ့ကစပြီး ကိုယ့်ခြေထောက် ကိုယ်ငြိမ်အောင် ကြိုးစားပါ၊ မငြိမ်ဘူးဆိုယင် အဲဒီခြေထောက် ထုံးခတ် ထားလိုက်ကြ။

## ပွဲလမ်းသဘင်လိုက်စား လွန်ကျူးခြင်း အပြစ် ၆-ပါး

ဆ ခေါမေ ဂဟပတိပုတ္တ အာဒီနဝါ သမဇ္ဇာ ဘိစရဏေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ သမဇ္ဇာဘိစရဏေ၊ ပွဲလမ်းသဘင် တို့၌ လွန်လွန်ကျူးကျူးလိုက်စားပြီးတော့ကြည့်ယင်ဆိုတဲ့လုပ်ငန်း၌၊ ပွဲလမ်းသဘင် လိုက်စားကျူးလွန်ခြင်း၌လည်း။ အာဒီနဝါ၊အပြစ် တို့သည်ကား။ ဆ၊ ခြောက်မျိုးတို့ပါတည်း။

## ပွဲလမ်းသဘင် ကြည့်ရှုခြင်းဖြင့် ရရှိနိုင်သောအကျိုး

ဒီအပိုဒ်ကျတော့ ပါဠိတော်ဟောပုံတမျိုးပြောင်းသွားတယ်။ ၆-မျိုးကို တိုက်ရိုက်ကောက်လို့ မရဘူး။

(၁)က နစ္စံ၊ (၂)က ဂီတံ၊ (၃)က ဝါဒိတံ၊ (၄) က အက္ခာနံ၊ (၅)က ပါဏိဿရံ (၆) က ကုမ္ဘထုနန္တိ ဣမေခေါ ဂဟပတိပုတ္တ ဆ အာဒီနဝါ သမဇ္ဇာဘိစရဏေ။

**(၁) နစ္စံ၊ ကပွဲသဘင်သည်။ ကအဘယ်အရပ်မှာ ရှိသနည်း။ ဣတိ၊ ဤသို့ ရှာဖွေပြီးတော့။ ဂစ္ဆတိ၊ သွားလေတော့၏။**

နံပါတ် (၁) "နစ္စံ"ဆိုတဲ့ ကပွဲသဘင် ဘယ်မှာရှိသလဲ၊ သတင်းပဲ နားထောင်နေတယ်၊ ဘယ်နေရာမှာကပွဲသဘင်ရှိသတဲ့ သတင်းကြားပြီဆိုယင် ကြားတာနဲ့တပြိုင်နက် ပွဲကြည့်ရအောင် သွားကြစို့ဟေ့၊ ပွဲကြည့်ရအောင် သွားကြစို့ဟေ့ဆိုပြီး၊ အကြံရတဲ့အချိန်ကစပြီး အိမ်က အလုပ်တွေ အကုန်ပစ်လိုက်ရပြီ၊ အဲဒီပွဲကြည့်ဘို့ ပြင်ရ၊ ဆင်ရ၊ ထမင်းချက်ရနဲ့ ကလေးတွေနဲ့ ရှုံးရှုံး ရှုံးရှုံးနဲ့ စီးပွားရေးတွေ အကုန်ရပ်ပြီးတော့ တခါထဲထွက်ကြကော။

မသွားခင်တရက်က ကြိုတင်ပြင်၊ အဲဒီတရက် တခါထဲ စီးပွားရေး ပျက်သွားပြီ၊ ကြည့်ကြပြီဘဲ၊ ကြည့်တဲ့တရက် ကိုယ့်လုပ်ငန်းတွေ အကုန်ပျက်၊ ကြည့်ပြီးတော့ ကိုယ့်အိမ်ကိုယ်ပြန်ရောက်လဲ သုံးရက်လောက် အိပ်ရေးမဝဘူး၊ ဒီတော့အိပ်လိုက်တာနဲ့ စီးပွားရေး သုံးရက်လောက် ပျက်တယ်၊ အိပ်ရေးဝလို့ လုပ်ငန်းစဉ်ဝင်တဲ့အခါကျတော့လဲ ကြည့်ခဲ့တာတွေ စိတ်ကူးယဉ်ပြီး ကိုယ့်ဟာကိုယ်ပြန်ကနေလို့ ဘာမှအလုပ်မဖြစ်လို့ပျက်။ ကိုယ့်ဇာတ်လမ်း ကိုယ့်ဘာသာကိုယ် ကိုယ့်အိမ်မှာ ကိုယ်ပြန်ကလိုက် ပြီ တာပဲမဟုတ်သား။ ဟိုမှာပြနေတာလဲ ဒါပဲ၊ ကိုယ့်ကိုယ်တိုင်ပြန်ကနေတာ၊ ဒီတော့ ကိုယ့်ဇာတ်လမ်းတော့ကိုယ်မကြည့်ပဲ၊ သူများဇာတ်လမ်း အပင်ပန်းခံသွားကြည့်နေတာ။

### လူသည် အတုမြင်၍ အတတ်သင်တာ

ဒါကြောင့်မို့ သူတပါးကပြနေတဲ့ ဇာတ်လမ်းတွေဟာ ဘာအတွက်လဲသိမ့်မေ.ယင် တိုဘိုးသေးပြောရယင် ကိလေသာ တိုးပွားဘို့က လွဲလို့

ဘာမှအကျိုးတရား မရပါဘူး။ ဒီအထဲမှာ လောကကြီး အကျင့်စာရိတ္တ ပျက်စီးရာ ပျက်စီးကြောင်း၊ စိတ်ဓာတ်ကျဆင်းရာ ကျဆင်းကြောင်း ဇာတ်သဘင်တွေ၊ ပွဲတွေ ရုပ်ရှင်တွေက အများကြီး လာသေး၊ ဒီကနေ့ နိုင်ငံတော် အစိုးရက မူချပြီး ဆင်ဆာနဲ့ လုပ်နေရတာ၊ အပေါ်က လုပ်ပြနေတာကို အောက်က လူတွေက အကုန်လုံး လုပ်ပြနေတာပဲ၊ ခေါင်းလေးတမျိုးလှုပ်ပြလိုက်ယင် ပိုက်ကားထဲကပုံကပုံစံဟာ ချက်ချင် ရပ်ကွက်ထဲရောက်တယ်၊ မျက်လုံးလေး ဟိုကတမျိုးလုပ်ပြယင် ချက်ချင်း ရပ်ကွက်ထဲရောက်တယ်။

အတုယူမိတဲ့အချိန်ကစပြီး ရှိတဲ့ပိုက်ဆံတွေထုတ်၊ ခေါင်းကလေးဖို့၊ မျက်လုံးကလေးဖို့၊ မျက်ခုံးကလေးဖို့ ကုန်လိုက်တဲ့ ပိုက်ဆံတွေ ငွေတွေ။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သိင်္ဂါလကို စီးပွားပျက်ခြင်းရဲ့အကြောင်းလို့ ဟောတာ။ ကပွဲသဘင်ကြည့်ခြင်းကြောင့် စီးပွားပျက်စီးခြင်း တပါး။

## သီဆိုတီးမှုတ်ပွဲဆိုလဲ ရှောဆုံးကပါစေမြဲ

(၂) ဂီတံ၊ သီချင်းဆိုတဲ့ ပွဲသဘင်သည်။

(၃) ဝါဒိတံ၊ တီးမှုတ်တဲ့ ပွဲသဘင်သည်။ ကွ၊ အဘယ်အရပ်မှာ ရှိသနည်း။ ဣတိ၊ ဤသို့ ရည်ရွယ်ပြီးတော့လဲ။ ပရိယေသမာနော၊ ရှာဖွေ၍ သွားလေတော့၏။

သီချင်းဆိုပွဲ။ ကတဲ့ပွဲတမျိုး၊ ဆိုတဲ့ပွဲတမျိုး၊ ဆိုရုံပဲဆိုတဲ့ပွဲတွေကိုလဲ အာကြိုးမာန်တက် သွားပြီးကြည့်ကြတယ်၊ ဆိုတာတွေကို နားထောင်ကြတယ်၊ နားထောင်ပြီး အိမ်ကျတော့ ကိုယ့်ဘာသာကို ဆိုကြည့်ကြတယ်၊ ဆိုကြည့်ပြီး စကားလုံးထဲက ပါလာတဲ့ အသံလေးတွေကို စိတ်ကူးယဉ်ပြီး နောက်က အတုလိုက်လုပ်ကြတယ်၊ အကုန်လုံး ပျက်စီးခြင်းရဲ့ အကြောင်းတွေချည်းပဲတဲ့။

ကပွဲသဘင်ကြည့်ခြင်းကြောင့် ပျက်စီးတာ တပါး၊ သီဆိုတဲ့ ပွဲသဘင်ကြည့်ခြင်းကြောင့် ပျက်စီးတာ တပါး၊ တီးတဲ့မှုတ်တဲ့ပွဲတွေကို ကြည့်ခြင်းကြောင့် ပျက်စီးတာ တပါး၊ ကတဲ့၊ သီတဲ့၊ တီးမှုတ်တဲ့ပွဲသဘင်ကို ကြည့်ရှုနားထောင်ခြင်းကြောင့် ပျက်စီးတာ တပါး။

## ပြည်ထောင်စုဒိုင်းကြီး ဘယ်ကပေးတယ်

(၅) ပါဏိဿရံ၊ လက်ခုပ်ပွဲသည်။ ကွ၊ အဘယ်အရပ်မှာ ရှိသနည်း။

ပါဏိဿရံ-လက်ခုပ်ကလေးတဖြောင်းဖြောင်းနဲ့ တီးပြီးနေတဲ့နေရာလဲ ဝိုင်းကြည့်တာပဲ၊ ဘာမှ သီချင်းလဲမပါ၊ ဂီတလဲမပါ၊ လက်ခုပ်မှို့ မှိုင်တီးပြီးတော့ ဝိုင်းအုံတဲ့နေရာမှာလဲ လူတွေကကြည့်တာပဲ။ အဲဒီ ပါဏိဿရ ဆိုတဲ့ လက်ခုပ်တီးတဲ့လောက်ကို သွားကြည့်တဲ့ပုဂ္ဂိုလ်တွေကို ပျက်စီးခြင်း အကြောင်း တရားထဲ ထည့်ရတယ်။

(၄) အက္ခာနံ၊ စစ်ထိုးပွဲသည်။ ကွ၊ အဘယ်အရပ်မှာ ရှိသနည်း။

အက္ခာန-စစ်ထိုးခြင်းလို့ သာမန်ပဲပြောရတယ်၊ အက္ခာန စစ်ထိုးတယ် ဆိုတာ သေနတ်တွေနဲ့ တယောက်နဲ့တယောက် ပစ်တာကို ပြောတာမဟုတ်၊ စင်ပေါ်မှာ တက်ပြီးတော့ ဘောင်းဘီတိုကလေးနဲ့ တယောက်နဲ့ တယောက် အကြိတ်အနယ်ထိုးနေတာကို ပြောတာ။

## ဘောလုံးပွဲ

ဘောလုံးကန်တာကိုလဲ ပြောတာ၊ အဖွဲ့အစည်းနှင့်ဖြစ်စေ၊ တယောက်ချင်းပင်ဖြစ်စေ၊ အကြိတ်အနယ် ပြုလုပ်တဲ့ပွဲကို အက္ခာန စစ်ထိုးတဲ့ပွဲ ခေါ်တယ်။ ဒီလိုပွဲတွေကို အကြိတ်အနယ်ကြည့်ခြင်းကြောင့် ပွဲသွားတဲ့ သူတွေလဲ မနည်းဘူး၊ ရန်ကုန်မှာ ဝေါဟာရတောင် ကျန်ခဲ့သေးတယ်။ ဒီနှစ် တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲ ဘယ်ကဒိုင်းပေးမလဲ၊ ဘောလုံးအဖွဲ့ချုပ်က ပေးမယ်ပြောတာ မဟုတ်ဘူးတဲ့၊ တရုတ်တန်းက ပေးတယ်လို့ ပြောတယ်။ ဘယ်လောက်တောင် ဖြစ်နေကြသလဲဆိုတာသာကြည့်တော့၊ တကယ်ကောင်းကောင်း ကန်တဲ့သူတွေ ကောင်းကောင်း မကန်ရဘူး၊ စီးပွားရေးသမားတွေက အကုန်ဖျက်ပစ်တာ၊ ဒီလိုစစ်ထိုးပွဲတွေမှာ အားကြိုးမာန်တက်စွဲနေတာကြောင့် ကျန်းမာရေး၊ စီးပွားရေး အကျင့်စာရိတ္တ အဟုတ်ပျက်စီးတယ်၊ ပျက်စီးခြင်းရဲ့အကြောင်းတွေ၊ ဘောလုံးပွဲတပွဲ ပြီးပလာဆိုယင် နားသာထောင်လိုက်၊ လူပေါင်းဘယ်လောက် ထုတ်လိုက်ပြီ၊ ဘယ်သူဖျက်သလဲ မေးတော့ ပိုက်ဆံဖျက်တာနေ့၊ ဒီလို စစ်ထိုးပွဲတွေ ကြည့်တဲ့သူတွေက သူတို့ကိုယ်သူတို့လဲ ဖျက်တယ်၊ စစ်ထိုးတဲ့သူတွေကိုလဲဖျက်တယ်။

(၆) ကုမ္ဘထုန်၊ အိုးစည်ဗုံတီးတဲ့ပွဲသည်။ ကူ၊ အဘယ်အရပ်မှာ ရှိသနည်း။ ဣတိ၊ ဤသို့။ ပရိယေသမာနော၊ ရှာဖွေလျက်။ ဂစ္ဆတိ၊ အဲဒီပွဲတွေ သွားကြည့်ကြ၏။ တမ္ပိ၊ ထိုသို့ သွား၍ ကြည့်ခြင်းသည် လည်း။ သမဇ္ဇာဘိစရဏော၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၌၊ အာဒီနဝါ၊ အပြစ်တို့ ပါပေတည်း။

စစ်ထိုးတဲ့ပွဲ အိုးစည်းဗုံတီးတဲ့ပွဲ သွားကြည့်ခြင်းကြောင့် ပျက်စီးခြင်း တပါးစီ။ ပွဲသဘင် ၆-မျိုးကြည့်ယင် ပျက်စီးခြင်း ၆-ပါးလို့ အတိုချုပ် မှတ်ပါ။

နစ္စံ၊ ကပွဲ။ ဂီတ၊ သီဆိုပွဲ။ ဝါဒိတ၊ တီးမှုတ်ပွဲ။ ပါဏိဿရ၊ လက်ခုပ်ကလေးတီးပြီးတော့ သံပြိုင်အော်နေတဲ့ပွဲ။ အက္ခာန၊ စစ်ထိုး သလို အကြိတ်အနယ် ထိုးကြိတ်ကန်ကြတဲ့ပွဲ။ ကုမ္ဘထုန်၊ အိုးစည်နဲ့ ဗုံနဲ့ တီးနေကြတဲ့ပွဲ။

ရန်ကုန်ပျက်စီးပုံ သိပ်ပြီး ပြောလို့ မကောင်းဘူး၊ ကုမ္ဘထုနပွဲတို့၊ အက္ခာနပွဲတို့၊ မျိုးကိုစုံထွက်သွားတာပဲ။ သင်္ကြန်ပွဲ၊ တခါတခါ ပြီးယင် ကားမှောက်သေတာတို့၊ ရေမွန်းသေတာတို့၊ အဖျားတက်လို့သေတာတို့၊ ပွဲသဘင်ကြောင့် ပျက်စီးသေဆုံးကြရတာတွေ စာရင်းကောက်ယူမယ်ဆို ယင် နည်းတာမှ မဟုတ်ပဲ။

ဣတိ၊ ဤသို့။ သမဇ္ဇာဘိစရဏော၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်း၌။ အာဒီနဝါ၊ အပြစ်တို့သည်ကား။ ဣမေ၊ ဤခြောက်ပါးတို့ ပါ ပေတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာ ရွှေထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ပွဲလမ်းသဘင်ကြည့်ရှုခြင်းကြောင့် မကောင်းပြစ်ငါးပါး

မျက်မှောက်ဘဝမှာ ကျန်းမာရေးပျက်ခြင်း၊ စီးပွားရေးပျက်ခြင်း၊ စာရိတ္တပျက်ခြင်း၊ နောင်သံသရာကျတော့ က-တဲ့သူ၊ က-ပွဲကြည့်တဲ့ သူတွေ ပဟာသငရဲသို့ စာပေကပြောတဲ့ငရဲကို ရောက်ရတယ်။

## သဘင်သည် ဇာတ်ဆရာကြီး နဋပုတနဲ့ ရှင်တော်ဗုဒ္ဓ

မြတ်စွာဘုရား လက်ထက်က အက ဆရာကြီး နဋပုတ ဆိုတဲ့ ဇာတ် ဆရာကြီးတယောက်ရှိတယ်၊ အဲဒီဇာတ်ဆရာကြီး ဘုရားရှင် ထံမှောက် ရောက်တော့ ဘုရားကို မေးလျှောက်တယ်၊

''တပည့်တော်တို့ ကပွဲတွေဘာတွေ တိုင်းပြည် ကပြနေတာဘာများ အပြစ် ဖြစ်ပါသလဲ ဘုရား''

မြတ်စွာဘုရားက ''ဟဲ့-ငါ့မမေးနဲ့''လို့ပြ အမိန့်ရှိဘယ်။

သူက ထပ်လို့ မေးတယ်၊ သူကိုယ်တိုင်က-ဇာတ် ဆရာကြီးကိုး၊ ဇာတ်ဆရာကြီးအားနာလို့ ထင်ပါရဲ့၊ ဘုရား ကလဲ မမေးပါနဲ့ကွာ ဆို ပေမယ့် သိချင်လို့ ထပ်မေးဘယ်၊ ထိုဇာတ်ဆရာကြီးရဲ့ အယူ အဆက ''ကပွဲက-နေတာ ဘာအပြစ်မှမရှိဘူး''လို့ ယူဆတယ်၊ ဘုရားရှင် ကိုယ် တော်မြတ်က မေးပါများတော့ပြောတယ်။

''ဟဲ့-ဒါယကာကြီး။ တီးပွဲသဘင်၊ ဆိုပွဲသဘင်ဖြင့် တိုင်းပြည်လှည့် လည် ဖျော်ဖြေတဲ့ ပုဂ္ဂိုလ်တွေဟာ ထိုကြည့်ရှုသူ လူအပေါင်းရဲ့ စိတ် ထဲမှာ ကိလေသာ-ကာမ-ရာဂ ဒေါသတွေတိုးပွားအောင် လုပ်နေတာပဲ အကျိုးရတယ်၊ တခြား ဘာမှ အကျိုးမရဘူး၊ ကိလေသာ တိုးပွား ကြောင်း တရားတွေသာ ဖြစ်တယ်၊ ကြည့်ရှုသူတို့ရဲ့ ကာမ ရာဂ ကိလေ သာကို နှိုးဆွ ပေးတဲ့ သဘောတွေ သက် ရောက် နေ သော ကြောင့် ဒိကနေ့ခေတ်အရ ပြုပြင်ပေးတဲ့သင်ခန်းစာတို့ ဘာတို့ဆိုတာက အနည်း ငယ်မျှရှိလိမ့်မယ်၊ ကြည့်တဲ့သူ၊ ပြတဲ့သူတွေသေယင် အဝီစိငရဲကြီးရဲ့ ဘေးနားက ပဟာသငရဲဆိုတာရှိတယ်၊ ကြည့်တဲ့သူစာလဲ ရာဂမီးတွေ တဟုန်းဟုန်း လောင်ပြီးတော့ အောက်ကနေကြည့်လို့ ဇာတ်ခုံပေါ်က လူတွေကလဲ မီးတဟုန်းဟုန်းနဲ့အဝီစိငရဲမှာကကြတုန်းပဲတဲ့။ ဒါယကာ ကြီးနဋပုတ မင်းသေယင် အဲဒီပဟာသငရဲ သွားမှာပေါ့''လို့-

ဟောလိုက်တော့ တခါထဲထိုင်ငိုတော့တယ်၊ ငိုပေမယ့်သူလုပ်ထား တဲ့ကပွဲတွေကမရေမတွက်နိုင်အောင်ဖြစ်လို့ သူခံရမှာ သေချာသလောက် ဖြစ်သွားပြီ။ ဆိုလိုတဲ့အဓိပ္ပာယ်က ကပွဲသဘင်စင်မြင့်၌ ကတာဟာ ကြည့်ရှုသူအပေါင်းကို ကိလေသာနှိုးဆွတဲ့လုပ်ငန်းပါ၊ ဒါပဲလွှမ်းတယ်၊

သင်ခန်းစာဆိုတာ အားနာပါးနာနှင့် နည်းနည်းပါးပါး ချောင်နားက ကပ်ပြီးတော့ ပါပါတယ်၊ ဒါကြောင့်ပစ္စုပ္ပန်လဲမကောင်း၊ သံသရာလဲ မကောင်းတဲ့ ပွဲလမ်းသဘင်ဟာအပြစ်ရှိတယ်၊

သိင်္ဂါလ၊ လောကကြီးပွားကြောင်း၊ သံသရာကြီးပွားကြောင်း ပျက် စီးတဲ့ ဒီအပို သမုဒယတွေကို မင်းရှောင်လေလို့ သိင်္ဂါလကို ဘုရား ဆုံးမတယ်။

## လောင်းကစားခြင်း၌အပြစ် ၆ ပါး

ဆ ခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ ဇူတပ္ပမာဒဋ္ဌာနာ နုယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဇူတပ္ပမာဒဋ္ဌာနာနုယောဂေ၊ ကြေ အန်လောင်းကစားခြင်းဆိုတဲ့လုပ်ငန်း၌။ အာဒီနဝါ၊ အပြစ်တို့သည် ကား။ ဣမေ၊ ဤခြောက်ပါးတို့ပါပေတည်း။

လောင်းကစား လုပ်ငန်းမှာအပြစ်ခြောက်ပါး ဘုရားရှင်ကိုယ်တော် မြွက်မိန့်ကြားတယ်။

(၁) ဇယံ ဝေရံ ပသဝတိ၊

(၂) ဇိနော စိတ္တံ မနုသောစတိ၊

(၃) သန္ဒိဋ္ဌိကာ ဓနဇာနိ၊

(၄) သဘာဂတဿ ဝစနံ နရူဟတိ၊

(၅) မိတ္တာမစ္စာနံ ပရိဘူတော ဟောတိ၊

(၆) အာဝါဟဝိဝါဟာနံ အပတ္ထိတော ဟောတိ၊ အက္ခဓုတ္တော အယံပုရိသပုဂ္ဂလော နာလံ ဒါရဘရဏာယာတိ။

(၁) ဇယံ-ဇယန္တော၊ နိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကသည်။ ဝေရံ၊ ရန်ကို။ ပသဝတိ၊ တိုးပွားစေလေတော့၏။

နိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကလဲ ရန်များသွားတယ်၊ ဖဲရိုက်ကြမယ်တဲ့၊ လူဘယောက်ကနိုင်လို့ ပိုက်ဆံတွေကြုံးပြီး ကောက်သယ် သွားတယ်၊

ရှုံးတဲ့လူတွေက    အဲဒီလူနောက်လိုက်ပြီတော့ ခေါ်းနဲ့ထိုးသွားတတ်တယ်၊ နိုင်ယင်နိုင်တဲ့သူ ရန်မျှားတယ်။

(၂) ဇိနော၊ ရှုံးတဲ့သူကလည်း။ စိတ္တံ၊ စိတ်ကို၊ အနုသောစတိ၊ စိုးရိမ်ပူဆွေးလေတော့၏။

ရှုံးတဲ့သူကလဲ ကိုယ့်ပစ္စည်းကို တွေးတွေးပြီ နှမြောယင် နှင့် စိတ်တွေပူပြီး၊ စိုးရိမ်ပူဆွေးပြီးနေရတယ်။

(၃) သန္ဒိဋ္ဌိကာ၊ ကိုယ်ပိုင်လက်ရှိဖြစ်သော။ ဓနဇာနိ၊ စီးပွားဥစ္စာပျက်စီးရခြင်းသည်။ ဟောတိ၊ ဖြစ်ရလေတော့၏။

ရှုံးတဲ့လက်တွေ့ဘဝမှာလဲ စီးပွားရေးတွေပျက်စီးတယ်။

(၄) သဘာဂတဿ၊ ပရိသတ်အလယ်ရောက်လာသော။ အဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဝစနံ၊ စကားသည်။ န ရူဟတိ၊ ပရိသတ်အလယ်မှာ မည်သူမှလက်မခံတော့ပါ။

လောင်းကစားသမားရဲ့ စကား၊ ဖဲသမားရဲ့စကား၊ လူပုံအလယ်ဘာတွေပြောပြော ပရိသတ်ကပြက်ရယ်ပြုတတ်သည်။ ပွဲသဘင်အလယ်ဒီလူ့စကားကိုပရိသတ်က လက်မခံတော့၊ ကြိုက်သလောက်ပြောပါစေ၊ သူ့ဘာသာသူ ဘာတွေပြောပြော ပရိသတ်ကလက်မခံတော့။ ကြိုက်သလောက်ပြောပါစေ၊ ''ဒီလူ ကစားသမား ဖဲသမားပါ'' အဲဒီလိုဆိုပြီးတော့ သူ့ကိုဘယ်သူမှမယုံဘူး၊ ပွဲသဘင်အလယ် ဘယ်လိုမှမတင့်ဘယ်ဘူး။

(၅) မိတ္တာမစ္စာနံ၊ မိတ်ဆွေခင်ပွန်းတို့ရဲ့၊ ပရိဘူတော၊ ပြက်ရယ်ပြုသည်ကိုခံရသည်။ ဟောတိ၊ ဖြစ်၏။

မိတ်ဆွေတွေ သူငယ်ချင်းတွေ အပေါင်းအသင်းတွေက အထင်အမြင်သေးသွားတတ်တယ်''စီးပွားရေးအရ သတိထားကွ၊ ဒီလူကဖဲသမားကွ'' အဲဒီလို မိတ်ဆွေသင်္ဂဟတို့ရဲ့ အထင်သေးမှုကို ခံရတတ်တယ်၊ ပြက်ရယ်ပြုတာခံရတတ်တယ်။

(၆) အယံပုရိသပုဂ္ဂလော၊ ဤယောကျ်ားသည်။ အက္ခဓုတ္တော၊ အလောင်း အစား ကစားသမားတည်း။ ဒါရဘရဏာယ၊ မယားကျွေးခြင်းငှာ။ နာလံ၊ မစွမ်းဆောင်နိုင်။ ဣတိ၊ ဤသို့

နှလုံးပိုက်၍။ အာဝါဟ ဝိဝါဟနံ၊ သမီးပေးကြ သမီးယူကြတဲ့ ပုဂ္ဂိုလ်တို့ကလည်း။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အပတ္ထိတော၊ တောင့်တခြင်း လိုလားခြင်းမရှိတော့သည်။ ဟောတိ၊ ဖြစ်လေတော့၏။

သမီးပေးမယ့် ပုဂ္ဂိုလ်ကလဲ "ဒီလူအလောင်းသမားပါကွာ၊တို့သမီးနဲ့လက်မသင့်နိုင်ဘူး၊ မပေးနိုင်ဘူး" သမီးယူမယ့် ပုဂ္ဂိုလ်များကလဲ "အလောင်းသမားရဲ့ သမီးတော့ မယူပါနဲ့ကွာ" ဒီလို ဖြစ်ကုန်ရော၊ ဒီလူဘယောက် လောင်းကစားတာနဲ့ သားတွေ သမီးတွေပါမျက်နှာငယ်သွားတယ်၊ "ဒီလူက ကစားသမားဖဲသမားကြီးပါကွာ၊သားမယားမွေးမြူ ကျွေးမွေးဖို့ မတတ်နိုင်ပါဘူး၊ သူများသမီး ယူထားပြီး စားဝတ်နေရေး တတ်နိုင်မယ့်သူ မဟုတ်ပါဘူး။ အရက်သမားကြီးပါပဲကွာ" အဲဒီလိုဆိုပြီး သမီးရှင်တွေက ရှောင်ထွက်သွားတတ်တယ်။

အဲဒီလိုလောင်းကစားခြင်း၌လဲ မကောင်းတဲ့အပြစ် ၆-ပါးရှိကြောင်း မှတ်သားပြီးထားပါ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဇူတပ္ပမာဒဋ္ဌာနာနုယောဂေ၊ ကြွေအန်လောင်းကစားခြင်းဆိုတဲ့ လုပ်ငန်း၌လည်း။ အာဒီနဝါ၊ အပြစ်တို့သည်ကား။ ဆ ဣမေ၊ ဤခြောက်ပါးတို့ ပါပေတည်း။ ဆ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်သည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာပွား၍ ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

အမရပူရ နေပြည်တော်မှာ စိုးစံသွားတဲ့ ရှင်ဘုရင်တွေထဲက ပုဂံမင်း ဆိုတာရှိတယ်၊ မင်းတုန်းမင်းရဲ့အစ်ကို ပုဂံမင်း၊ အဲဒီပုဂံမင်းဟာ ကြက်တိုက်အလွန်ဝါသနာပါတယ်၊ ရှင်ဘုရင်လုပ်ပြီးကြက်ချည်း တိုက်နေတာ၊ တိုင်းပြည်ဘာမှမလုပ်ဘူး၊ အဲဒါနဲ့ မင်းတုန်းမင်းသားက "ငါ့အစ်ကို တိုင်းရေးပြည်ရေး ဘာမှမလုပ်ဘူး။ ကြက်ချည်းတိုက်နေတာ၊ တော်လှန်မှပဲ"ဆိုပြီး မင်းတုန်းမင်းဟာ သူ့အစ်ကိုပုဂံမင်းကို သတ်ပြီးတော့ နန်းတက်လာတာ။

ကစားသမားများ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ အလောင်းအစားရဲ့ အပြစ်လျှောက်ပြောနေယင် ပြောလို့မဆုံ ဘူး၊ဒါမျိုးတွေအများကြီးလာလိမ့်မယ်၊ အဲဒါကြောင့် ဒီနေ့ကြီးပွားချင်ယင် ဒီလုပ်ငန်းလဲကြိုးစားရှောင်၊ စီးပွားရေးတွေ ကြီးပွားရေးတွေ အကုန်ပျက်စီးပြီးတော့ ပွဲသဘင်အလယ် မတင့်တယ်ပဲ၊ လူအထင်သေးခံရမယ့် လုပ်ငန်းဖြစ်တယ်၊ ကြိုးစားပြီးရှောင်၊ လောကကြီးပွားကြောင်းတရား။

နောက်တခါ ခြောက်ခုတလီ တက်လိုက်ယင်-

မိတ်ဆွေဆိုးကြောင့် မကောင်းကျိုး ၆-ပါး

ဆ ခေါ၊မ ဂဟပတိပုတ္တ အာဒီနဝါ ပါပမိတ္တာနုယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပါပမိတ္တာနုယောဂေ၊ ယုတ်မာတဲ့သူနဲ့ ပေါင်းသင်းခြင်း၌လဲပဲ။ အာဒီနဝါ၊ အပြစ်တို့သည်ကား။ ဆမာသ၊ ၅င်းခြောက်ပါးတို့ပေတည်း။ ကတမာဆ၊ အဘယ်ခြောက်ပါးတို့ဟူမူကား-

> ယေဓုတ္တာ၊ ယေသောဏ္ဍာ၊ ယေပိပါသာ၊ ယေနေကတိကာ၊ ယေဝဉ္စနိကာ၊ ယေသာဟသိကာ၊ တျာဿ မိတ္တာ ဟောန္တိ တေ သဟာယာ။ ဣမေခေါ ဂဟပတိပုတ္တ ဆ အာဒီနဝါ ပါပမိတ္တာနုယောဂေ”

ဂဟပတိပုတ္တ၊ သူကြွယ်သား။ ယေဓုတ္တာ၊ အကြင်လောင်းကစားကျူးတဲ့ ပုဂ္ဂိုလ်များသည်လည်း။ သန္တိ၊ ရှိကြကုန်၏။ ယေသောဏ္ဍာ၊ အကြင်ကာမဂုဏ်လိုက်စား ကျူးလွန်သူတို့သည်လည်း။ သန္တိ၊ ရှိကြကုန်၏။ ယေပိပါသာ၊အကြင်သောက်စားလွန်ကျူးတဲ့ ပုဂ္ဂိုလ်တို့သည်လည်း။ သန္တိ၊ ရှိကြကုန်၏။ ယေဝဉ္စနိကာ၊ အကြင် လှည့်ပတ်တတ်သော သူတို့သည်လည်း။ သန္တိ၊ ရှိကြကုန်၏။ ယေနေကတိကာ၊ အကြင် ပစ္စည်းတုပြု၍ လိမ်လည်တတ်သော ပုဂ္ဂိုလ်တို့သည်လည်း။ သန္တိ၊ ရှိကြကုန်၏။ ယေသာဟသိကာ၊ အကြင်အနိုင်အထက် နှိပ်စက်တတ်သော သူတို့သည်လည်း။ သန္တိ ရှိကြကုန်၏။

(၁) ဓုတ္တာ=လောင်းကစားကျူးတဲ့ ပုဂ္ဂိုလ်များ။
(၂) သောဏ္ဍာ=ကာမဂုဏ်လိုက်စား ကျူးတဲ့ပုဂ္ဂိုလ်များ။

(၃) ပိပါသာ=အသောက်အစား လွန်ကျူးတဲ့ပုဂ္ဂိုလ်များ။

(၄) နေကတိကာ=ပစ္စည်းအတုနှင့် လိမ်လည်လှည့်ဖြားတဲ့ ပုဂ္ဂိုလ်များ။

(၅) ဝဥ္စနိကာ=ပစ္စည်းအတု ဘာမှမပါပဲနှင့် ပြောင်လိမ်တတ်တဲ့ ပုဂ္ဂိုလ်များ။

(၆) သာဟသိကာ=အနိုင်အထက် နှိပ်စက်တတ်သောပုဂ္ဂိုလ်များ။

(ဝဥ္စနိကာ=ရှေးဆရာတော်ကြီးများက လှည့်ပတ်တယ်ပြောတယ်)

ဝဥ္စနိကာနှင့် နေကတိကာ တိုက်ရိုက်အဋ္ဌကထာဖွင့်လိုက်ယင်- နေကတိကာက ပစ္စည်းအတုနှင့်လိမ်တာ၊ ဝဥ္စနိကာက ပစ္စည်းအတုဘာမှမပါပဲနှင့် တိုက်ရိုက်လိမ်တာ။

သူငယ်ချင်းရာ၊ သူငယ်ချင်းမို့ ငါကူညီစမ်းပါရစေ၊ ငါကျောက်စိမ်းတုံးကြီးရလာတယ်၊ မင်းတရာနှင့်ယူလိုက်စမ်းပါ၊ တန်ဘာကတော့ တသောင်းတန်မယ်၊ ခွဲကြည့်ယင် ငါးပြားတောင်မတန်ဘူး။ အတုနှင့် လိမ်သွားတာ "နေကတိကာ"။

ဟောဒီမှာဟေ့ ငါလမ်းပေါ်က ရွှေသက်ႏကာက်ကြီးကောက်ရတယ်ကွာ၊ ငါ့သူငယ်ချင်းရွှေဆိုင်ကြီး ဖွင့်ထားတာ ကူညီရအုံးမယ်၊ ရော့ တရာနှင့်သာယူသွားလိုက်၊ ရှိတာကတော့ တကျပ်သားလေးက် ရှိမယ်ပေါ့၊ မတန်တဲ့စျေးနှင့်ပေး၊ တို့သူငယ်ချင်း ငါ့ခင်သားပဲဆိုပြီးအဟုတ်မှတ်လို့ယူထား၊ တော်တော်ကြာကြည့်လိုက်တော့ ရွှေရည်စိမ်ကြီးဖြစ်နေတယ်။ အတုနှင့်လျှောက်ပြီး လှည့်တာ "နေကတိကာ"။

ဒီလို ပစ္စည်းအတုနှင့်လျှောက်ပြီး လိမ်တဲ့သူကို စာပေက "နေကတိကာ" ခေါ်တယ်၊ ပစ္စည်းအတုမပါပဲ တိုက်ရိုက်ငါ့ငွေတရာလောက်၊ တထောင်လောက်ချေးပါဆိုပြီး ပြန်မပေးတဲ့ပုဂ္ဂိုလ်ကို "ဝဥ္စနိကာ" လို့ခေါ်တယ်၊

### တမာငွေးတောက်၊ မြစ်လျှောက်ရေယုက်တူနှောဖက်က

သာဟသိကာ- အနိုင်ကျင့်တတ်တဲ့ မိတ်ဆွေလဲ မပေါင်းနှင့်၊ နေရာတကာမှာ သူကချည်းအနိုင်ယူချင်တာကို "သာဟသိကာ" လို့ခေါ်တယ်၊

ကိုယ်ကလဲသူများကိုအနိုင်ကျင့်ချင်တဲ့စိတ်ကလေးတွေပေါ်လာတတ်တယ် တိုက်ရိုက်လိမ်တတ်တဲ့ ပုဂ္ဂိုလ်နှင့်ကြာကြာပေါင်းယင် ကိုယ်လဲလိမ်လည်တတ်တဲ့ ဝါသနာလေး ပါလာတတ်တယ်။ ပစ္စည်းတုနှင့် လိမ်တတ်တဲ့လူနှင့် ကြာကြာပေါင်းယင် ကိုယ်လဲပစ္စည်းတုလုပ်ချင်လာတယ်၊ ဓာတ်ကူးလာတာ။

အလှန်ချိုလှချည်ရဲ့ဆိုတဲ့ သရက်ပင်နားငွေးတောက်ပင်တွေ၊ တမာပင်တွေဝိုင်းစိုက်၊ တော်တော်ကြာ အဲဒီသရက်ပင်ကြီး ခါးသွားရော။ အလွန် လိမ္မာယဉ်ကျေးပါတယ်ဆိုတဲ့ ဆင်ကြီးတကောင်နား၊ ဒမြတွေ သူခိုးတွေညတိုင်း လာလ ပြီးခိုးဖို့ဘိုက်ဖို့ လုယက်ဖို့ညစဉ်ခပြောယင်ဒီအသံကြားရဖန်များတဲ့ ဆင်ကြီးဟာ ကြမ်းတမ်းသွားတယ်၊

အလွန်တရာလှလှပပ သပ်သပ်ရပ်ရပ် ပြေးတတ်တဲ့မြင်းတကောင်ကို ခြေခွင်နေတဲ့လူကြီးက မြင်းထိန်းတယ်၊ခြေခွင်မြင်းထိန်းကြီးက ရှေကနေကြိုးဆွဲဆွဲပြီးသွားတော့ မြင်းကနောက်ကကြည့်ပြီး ကားကား ကားကား နဲ့သွားတယ်၊ ''ငါ့သင်နေတာနဲ့တူတယ်'' တွေးပြီးတော့ နောက်တော့ မြင်းကြီးပါ ခြေခွင်သွားရော၊ ဇာတ်တော်ထဲမှာရှိဘယ်၊ (ကြာကြာပေါင်းယင် ဓာတ်ကူးတယ်လို့ ပြောတာနော်) တိရစ္ဆာန်တွေလဲဓာတ်ကူးတယ်၊ သစ်ပင်တွေလဲဓာတ်ကူးတယ်၊ လူတွေဆိုယင် အဘယ်ပြောဘွယ်ရှိတော့မှာလဲ။

ဒါကြောင့် ကစားသမားမပေါင်းနှင့်၊ ကိုယ်လဲပျက်စီး တတ်ဘယ်၊ အမူးသမားမပေါင်းနှင့် ကိုယ်လဲမူးတတ်တယ်၊ သူငယ်ချင်း နဲနဲမြည်းပါ၊ ငါ့ကိုခင်ယင်နဲနဲနဲ့၊ ကြာယင်စည်ပိုင်းထဲ ခေါင်းပါစိုက်တဲ့ဘဝ ရောက်သွားတယ်။ ဒါကြောင့်-

### အကျွမ်းတဝင်မပေါင်းသင့်တဲ့ပုဂ္ဂိုလ်များ

(၁) အကုဋေတ္တလိုခေါ်တဲ့ အလောင်းအစား လွန်ကျူးသူ ကိုလဲ အဝေးကရှောင်ပါ။

(၂) ကာမဂုဏ်လိုက်စား လွန်ကျူးတဲ့ ပုဂ္ဂိုလ်ကိုလဲ အဝေးက ရှောင်ပါ။

(၃) အရက်နှင့် အသောက်အစား လွန်ကျူးသူကိုလဲ အဝေးက ရှောင်ပါ။

(၄) ပစ္စည်းတုနှင့် လှည့်ပတ် လိမ်လည် တတ်သူကိုလဲ အဝေးက ရှောင်ပါ။

(၅) တိုက်ရိုက်လိမ်တတ်တဲ့ ပုဂ္ဂိုလ်ကိုလဲအဝေးက ရှောင်ပါ။

(၆) အနိုင်ကျင့်တတ်တဲ့ ပုဂ္ဂိုလ်နှင့်မပေါင်းနဲ့ အဝေးကရှောင်ပါ။

မပေါင်းထိုက်သော ပုဂ္ဂိုလ် ၆-ယောက်၊ အဲဒီ ၆-ယောက်သော ပုဂ္ဂိုလ်တွေကို ပေါင်နေမယ်ဆိုယင် ၆-မျိုးသော သဘာဝကိုယ့်မှာကူး ပြီးတော့ လာတတ်သောကြောင့် မကောင်းကျိုး ၆-မျိုး ရတတ်တယ် ဆိုတာသိထား။

ပါပမိတ္တာနုယောဂေ၊ မိတ်ဆွေဆိုး၆-မျိုး ပေါင်းသင်းခြင်းဆိုတဲ့ သဘော၌၊ အာဒီနဝ ါ၊ အပြစ်တို့သည်ကား။ ဠမေ ဆ၊ ဤ ၆-မျိုး တို့ပါတည်း။ ဣတိ၊ ဤသို့။ ဘဂဝ ါ။ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ အဓဝ ါစ၊ ကရုဏာ ရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

မိတ်ဆွေတု မိတ်ဆွေစစ်ဆိုတာနှင့်ပတ်သက်လို့ ဒီလိုသိင်္ဂါလသုတ္တန်မှာ ယခု ၆×၆-လီ အခန်းပြီ သွားယင် မိတ်ဆွေ အတုအယောင်တို့နှင့်ပတ် သက်လို့ တကာ္ဍ ဘုရားဟောထားတယ်။

မိတ်ဆွေစစ်တို့ရဲ့အကြောင်းကို တကဏ္ဍအကျယ်ဟောတယ်၊ မိတ်ဆွေ တုနှင့် မိတ်ဆွေစစ် ဒီနှစ်ဦးရဲ့အကြောင်းကို အကျယ်ပြန်ဟောပြီးမှအရပ် ခြောက်မျက်နှာ ဟောမယ်။

### ပျင်းရိခြင်းကြောင့် မကောင်းကျိုး ၆-မျိုး

ဆ ခေါမေ ဂဟပတိပုတ္တ အာဒီနဝ ါ အာလသျာနုံယောဂေ။

ဂဟပတိပုတ္တ၊ သူကြွယ်သား။ အာလသျာနုယောဂေ၊ အပျင်း ထူတဲ့လုပ်ငန်း၌လဲပဲ။ အာဒီနဝ ါ၊ အပြစ်တို့သည်ကား။ ဠမေ ဆ၊ ဤ၆-မျိုးတို့ပါတည်း။

အပျင်းထူတဲ့နေရာ၌ အပြစ် ၆-မျိုးရှိတယ်။

(၁) အတိသီတန္တိ ကမ္မံ န ကရောတိ။

(၂) အတိဥဏှန္တိ ကမ္မံ န ကရောတိ။

(၃) အတိသာယန္တိ ကမ္မံ န ကရောတိ။

(၄) အတိပါတောတိ ကမ္မံ န ကရောတိ၊

(၅) အတိဆာတောသ္မီတိ ကမ္မံ န ကရောတိ။

(၆) အတိဓာတောသ္မီတိ ကမ္မံ န ကရောတိ။

၆-ချက် ဘုရားရှင်ကိုယ်တော်မြတ်ခေါင်းစီးပြလိုက်တယ်။

ပျင်းသူ့ရဲ့ ဆင်ခြေ ၆-မျိုးလို့ ပြောယင် ရတယ်၊

ကိုယ်ပျင်းတာ ကိုယ့်အကြောင်းလေးနဲ့ ကိုဗျ၊ ပျင်းတယ်ဆိုတာ နာမည်သာတော်တော်ဆိုးတာ လူတော်တော်သက်သာတယ်။

ဒီတော့ ပျင်းတဲ့သူက ဆင်ခြေကန်တော့-

အတိသီတံ၊ အလွန်ချမ်းပါသေးတယ် ဆိုပြီးတော့။ ကမ္မံ၊ လုပ်စရာကိစ္စတွေကို။ န ကရောတိ၊ မလုပ်သေးဘူး။

ဆောင်းရာသီများဆို နတ္တော်-ပြာသို-တပို့တွဲ နံနက်စောစော အိပ်ရာက မထချင်ဘူး၊ 'ချမ်းသေးတယ်ကွာ'ဆိုပြီး အိပ်နေတယ်၊ 'ချမ်းပါသေးတယ်'ဆိုပြီး ဘာမှမလုပ်ပဲ အိပ်နေတယ်၊ ဘယ်အချိန်အထိ အိပ်သလဲဆို ၇-နာရီခွဲ ၈-နာရီလောက်အထိ အိပ်နေတယ်။ ၈-နာရီလောက်ကျတော့ အိပ်ရာကထ၊ နိုးလာတော့ သူက ဘယ်နှယ်လုပ်ပြန်သလဲဆိုတော့ နောက်တဆင့်။

## စားပြီးလျှင် အိပ် အိပ်ပြီးလျှင် စား

အိပ်ရာက နိုးလာပြန်တော့ ကိုယ်လက်သုတ်သင် မျက်နှာပေါ် အဝတ်ကလေးနဲ့ သုတ်ပြီးတော့၊ ဗိုက်ကလေး နဲနဲပွတ်ကြည့်တော့ ဆာလာပြန်တယ်။

ခြေဘ် ငါအလွန်ဆာလောင်နေ့တယ်။ ဒီလောက် မွတ်သိပ်နေတုန်း အလိုပ်လုပ်ယင် ရောဂါဖြစ်တယ်လို့ပြောတယ်။ ဒါကြောင့် ဆာသေးတယ်ကွာ ငါမလုပ်သေးပါဘူး။ ရှင်မရေ-ထမင်းကျက်ပြီလား၊ မကျက်သေးဘူး-ဆိုတော့ သူက ငါအလုပ်မလုပ်သေးဘူး၊ ထိုင်စောင့်နေတယ်။

ဆယ်နာရီလောက်ကျတော့ မောင်ရေ ထမင်းကျက်ပြီဆိုသော့ ပြင်ပေးလိုက်တယ်။ ထမင်းစားပြီးရော ဗိုက်ကလဲတင်းသွားကော၊ တအားကုန်စားတာကိုး။ ထမင်းစားပြီးတော့ ဗိုက်တင်းသွားကောမဟုတ်လား။

အတိဓာတော၊ အလွန်ဗိုက်တင်းသွားပြီတဲ့။ ဂ္ဂုတိ၊ ဤသို့ ဆင်ခြေကန်ပြီးတော့။ ကမ္မံ၊ လုပ်စရာကိစ္စတွေကို။ နကရောတိ၊ ဘာမှ မလုပ်ပြန်ဘူးတဲ့။

စောသေးတယ်၊ ချမ်းသေးတယ်ဆိုပြီး ဘာမှမလုပ်ဘူး။ အိပ်ရာကနိုး၊ ထလာပြီးတော့ ထမင်းဆာတယ်ဆိုကာ ဘာမှမလုပ်ဘူး။ ထမင်းစားပြီးပြန်တော့ ဗိုက်ဘင်း ထမင်းဆိရစ်သွားတယ်။ ကျောကြီးဆန့်ပြီး တမှေးတော့ မှေးလိုက်အုံးမယ်ဆိုပြီး ဘာမှမလုပ်သေးဘူး။ အဲဒီလိုနဲ့ပဲ နေ့လယ်ဆယ့်နှစ်နာရီခွဲ၊ နာရီပြန် တချက်လောက် ရောက်လာရော၊ အိပ်ရာကထလာပြန်တော့ ကောင်းကင်မော့ကြည့်ပြီး နေတောင် မွန်းတည့်နေမှ၊ ရာသီကလဲ ကဆုန်လ ပူလိုက်တာကွာ သူ့ဟာနဲ့သူ အလွန်သက်သာအောင် ကြံနေတာ။

အတိဥဏှံ၊ ပူလိုက်တာဆ်ပြီ ။ ကမ္မံ၊ လုပ်ငန် တွေကို။ န ကရောတိ၊ ဘာမှမလုပ်ပြန်ဘူးတဲ့။

ပူဘယ်ကွာ နားကြအုံးစို့၊ အိပ်ရာကနိုး၊ ဆက်နားနေတယ်၊ ပူသေးတယ် ဆိုပြီး မလုပ်ပြန်ဘူး။ ပျင်းတဲ့အကြောင်းတွေ ပြနေတာနော်။

“အေးသည် ပူသည်၊ မိုးချုပ်သည်နှင့်၊ စောသည် ဆာသည် ပြည့်အင်သည်၊ ခြောက်မည် ပျင်းရိကြောင်း”

အလွန်အေးတယ်၊ အလွန်ပူတယ်၊ မိုးချုပ်တယ်၊ စောတယ်ဆိုပြီး ဘာမှမလုပ်ဘူး။ ထမင်းဆာတယ်ဆိုပြီး ဘာမှမလုပ်ဘူးတဲ့။ ထမင်းစားလို့

ဗိုက်တင်းသွားတယ်၊ ထမင်းဆိုရစ်တယ်ဆိုပြီး အိပ်ချင်သေးတယ်ဆိုကာ လှဲနေတယ်။ ဘာမှမလုပ်ပြန်ဘူးတဲ့။ အိပ်ရာက နိုးလာပြန်တော့လဲ နေမွန်းတည့်နေပြီ နေပူတယ်ဆိုပြီး၊ ဘာမှမလုပ်ပြန်ဘူးတဲ့။ နေပူတာကြောက်လို့ နေအေးအောင်စောင့်ပြီး၊ ကျောလေးခင်းပြီး တလူးလူးတလိမ့်လိမ့်နဲ့နေတယ်၊ ကျောမှာ တံဆိပ် ဖျာရာနှိပ်ပြီးနေလိုက်တာ ညနေ မိုးလေးတော်ခတော်ချုပ်သွားပြီ၊ မိုးလေးလဲ ချုပ်ပြီ၊ တော့ ဘယ်လို ဆင်ခြေပေးပြန်သလဲဆိုတော့—

အတိသာယံ၊ အလွန်မိုးချုပ်သွားပြီ။ ဣတိ၊ ဤသို့ ဆင်ခြေပေးပြီးတော့၊ ကမ္မံ၊ လုပ်ငန်းတွေကို။ န ကရောတိ၊ ဘာမျှမလုပ်ပါ။

မိုးချုပ်သွားပြီကွာ၊ ထမင်းစား အိပ်ရုံပဲရှိတော့တယ်။ ဒီလူ တနေလုံး ဘာမှမလုပ်ပါဘူး။ ဆင်ခြေကန်ပြီးစားလိုက်၊ အိပ်လိုက်နဲ့။ ဒါနဲ့ပဲ အချိန်ကုန်သွားတယ်။ အဲဒီလိုနဲ့ စားလိုက်၊ အိပ်လိုက် မိုးချုပ်တယ်ဆိုပြီး အိပ်လိုက်နဲ့ အကြောင်းငါးချက် ရသွားပြီနော်။

အစားကလဲစားဗိုက်ကလဲတင်းတင်းနဲ့အိမ်လိုက်တော့ ခေါခေါနဲ့ အိပ်ပျော်သွားပြီး မနက်ကျတော့ ခပ်ချမ်းချမ်းလေးဖြစ်ကော။ အချမ်းနှိပ်စက်ပြန်တော့ အစောကြီးနိုးလာပြီး အလုပ်လုပ်မယ် မထင်နဲ့။ အလွန်စောပါသေးတယ်ကွာဆိုပြီးတော့ ပြန်အိပ်တယ်၊ မလုပ်ခသေးဘူး။ ဆင်ခြေပေးနေတာ အစီအစဉ်တကျ အကြောင်း ဘယ်နှစ်ချက်လဲ။

## ကြီးပွားချမ်းသာလိုလျှင် ပျင်းရိမှုကိုရှောင်

(၁) အလွန်စောသေးတယ်ဆိုပြီး ဆင်ခြေပေး၍ ရှောင်သွားတယ်။

(၂) အလွန်နောက်ကျပြီဆိုပြီး ဆင်ခြေပေး၍ ရှောင်သွားတယ်။

(၃) အလွန် ချမ်းအေးတယ်ဆိုပြီး ဘာလုပ်ငန်းမှ မလုပ်ချင်ဘူး ရှောင်နေတယ်။

(၄) အလွန်ပူပြင်းတယ်ဆိုပြီး ဘာလုပ်ငန်းမှ မလုပ်ဘူး ရှောင်နေတယ်။

(၅) ထမင်းဆာပြန်တော့လဲ ဆာလွန်းတယ်ဆိုပြီး မလုပ်ပြန်ဘူး။

(၆) ထမင်းစားပြီးတော့လဲ ဗိုက်တင်းသွားတယ်ဆိုပြီး ဘာမှမလုပ်ဘူး ရှောင်နေတယ်။

ဒီအကြောင်း ၆-ပါး တပါးပါးနဲ့ အကုန်ရှောင်၊ စီးပွားရေးတွေလဲ အကုန်ပျက်၊ ကျန်းမာရေး၊ ပညာရေး၊ ဘာမှမရ၊ အကုန်လက်လွှတ်ဆုံးရှုံးရတယ်။

အဲဒါ အပျင်းရဲ့ အကြောင်း၊ အင်္ဂါ ၆-ပါး၊ အပျင်းထူသူတို့ရဲ့ အကြောင်း ၆-ပါး၊ အဲဒါ သက်သာချင်ယင် ကျင့်သုံးကြ။ ဒီနှစ်ပါး ကျင့်သုံးယင် ဘာစာမှလဲ တတ်မှာမဟုတ်ဘူး၊ ဘာစီးပွားရေးမှလဲ ဖြစ်မှာမဟုတ်ဘူး။

## အပျင်းထူတဲ့ သုဝီရနတ်သားနဲ့ ဖခင်သိကြားမင်း

သိကြားမင်းကြီးမှာ သုဝီရဆိုတဲ့ သားတယောက် ရှိတယ်၊ သုဝီရနတ်သားပျင်းပုံက သိကြားမင်းကြီးက နံနက်တိုင်း မိုးသောက် အိပ်ရာကနိုးတိုင်း "ဟဲ့ သုဝီရ....ထကွဲ့" "အဖေ-စောပါ သေးတယ်" ဆက်အိပ်တယ်၊ တော်တော်နေမြင့်လို့အိပ်ရာကနိုးပြန်တော့၊ "ဟဲ့သုဝီရ-တို့ကွာ ချမ်းချမ်းသာသာနေရတာမဟုတ်ဘူး၊အသုရာတွေနဲ့စစ်ဖြစ်နေလို့ ခဏခဏစစ်တိုက်နေရတယ်၊ သိကြားမင်းရဲ့သား တယောက်ဆိုအားကိုးရမယ် အောက်မေ့နေတယ်၊ မင်းဒီစစ်ပွဲ ၁ ခင်ဘိုက်မှဖြစ်မယ်" ပြောတော့ သုဝီရနတ်သားက "အဖေ၊ ကျွန်တော်ထမင်း မစားရသေးဘူး၊ နတ်သုဒ္ဓါလေး သွားစားပြီး ကျွန်တော်အိပ်လိုက်အုံးမယ်"ဆိုပြီး နတ်သမီးတွေနဲ့ အဆောင်တော်ထဲ သွားအိပ်တယ်။

ညနေစောင်းတော့ သိကြားမင်းက "ဟဲ့သုဝီရ—ထကွ၊ဟိုမှာအသုရာတွေနဲ့တိုက်နေရတဲ့စစ်ပွဲ မင်းပါမှဖြစ်မယ်"ဆိုတော့ "အဖေ မိုး ချုပ်သွားပြီ၊ အိပ်ကြအုံးစို့"သုဝီရအပျင်းထူပုံ ဒီလိုချည်းဖြစ်ပြီးနေတယ်။သိကြားမင်းကြီးက—

## အလုပ်မလုပ်ပဲနဲ့ စားဝတ်နေရေး ပြေလည်တဲ့နေရာရှိသလား

အနုဋ္ဌဟံ အဝါယာမံ၊ သုခံ ယတြာ ဝိဂစ္ဆတိ၊
သုဝီရ တတ္ထ ဂစ္ဆာဟိ၊ မဉ္စ တတ္ထေဝ ပါပယာဘိ။ ။

သုဝီရ၊ ဟဲ့သုဝီရလို့ခေါ်တဲ့အပျင်းနတ်သား။ အနုဋ္ဌဟံ၊ ထကြွလုံ့လ ဘာမှမစိုက်ပဲနှင့်။ အဝါယာမံ၊ ကိုယ့်ရဲ့ လုံ့လ ဝီရိယမှ မကြိုးကုတ်ရပါပဲနှင့်။ ယတြ၊ အကြင်အရပ်၌။ သုခံ၊ ချမ်းသာကို။ ဂစ္ဆတိ၊ ရနိုင်ရာ၏။

ထကြွလုံ့လ ဝီရိယ မကြိုးစားပဲနှင့် ချမ်းသာသုခ ရနိုင်တယ်ဆိုတဲ့ နေရာ၊ ငါ့သား သုဝီရမင်း ဘယ်မှာတွေ့သလဲကွာ။

သုဝီရ၊ ဟဲ့-သုဝီရနတ်သား။ တတ္ထ၊ ဘာမှမလုပ်ပဲနှင့် ချမ်းသာရာ ရတယ်ဆိုတဲ့နေရာကို။ တွံ၊ သင်သည်။ ဂစ္ဆာဟိ၊ သွားပါလေ။ တတ္ထေဝ၊ ထိုအရပ်သို့သာလျှင်။ မဉ္စ၊ ငါ့ကိုလဲ။ ပါပယ၊ ရောက်အောင်ပို့ပါ။

ဘာမှမလုပ်ပဲနှင့် ချမ်းသာမှုရတယ်ဆိုတဲ့နေရာရှိယင် မင်းငါ့ကိုပြပါ။ ဘာမှမလုပ်ပဲနှင့် စားဖို့ထမင်း၊ ဝတ်ဖို့အဝတ်၊ နေစရာအိမ်ရတယ်ဆိုယင် မင်းငါ့ကိုပြစမ်းပါ။ ဒီလိုနေရာမျိုး အလုပ်မလုပ်ပဲနှင့် ရနိုင်တယ်ဆိုယင် မင်းသွားကွာ၊ ငါ့ကိုလဲရောက်အောင်ပို့။ ငါလဲ အဲဒီနေရာရောက်အောင် ပို့စမ်း။

အလုပ်မလုပ်ပဲနှင့် ထမင်းစားရတဲ့နေရာ ရှိသလား၊ အလုပ်မရှိယင် ထမင်းမရှိဘူး၊ အလုပ်မရှိလျှင် ပုဆိုးထမီမရှိဘူး။ စား-ဝတ်-နေရေးဆိုတာ ကြိုးစားနိုင်မှ၊ ဝီရိယသန်မှရတယ်။ စားစရာ-နေစရာ-ဝတ်စရာ အတွက် ဝီရိယကို ကြိုးစားပြီး အားထုတ်လေဆိုတဲ့အကြောင်း သမ္ဗဒါ တရား လေးပါးထဲမှာလဲ "ဥဋ္ဌာနသမ္ပဒါ"မှာ အကျယ်ဟောတယ်။

လုံ့လဝီရိယနှင့် ကြိုးစား၊ စောသေးတယ်ဆိုပြီး ပျင်းမနေနဲ့၊ မိုးချုပ်ပြီဆိုပြီး ပျင်းမနေနှင့်၊ ပူတယ်ဆိုပြီး ပျင်းမနေနှင့်၊ အေးလှချီရဲ့ ဆိုပြီ ရှောင်မနေနှင့်၊ ဆာတယ် ဗိုက်တင်းတယ်ဆိုပြီး ရှောင်မနေကြနှင့်၊ မျက်မှောက်ရောက်လာတဲ့ အလုပ်ကို ရှောင်မနေကြနှင့်၊ အပျင်း

ထူပြီးတော့ ရှောင်မနေကြနှင့်၊ ကြိုးစားပြီး အားသွန်ခွန်စိုက် လုပ်ကြပါ၊ အပျင်းထူနေယင် စားစရာတောင် မရပဲ ရှိလိမ့်မယ်။

ဒီကနေ့ခေတ်မှာ စားရေးနေရေး ဝတ်ရေးအတွက် ဝီရိယလိုမလို ဒီလောက်မပြောဘူး။ တရားအားထုတ်ဖို့ကျတော့လဲ ဒီလောက်မလိုပါဘူး။ဘာမှ လုပ်မနေပါနှင့်၊ ချမ်းသာဆိုတာ ဒီအတိုင်းရတာ၊ ထမင်းတလုပ်တောင် ဒီအတိုင်း သေအောင်ကုန်းလုပ်နေရတဲ့အထဲ သံသရာဝဋ်မှ လွတ်ဖို့ရန် ဘာမှ လုပ်ဖို့တောင် မလိုတော့ဘူးဆိုကြဲတော့ သိကြားမင်းရဲ့ သား သုဝီရနတ်သားလို ပျင်းတွေပဲ ဖြစ်နေမှာပေါ့။

အလွန်စောသေးတယ်လို့ ပျင်းတာ၊ အလွန်ပူသေးတယ်လို့ ပျင်းနေတာ၊ ဆာလှချီရှဲလို့၊ ဗိုက်တင်း၍နေလို့ ပျင်းနေတဲ့လူကမှ တော်သေး။ ဒီလိုမဟုတ်ပဲ ဘာမှလုပ်ဖို့ မလိုတော့ဘူးဆိုပြီး ဝီရိယမလိုတဲ့ အဂီရိယဝါဒကြီး ချပေးလိုက်တာက ပိုဆိုးတယ်။

## လူတွေသာ ပျင်းရိကြတာ မဟုတ်သေးဘူး

သိကြားမင်းက သားသုဝီရနတ်သားကို ဆုံးမတယ်၊ သံယုတ္တနိကာယ် သုဝီရသုတ္တန်မှာ ပါတယ်။ ဒီတော့ ပျင်းတယ်ဆိုတာ လူ့ပြည်မှာသာ ရှိသလားဆိုတော့ နတ်ပြည်မှာလဲ ရှိတယ်ဆိုတာ ပေါ်လာတယ်။ ဘာမှ မအံ့ဩနှင့်၊နတ်အပျင်းတွေရှိယင် ဗြဟ္မာအပျင်းတွေ ရှိအုံးမလားဆိုတာ ဆက်ပြီး လေ့လာကြည့်ရအောင်။ လူတွေမှာ အပျင်းတွေရှိတယ်၊နတ်ပြည်မှာလဲ အပျင်းရှိတယ်၊ ဗြဟ္မာ့ပြည်မှာလဲ အပျင်းရှိတယ်၊ ဘုံသုံးဆယ့်တစ် ကိလေသာမကင်းသူတို့ရဲ့သန္တာန်မှာ အပျင်းခေတ်ဆိုတာ ရှိမှာချည်းပါပဲ။

ဒီအပိုင်းရဲ့ အကြောင်း ၆-ပါးနှင့် မိမိကိုယ်ကိုမိမိ ဆင်ခြေကန်ပြီး အပျင်းထူနေကြယင် နေ့မှာလဲအိပ်တယ်၊ ညကျတော့လဲ ထကိုမထချင်ဘူး။ ဒီလိုလူမျိုးဟာ ဟောဒီ လူ့လောကမှာ အကျိုးစီးပွားတွေကို အကုန်ကျော်လွန် ဆုံးရှုံးပြီးသွားလိမ့်မယ်။ ဒါကြောင့်—

အတိသီတံ အတိဥဏှံ၊ အတိသာယ မိဒံ အဟု။
ဣတိ ဝိဿဋ္ဌကမ္မန္တေ၊ အတ္ထာ အစ္စေန္တိ မာဏဝေ။

(၁) အတိသီတံ=အလွန်အေး အလွန်ချမ်းတယ်လို့။
(၂) အတိဥဏှံ=အလွန်ပူပြင်းလှတယ်လို့။

(၃) အတိပါတံ=အလွန်စောတယ်လို့။

(၄) အတိသာယံ=အလွန်မိုးချုပ်ပြီလို့။

(၅) အတိဆာတံ=အလွန်ဆာလောင်တယ်လို့။

(၆) အတိဓာတံ=အလွန်ဗိုက်တင်းသွားပြီလို့။

ဣတိ၊ ဤသို့။ ဝိဿဇ္ဇ ကမ္မန္တေ၊ မိမိရဲ့ လုပ်စရာလုပ်ငန်းတွေကို စွန့်လွှတ်ပြီးတော့ ပျင်းနေကြတဲ့ ပုဂ္ဂိုလ်တို့ကို။ အတ္ထာ၊ ပစ္စုပ္ပန် အကျိုးစီးပွား၊ သံသရာအကျိုးစီးပွားတရားတွေဟာ။ အစ္စန္တိ၊ ကောင်းစွာမဇသွ ကျော်လွန်ဆုံးရှုံး၍ သွားကြလေကုန်ဘော့၏၊

ဣတိ၊ ဤသို့၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က။ အာလသျာနုယောဂေ၊ ပျင်းရိခြင်းကို အားထုတ်နေတဲ့ လုပ်ငန်း၌၊ ဝါ၊ အပျင်းတရားခြောက်ပါး၌။ အာဒီနဝါ၊ အပြစ်တို့ကို။ ဧဝံ၊ ဤသို့။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအား ဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပေါ်ဘုရား)

# သိင်္ဂါလသုတ္တန် (တတိယပိုင်း)

၁၃၄၁-ခုနှစ် ကဆုန် လပြည့်ကျော် ၇-ရက်နေ့ည၊ ရန်ကုန်မြို့ မြေနီကုန်းတောင်ပိုင်း ရပ်ကွက်လုံးဆိုင်ရာ မန္တလေးမြို့ မလွန်ဆန်လှူ အသင်းကြီး၏ အသင်းထောက်မှုကျင်းပသည့် ဆန်လှူရေစက်ချ မင်္ဂလာသဘင်မှ ဟောကြားအပ်သော ဒီဃနိကာယ်ပါထိကဝဂ္ဂပါဠိတော်၌ လာသော သိင်္ဂါလသုတ္တန်တရားတော်တတိယပိုင်း။

## မိတ္တပတိရူပကကဏ္ဍ မိတ်ဆွေတုအကြောင်း

ဒီကနေ့ညတော့ မိတ္တပတိရူပက အခန်းတခန်းအနေနှင့် ဟောမယ်။ မိတ်ဆွေအတု၊ မိတ်ဆွေအစစ်ကို ခွဲခြားစိတ်ဖြာပြီး ဟောမယ်။ မိတ်ဆွေအတု အမျိုးအစားများ ခွဲခြားခြင်းကို ဒီကနေ့ စတင်ပြီးဟောကြစို့။

စတ္တာရောမေ ဂဟပတိပုတ္တ အမိတ္တာ မိတ္တပတိရူပကာ ဝေဒိတဗ္ဗာ။

ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရှိတဲ့ သူကြွယ်သား။ အမိတ္တာ၊ မိတ်ဆွေမဟုတ်ကြကုန်သော။ မိတ္တပတိရူပကာ၊ မိတ်ဆွေအတုဖြစ်၍ နေကြကုန်သော။ ဣမေ စတ္တာရော၊ ဤလေးယောက်သော ပုဂ္ဂိုလ်တို့ကို၊ တွံ၊ သင်သည်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

"ဟေ့- သိင်္ဂါလသူဌေးသား....၊ လောကမှာ ပေါင်းသင်းဆက်ဆံရေးနှင့် နေကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ မိတ်နှင့်ဆွေနှင့်မကင်းနိုင်တဲ့ ပုဂ္ဂိုလ်တွေ မိတ်ဆွေအတုနှင့်အစစ် နားလည်မှ ဖြစ်မယ်။ မိတ်ဆွေနှင့် မကင်းနိုင်တဲ့ပုဂ္ဂိုလ်တွေ မိတ်ဆွေတွေရဲ့အကြောင်း၊ မိတ်ဆွေအစစ်၊ မိတ်ဆွေအတုတို့ရဲ့အကြောင်းကို ခွဲပြီးတော့နားလည်ဖို့ကောင်းတယ်" လို့

မိတ်ဆွေအတု လေးမျိုးကို ဘုရားရှင်ကိုယ်တော်မြတ် ခွဲခြားပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

## မိတ်ဆွေအတုလေးမျိုး

(၁) အညဒတ္ထုဟရော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

(၂) ဝစီပရမော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

(၃) အနုပ္ပိယဘာဏီ အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

(၄) အပါယသဟာယော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေဘဲ့။ ဂဟပတိပုတ္တ၊ အို-သူဌေးသား။

(၁) အညဒတ္ထုဟရော၊ မိမိကသာ လျှင် သူတပါးထံမှ ပစ္စည်းကို ရသမျှယူဘတ်တယ်လို့ ခေါ်ဆိုရသော ယူတတ်ပေသော။ အမိတ္တော၊ မိတ်ဆွေ မဟုတ်ပေသော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုဖြစ်၍နေပေသော။ ပဌမော၊ ရှေးဦးစွာသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဘယောက်ကိုလဲ။ ဝေဒိတဗ္ဗော၊ ကောင်းစွာမသေချ သိအပ်ပါပေ၏။

(၂) ဝစီပရမော၊ နှုတ်သာထက်၍ လက်မပါသော မိတ်ဆွေမျိုး ဆိုတာလဲပဲ။ အမိတ္တော။ မိဘ်ဆွေအစစ် မဟုတ်တဲ့။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုမျိုးပါပဲလို့။ ဝေဒိဘဗ္ဗော၊ ကောင်းစွာ မသေချ သိအပ်ပါပေ၏၊

(၃) အနုပ္ပိယဘာဏီ၊ အလိုလိုက်၍ အကြိုက်ကိုသာ ဆောင်ရွက်တဘ်တဲ့။ အမိတ္တော၊ မိတ်ဆွေ မဟုတ်သော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုမျိုးကိုလဲ။ ဝေဒိတဗ္ဗော၊ ကောင်းစွာမသေချ သိအပ်ပါပေ၏။

(၄) အပါယသဟာယော၊ ပျက်စီးမှုမှ အပေါင်းအဖော်ဖြစ်၍ နေသော၊ ပျက်စီးရာပျက်စီးကြောင်း မကောင်းတဲ့ လုပ်ငန်းတွေမှာ အဖော်သဟဲပြု၍နေပေသော။ အမိတ္တော၊ မိတ်ဆွေ မဟုတ်ပေသော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတု ဖြစ်၍

နေပေသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်မျိုးကိုလဲပဲ၊ ဝေဒိတဗ္ဗော၊ ကောင်းစွာမသေ့ သိအပ်ပါပေ၏။

သိင်္ဂါလ၊ သိင်္ဂါလကအမည်ရတဲ့ အို-သခင်္ဂသား။ စတ္တာရော၊ လေးယောက်ကုန်သော။ အမိတ္တာ၊ မိတ်ဆွေမဟုတ်ကြကုန်သော၊ မိတ္တပတိရူပကာ၊ မိတ်ဆွေ အတုဖြစ်၍ နေကြပေကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်လေးမျိုးကို။ ဝေဒိတဗ္ဗော၊ မုချမသေ့ သိထိုက်ပေကုန်တော့၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အမိတ္တာ၊ မိတ်ဆွေအစစ်မဟုတ်သော၊ (ဝါ)မိတ်ဆွေအစစ်မဟုတ်ကြကုန်သော။ မိတ္တပတိရူပကာ၊ မိတ်ဆွေအတု လေးယောက်တို့ကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့ သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

အမိတ္တ=မိတ်ဆွေအစစ်မဟုတ်သူ၊ မိတ္တပတိရူပက= မိတ်ဆွေအတုဆိုရသော ပုဂ္ဂိုလ်သည် လေးမျိုးရှိသည်ဟု မာတိကာခေါင်း စဉ်ပြီးတော့ မိန့်ကြားတော်မူလိုက်တယ်။

မိတ်ဆွေစစ်မဟုတ်တဲ့ မိတ်ဆွေတုလေးမျိုးရှိတယ်။ ပါဠိဝေါဟာရ နှင့် ပြောရယင်-

(၁) အညဒတ္ထုဟရ မိတ်ဆွေ။

(၂) ဝစီပရမ မိတ်ဆွေ။

(၃) အနုပ္ပိယဘာဏီ မိတ်ဆွေ။

(၄) အပါယသဟာယ မိတ်ဆွေ။

(၁) အညဒတ္ထုဟရမိတ်ဆွေဆိုတာ မိမိကရယင် ရသလောက်ယူ တယ်။ သူယယ်ချင်းရယ်၊ မိတ်ရက်၊ ဆွေရယ် ပေါင်းပြီးတော့ နေတယ်။ ကိုယ်က ပေးဖို့ကြံဘူး။ ရမယ့်ဘက်ကချည်း ကြံနေတဲ့ပုဂ္ဂိုလ်ဟာ အညဒတ္ထုဟရ မိတ်ဆွေ။

(၂) ဝစီပရမ မိတ်ဆွေဆိုတာ လက်မှာ တခုမှမပါဘူး။ ပါးစပ်ဏာ တကယ်ကောင်းတယ်။ ပါးစပ်သာရှိတယ်၊ တကယ် ကိုယ်ထိလက် ရောက် ကူညီတာ ဘာမှမရှိဘူး၊ ပါးစပ်ပြောပဲရှိတဲ့ပုဂ္ဂိုလ်ဟာ ဝစီပရမ မိတ်ဆွေ။

(၃) အနုပ္ပိယဘာဏီမိတ်ဆွေဆိုတာ ကောင်းကောင်း၊ မကောင်း မကောင်း အကြိုက်ကိုအကုန်လုံး လိုက်ပြီးပေးတယ်၊ ပြောပေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အနုပ္ပိယဘာဏီ မိတ်ဆွေ။

(၄) အပါယသဟာယမိတ်ဆွေဆိုတာ ပျက်စီးမှုနဲ့ ပတ်သက်လာယင် အကူအညီ အမြဲတမ်းရာယ်။ ကြီးပွားမှု တိုးတက်မှု ကုသိုလ်ရေး နှင့် တိုင်ပင်လိုက်ယင် ဘာမှ အကူအညီမရဘူး၊ မကောင်းတဲ့ လုပ်ငန်းအကုန် လုံးမှာ အဖော်ဖြစ်တဲ့ပုဂ္ဂိုလ်ဟာ အပါယသဟာယ မိတ်ဆွေ။

### ကျင့်ဝတ်သိက္ခာဖြင့် ဘဝကို တန်ဆာဆင်ပါ

ဒီလေးယောက်သော ပုဂ္ဂိုလ်တွေကို မိတ္တပတိရူပက မိတ်ဆွေအတုလို့ ဘုရားရှင်ကိုယ်တော်မြတ် မိန့်ကြားထားတယ်၊ လောကမှာ မိတ်နဲ့ ဆွေနဲ့ ပေါင်းသင်းဆက်ဆံရေးနဲ့ သူများအနေနှင့် ဒီမိတ္တပတိရူပကလေးယောက် ကို သိထားလိုက်တယ်၊ သိထားယင် ရှောင်ကြဉ်ဘို့ လွယ်သွားတယ်။

သိမထားဘူးဆိုရင် မသိလို့ ပေါင်းရတာ၊ သိထားယင် ဘာလဲဆိုတာ သိထားလို့ ပေါင်းတဲ့ပုဂ္ဂိုလ် သက်သာတယ်။ မီးခဲမီးမွှန်းသိလို ကိုင်တဲ့ ပုဂ္ဂိုလ်က အကိုင်အတွယ်ကျွမ်းကျင်ယင် အပူသက်သာတယ်။ မီး၊ မီးမွှန်း မသိလို့ ကိုင်တဲ့ပုဂ္ဂိုလ်မှာ သေသေချာချာလောင်သွားတယ်။ ဒါကြောင့် သိထားဖို့ လိုအပ်သောကြောင့် သိင်္ဂါလောဝါဒသုတ္တန် ဟောကြား ရပေတယ်။

စိတ်ထဲ ပေါ်လာတဲ့ ဥပမာလေးနှင့်ပြောရယင်၊ သပ်ရပ်တင့်တယ် ရှုချင်စဘွယ်ကောင်းတဲ့ အမျိုးသား အမျိုးသမီး ခန္ဓာကိုယ် အထက်ပိုင်း ဆင်မြန်းထားလိုက်တာ ခေါင်းကနေ ခါးအထိ သိပ်သပ်ရပ်နေတယ်။ ခါးကနေ ခေါင်း အထက်ပိုင်း တကိုယ်လုံး သိပ်သပ်ရပ်နေတယ်၊ လုံချည်ကျတော့ ဖြစ်ကတတ်ဆန်း ဖရိုဖရဲကျအောင် ဝတ်လာတယ်တဲ့၊ လုံချည်မဝတ်ဘူးဆိုယင် ခန္ဓာကိုယ်ရဲ့ အောက်ပိုင်းမသပ်ရပ်လို့ ပရိသတ် အလယ် မျက်နှာမလှပဲဖြစ်တတ်တယ်။

အထက်တန်းတရားတွေ၊ ခန္ဓာ အာယတန၊ ဓာတ်၊ သစ္စာ၊ ဝိပဿနာ တရားတွေ နာကြားရလို့ ကိုယ်အထက်ပိုင်း တန်ဆာဆင်ထားသလို တော်တော်လှတယ်။လူ့ရဲ့ကျင့်ဝတ်၊ လောကကြီးကျင့်ဝတ်တွေ စာင်းကွာ နေလို့၊ အောက်ပိုင်းလုံချည် မသပ်မရပ် ဝတ်ထားတာနဲ့ တူနေတယ်။

"သိင်္ဂါလော ဝါဒသုတ္တန်" တို့၊ "ပရာဘဝသုတ္တန်" တို့ ဆိုတာ တရားနာပရိသတ်အတွက် လုံချည်ဝတ်တဲ့ နည်းလမ်းကလေးများ သင် ပေးနေတာပဲ။ တင့်တောင့်တင့်တယ် ဝတ်တတ်ဖို့ရန်အတွက် အထက်ပိုင်း ဘယ်လောက်လှလှ အောက်ပိုင်းဟန်မကျယင် ဟန်မကျဘူး။ ခေါင်း ပေါင်းကြီးနဲ့ ပုဆိုးမပါဘူးဆိုတာလို ဖြစ်နေလိမ့်မယ်။ ဒါကြောင့် ဒီက နေ့ ပုဆိုး ထမီဆင်ပေးတာဟာ ပရာဘဝသုတ်တို့၊ သိင်္ဂါလောဝါဒသုတ် တို့ပါပဲ။

ယခုမိတ္တပတိရူပက အခန်းကျတော့ မိတ်ဆွေတုလေးမျိုးပေါ်လာပြီ။

အညဒတ္ထုဟရော-မိမိကဲသာလျှင် မိတ်ဆွေအချင်းချင်း ရအောင် လိုးမယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုး။ ဒီကနေ့ ပြောနေကြတာက လိုးတတ်တဲ့၊ ခွာ တတ်တဲ့၊ ခုတ်တတ်တဲ့ ဝေါဟာရအသစ်တွေ။ လိုးသွားပြီတဲ့၊ ခွာသွား ပြီတဲ့၊ ခုတ်သွားပြီတဲ့ မေးကြည့်တော့မှ သူဘယ်က ရအောင်ယူသွား တာကိုပြောတာတဲ့။ ဘုန်းကြီးတို့ ပါဠိစာပေကတော့ အညဒတ္ထုဟရ၊ ကိုယ်ရဖို့ပဲ ကြည့်နေတဲ့သူ။ မိတ်ရယ်၊ ဆွေရယ်လို့ ပေါင်းကာနေတယ်။ ကိုယ်ကပေးဖို့ ကူညီဖို့မရဘူး၊ ရဖို့ပဲ ကြံနေတယ်။

## အညဒတ္ထုဟရ မိတ်ဆွေတုအင်္ဂါ ၄-ချက်

ဒီအညဒတ္ထုဟရ မိတ်ဆွေတုနဲ့ ပတ်သက်ပြီး ဘုရားရှင်ကိုယ်တော်မြတ် က လေးချက်သောအကြောင်းဖြင့် အနည်းငယ် အကျယ်ချဲ့ဟောတယ်။

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အညဒတ္ထုဟရော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

ဂဟပတိပုတ္တ၊သိင်္ဂါလအမည်ရပေတဲ့ အို-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ အညဒတ္ထုဟရော၊ မိမိကိုယ်တိုင်ကသာလျှင် ရမယ်ဆိုယင် ဘယ်လို နည်းနဲ့ရရဘာ-နဖူးသိုက်တူးမယ့် မိတ်ဆွေမျိုးကိုးစတူဟိ ကာရဏေဟိ၊

အကြောင်းတရားလေးပါးတို့ဖြင့်။ အမိတ္တော၊ မိတ်ဆွေမဟုတ်တဲ့သူပဲလို့။ မိတ္တပ္ပတိရူပကော၊ မိတ်ဆွေအတုပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါလေတော့၏။

အဲသည် သိထိုက်တဲ့အကြောင်းအရာလေးပါးဆိုတာ ဘာတွေလဲဆိုတော့—

## နည်းနည်းပေးပြီး များများလိုချင်တဲ့သူ

အညဒတ္ထုဟရော ဟောတိ၊ အပ္ပေန ဗဟုမိစ္ဆတိ။
ဘယဿ ကိစ္စံ ကရောတိ၊ သေဝတိ အတ္ထ ကာရဏာ။

(၁) ဂဟပတိပုတ္တ၊ သိင်္ဂါလ အမည်ရတဲ့အို-သူဌေးသား။ ယောပုဂ္ဂလော၊ အကြင်မိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်ဟာ။ အညဒတ္ထုဟရော၊ ကိုယ်ရဖို့ကိုယ်ပဲ ကြည့်၍ကြည့်၍ နေလေ့ရှိသည်။ ဟောတိ ဖြစ်၏၊ ပေါင်းနေလိုက်ကြတာ၊ သူ့အကျိုးလိုလို့ ပေါင်းနေတာ မဟုတ်ဘူး၊ ကိုယ်ရဖို့ကိုယ်ပဲ ကြည့်ပြီး ပေါင်းနေကြတယ်။ပထမအင်္ဂါ။

(၂) အပ္ပေန၊ ကိုယ်ကပေးရပြန်တော့လဲ အနည်းငယ်မျှ ပေးပြီးတော့။ ဗဟုံ၊ မြောက်မြားစွာသော သူတပါးထံက ပစ္စည်းတွေကို။ ဣစ္ဆတိ၊ လိုချင်နေတယ်။

ကိုယ်ကမလွှဲသာလို့ ပေးရပြန်တော့လဲ နည်းနည်းပဲ ပေးတယ်။စလေဦးပုညရေးတဲ့ ဝေါဟာရမျိုးနဲ့ ပြောရယင် "ဖြုတ်မျက်လုံးလောက်ပင်သေးကနဲ့"ဆိုတာမျိုးလိုပေါ့။ ကိုယ်က သူများပေးရမယ်ဆိုယင် ဖြုတ်မျက်လုံးလောက်ပဲ ပေးချင်တယ်။ အဲဒီ ဖြုတ်မျက်လုံးသေးသေးလေး၊ အပ်ဖျားလောက်ကလေး ကိုယ်ကပေးရမယ်ဆိုယင် နည်းနည်းကလေး ခြစ်ခြုတ်ကုပ်ကပ်ပြီး ပေးတတ်တယ်။

ဗိလာရပါဒက သဌေးကြီးလို "တို့အိမ်ဆီစားစရာမရှိလို့၊ ဆီကိုလက်ကလေးနဲ့တို့ပြီးတော့ အစက်နှစ်စက်ပေးတယ်၊ ဆားကလေးများ ချေးစမ်းပါအုံးဆို လက်သုံးချောင်းနဲ့ နှိုက်ပြီးပေးတယ်၊ ဆန်ကလေးများ စားစရာမရှိလို့ ပေးပါအုံးဆို လက်သုံးချောင်းနဲ့နှိုက်ပြီး ပေးတယ်" ကိုယ်ကပေးရမယ်ဆို နည်းနည်းကလေးပေးတယ်။

သူများထံက ရမယ်ဆိုယင် ပုတ်လော့က်၊ တောင်းလော့က်၊ ဂိုဒေါင်လောက်ကြီးနဲ့ အပြည့်ရချင်တယ်၊အနည်းငယ်မျှ ကိုယ်ကပေးပြီး ကိုယ်က သူများထံမှ အများကြီးရချင်တယ်။ ဒုတိယအင်္ဂါ။

## ဘေးတွေ့မှ အားကိုးလာရှာသူ

(၃) အတ္တာနော၊မိမိအတွက်။ဘယဿ၊ဘေးဒုက္ခသည်။ဥပ္ပန္နေသု၊ ဖြစ်၍လာခဲ့သည်ရှိသော်။ တဿ၊ ထိုမိမိမိတ်ဆွေရဲ့။ ကိစ္စံ၊ ပြုဘွယ်ကိစ္စတွေကို။ ကရောတိ၊ ဆောင်ရွက်၍ ပေးလေတော့၏။

မိမိမှာ ဘေးဒုက္ခတွေလာ:ပြီဆိုတော့မှ သူများကိစ္စတွေကို အပြေးအလွှား သွားလုပ်ပေးလိုက်တယ်။ ကိုယ်ချမ်းသာနေတဲ့ အချိန်ကျယင် ဘယ်သူမှ ကိုယ်က အကူအညီမပေးဘူး။ ကိုယ့်ဒုက္ခတွေလာပြီဆိုတော့ ဟိုလူ့ကူညီသလိုလို၊ ဒီလူ့ကူညီသလိုလို၊ စောင့်ရအုံးမလား၊ ကူညီရအုံးမလား။ တကယ်တော့ စေတနာပါလို့ ပြောနေခြင်းမဟုတ်။ သူဘေးတွေ့နေလို့၊ အကူအညီတောင်းချင်လို့ ဟန်သွားလုပ်တာ။

သူတပါးကိစ္စ ဘယ်အချိန်မှ ဆောင်ရွက်သလဲဆိုတာ မှတ်ထား။ ကိုယ့်ဘေးတွေမှ သူတပါးကိစ္စ ဆောင်ရွက်ပေးတယ်၊ ကိုယ်ချမ်းသာနေတဲ့အချိန် သူများကိစ္စကိုယ်က ဘာမှမကူညီချင်ဘူး။ကိုယ့်ဘေးတွေ့မှ သူများကိစ္စ သွားကူညီတာကလဲ တကယ်သဒ္ဓါစေတနာနှင့် သွားကူညီတာ မဟုတ်ပါဘူး။ သူတပါးထံက မျှော်လင့်ချက်ရှိလို့ သွားလုပ်ပေးလိုက်တာတဲ့။ဤကဲ့သို့ သူ့ထံမှ မျှော်လင့်ချက်ရှိလို့ ကိုယ့်ဘေးတွေ့မှ သူ့ကိစ္စသွားလုပ်တဲ့သူကိုလဲ မိတ်ဆွေတုထဲ ထည့်လိုက်။ တတိယအင်္ဂါ။

## ပစ္စက္ခ ဟဘဝအကျိုး မျှော်ကိုးသူ

(၄) အတ္တနော၊ မိမိရဲ့။ အတ္ထ ကာရဏာ၊ အကျိုးစီးပွားကို မျှော်ကိုးပြီး နေပါတယ်ဆိုတဲ့ အကြောင်းကြောင့်။ ပရံ၊ သူတပါးတွေကို။ သေဝတိ၊ ခစား၏၊ မှီဝဲ၏၊ ချဉ်းကပ်၏။ ကိုယ့်အကျိုးစီးပွားမျှော်ပြီး သူတပါးကို ချဉ်းကပ်တာ လူ့လောကမှာ ပေါများတယ်။ သာသနာတော်မှာလဲ အများကြီးပါပဲ။ သာသနာတော်နဲ့ လူ့လောက စပ်လိုက်ကြလဲ့ အများကြီးပါပဲ။ အကျိုးစီးပွားမျှော်ပြီး ချဉ်းကပ်တယ်၊ သံသရာအကျိုး ပြောတာမဟုတ်ဘူးနော်။

တဘာဝတနပ်စားရဖို့ကို မျှော်ပြီးတော့ချဉ်းကပ်တာ၊ ကိုယ်ကကူညီချင်လို့ ချဉ်းကပ်တာမဟုတ်ဘူး။ စတုတ္ထအင်္ဂါ။

အညဒတ္ထုဟရ မိတ်ဆွေတုအတွက် အင်္ဂါလေးချက်ပြည့်သွားပြီ။

(၁) အညဒတ္ထုဟရော = ကိုယ်ကသာလျှင် ရအောင် ယူချင်တဲ့ သဘောရှိ၏။

(၂) အပ္ပေန ဗဟုမိစ္ဆတိ= ကိုယ်ကနည်းနည်းလေးပေးပြီး အများကြီးရချင်တဲ့ သဘောရှိ၏။

(၃) ဘယဿ ကိစ္စံ ကရောတိ=ကိုယ့်ဘေးတွေ့မှ သူများထံ သွားရောက်ကူညီတတ်တဲ့သဘော ရှိ၏၊

(၄) သေဝတိ အတ္ထကာရဏာ=ကိုယ့်အကျိုးကိုမျှော်ပြီး သူတပါးထံ ချဉ်းကပ်တဲ့သဘော ရှိ၏။

ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ အမိတ္တော၊ မိတ်ဆွေအစစ် မဟုတ်ပေသော။ မိတ္တပတိရူပကော၊ မိတ်ဆွေ အတုအယောင်တွေကို။ ဝေဒိတဗ္ဗော၊ မုချကိန်းသေ သိထိုက်ပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သိင်္ဂါလကဂဟပတိပုတ္တဿ၊ သိင်္ဂါလ သဌေးသားအား။ အညဒတ္ထုဟရဿ၊ အညဒတ္ထု အမည်ရတဲ့။ မိတ္တပတိရူပကဿ၊ မိတ်ဆွေတု၏။ သဘာဝံ၊ သဘောတရားကို။ ဧဝံ၊ ဤသို့။ စတူဟိ ကာရဏေဟိ၊ လေးပါးသော အကြောင်းတို့ဖြင့်၊ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

လောကဆက်ဆံရေးမှာ ဒီလေးမျိုးကို သတိထားယင် အနည်းနဲ့ အများ တွေ့ရလိမ့်မယ်။ မီးခဲဟာ မီးကျီးရှိနေတုန်းကိုင်ကြည့်ယင်ပူတယ်။ မီးခဲမီးတွေ လောင်နေတုန်းကိုင်ယင်ပူတယ်၊ မီးတွေငြိမ်းသွားတဲ့အခါ ကိုင်ယင် လက်မီးသွေးပေတယ်။

## အရက်သမား စကားပြန် ဖြစ်တော့

ကြုံတုန်းပြောအုံးမယ်။ ပုဂံနေပြည်တော်မှာ ရှင်ဘုရင် တပါးရဲ့ လက်ထက် ၊ ဘယ်ရှင်ဘုရင်လက်ထက်လဲ မမှတ်မိဘူး။ တရုတ်ပြည်က သံတမန်တွေရောက်လာတယ်။ တရုတ်ပြည်ကသံတမန်တွေ ရောက်လာတော့ ပုဂံနေပြည်တော်က ပညာရှိများကလဲ တရုတ်စကားမပြောဆိုတတ်၊ ခက်ကုန်တော့ နန်းတော်ထဲ စကားပြန်ကလဲမရှိ။ မရှိတော့ ရှင်ဘုရင်ကြီးက မြို့ထဲမောင်းခတ်တယ်။ တရုတ်သံတမန်တွေနဲ့ စကားပြောတတ်တဲ့ ပညာရှိလိုချင်ပါတယ်၊ နန်းတော်ထဲကြွပါလို့ မောင်းခတ်ဘယ်။ တရုတ်ပညာရှိတွေနဲ့ စကားပြောရမှာ မြန်မာစကားလဲ တရုတ်ကမတတ်၊ တရုတ်စကားလဲ မြန်မာကမတတ်တော့ လက်ဟန် ခြေဟန်နဲ့ ပြောရမယ်၊ မြန်မာပညာရှိတွေကလဲ လက်ဟန်ခြေဟန်နဲ့ တုံ့ပြန်ရမယ်။

မြို့ခတော်ထဲ မောင်းခတ်တော့ လူတယောက်လာတယ်၊ ဘယ်လို ပုံသဏ္ဌာန်နဲ့လာသလဲဆိုတော့၊ မျက်လုံးတွေကလဲနီလို့၊ ဆံပင်တွေကလဲ ဖရိုဖရဲကြဲလို့၊ အင်္ကျီအဝတ်အစားကလဲ ဖိုးရိုးဖားရားနဲ့ တခါတည်း သိုင်းကွက်နင်းပြီးတော့ ယိုင်တီးယိုင်တိုင်နဲ့ လာတယ်၊ ဘယ်လိုလူလဲ၊ မူးလာတဲ့အရက်သမား၊ အရက်သမားက တရုတ်ပညာရှိတွေနဲ့ ကျုပ်စကားပြောပါ့မယ် ဆိုလာတယ်။

ဒီတော့ ဟဲ့-အမူးသမား တရုတ်သံတမန်တွေနဲ့ မင်းဘယ်လိုလုပ်ပြီး စကားပြောမလဲ။ အမူးသမားက ကျုပ်ပြောပါ့မယ်၊ ဖြစ်ပါတယ်ဆိုတော့ ပညာရှိအမူးသမား ရွှေနန်းတော်သွင်းစေပေါ့၊ ရှင်ဘုရင့်ရွှေနန်းတော် ရောက်လာတယ်။

## ငါးပါးသီလသာမက ဆယ်ပါးပါးတောင်မြဲတဲ့ အဓိပ္ပာယ်တဲ့

တရုတ်သံတမန်တွေနဲ့ စကားစတင်ပြောတော့ တရုတ်ပညာရှိများက လက်ငါးချောင်းထောင်သတဲ့။ မင်းတို့တိုင်းသူပြည်သားတွေ ငါးပါးသီလမြဲကြရဲ့လားဆိုတဲ့ အဓိပ္ပာယ်နဲ့ လက်ငါးချောင်း ထောင်ပြတယ်။ မြန်မာပညာရှိ အမူးသမားက လက်ဆယ်ချောင်း ပြန်ထောင်ပြတယ်။ လက်ဆယ်ချောင်းပြန်ထောင်ပြတော့ တရုတ်သံတမန်တွေက တွေးကြ

တယ်၊ ဩော်- သူတို့တိုင်းသူပြည်သားတွေ ငါးပါးသီလတွင်မကဘူး ဆယ်ပါးသီလပါ စောင့်သတဲ့လို့ တွေးသတဲ့။

အရက်သမားက ဒီလိုတွေးတာမဟုတ်ဘူး။ တရုတ် သံတမန်တွေ လက်ငါးချောင်း ထောင်ပြတာကို သူက ဘယ်လို တွေးသလဲဆိုတော့ မင်း တနေ့အရက်ဘယ်နှစ်ပုလင်းသောက်သလဲလို့ တွေးတာတဲ့ မြန်မာ ပညာရှိများတွေးတာ ကြည့်ပေတော့။

သူက အဖြေထုတ်တော့ လက်ဆယ်ချောင်း ထောင်ပြ လိုက်တယ်။ တနေ့ ကျွန်ုပ် ဆယ်ပုလင်းသောက်ပါတယ်လို့ တွေးပြီး ဖြေလိုက်တယ်၊ ပြေတော့ပြေလည်သွားတယ်၊ အဖြေကမဟုတ်ဘူး။

## ကျောသား ရင်သား မခွဲခြားပါဘူးတဲ့

နောက်တခါကျတော့ တရုတ်ပညာရှိကြီးက ရင်ဘတ်ပုတ်ပြသတဲ့၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ဘုရင်က တိုင်းသူပြည်သားတွေကိုရင်ဝယ် သားကဲ့သို့ သနားရဲ့လားဆိုတဲ့သဘော၊ မြန်မာပညာရှိ ယစ်ထုပ်ကြီးက သူက ရင်ဘတ်တွင်မကဘူး ကျောပါပုတ်ပြလိုက်တယ်။

ဒီတော့ တရုတ်ပညာရှိကြီးက တွေးပြန်သတဲ့၊ဩော်-မြန်မာရှင်ဘုရင် တော်လိုက်တာ၊ ကျောသား ရင်သား မခွဲခြားပဲ အုပ်ချုပ်ဘယ်လို့ အဓိပ္ပာယ်ယူသွားသတဲ့၊ ဟိုအမူးသမား ပြောတာက ခင်ဗျားအရက် သောက်တာ ရင်မပူဘူးလားလို့ မေးတယ်လို့ထင်တယ်၊ သူကတွေးတာ ရင်တွင်ဘယ်ကပါ မလဲ၊ကျောတွေပါပူတာပါလို့ဖြေတာ၊ တရားနာသူတွေ လဲ ဒီလိုမလုပ်ကြနဲ့၊ ကျောရောရင်ရော ပူတာတွေမဖြစ်စေနဲ့၊ မီးတောက် နေတဲ့ မီးသွေးခဲကိုင်ယင်ပူတယ်၊ ငြိမ်းသွားတဲ့အချိန်ကိုင်ယင် လက်မီး သွေးပေလို့မဲတာကို ဘုန်းကြီးပြောချင်တယ်။

## မီးခဲ မီးသွေးပမာ ကြောက်စရာ

မိတ်ဆွေအတုများက ဒီအတိုင်းပဲ။ ဘယ်နည်းနဲ့ပေါင်းပေါင်း မီးခဲလို ပဲ၊ မကောင်းဘူး။ အဲဒါလေးပြောချင်တယ်။ မိတ်ဆွေ အတုများဟာ ဘယ်တော့မှ မကောင်းဘူး။ နီးနီးကပ်ကပ် ပေါင်းကြည့်ယင်လဲ ပူတာပဲ။

နီးနီးကပ်ကပ်မဟုတ်ပဲ ခပ်ကွာကွာလေး ပေါင်းကြည့်ယင်လဲ နည်းနည်းတော့ ပေသွားသေးတာပဲ။

ကြောက်စရာကောင်းတယ်၊ အဲဒီလိုမီးသွေးနဲ့တူတယ်လို့ပြောချင်တာ။ ယခုအညဒတ္ထုဟာရ မိတ်ဆွေလဲ-

(၁) ကိုယ်ကချည်းရအောင်ယူမယ်။

(၂) နည်းနည်းလေးပေးပြီး သူများထံမှအများကြီး ရအောင်လှီးထုတ်လိုက်မယ်။

(၃) ကိုယ့်ဘေးတွေ့တဲ့အချိန်ကျတော့ သူများထံမှမျှော်လင့်ချက်နဲ့ သူများကို သွားပြီးအကူအညီပေးတယ်။

(၄) ကိုယ့်အကျိုးစီးပွားကို မျှော်ကိုးပြီးတော့သူများကိုလိုက်လိုက်ချဉ်းကပ်တယ်။ (သူများ အကျိုးစီးပွားအတွက် နည်းနည်းမှ မျှော်လင့်ချက် မပါဘူး)

အဲဒီ မိတ်ဆွေမျိုးသည် နံပါတ် (၁) အညဒတ္ထုဟာရ မိတ်ဆွေ၊ ကိုယ်ကသာ ရအောင်ယူတတ်တဲ့မိတ်ဆွေ၊ အခွင့်အရေးသမားလို့ခေါ်ယင် ပိုကောင်းတယ်။

ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ အညဒတ္ထုဟာရော အမိတ္တောမိတ္တပတိရူပကော၊ ကိုယ့်အခွင့်အရေးကိုပဲ ကြည့်နေတဲ့ အညဒတ္ထု မိတ်ဆွေမျိုးကိုလဲပဲ။ ဝေဒိတဗ္ဗော၊ မှချမသွေသိထိုက်ပေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရှေ့သွား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

**ဝစီပရမမိတ်ဆွေတု အင်္ဂါလေးချက်**

ပထမ အညဒတ္ထုဟာရ မိတ်ဆွေပြီးပါပြီ၊ ဒုတိယ မာတိကာစဉ်က ဝစီပရမမိတ်ဆွေ။

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဝဇ္ဇပရမော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရတဲ့။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ- ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဝဇ္ဇပရမော၊ နှုတ်သာလျှင် အမွန်အမြတ်ရှိပေသော။ (ဝါ) နှုတ်သာပါ၍ လက်မပါသော။ အမိတ္တော၊ မိတ်ဆွေအစစ်မဟုတ်သော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုမျိုးကိုလည်း။ ဝေဒိတဗ္ဗော၊ သိထိုက်ပေ၏။

ဝဇ္ဇပရမ= နှုတ်ပြောသာလျှင်ချို့တဲ့ မိတ်ဆွေကိုသဲ အင်္ဂါလေးချက်ဖြင့် မှတ်သားရမယ်။

## (၁) အတိတ်ကိုအခြေခံသားပြီးလှည့်စားမှု

(၁) အတီတေန ပဋိသန္ထရတိ။

(၂) အနာဂတေန ပဋိသန္ထရတိ။

(၃) နိရတ္ထကေန သင်္ဂဏှာတိ။

(၄) ပစ္စုပ္ပန္နေသု ကိစ္စေသု ဗျသနံ ဒဿေတိ။

ကထမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ ဝဇ္ဇပရမော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ယေ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတီတေန၊ အတိတ်ဖြင့်လဲပဲ။ ပဋိသန္ထရတိ၊ ဆက်စပ်ပြ၏။

အတိတ်ဖြင့်ဆက်စပ်ပြီး ဥပမာလေးဖြင့် ပြဆိုယင် တယောက်သော ပုဂ္ဂိုလ်က တယောက်သော မိတ်ဆွေအိမ် သွားပြီးတော့ ငါ့မှာဒီနေ့ ဆန်လေးကုန်နေလို့၊ ဒီကနေ့ထမင်း ချက်စရာဆန်မရှိဘူး၊ ဆန်လေးတပြည်လောက် အခိုက်အတန့်ချေးပါ၊ ပေးပါလို့ သွားတောင်းလိုက်ယင်-

အတီတေန ပဋိသန္ထရတိ အတိတ်ကိုပြန်ပြီး ဆက်စပ်တယ် ကူညီတယ်။ အေးကွာ မင်း ငါ့ပေးတော့ ပေးချင်သား၊ ကျန်ခဲ့တဲ့နေ့တုန်းက

ငါ့အိမ်မှာ ဆန်တွေ အများကြီးရှိတယ်။ နောက်ကို ပြန်ညွှန်းတယ်၊ အဲဒီဆန်တွေပေါတဲ့ အချိန်တုန်းက မင်းလာမှမလာပဲကွာ။ လွန်ခဲ့တာကို ပြန်ပြောတယ်။

ဘယ်တုန်းက ရှိသားပဲ၊ မနေ့ကရှိသားပဲ၊ ဒီနေ့ မင်းလာမှ မရှိတော့ဘူး၊ ငါ့သဲ ကုန်သွားတယ်၊ မနေ့ကသာ မင်းလာယင် ရမှာပဲလို့ ပြောလိုက်တယ်။ တကယ်တော့ မရှိလို့မဟုတ်ဘူး၊ သူ့အိမ်မှာရှိတယ်။ အတိတ်ကိုညွှန်းပြီးတော့ သူလှည့်ဖြားတာ။

နောက်ဘမျိုးလှည့်ပြီးပြောရမယ်ဆိုယင် သူ့မိတ်ဆွေကျေနပ်အောင် ရယ်လို့ အတိတ်ကရှိခဲ့တာတွေကို ပြန်ပြီး မစားရ ဝခမန်းပြန်ပြောပြနေတာ။ တကယ်ကူညီချင်တဲ့ သဒ္ဓါတရားရှိယင် သူ့အိမ်မှာရှိလဲ ရှာပေးလိုက်ယင် ရတာပဲ။ ဒီလိုမဟုတ်ဘူး၊ ဘာအကူအညီပဲတောင်းတောင်း အတိတ်က ကုန်လွန်ခဲ့တာတွေ ညွှန်းပြီးတော့ ယခု မပေးနိုင်တော့တဲ့ အကြောင်းနဲ့ ငြင်းပယ်လိုက်တာဟာ ယုတ်မာတဲ့ မိတ်ဆွေရဲ့ သဘောတဲ့၊ ငစိ၂ရမော=အတိတ်က ကုန်ခဲ့တာတွေ ပြန်ပြောစကားပဲရှိတယ်၊ ယခုလာလောဆယ် မဖြစ်နိုင်တော့ဘူး။

## (၂) အနာဂတ်ကို အခြေခံထားပြီး လှည့်စားမှု

အနာဂတေန ပဋိသန္တရတိ-ဆိုတာက အနာဂတ်လှမ်းပြီး ညွှန်းတယ်။ လာပြီး ဆန်တောင်းတယ်၊ ဆီအစ ဆားအဆုံး ပိုက်ဆံငွေကြေးလာပြီး ချေးငှားတယ်။ အဲဒီလို ချေးလိုက်၊ ငှားလိုက် အကူအညီတောင်းလိုက်ယင် ပေးမယ့်ကိစ္စမရှိဘူး၊ စိတ်သာချ၊ ဘယ်နေ့ဘယ်ရက်ကျ လာခဲ့။ ဟိုအနာဂတ်မရောက်သေးတာကို လှမ်းညွှန်းတယ်။

ဟိုဘာ အကူအညီလိုနေဘာက ယခုချက်ချင်းလိုနေတာ၊ ယခုချက်ချင်းလိုနေတဲ့ အကူအညီကို ယခုချက်ချင်း မပေးသေးပဲ အနာဂတ်မရောက်သေးတာကို ညွှန်းနေတယ်။ ဘယ်နေ့ဘယ်ရက်ကျယင် ငါ့တို့အိမ်ဆန်တွေဆီတွေ ပေါလိမ့်မယ်၊ ငွေတွေလဲ ဘယ်လောက်ရလိမ့်မယ်၊ အဲဒီအချိန်ကျ လာခဲ့တာပေါ့ကွာလို့ ပြောလိုက်တယ်။

အဲဒီလို အနာဂတ်ဘယ်သောအခါမှ ပေးမယ်ရမယ်လို့ လှမ်းညွှန်းပြီး မိမိရဲ့ မိတ်ဆွေကျေနပ်အောင်လို့ လှည့်ဖြားပြောတဲ့ သဘောသည် မိတ်ဆွေအတုရဲ့ သဘောပါပဲ။

## (၃) ပစ္စုပ္ပန်ကို အခြေခံထားပြီး လှည့်ဝဲမှု

ပစ္စုပ္ပန္နသု ကိစ္စေသု၊ ပစ္စုပ္ပန်လုပ်ငန်းတို့၌လဲပဲ။ ဗျသန္၊ ပျက်စီး ၍ နေတာကို။ ဒ ဿတိ၊ ပြ၏။

ပစ္စုပ္ပန်လုပ်ငန်းတို့မှာ ပျက်စီး၍ နေတာတွေကို ပြတယ် ဆိုတာ မော်တော်ကားနဲ့ပြောယင် ရန်ကုန်သားတွေ သေသေချာချာ သိဘယ်။ ငါ့ကွာ မင်္ဂလာဆောင်ရှိလို့၊ အလှူရှိလို့ မော်တော်ကားလေး ငှားပါ၊ မင်းမနေ့ကလာယင်ရမှာ၊ ဒီကနေ့ ဘယ်သူ ယူသွားတယ်၊ မနေ့ကနဲ့ လမ်းညွှန်တယ်။

မော်ကော်ကား ငှားစမ်းပါ၊ သဘက်ခါကျမှ လာခဲ့ဟေ့။ အနာ ဂတ်ကို လှမ်းပြီးတော့ လှိုးလွဲလိုက်တယ်၊ ဒါလဲရှောင်တာပဲ။

ယခုအိမ်မှာ မော်တော်ကားကြီးတွေနေပြီ၊ ပေးစမ်းကွာ ဆိုတော့ ယခု ဘီးပေါက်နေလို့၊ ရှပ်ကျိုးနေလို့တဲ့။

ပစ္စုပ္ပန်ပျက်စီးနေတာတွေကို ပြ၍ ညာပြီးတော့ မင်း ငါကူတော့ ကူညီချင်တယ်ကွာ၊ အမျိုးသမီးက နေမကောင်းလို့၊ သားသမီးတွေက နေမကောင်းလို့၊ စီးပွားရေးကျဆင်းတာနဲ့၊ အမျိုးစုံ စိတ်ညစ်စရာတွေ ရှောက်ပြောတော့ အကူအညီ တောင်းမယ့် သူက လန့်ဖျားဖျားစရာ ဖြစ်သွာ တယ်။

သူ့ဆီကာ အကူအညီဘာလေး ရမလားလို့ လာတောင်း ပါတယ်၊ အတိတ်က သူတောင်းခဲ့တာတွေပြန်ပြောတယ်၊ အနာဂတ်ကာလ ဘယ် သောအခါ ကူညီမယ်ဆိုတာတွေကိုသွားရည်ကျအောင် ပြောနေတယ်။ ယခုလောလောဆယ် ကူညီပါဆိုတော့ စိတ်ညစ်စရာတွေ ညည်းပြီးလွှတ် လွှတ်နေတယ်။ လာအကူအညီတောင်းတဲ့သူကပဲ ပြန်အကူအညီပေးရလို ဖြစ်နေတယ်။

အတိတ်က ကူညီခဲ့တာတွေကို အားကျအောင်၊ သွားရည်ကျအောင် အနာဂတ်ဘယ်လို ကူညီမယ်ဆိုတာကို ညွှန်းပြီးတော့ပြောတယ်။ ပစ္စုပ္ပန် ယခုကူညီပါလားဆိုတော့ စိတ်ညစ်စရာတွေကောင်းတဲ့ ညည်းညူသံတွေ

ချည်း ခြူသံပါအောင် ညည်းလွတ်တယ်။လာအကူအညီ တောင်းတဲ့သူ ဘယ်သူမှ အကူအညီ မရနိုင်ဘူး။ ညည်းလိုက်တဲ့ဖြစ်ခြင်း၊ အကူအညီ တောင်းတဲ့သူဟာ တောင်းပန်ပြီး ပြန်ရမလိုဖြစ်နေတယ်။

## (၄) အကျိုးမရှိချီးမြှောက်ခြင်းဖြင့် လှည့်ဖြားခြင်း

နိရတ္ထဆေနေ၊ အကျိုးမရှိသောစကားဖြင့်။ သင်္ဂဏှာတိ၊ ချီးမြှောက်တယ်။

ချီးတော့ချီးမြှောက်တယ်၊ အကျိုးမရှိတဲ့ ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တယ်။ ဒီအကျိုးမရှိသော ချီးမြှောက်ခြင်းဆိုတာ သူက မြင်းအကောင်းစီးလာတယ်၊ သူငယ်ချင်းတယောက် လမ်းတွေ့တော့ ဟေ့ သူငယ်ချင်း လာမြင်းစီးမလားဆိုပြီး မြင်းကိုသူငယ်ချင်းမတင်ပဲနဲ့ ဆက်စီးသွားတယ်။

ချီးတော့ ချီးမြှောက်တာပဲ။ ဒါ အကျိုးမရှိသော ချီးမြှောက်ခြင်းဖြစ်တယ်။ ဆင်ကြီးစီးလာတော့ သူငယ်ချင်းရေ့ဘကွာဆင် စီးမလားပေါ့၊ ဒါပေမယ့် သူက ဆင်ပေါ်က ဆင်းမပေးဘူး။

ကုသားထိုင်တလုံးထဲရှိဘယ်ဆိုကြပါစို့၊ သူငယ်ချင်းကဝင်လာတယ် သူကတော့ဖယ်မပေးဘူး၊ လာပါထိုင်ပါကွာပေါ့ ဟိုလူက သူကုလားထိုင်ပေါ်ကမဆင်းတော့ ဘယ်နေရာသွားထိုင်ရမလဲ။ ကြမ်းပြင်ပေါ်က နေပြီး၊ သူ့ထိုင်ရှိခိုးရမလို ဖြစ်မနေဘူးလား။ အဲဒါမျိုးဟာ အကျိုးမရှိသောချီးမြှောက်ခြင်းခေါ်တယ်၊မြတ်စွာဘုရားဘယ်လောက် စေ့စပ်တယ်ဆိုတာကြည့်။ လူတွေကျင့်သုံးနေပုံကို မြတ်စွာဘုရား ကြိုတင်မြင်တော်မူဘယ်။

## နှုတ်သာပါပြီးလက်မပါသောမိတ်ဆွေတု

ဒါပါဋ္ဌိတော်အတိုင်းပြောသေးတာ၊ သိပ်အကျယ်ချဲ့လိုက်ယင် ပြောလို့ဆုံးမှာမဟုတ်ဘူး။ ဒီကနေ့လောကအကျိုးမရှိသော ချီးမြှောက်ခြင်းတွေသိပ်ပေါနေတယ်။ လေးချက်ရှိတယ်။

(၁) အတိတ်က ကူညီခဲ့ဘာတွေ မစားရဝမခန်း ပြန်ပြောတယ်၊ အတိတ်က ရှိခဲ့တာ ကူညီခဲ့တာတွေ ပြောပြီး ယခုတော့ မရှိတော့ဘူး။

(၂) ဘယ်သောအခါ နောင်အခါကာလကျယင် ငါမင်းဘယ်လို ကူညီလိုက်အုံးမယ်လို့ သွားရည်ကျလောက်အောင်ပြောတယ်၊ နောင်အချိန်ကျ မတွေ့အောင် တပင်ရှောင်ခနေတယ်။

(၃) ပစ္စုပ္ပန်တည့်တည့်ယခုရှိနေတာကျွေ ကူညီပါဆိုတော့ ကုလားထိုင်လေးတလုံးပေါ် ထိုင်နေပြီး သူကတော့ မဆင်းဘူး၊ အကျိုး မရှိသော ချီးမြှောက်ခြင်းတွေက အများကြီးပဲ။

(၄) ယခုငါ့မှာ ကိစ္စအရေးကြီးလို့ ကူညီပါဆိုဘော့ ငါမင်းကိုကူညီချင်ပါတယ်သူငယ်ချင်း၊ ဒါပေမယ့်ငါ့မှာ ဒီမျိုးသမီးက နေမကောင်းလို့စသည်ဖြင့် ပျက်စီးတာပြပြီး လိမ်လှည့်လိုက်တယ်၊ လေးချက်စုံသွားပြီ။

ဂဟပတိပုတ္တ၊အို-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော ဌာနေဟိ-ကာရဏေဟိ၊ ဤကိစ္စအကြောင်းအရာတို့ဖြင့်။ ဝစီပရမော၊ ဝစီပရမနှုတ်သာထက်၍ လက်မပါသော မိတ်ဆွေတုမျိုးကိုလဲပဲ။ အမိတ္တော၊မိတ်ဆွေအစစ်မဟုတ်တဲ့။မိတ္တပတိရူပကော၊ မိတ်ဆွေအတုမျိုးပါပဲလို့။ ဝေဒိတဗ္ဗော၊ သိထိုက်ပါပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့်ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

**စေတနာတွေ ကောင်းလိုက်ပုံက**

တခါတော့ ဘုန်းကြီးတို့ ကြုံဘူးတာလေး ပြောအုံးမယ်။ အိမ်တအိမ်ကို ခပ်ငယ်ငယ် ရဟန်းတပါး နှစ်ပါးရက ခဏခဏ ရောက်ဖူးတယ်။ ရောက်သွားတဲ့အခါကျယင် စကားတွေအားရပါးရပြောဆို ကိစ္စပြီးလို့ ပြန်ကြွမယ်ဆိုတာနဲ့ လှေကားရင်း ရောက်ရော၊ ဩော်....မောင်ပဉ္စင်းကြွသွားတာ ဖျော်ရည်ဇာလေးမှ မကပ်လိုက်ရဘူးတဲ့။

ဒီကလဲ လှေကားရင်းကျမှ ဘယ်ပြန်တက်တော့မလဲ။ ပြန်ကြွရတော့တာပေါ့။ နောက်တခေါက်သွားလဲ ဒီအတိုင်းပဲ၊ လာတိုင်းဒီအတိုင်းပဲ။ ဘယ်နှစ်ခေါက် ရောက်ရောက် ဒီမူချည်းပဲ။ ကုန်လွန် သွားပြီးတော့မှ၊

ဟိုလမ်းမကြီးရောက်မှ ဖျော်ရည်ကလေး မတာပ်လိုက်ရဘူး၊ မေ့နေလိုက်တာဆိုတော့ ဒါဟာ အကျိုးမရှိသော ချီးမြှောက်ခြင်းပေါ့။

မောင်ပဥ္စင်း ဖျော်ရည်ကလေးမှမကပ်လိုက်ရဘူးဆိုတော့ ကိုယ်ကလဲ ဒီစကားတလုံးတည်းနှင့် စိတ်ထဲကဝမ်းမြောက်သွားတယ်။ ဩော်- သူ ဒီလောက်စေတနာမနည်းဘူးဆိုပြီး မေတ္တာပွားပါတယ်။ ဒါမျိုးတွေ ဟာ အလွန်များတယ်။ ဒုတိယဝစီပဋမမိတ်ဆွေတု မာတိကာ ခေါင်းစဉ်ပြီးသွားပြီ၊ တတိယမာတိကာခေါင်းစဉ် အနုပ္ပိယဘာဏီမိတ်ဆွေ။

## အနုပ္ပိယဘာဏီ မိတ်ဆွေတုအင်္ဂါလေးချက်

အနုပ္ပိယဘာဏီဆိုတာက အကြိုက်ကိုသာ လိုက်၍လိုက်၍ ဆောင်ရွက်တတ်တဲ့ မိတ်ဆွကို အနုပ္ပိယဘာဏီ-မိတ်ဆွေခေါ်တယ်။ ကိုယ့်အကြိုက်ကိုဆောင်ရွက်တာ မကောင်းဘူးလားမေး၊ အကြိုက်ချည်း အကုန်လိုက်ယင် ဒါလူကောင်းမခေါ်ဘူး။

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အနုပ္ပိယဘာဏီ အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို—သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ အနုပ္ပိယဘာဏီ၊ အလိုလိုက် အကြိုက်ကိုသာ ဆောင်ရွက်တတ်ပေသော။ အမိတ္တာ၊ မိတ်ဆွေအစစ်မဟုတ်တဲ့။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုကိုလဲပဲ။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါပေတော့၏။

အလိုလိုက် အကြိုက်ကိုချည်းလိုက်ပြီး ဆောင်ရွက်တတ်ကဲ့ ပုဂ္ဂိုလ်ကိုလဲပဲ မိတ်ဆွေအတုအနေနှင့် ချစ်သားမှတ်ပါလေ။

မိတ်ဆွေအတုလို့ခေါ်တဲ့ အနုပ္ပိယဘာဏီ=အကြိုက်ကိုပဲ ပြောတတ်တဲ့ ပုဂ္ဂိုလ်ရဲ့ အင်္ဂါလေးပါးကား ဘာတွေလဲဆိုယင်—

(၁) ပါပကံပိဿ အနုဇာနာတိ၊

(၂) ကလျာဏံပိဿ အနုဇာနာတိ။

ပါပကံပိသာ၊ မကောင်းတဲ့ အချက်အလက် တွေကိုလည်း။ အနုဇာနာတိ၊ ခွင့်ပြုလေတော့၏။ ကလျာဏံပိသာ၊ ကောင်းတဲ့ အချက်အလက်တွေကိုလည်း။ အနုဇာနာတိ၊ ခွင့်ပြုလေတော့၏။

## (၁) ကောင်းဆိုးနှစ်မျိုး အလိုလိုက်တဲ့မိတ်ဆွေတု

ကောင်းတာလေး သွားတိုင်ပင်လိုက်ယင်လဲ၊ ဥပမာ-ရှင်ပြုရဟန်းခံ၊ အလှူဒါနတခုခု၊ ကောင်းမှုနှင့် သွားတိုင်ပင်လဲ အကုန်လုံးကောင်း တယ်ချည်း ထောက်ခံလွှတ်လိုက်တယ်။

မကောင်းတာတွေ သွားသွားပြီး တိုင်ပင်ပြန်ယင်လဲ ဘယ်မကောင်း တာပဲ တိုင်ပင်တိုင်ပင် အဲဒီလူ အကုန်လုံးခွင့်ပြုတော့တာပဲ။

ကောင်းကောင်း၊ မကောင်းကောင်း အကုန်လုံးကို အကြိုက်ချည်း လိုက်ကာ ဆောင်ရွက်တယ်ဆိုယင် ဒါကိုလဲမိတ်ဆွေအတုထဲထည့်၊ အစစ် ထဲမထည့်နှင့်၊ ကောင်းတာ တိုင်ပင်ဘော့ အလိုလိုက် အကြိုက်ဆောင် ရွက်တာ တော်သေးတယ်၊ ကိစ္စမရှိဘူး။ မကောင်းတာ တိုင်ပင်တိုင်း အကုန်လုံးအကြိုက်ပဲ လိုက်ဆောင်ရွက်နေတယ်ဆိုယင် လူညာပဲ။

အခွင့်အရေးမျှော်ပြီးတော့ အကုန်လုံးကောင်းကောင်း မကောင်း မကောင်း လိုက်ပြီ ဆောင်ရွက်နေတယ်ဆိုယင် သူတော်ကောင်း တို့ရဲ့ စိတ်ထား မဟုတ်ဘူး။ ဘုန်းကြီးတို့ ဟိတောပဒေသထဲက ဆိုထားတဲ့ အချက်တခုရှိတယ်။

ဝဇ္ဇော ဂုဏ မန္တိစ၊ ယဿ ရဇ္ဇော ပိယံ ဝဒါ။
သရီရ ဓမ္မ ကောသေဟိ၊ ခိပ္ပံ သ ပရိဟီယတေ၊ ။

ဝဇ္ဇော၊ ဆေးသမားသည်လည်းကောင်း။ ဂုရုစ၊ ကောင်းတာ ဆိုးတာတွေကို သွန်သင်ဆုံးမပြီးနေပါတယ်ဆိုတဲ့ ကျမ်းတတ်ဆရာ မြတ်သည်လည်းကောင်း။ မန္တိစ၊ တိုင်းရေးပြည်ရေး ဘဏ္ဍာရေးတွေကို တိုင်ပင် နှီးနှောပြီး နေရတဲ့ ပညာရှိအမတ်ကြီးသည်လည်းကောင်း။

ပြည့်ရှင်မင်းကြီးရဲ့ နန်းတော်ထဲမှာ ဒီလူသုံးယောက်ဟာ အရေး ကြီးဆုံး။ ရှင်ဘုရင်ကြီးတပါးရဲ့အနားမှာ ရှိကိုရှိရမယ်။

(၁) ဝဇ္ဇ-ကျွမ်းကျင်တဲ့ဆေးဆရာ၊ ရှင်ဘုရင်အနားမှာ အမြဲတမ်း ရှိရမယ်။ရှင်ဘုရင်ဆိုတာ တိုင်းပြည်ရဲ့ဖခင်၊ မကျန်းမာဖြစ်ယင် ကုစားဘို့ရာ ကျွမ်းကျင်တဲ့ဆေးသမား အနားမှာ ရှိကိုရှိရမယ်။

(၂) ဂုရု-ကောင်းဆိုးနှစ်မျိုး ကျမ်းဂန်နှင့် အညီ ညွှန်ကြားမယ့် ပညာတတ်တဲ့လူလဲ အနားမှာရှိရမယ်။

(၃) မန္တီ-တိုင်းရေး ပြည်ရေး စစ်မက်ရေး ဘဏ္ဍာရေးတွေ တိုင်ပင် ရတဲ့ အမတ်ကြီးတွေလဲ ရှင်ဘုရင်အနားမှာရှိရမယ်။

## အရေးပါအရာရောက်တဲ့ လူသုံးယောက်

အဲဒီသုံးယောက်သော ပုဂ္ဂိုလ်တွေသည်—

ယဿ ရညော၊ အကြင်မင်းကြီးအား။ သဒါ၊ အခါခပ်သိမ်း။ ပိယံ ဝဒါ၊ အလိုလိုက် အကြိုက်ကိုသာလျှင် ပြောဆိုတတ်တဲ့ အကြောင်းကြောင့်။ (ဒီလူသုံးယောက်) သ-သောရာဇာ၊ ထိုကဲ့သို့ ဆေးဆရာက လဲပဲ ထိုကဲ့သို့ ရှင်ဘုရင်အကြိုက်ကိုချည်း ပြော၊ အပြောခံရတဲ့ ရှင်ဘုရင်၊ ကျမ်းဂန်နှင့်အညီ ညွှန်ကြားပြောဆိုရမယ့် ပညာရှိကလဲရှင်ဘုရင်အကြိုက် ကိုချည်း ညွှန်ကြားမယ်၊ဒီလိုညွှန်ကြားခံရတဲ့ ရှင်ဘုရင်။ အမတ်ကြီးတွေ ကလဲ ရှင်ဘုရင်အကြိုက်ကိုပဲ လျှောက်ထားပြီး ရှင်ဘုရင် အကြိုက်ကိုပဲ ခစားခံနေရတဲ့ ရှင်ဘုရင်သည်။ သရီရဓမ္မ ကောသတော၊ ခန္ဓာကိုယ်ရယ်၊ မင်းကျင့်တရားရယ်၊ မင်းစည်းစိမ်ရယ်-ဆိုတဲ့ အချက်သုံးချက်မှ၊ သရီရ ဓမ္မ ကောသေဟိ၊ သရီရ-ဓမ္မ-ကောသ ခေါ်ဆိုရတဲ့ အသက်နှင့် ခန္ဓာ ကိုယ်ရယ်၊ မင်းကျင့်တရားရယ်၊ တိုင်းပြည်နှင့် မင်းစည်းစိမ်ရယ်-ဆိုတဲ့ အချက်အလက် သုံးချက်တို့မှ။ ခိပ္ပံ၊ လျင်မြန်စွာ။ ပရိဟီယတေ၊ ဆုတ် ယုတ်တတ်ပါတယ်။

အနုပ္ပိယဘာဏီမိတ်ဆွေ ကြောက်စရာ ကောင်းပုံနော်၊ ငါ့အလိုကျ ချည်း သံတော်ဦးတယ်ဆိုပြီး ကျေနပ်မနေနှင့်၊ အဲဒါ တနေ့ အန္တရာယ် ဖြစ်လာမယ်။ ငါ့အကြိုက်ကိုချည်း ပြောပေးနေတယ်၊ လုပ်ပေးနေတယ် ဆိုပြီး ကြာတဲ့အခါမှာ အန္တရာယ်ဖြစ်လာမယ်။

## အလိုလိုက်ရအခက်ဆုံး ပုဂ္ဂိုလ်သုံးယောက်

ဆေးဆရာကလဲ ရှင်ဘုရင်ဘာစားစား၊ မင်းတရားကြီးကမေးတယ်။ သမားတော်ကြီး ငါဒီအစားစားမယ် တည့်ရဲ့လား၊ ငါစားချင်တယ် ဆိုယင် ရှင်ဘုရင့်အကြိုက် လိုက်ပြီးတော့ တည့်တော်မူပါ၊ သုံးဆောင် တော်မူပါ၊ မတည့်တာလဲ တည့်တော်မူပါတယ် ပြောလိုက်တာပဲ၊ ရှင်ဘုရင် ကျေနပ်စေချင်ဘာကိုး။ တည့်ပါတယ်လို့ ပြောလိုက်တဲ့အတွက် ကြောင့် ပြောတဲ့ဆေးဆရာဟာ ပါးစပ်ပဲစိုက်ရတယ်၊ ခံစရာရှိတော့ မင်းကြီးခံရတယ်။

အနားကပ်နေတဲ့ ဆေးသမားမကျွမ်းကျင်ယင်၊ မင်းကြီးအကြိုက်ကိုပဲ လိုက်ပြီး ကုစားနေယင်၊ လူမမာဆိုတာ ဘယ်လူမမာပဲဖြစ်ဖြစ် ကောင်း ကောင်းလေးစားချင်တယ်၊ အလွန်တရာခါးတယ်၊ ငန်တယ်၊ ပူတယ် ဆိုတဲ့အရသာ၊ ဆိုးဝါးတဲ့ဆေး ဘယ်သူမှ မစားချင်ဘူး၊ လွတ်လွတ် လပ်လပ်နေချင်တယ်၊ ယုယုယယကြိုက်တယ်၊ မကျန်းမာသူများရဲ့ ထုံးစံ၊ ဒီထဲမှာ ပိုပြီးတော့ ကဲဘာက ရှင်ဘုရင်ရယ် ဘုန်းကြီးရယ်၊ ကလေးရယ် ပိုပြီးတော့ ကဲတယ်လို့ပြောတယ်။

အယုအယပိုပြီး သိပ်ကြိုက်တယ်လို့ ပြောတယ်လို့ ပြောတာ၊ အလို လိုက်အကြိုက်ကို ဆောင်ဖို့ရာ အခက်ဆုံး ပုဂ္ဂိုလ်သုံးယောက်၊ ဒီတော့ တရားဟောနေတဲ့ ဓမ္မကထိကတွေကလဲ ဆင်ခြင်ရမယ့် အချက်ပဲဖြစ်တယ်။

ကလေးများလဲ ဆေးသမား ဆေးကုရခက်တယ်၊ ရှင်ဘုရင်လဲ ဆေး ကုရတာ ခက်တယ်၊ ဘုန်းကြီးလဲ ဆေးကုရတာ ခက်တယ်။ ဒီသုံးဦးဟာ မလွယ်ဘူး၊ အဲဒီလို အလိုလိုက် အကြိုက်ချည်း လိုက်လုပ်ပေးနေယင် တော်တော်လဲကြာရော ရှင်ဘုရင်ဒုက္ခများတော့ ဘယ်သူ့ကြောင့်လဲဆို အနားမှာနေတဲ့ သမားတော် အားမနာတမ်း မပြောတဲ့အတွက်ဖြစ်တာ။

## ဟုတ်ပါ့ မှန်ပါ့ လုပ်နေလို့မဖြစ်

ရှင်ဘုရင်ကြီး တခုခုစာမယ်ကြံ၊ မတည့်တာ မတည့်ဘူးလို့ တိုက်ရိုက် ပြောရဲရမယ်၊ ဒီအစားအစာကို စားရမယ်ဆိုယင် စားသင့်တဲ့အကြောင်း ရဲရဲကြီး သံတော်ဦးတင်လျှောက်ထားရဲရမယ်၊ ဒီလိုမနေသင့်ဘူး၊ ဒီလို နေရမယ်၊ ဒီအချိန်အိပ်ရမယ်၊ ဒီအချိန်စားရမယ်။ စနစ်ဇယားနဲ့ အနား

မှာနေတဲ့ သမားတော်ဟာ သေသေချာချာ အကွက်ကျကျ ညွှန်ကြား တတ်မှ ရှင်ဘုရင်အသက်ရှည်မယ်။

ရှင်ဘုရင်အကြိုက်ချည်း အကုန်လိုက်ဆောင်ရွက်မယ်ဆိုယင် ရှင်ဘုရင် ကျေနပ်မှုရကောင်းမှုရမယ်၊ တော်ကြာ ရှင်ဘုရင်ဒုက္ခများယင် ရှင်ဘုရင် လဲ နစ်နာ၊ တိုင်းပြည်လဲ နစ်နာမယ်၊ ဆေးသမားသည် ရှင်ဘုရင့်အကြိုက် ကိုချည်း ဆောင်ရွက်သောကြောင့် (၁) မကောင်းကျိုးက ရှင်ဘုရင် ခန္ဓာပျက်တတ်တယ်။

နောက်တခါ ရှင်ဘုရင့်အနားကပ်ပြီး သူတော်ကောင်းတရားနှင့်၊ ကျမ်းဂန်နှင့်ဟောပါမယ်၊ ဆုံးမမယ်ဆိုတဲ့ ဆရာသမားကလဲ နည်းလမ်း ကျမ်းဂန်အရ မဆုံးမပဲ၊ ရှင်ဘုရင့်အကြိုက်ချည်း အကုန်လုံး ဆုံးမပေး နေမယ်ဆိုယင် ဟိုဆုံးမတဲ့ ဆရာသမားပါးစပ်ပဲစိုက်ရတယ်၊ တော်တော် ကြာ ရှင်ဘုရင် မင်းကျင့်တရားပျက်တော့ သူ့တာဝန်ဖြစ်လာလိမ့်မယ်။

ရှင်ဘုရင် မင်းကျင့်တရားပျက်လာပြီဆိုယင် စည်းနဲ့၊ ကမ်းနဲ့၊ နည်း ဥပဒေနဲ့၊ အက်ဥပဒေနဲ့၊ မင်းကျင့်တရားနဲ့ စသည်တွေကို စနစ်တကျ ညွှန်ကြားပေးနေတဲ့ ဆရာသမားဆိုတာလဲ ရှိထိုက်တယ်၊ ဒီပုဂ္ဂိုလ်တွေက အကြိုက်ချည်းလိုက်ပြောနေယင် တနေ့ကျတော့ ရှင်ဘုရင်ကော၊ တိုင်း ပြည်ကော နစ်နာတတ်တယ်တဲ့။

## အနုပ္ပိယဘာဏီ မိတ်ဆွေတုထဲမှာပါတယ်

ကောသ-ဆိုတာက မင်းစည်းစိမ်။

မန္တိ-ဆိုတာက မင်းတိုင်ပင်အမတ်ကြီးတွေ။

မင်းတိုင်ပင်အမတ်ကြီးတွေက စီမံကိန်းချလိုက်တယ်၊ ကောင်းဆိုး နှစ်မျိုးနဲ့ခြားပြီး-ရဲရဲရင့်ရင့် ပြောနိုင်ရမယ်၊ ပြောရဲရမယ်။ မကောင်း တာလဲ ရှင်ဘုရင့်အကြိုက် လိုက်ဆောင်ရွက်ပြီး ကောင်းပါတယ်၊ ကောင်းပါတယ်၊အကုန်လုံး အောင်မြင်နေပါတယ်၊ တကယ်အောင်မြင် နေတာ အောင်မြင်တယ်လို့ပြောယင် ကိစ္စမရှိဘူး၊ဘာတခုမှ မအောင်မြင် တာကို မင်းကြီးကျေနပ်အောင် ပြောလိုက်ယင် နောက်အချိန်ကျတော့ တိုင်းပြည် နစ်နာတတ်တယ်။ ဒါကြောင့်-

(၁) ဆေးဆရာ။

(၂) တရားနည်းလမ်းနဲ့ဆုံးမတဲ့ဆရာ။

(၃) တိုင်းရေးပြည်ရေး တိုင်ပင်တဲ့အမတ်ကြီးတွေ။

ဒီပုဂ္ဂိုလ်သုံးယောက်သည် အကြိုက်ကိုလိုက်ပြီး ဆောင်ရွက်မယ်ဆိုယင် ရှင်ဘုရင်လဲ နစ်နာတတ်တယ်။ တိုင်းပြည်လဲ နစ်နာတတ်တယ်။

အနုပ္ပိယဘာဏီမိတ်ဆွေ ကြောက်စရာကောင်းပုံကို အဲဒီလိုတိုးချဲ့ပြီးတော့ သိသွားပါ။

ဝေဇ္ဇော၊ ဆေးသမားသည်သည်းကောင်း။ ဂုရုစ၊ မင်းကြီးတွေကို မင်းကျင့်တရားနဲ့ပတ်သက်ပြီး ဆုံးမနေတဲ့ ဆရာသမားသည်လည်းကောင်း။ မန္တီစ၊ တိုင်းရေး ပြည်ရေး၊ ဘဏ္ဍာရေးကို တိုင်ပင်ဆွေးနွေးနေတဲ့ အမတ်ကြီးတို့သည်လည်းကောင်း။ ယဿ ရညော၊ အကြင်မင်းအား။ သဒါ၊ အခါခပ်သိမ်း။ ပိယံ ဝဒါ၊ မင်းကျေနပ်မှုကိုသာလိုက်၍ အကြိုက်ကိုပဲ သံတော်ဦးတင်နေပါတယ်ဆိုတဲ့ အကြောင်းကြောင့်။ သ-သော ရာဇာ၊ ထိုကဲ့သို့ အကြိုက်ကိုပဲ အပြောခံရတဲ့အလိုလိုက်အကြိုက်ကိုပဲ ကြားကြားနေရတဲ့ ရှင်ဘုရင်ကြီးသည်၊ ခိပ္ပံ၊ လျင်မြန်စွာ။ သရီရ ဓမ္မ ကောသေဟိ၊ သရီရလို့ခေါ်တဲ့ ခန္ဓာကိုယ်၊ ဓမ္မလို့ခေါ်တဲ့ ကျင့်ဝတ်တရား၊ ကောသလို့ခေါ်တဲ့ မင်းစည်းစိမ်နှင့် တိုင်းပြည်တို့မှာလဲပဲ။ ခန္ဓာကိုယ် ဆုံးရှုံးတာကဆေးသမားကြောင့်၊ တရားဓမ္မတွေ ဆုံ ရှုံးတာကဆရာသမားကြောင့်၊ တိုင်းပြည်နဲ့ မင်းစည်းစိမ် ဆုံးရှုံးသွားတာက အမတ်ကြီးတွေကြောင့်။ ခိပ္ပံ၊ လျင်မြန်စွာ။ ပရိဟာယတေ၊ ဆုံးရှုံးရလေတော့၏။ ဣတိ-တသ္မာ၊ ဒါကြောင့်မို့၊ အနုပ္ပိယဘာဏီ၊ အစဉ်တစိုက်လိုက်၍ အကြိုက်ကိုသာလျှင် ပြောတတ်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေယျ၊ ကောင်းစွာမသွေ ရှောင်ကွင်းရကုန်သည်သာတည်။

(သာဓု-သာဓု-သာဓုပါဘုရား)

အနုပ္ပိယဘာဏီမိတ်ဆွေရဲ့ အကြောင်းအချက်ကို နှစ်ချက်ပဲပြောရသေးတယ်။ မကောင်းတာလဲ ခွင့်ပြုလိုက်တာပဲ၊ ကောင်းတာကိုလဲ ခွင့်ပြုလိုက်တာပဲ၊ နောက်လာမယ့် မှတ်သားရမယ့် တတိယအချက်က–

## မျက်မှောက်ချီးမွမ်း မျက်ကွယ်ကဲ့ရဲ့

သမ္မုခါဿ ဝဏ္ဏံ ဘာသတိ၊ ပရမ္မုခါဿ အဝဏ္ဏံ ဘာသတိ။

သမ္မုခါဿ၊ မျက်မှောက် ရောက်လာတဲ့အခါကျတော့။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ပြောတယ်၊

မျက်နှာချင်း ဆိုင်လိုက်မှဖြင့် ဂုဏ်သတင်းချည်း ပြောတော့တာပဲ။ မျက်နှာချင်းဆိုင်လိုက်ယင် ချီးကျူးစကားကိုပဲ ပြောတော့တာပဲ။ ကွယ်ရာ ရောက်ပြီဆိုတော့-

ပရမ္မုခါဿ၊ မျက်ကွယ်ရောက်ပြီ ဆိုတော့။ အဝဏ္ဏံ၊ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားတွေကို၊ ဘာသတိ၊ ပြောတယ်။

လူချင်းဆုံမိတဲ့အခါကျတော့ အမလေးတော်လိုက်တာ၊ တတ်လိုက်တာ၊ အရှင်ဘုရား စာတွေတတ်လိုက်တာပေါ့၊ တရားဟော ကောင်းလိုက်တာ၊ အရှင်ဘုရားတရား နာရတာ နှလုံးထဲ အေးသွားတာပဲ။ ဒါ မျက်မှောက် ပြောနေတာ၊ ကွယ်ရာလဲ ကျရော၊ အတင်းချည်း လျှောက်ပြောနေတာ။ မျက်မှောက်မှာ ဂုဏ်သတင်းပြော၊ ကွယ်ရာမှာ အတင်းပြောယင် မိတ်ဆွေယုတ်။ မကောင်းတာလဲ ခွင့်ပြု၊ ကောင်းတာလဲ ခွင့်ပြုယင် မိတ်ဆွေယုတ်။

အနုပ္ပိယဘာဏီ=အလိုလိုက် အကြိုက်ချည်း ဆောင်ရွက်တယ်ဆိုတဲ့ မိတ်ဆွေယုတ်သည် (၁) ကောင်းတာလဲ အကုန်လုံး ခွင့်ပြု၊ မကောင်းတာလုပ်လဲ ထောက်ခံတတ်တယ်။

လူချင်း ဆုံမိတဲ့အခါကျတော့ ဂုဏ်သတင်းရဲ့ ကျေးဇူးစကားကိုပဲ ပြောတယ်။ ကွယ်ရာလဲကျရော၊ ဒီလူ အလကားဆိုပြီး မကောင်းသတင်းတွေ လျှောက်ပြောတယ်။ ကိုယ့်မိတ်ဆွေရဲ့ မကောင်းသတင်းပြောနေတဲ့၊ အတင်းပြောတဲ့ လူနှင့် ဆုံမိပြန်တော့လဲပဲ၊ အဲဒီ အတင်းပြောတဲ့လူနောက်ကို ယောင်ပြီး လိုက်သွားမယ်။ ဂုဏ်သတင်းပြောတဲ့ လူနောက်ကိုလဲ ကိုယ့်ဂုဏ်သတင်း လိုသားသလိုလိုနဲ့ လိုက်သွားတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ မိတ်ဆွေအတု၊ အနုပ္ပိယဘာဏီ အညွှံစား မိတ်ဆွေလို့ ခေါ်တယ်။

## မလတမ-လတမ လူမျိုး

ရှေ့တမျိုး ကွယ်ရာတမျိုး ပလုပ်ပါနဲ့တဲ့။ ရှေ့တမျိုး ကွယ်ရာတမျိုး လူကို လောကက ဘယ်လို ပြောထားသလဲဆိုတော့ ဒီလူကတော့ကွာ မလိုတမျိုး-လိုတမျိုး ''မလတမ-လတမ''လို့ ခေါ်တယ်။ ရှာတရက်တော့ နားမလည်ဘူး။ နိမ့်နေတဲ့အခါကျတော့ မြေနိမ့်ရာ လှံစိုက်အတင်းချည်း ပြောနေကြတာကိုး။ ဒီလိုဟာ မိတ်ဆွေအတု၊ မိဆွေယုဘ်ပေါ့။

နိမ့်နေတဲ့အချိန် အတင်းမပြောရဘူး မှတ်ထား။ မြင့်နေတဲ့ အချိန် အဘင်းပြောတာက သူက မြင့်နေတဲ့အချိန် သိပ်ပြီး မထိခိုက်ဘူးထား။ အဘင်းကတော့ ဘယ်တော့မှ မပြောပါနှင့်၊ နိမ့်နေတဲ့အချိန် ဖိပြောတာကတော့ မကောင်းဘူး။

ဒါကြောင့် မိတ်ဆွေအတုထဲ မပါရအောင် ရှေ့မှောက်မှာလဲ ဂုဏ်သတင်းပြောတယ်၊ ကွယ်ရာမှာလဲဂုဏ်သတင်းပြောတယ်၊ ဒါမှသူတော်ကောင်းခေါ်တာ။ ရှေ့မှောက်မှာသာလျှင် ဂုဏ်သတင်းပြော၊ ကွယ်ရာအတင်းပြောယင် လူယုတ်မာ။

မကောင်းတာတွေလာပြီးတိုင်ပင်၊ ကိုယ့်မိတ်ဆွေနှင့် မျက်နှာမပျက်ချင်ဘာနှင့် အေး-လုပ်သာလုပ်ပါကွာ၊ အဲဒါယုတ်မာတဲ့ သဘောရှိတယ်၊ ကိုယ့်မိတ်ဆွေ မကောင်းတာ လုပ်တော့မယ်ကြံယင် ပြတ်ပြတ်သားသား တားမြစ်ရမယ်။

ငါ့မိတ်ဆွေ မကောင်းတာတွေ မလုပ်ပါစေနဲ့၊ မကောင်းကျိုးတွေ မဖြစ်ပါစေနဲ့၊ ဒါမှ သူတော်ကောင်းခေါ်တယ်၊ မလိုက်နာနိုင်တာ သူ့တာဝန်၊ ပြောရမှာက မိတ်ဆွေကောင်း ရဲ့တာဝန်။ အနုပ္ပိယဘာဏီ မိတ်ဆွေရဲ့သဘောပြီးပါစေ။

## အသဟာယက မိတ်ဆွေအင်္ဂါလေးချက်

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အပါယ သဟာယော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ အကြောင်း

တို့ဖြင့်။ အပါယ သဟာယော၊ ပျက်စီးကြောင်းမှာ အပေါင်းအဖော်သဟဲ လုပ်နေတဲ့ မိတ်ဆွေမျိုးကိုလဲပဲ။ အမိတ္တော၊ မိတ်ဆွေအစစ်မဟုတ်သော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုအယောင်ပါပဲလို့။ ဝေဒိတဗ္ဗော၊ သိအပ်ပါပေ၏။ ကတမေဟိ စတူဟိ၊ ပျက်စီးကြောင်းမှာ အပေါင်းအဖော်ဖြစ်တဲ့ မိတ်ဆွေ၊ ပျက်စီးကြောင်းတရားလေးပါးတို့မှ မိတ်ဆွေဆိုသည်မှာ အဘယ်သည့်တို့နည်းဟူမူကား။

(၁) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ သဟာယော ဟောတိ။

(၂) ဝိကာလဝိသိခါစရိယာ နုယောဂေ သဟာယော ဟောတိ။

(၃) သမဇ္ဇာဘိစရဏေ သဟာယော ဟောတိ။

(၄) ဇူတပ္ပမာဒဋ္ဌာနာ နုယောဂေ သဟာယော ဟောတိ။

ဣမေဟိ ခေါ ဂဟပတိပုတ္တ စတူဟိ ဌာနေဟိ အပါယ သဟာယော အမိတ္တော မိတ္တပတိရူပကော ဝေဒိတဗ္ဗောတိ။

(၁) ဂဟပတိပုတ္တ၊ သိင်္ဂါလအမည်ရပေတဲ့ အို-သူဌေးသား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ၊ သုရာငါးပါး၊ မေရယငါးပါးဆိုတာတွေကို မူးဖို့ရန် လုပ်ငန်းလာပြီးတော့ အဖော်ညှိလိုက်မယ် ဆိုယင်။ သဟာယော၊ အဖော်သဟဲအနေနှင့် ပါသွားသည်။ ဟောတိ၊ ဖြစ်၏။

## အရက်သမားအချင်းချင်း ရိုင်းပင်းကူညီ

မူးကြစို့ကွာ၊ လာကွာသူငယ်ချင်းရာ မင်းမသောက်တတ်မှန်းတော့ ငါသိသား၊ တခါတရံပေါ့ကွာ၊ အရက်ဆိုင်သွားစို့ဆိုပြီး ယက်ကန်ယက်ကန်နဲ့ ပါသွားရော။ ဘယ်နေရာမှာ အပေါင်းအဖော် ဖြစ်တယ်ဆိုတော့မူးမယ့်ကိစ္စမှာ အပေါင်းအဖော် ဖြစ်တာ၊ ဒါယုတ်မာတဲ့သူငယ်ချင်းပဲ၊ ပျက်စီးကြောင်းမှာ အပေါင်းအဖော်ဖြစ်ကြတယ်။

တကယ့် သူတော်ကောင်းတွေ အပေါင်းဖော် ဖြစ်ဘယ် ဆိုတာ၊ တယောက်နှင့်တယောက် ချစ်ဘယ်ခင်တယ်ဆိုတာ ဘယ်လောက်ချစ်တယ် ခင်ဘယ်မသိဘူး။အမူးသမားတယောက်နှင့် ချစ်ကြတာက သူများ

တွေထက်သာတယ်။ တယောက်ကမှုးနေလို့ ကိုယ့်ကိုမနိုင်ဘူး။ ပုဆိုးလည်ပင်းသိုင်းနေတယ်ဆိုယင် ကျန်တဲ့သူငယ်ချင်းကလဲ ကိုယ့်ခြေထောက်ကိုယ် မနိုင်ဖြစ်နေတာတောင် ပုဆိုးလည်ပင်း သိုင်းနေတဲ့ သူငယ်ချင်းကို အားယူထမ်းပြီးတော့ ဘယ်လောက်များ သူတို့ချင်းချစ်နေကြသလဲဆို အိမ်ရောက်အောင် ပို့ပေးတယ်၊ အပါယသဟာယ ပျက်စီးကြောင်းမိတ်ဆွေဖြစ်နေကြတာတဲ့။

သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ နုယောဂေ၊ သုရာ+ မေရယ လုပ်ငန်းတွေမှာလာပြီးတော့ အဖော်ညှိယင်။ သဟာယော၊ အပေါင်းအဖော်အနေနှင့် ပါသွားသည်။ ဟောတိ၊ ဖြစ်၏။

သူငယ်ချင်း နှစ်မျိုး

(၂) ဝိကာလဝိသိခါစရိယာ နုယောဂေ၊ ညဥ့်နက်သန်းခေါင်အချိန်မှဲ့အခါမှဲ့ လည်ကြမယ်ဆိုယင်။ သဟာယော၊ အပေါင်းအသင်း သူငယ်ချင်းအနေနှင့် ပါသွားသည်။ ဟောတိ၊ ဖြစ်၏။

သဟာယဆိုတဲ့ပုဒ်ကို ဘုန်းကြီးတို့ ဆရာတော်ဘုရားက သဟယ်ချင်းလို့ ဘာသာပြန်တယ်။ ဒီကနေ့ သဟယ်ချင်းဆိုတဲ့ပုဒ်ကို ဟ-အက္ခရာကို င-အက္ခရာနှင့် အစားထိုးပြီး သူငယ်ချင်းလို့ခေါ်တယ်။

မူလပါဠိစကားမှာ-သဟာယ။

သဟ အယတိ ပဝတ္တတီတိ သဟာယော။

ဒီကနေ့ သူငယ်ချင်းလို့ခေါ်ကြတယ်။

ကောင်းတဲ့နေရာပဲဖြစ်ဖြစ် မကောင်းတဲ့ဌာနမှာပဲဖြစ်ဖြစ် အတူတကွ လုပ်ဖော် ကိုင်ဖက်ကို သဟာယ ခေါ်တယ်။

မကောင်းတဲ့ နေရာမှာ လုပ်ဖော် ကိုင်ဖက် အချင်းချင်းသည် "သဟာယ"

ကောင်းတဲ့ နေရာမှာလဲ လုပ်ဖော် ကိုင်ဖက် အချင်းချင်းသည် "သဟာယ"

သဟ-ဆိုတာ အတူတကွ၊ အယ-ဆိုတာက ဖြစ်ကြတယ်။ အယ-ကို အာယ-အဖြစ်သို့ပြောင်းပြီး၊ သဟနဲ့ အာယ-တွဲတော့ သဟာယ-ဖြစ်

လာတယ်။ ဒါကိုဘာသာပြန်တဲ့အခါ သဟာယ်ချင်း အတူတကွလုပ်ဖော်ကိုင်ဖက်အချင်းချင်း အမိပ္ပာယ်ရတယ်၊ ဒီ သဟာယ်ချင်း ပုဒ်ကို(ဟ)ကို၊ (င) ပြောင်းပြီး သူငယ်ချင်းလို့ခေါ်တယ်။

သူငယ်ချင်းသည် ကောင်းတဲ့နေရာမှာဖြစ်တဲ့ သူငယ်ချင်း၊မကောင်းတဲ့နေရာမှာ ဖြစ်တဲ့သူငယ်ချင်း နှစ်မျိုးရှိဘယ်။ ယခု သုရာမေရယ လုပ်ငန်းမှာဖြစ်တဲ့ သူငယ်ချင်း၊ ဒါမကောင်းဘူး၊ ပျက်စီးကြောင်း သူငယ်ချင်း။ ညဥ့်နက်သန်းခေါင်ကြီး ထွက်ကြစို့ ဆိုတဲ့ သူငယ်ချင်း၊ ဝိကာလအခါမှာ လည်တာ၊ မကောင်းအပြစ်တွေဖြစ်ကြောင်း အကျယ်ဟောခဲ့ပြီ၊ ဝိကာလအခါမဲ့ကြီး လည်ပတ်သောကြောင့် မကောင်းအပြစ်တွေ ဖြစ်ပါရဲ၊ ဒီနေရာမှာ သူငယ်ချင်းလုပ်နေကြယင် ပျက်စီးခြင်းမှာဖြစ်တဲ့ သူငယ်ချင်း၊ ဒါလဲ မကောင်းဘူး။

**ပျော်ပွဲရှင်ပွဲ လောင်းကစားပွဲနဲ့ ခင်တွယ်တဲ့ သူငယ်ချင်း**

(၃) သမဇ္ဇာဘိစရဏော=ပွဲလမ်းသဘင် မြူးထူးပျော်ပါးတဲ့ နေရာမှာ သူငယ်ချင်းဖြစ်တယ်။

ပွဲကြည့်ကြစို့ကွာ၊ အဖော်ညှိသိပ်လွယ်တယ်၊ ဘုရားဖူးကြစို့ကွာ၊ တရားနာကြစို့ကွာ၊ အဖော်ညှိသိပ်မရဘူး၊ ခါးနာတယ်၊ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ် အကုန်လုံး ဆင်ခြေတွေ ရှောက်ပေးနေတော့တယ်။ ၃- ချက်ရသွားပြီ။

(၄) ဇူတပ္ပမာဒဋ္ဌာနာနုယောဂေ၊ လောင်းတဲ့ကစားတဲ့ နေရာမှာ အပေါင်းအဖော်ဖြစ်တဲ့ သူငယ်ချင်း။

ဒါလဲ ပျက်စီးကြောင်းမှာ အဖော်သဟဲ ဖြစ်တဲ့ သူငယ်ချင်း။ မကောင်းဘူး။ အားလုံး ၄-ချက် ရပြီ။

နံပါတ် (၂)ကို ပထမပြောခဲ့သလို ပျင်းတဲ့ပုဂ္ဂိုလ်ရဲ အင်္ဂါ ၆-ချက်ထဲ ပါတဲ့အတိုင်း အေးတယ်ကွာ တရားနာမသွားပါနဲ့ မိုးကလေးက တစိမ့်စိမ့်နှင့် အအေးမိကုန်မယ်၊နေတွေ့ပူပြန်တော့လဲ အံမာလေး ပူလွန်းတယ်ကွာ အောက်က ပူလွန်းတယ်၊ မဖြစ်သေးဘူး။ ဆင်ခြေပေးပြန်တယ်။ အေးပြန်တော့လဲ အေးလို့၊ ပူပြန်တော့လဲ ပူလွန်းလို့ တရားပွဲမထွက်ပြန်ဘူး။

## ကြီးပွားရေးလမ်းစနဲ့ လွဲနေသူများ

နောက်တချက် ဘာလာပြန်သလဲ၊မင်းတို့တရားပွဲ ဘယ်အချိန်စသလဲ၊ ၇- နာရီစဘယ်၊ ၈- နာရီစတယ်၊ အိုခေစာသေးတယ်ကွာ၊ ငါ ထမင်းတောင် မစားရသေးဘူး။ နောက်ဘာလာပြန်သလဲ၊ မင်းတို့ တရားပွဲ ဘယ်အချိန်ပြီးသလဲ၊ ၁၀- နာရီ၊ ၁၁- နာရီလောက်ပြီး တယ်ကွာ၊ မိုးချုပ်လွန်းတယ်ကွာ ငါက စောစောအိပ်တတ်တာ၊အလွန် နောက်ကျတယ်ဆိုပြီးတော့လဲ ရှောင်သွားတယ်၊ နောက်တခါ ဘာဖြစ် ပြန်သလဲလို့ဆိုယင် အတိဆာတောသွိတိ = တရားပွဲက ပြီးပဲမပြီးနိုင်ဘူး၊ ထမင်းက ဆာလှပြီ၊ ဆာလွန်းတယ်ဆိုပြီးတော့ တရားပွဲက ရှောင်ထွက် သွားပြန်တယ်၊ ကိုင်း ထမင်းစားပြီးမှ လာမယ်တဲ့၊ ဗိုက်တင်းနေပြန်ပြီ ကွာ၊ ငိုက်လှတယ် မဖြစ်ချေဘူးဆိုပြန်သွားတတ်တယ်၊ ပျင်းတဲ့ပုဂ္ဂိုလ် ဟာ ဒီလိုအကြောင်းတွေ ပြပြရှောင်နေတာ ဘာမှမလုပ်ဘူး။

ဣတိ၊ ဤသို့။ ကိစ္စပဒေသာဗဟုလာ၊ ကိစ္စအသေးအငယ် ကလေးတွေကို ရှိမယ်ဖွဲ့ပြီး နေဘတ်တဲ့ ပုဂ္ဂိုလ်အား။ အတ္ထာ၊ အကျိုးစီးပွားတွေဟာ။ အစ္စန္တိ၊ ကျော်လွန်၍သွားကြကုန်၏။

ကိစ္စအသေးအမွှား အငယ်ကလေးတွေကို ရှိမယ်ဖွဲ့ပြီးတော့ ခန္ဓာ ကိုယ်ညှာနေတဲ့ ပုဂ္ဂိုလ်တွေ အကျိုးစီးပွားတွေ လက်လွှတ်ဆုံးရှုံးကုန်ကြ တယ်။

ပျက်စီးကြောင်းကျတော့ မိုးကြီးရွာချင်သလောက် ရွာနေ အရက် ဆိုင်သွားကြစို့ ဝုန်းဆို ထလိုက်သွားတယ်၊ နေပူချင်တိုင်း ပူနေပါစေ၊ နေပူကြဲကြဲကြီး လောင်းကြအုံးမလား၊သောက်ကြအုံးမလား၊ ပွဲကြည့် ကြအုံးမလား ပျော်လို့။ ပျက်စီးကြောင်းကျတော့ အပေါင်းအဖော် အနေနှင့် ပျော်ကြတယ်။

### ပျက်စီးကြောင်းလမ်းစပေါ်က မိတ်ဆွေတုလေးယောက်

ကောင်းတဲ့လုပ်ငန်းကျယင် အကြောင်းအမျိုးမျိုးနှင့် ဆင်ခြေ ၆- ချက်ပေးပြီး ရှောင်ကြတယ်၊ လောကကြီး ပျက်စီးခြင်းရဲ့ အကြောင်း တွေ၊ ယခုပြောနေတဲ့ အချက်က ပျက်စီးကြောင်းမှာ ဖြစ်တဲ့မိတ်ဆွေ အတုဆိုတာ လေးခု။

(၁) သုရာမေရယ-အပေါင်းအဖော်ဖြစ်သင် ပျက်စီးကြောင်း မိတ်ဆွေ။

(၂) ညဥ့်နက်သန်းခေါင် အချိန်မဲ့ အခါမဲ့ လည်တဲ့အခါမှာ အပေါင်းအဖော်ဖြစ်ယင် ပျက်စီးကြောင်း မိတ်ဆွေ၊

(၃) ပွဲလမ်းသဘင် ကြည့်ရှုတဲ့နေရာမှာ အပေါင်းအဖော်ဖြစ်လာကြယင် ပျက်စီးကြောင်း မိတ်ဆွေ။

(၄) လောင်းကစားတဲ့ ကိစ္စတွေမှာ အပေါင်းအဖော်ဖြစ်သွားယင် ပျက်စီးကြောင်း မိတ်ဆွေ။

အဲဒါ မိတ်ဆွေအတုလေးပါး၊ ဒီလေးခု အဖော်ညှိတဲ့ မိတ်ဆွေကို မိတ်ဆွေအတုထဲ ထည့်လိုက်ပါ။

ဣတိ၊ ဤသို့။ စတုဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ-ဌာနေဟိ၊ အကြောင်းအရာတို့ဖြင့်။ အပါယေသဟာယော၊ ပျက်စီးကြောင်း အဖော်သဟဲဖြစ်၍ နေသော။ အမိတ္တော၊ မိတ်ဆွေအစစ်မဟုတ်သော။ မိတ္တပတိရူပကော၊ မိတ်ဆွေအတုမျိုးကိုလဲပဲ။ ဝေဒိတဗ္ဗော၊ မချကိန်းသေ သိထိုက်ပါပေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သိင်္ဂါလကဂဟပတိပုတ္တံ၊ သိင်္ဂါလခေါ်တဲ့ သူဌေးသားကို။ဧတံ ဝစနံ၊ဤဆိုခဲ့တဲ့ တရားစကားတွေကို။အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

မိတ်ဆွေအတု လေးမျိုးကို တမျိုးမျိုးကို အကြောင်းအရာလေးချက်စီနှင့် တင်ပြခဲ့တယ်၊ လေးခု-လေးလီဆိုယင်=၁၆ချက်၊ အဲဒီ၁၆ချက်သော အင်္ဂါနှင့် ပြည့်စုံလျှင်၊ အဲဒီ ၁၆ ချက်မှာ တခုခုနဲ့ ငြိနေလျှင် မိတ်ဆွေအတုလို့ အတိုဆုံး သတ်မှတ်ရမယ်၊ ထိုမိတ်ဆွေ အတု မျိုးကို ဝေးအောင် ရှောင်နိုင်မှ ဘုန်းကြီးတို့ မရှိ သတ်မျှား ပစ္စုပ္ပန်နှင့် သံသရာမှာ ကြီးပွားနိုင်မယ်။

## မိတ်ဆွေအတုကိုအဝေးမှရှောင်ပါ

အာသီဝိသံ ဝါ ကုပ္ပိတံ၊မိဠှလိတ္တံ မဟာပထံ၊
အာရကာ ပရိဝဇ္ဇေယျ၊ ယာနီဝ ဝိသမံပထံ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ ကုပ္ပိကံ၊ အမျက်ထွက်၍တရှူးရှူးနှင့် ပါးပျဉ်ထောင်၍ နေပသော၊ အာသီဝိသံ၊ အစိုးအလျှံနှင့် ပြည့်စုံ၍ ထက်မြက်သော အဆိပ်တွေနှင့် ပြည့်စုံနေတဲ့ မြွေဟောက်ကြီးကို၊ အာရကာ၊ အဝေးကြီးမှ၊ ပရိဝဇ္ဇေယျ၊ရှောင်ကြဉ်လိုက်ဘိ သကဲ့သို့၊ ဝေမေဝ-ဇာတထာ၊ ပမာထားယူ ထိုအတူ၊ ဧတေစတ္တာရော မိတ္တပတိရူပကေ၊ ထိုမိတ်ဆွေ အတု လေးမျိုးကိုလဲပဲ၊ အာရကာ၊ ဝေးစွာ၊ ပရိဝဇ္ဇေယျ၊ ရှောင်ကွင်းရာ၏။

အဆိပ်ပြင်းထန်တဲ့ မြွေဟောက်ကြီး ပါးပျဉ်း ထောင်နေတာ တွေ့ယင် အဝေးက ကွင်းရှောင်သလို၊ ဒီ မိတ်ဆွေအတု လေးမျိုး ကိုလဲ အဝေးက ကွင်းပြီးရှောင်လေ။

(တိုက်တွန်းချက်)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ မိဠှလိတ္တံ၊ မစင်တွေလိမ်းကျံ၍ နေပေသော၊ မဟာပထံ၊ ခရီးလမ်းမကို၊ အာရကာ၊ ဝေးစွာ၊ ပရိဝဇ္ဇေယျတ္တ၊ ရှောင်ကြဉ်လေဘိ သကဲ့သို့။

မစင်တွေ တခါထဲ နံစော်နေတဲ့ လမ်းဆိုးကြီးကို အဝေးက ကွင်းပြီး ရှောင်သလို။

ဝေမေဝ ဇာတထာ၊ ပမာထားယူ ထိုအတူ၊ ဧတေစတ္တာရော မိတ္တပတိရူပကေ၊ ထိုမိတ်ဆွေ အတု လေးမျိုးကိုလဲပဲ၊ အာရကာ၊ ဝေးစွာ၊ ပရိဝဇ္ဇေယျ၊ ရှောင်ကွင်းကြကုန်ရာ၏။

မစင်တွေလူးပြီး နံစော်နေတဲ့ လမ်းမကြီး အဝေးက ရှောင်သလို၊ မိတ်ဆွေအတု လေးမျိုးကိုလဲ အဝေးကရှောင်ပါ။

ဘိက္ခဝေ၊ ပရိသတ် လေးပါး ချစ်သား ချစ်သမီးတို့၊ယာနီ၊ ရထားလှည်းမျှုးဆိုတဲ့ ပုဂ္ဂိုလ်ကြီးသည်၊ (ဝါ)ရထားမှူးကြီးသည်။

ဝိသမံ၊ မညီညွတ်တဲ့ ကျင်းချိုင့်တွေနဲ့ ဖြစ်နေတဲ့ လမ်းဆိုးကြီးကို။ အာရကာ၊ အဝေးမှနေ၍။ပရိဝဇ္ဇေတိဣဝ၊ ရှောင်ကြဉ်၍ သွားသကဲ့သို့။ ဧဝမေဝ၊ ပမာထားယူ ထို့အတူ။ ဧတေစတ္တာရော၊ထိုပြောပြထားခဲ့တဲ့ မိတ်ဆွေ အတု လေးဦး တို့ကို။ အာရကာ၊ အဝေးကသာလျှင်။ပရိဝဇ္ဇေထ၊ဆောင်းစွာမသွေ ရှောင်ကွင်းကြကုန်ရာတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

# သိင်္ဂါလသုတ္တန် (စတုတ္ထပိုင်း)

၁၃၄၁-ခုနှစ် နှစ်ဦး ကဆုန် လပြည့်ကျော် ၈-ရက်နေ့ နံနက်၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်၊ ဆန်လှူ အသင်းထောက်မှ ကျောင်းကြီးတိုက် ပုညောပကာရဓမ္မာရုံ အတွင်း၌ ဟောကြား အပ်သော ဒီဃနိကာယ် ပါထိကဝဂ္ဂ ပါဠိတော်၌လာသော သိင်္ဂါလသုတ္တန် တရားတော် စတုတ္ထပိုင်း။

ဆဒ္ဒိသာပဋိစ္ဆာဒီ—အရပ်ခြောက်မျက်နှာရဲ့ လုံခြုံရေးဆိုတာကတော့ သုတ္တန်ရဲ့မူရင်း၊ ဘုရားရှင်ကိုယ်တော်မြတ်က သိင်္ဂါလ မိန့်ကြား‌စဉ်က ဟော -တဲ့သာသနာနည်းနဲ့ အရပ်ခြောက်မျက်နှာ ရှိခိုး ဆိုတာ ဒီလိုဒီလို ပါလို့ မိန့်ကြားခဲ့ပေမယ့် အရပ် ၆-မျက်နှာ ရှိခိုးပုံကို နောက်ပိုင်းမှ ဟောပြီးတော့ ရှေးဦးစွာ ယခုဟောခဲ့တဲ့ ပရိက်တွေ ဟောတယ်။

### သုဟဒ-စိတ်နှလုံးကောင်း မိတ်ဆွေလေးယောက်

သုဟဒမိတ္တကဏ္ဍ—မိတ်ကောင်း ဆွေကောင်း စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေတို့ရဲ့ အခန်းကို ဒီကနေ့ဟောမယ်။

စတ္တာရောမေ ဂဟပတိပုတ္တ မိတ္တာ သုဟဒါ ဝေဒိတဗ္ဗာ။

သိင်္ဂါလ၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ စတ္တာရော၊ လေးပါးကုန်သော။ သုဟဒါ၊ စိတ်နှလုံးကောင်းရှိကြကုန်သော။ ဣမေ မိတ္တာ၊ ဤမိတ်ဆွေ လေးယောက်တို့ကို။ ဝေဒိတဗ္ဗာ၊ မုချမသွေ သိထိုက်ပေကုန်တော့၏။

စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေ အကြောင်း လေးမျိုး ဆိုတာ သိထိုက်ပါတယ်။ ပါဠိနာမည်မှာ–သုဟဒမိတ္တ။ သုဟဒ-ဆိုတာ။သု-တပုဒ်၊ ဟဒယ-တပုဒ်၊ သု-ဆိုတာ ကောင်းမြတ်သော၊ ဟဒယ–ဆိုတာ စိတ်နှလုံး၊ ကောင်းမြတ်သော စိတ်နှလုံးရှိသော မိတ်ဆွေ၊သုဟဒယမိတ္တ-လို့ ပါဠိစကားလုံး အပြည့်အစုံရှိလိုလျက်နှင့် ဝေါဟာရ ခေါ်ဝေါ်ပြော ဆိုဘဲ့အခါ လွယ်ကူစေခြင်းငှာ ဘုရားရှင်ကိုယ်တော်မြတ်က၊ယ-အက္ခရာ တလုံးကို ချေဖျောက်၍ ''သုဟဒမိတ္တ'' လို့ ခေါ်ပါတယ်။

### ဘုရားစကား ပါဠိတော်များ လျှော့မပစ်နဲ့

သုဟဒယမိတ္တ–ဆိုလျှင် စကားတလုံး ပိုတယ်။ သုဟဒမိတ္တ-ဆိုလျှင် စကားတလုံးမပိုပဲနှင့် ယ-အက္ခရာတလုံး လျှော့သွားတယ်။ ဘုရားရှင် ကိုယ်တော်တိုင်က လျှော့သွားတဲ့စကားလုံးမို့ ဒါဟာ ပါဠိတော်စကား လုံး လျှော့သွားတာ အရေးမကြီးလှဘူး၊ ဘုရားရှင် ကိုယ်တော်တိုင်က လျှော့ထားတာမဟုတ်ပဲနှင့် ပါဠိတော်စကားလုံးတွေကို ကိုယ့်သဘော အတိုင်း ဒါတွေမလိုဘူး ပယ်ပစ်၊ ထုတ်ပစ်ယင် ဘုရားစကားလုံးလျှော့ ပစ်တာ၊ ဘုန်းကြီးတို့တော့ မလျှော့ရဲဘူး။

ဘုန်းကြီးတို့ ဆိုချင်တာက ဘုရားစကားလုံးတွေကို လျှော့မပစ်နဲ့။ ဘုရားစကားလုံးဟာ များလေကောင်းလေပါပဲ၊ ဒါဖြင့်ယင် ဒီသုတ္တန်ကို စိစစ်ပြီးတော့ သေသေချာချာ နာမယ်ဆိုယင် ဘုရားစကားလုံးတွေကို ပယ်ပစ်တာမဟုတ်ပဲနှင့် တူတဲ့ စကားလုံးတွေကို ချန်ထား ခဲ့တာတွေ အများကြီးရှိတယ်။

ရှေ့နားက ဘုရားမြတ်စွာ စကားပြေနှင့်ဟောပြီး ထိုစကားပြေကို ဂါထာဗန္ဓဖွဲ့ပြီ တော့ နောက်နားက ထပ်ထပ်ချုပ်ချုပ်အုပ်အုပ်ပြီး ဟော တယ်၊ စကားပြေထဲမှာ ပါပြီးသားစကားသည် ဂါထာထဲမှာလဲ ထပ်ပါ တယ်၊ ဒီတော့ ဒီစကားပြေက တခါဟော၊ ဂါထာက တခါဟောယင် အဓိပ္ပာယ်အတူတူတွေဟာ ဒီနေရာမှာ နှစ်ခါထပ်နေမယ်ဆိုပြီး ပိုတာ တွေချန်ထားခဲ့တယ်။ စုဏ္ဏိယစကားပြေမှာပါပြီး၊ ဂါထာထဲ ဘုရားက နိဂုံးချုပ်ဟောတယ်၊ အဓိပ္ပာယ်ထူးခြား ပါလာတဲ့ ဂါထာ ကျတော့ ချန်မထားပါဘူး။

## မိတ်ဆွေစစ် မိတ်ဆွေကောင်း ၄ ယောက်

စတ္တာရောမေ ဂဟပတိပုတ္တ မိတ္တာ သုဟဒါ ဝေဒိတဗ္ဗာ။

သိင်္ဂါလက၊သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ သုဟဒါ၊ စိတ်နှလုံးကောင်း ရှိကြကုန်သော။ စတ္တာရော၊ လေးယောက်ကုန်သော။ မိတ္တာ၊ မိတ်ဆွေခင်ပွန်း ကောင်းတို့ကို။ ဝေဒိတဗ္ဗာ၊မုချမသွေသိထိုက်ပေကုန်၏။

စိတ်ကောင်းနှလုံးကောင်းရှိတဲ့ မိတ်ဆွေဆိုတာ လေးယောက်ရှိတယ်လို့ မှတ်ရမယ်။

အဲဒီလေးယောက်ဆိုတာ အဘယ်နည်းဟူမူကား၊

(၁) ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

(၂) သမာနသုခဒုက္ခော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

(၃) အတ္ထက္ခာယီ မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

(၄) အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

(၁) သိင်္ဂါလက၊ သိင်္ဂါလ အမည် ရသော။ ဂဟပတိပုတ္တ၊ အို- သူကြွယ်သား။ ဥပကာရော၊ ကျေးဇူးပြုတတ်သော။ (ဝါ) ဥပကာရ အမည်ရပေသော။ သုဟဒေါ၊ စိတ်နှလုံးကောင်းသော။ မိတ္တော၊ မိတ်ဆွေကိုလည်းပဲ။ ဝေဒိတဗ္ဗော၊ သိရမှာပါ။

ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ မိတ္တော၊ မိတ်ဆွေသည်။ သုဟဒေါ၊ စိတ်နှလုံးကောင်းတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ သိရမယ်။

ဥပကာရက မိတ်ဆွေတမျိုး၊ စိတ်နှလုံးကောင်း မိတ်ဆွေလေးမျိုးတို့တွင် နံပါတ် (၁) က ဥပကာရကမိတ်ဆွေ၊ ကျေးဇူးများတဲ့ စိတ်နှလုံးကောင်းရှိတဲ့မိတ်ဆွေ၊ ပါဠိလိုဆိုယင် ဥပကာရလို့ခေါ်တယ်။နောက်တခါ-

(၂) သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ သမာနသုခ ဒုက္ခော၊ ချမ်းသာယင်လဲအတူတူ၊ ဆင်းရဲ

ယင်လဲအတူတူဖြစ်၍ နေပေသော။ မိတ္တော၊ မိတ်ဆွေကိုလဲပဲ။ သုဟဒေါ မိတ္တော၊ စိတ်နှလုံးကောင်းတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ သိထိုက်ပေ၏။

ပါဠိအမည်မှာ သမာနသုခဒုက္ခမိတ်ဆွေ၊ မြန်မာလိုပြောရယင် ချမ်းသာအတူတူ ဆင်းရဲ အတူတူဆိုတဲ့မိတ်ဆွေမျိုး။

(၃) သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ အတ္ထက္ခာယီ၊ အကျိုးစီးပွားရှိရာကိုသာ ပြောဆိုလေ့ရှိပေသော။ မိတ္တော၊ မိတ်ဆွေကိုလည်း။ သုဟဒေါ၊ စိတ်နှလုံးကောင်းတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါတော့၏။

ပါဠိလို-အတ္ထက္ခာယီ။ အတ္ထ-တပုဒ်၊ အက္ခာယီ-တပုဒ်။အတ္ထ ဆိုတာ အကျိုးစီးပွား၊ အက္ခာယီ—ဆိုတာက ညွှန်ကြားပြောဆို လေ့ရှိတာ။ အကျိုးစီးပွားရှိသည်ကို ပြောဆိုညွှန်ကြား လေ့ရှိတဲ့ မိတ်ဆွေသည် "အတ္ထက္ခာယီ"မိတ်ဆွေပါပဲ။ မြန်မာလို ပြောဆိုယင် အကျိုးစီးပွားရှိသည်ကို ပြောဆိုညွှန်ကြားလေ့ရှိပါတယ်။

(၄) သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ အနုကမ္ပကော၊အစဉ်မပြတ် စောင့်ကြပ်ပေးတတ်သော။ အနုကမ္ပကော၊ အစဉ်စောင့်ရှောက်၍ နေပေတတ်သော။ မိတ္တော၊မိတ်ဆွေကိုလည်း။သုဟဒေါ၊ စိတ်နှလုံးကောင်းတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ သိထိုက်ပါပေ၏။

ပါဠိလို အနုကမ္ပက မိတ်ဆွေဆိုတဲ့ ပါဠိစကား၊ မြန်မာလိုပြောယင် အစဉ်သဖြင့် စောင့်ရှောက်နေတဲ့ မိတ်ဆွေမျိုး။ပေါင်းတော့လေးယောက်ရှိပြီ၊ သုဟဒ - စိတ်ကောင်းနှလုံးကောင်းရှိတဲ့ မိတ်ဆွေဟာ ဤကဲ့သို့ လေးယောက်ရှိကြောင်း မာတိကာ စဉ်ထားပါတယ်။

## လောကကြီးပွားကြောင်း တရားလေးပါး

ဘုန်းကြီးတို့ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်တော်ထဲမှာ ဗျာဂ္ဃပဇ္ဇ သောဏီ ပုဏ္ဏား ကြီးက ဘုရားရှင်ကိုယ်တော်မြတ်ကို လောက ကြီးပွား

ကြောင်းတရားနှင့် ပတ်သက်လို့ လျှောက်ထားတဲ့နေရာမှာ သမ္ပဒါ တရားလေးပါးလို့ ဘုရားရှင် ဟောထားတယ်။လောက ကြီးပွားကြောင်း တရား သမ္ပဒါလေးပါး။

သမ္ပဒါ တရားလေးပါးနှင့် ပတ်သက်လို့ အကျယ်တဝင့် အဓိပ္ပာယ် နားလည်ချင်ယင် ဘုန်းကြီးတို့ပရိသက်များနှင့် နီးစပ်တဲ့ကျမ်းဂန်ဟာ ''ယောအတွင်းဝန် ဦးဘိုးလှိုင်ရေးတဲ့ ရာဇမ္မေ သင်္ဂဟကျမ်း'' ဆိုတာ ရှိတယ်၊ အဲဒီမှာလဲ ဖတ်နိုင်တယ်။

နောက်တဖန် ညွှန်ကြားရမယ်ဆိုယင် ''ညောင်တုန်းမြို့ ရွှေဟသ်ာ တောရတိုက် စံကျောင်း ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ သမ္ပဒါအဖွင့် အကျယ်လက်စွဲ အကျယ်ကျမ်း'' ဆိုတာလဲ ရှိလေရဲ့၊ အဲဒီမှာ လဲ အဓိပ္ပာယ်အကျယ်များ ဖတ်နိုင်တယ်။

ဒီနေရာမှာ အနည်းငယ် ခေါင်းစဉ်ကလေးတွေလောက် ပြောချင် တယ်။

(၁) ဥဋ္ဌာန သမ္ပဒါ၊

(၂) အာရက္ခ သမ္ပဒါ၊

(၃) ကလျာဏမိတ္တ သမ္ပဒါ၊

(၄) သမဇီဝိတ သမ္ပဒါ–လို့ လေးမျိုးရှိတယ်။

(၁) ''ဥဋ္ဌနသမ္ပဒါ''ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံမှ ဒီလူဟာ ပစ္စုပ္ပန် သံသရာကြီးပွားတယ်၊ ဥဋ္ဌာနသမ္ပဒါ ရှိရမယ့်အကြောင်းကို ဘုန်းကြီးတို့ပါဠိတော် ဟောတဲ့မူအရ ထိုသမ္ပဒါသုတ္တန်များ တွေ့ယင် ပါဠိတော်ကို ပါဠိတော်ချင်း ပြန်ဖွင့်ကြစို့ဆိုယင် ဟောဒီသိင်္ဂါလော ဝါဒသုတ္တန် ပျင်းရိခြင်း အင်္ဂါ ၆-ပါးနဲ့ ဖွင့်ယင် ဥဋ္ဌာနသမ္ပဒါဟာ လုံလောက်တယ်။

## ပျင်းရိခြင်း ၆-မျိုးရှောင် ဥဋ္ဌာနသမ္ပဒါဖြစ်တယ်

ပျင်းရိခြင်းရဲ့ အင်္ဂါ ၆-ပါး ဟောခဲ့ပြီးပြီ၊ ပူလွန်းတယ်၊ အေးလွန်း တယ်၊ စောလွန်းတယ်၊ နောက်ကျသွားပြီ၊ ထမင်းဆာတယ်၊ ဗိုက်ကာင်း

တယ်။ အဲဒီလို ၆-ချက်၊ အဲဒါဘာလဲဆိုယင် အပျင်း ၆-ပါးလို့ ဆိုလို့တယ်။

စောလွန်းသေးတယ်ဆိုပြီး ဘာမှမလုပ်ဘူး။ အဲဒီလိုနေယင်းနဲ့ နောက်ကျသွားတော့ အချိန်မရှိဘူးကွာဆို ဘာမှမလုပ်ဘူး။ မိုးတွေရွာလို့ အေးနေတယ်၊ နှင်းတွေကျလို့ အေးနေတယ်၊ ချမ်းသေးတယ်ကွာဆို အိပ်နေတယ်၊ ဘာမှမလုပ်ပြန်ဘူး၊ အချိန်မရှိတော့ဘူးကွာဆို ဘာမှ မလုပ်ပြန်ဘူး၊ နေမြင့်မှထပြီး နေပူနေတယ်ကွာဆိုပြီး ရှောင်သွားပြန်တယ်၊ ဘာမှမလုပ်ပြန်ဘူး၊ ထမင်းဆာတယ်ကွာဆိုပြီး ထမင်းပွဲဝင်စားလိုက်ပြန်တယ်။ ဗိုက်တင်းသွားပြန်တော့ ထမင်းဆီရစ်တယ်ကွာဆို အိပ်လိုက်ပြန်ရော၊ အလုပ်လုပ်ရမယ့်အချိန်ဆို ဘာမှမရှိဘူး။

န ဒိဝါ သောပ္ပသီလေန၊ ရတ္တိမုဋ္ဌာန ဒေသိနာ။
နိစ္စံ မတ္တေန သောဏ္ဍေန၊သက္ကာ အာဝသိတုံ ဃရံ။

န ဒိဝါ သောပ္ပသီလေန၊ နေ့ကျပြန်တော့လဲ အမြဲတမ်းအိပ်။ ရတ္တိမုဋ္ဌာနဒေသိနာ၊ ညဥ့်ကျပြန်တော့လဲ ထဖို့စိတ်ကူးမပေါ်ဘူး။ နိစ္စံ၊ အမြဲမပြတ်။ မတ္တေန၊ မူးယစ်၍နေသော။ သောဏ္ဍေန၊ ယစ်မူး၍ သေသောက်ကြူး၍နေပေသော၊ (ဝါ) အစားကြူး၍နေပေသော၊ (ဝါ) ကာမဂုဏ်ကြူး၍နေပေသော။ တေန၊ ထိုလူညံ့သည်။ ဃရံ၊ အိမ်ကို။ အာဝသိတုံ၊ စီ မိုးအုပ်ချုပ်၍နေခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ပါ။ မတ္တံ၊ အမြဲဘမ်းမူးယစ်ပြီး။ သောဏ္ဍာ၊ ကာမဂုဏ်နှင့် အစားလွန်ကြူးသော၊ နေ့လယ်လဲအမြဲဘမ်းအိပ်၊ ညဥ့်ကျတော့လဲ နိုးတယ်လို့မရှိသော ဒီလူမျိုးသည်၊ ဃရံအာဝသိတုံ န သက္ကာ= အိမ်ဦး စီးအဖြစ် ပြုလုပ်အုပ်ချုပ်ယင် အဲဒီအိမ်ပျက်စီးဖို့ပဲ ရှိပါတယ်။ အိမ်ဦးစီးသုပ်ခြင်းငှာ မဘတ်နိုင်ပါ။

"ဥဋ္ဌာနသမ္ပဒါ" ဆိုတာယခုပြောတဲ့အင်္ဂါရပ်တွေက လွှဘ်ရမယ် ယခုပြောခဲ့တဲ့အပြစ်တွေကလွတ်ယင် ဥဋ္ဌာနသမ္ပဒါ ရသွားပြီး၊ စောလွန်းတယ်၊ အေးလွန်းတယ်ဆိုပြီး ရှောင်မနေပဲ လုပ်စရာကိစ္စ မျက်မှောက်ကျလာယင် အားကြိုးမာန်တက် ဆောင်ရွက်လိုက်ခြင်းဖြင့် ဥဋ္ဌာနသမ္ပဒါနှင့် ကိုက်ညီသွားတယ်။

## ပရဟိတဦးစားပေးမှုလဲ ဥဋ္ဌာနသမ္ပဒါ

ထမင်းဆာတယ်ဆိုပြီး ဘာမှမလုပ်ပဲ ညည်းနေယင် ဘုန်းကြီးတို့ ညနေ တရားမဟောပဲအိပ်ရုံပေါ့၊ တရားနာပရိသတ်က စားပြီးမှ လာ ထိုင်တာ၊ ဘုန်းကြီးတို့ တရားဟောရတယ်ဆိုတာက ညနေစောင်း ဆတည်းက ကားလာတာနဲ့ တက်လိုက်ခဲ့ရတာ။ ဥဋ္ဌာနသမ္ပဒါ အများ အကျိုးကိုဆောင်တယ်ဆိုတာ မိမိ အနစ်နာခံပြီး ဆောင်ရွက်ခြင်း ဖြစ်တယ်။

ဥဋ္ဌာနသမ္ပဒါ ရှိသူအပေါင်းဟာ ဗိုက်ထဲ ဘာ အာဟာရမှမရှိလဲ လုပ်တာပဲ။ စားပြီးလို့ဗိုက်တွေတင်းနေယင်ကော မလုပ်ပဲနေလို့ရလား၊ မရဘူး။ စားပြီးတာနဲ့တပြိုင်နက် အလုပ်လုပ်ရမယ်၊ ဝတ္တရားကြေရ မယ်၊ ပစ္စယာနုဂ္ဂဟပိုင်း ဒါယကာတွေဘက်က တာဝန်ကြေယင် ဘုန်း ကြီးတို့ ဓမ္မာနုဂ္ဂဟပိုင်းဘက်က တာဝန်ကြေရမယ်။ သာသနာမှာဆရာနဲ့ ဒါယကာ ဒီအတိုင်းရှိရမယ်။ လုပ်စရာကိစ္စကို မပျင်းမရိ၊ မညည်းမညူ ဆောင်ရွက်ပါ။ ဗိုက်တင်းနေယင်လဲ တင်းနေတယ်၊ အစ်နေလို့မညည်းနဲ့ ဆောင်ရွက်ပါ၊ ကြိုးစားပြီးတော့ ချမ်းလှချည်ရဲ့ ကိုယ့် ကျောင်း ကိုယ် တံခါးကြီးပိတ်ပြီး အိပ်နေမယ်စိတ်မကူးနဲ့ ညနေစောင်းဆို ထွက် လိုက်ရပြန်တယ်။

ဥဋ္ဌာနသမ္ပဒါ ပြည့်စုံအောင်ဆောင်ရွက်ကြပါ။ ပျင်းသူတို့ရဲ့ဒီအပြစ် ၆-မျိုးကို ရှောင်ကြဉ်ယင် ဥဋ္ဌာနသမ္ပဒါရတယ်လို့ဆိုလိုပါတယ်။ ဥဋ္ဌာန သမ္ပဒါနှင့် ပြည့်စုံသွားတယ်ဆိုတဲ့ ထိုအမျိုးသား၊ အမျိုးသမီး၊ ရဟန်း၊ သာမဏေ၊ သူတော်စဉ်၊ သီလရှင်၊ ရသေ့မတို့သည် နောက်တဆင့် တက်လိုက်ယင် အာရက္ခသမ္ပဒါ။

## အာရက္ခသမ္ပဒါနဲ့ပြည့်စုံရလေအောင်

(၂) "အာရက္ခသမ္ပဒါ"ဆိုတာ လုံ့လဝီရိယကောင်းနှင့် ကြိုးစား၊ လို့ရခဲ့တဲ့ အမြတ်အစွန်းတွေကို ကောင်းကောင်းမွန်မွန်ကျကျ နန စောင့်ရှောက်ရမယ်။

ဒီလောက်တော်ခင် နေပူမရှောင်၊ မိုးရွာမရှောင် ကြိုးစားလုပ်ကိုင် ခဲ့ရတဲ့ သာသနာရေးနှင့်ပတ်သက်တဲ့အကျိုးအမြတ်၊ လူမှုရေးနှင့် ပတ်

သက်တဲ့ အကျိုးအမြတ်တွေကို အာရက္ခသမ္ပဒါနှင့် စနစ်တကျထိန်းထားမှ ကိုယ့်အတွက် အကျိုးအမြတ်ကျန်တယ်။ ဒီတော့ ဒီသိင်္ဂါလသုတ္တန်အရ အာရက္ခသမ္ပဒါဆိုတာ ဘုန်းကြီးတို့ဟောပြီးပြီ။ စီးပွားဥစ္စာပျက်စီးခြင်းရဲ့ အကြောင်း ၆-ပါးဆိုတာ အကျယ်ဟောထားခဲ့တယ်။ စီးပွားဥစ္စာ ပျက်စီးခြင်းရဲ့ အကြောင်း ၆-ပါးက လွတ်ခဲ့ယင် အာရက္ခသမ္ပဒါ ပြည့်စုံတယ်လို့မှတ်ပါ။ အပျင်းရဲ့အင်္ဂါ ၆-ပါးနဲ့လွတ်ခဲ့ယင် ဥဋ္ဌာန သမ္ပဒါနှင့်ပြည့်စုံတယ်လို့မှတ်ပါ။

(၃) "ကလျာဏ မိတ္တသမ္ပဒါ" ယုတ်မာတဲ့ မိတ်ဆွေလေးမျိုးကို ရှောင်၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေလေးမျိုးကို ပေါင်းယင် ကလျာဏမိတ္တသမ္ပဒါနှင့် ပြည့်စုံတယ်လို့မှတ်ပါ။

အဲဒီလို ဇာတုသောဏိပုဏ္ဏားအား မြတ်စွာဘုရားသခင် ဟောတဲ့ သမ္ပဒါတရားများ၌ ဤသုတ္တန် ရှေ့ပိုင်းလာတဲ့ ပရိကံတွေ အားလုံး တဆက်တည်းရှိတယ်။

## ကလျာဏမိတ္တသမ္ပဒါလေးမျိုး

ယခု ဘုန်းကြီးစဉ်ထားတယ်၊ ကလျာဏမိတ္တသမ္ပဒါပိုင်းမှာ လေးမျိုး

(၁) ဥပကာရက မိတ်ဆွေ= ကျေးဇူးများတဲ့ မိတ်ဆွေမျိုး။

(၂) သမာနသုခဒုက္ခ မိတ်ဆွေ = ဆင်းရဲအတူ ချမ်းသာအတူ မိတ်ဆွေ။

(၃) အတ္ထက္ခာယီမိတ်ဆွေ= အကျိုးစီးပွားကိုသာ ညွှန်ကြားလေ့ ရှိသူ။

(၄) အနုကမ္ပကမိတ်ဆွေ= အစဉ်မပြတ် စောင့်ရှောက်နေလေ့ရှိတဲ့ မိတ်ဆွေ။

ဤမိတ်ကောင်းဆွေကောင်း လေးမျိုးတို့ကို ပြည့်စုံအောင်ရကြပြီ၊ မိတ်ဆွေယုတ်လေးမျိုးမှ ရှောင်နိုင်ကြပြီဆိုယင် ကလျာဏမိတ္တသမ္ပဒါ အတွက် လုံလောက်သွားတယ်၊ စံကျောင်းဆရာတော်ဘုရားနှင့် ယော မင်းကြီး ဦးဘိုးလှိုင်တို့က ဇာတုသောဏိသုတ်နှင့် သိင်္ဂါလောဝါဒသုတ်။ ဤသုတ္တန်နှစ်ရပ်စပ်ပြီး ရေးသားကြတာပဲ။ ဒီတော့-

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ဥပကာရော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို- သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဥပကာရကော။ ကျေးဇူးပြုတတ်ပေသော။ သုဟဒေါ၊ စိတ်နှလုံးကောင်းသော။ မိတ္တော၊ မိတ်ဆွေကိုလဲပဲ။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

## ဥပကာရက မိတ်ဆွေစစ် အင်္ဂါ ၄-ချက်

ဥပကာရကမိတ်ဆွေကို မှတ်သားရမယ့် အကြောင်း အင်္ဂါလက္ခဏာ သည် လေးမျိုးရှိတယ်။ ဥပကာရက ကျေးဇူးများတဲ့ မိတ်ဆွေရဲ့ အကြောင်း အင်္ဂါ ၄ ပါး က ဘာလဲ ဆိုယင်—

(၁) ပမတ္တံ ရက္ခတိ။

(၂) ပမတ္တဿ သာပတေယျံ ရက္ခတိ။

(၃) ဘီတဿ သရဏံ ဟောတိ။

(၄) ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံ အနုပ္ပဒေတိ။

(၁) သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို- သူကြွယ်သား။ မိတ္တော၊ မိမိရဲ့ မိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်သည်။ ပမတ္တံ၊ မေ့လျော့တဲ့ ပုဂ္ဂိုလ်ကို။ (ဝါ) ယစ်မူးနေတဲ့ ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ အစဉ် စောင့်ရှောက်၍ ပေး၏။ ရက္ခတိ၊ စောင့်ရှောက်၏။

(၂) ပမတ္တဿ၊ မေ့လျော့တဲ့ ပုဂ္ဂိုလ်ရဲ့။ သာပတေယျံ၊ ဥစ္စာ ပစ္စည်းတွေကိုလဲ။ ရက္ခတိ၊ စောင့်ရှောက်၍ ပေး၏။

(၃) ဘီတဿ၊ ကြောက်လန့်နေတဲ့ ပုဂ္ဂိုလ် တယောက် အတွက်။ သရဏံ၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်လာ၏။

(၄) ဥပ္ပန္နေသု ကိစ္စကရဏီယေသု၊ ပြုဘွယ်ကိစ္စတွေ ပေါ်ပေါက် လာမယ်ဆိုယင်။ တဒ္ဒိဂုဏံ၊ ထိုပုဂ္ဂိုလ်လိုတဲ့ပစ္စည်းထက် နှစ်ဆ

တက်သော။ ခန်၊ ဥစ္စာကို။ အနုပ္ပဒေတိ၊ အစဉ် ချီးမြှောက် ထောက်ပံ့ပါပေ၏။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရှိသော။ ဂဟပတိပုတ္တ၊အို သူကြွယ်သား။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမေဟိ ဌာနေဟိ ဆာရဏေဟိ၊ ဤအကြောင်း အရာ တို့ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ သုဟဒေါ၊ စိတ် နှစ်လုံး ကောင်းသော။ မိတ္တော၊ မိတ်ဆွေကို။ ဝေဒိတဗ္ဗော၊ မှုချမသွေ သိထိုက် ပါပေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပထမံ၊ ရှေးဦးစွာသော။ ဥပကာရကမိတ္တံ၊ ဥပကာရကမိတ်ဆွေကို။ သုဟဒမိတ်၊ စိတ်နှလုံးကောင်းရှိသော မိတ်ဆွေပါပဲလို့။ အဝေါစ၊ကရုဏာ ရှေးထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

## ကူညီရိုင်းပင်းမှု ရှိရမယ်

ဥပကာရက မိတ်ဆွေမည်ခြင်းရဲ့ အကြောင်းလက္ခဏာလေးပါးမှာ—

(၁) ပမတ္တံရက္ခတိ၊အဌကထာဆရာတော်ကြီး တိုက်ရိုက်ဖွင့်ပြတာက တော့၊ပမတ္တံရက္ခတိ ဆိုတာ ယစ်မူးနေတဲ့သူကို စောင့်ရှောက်တယ်၊ ယုတ်စွာ့အဆုံး ဆိုကြပါစို့။ သူငယ်ချင်းနှစ်ယောက် အရက်သောက် သွားကြတယ်၊ တယောက်သောသူက မူးပြီးတော့လမ်း မှာ လဲနေတယ်၊ကိုယ့်ခြေထောက်တောင်မှ ကိုယ်မနိုင်ဘူး၊ ဒီလူ အိမ်ပြန် ပြီး တော့တောင် မသွားနိုင်ဘူး။ အဲဒီလိုမူးပြီး လဲနေယင် ယစ်မူး မေ့လျော့နေတဲ့ သူငယ်ချင်းကို ကောင်းကောင်း မကောင်းကောင်း အတူဖြစ်ကြယင် ဒါသူငယ်ချင်းပေါ့တယ်၊ ပစ်ထားခဲ့ယင်တော့မော်တော်ကားနင်း သေမှာပဲ တောအနေပြောပြောရယင်တော့ ဒီလူ မြွေကိုက်ခံရမှာပဲ၊ ငါ့သူငယ်ချင်း ငါစောက်ရှောက်မယ်ဆိုပြီး ကျန်တယောက်ကအားယူ ကြိုးပမ်းထမ်းပြီး၊ အိမ်ရောက်အောင် ပို့လိုက်တယ်။

ဒါ အမူးသမား ချင်း စောင့်ရှောက်တာကို ပြောတာ။ အမူးသမားချင်းကျတော့ အဲဒီလောက် သစ္စာရှိတာ။ မမူးတဲ့သူတွေ ဒီလောက်

တယောက်နှင့်တယောည် သစ္စာရှိရဲ့လား၊ မလွယ်ဘူး၊ တယောက်ဒုက္ခဖြစ်ယ်ာ် မင်းကံနှင့်မင်းကွာ၊ ငါတော့ ပြေးမယ်ဆိုတဲ့ လူစားမျိုးက အများကြီး၊ ဒီလို မဖြစ်စေနဲ့။

အကြောင်းတစုံတခုနှင့် အဲဒီလို လမ်းမှာမေ့နေတယ်၊ သတိကင်းပြီးတော့ မေ့လျော့နေမယ်ဆိုယင် သတိကင်းပြီးတော့ မေ့သွားတယ်၊ လဲသွားတယ်၊ ဘာဖြစ်ဘယ်၊ ညာဖြစ်ဘယ် ဆိုပြီး လမ်းမှာ တစုံတခု ဘေးဒုက္ခနဲ့တွေ့ယင်၊ သေသေချာချာ အသက်ဘေး မှကင်းလွတ်အောင် ထိုသူကို စောင့်ရှောက်ရမယ်။ ပမတ္တံ ရက္ခတိ–မိန်းမော-မေ့မြော-တွေ ဝေနေတဲ့သူတွေကို စောင့်ရှောက်သားယင် မိတ်ဆွေတို့ရဲ့ ဝတ္တရား။

## ထိန်းသိမ်းစောင့်ရှောက်မှုကိုလဲ ပေးကြရမယ်

(၂) ပမတ္တဿ သာပတေယျံ ရက္ခတိ။

ပမတ္တဿ၊ မေ့လျော့နေတဲ့ သူရဲ့ ပုဂ္ဂိုလ်ရဲ့။ သာပတေယျံ၊ ပစ္စည်းဥစ္စာတွေကိုလဲ။ ရက္ခတိ၊ စောင့်ရှောက်တယ်။

မေ့လျော့ယစ်မူးတဲ့ ပုဂ္ဂိုလ်ကို စောင့်ရှောက်ရုံနှင့် မပြီးသေးဘူး။ သူ့ပစ္စည်းကိုလဲ စောင့်ရှောက်ပေးရမယ်။ ခုနမူးနေတဲ့လူ လမ်းမှာ လဲတယ်၊ လဲနေတော့ အင်္ကျီအိတ်ထဲက ပစ္စည်းတွေ လမ်းမှာဖရိုဖရဲကြဲလို့၊ ပစ္စည်းကလဲ ဟိုနေရာဒီနေရာလွင့်လို့။ ဒီလို ဖရိုဖရဲကြဲနေပြီဆိုလျှင် အတူပါလာတဲ့ သူငယ်ချင်းက လူကိုသာမဟုတ်ဘူး။ ပစ္စည်းသဲ မပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းပြီး အိမ်ရောက်အောင် ပို့ပေးပါတဲ့။

ဒီလူတော့ မူးလဲနေပြီကွာ၊ ငါတော့ ပွဲပေါက်တိုးပြီဆိုပြီးတော့ မူးတဲ့သူ့ပစ္စည်းတွေ ချိုင်လိုက်မယ်ဆိုတဲ့ မူမျိုး မလုပ်ရဘူးတဲ့၊ ယုတ်စွအဆုံး မူးတဲ့သူကို ပစ္စတထားပြီး ပြေးယင် ကျန်တဲ့ပုဂ္ဂိုလ်တွေလဲ အချင်းချင်း စောင့်ရှောက်ရမယ်။ ပစ္စည်းကိုလဲ စောင့်ရှောက်ပေးရမယ်။

လူကိုလဲ စောင့်ရှောက်ပေးပါ။ ပစ္စည်းကိုလဲ စောင့်ရှောက်ပေးပါ။ ဒါက စာရှိသို့သာ ဟောနေရတာ၊ ဟောအားတောင် သိပ်မရှိဘူး။ ဘာကြောင့်လဲဆို။ မီးဟဲ့၊ မီးဟဲ့လို့ အော်ယင် လုတဲ့သူတွေချည်း လာတာများတယ်၊ မီးငြိမ်းသတ်မယ့်သူတော့ တယ်မတွေ့ဘူး၊ ဒီကနေ့

ကြွားလာရတာက တယ်ပြီး မကောင်းဘူး၊ ကားကြီးနဲ့ ဝူးကနဲလာတဲ့ မီးသတ်သမားကတောင် မလွယ်ဘူး။

## ဗူးလေးရာမှာ ဖရုံဆင့်သလို မဖြစ်စေနဲ့

ပစ္စည်းဟာ အန္တရာယ်၊ မေ့လျော့ယစ်မူးသူကို စောင့်ရှောက်ရမယ်၊ ဘယ်စောင့်ရှောက်မလဲ တခါထဲ အတင်းတွန်းချမယ်ဆိုတဲ့ လူတွေပေါ တယ်။ ထိုကဲ့သို့ ဗျာများလို့ သောကမီးလောင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ပစ္စည်း ကူညီစောင့်ထိန်းပေးပါပြော၊ မဟုတ်ဘူး၊ ဝင်ပြီးတော့ တခါထဲယူ သွားမယ်၊ သူခိုး ဒမြ ပေါတယ်။ လောကကြီး ဒါကြောင့် ပျက်စီး နေတာ။

ဒီနေတော့ လူတယောက်လှလိုက်ဘာ အပေါ်ပိုင်းတိုက်ပုံနှင့်၊ ဖောင်တိန် နှင့်၊ မျက်မှန်နှင့်၊ အောက်ပိုင်း ပုဆိုးမပါဘူးဆိုတာလိုပဲ ဝိပဿနာမိုး မွန်အောင်ဟော၊ နကြွားပြီးတော့၊ အားထုတ်ပြီးတော့မှ အောက်ပိုင်း မှာ ကိုယ်ကျင့်တရားမရှိယင် ပုဆိုးမပါတဲ့လူလိုပဲ။

အဲဒါကြောင့် ဒီကနေ့ ရန်ကုန်ကလူတွေ ပုဆိုးပတ်ပေးတာ။ မနှစ် က''ပရာဘဝသုတ်''နှင့် ပုဆိုးဘဆည်းပဘ်ပေးတယ်၊ဒီနှစ်တော့ ''သိင်္ဂါ လောဝါဒသုတ်''နဲ့ ပုဆိုးပတ်ပေးတယ်။ ''မင်္ဂလသုတ္တန်''နှင့် ပုဆိုးပတ် ဖို့လဲ ကျန်သေးတယ်နော်။

ဒီကနေ့ လောကကြီးကြည့်လိုက်စမ်းပါ၊ နူရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုတာလို ဒုက္ခဖြစ်နေတဲ့သူကို ကူညီမယ့်သူဘာ ခပ်ရှားရှား၊ ဒုက္ခဖြစ် အောင် ပို၍နှစ်ချယ်ဆိုတဲ့ လူကများတယ်၊ အဲဒီလို ဒုက္ခဖြစ်တဲ့အချိန် မိတ်ကောင်းဆွေကောင်းများ ရှားလိုက်တာ ပိုသိတယ်နော်။

## ဘေးအန္တရာယ်ကြုံယင် အားကိုးစရာဖြစ်ပါစေ

(၃) ဘီဘဿ သရဏံ ဟောတိ။

ဘီဘဿ၊ ကြောက်လန့်နေတဲ့ ပုဂ္ဂိုလ်အတွက်။သရဏံ၊ ကိုးကွယ် ရာသည်၊ ဟောတိ၊ ဖြစ်ရမယ်။

ဘေးဒုက္ခ တစုံတခုကြုံနေလို့ ကြောက်လန့်နေတဲ့ ပုဂ္ဂိုလ်အတွက် အား ကိုးရာအဖြစ် ရှေးက မားမားကြီး ရပ်တည်ပေးရမယ်။ ဘေးတွေ့နေလို့

ကြောက်စရာဖြစ်ခနပြီဆိုယင် ရှောင်ထွက်သွားမယ်ဆိုယင်၊ ယုတ်မာတဲ့ သဘောရှိတယ်။

ဘေးဒုက္ခတွေနေတဲ့အချိန် ရှောာ ပားမားမတ်မတ် ရပ်ပေးမှ မိတ်ကောင်းတို့ရဲ့ သဘောပီသတယ်။ ကြောက်စရာဘေးအမျိုးမျိုး၊ မီဘေး၊ ရေဘေး၊ ခိုးသား ဒမြခဘား၊ မင်းဘေး၊ ဘီလူးသရဲခဘား၊ ရောဂါဘေး၊ အန္တရာယ်ဘေး၊ အမျိုးမျိုးသော ဘေးဒုက္ခနှင့်ကြုံယင် ကြောက်လန့်ပြီး ထိတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ရှေ့နားကနေပါ၊အားကိုးရာ ပုဂ္ဂိုလ်အဖြစ် ရပ်တည်ပါမှ မိတ်ကောင်းခေါ်တယ်။

ငါတော့ ကြောက်စရာဘေ နဲ့ကြုံလို့၊ ဟေ့ ငါ့အိမ် တညလောက်လာအိပ်ပါဆိုယ်၊ ဘယ့်နှယ်လဲ ငါ့အိမ်လဲ အခစောင့်မရှိဘူး၊ လူလဲမရှိဘူး၊ မင်းအိမ် နေနေသာသာ ငါ့အိမ်တောင် ငါမလွယ်ဘူးဆိုတယ်။ ဘေးတွေလို့ အကူအညီ တောင်းပါတယ်၊ ရှောင်ထွက်သွားယင် ပိုပြီ တော့ အားငယ်ရှာမယ်။ ကြောက်လန့်နေတဲ့ ပုဂ္ဂိုလ် အတွက် ထိုကြောက်လန့်မှုတွေ၊ထိပ်လန့်မှုတွေ ပြေပြောက်စေခြင်းငှာ အားကိုးရာသဘွယ် ရှေ့က ရပ်ပါ။ မိတ်ဆွေကောင်းရဲ့ လက္ခဏာဖြစ်ပါတယ်။

### အကူအညီတောင်းယင် နှစ်ဆပိုပေးပါ

ဥပ္ပန္နေသု ကိစ္စကရဏီယေသု တဒ္ဒိဂုဏံ ဘောဂံ အနုပ္ပဒေတိ။
ဥပ္ပန္နေသု ကိစ္စကရဏီယေသု၊ ပြုဘွယ်ကိစ္စတွေ ပေါ်ပေါက်လာကြမယ် ဆိုယင်၊ တဒ္ဒိဂုဏံ၊ ထိုလူတောင်းခံခဲ့တဲ့ ပစ္စည်းကို နှစ်ဆတက်ပြီးတော့။ ဘောဂံ၊ စီးပွားဥစ္စာကို။ အနုပ္ပဒေတိ၊ အစဉ်စောင့်ရှောက်ပြီးတော့ ချီးမြှောက်ပါ။

အရေးကြုံလာလို့ ငါတော့ ငွေရေး ကြေးရေး လိုလာတယ်တဲ့၊ ဥမာ-အိမ်သားထဲက တစုံတယောက် အကြီးအကျယ် ဒုက္ခဖြစ်လို့၊ လူမှုကိစ္စ အကြီးအကျယ်ဖြစ်လို့ ရက်ရှည်လများ နးပြီးတော့မှ ပို၍ ကြီးကျယ် တဲ့ နာ မှု ဖြစ်၊ စီးပွားရေးကလဲ မကောင်း၊ သားသမီးတွေကလဲများ၍၊သူငယ်ချင်း ငါ့ကူစမ်းဟေ့လို့ ငွေကြေးများ ဆိုလာခဲ့ယင် မင်းဘယ်လောက် လိုချင်သလဲ၊ တခထောင်လောက် ရယင် ဖြစ်ပါတယ်။ ရော့ နှစ်ထောင်ပေးပါ။

နှစ်ဆတက်ပေးပါ။ မိတ်ဆွေကောင်းရဲ့ လက္ခဏာ။ နှစ်ဆတက် မပေးနိုင်ယင် တောင်းသလောက်ပေးပါ၊ ဒီလိုမဟုတ်ပဲ ကိုယ့်ပေးနိုင်တဲ့ အင်အား ရှိရက်နဲ့ ပြန်ရမှာမဟုတ်ဘူး၊ စိုးရိမ်ပြီး၊ တွေးပြီး မရှိဘူး၊ ဘာညာနှင့် လှီလွှဲပြီး ရှောင်ထွက်သွားခဲ့ယင်၊ ဟိုမှာ ဒုက္ခဖြစ်လို့ကိုယ့်မှာအကူအညီတောင်းကာမှ အကူအညီမရယင် မိတ်ဆွေကောင်း မပီသဘူးတဲ့။

မိတ်ဆွေကောင်း ပီသတဲ့ သူတို့ရဲ့ သဘောက တောင်းတဲ့ အခွင့်အရေးကို နှစ်ဆတိုးပြီးတော့ ပေးကမ်းကူညီတတ်ရတယ်၊

(၁) မေ့လျော့ ယစ်မူးသူကို ကူညီစောင့်ရှောက်တယ်။

(၂) ထိုမေ့လျော့သူရဲ့ ပစ္စည်းတွေကိုလဲ စောင့်ထိန်းပေးတယ်။

(၃) ကြောက်ရွံ့ထိတ်လန့်နေတဲ့သူကို အားကိုးရာအဖြစ် ရှေ့ကရပ်တယ်။

(၄) လိုတဲ့အကူညီလာတောင်းယင် နှစ်ဆတက် အကူအညီ ပေးရတယ်။

အဲဒါ အလွန်ကျေးဇူးများတဲ့ ဥပကာရ မိတ်ဆွေလို့ခေါ်ပါတယ်။ ဥပကာရက မိတ်ဆွေရဲ့ အင်္ဂါသည် လေးချက်ဖြစ်ပါတယ်။

ဣတိ၊ ဤသို့။ ဂတူဟိ လေးပါးကုန်ယောဝ။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ဥပကာရော၊ ဤဘဝမှာ အရေးကြုံတဲ့ အခါ ကျေးဇူး များပေသော။ မိတ္တော၊ မိတ်ဆွေကို။ သုဟဒေါ၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါပေတော့၏။ ဣတိ၊ ဤသို့၊ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ပထမံ၊ ရှေးဦးစွာဖြစ်သော။ ဥပကာရမိတ္တံ၊ ဥပကာရက ကျေးဇူး များတဲ့ မိတ်ဆွေမျိုးကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့်ဟောကြားတော်မူခဲ့ ပါပေသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)

## ချမ်းသာဆင်းရဲအတူမိတ်ဆွေ

''သမာနသုခဒုက္ခ''ဆင်းရဲအတူ ချမ်းသာအတူ မိတ်ဆွေ။

နှိုးနှယ်ပြီ'တော့စကားတခုရှိသေးတယ်၊ ကောင်းတိုင်ပင် ဆိုးတိုင်ပင် ဆိုတဲ့စကား။ ဆင်းရဲအတူ ချမ်းသာအတူစကာ'ကော့ ဘုန်းကြီးလက်ခံတယ်၊ ကောင်းတိုင်ပင် ဆိုးတိုင်ပင်ဆိုတဲ့ စကားလုံးကို တယ်ပြီး လက်မခံချင်ဘူး။ ကောင်းတာတိုင်ပင်တာတော့ဟုတ်ပါပြီ၊ ဆိုးတာ ဘယ်လိုလုပ် တိုင်ပင်ရမှာလဲ၊ ဆိုးတာများ တိုင်ပင်ဖို့ကောင်းမလား။ ဆိုးတာကို တိုင်ပင်ယင် အတိုင်ပင်ခံရတဲ့သူက မိတ်ဆွေယုတ်။

မနေ့ကဟောခဲ့တဲ့ အဓိပ္ပာယ်ထဲပါခဲ့ပြီ၊ အပါယေ သဟာ ယော၊ ပျက်စီးခြင်းမှာ မိတ်ဆွေဖြစ်တာဟာ မိတ်ဆွေယုတ်၊ လာကွာ ဖဲသွားရိုက်ရအောင်၊ ပုလင်းလေး ထောင်ကြစို့။ ဖဲဝိုင်းကလေးဘာလေး လုပ်ကြစို့။ ပွဲလမ်းသဘင်သွားရအောင်၊ အချိန်မဲ့ အခါမဲ့ လည်ကြအုံးစို့။ ဒီလိုကိစ္စမျိုးတွေ တိုင်ပင်တာ လျှောက်ပြီးပြောရယင် လောကပြောစရာတွေ အများကြီး။

တို့ ဘယ်သူ့အိမ် ဖောက်လိုက်ရအောင်ဆိုတာတို့၊ မင်းနှင့်ငါနှင့် တိုင်ပင်ပြီးတော့ ဒီစာရင်းတွေ ဖျောက်လိုက်ရအောင်ဆိုတာတို့၊ဘယ်သူ့ကြံရအောင်လို့ အဲဒါမျိုးတွေ လာလာတိုင်ပင်လို့ လက်ခံယင် လူညံ့ခေါ်တယ်။ ပျက်စီးရာပျက်စီးကြောင်း လာတိုင်ပင်ယင်၊ လူညံ့၊ ဒါမျိုးလက်မခံရဘူး။ ဒါကြောင့် ကောင်းတာတိုင်ပင်တာတော့ ကြိုက်ပါတယ်။ ဆိုးတာတိုင်ပင်တာကိုတော့ ဘုန်းကြီးတို့အနေနှင့် လက်မခံနိုင်ဘူး။ ဒီကနေ့ခေတ်ပြောကြတယ်၊ သူနဲ့ငါတော့ကွာ ''ကောင်းတိုင်ပင် ဆိုးတိုင်ပင်''ပါပဲ၊ ဒီစကား ကြားကတည်းက ပျက်စီးကြောင်းလဲ တိုင်ပင်ကြတာပဲလို့ အဖြေ ထွက်နေတယ်။ ''ဆင်းရဲအတူ ချမ်းသာအတူ'' ကမှ သမာနသုခဒုက္ခ မိတ်ဆွေအစစ်။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အိုး-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ သမာနသုခဒုက္ခော၊ ချမ်းသာအတူ ဆင်းရဲအတူဟု ခေါ်ဆိုရပေသော။ မိတ္တော၊ မိတ်ဆွေကိုလဲ။ သုဟဒေါ မိတ္တော၊ စိတ်နှလုံးကောင်းရှိသော မိတ်ဆွေပါပဲလို့၊ ဝေဒိတဗ္ဗော၊ မှချမသွေ သိထိုက်ပါပေ၏။

## သမာနသုခဒုက္ခမိတ်ဆွေစစ် အင်္ဂါလေးချက်

သမာနသုခဒုက္ခမိတ်ဆွေ=ဆင်းရဲအတူ ချမ်းသာအမျှဆိုတဲ့ မိတ်ဆွေကိုလဲပဲ အကြောင်းအင်္ဂါလက္ခဏာလေးချက်ဖြင့် မှတ်သားရမယ်။ ဆင်းရဲအတူ ချမ်းသာအမျှဆိုတဲ့ မိတ်ဆွေရဲလက္ခဏာလေးပါး။ ။—

(၁) ဂုယှမဿ အာစိက္ခတိ၊

(၂) ဂုယှမဿ ပရိဂူဟတိ၊

(၃) အာပဒါသု န ဝိဇဟတိ၊

(၄) ဇီဝိတံပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ။

(၁) အဿ၊ ထိုပုဂ္ဂိုလ်အား၊ (ဝါ) ထိုပုဂ္ဂိုလ်၏။ ဂုယှံ၊ လျှို့ဝှက်ကောင်းတဲ့ အရာဝတ္ထုတွေကို၊ လျှို့ဝှက်ရမယ့် အချက်အလက်တွေကို။ အတ္တနော၊ မိမိရဲ့။ မိတ္တဿ၊ မိတ်ဆွေအား။ အာစိက္ခတိ၊ ပြောကြားနိုင်၏။

ကိုယ့်လျှို့ဝှက်ချက်တွေကို လူတိုင်းမပြောရဘူး၊ တကယ့်ကိုပဲ ဇနီးခင်ပွန်းလို၊ သားအဖလိုယုံရတဲ့ မိတ်ဆွေကိုမှ လျှို့ဝှက်ချက်ဆိုတာ ပြောရတာ၊ အဲဒီလို ဇနီးခင်ပွန်းတောင် တခါတရံမယုံရဘူး၊ ယုံချပြီရဲ့ဆိုပြီးတော့ လျှို့ဝှက်ချက်ကလေးပြောလိုက်ရော၊ တကယ်ထင်ပြီး လျှောက်ပြောတော့ ဒုက္ခများကုန်ရော။

လျှို့ဝှက်ချက်ကို ယုံလောက်တယ်ထင်လို့ပြော၊ ပြေမိလို့ ဒုက္ခများသွားတဲ့ပုဂ္ဂိုလ်တွေ ဒီလောကမှာ အများကြီး ရှိခဲ့ပြီ။ မိတ်ကောင်းဆွေကောင်းရှားတယ်။ လျှို့ဝှက်တဲ့စကားတွေကို ပြောတယ်ဆိုတာ တကယ့်ကို အားကိုးလို့ယုံ မှပြောရတယ်၊ လျှို့ဝှက်တဲ့အရာကို ပြောထိုက်တဲ့ပုဂ္ဂိုလ်ဟာ တကယ့်မိတ်ကောင်းပါပဲလို့မှတ်ပါ။ ကိုယ့်လျှို့ဝှက်ချက်တွေကို သူများဖွင့်ပြီးတော့ပြောတယ်၊ နောက်တချက် ပြ ပြီးစဉ်းစားအုံး။

## လျှို့ဝှက်ချက်ပြောယင် သစ္စာရှိစွာသိုသိပ်ထား

သူငယ်ချင်း နှစ်ယောက် လည်ပင်းဖက်ပြီး ဆောင်ရွက်နေလိုက်ကြတာ ညီရင်းအစ်ကိုလို၊ သားအဖလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ

ဆောင်ရွက် နေကြတယ်။ ဒါပေမယ့် တယောက်သော ပုဂ္ဂိုလ်ဆီ သူ့ရဲ့လျှို့ဝှက်တဲ့ကိစ္စတွေကို သူငယ်ချင်းကိုဘာမှ ဖွင့်မပြောပဲ၊ တယောက်ထဲကြိတ်ပြီးလုပ်ဆောင်တယ်၊ လျှို့ဝှက်တဲ့စကား၊ ကိစ္စကို သူငယ်ချင်းဘာမှဖွင့်မပြောပဲ၊ ကြိတ်ပြီးဆောင်ရွက်ယင် ကြာတဲ့အခါတဘက်တယောက်သောပုဂ္ဂိုလ်က ရိပ်မိလာယင် ပေါက်ကွဲရော။

ဒီလောက်တောင် ဒီလူနဲ့ ငါနဲ့ ပြောမနာ ဆိုမနာ သဘောဖော်- ရှင်ဘက်ဆောင်ရွက်ခဲ့တာ၊ သူ့မှာလျှို့ဝှက်ချက်တွေရှိတာ ငါ့မပြောဘူး။ ဒီလူဝှက်ထားတယ်ဆိုပြီး တဘက်လူက စိတ်ကောက်သွားတတ်တယ်။ ဒီတော့ ပွင့်ပွင့် လင်းလင်း ရှင်းရှင်း နီးနီး မိမိရဲ့ လျှို့ဝှက်ချက်ကိုပြောရမယ့်လူဆိုတာရှိထားရတယ်၊ မပြောပဲနှင့် ကြိတ်ပြီးတော့တယောက်ထဲလုပ်ယင်မှားပြီဆိုတော့ ခံရတယ်၊ ကိုယ်တယောက်ထဲကြိတ်ပြီးခံရတယ်။

အကူအညီဘယ်ကမှမလာဘူး၊ ကိုယ့်လျှို့ဝှက်ချက်ကို ဖွင့်ပြီးတိုင်ပင်ရတဲ့လူရှိယင်တိုင်ပင်ထား၊ အရေးကြီးတဲ့အခါကျယင် အကူအညီဖြစ်လာမယ်၊ မပြောပဲနှင့် ကြိတ်ပြီးတယောက်ထဲလုပ်လို့မှားပြီ ဆိုတာကို တယောက်ထဲခံတော့၊ အကူအညီ ဘယ်ကမှမလာဘူး။ ကိုယ့်လျှို့ဝှက်ချက်ကို တိုင်ပင်ရတဲ့လူရှိယင် ဖွင့်ပြီးတိုင်ပင်ထား၊ အရေးကြုံယင် အကူအညီရတယ်၊ အကူအညီ ဖြစ်လာတယ်၊ ဒါလောကမှာ အရေးကြီးတဲ့အစိတ်အပိုင်းကလေးတွေ။ လျှို့ဝှက်ချက်ကိုဖွင့်ပြောအပ်တဲ့သူသည် မိတ်ဆွေကောင်းပဲ၊ ပြောပြန်တော့လဲ တဘက်လူက လျှို့ဝှက်ချက်ကို သိရပြီဆိုတဲ့အခါ-

(၂) ဂုယှမဿ ပရိဂူဟတိ။

အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်ရဲ့။ ဂုယှံ၊ လျှို့ဝှက်တဲ့အရာ ဝတ္ထုတွေကို။ ပရိဂူဟတိ၊ သိုသိပ်လျှို့ဝှက်ပြီးထားရမယ်။

ကိုယ့်ကို ယုံလို့ပုံပြောတာပဲ၊ ယုံရမယ့်သူထင်ပြီးတော့ပြောထားတယ်၊ လျှို့ဝှက်အပ်တဲ့ အရာဝတ္ထုကို ယုံရမယ့်လူပဲထင်ပြီး ပြောလိုက်တယ်။ ငါ့မိ- လို ဖ-လို၊ ညီအစ်ကို- လို၊ မောင်နှမလို ဆိုပြီးတော့ သစ္စာမရှိသူတို့ရဲ့ ပါးစပ်ဖျားက တခါထဲဖွင့်ထုတ်ပြီး ပြောလိုက်တယ်၊ နှံ့သွားတာပဲ၊ အဲဒါမျိုးကျတော့ ပြောမိတဲ့သူ ခံရပြီ။ လောကကြီးမလွယ်ဘူး။ ဒီတော့ လျှို့ဝှက်အပ်တဲ့ အရာဝတ္ထုကို ကိုယ့် ယုံလို့ဖွင့်ပြော

ယင် ကိုယ်ကလဲ သိုသိပ်စွာ လျှို့ဝှက်ထားမှ မိတ်ဆွေကောင်းပီသတယ်။

လျှို့ဝှက်မထားပဲ လျှောက်ဖော်ထုတ်ယင် မိတ်ဆွေယုတ်ခေါ်တယ်။ လောကလူချင်းမှာလဲရှိတယ်။ သာသနာ့ ဝန်ထမ်း ရဟန်းတော်ချင်းမှာလဲရှိတယ်၊ ရဟန်းတော်နှင့်ဒါယကာ ဒါယိကာမတွေလဲ ဒီအတိုင်းရှိတာပဲ၊ မပြောအပ်တဲ့ အရာဝတ္ထုကိုလျှောက်ဖွင့်ပြောမိလို့ ဖော်ထုတ်မိယင် ယုတ်မာတဲ့သူခေါ်တာပဲ။

## ဘေးရန်တွေ့က အသက်ပေးကာကွယ်

(၃) အာပဒါသု န ဝိဇဟာတိ။

အာပဒါသု၊ ဘေးရန်တို့ကြောင့်။ (ဝါ) ဘေးရန် တို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ပေါ်လာကုန်သည် ရှိသော်။ န ဝိဇဟာတိ၊ စွန့်ခွာ၍ မသွားရပါ။

သိပ်ပြီးတော့ လျှို့ဝှက် ကျစ်ကျစ် လျစ်လျစ် လုပ်တာပဲ၊ ဒါ့ပေမယ့် မလုံခြုံလို့ ပေါက်ကွဲသွားလို့ ဘေးရန်တွေ့ပြီဆိုယင်၊ အဲဒီအချိန်မှာရှောင်ထွက်သွားယင် ယုတ်မာတဲ့သူပဲ၊ ဘေးတွေ့တဲ့အခါ ကိုယ့်မိတ်ဆွေအနားကနေ ရှောင်ခွာမသွားပါနဲ့။ သူတော်ကောင်း မိတ်ဆွေကောင်းခေါ်ပါတယ်။ သာတုန်းတော့ပေါင်း၊ ဘေးတွေ့မှ ရှောင်ထွက်သွားတယ်ဆိုယင် ယုတ်မာတာခေါ်တယ်။

(၄) ဇီဝိတံပိဿ အတ္ထာယ ပရိစ္စတ္တံ ဟောတိ။

အဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်သည်။ ဇီဝိတံ၊ အသက်ကိုလည်း။ ပရိစ္စတ္တံ၊ စွန့်လွှတ်၍ထားနိုင်သည်။ ဟောတိ၊ ဖြစ်၏။

မိတ်ဆွေအတွက် ငါ့ဟာအသက်တောင်မှ စွန့်ရဲတယ်ဆိုတဲ့ စိတ်မျိုးမွေးထားပါ၊ မိတ်ဆွေကောင်းမှာ ထိပ်တန်းစိတ်ဖြစ်ပါတယ်။

(၁) လျှို့ဝှက်အပ်တဲ့ အရာဝတ္ထုကိုဖွင့်ပြီးတော့ ရင်းရင်းနှီးနှီးတိုင်ပင်ခြင်း။

(၂) ထိုတိုင်ပင်တဲ့ လျှို့ဝှက်ချက်ကို သစ္စာရှိရှိ သိုသိပ်၍ထားခြင်း။

(၃) ဘေးတွေ့လာယင် ရှောင်ဖယ်မသွားရဘူး။

(၄) အသက်ကိုပင်သော်မှ ကိုယ့်မိတ်ဆွေအတွက် စွန့်လွှတ်ရဲရမယ်။

အဲဒါတွေက ရှေ့တန်းစစ်မျက်နှာတို့ကျတော့ သိပ်ထင်ရှားတယ်ဗျ။ တိုင်းပြည်အတွက် ရဲဘော်ရဲဘက်များအတွက်ဆိုပြီး အသက်ကိုစွန့်သွား ကြတဲ့ သူရဲကောင်းတွေ အများကြီးရှိတယ်။

## သမာနသုခဒုက္ခ မိတ်ဆွေဆိုတာ

ဘေးရန်ကြုံလို့လဲ စွန့်မသွားကြဘူး၊ တိုင်းပြည်နှင့် လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအတွက် အသက်ကိုစွန့်သွားရဲတယ်၊ တကယ်စွန့်ကြတဲ့ ပုဂ္ဂိုလ်တွေက အသက်ဘေးနှင့် တကယ်ကြုံလာတဲ့ အချိန်ကျတော့ ပေါ် လာတယ်။

ဒီအင်္ဂါလက္ခဏာ လေးချက်နှင့်ပြည့်စုံယင် မိတ်ကောင်း ဆွေကောင်း ခေါ်တယ်၊ ဘာမိတ်ဆွေမျိုးလဲဆိုယင် သမာနသုခဒုက္ခမိတ်ဆွေ၊ ဆင်းရဲ လဲ အတူတူ ချမ်းသာလဲ အတူတူဆိုတာ ဒီလေးချက်နှင့် ပြည့်စုံမှနေ နိုင်တယ်။ ကိုယ့်ရဲ့ ကံ ဉာဏ် ဝီရိယကြောင့် ချမ်းသာလဲအတူတူပဲ၊ ဆင်းရဲ လဲ အတူတူပဲ သမာနသုခ ဒုက္ခစိတ်ထားရှိရမယ်။

ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ- ကာရ ဏေဟိ၊ အကြောင်းတို့ဖြင့်။ သမာနသုခဒုက္ခော၊ ဆင်းရဲအတူ ချမ်းသာအတူလို့ခေါ်ဆိုရမယ့် ဆင်းရဲအတူ- ချမ်းသာအတူဖြစ်၍နေ ပေသော။ မိတ္တော၊ မိတ်ဆွေကို။ သုဟဒေါ မိတ္တောတိ၊ စိတ်နှလုံး ကောင်းရှိတဲ့ မိတ်ဆွေဘမျိုးပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါပေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင်ဘုရား ရှင်သည်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ သမာနသုခဒုက္ခံ သုဟဒမိတ္တံ၊ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဆင်းရဲအတူချမ်းသာအတူ မိတ်ဆွေ မျိုးကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ပါပေတော့သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

## အတ္ထက္ခာယီ မိတ်ဆွေစစ် အင်္ဂါလေးချက်

"အတ္ထက္ခာယီ" အကျိုးစီးပွား ရှိတာကိုသာလျှင် ညွှန်ကြားလေ့ရှိတယ်၊ ပြောကြားလေ့ရှိတယ်။ အကျိုးစီးပွားမဲ့မယ်ဆိုယင် ဘာမှမပြောဘူး။ အတ္ထက္ခာယီ မိတ်ဆွေရဲ့အင်္ဂါ လက္ခဏာများကို ဟောထားတယ်။

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အတ္ထက္ခာယီ မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ- ကာရဏေဟိ၊ အကြောင်းအင်္ဂါလေးဖြာတို့ဖြင့်။ အတ္ထက္ခာယီ၊ အကျိုးစီးပွားရှိသည်ကိုသာလျှင် ပြောကြားလေ့ရှိပေထသော။ မိတ္တော၊ မိတ်ဆွေကို။ သုဟဒေါ မိတ္တောတိ၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ သိထိုက်ပါပေ၏။

အတ္ထက္ခာယီ–အကျိုးစီးပွားရှိသည်ကို ညွှန်ကြားလေ့ရှိတဲ့ မိတ်ဆွေကိုလဲ အင်္ဂါလေးပါးဖြင့် မှတ်သားရမယ်။

### မကောင်းမှုကို တားမြစ်ပေးရမယ်

(၁) ပါပါ နိဝါရေတိ။

(၂) ကလျာဏေ နိဝေသေတိ။

(၃) အဿုတံ သာဝေတိ။

( ) သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ။

(၁) သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ပါပါ၊ မကောင်းမှုမှလည်း။ နိဝါရေတိ၊ တားမြစ်ပါ၏။

မကောင်းတာတွေ ကိုယ့်မိတ်ဆွေလုပ်နေလျှင် ပြတ်ပြတ်သားသား တားမြစ်နိုင်ရမယ်။ ငါ့မိတ်ဆွေတော့ လမ်းလွဲနေပြီ၊လမ်မှားရောက်နေပြီကို တားမြစ်ရဲတဲ့သူ၊ တားမြစ်တဲ့သူသည် မိတ်ကောင်းတို့ရဲ့ လက္ခဏာ။

တားမြစ်ဆိုဘာက မေတ္တာကရုဏာနှင့် ရင်းရင်းနှီးနှီးလေး ချဉ်းကပ်ပြီး မကောင်းမှုဖြစ်မှာစိုးလို့ တားမြစ်ဘာကိုပြောတာ။ မကောင်းမှုထဲရောက်မှာစိုးလို့ တားမြစ်သလိုလိုနှင့် အတင်းပြောသလို မဖြစ်ဖို့အရေးကြီးတယ်။ စေတနာရှိလို့ ပြောတာပါဆိုပြီး အတင်း ပြောတာတွေလဲ ရှိသေးတယ်။

မကောင်းမှု တားမြစ်ဘယ်ဆိုတဲ့ အဒိပ္ပာယ်က တရင်းတနှီးလာပြီး တော့ပြောတာ။ မကောင်းတာ တားဆိုထာက ပါဏာတိပါတမှုလေး တွေလဲတား၊ အဒိန္နာဒါန မှုလေးလွန်ကျူးမယ် ထင်လဲ တား၊ သုရာမေရယအမှုလေး လွန်ကျူးမယ်ထင်လဲတား။ မကောင်းတာ တိုင်ပင်ဖို့ မလိုဘူး၊ တားဖို့ပဲလိုတယ်။

ဒါကြောင့်"ကောင်းတိုင်ပင်-ဆို တိုင်ပင်"ဆိုတဲ့ စကားမကြိုက်ဘူးလို့ ပြောဘာ၊ မကောင်းတာတွေယင် တိုင်ပင်မနေနဲ့၊ မကောင်တာကျူးလွန်တော့ တားမြစ်ပေး။ မကောင်းမှုတွေဖြစ်တော့မယ် တားမှပဲဆိုပြီး တားမြစ်ပေး။

သေးသေးကလေး ကိစ္စကစပြီး အထက်ကြီးကြီး တိုင်းပြည်အထိဖြစ်မယ့် မကောင်းမှုဆိုယင် တကယ့်စေတနာနှင့် တားပေးကြပါ။ မိတ်ကောင်းတို့နဲ့ လက္ခဏာအတိုင်းရှိရမယ်။ မကောင်းတာကို တားပေးယင် ကောင်းတာကိုလဲ ညွှန်ကြားပေးရမတ်။

## ကောင်းတာကိုလဲ ညွှန်ကြားပေးပါ

(၂) ကလျာဏေ နိဝေသတိ။

> ကလျာဏေ၊ ကောင်းတဲ့လုပ်ငန်း၌ ပည်း။နိဝေသေတိ၊တိုက်တွန်းရမယ်။ ကောင်းတဲ့လုပ်ငန်း၌လည်း တိုက်တွန်းပေးရမယ်။

တို့တော့ အေးအေးလေး ကောင်းတာလဲ မပြောချင်ဘူး၊ဆိုးတာလဲ မပြောချင်ဘူး ဆိုတော့ ဘယ့်နှယ်လဲ၊ "မကောင်းတာမြင် တား-ကောင်းတာမြင် ညွှန်ကြား"ဆိုတဲ့ မိတ်ဆွေဝတ္တရားရှိရဲ့သားနဲ့ ဒါကိုဖယ်ထားကာ တို့တော့ကွာ "ကောင်းတာလဲ မပြောချင်ဘူး၊ ဆိုးတာလဲ မပြောချင်ဘူး၊ အေးအေးပါပဲ"ဆိုတော့ မိတ်ဆွေတို့ရဲ့ ဝတ္တရားမကျေဘူး၊ ဝတ္တရားပျက်သွားတယ်။

အရပ်ထဲ ပေါင်းသင်း ဆက်ဆံနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်း သဘော ထားရမယ်။ ခင်မင်တဲ့ပုဂ္ဂိုလ်တွေ မှားမှာစိုးလို့ တားမြစ်ပေး၊ ကောင်းရာကို ညွှန်ကြားပေး၊ ဒီနှစ်ပါးသော ဝတ္တရားပျက်ယင် မိတ်ကောင်းထဲမပါပဲ ဖြစ်သွားမယ်။

မကောင်းတာတွေကို တားမြစ်ပေးပါ၊ ကောင်းရာကို တိုက်တွန်းညွှန်ကြားပေးပါ။ ဒါပေမယ့် ဘာဖြစ်သလဲဆိုယင် တခါတခါပြောင်းပြန်ဖြစ်သွားတာက ကောင်းရာကို ညွှန်ကြားရမယ်လို့ ဆိုပင်ဆိုငြားသော်လဲ ကောင်းရာကို မညွှန်ကြားပဲနှင့် မကောင်းရာကို ညွှန်ကြားတတ်တဲ့ ပုဂ္ဂိုလ်တွေ တွေ့တတ်တယ်။ အဲဒါကျတော့ ကိုယ်ပိုင်ဉာဏ်ရှိမှ ရှောင်ရှားနိုင်တယ်။

### မကြားဘူး မနာဘူးတဲ့ တရားစကားကိုလဲ ပြောပေးပါ

(၃) အဿုတံ သာဝေတိ။

အဿုတံ၊ မကြားဘူးတဲ့ စကားအထူး တရားအထူး တွေကိုလည်း။ သာဝေတိ၊ ပြောကြားပေးရမယ်။

ကြက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့စကား၊ တရားစကားများကို ကိုယ်ကြားရယင် ကိုယ့်မိတ်ဆွေကိုလဲ တဆင့်ပြန်ပြောပေးပါ။

ငါ့မိတ်ဆွေ၊ ဒါလေးတော့မသိသေးဘူး၊ ဒါလေးတော့ ပြောပေးအုံးမှ။ ငါ့သူငယ်ချင်း ဒါလေးတော့ မသိသေးဘူး၊ ပြောလိုက်အုံးမှ။ ကောင်းတာပြောယင် တော်ပါရဲ့၊ မကောင်းတဲ့သတင်းတွေ ပြောယင်၊ ဒုက္ခများကုန်မယ်။ မကြားဘူးတာ ပြောပေးရမယ် ဆိုတာက တရားစကား ပြောပေးရမယ်။

### နတ်ရွာနိဗ္ဗာန်လမ်းကိုလဲ ပြသပေးပါ

(၄) သဂ္ဂဿ မဂ္ဂံ အာစိက္ခတိ။

သဂ္ဂဿ၊ နတ်ရွာ သုဂတိရဲ့။ မဂ္ဂံ၊ လမ်းကိုလည်း၊ အာစိက္ခတိ၊ ညွှန်ကြားနိုင်ရမယ်၊ ပြသနိုင်ရမယ်။

နတ်ရွာနိဗ္ဗာန်ရဲ့ လမ်းခရီးကိုလဲပဲ၊ ကိုယ့်မိတ်ဆွေအတွက်ပြသပေးပါ။ အပါယ်လေးပါး လမ်းပြပေးရမလား၊ နတ်ရွာနိဗ္ဗာန်လမ်းပြပေးရမလား

ဆိုတော့ နတ်ရွာနိဗ္ဗာန် လမ်းပြပေးရမယ်။ မိတ်ဆွေကောင်း တို့ရဲ့ ဝတ္တရား။

(၁) မကောင်းတာကို တားမြစ်ပေး။

(၂) ကောင်းရာကို ညွှန်ကြားပေး။

(၃) မကြားစဖူး တရားအထူးကို ပြောပေး။

(၄) နတ်ပြည်နိဗ္ဗာန် ခရီးကို ပြသပေး။

ဒီလေးချက်နှင့် ပြည့်စုံယင် ဒီမိတ်ဆွေမျိုးဟာ အတ္ထက္ခာယီ=အကျိုးစီးပွားရှိသည်ကိုသာ ပြောလေ့ရှိတဲ့ မိတ်ဆွေဆိုတာ မျိုးပါပဲ။

ဣတိ၊ ဤသို့။ စဟူ၊ ဟိ၊ လေးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ အတ္ထက္ခာယီ၊ အကျိုးစီးပွားရှိသည်ကို ညွှန်ကြားလေ့ ရှိပေသော။ မိတ္တော၊ မိတ်ဆွေကိုလဲ။ သုဟဒေါ မိတ္တောတိ၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချမသွေ သိထိုက်ပါပေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံထင်ရှား ရှင်တော်မြတ်ဘုရားသည်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ သုဟဒမိတ္တံ၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေမျိုးကို။ အတ္ထက္ခာယီ၊ အကျိုးရှိသည်ကို ညွှန်ကြားတဲ့ မိတ်ဆွေမျိုးဟူ၍။ အဝေါစ၊ မေတ္တာရှေ့သွား ကရုဏာအားဖြင့် ဟောကြားတော်မူခဲ့ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

## အနုကမ္ပမိတ်ဆွေစစ် အင်္ဂါလေးချက်

အနုကမ္ပကော=အစဉ်သနားသဖြင့် စောင့်ရှောက်နေတဲ့မိတ်ဆွေ။

စတူဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အနုကမ္ပကော မိတ္တော သုဟဒေါ ဝေဒိတဗ္ဗော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အိုး-သူကြွယ်သား။ စတူဟိ၊လေးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ အနုကမ္ပကော၊ အစဉ်သဖြင့် စောင့်ရှောက်မှုရှိပေသော။ သုဟဒေါမိတ္တော၊ စိတ်နှလုံးကောင်းရှိသော မိတ်ဆွေကို။ (ဝါ) မိတ္တော၊ မိတ်ဆွေကို။ သုဟဒေါ မိတ္တောတိ၊ စိတ်နှလုံးကောင်းရှိတဲ့ မိတ်ဆွေမျိုးပါပဲလို့။ ဝေဒိတဗ္ဗော၊ သိထိုက်ပေ၏။

အနုကမ္ပကမိတ်ဆွေရဲ့၊ အစဉ်သနားသဖြင့် စောင့်ရှောက်တတ်တဲ့ မိတ်ဆွေရဲ့ အင်္ဂါလေးချက်ဆိုတာက ဘာတွေလဲဆိုတော့—

(၁) အဘဝေနဿ န နန္ဒတိ၊

(၂) ဘဝေနဿ နန္ဒတိ၊

(၃) အဝဏ္ဏံ ဘဏမာနံ နိဝါရေတိ၊

(၄) ဝဏ္ဏံ ဘဏမာနံ ပသံသတိ။

သိင်္ဂါလက၊သိင်္ဂါလအမည်ရပေတဲ့။ ဂဟပတိပုတ္တ၊အိုး- သူကြွယ်သား။ ယောမိတ္တော၊ အကြင်မိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်သည်။

(၁) အဿ၊ ထိုမိမိမိတ်ဆွေရဲ့။ အဘဝေနဿ၊ ပျက်စီးခြင်းဖြင့်လည်း။ န နန္ဒတိ၊ မနှစ်သက်ပါ။

မိမိမိတ်ဆွေ ပျက်စီးသွားတာကို အမြဲတမ်း စိတ်ထဲမှာ တုန်လှုပ်ပြီး စိတ်ထိခိုက်မှုရှိတဲ့သဘောဖြစ်တယ်။

### မိတ်ဆွေရဲ့ ပျက်စီးမှုကို မလိုလားရဘူး

ကိုယ့်မိတ်ဆွေရဲ့ ပျက်စီးသွားတာကို မနှစ်သက်ဘူး။ စာထဲမှာပါတာကို ပိုရှင်းအောင် ပြောရယင် ကိုယ့်မိတ်ဆွေ တစုံတခုပျက်စီးသွားယင် စိတ်ထဲမှာ ကိုယ်ပျက်စီးသွားသလို ထိခိုက်မှုရှိတဲ့သူဟာ မိတ်ဆွေကောင်းတို့ရဲ့ သဘောဖြစ်တယ်။

ဒီလိုမှမဟုတ်ပဲ ကိုယ့်လုပ်ဖော်ကိုင်ဖက်တယောက်၊ ပညာသင်ဖော်တယောက်၊စီးပွားဖက်တယောက်၊ မိတ်ထဲဆွေထဲက တယောက်ယောက်တစုံတခု ထိခိုက်လို့ ပျက်စီ သွားယင်၊ ဒီလူ ပျက်စီးသွားတာ ကောင်း

တယ်။ အဲဒါ ယုတ်မာတဲ့သဘော။ မိမိအပေါင်းအသင်းရောင်းရင်းတွေထဲက တစုံတခု ထိခိုက်ပျက်စီးသွားယင် စိတ်ကို ထိခိုက်ပြီးကျန်ရစ်ရမယ်။ ဒါဟာ မိတ်ကောင်းတို့ရဲ့ သဘောလက္ခဏာပေါ့တယ်။ ဒီလိုမှ မဟုတ်ပဲ ငါ့ပိုင်ဘက်တွေ ပျက်စီးသွားတာ ကောင်းတယ်တဲ့ဆိုယင် ယုတ်မာတဲ့ သဘော၊ ဒီစိတ်မျိုး မထွေးရဘူးတဲ့။

မိမိ၏ မိတ်ဆွေတွေ ပျက်စီးမှုဖြင့် မနှစ်သက်ရပါဘူး၊ သူတပါး ပျက်စီးတာ ဝမ်းသာယင်၊ အဲဒါ ဒေါသနှင့် ဟူယာတွဲသွားဘယ်။ သူတပါးပျက်စီးတာ ကိုယ့်စိတ်လဲ ထိခိုက်ပြီး ဒီပျက်စီးမှုဘေးကြီးမှ လူလဲ လွတ်ပါစေလို့ ကရုဏာမွေးရတယ်။ ဒါမှ သူတော်ကောင်းပေါ့တယ်။

## မိတ်ဆွေရဲ့ ကြီးပွားတိုးတက်မှုကို လိုလားရမယ်

(၂) အဿ၊ ထိုမိတ်ဆွေရဲ့။ ဘဝေနဿ၊ ကြီးပွားတိုးတက်ခြင်းကိုလည်း။ နန္ဒတိ၊ ပျော်ရွှင်၍ နေရမယ်။

မိမိမိတ်ဆွေ ကြီးပွားတိုးတက်မှုကို အမြဲတမ်း မျှော်လင့်တောင့်တနေရမယ်။ ကိုယ့်မိတ်ဆွေ ကြီးပွားလာတာကို မကြည့်ချင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ ကိုယ့်မိတ်ဆွေတွေ ကြီးပွားလာတာ၊ တိုးတက်လာတာကို မျှော်လင့်နေရမယ်၊ တောင့်တနေရမယ်၊ ဝမ်းသာနေရမယ်။ မိတ်ကောင်း ဆွေကောင်းတို့ရဲ့ လက္ခဏာ။

## မကောင်းသတင်းကြားယင် တားမြစ်ပေးပါ

(၃) အတ္တနော၊ မိမိရဲ့။ မိတ္တာနံ၊ မိတ်ဆွေတို့ရဲ့။ အဝဏ္ဏံ၊ ဂုဏ်ကျေးဇူးမဲ့ကဲ့ရဲ့စကားတွေကို။ ဘဏမာနံ၊ ပြောဆိုနေကြသူတို့ရဲ့။ သဒ္ဒံ၊ အသံကို။ သုတံဝါ၊ ကြားရမယ်ဆိုယင်။ နိဝါရေတိ၊ တားမြစ်နိုင်ရမယ်။

ကိုယ့်မိတ်ဆွေများရဲ့ မကောင်းသတင်း ပြောဆိုနေသံကြားယင် တားမြစ်နိုင်ရမယ်ဆိုတာ မိတ်ကောင်းတို့ရဲ့လက္ခဏာ။ ပြောသာပြောပါကွာဆိုပြီး တွန်းပြီးဝင်ပြောယင် ယုတ်မာတဲ့လက္ခဏာ။ ဝင်ပြီးတော့ မတားမြစ်ရဲသလိုလုပ်နေယင် ကြောက်သလိုလို ရှိသလိုလိုလုပ်နေယင် မိတ်ကောင်းရဲ့လက္ခဏာ မပီသဘူး။

## ကျေးဇူးစကားပြော်တဲ့သူကို ချီးကျူးပါ

(၄) ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘဏမာနံ၊ ပြောဆိုရှိနေကြကုန်စဉ်။ ပသံသတိ၊ အဲ့ဒီဂုဏ်ကျေးဇူးပြောတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ်က ချီးကျူးနိုင်ရမယ်။

ကိုယ့်ရဲ့မိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးစကား ပြောကြားနေစဉ် ကိုယ်ကလဲ ချီးကျူးနိုင်မှ သူတော်ကောင်း ပီသမယ်။ မိတ်ဆွေ တယောက်ရဲ့ ဂုဏ်ကျေးဇူးကို ဘေးကချီးကျူးနေကြတာကြားယင် သက်သက်ကွာ နားကြားပြင်းကပ်လိုက်တာ၊ ဒါပဲထပ်တလဲလဲပြောနေတယ်၊ အဲဒီလို ဆိုယင် ယုတ်မာတဲ့သဘော။ ဂုဏ်သတင်းပြောသံကြားယင် ဝမ်းသာနိုင်မှ သူတော်ကောင်းပီသမယ်။ ဂုဏ်ကျေးဇူးမဲ့ ပြောသံကြား ကဲ့ရဲ့စကားကို တားမြစ်နိုင်မှ သူတော်ကောင်းပီသမယ်။

(၁) မိမိမိတ်ဆွေ ပျက်စီးဆုံးရှုံးတာကို ဝမ်းမသာပါနှင့် စိတ်ထိခိုက်တတ်ရမယ်။

(၂) ကိုယ့်မိတ်ဆွေ ကြီးပွားတိုးတက်ယင် ဝမ်းသာနိုင်ကြရမယ်။

(၃) မိမိမိတ်ဆွေရဲ့ ဂုဏ်ကျေးဇူးမဲ့ မကောင်းသတင်း ပြောသံကြားယင် ဝင်တားမြစ်နိုင်ရမယ်။

(၄) ဂုဏ်ကျေးဇူးစကား သူတပါးပြောယင် ကိုယ်ကလဲ ပြောရဲရမယ်။

သိင်္ဂါလ၊ သိင်္ဂါလအမည်ရှိသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ စတူဟိ၊ လေးပါးကုန်သော။ ဌာနေဟိ၊ ဌာနေဟိ-ကာရဏေဟိ၊ ဤအကြောင်း အရာတို့ဖြင့်လည်း။ အနုကမ္ပကော၊ အစဉ်စောင့်ရှောက်လေ့ရှိသော။ မိတ္တော၊ မိတ်ဆွေကို။ သုဟဒေါ မိတ္တောတိ၊ စိတ်ကောင်း နှလုံးကောင်းရှိတဲ့ မိတ်ဆွေမျိုးပါပဲလို့။ ဝေဒိတဗ္ဗော၊ မုချ မသွေ သိထိုက်ပါပေ၏။

အစဉ်စောင့်ရှောက်တဲ့ မိတ်ကောင်းဆိုတာ ဒီလေးချက်နှင့် ပြည့်စုံရတယ်။

## စောင့်ရှောက်မှုနှစ်မျိုး

ဘာစောင့်ရှောက်သလဲဆိုယင် စီးပွားဥစ္စာ စောင့်ရှောက်တာနှင့် ဂုဏ်သတင် စောင့်ရှောက်တာ ဒီနှစ်မျိုးကို လေးချက်ခွဲဟာတယ်။

စီးပွားစောင့်ရှောက်တာဆိုက ကိုယ့်မိတ်ဆွေစီးပွားပျက်ယင် ကိုယ်လဲ စိတ်ထိခိုက်တယ်။ ကိုယ့်မိတ်ဆွေ စီးပွားတိုယင် ကိုယ်လဲဝမ်းသာမယ်။ ဒါက စီးပွားစောင့်ရှောက်တာ။

ဂုဏ်သတင်းနှင့်ပတ်သက်၍ စောင့်ရှောက်မှုက ကိုယ့်မိတ်ဆွေအတွက် ကဲ့ရဲ့သဂြိုဟ် အတင်းဆိုတာကို ကာကွယ်ပေးရမယ်၊ တားမြစ်ပေးရမယ်။ ဂုဏ်ကျေးဇူးကောင်း သတင်းပြောယင် ကိုယ်ကလဲ ဝင်ရောက်ချီးကျူး ပေးနိုင်ရမယ်၊ ပြောဆိုရဲရမယ်။

> ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ သိင်္ဂါလကဂဟပတိပုတ္တံ၊ သိင်္ဂါလ သဌေး သားကို။ စတုတ္ထံ၊ လေးခုမြောက် ဖြစ်သော။ အနုကမ္ပကသုဟာဒ မိတ္တံ၊ အနုကမ္ပကခေါ်ဆို သုဒဟ မိတ်ဆွေမျိုးကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေတော့ သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

## ကလျာဏမိတ္တသမ္ပဒါနဲ့ပြည့်စုံကြရလေအောင်

စိတ်ကောင်းနှလုံးကောင်းရှိတဲ့ မိတ်ဆွေလေးမျိုးပြည့်စုံယင် ကလျာဏ မိတ္တသမ္ပဒါခေါ်တယ်။ ကလျာဏ မိတ္တသမ္ပဒါဆိုတာ ဒီလေးယောက် ကို ရအောင်ပေါင်း၊ ယုတ်မာတဲ့မိတ်ဆွေလေးမျိုးကိုရှောင်၊ မိတ်ဆွေ ယုဘ် လေးမျိုးကိုရှောင်၊ မိတ်ဆွေကောင်းလေးမျိုးပေါင်း၊ ကလျာဏ မိတ္တသမ္ပဒါပြည့်စုံသွားပြီ။

ပြောခဲ့တဲ့စကားပြေ စုဏ္ဏိယတွေကို အားလုံး ဂါထာသီပြီးတော့ သုဟာဒမိတ္တကဏ္ဍကို ဘုရားရှင်က နိဂုံ အုပ်ပြီးတော့ပြောတယ်။

> ဥပကာရောစ ယောမိတ္တော၊ သုခဒုက္ခေစ ယော သဒါ။
> အတ္ထက္ခာယီ စ ယော မိတ္တော၊ ယော စ မိတ္တာနုမ္ပကော။ ။

သိဂ်ါလက၊ သိဂ်ါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သဌေးသား။ ဥပကာရကော၊ ဥပကာရကခေါ်ဆိုရသည့်။ ယော မိတ္တော၊ အကြင်မိတ်ဆွေသည်။ အတ္ထိ၊ ရှိပါပေ၏။ သုခဒုက္ခေစ၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့၌လည်း။ သဒါ၊ အခါခပ်သိမ်း။သမော၊ အညီအမျှရှိပေသော။ ယောမိတ္တောစ၊ အကြင်မိတ်ဆွေသည်လည်း။ အတ္ထိ၊ မုချမသွေ ရှိပါပေ၏။ အတ္ထက္ခာယီ၊ အကျိုးစီးပွားရှိသည်ကို သာ ညွှန်ကြားလေ့ရှိပေသော။ ယော မိတ္တောစ၊ အကြင်မိတ်ဆွေသည်လည်း။ အတ္ထိ၊ ရှိပါပေ၏။ အနုကမ္ပကော၊ အနုကမ္ပကလို့ခေါ်ဆိုရပေသော။ ယောမိတ္တောစ၊ အကြင်မိတ်ဆွေသည်လည်း။ အတ္ထိ၊ ရှိပါပေ၏။

ဧတေ ပိ မိတ္တေ စတ္တာရော၊ ဣတိ ဝိညာယ ပဏ္ဍိတော။
သက္ကစ္စံ ပယိရုပါသေယျ၊ မာတာ ပုတ္တံဝ ဩရသံ။ ။

ဧတေ ပိ မိတ္တေ၊ ထိုမိတ်ဆွေတို့ကို။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ကျိုးကြောင်းသိမြင် ပညာရှင်ဆိုတဲ့ပုဂ္ဂိုလ်သည်။ ဝိညာယ၊ ကောင်းစွာထင်ထင် သိမြင်သည်ဖြစ်၍။ သက္ကစ္စံ၊ ရိုရိုသေသေ။ ပယိရုပါသေယျ၊ ချဉ်းကပ်ရာ၏၊ လုပ်ကျွေးရာ၏၊ ဆည်းကပ်ရာ၏၊ ပေါင်းဖော်ယှဉ်တွဲရာ၏။ မိတ်ဆွေကောင်း လေးယောက်ကိုသိတဲ့ ပညာရှင်သည် မှီဝဲရာ၏။ ဆည်းကပ်ရာ၏။ ချဉ်းကပ်ရာ၏။ ကိမိဝ၊ ဥပမာပုံဆို ဘယ်ကဲ့သို့ဟူမူကား။ ဩရသံ၊ ရင်၌ဖွားရှိလာသော။ ပုတ္တံ၊ သားရတနာကို။ မာတာ၊ မိခင်သည်။ ပယိရုပါသေယျ၊ ကောင်းစွာစောင့်ရှောက်လေ သကဲ့သို့။ ဧဝ မေဝ-ဧဝံတထာ၊ ပမာထားယူ ထို့အတူ။ ပယိရုပါသေယျ၊ ကောင်းစွာမသွေ ပေါင်းဖော်ယှဉ်တွဲ မှီဝဲလေရာ၏။

(သာဓု- သာဓု- သာဓုပါဘုရား)

မိခင်သည် ရင်မှဖွားသောသားကို ကျကျနန ယုယုယယ ပြုစုစောင့်ရှောက်သလို ယခုပြောပြထားအပ်သော မိတ်ဆွေကောင်း လေးယောက်ရလျှင် သေသေချာချာ ချဉ်းကပ်ပြီးလုပ်ကျွေးပါလို့ တိုက်တွန်းလိုက်တဲ့ ဥယျောဇဉ်စကားဖြစ်တယ်။

## မိတ်ဆွေကောင်းကြောင့် ဂုဏ်သတင်းတောက်ပနိုင်

ပဏ္ဍိတော သီလသမ္ပန္နော၊ ဇလ မဂ္ဂိဝ ဘာသတိ။

သီလသမ္ပန္နော၊ ရှေး၌ပြောပြအပ်ထားတဲ့ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော၊ ပဏ္ဍိတော၊ ကြောင်းကျိုးသိမြင် ပညာရှင်ဆိုတဲ့ပုဂ္ဂိုလ်သည်။ ပဗ္ဗတမတ္ထကေ၊ တောင်ထိပ်၌။ ဇလံ၊ တောမီးသည်။ ဇလတိ ဣဝ၊ တောက်ပြောင်၍ နေလေသကဲ့သို့။ လောကေ၊ ဟောဒီ လောကသုံးခွင် ဘုံသုံးပြင်၌၊ (ဝါ) ဤလောကကြီး၌။ သောပိ၊ ထိုကြောင်းကျိုး သိမြင် ပညာရှင်ဆိုတဲ့ ပုဂ္ဂိုလ်လဲပဲ။ ဘာသတိ၊ မိတ်ဆွေကောင်းတို့ရဲ့ အရောင်ဖြင့် ထွန်းပြောင်၍ နေပါပေတော့၏။

ဒီလိုမိတ်ဆွေယုတ် လေးမျိုးရှောင်၊ မိတ်ဆွေကောင်း လေးယောက် ပေါင်းမိတဲ့ ပညာရှိသူတော်ကောင်းသည် လှမ်းပြီးတော့မှန်းကြည့်လိုက် စမ်း ပဲခူးရိုးမဆိုတဲ့တောကြီး၊ အရှေ့ရိုးမဆိုတဲ့တောကြီး၊ အနောက်ရိုးမ ဆိုတဲ့တောကြီး၊ ထိုတောကြီးထဲက တောင်ထိပ်မှာ တောမီးလောင်ယင် အဝေးကလှမ်း မှန်းကြည့်လိုက်စမ်း၊ တောင်ထိပ်မှာ တပြောင်ပြောင် နှင့် မီးကိုတွေ့ရတယ်။

တောင်ထိပ် လောင်နေတဲ့ တောမီးကိုအဝေးက လှမ်းပြီးကြည့်လို့ တပြောင်ပြောင်နှင့် မြင်ရသလို၊ တောက်ပြောင်နေကြောင်း သိရသလို၊ ဤပြောပြထားတဲ့ မိတ်ဆွေယုတ်လေးယောက်ရှောင်၊ မိတ်ဆွေကောင်း လေးယောက် ပေါင်းသင်းတဲ့သူဟာ ဒီလောကအမြဲတမ်း တောက်ပြောင် နေပြီလို့မှတ်ပါ။

## ပျားပိတုန်းလိုကျင့်သုံးပါ

ဘောဂေ သံဟရမာနဿ၊ ဘမရဿေဝ ဣရီယတော။
ဘောဂါ သန္နိစယံ ယန္တိ၊ ဝမ္မိကော ဝုပစီယတိ။ ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ် သား။ (ဘမရဿေဝဣရီယတော-ကိုဓေါဟာရတ္ထနက်ပဲ ပေးရအောင်၊ အဋ္ဌကထာနှင့် အနက်ပေးယင် ဒီဝါကျဟာ တော်တော် ရှုပ်တယ်) ဘမရဿေဝ ဣရီယတော-၊ပန်းဝတ်ရည်ကို စုတ်သူစားသုံးတဲ့ ပျား

ပိတုန်းတွေဟာ ပန်းပွင့်နှင့် အနံ့ကိုမပျက်စီးမူ၍ ဝတ်ရည်ကိုစုတ်ယူသကဲ့သို့။ ဘမရသောဝ ဣရီယတော၊ ပန်းဝတ်ရည်သုံးတဲ့ ပျားပိတုန်းသည် ပန်းဝတ်ရည် စားသုံးတဲ့အခါမှာ ပန်းပွင့်ရဲ့ ရနံ့နှင့် ပန်းပွင့်ကိုမပျက်စီးစေသလို။ ဘောဂေ သံဟရမာနဿ၊ လောကစီးပွား၊ သံသရာစီးပွားရှာနေကြသော ပုဂ္ဂိုလ်များသည် ဒီအတိုင်းကျင့်သုံးရှာဖွေတတ်ရမယ်။

ပျားပိတုန်းများက ဝတ်ရည်ကိုထုတ်ယူတဲ့အခါကျ ပန်းပွင့်လဲမပျက်စီးဘူး၊ အနံ့လဲပျယ်ဘူး၊ ပန်းရဲ့အနံ့လဲမပျယ်ဘူး၊ ပန်းလဲမပျက်စီးရဘူး၊ ဝတ်ရည်ကောင်းကောင်း ရသွားတယ်။ လောကပေါင်းသင်းဆက်ဆံရေးအနေနှင့် ပေါင်းဖော်နေကြတဲ့ပရိသတ်ဟာ ဒီအတိုင်းသွားရမယ်။ မိမိပေါင်းသင်းနေတဲ့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ ပေါင်းရင်းသင်းရင်းနှင့် ခုန ပိတုန်းများလို နေရမယ်။ ပန်းပွင့်မပျက်စီးဘူး ဆိုတာလို၊ မိမိမိတ်ဆွေရဲ့စီးပွားဥစ္စာနှင့် ခန္ဓာမပျက်စီးစေရဘူး၊ ပန်းပွင့်ရဲ့ရနံ့မပျယ်ဘူး ဆိုသလို မိမိပေါင်းသင်းနေတဲ့ မိတ်ဆွေရဲ့ဂုဏ်သတင်းကို မပျက်စီးစေရဘူး ပေါင်းတတ်ရမယ်။ ပျားပိတုန်းလိုကျင့်သုံးထားမှ သူတော်ကောင်းပီသမယ်။

## ခြကောင်လေးတွေကို စံထားပါ

ခြကောင်ပုံကြည့်၊ ခြကလေးများ နှုတ်သီးနှင့်ချီ၍ ချီ၍လာခဲ့တဲ့ မြေစိုင်ခဲ ကလေးများဟာ သေးသေး ကလေးတွေပါပဲ၊ သေးသေးကလေးတွေ နည်းနည်း နည်းနည်းနဲ့ ဆုတ်ယူ လာခဲ့တဲ့ အမှုန်ကလေးတွေစုရင်းစုရင်းနှင့် တောင်ပို့ကြီး အကြီးကြီး ဖြစ်သွားသလို။ ဉာဏ်ရှိတဲ့ လူ မိတ်ကောင်း ဆွေကောင်းရတဲ့ လူ၊ စီးပွား ပျက်ခြင်းရဲ့အကြောင်းတရားခြောက်ပါးရှောင်တဲ့ လူ၊ အဂတိလေးပါး မလိုက်စားတဲ့လူ၊ ပါပကမ္မလေးပါးမှ လွတ်တဲ့ လူသည် စီးပွားရေး-ကြီးပွားရေး တဖြေးဖြေး တိုးတက်လာပါလိမ့်မယ်။

ဘောဂါ သန္နိစယံ ယန္တိ၊ ဝမ္မိကော ဝုပစီယတိ။
ဧဝံ ဘောဂေ သမာဒေတွာ၊ အမလံ ဓတ္တာ ကုလေ ဂိဟိ။ ။

ဘောဂါ၊ စီးပွားဥစ္စာတို့သည်။ သန္နိစယံ၊ စုဆောင်းမိပါတယ် ဆိုတဲ့ အဖြစ်သို့။ ယန္တိ၊ ချမှုမသွေ ဆိုက်ရောက် ကြလေ ကုန်၏။

ဝေ၊ ဤသို့၊ ဘောဂေ၊ စီးပွားဥစ္စာတို့ကို။ သမာဒေတွာ၊ စုဆောင်းပြီးတော့။ ကုလေ၊ လူ့လောက၌၊ ဂိဟိ၊ အိမ်နေသူ ဒါယကာ ဒါယိကာမသည်။ ဃရံ အာဝသိတုံ၊ အိမ်ကို လွှမ်းမိုးအုပ်စိုးပြီး နေထိုင်သော နေထိုင်ခြင်းကို။ အလမတ္တော၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်ရာ၏။

အဲဒီ ပြောပြထားတဲ့ အချက်အသက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အိမ်ယာတည်ထောင်လူ့ဘောင်ကို လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ ပုဂ္ဂိုလ်ကောင်း ဖြစ်ပြီလို့ ဥယျောဇဉ် တိုက်တွန်းတယ်။

## စီးပွားဥစ္စာလေးပုံပုံ တပုံသာသုံး

မိမိစုဆောင်းလို့ရတဲ့ စီးပွားဥစ္စာကို လေးစု စုပြီးတော့ သုံးဆောင်ပါ။ ဘုန်းကြီးတို့တည်ထားခဲ့တဲ့ သမ္ပဒါလေးချက်မှာ၊ စခဲ့တာက—

ဥဋ္ဌာနသမ္ပဒါ—အပျင်း ၆-ပါးမှ လွတ်ပါစေ။ အဲဒါပြီးသွားပြီ၊ အာရက္ခသမ္ပဒါ—ဘောဂါနဲ့ အပါယမုခ ၆-ပါးမှ လွတ်ပါစေ။

ကလျာဏမိတ္တသမ္ပဒါ-မိတ်ဆွေယုတ်လေးပါး ရှောင် မိတ်ဆွေကောင်း လေးယောက်ပေါင်း။ ပြည့်စုံသွားပြီ။

သမဇီဝိတသမ္ပဒါ၊ မျှတစွာ အသက်မွေးဆိုတဲ့အပိုင်း ဒီမှာလာ သက်ဆိုင်နေ၏။

စတုဓာ ဝိဘဇေ ဘောဂေ၊ သ ဝေ မိတ္တာနိ ဂန္ထတိ။
ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ ။

ဃရံ၊ အိမ်ကို။ အာဝသံ-အာဝသန္တော၊ အုပ်ချုပ်ပြီးနေသော။ ပဏ္ဍိတော၊ ပညာရှိတဲ့ အမျိုးသား အမျိုးသမီးသည်။ ဘောဂေ၊ စီးပွားဥစ္စာတို့ကို။ စတုဓာ၊ လေးပုံအားဖြင့်။ ဝိဘဇေ၊ ဝေဖန်ရာ၏။ အိမ်နေသူ ပညာရှိ စီးပွားဥစ္စာကို လေးစု စုပြီးတော့ သုံးပါ။ စီးပွားကို လေးပုံပုံလိုက်ပါ။

ဧကေန ဘောဂေ ဘုဉ္ဇေယျ၊ တပုံကို နေ့တိုင်းနေ့တိုင်း စားသုံးပါ၊ ဒွီဟိ ကမ္မံ ပယောဇယေ၊ နှစ်ပုံကိုအရင်းအနှီးထဲ ထည့်ထားပါ။

စတုတ္ထဥ္စ နိခါပေယျ၊ လေးခုမြောက် အစုကိုတော့ ဝှက်ပြီးတော့ ထား။ ဘာအတွက်လဲဆိုယင်—

အာပဒါသု ဘဝိဿတိ၊ ဘေးရန်ကြုံယင် ထုတ်သုံးစဲ့ဘို့။ အဲဒါဟာ သမဇီဝိတ သမ္ပဒါပိုင်းကို ညွှန်ကြားတာ။

သ ဝေ မိတ္တာနိ ဂန္ထတိ။

သ-သော ပုဂ္ဂလော၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည်။ ဘောဂေဟိ၊ မိမိစီးပွားဥစ္စာတို့ဖြင့်။ မိတ္တာနိ၊ ခုနပြောပြထားတဲ့ မိဘ်ကောင်း ဆွေကောင်း လေးယောက်တို့ကိုသည်း ဂန္ထတိ၊ ဖွဲ့စည်းနိုင်လေတော့၏။ စည်းရုံးနိုင်ခလေတော့၏။

## လောက ကြီးပွားကြောင်းတရားများ

တနေ့တနေ့ ရှာလို့ငွေ ၁၀၀ိ-ရရှိလျှင် ၂၅-ကျပ်လောက်ပဲ သုံးပါ၊ ၂၅-ကျပ်ကို အရင်းအနှီးထဲပြန်ထည့်လိုက်ပြီး ၂၅-ကျပ်ကို အသာလေး နံ့ရံတူးပြီးတော့ မြှုပ်ထားလိုက်ပါ။ သို့မဟုတ် ငွေစုဘဏ်မှာ အပ်ထားပါ၊ အဲဒီလို မြှုပ်နှံသိုမှီး သိမ်းဆည်းပြီးထားယင် ပစ္စည်းလေးပုံ ဖြစ်ရော၊ လှူတာက ဒီအထဲကမပါဘူး။ လှူဘို့မပါဘူးလို့ ပြောမယ်။ အဲဒါ သမဇီဝိတသမ္ပဒါပိုင်းကို ညွှန်ကြားချက်ပါပဲဘဲ့။

အဲဒီလိုဆိုခဲ့ယင် ဒီလူ့လောကမှာ ဘာဖြစ်သွားသလဲဆိုတော့။

စီးပွားရေးရာမှာ ဒီလိုစနစ်ကျ၊ ပေါင်းသင်းဆက်ဆံရေးမှာလဲ စနစ်ကျ၊ လို့လစီရိယနှင့်လဲ ပြည့်စုံယင် ပျက်စီးကြောင်း တရားတွေလဲကင်း၊ ဒီထက်ကောင်းတာ ဒီလောက ဘယ်ရှိတော့မလဲ။ လောကကြီးပွားရေး တရား၊ အဲဒါ ပုဆိုးနှင့်ထမီးခါတယ်။

အခေါပိုင်းအင်္ကျီနှင့် ခေါင်းပေါင်းတွေက တော်တော်စုံပြီ၊ တခါ တခါ သူ့ဘို့ခေါင်းပေါင်းကြီးတွေ ပြုတ်ပြုတ်ကျတာလဲ တွေ့ရယ်၊ ဝိပဿ နာတရားတွေ နာလိုက်တာ၊ အောက်ပိုင်းက ပုဆိုးထမီမပါတာ အများ ကြီး၊ မပါယင် ဟန်မကျဘူး၊ ယခုပုဆိုးနဲ့ထမီ တော်တော်လေးမြဲကြပြီ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို- သဌေးသား။ ဧတဘောဂေ၊ ပျားပိတုန်းတွေ စုသလို၊ ခြကောင်

တွေ ရသလို စု၍-စု၍ ရတဲ့ ဒိစိ.ပွား ဥစ္စာတိုကို။ စတုဓာ၊ လေးစု လေးပုံ။ ဝိဘဇေ၊ ဝေဖန်ပြီးတော့ သုံးစွဲရာ၏။ ဧကေန၊ တပုံ တစုဖြင့်။ ဘောဂေ၊ စီးပွားဥစ္စာတို့ကို။ ဘုဉ္ဇေယျ၊ သုံးဆောင်ရာ၏။ ဒွီဟိ၊ နှစ်ပုံသော ဥစ္စာတို့ဖြင့်။ ကမ္မံ၊ နေ့စဉ် လုပ်နေတဲ့ လုပ်ငန်း တို့ကို။ ပယောဇယေ၊ အရင်းအနှီး ပြုပြီးတော့ အားထုတ်ပါလေ။ အာပဒါသု၊ ဘေးရန်တို့သည်။ ဘဝိဿတိ၊ ဖြစ်လာ လိမ့်မယ်လို့ ရည်ရွယ်ပြီးတော့။ စတုတ္ထံ၊ စတုတ္ထအစုကို။ နိဓာပေယျ၊ မြှုပ်နှံပြီး တော့ သိမ်းဆည်းရာ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင် ဘုရား ရှင် ကိုယ်တော်မြတ်သည်။ သိင်္ဂါလကံ ဂဟပတိ ပုတ္တံ၊ သိင်္ဂါလ သူဌေးသားကို။ သပဇီဝိတသမ္ပဒံ၊ သမဇီဝိတ သမ္ပဒါ အနေအားဖြင့်။ အဝေါစ၊ ကရုဏာရှေ့သွား မေတ္တာအားဖြင့် ဟောကြား တော်မူခဲ့ ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

# သိင်္ဂါလသုတ္တန် (ပဥ္စမပိုင်း)

၁၃၄၁-ခုနှစ် ကဆုန် လပြည့်ကျော် ၁၀ ရက်နေ့ည ရန်ကုန်မြို့၊ ယောက်လမ်းနှင့် ဦးဝိစာရလမ်း မန္တလေးမြို့ မလွန် ဆန်လှူ အသင်းကြီး၏ အသင်းထောက်မှု ကျားကူး ဓမ္မဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပသည့် ဆန်အလှူ ရေစက်ချ ဓမ္မသဘင်၌ ဟောကြားအပ်သော ဒီဃနိကာယ်ပါထိကဝဂ္ဂပါဠိတော်၌ လာသော သိင်္ဂါလ သုတ္တန် တရားတော် ပဥ္စမပိုင်း။

## အဖေနှစ်ယောက်ရှိတဲ့ သားသမီးများ

လောက လူသားတွေဟာ မိမိတို့ရဲ့ မိဘနှစ်ပါး ကွယ်လွန် ခါနီး နောက်ဆုံးပြောသွားတဲ့ စကားတွေကို မိမိတို့ရဲ့ စိတ်ထဲမှာ ထိထိ ခိုက်ခိုက် သိမ်းမှတ်ရိုက်သလို သံသရာ ဝဋ်ထဲမှာ ဖြစ်တဲ့ ဝဋ္ဋဇနက-ဖခင် အဖေ့စကား စွဲစွဲသွားကြတယ်။

သံသရာဝဋ်ထဲမှာဖြစ်တဲ့ အဖေဟာ တဘဝစာ တနပ်စာပဲ။ စားဖို့-နေဖို့ လူတလုံး သူတလုံးဖြစ်ဖို့ အဖေ့စကား ဒီလောက်စွဲယင်၊ သံသရာ တလျှောက် လုံး အတွက် ကြည့်တော်မူတဲ့ ကရုဏာရှင် မေတ္တာရှင် ဝိဝဋ္ဋဇနက ဖခင်ခေါ်တဲ့ ဘုရားရှင့် စကားကို ပိုစွဲရမယ်။

ပရိသတ်များမှာ အဖေနှစ်ယောက်။ သံသရာဝဋ်ထဲမှဖခင်၊ သံသရာ ဝဋ်မှ လွတ်မြောက်ကြောင်း အတွက်စဉ်ပြီး ဖြစ်သာတဲ့ ဖခင် ရယ်လို့ နှစ်ယောက် ရှိပါတယ်။ သံသရာဝဋ်ထဲဖြစ်တဲ့ ဖခင်က တဘဝ စာကို အများအားဖြင့်ကြည့်တယ်။

ဝိဝဋ္ဋဇနက-ဖခင်ခေါ်ဆိုတဲ့ ဘုရားကျတော့ သံသရာဘေးမျှော်တွေးတဲ့ မေတ္တာ ကရုဏာနှင့် စောင့်ရှောက်တယ်၊ တကယ့်သံသရာဝဋ်ထဲမှာ

ဖြစ်တဲ့ အမေ့စကား အမေ့စကား ဒီလောက်စွဲပြီးတော့ စိတ်ထဲနင့်နေယင်၊ စိတ်ထဲ ထိထိ ခိုက်ခိုက် ရှိကြယင်၊ ဝိငန္ဓငနက-ဖခင် ဖြစ်တဲ့ မြတ်စွာဘုရား‌ရဲ့ စကားလဲစွဲဘို့ ကောင်းပါတယ်။

ဒါပေမယ့် စွဲသားလို့ မေးယင် မစွဲပါဘူး၊ ဘုရားရှင်ကိုယ်တော်မြတ် နောက်ဆုံး မှာသွားတဲ့ စကား လေးများ ရှိနေကြတယ်။

ဘုန်းကြီးတို့ မြတ်စွာဘုရားသခင် နောက်ဆုံး အကြံပ် မှာသွားတဲ့ စကားဟာ တလုံးထဲရယ်။

"အပ္ပမာဒေန သမ္ပာဒေထ"

ဒီစကားကို ဘုန်းကြီးတို့ ပရိသတ်များ ဆရာတော်များထံ၊ သံဃာတော်များထံ သီလခံယူတိုင်း ကြားနေရတယ်။ ဘာဖြစ်လို့ ဆရာတော် သံဃာတော်တွေက သီလခံယူတိုင်း ပြောသလဲ၊ ဝိငန္ဓငနက ခမည်းတော် နောက်ဆုံ မှာသွားတဲ့ စကားမို့ သိပ်ပြီးတော့ အဖိုးတန်လွန်းလို့ မမေ့အောင်ဆိုပြီး ထပ်တလဲလဲပြောတာ။

ဒီလောက် ထပ်တလဲလဲ အသဲနင့်အောင် စိုက်အောင် ပြောပေမယ့် ပရိသတ်က အသဲနင့်အောင် စွဲရဲ့လား၊ မစွဲဘူး၊ ကြားရဖန်များတော့ ရိုးသွားပြီ။ မြတ်စွာ ဘုရားသခင် နောက်ဆုံး မှာသွားတဲ့ စကား အလွန် အရေးကြီးတဲ့ စကားဖြစ်တယ်။

## ဟန္ဒ-ဟင် ပင်ပန်းလိုက်တာ

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ  
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"

ရွှေကျင် နိကာယ ဓမ္မ သေနာပတိ ဖြစ်တော်မူတဲ့ အဘယာ ရာမ ဆရာတော်ဘုရားကြီး အဲဒီပုဒ်ကို နိသျ မြန်မာပြန်တဲ့ အခါ၊ယခုဘုန်းကြီး ရွတ်တဲ့အတိုင်း ဘာသာပြန်တယ်။

ဟန္ဒ၊ ဟင်-ပင်ပန်းလိုက်တာ။

'ဟန္ဒ' ဆိုတာ 'ဟင်' ဆိုတဲ့ အဓိပ္ပာယ် ရတယ်၊ ငြီးတွားတဲ့ အဓိပ္ပာယ်ကို ယူရတယ်။

ဟန္ဒ၊ ဟင်-ပင်ပန်းလိုက်တာ။ ဘာ့ကြောင့် ပင်ပန်းတာလဲ။ ဝယဓမ္မာ သင်္ခါရာကြောင့် ပင်ပန်းတာ။ ။သင်္ခါရာ၊ လုပ်ကိုင်ထား တဲ့ ဟောဒီ သင်္ခါရ တရားမှန်သမျှတို့သည်။ ဝါ၊ ငါတို့ ကြိုးစား ဆောင်ရွက်နေကြတဲ့ ဟောဒီ သင်္ခါရ တရား မှန်သမျှ တို့သည်။ ဝယဓမ္မာ၊ အကုန်လုံး ပျက်မယ့် တရားတွေချည်းပဲ့ပါပဲ။

ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ် ကြိုးပမ်းပြုလုပ်တဲ့ အရာဝတ္ထု မှန် သမျှတို့သည် သင်္ခါရတရား မှန်သမျှတို့သည်အကုန်လုံး ပျက်စီးမှာချည်းပဲ။ ရုပ်သင်္ခါရ-နာမ် သင်္ခါရ အားလုံး ပျက်စီးမယ့် သဘောတွေချည်း ရှိသောကြောင့် ကြိုးစားလိုက်ရတာ၊ အားကြိုးမာန်တက်၊ နောက်ဆုံးမှာ ပျက်စီးခြင်းနဲ့ အဆုံးသတ်သွားတာချည်းပဲ။ အဲဒီ ပျက်စီးတဲ့ ဘေးကြီး နှိပ်စက်နေသောကြောင့် "ဟန္ဒ၊ ဟင်-ပင်ပန်းလိုက်တာ"၊ ဒီလိုသဘော ပြောတာ။ ဒါကြောင့်—သင်္ခါရာ၊ ဟောဒီ သင်္ခါရ တရား မှန်သမျှ တို့ သည်၊ ဝါ၊ ငါတို့ ကြိုးပမ်းဆောင်ရွက်နေကြတဲ့ လုပ်ကိုင် ဆောင်ရွက် မှု မှန်သမျှ တို့ဟာ။ ဝယဓမ္မာ၊ နောက်ဆုံး တနေ့ အကုန်လုံး ပျက်စီး ကြမှာပဲ။

## အရာကျယ်တဲ့ အပ္ပမာဒ ဒေသနာ

တသ္မာ၊ ဒါကြောင့်မို့။ ဟန္ဒ၊ အဲဒီပျက်စီးတဲ့တရားတွေ နှိပ်စက် လို့ ပင်ပန်းပါတယ်။ ဒါနို-ဣဒါနိ၊ ယခုလို နောက်ဆုံး အကြိမ် ကလေးမှာ။ အယံ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ အာမန္တ ယာမိ၊ နောက်ဆုံး စကားတခွန်းလောက် မှာကြားခဲ့ အုံးမယ်။

အပ္ပမာဒေန သမ္ပာဒေထ၊

အပ္ပမာဒေန၊ အပ္ပမာဒ တရားဖြင့်။ အပ္ပမာဒေန၊ မကင်းသော သတိတရားဖြင့်။ သဗ္ဗကိစ္စာနိ၊ အလုံးစုံသော ပြုဘွယ်ကိစ္စ မှန်သမျှ တို့ကို၊ (ဝါ) ဒါန သီလ သမာဓိ ပညာဆိုတဲ့ ကိစ္စမှန်သမျှတို့ကို။ သမ္ပာဒေထ-သမ္ပာဒေယျာထ၊ ကိုယ်စီ ကိုယ်င ပြည့်စုံအောင် အား ထုတ် ရစ်ကြကုန်လော့။

နောက်ဆုံး အကြိမ် ယမကသာလာ အင်ကြင်းပင် တို့ရဲ့ အကြား မြောက်ဘက် ဦးခေါင်းပြု ခင်းထားအပ်သော ညောင် စောင်း ထက်

လျှောင်းကာ သန်းခေါင်ကျော် ဟိုဘက်၊ လင်းအားကြီး ဘက်ကို ဖြေး ဖြေးချင်းကူးပြီး ဗုဒ္ဓ ကိစ္စ အားလုံး ကုန်သွားလို့ ပရိနိဗ္ဗာန သမယမှာ ဒီစကား မှာကြားခဲ့တယ်။

## ဗုဒ္ဓရဲ့ နောက်ဆုံး စကား

ဘုန်းကြီးတို့၊ ဒါယကာ ဒါယိကာမ တို့ရဲ့ ဖခမည်းတော် နောက်ဆုံး မှာခဲ့တဲ့ စကားဟာ "အပ္ပမာဒေန သမ္ပာဒေထ" ဖြစ်ပါတယ်။

လောကမှာရှိတဲ့ သတ္တဝါ အားလုံးတို့သည် မြေပြင်ပေါ် နင်းလိုက်၊ ခြေရာထင်တာကိုကြည့်လိုက်၊ ဆင်ခြေရာသည် အကြီး ဆုံး၊ ထိုဆင်ခြေရာ ထဲမှာ-ကျွဲနွားဝက် ဘယ်သတ္တဝါ နင်းနင်း ထိုဆင်ခြေရာထဲ အကုန်ဝင် သွားတယ်၊ ဆင်ခြေရာရဲ့ အပြင်ဘက် ထွက်အောင် နင်းနိုင်တဲ့သတ္တဝါ မရှိဘူး။

တိရစ္ဆာန် အားလုံးတို့ရဲ့ ခြေရာတကာ့ ခြေရာထဲမှာ ဆင်ခြေရာသည် အကြီးဆုံး ဆိုသလို၊ ဗုဒ္ဓဘုရားရှင် မိန့်ကြားခဲ့တဲ့ ဒေသနာ အားလုံးထဲ မှာ "အပ္ပမာဒ" ဒေသနာသည် အကြီးကျယ်ဆုံးပါပဲ၊ အရာအကျယ် ဆုံး ပါပဲ။ ဘယ်နှင့်အမျှ အရာကျယ်ပါသလဲမေးယင် ပိဋကတ် သုံးပုံ နှင့် အမျှ အရာကျယ်ပါတယ်၊ ပိဋကတ် သုံးသွယ် နိကာယ် ငါးရပ် ကိုးရပ်အင်္ဂါ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်၊ အဲဒီ အပ္ပမာဒထဲ ထည့် လိုက်၊ အကုန်ဝင်သွားမယ်။

## သီလ-သမာဓိ-ပညာ

သုတ္တန်-ဝိနည်း-အဘိဓမ္မာ ပိဋကတ် သုံးပုံတို့တွင်—

သုတ္တန် ပိဋက တခုလုံးကို သမာဓိကထာက လွှမ်းမိုးပြီးတော့ထား တယ်။

ဝိနည်း ပိဋက တခုလုံးကို သီလကထာက လွှမ်းမိုး ပြီးတော့ ထား တယ်။

အဘိဓမ္မာ ပိဋက တခုလုံးကို ပညာ ကထာက လွှမ်းမိုးပြီးတော့ ထား တယ်။

သုတ်- ဝိနည်း- အဘိဓမ္မာအားဖြင့် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ကိုးရပ် အင်္ဂါ၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် ချုပ်လိုက်ယင် သီလ- သမာဓိ- ပညာသုံးမျိုးသာ ရှိတယ်။

သီလကျင့်ကြစို့၊ သတိမပါယင် ဘယ်သီလမှ ကျင့်လို့မရဘူး။ ကျင့်ထားပြီးသားသီလလဲ သတိကင်းတာနဲ့ တပြိုင်နက် ပျက်တယ်။ နောက်တမျိုးက ကိုယ်ကျင့်တရား မှန်သမျှ သတိကင်းလို့မဖြစ်ဘူး။ ကိုယ်ကျင့်တရား မှန်သမျှ သတိနဲ့ထိန်းရတယ်။ စိတ်ရဲ့တည်ငြိမ်မှုဆိုတာလဲ သတိနဲ့ အလုပ်လုပ်ယူရတယ်၊ သမာဓိဟာ သတိအခြေမခံယင် သမာဓိ မဖြစ်ဘူး။ ခန္ဓာထဲစူးစိုက်တဲ့ဉာဏ်၊ မိမိဉာဏ်ပညာရဲ့ ကျက်စားမှုဆိုတာလဲ သတိနဲ့လုပ်ရတယ်၊ သတိလွတ်သူတို့ဟာ ဉာဏ်မထင်ဘူး။

ကိုယ်ကျင့်သီလကို သတိနဲ့ ထိန်းရတယ်။

စိတ်ရဲ့တည်ငြိမ်မှုသမာဓိကို သတိနဲ့ ထိန်းရတယ်။

ဉာဏ်ရဲ့ စူးစိုက်တဲ့ လုပ်ငန်းပညာကိုလဲ သတိနဲ့ပဲ လုပ်ကိုင်ရတယ်။

သီလ-သမာဓိ- ပညာ အကုန်လုံး သတိမပါယင် မဖြစ်ဘူး။ ဟင်းတကာ့ဟင်း ဆားမပါယင် အရသာ မရှိသလို၊ သီလ- သမာဓိ- ပညာ သာသနာ့ ကျင့်ဝတ်အားလုံး သတိမပါယင် ဘယ်ကိစ္စမှ မပြီးဘူး။

## သတိတလုံး အရေးကြီးဆုံး

လူမှုရေးမှာလဲ သတိကင်းသူတွေ အမြဲတမ်း ဖရိုဖရဲ ဖြစ်နေတယ်။ သတိ ရှိသူတို့သာလျှင် အမြဲတမ်း မိမိရဲ့ ရရှိပြီးသား လောကရဲ့ စည်းစိမ်ကလေးများလဲ ခိုင်မြဲတယ်၊ သတိ ပို၍ ပို၍ကောင်းသူတွေ ထိပ်တန်းကို တဆင့်ထက်တဆင့် တက်သွားတယ်။ သတိကင်းတာနဲ့ တပြိုင်နက် ကိုယ်ကျင့်ပျက်လို့ အောက်တန်းကျသွားတယ်။

ဒါကြောင့် သတိဆိုတာ အလွန်တရာမှကြီးမားလှစွာသော ဆင်ခြေရာကြီးနဲ့တူတယ်၊ ခြေရာတကာ့ ခြေရာတို့တွင် ဆင်ခြေရာသည် အကြီးဆုံး။ ဗုဒ္ဓရဲ့ ဗောဓိပက္ခိယတရား ၃၇ ပါးတို့တွင် သတိတရားသည် အကြီးကျယ်ဆုံး၊ ပိဋကတ် သုံးပုံလုံး အကုန်ဝင်တဲ့တရား။ ဒါကို မြတ်စွာဘုရားသခင်က "အပ္ပမာဒ" လို့ဟောပါတယ်။

"အပ္ပမာဒေနာတိ သတိအဝိပ္ပဝါသေန"

အဋ္ဌကထာ ဆရာကြီး ဖွင့်ပြတယ်။ "အပ္ပမာဒ"ဆိုတာ တခြားကို ပြောတာမဟုတ် သတိကိုပြောတာ။အပ္ပမာဒတရားနဲ့ပြည့်စုံအောင်နေကြဘို့ သတိနှင့် နေကြဘို့ ပြောနေတာ။ ဒါ ဘုန်းကြီးတိုင်း သိလပေးတိုင်း ပါနေတော့သိပ်ရိုးတယ်၊ မိမိတို့ မိခင် ဖခင်များ သေခါနီး မှာတဲ့စကား အသည်းနင့်အောင်စွဲသလို ဗုဒ္ဓနောက်ဆုံးမှာကြားတဲ့ စကာ ဖြစ်တဲ့ အပ္ပမာဒတရားလဲ ပရိသတ်ရဲ့ အသည်းနှစ်အောင် စွဲစေချင်ပါတယ်။ သိင်္ဂါလနှင့် ပက်သက်လို့ ဒီစကားကို စင်မိလို့ ထည့်ပြောတာ။

အပ္ပမာဒတရားနဲ့ ပမာဒတရား

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။ ။
အပ္ပမာဒေါ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်တဲ့သတိနှင့်နေရခြင်းသည်။ အမတံ၊ သေခြင်းကင်းရာဖြစ်သော။ ပဒံ၊ နိဗ္ဗာန်ရဲ့ အကြောင်းတရား ပါပေတည်း။

ဒီအပိုဒ်ကို လိုရင်းကလေးပြောမယ်။ အပ္ပမာဒနှင့် နေသူတွေဟာ၊ အပ္ပမာဒလက်ကိုင်ထားတဲ့ သူတွေဟာ "အမတ-နိဗ္ဗာန်"ကို ရဖို့ချန် လွယ်တယ်။

ပမာဒေါ၊ ပမာဒတရားနဲ့ နေကြမယ်ဆိုယင်၊(ဝါ) သတိကင်းပြီးတော့ နေကြမယ်ဆိုယင်။ မစ္စုနော၊ သေမင်းရဲ့၊ (ဝါ) မရဏတရားရဲ့။ (ဝါ) "မတ" တရားရဲ့။ ပဒံ၊ အကြောင်းတရားပါပေတည်း။

ပမာဒနဲ့နေယင် မရဏရဲ့ မတရဲ့အကြောင်း။ ပမာဒနဲ့နေယင် မရဏနဲ့ နီးစပ်သွားမယ်။ အပ္ပမာဒနဲ့နေယင် အမတနဲ့နီးစပ်သွားမယ်၊ ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်ရှာနေတာက အမတကိုရှာနေတာ၊ အမတလိုချင်ယင် အပ္ပမာဒနှင့်ရှာပါ။ သီလ-သမာဓိ-ပညာ ဒီသုံးခု အပ္ပမာဒနှင့် တွဲထားယင် "အမတ"မြန်မြန်ရမယ်။

အပ္ပမာဒကို 'အ'ဆိုတဲ့ စာလုံးဖြုတ်လိုက်ယင် ပမာဒ-ဖြစ်ပြီး သတိကင်းလို့ မောဟတွေနှိပ်စက်ယင် ဒီလူဟာ မရဏရဲ့အကြောင်း။

## အသက်ရှင်လျက် သေနေသူမဖြစ်ကြလေနဲ့

အပ္ပမတ္တာ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်တဲ့သတိနဲ့နေယင် ထက်သန်တဲ့သတိနဲ့ နေကြတဲ့ပုဂ္ဂိုလ်တို့သည်။ န မီယန္တိ၊ ဘယ်သော အခါမှ မသေနိုင်ကြလေကုန်။ ယေ၊ အကြင်ပုဂ္ဂိုလ်သည်။ ပမာဒံ၊ ပမာဒတရား စိုးမိုး၍ လွှမ်းမိုး၍ နေကြလေကုန်၏၊ တေ၊ ထိုပမာဒ တရား လွှမ်းမိုးပြီးတော့ နေကြတဲ့ပုဂ္ဂိုလ်တို့သည်။ ယထာ မတာ၊ သေ သောသူနှင့် တူကြကုန်၏။

ပမာဒတရား လွှမ်းမိုးနေတဲ့သူတွေဟာ အသက်ရှင်ပေမယ့်လူသေတွေနဲ့ တူနေတယ်။ ပမာဒတရား နှိပ်စက်ယင် ဒါနမှုလဲမရှိဘူး။ သီလ-သမာဓိ ပညာတွေလဲမရှိဘူး။ ဒါန-သီလ-သမာဓိ-ပညာမရှိတဲ့သူသည် အသက်ရှင် နေပေမယ့်လူသေနှင့်တူတယ်။ သံသရာမှာ ထပ်ကာထပ်ကာ သေအုံးမယ့် လူဖြစ်တယ်။

အပ္ပမာဒတရားကြောင့် အပ္ပမာဒတရား လက်လိုင် ထားသူများက တော့ ဒါန-သီလ-သမာဓိ-ပညာမြဲလို့ သံသရာမှာတဖြေးဖြေးနဲ့ သေ ဘေးက ဝေးလို့ အမတတရားနှင့်နီးစပ်သွားလိမ့်မယ်၊ အမတနယ်ထဲကို ဝင်သွားလိမ့်မယ်။

ဘယ်လောက် တန်ဖိုးရှိတဲ့စကားလဲ။ ၄၅-ဝါ၊ ၄၅ နှစ်လုံးလုံး ဟောခဲ့တဲ့တရားတွေကို နောက်ဆုံးမှချုပ်ပြီးတော့ ဒီ အပ္ပမာဒတရားထဲ ထည့်ဟောခဲ့တယ်။ အဲဒီစကား ဘုန်းကြီးတို့ ပရိတ်သတ်က စိတ်ထဲထိထိ ခိုက်ခိုက်မရှိတာက ဘာ့ကြောင့်လဲ၊ အဖြေကတော့ ပမာဒကြောင့်ပဲ။

ပမာဒဆိုတဲ့ မောဟတရား လွှမ်းမိုးနေတဲ့အတွက်ကြောင့် ဆင်ခြေရာ လောက် အရာကျယ်တဲ့ ပိဋကတ်သုံးပုံလုံး အကျုံးဝင်တဲ့ အပ္ပမာဒကို တန်ဖိုး မရှိဘူးရယ်လို့ စိတ်ထဲထင်နေကြတယ်။ တန်ဖိုးရှိကြောင်းနားလည် ကြပါ။ သေခါနီး မှာသွားတဲ့ အဖေ့စကား အသည်းခိုက်အောင်စွဲ ဆိုတာလို ဝိဝဋ္ဋဇနကဖြစ်တဲ့ ဖခင်ဘုရားရှင်နောက်ဆုံးမှာခဲ့တဲ့စကားကိုလဲ အသည်းခိုက်အောင့်စွဲမှ ဘုရားရဲ့သားကောင်း သမီးကောင်း ပီပြင်တယ်။

## မသေဆေး ဘယ်မှာရှာရပါ့

ဒီခေတ်မသေဆေးဆိုတာ တခြားမှာမရှာနဲ့၊အပ္ပမာဒတရားပဲ အသက် ရှည်ဆေး၊ မသေဆေးဘယ်ကရသလဲ့ မေးယင် ဟောဒီ အပ္ပမာဒတရားထဲ

ကာ ရတယ်။ အပ္ပမာဒလို့ခေါ်တဲ့ သတိနဲ့နေယင် ဒီလူဟာမသေဘူးလို့ ခေါ်တယ်။ မသေဆေးတခြားသွားရှာဖို့ လိုသေးသလား။

"မလိုတော့ပါ ဘုရား"

ဒကာဒကာမတွေက တခြားရှာဖို့မလိုဘူးသာပြောတယ်၊ အသက်ရှည်ဖို့ အနာကင်းဖို့ တခြားရှာနေကြသူတွေ တပြုံကြီး၊ ရှာလိုက်ဘာ၊ဘုရားပေးတဲ့ မသေဆေးဟာ အပ္ပမာဒတရားလို့ ဘယ်လောက်ပြောပြော ဖယ်ထားပြီးအသက်ရှည်ဆေးတွေ ဘာတွေရှာလိုက်ဘာ၊တရုံးရုံးဖြစ်နေတယ်။

"ဒီတော့ မိမိတို့ဖခင်အရင်းဖြစ်တဲ့ ဘုရားရဲ့မသေဆေး အပ္ပမာဒ ဖယ်ထားပြီး တခြားနေရာမှာ မသေဆေးလိုက်ရှာယင် ဖခင်တယောက် လိုက်ရှာတာနဲ့ မတူဘူးလား"

"တူပါတယ် ဘုရား"

အဖေသုံးဟောက်ဖြစ်သွားပြီလို့ မဆိုလိုဘူး။ ဒါပေမယ့်အဲဒီသဘော သက်ရောက်နေတယ်။ မိမိရဲ့ဝိဝဋ္ဋဇနက ဖခင်ဖြစ်တဲ့ဘုရာ ရှင်က တကယ့် မသေဆေးလို့ ခေါ်တဲ့အမတအတွက် အပ္ပမာဒတရား ပေးပြီးသားရှိပါ ရက်နဲ့ ဒါကိုဖယ်ထားပြီး မသေဆေးလိုက်၍ ရှာနေကြယင် အရှာလွဲ တာ၊ ဖခင်ဘုရားရှင်ရဲ့စကား အသည်းခိုက်အောင် မှတ်သားကြပါ။

ဒါန-သီလ-သမာဓိ-ပညာလုပ်ငန်း သတိကပ်ပြီး အမြဲမပြတ် အားထုတ်နေသူကို အသက်ရှင်နေသူခေါ်တယ်။ သတိကင်းတာနဲ့တပြိုင်နက် ကုသိုလ်ရေးတွေ အကုန်ရပ်သွားယင် သေတဲ့လူနဲ့တူတယ်။

### အရပ် ၆-မျက်နှာရှိခိုးနည်းဆိုတာဘာလဲ၊

န ခေါ ဂဟပတိပုတ္တ အရိယဿ ဝိနယေ ဧဝံ ဆ ဒိသာ နမဿိတဗ္ဗာတိ။

ဂဟပတိပုတ္တ၊ သိင်္ဂါလ အမည်ရပေတဲ့ အို- သင့်ေသား။ အရိယဿဝိနယေ၊ ငါတို့ရဲ့ အရိယသာသနာ၌။ ဧဝံ၊ ဤသို့။ ဆဒိသာ၊ အရပ်ခြောက်မျက်နှာကို။ န နမဿိတဗ္ဗာ၊ ရှိခိုးရသည် မဟုတ်ပါလေ။

တို့သာသနာတော်နည်းနဲ့ အရပ်ခြောက်မျက်နှာ ရှိခိုးဆိုတာ ဒီနည်း မဟုတ်ဘူး။

''အရှင်ဘုရားတို့ရဲ့ အရိယာသာသနာနည်း အရပ်ခြောက်မျက်နှာရှိခိုး ဆိုတာက ဘယ်နည်းပါလဲဘုရား။ အရှင်ဘုရားတို့သာသနာတော်နည်း၌ အရပ်ခြောက်မျက်နှာရှိခိုးပုံကို တပည့်တော်အား မိန့်ကြားတော်မူပါ ဘုရား''

ဒီအခါ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က—

ဂဟပတိပုတ္တ၊ သူကြွယ်သား၊ (ဝါ) သိင်္ဂါလ အမည်ရပေတဲ့ သဌေးသား။ တေနဟိ၊ ထိုသို့ဖြစ်ပါမူကား။ သုဏောဟိ. နားထောင်လော့။ သာဓုကံ၊ ကောင်းမွန်စွာ။ သုဏောဟိ၊ နားထောင်လော့၊ သာဓုကံမနသိကရောဟိ၊ ကောင်းမွန်စွာ နှလုံး သွင်းလေလော့။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ဆဒိသာနမဿရဏာရဏာ၊ အရပ်ခြောက်မျက်နှာ ရှိခိုးရတဲ့အကြောင်းအရာကို။ ဒေသေဿာမိ- ဘာသေဿာမိ၊ ဟောကြားတော်မူပေတော့အံ့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် သည်။ သိင်္ဂါလကံ ပဟပတိပုတ္တံ၊ သိင်္ဂါလခေါ်တဲ့ သဌေးသားကို။ ဧတံ ဝစနံ၊ ဤဆိုခဲ့ဘဲ့စကားကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

**စိတ်ပါလက်ပါနားထောင်ပါ သိင်္ဂါလ**

**အရပ်ခြောက်မျက်နှာရှိခိုးပုံကို ငါဘုရား မိန့်ကြားမယ်။**

သာဓုကံ သုဏောဟိ=ဟောမယ့်စကားကို ကောင်းမွန်စွာနားထောင် လော့။ မနသိကရောဟိ= နှလုံးသားထဲရောက်အောင် ထည့်ထားလိုက် ပါ။ ပြောမယ့်စကားတလုံး တန်ဖိုးရှိလွန်းလို့ မင်းကောင်းကောင်း နားထောင်။ အသည်းထဲ၊ နှလုံးထဲ စွဲသွားအောင် မှတ်ထားလိုက်လို့ တိုက်တွန်းချက် ဥဒယျာဇဉ်ပြုတော်မူတယ်။

မနသိ၊ စိတ်ထဲ၌၊ ကရောဟိ၊ ထည့်ထားပါ၊ ငါဟောမယ့်စကား မင်းနှလုံးသားထဲရောက်အောင် ထည့်ထားလိုက်ပါဆိုတော့—

သိင်္ဂါလသတို့သား "ဝံ ဘန္တေ- ကောင်းပါပြီဘုရား"

ဒီအခါကျမှ ဘုရားရှင်ကိုယ်တော်မြတ်က ဒိသာ-ကို ပြေပြီ တော့ ဟောပါတယ်။

ဆ ဣမာ ဂဟပတိပုတ္တ ဒိသာ ဝေဒိတဗ္ဗာ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ သူကြွယ် သား။ ဒိသာ၊ အရပ်မျက်နှာတို့သည်ကား။ ဣမာ ဆ၊ ဤခြောက် ပါးတို့ ပါပေတည်း။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

သိင်္ဂါလ အရပ်ခြောက်မျက်နှာဆိုတာ ဒီလိုမှတ်လိုက်ပါ။

## အရပ်ခြောက်မျက်နှာဆိုတာ

(၁) ပုရတ္ထိမဒိသာ မာတာပိတရော ဝေဒိတဗ္ဗာ။
(၂) ဒက္ခိဏဒိသာ အာစရိယာ ဝေဒိတဗ္ဗာ။
(၃) ပစ္ဆိမဒိသာ ပုတ္တဒါရာ ဝေဒိတဗ္ဗာ။
(၄) ဥတ္တရဒိသာ မိတ္တာမစ္စာ ဝေဒိတဗ္ဗာ။
(၅) ဟေဋ္ဌိမဒိသာ ဒါသကမ္မကရာ ဝေဒိတဗ္ဗာ။
(၆) ဥပရိမဒိသာ သမဏဗြာဟ္မဏာ ဝေဒိတဗ္ဗာ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို- သူကြွယ်သား။

(၁) မာတာပိတရော၊ မိဘနှစ်ပါးတို့ကို။ ပုရတ္ထိမဒိသာတိ၊ အရှေ့ အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ အရှေ့အရပ်ဆိုတာ မိဘနှစ်ပါးကိုသတ်မှတ်ပြီးတော့ထားပါ။ သိင်္ဂါလ ထင်နေ တာက အရှေ့အရပ်ဆိုတာ တကယ့်အရှေ့အရပ်ကို လှည့်ရှိခိုး နေတာ။ မြတ်စွာဘုရားက အရှေ့အရပ်ဆိုတာ မိဘနှစ်ပါး ဖြစ်တယ်။

(၂) အာစရိယာ၊ ဆရာသခင်ကျေးဇူးရှင်တို့ကို။ ဒက္ခိဏဒိသာတိ၊ တောင်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ ဆရာသခင် ကျေးဇူးရှင်တို့ကို တောင်အရပ်ဟူ၍ သတ်မှတ်ထားပါ။

(၃) ပုတ္တဒါရာ၊ သားမယား တို့ကိုတော့။ ပစ္ဆိမဒိသာတိ၊ အနောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ သားမယား တို့ကို အနောက်အရပ်ဟူ၍ သတ်မှတ်ပါ။

(၄) မိတ္တာမစ္စာ၊ အဆွေခင်ပွန်း တို့ကိုတော့။ ဥတ္တရဒိသာတိ၊ မြောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။ အဆွေခင်ပွန်း တို့ကို မြောက်အရပ်ဟူ၍ သတ်မှတ်ပါ။

(၅) ဒါသကမ္မကရာ၊ အလုပ်သမား အစေအပါး တို့ကိုတော့။ ဟေဋ္ဌိမဒိသာတိ၊ အောက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ် ပေ၏။ အလုပ်သမားအစေအပါးတို့ကိုတော့ အောက်အရပ် လို့ သတ်မှတ်ပြီးတော့ထားပါ။

(၆) သမဏဗြာဟ္မဏာ၊ သူတော်သူမြတ်နဲ့ ရသေ့ရဟန်းတို့ကိုတော့။ ဥပရိမဒိသာတိ၊ အထက်အရပ်ဟူ၍။ ဝေဒိတဗ္ဗာ၊ သိထိုက် ပေ၏။ ဝါ-မုချမသွေ သိထိုက်ကုန်ပေ၏။ သူတော်သူမြတ်နဲ့ ရသေ့ရဟန်းတို့ကို အထက်အရပ်ဟူ၍ သတ်မှတ်ပါ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ အရိယသာဝိနယေ၊ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အရိယသာသနာ တော်၌၊ ဆဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို။ ဝေ၊ ဤသို့။ ဝေဒိ တဗ္ဗာ၊ မုချ သွေ သိထိုက်ပါပေကုန်တော့သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

အရပ်ခြောက်မျက်နှာ ဘုရားရှင် ကိုယ်တော်မြတ် သတ်မှတ်ပေး လိုက်ပြီ၊

''ဒီတရားကိုနာယူတဲ့ သိင်္ဂါလသတို့သားသည် ဘုရားသာသနာ တော်၌ ရတနာသုံးပါးကို မယုံကြည်မလေးစားတဲ့ မိစ္ဆာဒိဋ္ဌိနော်''

''မှန်ပါဘုရား''

ထိုမိစ္ဆာဒိဋ္ဌိ သိင်္ဂါလကို ဘုရား တရားဟောနေတာဟာ ခန္ဓာ- အာယတန-ဓာတ်-သစ္စာနဲ့ ကံ-ကံ၏ အကျိုးတရားဆိုတာကို ဘုရား ဘာမှအကျယ်မဟောဘူး။ သူနဲ့တန်တာလေးက စ,ဟောတယ်။

## မိတ်ဆွေယုတ် ၁၆-ယောက်

ဒီပုဂ္ဂိုလ်က လောကကြီးပွားရေးတခုပဲ ရှေးရှုနေတဲ့ ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် မြတ်စွာဘုရားသခင်က သူ့ကို လောကလူမှုရေးကျင့်ဝတ်က စ-ဟောတယ်။ ဒါကြောင့် ဗုဒ္ဓရှင်တော်မြတ်ဟာ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္တဝါများယဉ်ကျေးအောင် ဆုံးမတဲ့နေရာမှာ အတု မရှိတဲ့ ဘုရား။ ဘယ်က စ-ဟောလဲဆိုတော့—

(၁) ယုတ်မာတဲ့လုပ်ငန်းကြီးလေးခု။

(၂) မလိုက်စားသင့်တဲ့ အဂတိတရားလေးပါး။

(၃) စီးပွားပျက်စီးကြောင်း မကောင်းတဲ့အကျင့်ခြောက်မျိုး။

(၄) ယုတ်မာတဲ့ မိတ်ဆွေလေးမျိုး။

ယုတ်မာတဲ့မိတ်ဆွေလေးမျိုးကလဲ တမျိုးတမျိုးကို အင်္ဂါလေးချက် ပြတယ်။ အဲဒီဟာ သေသေချာချာ ပြော့မယ်ဆိုယင် မိတ်ဆွေအမျိုးမျိုး ရှိရာမှာ ယူရုံသာယူတတ်တဲ့ မိတ်ဆွေကို အကျယ်ပွားလိုက်ယင် အင်္ဂါ လေးချက်ပါတယ်။

(၁) ယူရုံသာယူတတ်တယ်။

(၂) နည်းနည်းလေး ကိုယ်ကပေးပြီး သူတပါးထံမှ အများကြီးယူချင် တယ်။

(၃) ကိုယ့်ဘေးကြုံမှ သူတပါးကို သွားရောက်ပြီး ခစားတယ်၊ ကူညီတယ်၊ စောင့်ရှောက်တယ်။ ချဉ်းကပ်တယ် ဘာအတွက် ကူညီစောင့်ရှောက်သလဲ၊ ဘယ်အခါ ကူညီစောင့်ရှောက် သလဲ၊ ဘာဖြစ်လို့ ကူညီစောင့်ရှောက်သလဲ၊ ကိုယ့်ဘေးတွေ့မှ သူများ အကူ အညီသွားပေးတယ်။ ကိုယ့်ဘာဘေးမှမရှိတဲ့ အချိန်၊ သူများ ဘာအကူအညီမှ သွားမပေးဘူး။ အဲဒါ ယုတ်မာတဲ့မိတ်ဆွေရဲ့သဘော၊ ကိုယ့်ဘေးတွေ့မှ သူများအကူ အညီသွားပေးတာကကိုယ့်အတွက် အကာအကွယ်အကူအညီ လိုချင်တဲ့သဘောဖြစ်တယ်။

(၄) မိမိရဲ့ အကျိုးစီးပွားကို မျှော်ပြီး သူတပါးကို ချဉ်းကပ်လာတတ်တယ်။

အဲဒါ အညဒတ္ထုဟရ မိတ်ဆွေယုတ်ရဲ့ အင်္ဂါလေးချက်။ ဒီအင်္ဂါလေးချက်ကို တယောက်ချင်းတယောက်ချင်း ခွဲပြီး ယုတ်မာတဲ့မိတ်ဆွေလေးယောက်လို့ ပြောရယင် ဒီလေးယောက်ပွားတယ်။ ကျန်တဲ့မိတ်ဆွေယုတ်တွေမှာလဲ ဒီအတိုင်း လေးချက်စီ လေးချက်စီ ပွားသောကြောင့် ယုတ်မာသော အင်္ဂါတချက်တချက်ကို မိတ်ဆွေယုတ် တယောက်တယောက်ထားယင် ၄×၄ လီ ၁၆-ဆိုတော့ မိတ်ဆွေယုတ် ၁၆-ယောက်ရှိတယ်။

## မိတ်ဆွေကောင်း ၁၆-ယောက်

မိတ်ဆွေကောင်းလဲ ဒီအတိုင်း ၁၆-ယောက် ရှိရတယ်။

(၁) ဥပကာရ မိတ်ဆွေ။
(၂) သမာနသုခဒုက္ခ မိတ်ဆွေ။
(၃) အတ္ထက္ခာယီ မိတ်ဆွေ။
(၄) အနုကမ္ပက မိတ်ဆွေ။

''ထိုမိတ်ဆွေလေးယောက်မှာလဲ တယောက်တယောက်ကို ဒီလို အင်္ဂါလေးချက်စီ မရှိဘူးလား''

''ရှိပါတယ်ဘုရား''

မိတ်ဆွေကောင်းလေးယောက်မှာ တယောက်ယောက်လျှင် အင်္ဂါလေးချက်စီ လာခြင်းကြောင့် ၄+၄=လီ ၁၆-ယောက်ဖြစ်တယ်။

မကောင်းတဲ့မိတ်ဆွေ ၁၆-ယောက်။

ကောင်းတဲ့မိတ်ဆွေ ၁၆-ယောက် ဒီလိုပွားယင် ရဘယ်။

အကျယ်ချဲ့ယင် မိတ်ဆွေပေါင်း ၃၂-ယောက်ကို ဇာတ်တော်ဘခုစီ ထည့်ဟောထင် ၃၂-ဇာတ်ထည့်ဟောရမယ်။ လိုရင်းကျင့်ဝတ်များမိယင် ပရိသတ်များ စဉ်းစားနိုင်လောက်ပြီ ဆိုပြီးတော့ မကျဉ်းမကျယ်ဟောပါတယ်။

## မုဒ္ဒသည္တနိပြတဲ့ အရပ် ၆-မျက်နှာ

ဒါပြင့်ယင် ရှေ့ပိုင်းဟောခဲ့တဲ့ ကျင့်ဝတ်ကိုခြုံလိုက်ယင်"သေဝိတဗ္ဗ" သဘောနှင့် "ဝဇ္ဇနီယ"သဘောလို့ အချက်နှစ်ချက် ထွက်လာမယ်။

"သေဝိတဗ္ဗ"ဆိုတာ မှီဝဲရမယ့် သဘောတရား လက္ခဏာတွေ။

"ဝဇ္ဇနီယ"ဆိုတာ ရှောင်ဖယ်ရမယ့် သဘောတရား လက္ခဏာတွေ။

ရှေးဟောပြီးတာ အကုန်ခြုံယင် ဒီသဘောနှစ်ခုဝင်တယ်။ ရှောင်ဖယ်ရမှာရယ်၊ မှီဝဲသင့်တာရယ်၊ ဒီနှစ်မျိုးကို မြတ်စွာဘုရားသခင်က သိင်္ဂါလကို ဟောပြီးပါပြီ။ အဲဒါ လူမှုရေးတရားတွေ၊ လောကကျင့်ဝတ်တွေ၊ လောက ကြီးပွားကြောင်းတရားတွေကို ဟောခဲ့တာ။

သိင်္ဂါလ တော်တော်စိတ်ထဲ နူးညံ့လာပြီး အာရုံစူးစိုက်လာတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားဆာ အရပ် ၆-မျက်နှာကို ချပြီးပြလိုက်တော့ အရပ် ၆-မျက်နှာထဲမှာက ဘုရား၊ တရား၊ သံဃာ၊ ရဟန်း၊ဆရာသမား၊ မိဘ၊ ဆွေမျိုး စသည်တို့ အကုန်ပါသွားပြီ။

(၁) မိဘနှစ်ပါးက အရှေ့အရပ်၊

(၂) ဆရာသမားက တောင်အရပ်၊

(၃) သားမယားက အနောက်အရပ်၊

အနောက်အရပ်မှာ "အ"ကလေးဖြုတ်လိုက်ယင် 'နောက်'၊ အရှေ့အရပ်မှာ "အ"ကလေးဖြုတ်လိုက်ယင် 'ရှေ့' ဖြစ်မယ်။ 'ရှေ့'ဆိုတာ မိဘနှစ်ပါး၊ 'နောက်'ဆိုတာ သားမယား၊ ဒါကို ပြောင်းပြန်ပြန်လှန်ယင် လောကကြီးပျက်စီးရော။

လူမှုရေးကျင့်ဝတ်ဆိုတာ လွယ်လွယ်ကလေးပါ၊ မိဘနှစ်ပါး ရှေ့ဦးစွာ မွေးကထား၊ ရှေ့တန်းတင်ထား။ ရှေ့တန်းတင်ထားရမယ့် မိဘကို နောက်တန်းပို့၊ နောက်တန်းထားရမယ့် သားမယားကို ရှေ့တန်းပို့ယင် ဒီအိမ်ထောင်ရေး မပျက်ပဲနေပါ့မလား။

(၄) မိတ်ဆွေက မြောက်အရပ်။

မိတ်ဆွေယုတ်မိတ်ဆွေစစ်အကြောင်းလဲအကျယ်ဖွဲ့ဟောလို့"သုံးဆယ့်နှစ်မျိုး" ထွက်သွားပြီ။

(၅) ကျွန်အမှုထမ်း အလုပ်သမားက အောက်အရပ်။

အိမ်တွင်းမှာ မွေးဖွားသော ကျွန်၊ ဥစ္စာဖြင့်ဝယ်သောကျွန်၊ ကိုယ်တိုင် ကျွန်အဖြစ် ကပ်ရောက်လာသောကျွန်၊ သုံ့ပန်းလက်ရ ဖမ်းလာသော ကျွန်ရယ်လို့ ကျွန်အမျိုးအစားများ ရှိကြတယ်။ ယခုခေတ်တော့ အိမ်ဖော်အလုပ်သမားခေါ်တယ်။

(၆) ရဟန်းသော ရဟန်း သူတော်သူမြတ်တွေက အထက်အရပ်။

သမဏ-ဆိုတဲ့ပုဒ်က ကိလေသာငြိမ်းကြောင်း အကျင့်ကောင်း ကျင့်သုံးတဲ့ ပုဂ္ဂိုလ်၊ ဗြာဟ္မဏ ဆိုတာ မကောင်းမှုကို ခွာရှောင်နေတဲ့ သူတော်ကောင်း ရသေ့ ရဟန်း သူတော်သူမြတ်တွေကို အထက်အရပ်သို့သတ်မှတ်ထားပါ။ အရပ် ၆-မျက်နှာပြည့်သွားပြီ။

(၁) အရှေ့အရပ်ဆိုတာ မိဘနှစ်ပါး

မိဘနှစ်ပါးကို အရှေ့အရပ်လို့ ဘာကြောင့် သတ်မှတ်ရသလဲဆိုယင် ဒီကနေ့မျက်မှောက် ပစ္စက္ခဘဝမှာ လူ စ-ဖြစ်တဲ့အချိန်မှာ ကျေးဇူးအများဆုံးပုဂ္ဂိုလ်ဟာ ဘယ်သူလဲဆိုယင်၊ လူဖြစ်တာနဲ့တပြိုနက်ကျေးဇူးတင်ရမယ့်ပုဂ္ဂိုလ်ကိုရှာယင် မိဘနှစ်ပါးသည် ရှေးဦးစွာကျေးဇူးတင်ရမယ့် ပုဂ္ဂိုလ်ဖြစ်တယ်။

တမျိုးပြောရယင် ဒီလူ့လောကလူ စ-ဖြစ်တဲ့အချိန်ကစပြီးရှေးဦးစွာပြုစုစောင့်ရှောက်တဲ့ ကျေးဇူးရှင်သည် မိဘနှစ်ပါး။ လူဖြစ်တဲ့အချိန်ဆိုတာ မိခင်ဝမ်းထဲ ပဋိသန္ဓေ စနေတယ်ဆိုကတည်းက လူဖြစ်တာ၊ မိခင်ဝမ်းအပြင်ထွက်လာမှ လူဖြစ်တာ မဟုတ်ဘူး၊ အမေ့ဝမ်းထဲ နေခဲ့ရတဲ့ ကိုးလလွယ်၊ ဆယ်လကတည်းက လူဖြစ်နေတာ။

ဘုရားသာသနာတော် နည်းကတော့ ဘုန်းကြီးတို့ ရဟန်းခံမယ့် ရဟန်းလောင်းတွေ သိမ်ထဲမှာစစ်ဆေးတော့၊ "ပရိပုဏ္ဏဝီသတိ ဝဿောသိ နှင်- မင်းအသက်ပြည့်ပလား" "ပြည့်ပါတယ်ဘုရား" "ဘယ်လိုပြည့်သလဲ" ထပ်စစ်ဆေးတော့၊ "၁၉-နှစ် နှစ်လရှိပါပြီတဲ့"၊ အမိဝမ်းထဲ နေခဲ့ရတဲ့ ၁၀-လကို ထပ်ပေါင်း အနှစ် ၂၀- ပြည့်ရောမဟုတ်လား။ ဘုရားသာသနာနည်းက အမိဝမ်းထဲက ၁၀-လဟာ လူဖြစ်တဲ့ ၁၀-လပါတယ်။

လူမှုရေးမှာလဲ ဒီလိုရှိဖို့ကောင်းတယ်။ သာသနာရေးမှာလဲ ဒီဥပဒေ ရှိတယ်၊ ဒီတော့ ဘုန်းကြီး ဆိုလိုချင်တာက လူဖြစ်ဘာ လူစာရင်းဝင်တာ ဘယ်အချိန်ကစသလဲဆိုယင် မိခင်ဝမ်း၌ပဋိသန္ဓေနေချိန်က စ-ပါတယ်။

## မိဘနှစ်ပါးက မေတ္တာကရုဏာနဲ့ စောင့်ရှောက်မှု

အဲဒီလို ပဋိသန္ဓေနေလို့ မိခင်ဝမ်း၌ ပဋိသန္ဓေယူချိန်က စ-ပြီး အဖေ လုပ်သူကလဲ "ငါ့ အိမ်ရှင်မတော့ ပဋိသန္ဓေယူပြီ၊ ငါ့ အိမ်ရှင်မတော့ ကိုယ်ဝန်ယူပြီ၊ အလုပ်ကြမ်းမလုပ်နဲ့၊ မပြေးနဲ့၊ မလွှားနဲ့၊ အလေးအပင် မမနဲ့၊ အစားအစာ၊ ဘယ်လို၊ ရေပူရေချမ်းဘယ်လို၊ ပင်ပန်း တဲ့အလုပ် တွေမလုပ်နှင့်၊ လေးလံတဲ့ဝန်ထုပ်ကြီးတွေ မရွက်နှင့်" ဂဗ္ဘပရိဟာရ = ကိုယ်ဝန်စောင့်ရှောက်မှုကို ဖခင်ကဒီအချိန်ကစပြီးတော့ ပေးရတယ်။

ဘာအတွက် ဒီလိုဖခင်က စောင့်ရှောက်ရသလဲဆိုယင် အမိဝမ်းထဲ မှာ ရှိတဲ့ကလေးကို စောင့်ရှောက်တာ၊ အဲဒီထဲက ကျေးဇူး များတယ်၊ ဘဝတခုမှာစတင်ပြီးတော့ ကျေးဇူးပြုတဲ့ ကျေးဇူးရှင်သည် ဒီအမေနှင့် ဒီအဖေ၊ ဒါကြောင့်ရှေးဦးစွာ ကျေးဇူးပြုတဲ့ ကျေးဇူးရှင်အမေနဲ့အဖေကို အရှေ့အရပ်လို့ သတ်မှတ်ထားပါ။

လူ့လောကကြီး ရောက်လာတဲ့အချိန်၊ လူ့ဘဝရောက်လာတဲ့အချိန်၊ မိခင်ဝမ်းရဲ့ အပြင်ဘက် ရောက်လာတဲ့ အချိန်များအတွက် ငမ်းထဲမှာ ရှိတဲ့ကလေး မိခင်စောင့်ရှောက်ရတဲ့ ဝတ္တရားတွေကို ဘုန်းကြီး တို့အသေး စိတ်ပြောဖို့မလိုဘူး။

## ကျေးဇူးရှင် ဖေဖေနဲ့မေမေ

မိခင်ဝမ်းထဲမှာ ကလေးလေးရောက်ပြီ၊ သန္ဓေတည်ပြီဆိုတဲ့ အချိန်က စပြီး မိခင်မှာစောင့်ရှောက်လိုက်ရတာ။ ပူလွန်းစပ်လွန်းတာတွေလဲ စား လို့မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုယင် သိပ်ပူလှချည်ရဲ့ဆိုတဲ့ ဂျင်း-ငရုတ်- ပိတ်ချင်းတွေ၊ တြိကဋုတ် သုံးပါးဆိုတာမျိုးတွေများ စားလိုက်ယင် ဝမ်းထဲက ကလေးဟာ ပျော်ပြီးပျက်စီးသွားနိုင်တယ်။

အဲဒီအချိန်ထဲက မေတ္တာထားလာကာ၊ သားသမီးမပျက်စီးပါစေနှင့် ဆိုပြီး အမေလုပ်သူမှာ ထိန်းလိုက်ရဟာ၊ ပူတာလဲမစားဝံ့၊ အေးတာလဲ

မစားဝံ့၊ လေးလံတဲ့ ဝန်ထုပ်ကြီးတွေမထမ်းဝံ့၊ မရွက်ဝံ့၊ ပြေးဟယ်-လွှားဟယ်-ခုန်ဟယ်-ပျံဟယ်လဲမလုပ်ဝံ့ဘူး၊ မေ်တော်ကားမောင်းတာတို့၊ စက်ဘီးစီးတာတို့လုပ်ယင် ခက်ကုန်ရော။

မိခင်ဖြစ်သူက ဝမ်းထဲက ကလေးကို စောင့်ရှောက်ရတယ်။ ဖခင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ စောင့်ရှောက်ရတယ်၊ အဲဒီစောင့်ရှောက်မှုဆိုတာ မေတ္တာ၊ ကရုဏာနှစ်ပါးနဲ့ စောင့်ရှောက်ရတာ။

လောကကြီး စဘတည်းက ကျေးဇူးရှင်သည် ဒီအမေနှင့်ဒီအဖေ၊ လူဖြစ်ပြန်တော့လဲ ကြည့်လိုက်အုံး၊ အပြင်ဘက်ရောက်လို့ ဖွားလာပြန်တော့ ရေမိုးချိုးပေးရ၊ နှပ်ကလေးတွေထွက်လာယင် အမေလုပ်သူက မရွံမရှာ သုတ်လိမ်းပေးရ၊ ခန္ဓာကိုယ် အညစ်အကြေးမှန်သမျှ အမေက သုတ်လိမ်းပေးရတယ်။

အောက်ပိုင်းက အညစ်အကြေး၊ အထက်ပိုင်းက အညစ် အကြေးတွေကို မိခင်ဖြစ်သူသည် မရွံမရှာ လုပ်ရတယ်။ ကိုယ့်အညစ် အကြေးတောင် ကိုယ်ဒီလောက်မလုပ်ပါဘူး၊ သားသမီးရဲ့ အညစ်အကြေးများ သုတ်သင်လိုက်ရတာ။ ဒီကျေးဇူးတွေ ထောက်ထားပြီး လောကမှာ အစောဆုံးဖြစ်တဲ့ ကျေးဇူးရှင်၊ ရှေးဦးစွာ ကျေးဇူးပြုတဲ့ ကျေးဇူးရှင်သည် ဒီအမေနှင့် ဒီအဖေသာ ဖြစ်ဘယ်။

## မိဘမေတ္တာကြီးမားလေစွ

အဇာတသတ် မင်းတရား မွေးဖွားလာတော့ လက်ညှိုးမှာ ခူနာကြီး ပေါက်လာတယ်၊ အထဲမှာ သွေးတွေ ပြည်တွေနဲ့ လှိုက်ပြီးစားနေတယ်။ ခူနာ ပေါက်တော့ မင်းသား ငယ်ငယ်ကလေး ငိုလိုက်တာ၊ ခြေ ထောက်တွေ ထိုးထိုး ထွန့်ဘုန့်နဲ့ လူးလှိမ့်ပြီး ငိုတာပဲ။ ဘာပြုလို့လဲဆိုတော့ ပြည်တွေက အထဲတည်ပြီး လှိုက်စားတော့ ကိုက်လွန်းလို့ငိုတာ၊ အဖေ ဖြစ်သူ ဘုရင် ဗိမ္ဗိသာရ မင်းတရားက သားလေးငိုလွန်းလို့ ဆေးဝါးနှင့် ဘယ် လိုမှ မတတ်နိုင်တော့ ရုတ်တရက် အငိုတိတ် ပြီရောဟဲ့ ဆိုပြီး ခူနာ ပေါက်နေတဲ့ လက်ညှိုးကို အဖေဖြစ်သူက ငုံထားရရှာတယ်။

ငုံထားတော့ ပါးစပ်အာပူငွေ့လေး ငြိမ်လဲဆိုရော၊ တဖြေးဖြေးနဲ့ ခူနာကိုက်တာ သက်သာကာ ပါးစပ်က အာပူငွေ့နှင့် ခူနာထဲမှာရှိတဲ့ တေဇောဓာတ်နှစ်ခုစပ်ပြီး သွေးတွေ ပြည်တွေ ပေါက်ပြီတော့ ဗိမ္ဗိသာရ

မင်းကြီး ရဲ့ ပါးစပ်ထဲ သွေးပုပ် ပြည်ပုပ်တွေ ကျသွားတယ်။ ပါးစပ် ဖွင့်ဟ ထွေးလိုက်မယ်ဆိုယင် သားလေး နာကျင်ကိုက်ခဲလို့၊ ငိုမှာ စိုးလို့ ဆံ့ပြီး ဖခင်ကြီးက သားရဲ့ ချစ်ခြင်းဖြင့် ထိုသွေးပြည် အညစ် အကြေး တွေကို အကုန်လုံး မြိုချပစ်ရရှာတယ်။

လောကမှာ စတင် အများဆုံး ကျေးဇူးရှင် မိဘနှစ်ပါးက စောင့် ရှောက်မှုနဲ့ တဖြေးဖြေးနဲ့ ကြီးမား၊လာလို့ ငါးနှစ် ခြောက်နှစ် အရွယ် ရောက်မှ ပညာသင်ဘဲ့ ဆရာထံရောက်တယ်၊ ဆရာ့ ကျေးဇူးဆိုတာ အဲဒီ တော့မှရတယ်၊ မိဘကျေးဇူးကတော့ ပဋိသန္ဓေထဲက ပါလာတယ်၊ ဒါ့ကြောင့် ရှေးဦးစွာ ကျေးဇူးပြုတဲ့ ကျေးဇူးရှင် အဖေနဲ့ အမေကို အရှေ့ အရပ်လို့ သတ်မှတ်ထားပါ။

## (၂) တောင်အရပ်ဆိုတာ ဆရာသမား

ဒက္ခိဏ တောင်အရပ်ဆိုတာ ဆရာသမားများကို ခေါ်တယ်။

ဒက္ခိဏပုဒ်ကို နောက်တမျိုး ဝေါဟာရပြင်ယင် ဒက္ခိဏေယျ လို့လဲ ခေါ်တယ်။ ဒက္ခိဏပုဒ်သည် ဒြဗ်-ဂုဏ်-ကြိယာ တို့တွင် ဒြဗ်ကိုဟောယင် တောင်ဘက်၊ လက်ျာဘက်။ ထိုဒက္ခိဏပုဒ်ကို ကြိယာဟော ယူခဲ့မယ် ဆို ယင် ဒက္ခိဏဆိုတာ အလှူ ဟောတယ်။

"ဒက္ခိဏဝိဘင်္ဂသုတ် ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

နောက်တမျိုး ယူယင် ဒက္ခိဏဆိုတာ အရိုအသေပြုတာ။

ဒါ့ကြောင့် ဒက္ခိဏပုဒ်သည် တောင်အရပ်၊ လက်ျာဘက်၊ အလှူ ဒါန၊ အရိုအသေပြုခြင်း၊ (လိမ္မာခြင်း) အနက်အဓိပ္ပာယ် လေးမျိုးကို ဟောတယ်။

### ပူဇော်ထိုက်တဲ့ အာစရိယဆရာ

ဆရာသမားဆိုတာ လောကမှာ လူတလုံး သူတလုံး ဖြစ်အောင် ကြီးပွားကြောင်း ပညာတွေသင်ပေးပြီး မကောင်းတာတွေကိုတားမြစ် ပေး၊ ကောင်းတာတွေကို ညွှန်ကြားပေး၊ ပညာသင်ပေးတဲ့အတွက်

ကြောင့် ဒက္ခိဏ= တပည့်တို့ရဲ့ ပူဇော်ခြင်း၊ အရိုအသေ ပေးခြင်းကို ခံထိုက်ပါတယ်။ ဆရာဖြစ်သူသည် တပည့်တို့ရဲ့ အရိုအသေ ပြုခြင်း၊ ပူဇော်ခြင်း၊ အလှူအဒါန်းပြုခြင်း၊ လက်အုပ်ချီမိုးခြင်းကို ထိုက်လေသောကြောင့် ဆရာကို ပါဠိလို ဒက္ခိဏလို့ သတ်မှတ်ပြီး ထားတယ်၊ တောင်အရပ်ပါပဲ။

အရိုအသေပြုခြင်းကို ခံထိုက်သောကြောင့် ဒက္ခိဏ တောင်အရပ်ဖြစ်တဲ့ ဆရာသမားကို လကျ်ာဘက်ကထားပါ။ အရှေ့လောကဓာတ်က နေထွက်သတဲ့အခါ နေရှိရာဘက် မျက်နှာမူလိုက်၊ လကျ်ာဘက်သည် တောင်၊ လက်ဝဲဘက်သည်မြောက်၊ မြဘ်ရာအရပ် တောင်အရပ်ကို ဆရာလို့ သတ်မှတ်ထားတယ်၊ လကျ်ာဘက်ပါပဲ။

## (၃) အနောက်အရပ်ဆိုတာ ဇနီးသားသမီး

သား၊ သမီး၊ ဇနီးတို့က အနောက်အရပ်မည်တယ်။ အိမ်ထောင်ကခုလုံး ဦးစီးဖြစ်နေတဲ့ ဒါယကာကြီးသည် မိဘနှစ်ပါးကို ရှေ့တန်းက ထားပြီ ပြီ၊ ရိုသေရမယ့်ဆရာကို လကျ်ာဘက်က ထားပြီးပြီ။ သားသမီး ဇနီးကို နောက်နားကထားရမယ်။ အိမ်ထောင်ဦးစီး ဒါယကာကြီးရဲ့နောက်မှာ အမြဲတမ်း ဇနီး၊ သားသမီးရှိတယ်။

ထိုအိမ်ထောင်ဦးစီး ဒါယကာကြီးရဲ့နောက်မှာ သားသမီးရှိရမယ်။ အဲဒီလိုမဟုတ်ပဲနှင့် ဒါယကာကြီးကနောက်၊ ဒါယိကာမကြီးက ရှေ့တင်လိုက်ယင် ဟန်ကျပါ့မသား၊ အစဉ်သဖြင့် သားသမီးနှင့်ဇနီးတို့ဟာ အိမ်ထောင်ဦးစီး ဒါယကာကြီးရဲ့ နောက်ကပဲနေရမယ်။ ဒါကြောင့် အနောက်အရပ်လို့ သတ်မှတ်ထားတယ်။ ဒါပေမယ့် အချို့ဒါယိကာမကြီးတွေက ရှေ့၊ ဒါယကာကြီးတွေက နောက်ရှိသေးတယ်။

သိကြားမင်းကြီးသွားလေရာ သုဇာတာမိဖုရားကို ခေါ်သွားတယ်၊ သက္ကပဉ္စသုတ်မှာ ဒီအကြောင်းပါတယ်။ သိကြားမင်းသည် ဘယ်သွားသွား သွားလေရာမှာ သူ့မိဖုရားလေးယောက်ရှိတဲ့အထဲက ကျန်တဲ့မိဖုရားတွေကို သုဇာတာလောက် အရေးမပေးဘူး၊ သူ့ရဲ့နန်းတော်ဝေဇယန္တာထဲ ထားပစ်ခဲ့တယ်။ သုဇာတာ နတ်မိဖုရားကြီးကျတော့ မထားဘူး၊ အသုရာရဲ့သမီးဖြစ်ပေမယ့် သွားလေရာ အမြဲတမ်းရှေ့တန်းတင် ခေါ်သွားတယ်။

မဟာသိဝမထေရ်ကြီး တရားအားထုတ်တာ နှစ်ပေါင်း သုံးဆယ် ပြည့်တဲ့နေ့မှာ ရဟန္တာဖြစ်တော့ခြေထောက်တွေကပေါက်ကွဲပြီး အညစ်အကြေးတွေပြည့်နေတယ်။ မဟာသိဝမထေရ်ရဲ့ ခြေထောက်ကွဲပြနေတာကို ဆေးကုပေးမယ်ဆိုပြီး သိကြားမင်းဝင်လာပေမဲ့ အချိန်ကျာတော့ မဟာသိဝမထေရ်ရဲ့ အနားမှာ ရဟန်းတော်နှစ်ပါး ခြံရံနေတယ်၊ သိကြားမင်းဝင်လို့မရဘူး။

## သိကြားမင်းနဲ့သုဇာတာကို အားကျလိုထင်ပါ

တပည့်ရဟန်းတော် နှစ်သောင်းကျော်ခြံရံနေတဲ့ မဟာသိဝမထေရ် အနား သိကြားမင်းမကပ်နိုင်တော့ သုဇာဟာဒါယိကာမကြီး ရှေ့တန်းတင်ပြီး သိကြားမင်းကြီးက နောက်နားက ကပ်ပြီး လိုက်လာတယ်။ နောက်က မာတုဂါမပါပါတယ်ဘုရားလို့ အော်လိုက်သေးတယ်။

သိကြားမင်းက နောက်ကအော်တော့ ရှေ့သံဃာတော်များက လှည့်ကြည့်တယ်၊ သုဇာတာကလဲ အတင်းဝင်တိုးတယ်၊ တပည့် နှစ်သောင်းက မထေရ်ကြီးကို ပြုစုမယ်လုပ်နေဆဲ သုဇာတာ ဒါယိကာမကြီးက သံဃာတော်တွေထဲ အတင်းတိုးဝင်တယ်။ ဘုန်းနေရ ဟုတ်တယ် မဟုတ်တယ် ပစဉ်းစားဘူး၊ ရဟန်းတော်များက ဒါယိကာဝင်လာတယ် ဆိုတော့ အားလုံးရှောင်ပေးရတယ်။ ဒီအခါ သိကြားမင်း ရှေ့ဝင်ပြီတော့ မဟာသိဝမထေရ်ကြီးရဲ့ခြေထောက်ကို ရေမျှားဆေးကြော ဆုတ်နယ်ပြီး ဆေးကုပေးသွားတယ်၊ နှစ်ပေါင်း သုံးဆယ်လုံးလုံး စင်္ကြံလျှောက် တရားအားထုတ်လို့ ပေါက်ကွဲပြနေတဲ့ ခြေထောက် သိကြားမင်းဆေးကုမှ ပျောက်သွားတယ်။

ဒီတော့ ဒါယိကာမကြီးတွေ ရှေ့တန်းတင်သွားတဲ့ ဒါယကာကြီးများကို ဘုန်းကြီးက အပြစ်မတင်ပါဘူး။ အဲဒီဝတ္ထုကြည့်တော့ ဒီလိုအခွင့်အရေးမျိုးလိုချင်လို့ ဒါယိကာမကြီးတွေ ရှေ့တန်းတင်တာဖြစ်မှာပါ။ ဒီလိုအခွင့်အရေးမျိုးနဲ့ ရှေ့တန်းတင်တာဆိုယင် တင်ထိုက်တယ်၊ ချီးကျူးရမယ်။ ကိုယ်က ရှေ့ဘယ်လိုမှတက်မရလို့ သူ့ ရှေ့တန်းတင်ထားရတယ်ဆိုယင်တော့ ဟန်မကျဘူး။ နေရာတကာ ဒါယိကာမကြီးက ရှေ့၊ ကိုယ်က နောက်တန်းက နေရတယ်ဆိုယင် အဲဒီအိမ်မှာ အလုပ်တွေ ပြောင်းပြန် ပြန်ကုန်ပြီ။

ဒါယိကာမနှင့် သားတွေသမီးတွေသည် ထိုအိမ်ထောင်စုကြီး၌ ဒါယကာကြီးကို ကျော်၍ကျော်၍မတက်ပါနှင့်၊ နောက်ကနေမှတော်မယ်။ ဒါကြောင့်အနောက်အရပ်လို့ သတ်မှတ်ထားတဲ့ ဒါယိကာမတွေ နောက်မှာပဲအမြဲရှိပါစေ။

## (၄) မြောက်အရပ်ဆိုတာ မိတ်ဆွေ

မိတ်ဆွေက မြောက်အရပ်မည်တယ်။ မိတ်ဆွေများကျတော့ ဘာပြုလို့ မြောက်အရပ် သတ်မှတ်သလဲဆိုယင် ပါဠိစကားမှာ ဥတ္တရဆိုတဲ့ ပုဒ်ရှိတယ်၊ ဥတ္တရဆိုတဲ့ပါဠိပုဒ်သည် အရပ်ဟောလျှင် မြောက်ကိုဟောတယ်၊ ကြိယာ ဟော ယူခဲ့မယ်ဆိုယင် ဥတ္တရပုဒ်သည် ကျော်လွှန်ခြင်းဆိုတဲ့ အနက်ကိုဟောတယ်။

မိတ္တာမစ္စေ၊ မိတ်ဆွေခင်ပွန်းတို့ကို။ နိဿာယ၊ အမှီပြု၍။ ဒုက္ခံ ဝိသေသေ၊အထူးထူးသော ဆင်းရဲဒုက္ခတို့ကို။ ဥတ္တရတိ၊ ကျော်လွှန်၍သွား၏။ တသ္မာ ဒါကြောင့်။ မိတ္တာမစ္စာ၊ မိတ်ဆွေခင်ပွန်းတို့ကို။ ဥတ္တရဒိသာတိ၊ မြောက်အရပ်ပါပဲလို့။ ဒဋ္ဌဗ္ဗာ၊ မှတ်ကြပါလေ။

ဥတ္တရပုဒ်သည် ကျော်လွှန်ခြင်းအနက်ကို ဟောပါတယ်၊ ဒါကြောင့် မိတ်ဆွေကောင်းကို အမှီရယင် အခက်အခဲမှန်သမျှ အကုန်ကျော်လွှန်နိုင်တယ်။ မိတ်ဆွေယုတ်သာ အမှီရယင် အခက်အခဲအကုန် မြုပ်သွားမယ်၊ မိတ်ဆွေကောင်းရဲ့ အင်္ဂါ ၁၆-ပါးဟောပြီးပါပြီ၊ ထိုကဲ့သို့ စိတ်နှလုံးကောင်းတဲ့ မိတ်ကောင်ဆွေကောင်းရယင် အခက်အခဲကလေးတွေ ငါ့ကူပါအုံးဆိုယင် အခက်အခဲကကျော်မယ်၊ ကျော်လွှန်တဲ့ အဓိပ္ပာယ်ကို ဥတ္တရပုဒ်က ဟောတယ်။

ဒီဥတ္တရပုဒ်ကို အရပ်ဟောယူလိုက်ယင် မြောက်အရပ်ကို ဟောတယ်။ မိတ်ဆွေခင်ပွန်းများသည် အခက်အခဲကို ကျော်လွှန် စေသောကြောင့် ဥတ္တရ-လို့ ခေါ်ဆိုပါတယ်။ ဒါကြောင့်မိတ်ဆွေခင်ပွန်း ကို မြောက်အရပ်လို့သတ်မှတ်ပါတယ်။

## (၅) အောက်အရပ်ဆိုတာ အလုပ်သမား

အလုပ်သမား ကျွန်အစေအပါးက အောက်အရပ်မည်တယ်။

ဒါသကမ္မကရာ၊ ကျွန်အစေအပါး အလုပ်သမား တို့ကို။ ဟေဋ္ဌိမာ၊ အောက်အရပ်ပါပဲလို့။ ဝေဒိတဗ္ဗာ၊ မှုချမသွေ သိပါလေ။

ဒါယကာကြီး.က အလုပ်ရုံတခု ထောင်ထားလိုက အလုပ်ရုံပိုင်ရှင်၊ အလုပ်ရုံပိုင်ရှင်ရဲ့ လက်အောက်အလုပ်ရုံမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေ အစေအပါးတွေ အများကြီးရှိတယ်၊ ဒီအလုပ်သမားအစေအပါးတွေဟာ အလုပ်ရုံ ထူထောင်ထားတဲ့ အလုပ်ရှင်ရဲ့ စကားကိုနားထောင်ရတယ်။ ထိုအလုပ်ရှင်ရဲ့ အလုပ်သမားတွေဟာ အလုပ်ရှင်က အလုပ်ရုံထူထောင်ထားလို့ အလုပ်ရုံမှီပြီး ထမင်းစားကြတာ၊ ဖြစ်ခြင်း၊ ကြောင့် ငါတို့ လုပ်ပေး ထမင်းကျွေးတဲ့ကျေးဇူးရှင်ဆိုပြီး ထမင်းပေး၊ လစာရိက္ခာပေးတဲ့ ကျေးဇူးရှင် အလုပ်ရှင့်စကားကို ရိုသေခြင်း၊ လေးစားခြင်း၊ လိုက်နာခြင်းဖြင့် အလုပ်ရှင်ရဲ့လက်အောက်မှာ အစဉ်သဖြင့်ရှိကြရမယ်။

ဒီအလုပ်ရှင်ရဲ့ လက်အောက်မှာ အစဉ်သဖြင့် ရှိရမှာဖြစ်ခြင်းကြောင့် အလုပ်သမားများကိုအောက်အရပ်လို့ သတ်မှတ်ပါတယ်။ အလုပ်ရှင်သည် အလုပ်သမားရဲ့ အထက်မှာရှိတယ်။ အလုပ်ရှင်ဆိုတာ လုပ်ငန်းတခု ထူထောင်ထားတဲ့ သဌေးလဲအလုပ်ရှင်ပဲ၊ အလုပ်ရုံအားလုံးကို ထိန်းချုပ်ထားတဲ့ နိုင်ငံတော်အစိုးရလဲ အလုပ်ရှင်ပဲ။

အလုပ်ရုံအားလုံးကို ထိန်းချုပ်တဲ့နိုင်ငံတော်အစိုးရသည် အလုပ်ရှင်ဖြစ်ခြင်းကြောင့် အလုပ်သမားများသည် ထိုနိုင်ငံတော်အစိုးရရဲ့ လက်အောက်မှာ နိုင်ငံတော်အစိုးရရဲ့ အမိန့်-ဩဇာ-အာဏာ-ဥပဒေလိုက်နာလေးစားသောအားဖြင့် နိုင်ငံတော်အစိုးရရဲ့လက်အောက်မှာပဲ ရှိရမယ်၊ ပြောင်းပြန်လှန်ပြီးတော့ အောက်ကအထက်၊ အထက်ကအောက်ဆိုယင်လွဲယ်ဘူး။

အောက်မှာနေရမယ့် ပုဂ္ဂိုလ်ဟာအထက်တက်၊ အထက်ကပုဂ္ဂိုလ်ဟာ အောက်သက်ယင် လောကကြီးပြောင်းပြန် လှန်သွားသောကြောင့် ဒီလောက ပျက်စီးတတ်တယ်။ မိမိရဲ့အလုပ်သမား အစေအပါး မိမိရဲ့လက်အောက်မှာ ရှိပါစေ၊ အလုပ်ရှင်ဝတ္တရား၊ အလုပ်သမားဝတ္တရားများ နောက်ပိုင်းပါမယ်။ အောက်ကလူကို အောက်မှာထား၊ အထက်ကလူကို အထက်မှာနေပါစေ၊ ကိုယ့်ဝတ္တရားနှင့်ကိုယ်ကျေယင် အားလုံးပြေလည်သွားတယ်။ ဒါကြောင့် အလုပ်ရှင်ရဲ့လက်အောက်မှာ အစဉ်ရှိနေတဲ့ အလုပ်သမားများကို အောက်အရပ်လို့ သတ်မှတ်ပါတယ်။

## (၆) အထက်အရပ်ဆိုတာ ရဟန်း ပုဏ္ဏား

သမဏာနှင့် ဗြာဟ္မဏများကဲ အထက်အရပ်မည်ပါတယ်။

သူတော် သူမြတ်ရသေ့ ရဟန်း သမဏ ဗြာဟ္မဏ ပုဂ္ဂိုလ်တွေကျ တော့ အစဉ်သဖြင့် အထက်ကထားပါ၊ ဘာကြောင့် အထက်ကထားရ သလဲ၊ သီလဂုဏ်အားဖြင့်ကြည့်လဲ ကိုယ့်အထက်ကရှိတယ်၊ ပညာဂုဏ် အားဖြင့်ကြည့်လဲ ကိုယ့်အထက်ကရှိတယ်၊ ဒီလိုမိမိရဲ့ အထက်မှာရောက် နေတဲ့ သီလ-သမာဓိ-ပညာဂုဏ်များကို အာရုံပြုပြီး သူတော်ကောင်း ရသေ့ ရဟန်းတော်များကို မိမိအထက်ကထားပါ။

နေ့စဉ်စောင့်တဲ့ သီလငါးပါး၊ ရဟန်းတော်များစောင့်တဲ့ သီလက ၂၂၇ပါး၊ အဲဒီတော့ ဘုန်းကြီးတို့က အစွန်း ၇-ပါးကိုဖြုတ်ယင်တောင် မှ ပရိသတ်က အဲဒီအစွန်းကို လိုက်မမှီသေးဘူး။ ဘုန်းကြီးတို့အစွန်း ထွက်က ၇-ပါးထွက်သေးတယ်မဟုတ်လား။ အစွန်းထွက်တောင် မရှိ သေးဘူး။

ဘုန်းကြီးတွေက သီလသဒ္ဒေးတွေ၊ အဲဒီ ၇-ပါး ဖြုတ်ပစ်အုံး ၂၂၀ ကျန်သေးတယ်၊ ဒါက အဖြစ်ပြောတာ၊ သီလများတဲ့အကြောင်း ပြောတာပါ။ ဒါတွေဖြုတ်ပစ်ရမယ်၊ ဖြုတ်ရမယ်လို့ ပြော တာ မဟုတ်ဘူး။

အဲဒီလို မိမိတို့ထက် သာလွန်ထူးကဲတဲ့ အဓိသီလသိက္ခာတွေ အာရုံ ပြုပြီးတော့ တို့ထက်သီလလွန်ကဲတဲ့ပုဂ္ဂိုလ်တွေဟာ မိမိဘို့ရဲ့ အထက်မှာ အမြဲရှိပါစေ။ မိဘရဲ့အထက်မှာ ရှိရမယ်၊ သားမယားရဲ့အထက်မှာရှိရမယ်၊ မိတ်ဆွေရဲ့အထက်မှာရှိရမယ်၊ အလုပ်သမား အစေအပါးတွေရဲ့အထက် မှာ ရှိရမယ်။

မိမိရဲ့အထက်မှာ ရှိရမယ့် အထက်အရပ်ဆိုတာက သမဏ-ဗြာဟ္မဏ၊ ရသေ့ရဟန်းသူတော်ကောင်း။ ဝါ- ကိလေသာချေးညှော်ကင်းနေတဲ့ သမဏ= ပုဂ္ဂိုလ်။ မကောင်းမှုမှ ခွာရှောင်နေတဲ့= ဗြာဟ္မဏပုဂ္ဂိုလ်။ ဗြာဟ္မဏ-ပုဒ်နဲ့ ပတ်သက်လို့ ဗြာဟ္မဏ-ဆိုတာဟာ ဘာသာပြန်ရာမှာ ရှေးရှေးတုန်းကတော့ သမဏ=ရဟန်း၊ ဗြာဟ္မဏ=ပုဏ္ဏားလို့ ဘာသာ ပြန်တယ်။

## သမဏနဲ့ဗြာဟ္မဏကြား ပုဏ္ဏားကန့်လန့်ပါနေ

"သမဏ-ဗြာဟ္မဏ-ရဟန်း ပုဏ္ဏား"လို့ ရဟန်းနဲ့ပုဏ္ဏား တွဲတွဲလာတယ်။ ဒီဗြာဟ္မဏနှင့် သမဏတွဲတာကို ဘုန်းကြီးတို့က မကြိုက်ဘူး။ ဗြာဟ္မဏ-ဆိုတဲ့ (ဗြာ-မှာ ရေးချမပါတဲ့)ပုဒ်ကို ပုဏ္ဏားလို့ ဘာသာပြန်ယင် သူတို့က အိမ်ထောင်တွေနဲ့မဟုတ်လား။ ငါးပါးသီလတောင်ရှိချင်မှရှိမှာ။ ရိတယ်ပဲထားပါတော့ သူတို့ငါးပါးသီက ထောင်ကြီးနဲ့ငါးပါးသီသ၊ ဒီမှာ ၂၂၇-သွယ် အဓိသီလသိက္ခာ ကျင့်နေတာ၊ ပုဏ္ဏားနဲ့ တန်းတူထားလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

ပြီး သူတို့ကပြောသေးတယ်၊ ဗြာဟ္မဏဝါဒအရ ကမ္ဘာဦးကလူတွေ ဖြစ်တာ ဗြာဟ္မဏမျိုး ဗြဟ္မာခံတွင်းကဖြစ်တယ်။ ကမ္ဘာဦးအစလူဖြစ်တာ ဗြာဟ္မဏအစဆိုတာက ဗြာဟ္မဏဝါဒအရ ဗြာဟ္မဏစကား၊ ဗုဒ္ဓရဲ့ ဒေသနာတော်အရ "အဂ္ဂညသုတ္တန်"ကလဲ ကမ္ဘာဦးအစ လူဖြစ်တာ ဗြဟ္မာက ဖြစ်တယ်။

## လူ့သမိုင်းအစဗြဟ္မာက

ဖြစ်ပုံကတော့ မတူဘူး။ ဗုဒ္ဓနည်းအရ ဗြဟ္မာက လူစဖြစ်တယ်ဆိုတာ ဒီလို ကမ္ဘာကြီးပျက်စီးသွားပြီးနောက် ရေမြေတောတောင် ဘာမှမရှိတဲ့ ဟင်းလင်းပြင်ကြီးမှာ မိုးတွေရွာချတော့ ထိုမိုးရေထုကြီးဟာ 'အလုံးကြီး ဖြစ်ပြီး လေထဲမှာ လည်နေတယ်၊ တဖြည်းဖြည်းနဲ့ ရေတွေလွှမ်းလာပြီး ထိုရေပြင်ကြီးဟာ တော်တော်လေး ကြာရော၊ အပေါ်ယံခဲလာတယ်၊ အဲဒီ ရေပြင်ကြီး အပေါ်ယံခဲလို့ နွားနို့မျှား ကျိုလို့ မလိုင်တက်လာတဲ့ အချိန်။

ဒီသတ္တလောကကြီးမှာရှိကြတဲ့ သတ္တဝါသေလွန်တဲ့အခါ သေတိုင်းသေတိုင်းသောပုဂ္ဂိုလ်တွေ ဟိုဗြဟ္မာ့ပြည်တက်ကြတယ်၊ ဗြဟ္မာ့ပြည်က နေပြီးတော့ ဗြဟ္မာကြီးတွေ သေလွန်တဲ့ အခါကျယင် ရေပြင်ကြီး ခဲနေတဲ့ ဟောဒီမှာ လူဘယောက်မှမရှိကြတဲ့ ဩကာသသောကြီးထဲ သူတို့ရောက်လာတယ်၊ ကိုယ်ရောင်ကိုယ်ဝါနဲ့နေကြတယ်။

အဲဒီအထဲ ဆတ်ဆော့တဲ့သတ္တဝါတယောက်က ရေပြင်ကိုအဆီတက် နေတဲ့ မြေကြီးမဖြစ်ဘဲဖြစ် မလိုင်တွေအဆီတက်နေသလို မြေဆီဩဇာ

ကို လက်ညှိုးလေးနဲ့ကော်ပြီး သူက လျှာပေါ်တင် စားကြည့်တယ်။ ကောင်းလိုက်တာ၊ အရသာရှိလိုက်တာ၊ အကြောပေါင်း ၇၀၀၀ စိမ့်သွားတယ်။ စားပြီးတော့ သူက ဒီအတိုင်းမနေဘူး။ "မောင်ကျန်-တတို့ဆို"လျှောက်ပြောသေးတာ၊ ဟိုဗြဟ္မာလျှောက်ပြော၊ ဒီဗြဟ္မာလျှောက်ပြောတော့ နောက်ကြွားရတဲ့ဗြဟ္မာတွေကလဲ အရသာရှိမှန်းသိတော့ သူတတို့၊ ငါတတို့နဲ့ တို့လိုက်ကြတာ၊ တို့ရုံနဲ့ အားမရဘူး၊ နောက်ကျတော့ လက်ခုပ်ကြီးတွေနဲ့ မြေဆီတွေကို ကော်ကော်စားကြတယ်။

မြေဆီတွေ သူတို့ရဲ့ခန္ဓာကိုယ်ထဲလဲဝင်ရော၊ အဲဒီဗြဟ္မာတွေတဖြည်းဖြည်းနဲ့ အရောင်တွေ မှိန်သွားတယ်။ "အင်္ဂုတ္တရ-အနီးစခန်းဆရာတော်" ဟောထားတယ်၊ ကော်စားယင်းစားယင်းနဲ့ ဝမ်းထဲ မြေဆီတွေ တပြုံကြီးဝင်သွားပြီလဲဆိုရော ဒီအညစ်အကြေးတွေ ထုတ်ပစ်ဖို့လိုလာတယ်မဟုတ်လား။

ဗြဟ္မာ့ပြည်က ဗြဟ္မာတွေမှာ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ် ဘယ်သူမှမရှိဘူး။ အမျိုးသားရယ်၊ အမျိုးသမီးရယ် ဗြဟ္မာတွေခွဲလို့မရဘူး။ အားလုံးတမျိုးတည်းရယ်။ တော်တော်ဟန်ကျတယ်၊ လူ့ပြည်ကျတော့မှ အဲဒါ တော်တော်လေးကို လျှပ်ပေါ်လော်လီတဲ့ ဗြဟ္မာတယောက်က စ-လိုက်တာ မြေဆီတွေကော်စားမိတဲ့အချိန်မှာဖြစ်တော့တာပဲ။

အမျိုးသမီးရယ်-အမျိုးသားရယ်၊ အဲဒီမှာ စ-ဖြစ်တော့တာပဲ၊ အဲဒီကစ-ပြီးတော့ ဗြဟ္မာတွေ ကောင်းကင်မပျံနိုင်တော့ဘူး။ အရောင်အဝါတွေလဲ မတောက်တော့ဘူး။ စားစရာတွေ ဒီမြေဆီပဲရှိတယ်ဆိုပြီးတော့ကောက်၍ စားယင်းစားယင်းနဲ့ တဖြည်းဖြည်းနဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေပေါ်လာကာ အမျိုးသား-အမျိုးသမီးကွဲပြားပြီး အိမ်ထောင်တော့တာပါပဲ။

ဗြဟ္မာက လူစ-ဖြစ်တယ်ဆိုတာ ဘုန်းကြီး အကြမ်းပြောပြတာ။

ဗုဒ္ဓသာသနာတော်နည်းက ဗြဟ္မာကြီးကနေ လူဖွားလာတာမဟုတ်ဘူး။ ဗြဟ္မာကနေ တဖြေးဖြေးနဲ့ အသွင်ပြောင်းပြီး ဖြစ်လာတာလို့ ဒီလိုမှတ်ပါ။

အဲဒါ သမဏ-ရဟန်း၊ ဗြာဟ္မဏ-ပုဏ္ဏား၊ ဒီလိုဒီအထဲထည့်ပြီး မရော ပါနှင့်လို့ ပြောနေတာ။ ဗြာဟ္မဏဝါဒအရ ဗြာဟ္မဏပုဂ္ဂိုလ်တွေ နေနည်း ထိုင်နည်း ဘယ်လိုမှ ပြောစရာမလိုဘူး၊ မြင်ပြီးသား၊ တွေ့ပြီးသား။ မကောင်းမှုမှ ခွာရှောင်၍ထားခြင်းကြောင့် ဗြာဟ္မဏ၊ မကောင်းမှု တွေကိုလဲ ရှောင်ကြဉ်တယ်၊ ကိလေသာငြိမ်းကြောင်းကိုလဲ ကျင့်တယ်၊ အဲဒါသူတော်ကောင်း ခေါ်တယ်။ ဒီပုဂ္ဂိုလ်ကို အထက်ဘင်ပြီးတော့ ထားလိုက်ပါ၊ အရပ် ၆-မျက်နှာ ဒီလိုသတ်မှတ်ပါ။

## ကျေပွန်လျှင် ရှိခိုးရာရောက်

အဲဒီအရပ် ၆-မျက်နှာတွေမှာ ဝတ္တရားကျေပွန်အောင် ဆောင်ရွက် ယင် အဲဒီအရပ် ၆-မျက်နှာကို ရှိခိုးတယ်လို့ ခေါ်ပါတယ်၊ အရပ် ၆-မျက်နှာပြုစုရမယ့် ဝတ္တရားတွေ ပြေပြည်အောင်ပြုယင်၊ အရပ် ၆-မျက်နှာ ရှိခိုးရာ ရောက်တယ်။

အိမ်တလုံးဆောက်စမ်း၊ အထက်ခေါင်မိုး၊ အောက်ကြမ်းခင်း၊ အရှေ့၊ အနောက်၊ တောင်၊မြောက်နံရံကာ၊ အိမ်တလုံးမှာ ၆-မျက်နှာ လုံအောင်ကာရတယ်၊ မိုးရတယ်၊ ခင်းရတယ်၊ ၆-မျက်နှာ လုံအောင် ကာပါလို့ ဘယ်လိုပြောပြော တချို့မကာနိုင်လို့ ထရံကြီးတွေ ပေါက် ပြဲ၊ နံရံကြီးတွေကွဲ၊ ခေါင်မိုးတွေယို၊ တံခါးတွေကျိုး၊ ကြမ်းတွေဆွေး နေယင် နေရတာမချမ်းသာဘူး၊ အိမ်တလုံး ၆-မျက်နှာက လုံခြုံမှ အိမ်သူအိမ်သား ချမ်းသာတယ် ဆိုတာလို လူ့မှုရေးသဘောအရ အရပ် မျက်နှာ၆-လို့ သတ်မှတ်ထားတဲ့ ဒီပုဂ္ဂိုလ်ကြီး ၆-မျိုးကို ဝတ္တရား ကျေကြမှ ဒီလောက လုံခြုံရေးရမယ်၊ ချမ်းသာမယ်။ ဒါကြောင့်—

## သားသမီးကျင့်ဝတ် ၅-ပါး

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ပုတ္တေန ပုရတ္ထိမာ ဒိသာ မာတာပိတရော ပစ္စုပဋ္ဌာတဗ္ဗာ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရှိပတဲ့။ ဂဟ ပတိပုတ္တ၊ အို- သူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်း အရာတို့ဖြင့်။ ပုတ္တေန၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ အမျိုသား အမျိုးသမီးသည်။ ပုရတ္ထိမာဒိသာ၊ အရှေ့အရပ်ဟု သတ်မှတ်ထားအပ်ကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ ပဉ္စဟိ

ဌာနေဟိ၊ ငါးပါးသော အချက်အလက်တို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ။ အရှေ့အရပ်လို့ သတ်မှတ်ထားတဲ့ မိဘနှစ်ပါးကို ငါးပါးသော အကြောင်းလက္ခဏာဖြင့် လုပ်ကျွေးရမယ်၊ ပြုစုရမယ်။

(၁) ဘတော ေန ဘရိဿာမိ။
(၂) ကိစ္စံ ေနသံ ဆရိဿာမိ။
(၃) ကုလ ဝံသံ ဌပေဿာမိ။
(၄) ဒါယဇ္ဇံ ပဋိပဇ္ဇာမိ။
(၅) ပေတာနံ ကာလကံတာနံ ဒုက္ခိဏံ အနုပ္ပဒဿာမိတိ။

သိင်္ဂါလက၊ သိင်္ဂါလမည်သော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းအရာတို့ဖြင့်။ ပုတ္တေန၊ သားသမီးဖြစ်သောသူသည်။ မာတာပိတရော ပုရတ္ထိမာ ဒိသာ၊ အရှေ့အရပ်ဆိုတဲ့ မိဘနှစ်ပါးတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

(၁) ဘတောဟိ၊ ထိုငါ့ရဲ့မိဘတို့သည်။ မံ၊ ငါ့ကို။ ဘတော၊ ဖဝါး၊ လက်နှစ်လုံး-ပခုံးလက်နှစ်သစ်ကစ၍ လုပ်ကျွေးခဲ့ လေသည်။ စောင့်ရှောက်ခဲ့လေသည်။ ပြုစုခဲ့လေသည်။ တသ္မာ၊ ထို့ကြောင့်မို့။ ေန၊ ထိုငါ့မိဘနှစ်ပါးတို့ကို။ အဟံ၊ ငါသည်၊ ဘရိဿာမိ၊ ခြေဆုတ်လက်နယ်ပြုခြင်း၊ မကျန်းမာတဲ့အခါမှာ ထမင်းအစားအစာ ပေးကျွေးခြင်း၊ အဝတ်လျှော်ဖွပ်ပေးခြင်း အစရှိသည်ဖြင့် လုပ်ကျွေးပေတော့အံ့။
(၂) ေနသံ၊ ထိုငါ့ မိဘတို့ရဲ့။ ကိစ္စံ၊ ပြုဖွယ်ကိစ္စကိုတို့။ အဟံ၊ ငါသည်။ ကရိဿာမိ၊ ပြုပေတော့အံ့။
(၃) ကုလဝံသံ၊ ငါ့မိဘတို့၏အမျိုးအနွယ်တို့ကိုလည်း၊ ဌပေဿာမိ-ရက္ခိဿာမိ၊ စောင့်ပေတော့အံ့။
(၄) ဒါယဇ္ဇံ၊ မိဘနှစ်ပါးရဲ့ အမွေခံထိုက်အောင်။ ပဋိပဇ္ဇာမိ၊ ငါကျင့်ဆောင်တော့မယ်။
(၅) ပေတာနံ၊ ပေတာဒိပစ္စုပ္ပန် ဘဝကြီးကို ဖယ်ခွာ၍ သွားကြကုန်သော။ ''ပေတာနံ'' ပုဒ်ကို ''ဖယ်ခွာ၍ သွားကြကုန်သော''လို့ ဘာသာပြန်မယ်။

ဆရာတော်ကြီးအချို့ ရှေးက ဘာသာပြန်တာကို ဘုန်းကြီးတို့ အနေနှင့် သိပ်ပြီး မနှစ်သက်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ''ပေတာနံ=သချိုင်း ပြိတ္တာဖြစ်ရှိ နေကြကုန်သော'' လို့ ပြန်ထားတယ်။ မိဘသေယင် သချိုင်း ပြိတ္တာဖြစ်ဘယ်လို့ ပြန်တာဖြစ်လိမ့်မယ်၊ ဒါပေမယ့် ဒီအနက်က ကြားရတာ စိတ်ထဲ မချမ်းသာဘူး။ (ပေတာနံ၊ ဘဝတပါး ဖယ်ခွာ၍ သွားကြကုန်သော။ ကာလင်္ကတာနံ၊ ပစ္ဆိမ္ဘ ဘဝ၏ နောက်ဆုံး ကာလကို ပြုတော်မူကြကုန်သော။ (ဒီပစ္ဆိမ ဘဝရဲ့ နောက်ဆုံးကာလဆိုတာ သေတဲ့ အချိန်ကလေးကို ပြောတာ) ကာလင်္ကတာနံ၊ နောက်ဆုံးကာလပြု၍ သွားကြကုန်သော။ (ဝါ) ကွယ်လွန်၍ သွားကြကုန်သော။ မာတာပိတူနံ၊ မိဘနှစ်ပါးတို့အတွက်။ ဒက္ခိဏံ-အနုပ္ပဒဿာမိ၊ ငါ့မိဘများအတွက် ကောင်းမှုပြုမယ်လို့ ရည်ရွယ်ချက်ဖြင့် ကုသိုလ်ကောင်းမှု ပြု၍ လှူရမည်၊ လှူရစ်ပေတော့အံ့။

ဣတိ၊ ဤသို့အားဖြင့်။ ပဋ္ဌဟိ၊ ငါးပါးကုန်သော အကြောင်းအရာ လက္ခဏာတို့ဖြင့်။ ပုတ္တေန၊ သားသမီး ဖြစ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်သည်၊ ပုရတ္ထိမာ ဒိသာ၊ အရှေ့အရပ် လို့ သတ်မှတ်ထားအပ်ပြီးသော။ မာတာပိတရော၊ မိမိ၏ ဘဝတခုမှာ ရှေးဦးစွာ ကျေးဇူးရှင်ဖြစ်တဲ့ ကျေးဇူးရှင် နှစ်ဦးတို့ကို။ ပစ္စုပဋ္ဌိတာ၊ မုချမသွေ ပြုစု လုပ်ကျွေးထိုက် ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

### အိမ်အရှေ့ဘက်ကိုလဲ မီးမလောင်စေနဲ့

သားသမီးဖြစ်တဲ့ ပုဂ္ဂိုလ်သည် မိဘအား လုပ်ကျွေးရမယ့် အချက် အလက် ငါးချက်။ အဲဒါကို ဘုန်းကြီး စိတ်ထဲ ပေါ်လာတာလေး လိုရင်း ကောက်နုတ်ထားတာ။ ဘာဖြစ်လို့ သား-သမီးက မိဘအား လုပ်ကျွေး ရမှာလဲဆိုယင်-

ယခင်က ဟောထားခဲ့တဲ့ ဗိမ္ဗိသာရမင်းကြီး အဇာတသတ်မင်းသား လက် ခူနာပေါက်တာကို ပါးစပ်ထဲ ငုံထားပြီး ပြည်ပုပ် သွေးပုပ်

တွေကို မျှိုချတာကို စဉ်းစားစမ်းပါ။ အဖေ့ မေတ္တာ ကရုဏာဟာ ဒီသားအပေါ်မှာ ဘယ်လောက် လွှမ်းခြုံထားတယ်ဆိုတာ ကြည့်ပါ။ ဤကဲ့သို့ ကြီးမားလှစွာသော မိဘမေတ္တာကို တုံ့ပြန်ရမယ်ဆိုတာ သား သမီးတွေရဲ့ ဝတ္တရား။ ဤမျှ ကြီးမားတဲ့ မေတ္တာကို မတုံ့ပြန်ဘူးဆိုယင် မေတ္တာပျက်ကြတဲ့အတွက်ကြောင့် အရှေ့လောကခေတ် မီးလောင်တတ် တယ်။ မကျေနပ်မှုဆိုတဲ့မီး လောင်တတ်တယ်။

သားသမီးက မိဘကို မကျေနပ်၊ မိဘက သားသမီးကို မကျေနပ်၊ မကျေနပ်မှုတွေ အပြန်ပြန် အလှန်လှန်ဖြစ်ယင် အရှေ့အိမ်နံရံ မီးစွဲပြီး ဒီအိမ်ကြီး မချမ်းသာတော့ဘူး။ မီးဆိုတာ မကျေနပ်မှု ဒေါသတရား။ ထိုမကျေနပ်မှု ဒေါသတရားမီးကို ကျေနပ်မှုဆိုတဲ့ ဝတ္တရားဖြင့် အပြန် ပြန် အလှန်လှန် မေတ္တာထား၊ မေတ္တာနဲ့ ငြိမ်းလိုက်ယင် တခါထဲ အေးသွားမယ်။ ဒါကြောင့် လုပ်ကျွေးရမယ်လို့ ဘုရားရှင်ဟောတယ်။

## အမေဆူချင် ဆူပါစေ

ငါ့အဖေ ငါ့အမေဟာ ငါ့သက်နှင့် ငါ့ထမင်း ငါယူမစားနိုင်ခင် အချိန်က စပြီး ငါ့ပါးစပ်ထဲ နေ့စဉ် နေ့စဉ် ထမင်းအလေးမျှား ခွံ့ပြီး ကျွေးတယ်။ ပြန်တွေးကြစမ်းပါ။ ငါ့မစင် ငါမသုတ်သင်နိုင်တဲ့အချိန် တုန်းက ငါ့မိဘဟာ ငါ့ကိုယ်လုံး သုတ်သင်ပေးဖော်ရတယ်။

ဤမျှ ကြီးမားတဲ့ မေတ္တာ စေတနာတွေကို တုံ့ပြန်သော အားဖြင့် "ငါ့မိဘတွေ ကိုယ့်ထမင်း ကိုယ်မသယ်နိုင်တဲ့အချိန်၊ မိမိရဲ့ ခန္ဓာကိုယ်မှာ မိမိ မသုတ်သင်နိုင်တဲ့အချိန်မျိုးမှာ ငါ့အမေ ပါးစပ်ထဲမှာ ထမင်းကျွေးဖို့ ရာ ငါ့တာဝန်၊ ငါ့အမေရဲ့ အညစ်အကြေးတွေ သုတ်သင်ဖို့ရာ ငါ့တာဝန်" လို့ သိကာ မေတ္တာ တုံ့လှယ်ရမယ်။ ဒါ့ကြောင့်-

## (၁) မိဘနှစ်ပါးကို လုပ်ကျွေးပါ

(၁) ဘတော နေ ဘရိယာမိ=ငါ့ကို လုပ်ကျွေးတဲ့ မိဘတွေကို ငါသည် ပြန်ပြီးတော့ လုပ်ကျွေးမယ်။

မိဘအပေါ်မှာ သားသမီးဖြစ်သူက ဒီလောက် လုပ်မှုပေးရတာနဲ့ မိဘလုပ်သူတွေ စိတ်ဆိုးလို့ ဘယ်လောက်ပဲ ခက်ထန်နေနေ "အမေ့ အတွက် ကျွန်တော့် ချွေးနည်းစာလေးနဲ့ ဝယ်သာတဲ့ ထမီ၊ အမေ

ဝတ်ကြည့်စမ်းပါ''ဆိုပြီး ဖြန့်ပြလိုက်စမ်းပါ။ စိတ်သိုးတာတွေ အကုန် ပြေပြီး ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်လာအုံးမယ်။ အဲဒီလို လုပ်ရမယ့် ကိစ္စ၊ မလုပ်ပဲနဲ့ ပစ်ထားတော့ ''တို့ဖြင့် ကျွေးရ မွေးရ၊ ကိစ္စပေါင်းစုံ ပြုလုပ်ရ၊ သူတို့ လူဘလုံး သူတလုံးဖြစ်အောင် ဆောင်ရွက်ရ၊ အဆင်းရဲခံရတာ ဒီကောင်တွေ အမေတောင် အမေ မှန်း မသိဘူးဟဲ့'' အမေလုပ်သူက ဒီလိုဆိုလိုက်ယင် အခုပဲ့နှလုံးသားထဲ ဖြစ်နေတဲ့ မေတ္တာအပေါ်မှာ ဒေါသက မသိမသာလေး လွှမ်းသွား တယ်။

အဲဒီ ဒေါသသံကြားရတဲ့ သားသမီးကလဲ အပေကိုလုပ်ကျွေးရမယ့် အစား ''တို့ဒီလောက်တောင်ဆူတယ်၊ ပူတယ်၊ ကြိမ်းတယ်၊ မောင်း တယ်၊ လူကြီးပဲကွာ ပြောချင်ရာ ပြောစမ်းပါစေ'' ဒီလိုဆိုလိုက်တယ်။ အဲဒါ ပြောချင်ရာ ပြောစမ်းပါစေ ဆိုကတည်းက အမေကို ငါဂရုမစိုက် ဘူး ဆိုရာရောက်တယ်။ လူကြီးတွေပဲကွာ သူဘာပြောပြော ငါအရေး မစိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်။

အဲဒီတော့ ဘယ်လိုဖြစ်သလဲ၊ သားနဲ့ အမိ မေတ္တာကောအပြည့်အဝ ရအုံးမလား၊ အဲဒါ မိဘရဲ့ မေတ္တာကို ဒေါသနဲ့ တုံ့ပြန်ယင် အရှေ့ အိမ်နံရံကို မီးစွဲတယ်သာ မှတ်ပေတော့။ ဒါ့ကြောင့် မိဘမထ္ထေးကို မစော်ကားနဲ့။

## (၂) မိဘကိစ္စ ဆောင်ရွက်ပေးပါ

မိဘလုပ်ဆောင်ရမယ့် ကိစ္စတာဝန်တွေကို သားတွေ သမီးတွေက အကုန်လုပ်ပေးရမယ်။ မိဘတွေ အိမ်ထဲက အိမ်ပြင်မထွက်စေနဲ့၊ နေပူ မရှောင်၊ မိုးရွာမရှောင်နှင့် အမေပြေးရတာ၊ အဖေပြေးရတာ ကြည့် ပြီးတော့ သားများ၊ သမီးများက....

''အမေ အိမ်ပြင်မထွက်ပါနှင့်၊ သားဆောင်ရွက်ပေးပါ့မယ်၊ သမီး ဆောင်ရွက်ပေးပါ့မယ်။ အမေဘယ်မှ မသွားပါနှင့်၊ နေပူ မိုးရွာ မမိပါ စေနှင့်၊ သမီးတို့ သားတို့လုပ်ပေးပါ့မယ်''

အစိုးရကိစ္စနှင့် ရုံးတကာ့ရုံး သွားစရာရှိယင်၊ စီးပွားရေးနဲ့ အရပ် တကာ၊ နယ်တကာသွားစရာရှိယင် ''အမေစာကလေး ရေးပေးလိုက်

ပါ၊ ကျွန်တော်တို့ သွားပေးပါမယ်” ဟန်မကျဘူးလား၊ မိဘရဲ့ကိစ္စ မှန်သမျှ သားသမီးများက အကုန်ဆောင်ရွက်ပေးလိုက်ပါ။ ဒါကြောင့်....

(၂)ကိစ္စံ နေသံ ကရိဿာမိ-မိဘရဲ့ကိစ္စတွေကို ငါလုပ်ဆောင်ရမယ်။

ဒီသားနဲ့သမီး လူဖြစ်တဲ့အချိန်ထိတော့ သားသမီးကိစ္စကို အမေက လုပ်ရတယ်။ သားကိစ္စ၊ သမီးကိစ္စတင် မကဘူး၊ မြေးကိစ္စအထိတောင် ဆက်ပြီး ဆောင်ရွက်ရတယ်၊ မြေးကိစ္စ ဆောင်ရွက်လို့ မပြီးသေးဘူး၊ တချို့က မြစ်ကိစ္စတောင် ဆက်ပြီးဆောင်ရွက်ရသေးတယ်။ အဘိုးတွေ အဘွားတွေကလဲ ပြောမယ့်သာပြောရတာ၊ သူတို့က ဒီလိုဆောင်ရွက်ရတာကို သဘောကျတယ်၊ အမယ် ငါ့သားကိစ္စဟဲ့၊ အားကြိုးမာန်တက် နေပူ-မိုးရွာ ပြေးလိုက် လွှားလိုက်၊ အမေကလဲ ဒီအတိုင်းပဲ ပြေးလိုက် လွှားလိုက်။ အဲဒီလိုဆိုတော့သားသမီးတွေက ဟာ အဖေရှိသားပဲ၊ အမေ ရှိသားပဲလို့ သူတို့က ရှောင်လာတယ်။

ရှောင်ချင်သလိုရှောင်၊အမေ အဖေများက ရှုန်းလို့၊သားသမီးကိစ္စက အမေအဖေတာဝန်ပဲ၊ ဒီသားသမီးက မွေးဖွားလာတဲ့ကိစ္စလဲ အမေ အဖေဘာဝန်ပဲ၊ မြေးကနေ နောက်တခါ မြစ်ဖြစ်လာတော့လဲ၊ ဒီအဘိုး အဘွား တာဝန်ပဲဆိုတော့၊ ဘယ်လို လုပ်ကျွေးလို့မှ လူ့လောကကြီးထဲ မပြီးနိုင်ဘူး။

## ပုတီးကိုချ-မြေးကိုမ

သားသမီးတွေရဲ့ ထမင်းကလေးများ ရှာရှာရှုရှုစားရချေရဲ့ဆိုပြီး မြေးထိန်းရ၊ မြစ်ထိန်းရနဲ့၊ အဲဒါတောင်သားသမီးတွေက မကြည်ဖြူနိုင်ဘူး။ “အမေ့နှယ် ဒီကလေးတောင် အငိုတိတ်အောင် မချော့နိုင်ဘူ လား” ဆူလိုက်သေးတယ်၊ အဲဒီလိုသားသမီးထမင်း ရှာရှာရှုရှု စားရရန်အတွက် မြေးထိန်းရ၊ မြစ်ထိန်းရတဲ့ အဘိုး-အဘွားများအတွက် လက်ဆောင်ကလေး ပေးမယ်။

“ပုတီးကိုချ၊ မြေးကိုမ၊ သောကမကင်းပြီ၊
သမီးကဆူ၊ မြေးကပူ (သေခါနီးတော့) အယူမဖြောင့်ပြီ”

“ငါ့မြေးကလေးလူလားမမြောက်သေးဘူးဟဲ့၊ငါ့သမီးကလေး အားကိုးရာ မ ရှိသေးဘူးဟဲ့” သေခါနီးတော့ အဲဒါတွေ အယူမဖြောင့်တာ။

''ငါ့သားကလေး ဆယ်တန်း မအောင်သေးဘူးဟဲ့'' အဲဒါလေးစွဲပြီး သေယင်၊ သားစွဲ၊ သမီးစွဲ၊ မြေးစွဲလို့သေယင်၊ လောဘနဲ့သေတာ၊ ဂေဟဿိတ ပေမနဲ့ သေတာ၊ အဲဒါ ပြိတ္တာဖြစ်ဘတ်တယ်။

မိအိမ်နား တဲသည်သည်နှင့်ဖြစ်ကော ၊ ရှေး ဆရာတော်ကြီးများ ပြိတ္တာဖြစ်တယ်လို့ ဘာသာပြန်တာလဲ ဆိုးတော့ မဘိုးဘွားယင်ပါရဲ့။ ''ပေတာနံ၊ သန်ျိုင်းပြိတ္တာဖြစ်၍နေကြကုန်သော'' ပုဟီးချ ပြီ မြေ မာန တဲ့ အဘိုး-ဘ ဘွားများ သေယင် သနျိုင် ပြိတ္တာဖြစ်မှာပဲတဲ့။

ပေတာနံ၊ သန်ျိုင်း ပြိတ္တာဖြစ်၍နေကြကုန်သော။ ပေတာနံ၊ ဘဝတပါးဖယ်ခွာ၍ သွားကြကုန်သော။ ကာလကတာနံ၊ ဘဝ တပါးသို့စုန္ဓခွာ၍သွားကြကုန်သော၊ ကွယ်လွန်၍ သွားကြကုန်သော မိဘနှစ်ပါးတို့အတွက်။ ဒက္ခိဏံ အနုပ္ပဒဿာမိ၊ အလှူပေးရစ်ချမယ်။

အဲဒါ ငါးခုမြောက် အင်္ဂါထဲမှာပါတယ်။

တို့အမေ အဖေက ဗုဒ္ဓဘာသာ ဘုရားဝတ်-တရားဝတ်-သံဃာဝတ်နဲ့ နေတဲ့အမေ အဖေ ဆိုကြပါစို့ ''လပြည့်လကွယ် ကျောင်းသွားနေကျ အမေ့ဝတ္တရားရှိတယ်၊ ငါ့အမေ မရှိတော့ဘူး၊ ငါ့အမေကိုယ်စားကျောင်း သွားအုံးမယ်၊ ငါ့အမေ ငါ့အဖေ လပြည့်လကွယ် သမ်းဝတ်တည်နေကျ၊ ငါ့အမေ ငါ့အဖေရဲ့ဝတ္တရား ငါတည်လိုက်မယ်''ဒီလိုမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

''တို့မိဘများဟာ ဘုရားဒကာ ကျောင်းဒကာ ဝတ္တရားမပျက်၊ ဒီဝတ်တွေကို ငါတို့ဆောင်ရွက်မယ်'' မိဘတို့ရဲ့ဓလေ့ထုံးစံကို သားသမီး တွေ ထိန်းထားရမယ်၊ ဒီလိုမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အမျိုးအနွယ်တို့ရဲ့ ဓလေ့ထုံးစံကို ထိန်းသိမ်းခြင်းသည် သားသမီးတို့ ရဲ့ ဝတ္တရား၊ နောက်အမျိုးအနွယ်တို့ရဲ့ ဓလေ့ထုံးစံ ထိန်းသိမ်းဆိုတာကို တမျိုးတိုးချဲ့ပြောရအောင်။

မိမိတို့ရဲ့မိဘ ဘိုးဘေးဘီဘင် အမျိုးအနွယ် အဆက်ဆက်က လာတဲ့ မိဘပစ္စည်းတွေကို သားသမီးများက ထိန်းသိမ်းခြင်းဟာ ဝတ္တရားတခုပဲ၊ မိဘလက်ထက်ကတော့ တိုက်ကြီးနဲ့နေရ၊ အဲ့မိဘနှစ်ပါးလဲ မရှိဘူးဆို

ကော၊ ခြံကြီးလဲရောင်း၊ တိုက်ကြီးလဲပြုတ်၊ ကားလဲပြုတ်၊ အဲဒီလိုမိဘချွေးနဲ့ သွေးနဲ့ရှာထားတဲ့ပစ္စည်းကို သားသမီးတွေက ဖြုန်းမပစ်နဲ့၊ ထိန်းထားပါ။

## (၃) မိဘအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပါ

မိဘက ပင်ပန်းကြီးစွာနဲ့ ရှာထားတဲ့ပစ္စည်း ဖြုန်းပစ်တဲ့သားသမီးတွေသည် မိဘရဲ့ခေါင်း လက်သီးနဲ့ ထိုးတာနဲ့အတူတူပဲ၊ မိဘကရှာလိုက်ရတာ၊ ချွေးတွေသံတွေ တလုံးလုံးနဲ့ အိမ်ကလေးတလုံးရဖို့၊ ခြံကလေးရဖို့၊ လယ်ကလေးတကွက်ရဖို့၊ ဥယျာဉ်ကလေးတခုရဖို့ ဒီလိုရှာဖွေပေးထားတယ်၊သားသမီးလက်ထဲကျတော့ ခြံကောအိမ်ကောပြုတ်၊ကားလဲမရှိဆိုတော့ အဲဒါ မိဘစော်ကားတာနဲ့ အတူတူပဲ၊ အဲမျိုးအနွယ်ကိုထိန်းဆိုတာ ဒါကိုပြောတာ။

(၁) ဘာသာရေး ဓလေ့ထုံးစံ၊ လူမှုရေးဓလေ့ထုံးစံ မပျက်အောင် ထိန်းရမယ်။

(၂) မိဘရှာဖွေပေးတဲ့ ပစ္စည်းတွေကို မိဘနှစ်ပါးအား ရှိသေသမှုပြုတဲ့အနေနှင့်၊ လေးစားတဲ့အနေနှင့် မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ထား။

(၃) ဒီပုဆိုးလေး၊ ဒီထမီကလေးသည် ငါ့အဖေ ငါ့အမေဝတ်သွားတဲ့ ပုဆိုးကလေးဟဲ့၊ ထမီကလေးဟဲ့၊ ဒီပန်းကန်ကလေးငါ့အဖေ ငါ့အမေသုံးနေကျဟဲ့၊ ဒီကွမ်းအစ်ကလေးက ငါ့အမေစားသွားတဲ့ ကွမ်းအစ်ကလေးဟဲ့၊ သိမ်းထားပါ။

အစဉ်သဖြင့် မိဘကျေးဇူးကိုသတိရနေယင် ဒီအိမ်ဟာချမ်းသာမယ်။ မိဘလက်ထက်ကပစ္စည်း အကုန်းရောင်းချပစ်မယ်ဆိုယင် မိဘစော်ကားတာပဲဒါ့ကြောင့်။

ကုလဝံသံ ဌပေဿာမိ။ ။ကုလဝံသံ၊ မိဘအမျိုးအနွယ်ရဲ့ ဓလေ့ထုံးစံကို။ ဌပေဿာမိ-ရက္ခိဿာမိ၊ ငါစောင့်ရှောက်မယ်၊ထိန်းသိမ်းမယ်ဟု။ ပဋိပဇ္ဇာမိ၊ ကျင့်သုံးပါလေ။

"သုံးခုရသွားပြီးနော်"

"မှန်ပါဘုရား"

အဲဒီဝတ္တရားသုံးခု ကျေပွန်တဲ့ သားသမီးဟာ မိဘအမွေကိုရထိုက်တယ်။ ဒီသုံးချက်မကျေပွန်တဲ့ သားသမီးဟာ မိဘအမွေကို မခံထိုက်ဘူး။

## (၄) အမွေခံထိုက်သူဖြစ်ပါစေ

မိဘလဲလုပ်မကျွေးဘူး၊ မိဘကိစ္စကိုလဲ ဘာမှဆောင်ရွက် မပေးဘူး၊ အမျိုးအနွယ်ဓလေ့ထုံးစံနှင့် မိဘပစ္စည်းလဲဖြုန်းမယ်ဆိုယင် ဒီသားသမီး မိဘအမွေကို ခံထိုက်သေးသလား။

"မခံထိုက်ပါဘုရား"

"မွေခံထိုက်စေ"ဆိုတဲ့ ဝတ္တရားသည် ရှေးကဝတ္တရားသုံးခု ကျေမှ ဖြစ်မယ်။ဒါကြောင့်–

(၄) ဒါယဇ္ဇံပဋိပဇ္ဇာမိ။ ။ဒါယဇ္ဇံ၊ မိဘရဲ့အမွေအနှစ်ကိုလဲ။ ပဋိပဇ္ဇာမိ၊ ခံထိုက်အောင်ငါကျင့်မယ်။

## (၅) အမျှပေးဝေပါ

အဲဒီလို စတုတ္ထကျင့်ဝတ်ကျင့်လို့ သားသမီးတွေ မိဘရဲ့အမွေကိုရပြီဆို ပြန်တော့ အမေများ အဖေများ ဘဝတပါးပြောင်းသွားတဲ့ အခါမှာ–

(၅) ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ။

"တို့အမေ့ပစ္စည်းကလေးနဲ့တို့အမေ့အတွက် အလှူပေးလိုက်အုံးမယ်" လုပ်ပေးကြပါ၊ "အဖေ့ပစ္စည်းကလေးနဲ့၊အဖေ့အတွက်အလှူပေးလိုက်အုံးမယ်"အဲဒီလို လုပ်ပေးကြပါ။ ဘဝတပါး ရောက်လေရာက ငါ့သမီးတွေ ငါ့သားတွေ ငါ့ကိုအမှတ်ရလေသားပဲ၊ သတိရလေသားပဲ၊ တို့သားသမီးတွေ တို့အတွက်ကောင်းမှု ပြုပေသားပဲ"

ဒီလိုပြုယင် မိဘတွေက ရောက်လေရာ ဘဝတပါးက နေပြီးတော့ မိဘများဟာ ဒီသားသမီးတွေအပေါ် မေတ္တာမခန်းဘူး၊ ရောက်တဲ့နေရာဘ ဒီသားသမီးတွေကို မေတ္တာပို့လို့ ဘဝတပါးက မိဘနှစ်ပါးရဲ့ မေတ္တာရ

ခြင်းဖြင့် လော်ကမှာချမ်းသာတယ်။ ''သုဝဏ္ဏသာမ ဇာတ်တော်ကြီး'' ဖြင့် ထင်ရှားပါတယ်။

''မှန်ပါ ထင်ရှားပါတယ်ဘုရား''

မိဘလုပ်ကျွေးဆိုတာ လူမှသာမဟုတ်ဘူး၊ ဘုန်းကြီးတို့ ရဟန်းများလဲ မိဘကို လုပ်ကျွေးကောင်းတယ်၊ ရဟန်းတော်တွေက ဒါယကာ၊ ဒါယိကာမတွေ လှူဒါန်းတဲ့ ပစ္စည်းယုတ်စွအဆုံးပြောရယင် ဆွမ်းခံလာလို့ရတဲ့ သပိတ်ထဲကဆွမ်း ကိုယ်မစားခင် မိခင်ကို ချကျွေး။ ကျွေးကောင်းတယ်။ အဲဒါမသိပဲနှင့် သွားပြီးတော့ ''တို့က ဘုန်းကြီးလှူလိုက်တာ ဘုန်းကြီးက သူ့မယ်တော် ခမည်းတော်ကိုပဲ ကျွေးနေတယ်'' ဆိုပြီး သွားပြီးတော့ အပြစ်မတင်နဲ့၊ ဘုရားရှင်ကိုယ်တော်မြတ် ဒီအကြောင်းနဲ့ ပတ်သက်လို့ ဇာတ်တော်ပေါင်း မြောက်မြားစွာ ဟောထားတယ်။ သုဝဏ္ဏသာမဇာတ်တော်ကြီးမှာလဲ ဒီအတိုင်း ဟောတယ်။

## မိဘလုပ်ကျွေးလိုတဲ့ ရဟန်းတပါး

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ အမျိုးက လာခဲ့တဲ့ ရဟန်းတော်တပါး။ မိဘနှစ်ပါး စွန့်ခွာပြီးတော့ ရဟန်းတရားအားထုတ်တယ်၊ တောထဲသွားပြီး တရားအားထုတ်တာ ၁၂-နှစ်ကြာတယ်၊ ဘာတရားမှ မရဘူး။ တဦးတည်းသော သားကလေး သင်္ကန်းဝတ်သွားတယ်၊ အိမ်မှာ မိအို-ဖအိုတွေ ဒီအတိုင်းကျန်ခဲ့တယ်၊ အိမ်မှာ တဖြေးဖြေးနဲ့ ပစ္စည်းတွေက ရောင်းချစားရတာ ဖြေးဖြေးနဲ့ ၁၂-နှစ်လဲကြာရော မိဘတွေလဲ ဆင်းရဲရော၊ သင်္ကန်းဝတ်နေတဲ့ ကိုယ်တော်လဲ ဘာတရားမှ မရဘူး။

ဒါနဲ့ တောထဲမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်က စဉ်းစားတယ်၊ ''ငါ လူ့စည်းစိမ်လဲ ဆုံးရှုံး၊ ရဟန်းတရားအားထုတ်တာလဲ ၁၂-နှစ်ကြာတယ်၊ ငါ ဘာတရားမှ မရဘူး၊ ငါ့ဘဝ ဒီဘဝ ဘယ်လိုပဲ အားထုတ်ပေမယ့် ရဟန်းတရား ရမှာမဟုတ်ဘူး။ မိဘများလဲ အိမ်မှာ ဆင်းရဲနေရစ်ရှာပြီ။ သာဝတ္ထိမြို့ပြန်၍ ဘုရားဖူး၊ တရားနာယူ၊ လူထွက်ပြီးတော့ အိမ်ပြန် မိဘနှစ်ပါးလုပ်ကျွေးမှ တော်မယ်ထင်တယ်၊ မိဘလုပ်ကျွေးတဲ့ ကုသိုလ်ကောင်းမှုနဲ့ နတ်ပြည်လောက်ရောက်ယင် တော်ပါပြီ'' ဆိုပြီး၊ ကိုယ်တော်လေး စိတ်ပျက်ကာ တောထဲက ထွက်လာတယ်။

ဇေတဝန်ကျောင်းတော်ရောက်၍ ဘုရားကိုယ်တော်မြတ် ဖူးမြော်တော့ ဘုရားရှင်ကိုယ်တော်မြတ်က၊ "ဟဲ့ မင်းဘယ်သွားမလဲ" "တပည့်တော် လူထွက်မလို့ပါ ဘုရား" "ဘယ်သွားမလဲ" "အိမ်ပြန်ပြီး မိအို ဖအိုများ လုပ်ကျွေးမလို့ပါ ဘုရား" ဒီလိုလျှောက်ရော—

ရဟန်းဘဝနဲ့ မိဘကို လုပ်ကျွေးထိုက်တယ်

အဲဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်က "မာတုပေါသကသုတ္တန်" ဆိုတာ အကျယ်ဟောတယ်၊ "မိဘများ လုပ်ကျွေးတယ်ဆိုတာ ဒီသင်္ကန်း ဝတ်နဲ့လဲ လုပ်ကျွေးကောင်းပါတယ်" ဆိုတဲ့အကြောင်း အကျယ်ဟောတယ်။

အဲဒီအချိန်လဲကျရော ကိုယ်တော်ကလေးက "သင်္ကန်းဝတ်နဲ့လဲ လုပ်ကျွေးကောင်းတယ်ဆိုယင် လူမထွက်ဘူး။ မိအို ဖအိုနှစ်ပါး ကျောင်းခေါ်ထားပြီး ငါဆွမ်းခံကျွေးမယ်" စိတ်ကူးပြီးတော့ ထိုကိုယ်တော်ကလေး ဆွမ်းခံဘယ်၊ ရတိုင်းရတိုင်းသောဆွမ်းတွေကို မိဘနှစ်ပါးကို ကျွေးတယ်၊ မိဘနှစ်ပါး စားပြီး ကျန်မှ သူစားတယ်၊ မကျန်တဲ့နေ့ သူမစားဘူး။

ဘုန်းကြီးကလဲ ရှားပါးလိုက်တာ၊ ဆွမ်းခံသွားယင် သုံးယောက်စာ ရတဲ့အခါ ခပ်ရှားရှားပဲ။ နှစ်ယောက်စာရလို့ မိဘနှစ်ပါးပဲစားရတယ်။ သူမစားရတဲ့အခါအများကြီး၊ မိဘနှစ်ပါးကတော့ သားရဟန်းခံပေးတဲ့ ဆွမ်း စားရလို့ တဖြည်းဖြည်းနဲ့ ကျန်းမာလာပြီး အားခွန်ဗလတွေ ပြည့်ဝလာတယ်၊ သားဖြစ်သူကိုယ်တော်ကတော့ မစားရတချက်၊ စားရ တချက်နဲ့ အားအင်ကုန်ခန်းပြီး ပိန်နေတယ်၊ တဖြည်းဖြည်းပိန်ချုံးပြီး ရောဂါဖြစ်လာတယ်။

ဒီမှာ သီတင်းသုံးဘော် ကိုယ်တော်များကမေးတယ်၊ "အရှင်ဘုရားတောထဲ တရားအားထုတ်နေစဉ်က အရှင်ဘုရား ဒီလောက်မပိန်ဘူး၊ သာဝတ္ထိပြည်ရောက်မှ အရှင်ဘုရားပိန်လိုက်တဲ့ဖြစ်ခြင်း၊ အရိုးနဲ့အရေ ကပ်နေပြီ၊ သစ်ရွက်ခြောက်လိုဖြစ်နေပြီ ဘယ်လိုသဲ"ပေါ့၊ "တပည့်တော် ဆွမ်းခံလို့တော့ရပါတယ်ဘုရား၊ ဒါပေမယ့် မိဘတွေကျွေးမွေးရတော့ တခါခါ ထမင်းများဟင်းများကုန်သွားလို့ တပည့်တော်မစားလိုက်ရပါဘူး"ပေါ့။

ဒီသတင်းကိုကြားတော့ ကိုယ်တော်တွေက "ဘယ်လိုလဲ ဒါယကာ ဒါယိကာမတွေက သဒ္ဓါလို့လှူတဲ့ပစ္စည်း အမေကျွေး- အဖေကျွေးနဲ့ 'သဒ္ဓါဒေယျ ဝိနိပါတ' သဒ္ဓါသဖြင့်လှူတဲ့ပစ္စည်းတွေကို ဒီကိုယ်တော် ဖျက်ဆီးနေတယ်" လို့ ကိုယ်တော်တွေက အပြစ်တင်ကြတယ်။

ဒီသတင်း မြတ်စွာဘုရားထံမှောက် ရောက်တော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က မိဘလုပ်ကျွေးတယ်ဆိုတာ ငါဘုရားအလောင်းသော်မှလဲ ရှေးကလုပ်ကျွေးခဲ့ဘူးပြီ၊ သဒ္ဓါဒေယျ ဝိနိပါတဆိုတဲ့ သဒ္ဓါတရား ဖျက်ဆီးတာမဟုတ်ဘူး၊ လုပ်ကျွေးကောင်းတယ်ဆိုပြီး "သုဝဏ္ဏသာမ ဇာတ်တော်ကြီး" ကို ဟောတော်မူတယ်။

## သိကြားမင်းက ရှိခိုးခံရသူဖြစ်အောင်

သုဝဏ္ဏသာမ သတို့သားဟာ မျက်မမြင်မိဘနှစ်ပါးဖြစ်တဲ့ ဒုကူလနှင့် ပါရိကာကိုလုပ်ကျွေးတယ်။ နေ့စဉ်-နေ့စဉ် တောထဲကသစ်သီး မျိုးရှာ၊ စမ်းချောင်းထဲက ရေကလေးတွေခတ်၊ မိဘနှစ်ပါး ကျင်ကြီးကျင်ငယ် သုတ်သင်ပေးပြီး အဝတ်အစားတွေပါ လျှော်ဖွပ်ပေးတယ်။

အသားကြူးတဲ့ရှင်ဘုရင် ပိဠိယက္ခဆာ သုဝဏ္ဏသာမ ရေခပ်ရအောင် အသွားမှာ ချုံကွယ်ကချောင်းမြောင်းနေပြီး ရေခပ်၍ ရေအိုးအသင့်မှာ မြားနဲ့ပစ်တယ်၊ မြားဆိပ်မွှန်လို့ သောင်ပြင် လဲနေတဲ့အချိန်မှာ ရှေးဦးစွာ ပိဠိယက္ခမင်း၊ ပြီးတော့မှ ခုနစ်ဘဝက အဒမတော်ခဲ့ဘူးတဲ့ ဗဟုသုန္ဒရီ နတ်သမီးရောက်လာတယ်။

အဲဒီနတ်သမီး ဘာကြောင့်ရောက်လာသလဲဆိုယင် "ငါ့သားဟာ လွန်ခဲ့တဲ့ခုနစ်ဘဝကလဲ ငါ့ကိုလုပ်ကျွေးခဲ့တယ်၊ ပြုစုခဲ့တယ်၊ ယခု သုဝဏ္ဏသာမ ရယ်လို့ ဖြစ်နေတဲ့ဘဝမှာလဲ မယ်တော်ခမည်းတော်မျာ: မျက်မမြင် ဒုကူလနှင့် ပါရိကာကိုလဲ လုပ်ကျွေးတယ်၊ မိဘလုပ်ကျွေးတဲ့သား ဟဲ့" ဆိုပြီး လာတယ်။ အလကားလာတာမဟုတ်ဘူး။

ပြီးတော့ သံယုတ်ပါဠိတော်မှာလဲရှိသေးတယ်။ မိဘနှစ်ပါး လုပ်ကျွေးတဲ့သားသမီးကို သိကြားမင်းက ရှိခိုးတယ်ဆိုတာ ဟောသေးတယ်၊ ဒီကနေ့တော့ တို့ပရိသတ်က သိကြားမင်း ပြန်ရှိခိုးနေတယ်၊ ဟိုမှာ သိကြားက ပရိသတ်ကိုရှိခိုးတာ။ သိကြားမင်းရဲ့ရှိခိုးခံချင်ယင် မိဘကို

သေသေချာချာလုပ်ကျွေး၊ ဒီကနေ့ခေတ်က ကြဲကြဲဖန်ဖန်ရှိနိုးနေတယ်၊ ပြောင်းပြန်လုပ်နေကြတယ်။

လွန်ခဲ့တဲ့ခုနစ်ဘဝက အမေတော်ခဲ့တဲ့ ဗဟုသုန္ဒရီ နတ်သမီး ဆိုက်ရောက်လာပြီး နတ်သမီးက ဒုက္ခုလနှင့်ပါရိကာကို သွားခေါ်ဖို့ ပိဋ္ဌိယက္ခမင်းကြီးကို တိုက်ဘွန်းတယ်၊ အဲဒီမိဘတွေဆုံပြီး သစ္စာဆိုကြပါတယ်။ အတိုဆုံးကတော့ သစ္စာကိုပြောချင်တာပါ၊ ခုနစ်ဘဝကအမေတော်ခဲ့တဲ့ နတ်သမီးလဲ သစ္စာဆိုတယ်၊ လက်ရှိဘဝ ဒုက္ခုလ-ပါရိကာဆိုတဲ့ အမေအဖေကလဲ သစ္စာဆိုတယ်။

## မေတ္တာတန်ခိုးအာနိသင်

"ဒီသားဟာ မိဘရဲ့ကျေးဇူးကို ကောင်းကောင်းသိလို့ မိဘကို လုပ်ကျွေးပါတယ်၊ ဒီစကားသည် မှန်ကန်သောစကားဖြစ်ပါသောကြောင့် ဒီသား၌ဖြစ်ပေါ်နေသော မြားဆိပ်ကျပါစေသတည်း"

တယောက်စီတယောက်စီ သစ္စာဆိုကြတဲ့အချိန်မှာ သုဝဏ္ဏသာမ မြားဆိပ်တွေပြယ်ပြီးတော့ အသက်ရှင်တယ်၊

သစ္စာစကားရယ်လို့ သာမန်အားဖြင့်ဆိုကြပေမယ့် ပဓာနကောက်လိုက်ယင် မိဘရဲ့မေတ္တာ၊ သားရဲ့အမေ-အဖေပေါ်မှာထားတဲ့မေတ္တာ၊ ဤမေတ္တာနှစ်ပါးကိုအခြေခံပြီးတော့ဆိုတဲ့ သစ္စာသည် မြားဆိပ်ကို ပြေစေတယ်။ မေတ္တာတန်ခိုးနှင့် သစ္စာတန်ခိုးဖြစ်တယ်။ ဒါကြောင့်အရှေ့အချပ်ကလုံခြုံရေးဆိုဘာ သားသမီးရဲ့မေတ္တာသည် မိဘအပေါ်မှာ လွှမ်းထားရမယ်။

ဒီမေတ္တာနှစ်ခု အပြန်ပြန်လွှမ်းထားယင် အရှေ့အရပ် နံရံကြီးမှာ မကျေနပ်မှုဆိုတဲ့ ဒေါသမီးတွေငြိမ်းပြီး လုံခြုံရေး ကောင်းကောင်းမရဘူးလား။

"ရပါတယ်ဘုရား"

ဒါကို သင်္ဂဇာဆရာတော်ဘုရားကြီးက လင်္ကာစီကုံးထားတယ်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စေ့ငှဲ့လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ"

"သားတို့တာ" ဆိုလို့ သမီးတွေမပါဘူးမထင်နှင့် သမီးတို့လဲပါတယ်၊ ဒီဝတ္တရားငါးပါးဟာ သားသမီးဝတ္တရားငါးပါး၊ သားသမီးက မိဘအပေါ် တုံ့ပြန်ယင် သားသမီးတွေဘက်က မေတ္တာအပြည့်အဝ မိဘအပေါ် ရောက်သွားပြီ။ မိဘအပေါ်မှာ ထိုကဲ့သို့ ဝတ္တရားငါးပါး ရောက်သွားယင် မိဘကလဲ သားသမီးအပေါ် တုံ့ပြန်လိမ့်မယ်။

ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ပုတ္တေန ပုရတ္ထိမာ ဒိသာ မာတာပိတရော ပစ္စုပဋ္ဌိတာ ဣမေဟိ ပဉ္စဟိ ဌာနေဟိ ပုတ္တံ အနုကမ္ပန္တိ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေတဲ့။ ဂဟပတိပုတ္တ၊ အို-သူဌေးသား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ဣမေဟိ ဌာနေဟိ ဤအကြောင်းအရာတို့ဖြင့်။ ပုတ္တေန၊ သားသမီးဖြစ်တဲ့ပုဂ္ဂိုလ်သည်။ ပုရတ္ထိမာ ဒိသာ၊ အရှေ့အရပ်လို ခေါ်ဆိုရကုန်သော။ မာတာပိတရော၊ မိဘနှစ်ပါးတို့ကို။ သစေ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးကြမယ်ဆိုလို့ရှိယင်။ မာတာပိဘူဟိ၊ မိဘနှစ်ပါးတို့ကလဲ။ ပဉ္စဟိ ဌာနေဟိ၊ ငါးပါးသောအကြောင်းအရာတို့ဖြင့်။ ပုတ္တံ၊ သားသမီးကို။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။

## မိဘကျင့်ဝတ် ၅- ပါး

သားသမီးက မိဘကို ထိုကဲ့သို့ ဝတ္တရားငါးပါးဖြင့် စောင့်ရှောက်မယ်ဆိုယင် မိဘတို့ကလဲ သားသမီးများအပေါ်မှာ ဝတ္တရားငါးချက်ဖြင့် စောင့်ရှောက်ရလိမ့်မယ်၊ ဘယ်လိုလဲဆိုယင်—

(၁) ပါပါ နိဝါရေန္တိ၊

(၂) ကလျာဏေ နိဝေသေန္တိ၊

(၃) သိပ္ပံ သိက္ခာပေန္တိ၊

(၄) ပတိရူပေန ဒါရေန သံယောဇေန္တိ၊

(၅) သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ။

## (၁) မကောင်းမှုမှ တားမြစ်ပါ

(၁) "သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော ဂဟပတိပုတ္တ၊ အို-သူကြွယ်သား မာတာပိတရော၊ မိဘနှစ်ပါးတို့သည်၊ ပုတ္တံ၊ သားသမီးကို၊ ပါပါ၊ မကောင်းမှုမှလဲ၊ နိဝါရေန္တိ တားမြစ်ကြလေကုန်၏။

မကောင်းမှုမှ တားမြစ်မယ်၊ သားတွေသမီးတွေ မကောင်းတဲ့ အကျင့်အကြံ အပြောအဆို အနေအထိုင် တွေ့ယင် တားရမယ် မိဘဝတ္တရား၊ သားသမီးတွေ မကောင်းတာလုပ်လို့ မိဘများက အမြဲတားဆီးပေးနေယင် အဲဒီသားသမီး အလွန်ကံကောင်းတယ်၊ မင်းတို့ လုပ်ချင်တာလုပ် ဆိုပြီး မတားတော့ဘူးကွာဆိုယင် အဲဒီသားသမီး ကံဆိုးပြီ။

သူတို့က တွက်လိမ့်မယ်၊ တို့ပြောတဲ့လူမရှိဘူးဆိုပြီး တွက်လိမ့်မယ်။ မတွက်နဲ့၊ အဲဒါ အတွက်လွဲအယူလွဲဘာ၊ ကိုယ့်ကိုပြောမယ့် ဆိုဆုံးမမယ့်လူ ရှိနေသမျှကာလပတ်လုံး ငါ့ချစ်တဲ့သူ ရှိနေသေးတယ်လို့ တွက်ထား။ ကိုယ့်ကို ဘယ်သူကမှ မကောင်းတာလုပ်သစ္စေ မပြောတော့ဘူးဆိုယင် ကိုယ့်အပေါ် မေတ္တာရှိတဲ့သူ နည်းသွားပြီ။ မရှိတော့ဘူး။ ဒါကြောင့် ပြောမယ့်-ဆိုမယ့်သူ များနေယင် ကံကောင်းတယ်။

စိတ်မညစ်နဲ့၊ ဒီကနေ့ ကလေးတွေက ဒီလိုမဟုတ်ဘူး။ အမေကဆူ၊ အဘိုး-အဘွားကဆူ၊ အဖေကဆူဆိုယင် တယ်ဆိုးတဲ့အိမ်ပဲ၊ ဒီအိမ် မကြာခင် လက်ဖက်ခြောက်ခပ်ရမယ်ထင်တယ်၊ သူတို့တွေက ဆူလွန်းလို့ စိတ်ညစ်တယ်။ ဒီလောက် တဆူဆူတပွက်ပွက်နဲ့ ပြောဆိုနေတဲ့ကြားထဲက ဒီအားခြအနေရောက်ကုန်ယင် ဘာမှမပြောပဲနဲ့ မင်းတို့သဘောပေါ့ ဆိုပြီး ပစ်ထားလိုက်ယင် ပိုဆိုးကုန်လိမ့်မယ်။ ဒါကြောင့် ကိုယ့်ကို ဆုံးမမယ့်လူ ရှိနေသေးသမျှ ငါ့ကံကောင်းပြီဟုမှတ်ပါ။ ငါ့ဆုံးမမယ့်လူ မရှိတော့ဘူးဆိုယင် ငါဒီဘဝ လူသေနဲ့ အတူတူပဲလို့ တွက်ပါ။

"အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးပေးသူဟူ၍ ချဉ်းကပ်ပါ"

ဒါက ရွှေကျောင်းဆရာတော်ဘုရားကြီးရဲ့ ဆုံးမသြဝါဒ။ အပြစ်ပြ၍ ဆုံးမမယ့်သူမရှိယင် ငါကံဆိုးပြီလို့သာ တွက်ပေတော့၊ မကောင်းတဲ့အထဲကို ဆက်တိုက်သွားတော့မယ်။

## (၂) ကောင်းတဲ့လုပ်ငန်း၌ တိုက်တွန်းပါ

(၂) ကလျာဏေ၊ ကောင်းတဲ့လုပ်ငန်း၌။ နိဝေသေန္တိ၊ မိဘတို့က
တိုက်တွန်းကြပေလိမ့်မယ်။

### အနာထပိဏ်သဌေးသားကာဠ

မကောင်းတာတား၊ ကောင်းရာညွှန်ကြားတဲ့ ကျောင်းဒကာ အနာထပိဏ်သဌေးကြီးမှာ ကာဠခေါ်တဲ့ သားတယောက်ရှိတယ်၊ ကာဠဆိုတဲ့ ပုဒ်ကို မြန်မာလိုပြန်ယင် "မဲ"လို့ခေါ်တယ်၊ စဉ်းစားကြည့်တော့ အနာထပိဏ်ရဲ့သား မောင်ကာဠဟာ အသားတော်တော်နက်ပုံရယ်၊ဒါကြောင့် မောင်ကာဠ သို့မဟုတ် မောင်မဲလို့ပဲခေါ်မယ်။

ဘုရားရဲ့ကျောင်းဒါယကာကြီးက တနေ့ သုံး ခေါက် ဘုရား ထံမှောက်ရောက်တယ်၊ အဲဒီမောင်မဲက တခေါက်မှ မရောက်ဘူး၊ တရားလဲမနာဘူး၊ အိမ်ကို ကိုယ်တော်တွေ ကြွလာပြီဆိုယင် တခါထဲ သူလုပ်ချင်ရာလုပ်ပြီး ထွက်သွားတယ်၊ အံ့ဩစရာ သိပ်ကောင်းတယ်။ ဘုရားကျောင်းဒကာကြီးရဲ့ သားတွေထဲက ဒီလိုဖြစ်တာဟာ တမိဒပါက်တယောက်ထွန်းဆိုတာ ဒါမျိုးပဲ။

မိဘနှစ်ပါး ရဘနာ သုံးပါးကို ဘယ်လောက် ဆည်းကပ် နေနေ သားသမီးတွေကျတော့ ရိုင်းလှချီရဲ့ဆိုတာ တယောက် တလေတော့ ပါတယ်။ အဖေကြီး လုပ်တဲ့သူဟာ သားကို ဘယ်လို တိုက်တွန်းသလဲ ဆိုတော့ "ဘုရားဖူးပါ"တဲ့၊ "တရားနာပါ"တဲ့၊ "သံဃာတော်တွေ လုပ်ကျွေးပါ"တဲ့ တိုက်တွန်းတယ်၊

### ဥပုသ်တခါစောင့် တရားတခါနာ အသပြာတရာ

နောက်တော့ အဖေဖြစ်တဲ့ ကျောင်းဒါယကာ အနာထပိဏ်က "ဟဲ့ငါ့သား မင်း-ဥပုသ်နေ့ဇေတဝန်ကျောင်းသွားပြီး ဥပုသ်စောင့်ကွ။ တရားနာကွ၊ တဥပုသ် တခါ စောင့်ယင် မင်းကိုငါငွေတရာပေးမယ်၊ ဥပုသ် တခါစောင့် တရားတခါနာယင် မင်းကိုငါ ငွေတရာပေးမယ်" "ကောင်းပြီ" ဆိုပြီး ကျောင်းသွားတယ်၊ ဥပုသ်စောင့် သလိုလို ဘာလိုလိုနဲ့ ကောင်းကောင်းစားပြီး ဇရပ်တခုမှာ ခွေအိပ်ခဲ့တယ်။

"အဖေ ကျွန်တော် ဥပုသ်စောင့်ခဲ့ပြီ၊ တရားနာခဲ့ပြီ"၊ ဟုတ်သား ပဲ၊ ကျောင်းသွားတာတော့ သွားတယ်၊ တနေရာအိပ်ပြီးသူပြန်လာတယ်၊ အိမ်လဲကျရော အဖေ့ထံက ငွေတရာတောင်းပြီး သုံးဖြုန်းလိုက်တာပဲ၊

နောက်တပတ် ဥပုသ်လဲ ဒီအတိုင်းပဲ၊ သူက တဥပုသ် တပတ်တရာ ရတော့ ဟန်ကျနေတယ်၊ ဖခင်ကို ညာနေတာပေါ့။ ဖခင်လုပ်တဲ့ သူက လဲ၊ ဒီကောင် ကျောင်းသွားဖော်ရ မနည်းဘူးဟဲ့ဆိုပြီး ပေးနေတယ်၊ နောက်တော့ နည်းနည်း တိုးလာတယ်၊ အနာထပိဏ် သဌေးကြီး က "ငါ့သား မင်းကျောင်းသွား ဥပုသ်စောင့်တာ တော်တော် ကျေနပ် ပြီ၊ တရားနာတာလဲ တော်တော်ကျေနပ်ပြီ၊ ဒီတခါတော့ မင်းကို ငွေတိုးပေးမယ်၊ အသပြာ တထောင်ပေးမယ်၊ ဒါပေမယ့် တရားနာ ပြီးယင်တရားတလုံးတော့ မင်းမှတ်ခဲ့ကွာ" နဲ့ အကြပ်ကိုင်လိုက်တယ်။

## တရားတလုံးမှတ်မိယင် အသပြာတထောင်

တရားလဲနာပေါ၊ ဥပုသ်လဲစောင့်ပေါ၊ ဒါပေမယ့် တရားတလုံးတော့ မင်းမှတ်ခဲ့ကွာ၊ တလုံးလောက်မှတ်မိယင် မင်းကို တထောင်ပေးမယ်၊ မမှတ်မိယင် မပေးဘူး၊ ဒီတော့ ငွေတထောင် တက်သွားပြီ၊ ဟန်ကျပြီ၊ ဘုရားကျောင်းသွားပြီးတော့ တရားပွဲထဲ ဝင်ထိုင်မယ်၊ ခါတိုင်းတော့ တရားပွဲဝင်မထိုင်ဘူး၊ တထောင်ရမယ်ဆိုတဲ့နေ့ကျတော့ တရားပွဲထဲ ဝင် ထိုင်ပြီး တရားနာတယ်။

မောင်ကာဠကအား တရားပွဲကိုမသွားလို့ တမင်ကို ပိုက်ဆံ အသပြာ ပေးပြီး လွှတ်ရတာ။ "ဝိဇယသုတ္တန်" ဟောတုန်းက ဒီဝတ္ထုထည့် ဟောခဲ့တယ်။ ရာဇဂြိုဟ် ပြည့်ရှင် ဗိမ္ဗိသာရ မင်းကြီးနှင့် ဘုရားရှင် ကိုယ် တော်မြတ်တို့ ဘုရားပွဲ လူစည်အောင် ဘယ်လိုလုပ်ရသလဲ၊ တရားပွဲလာ ယင်လာ၊ မလာတဲ့သူတွေ အသပြာရှစ်ကျပ် ဒဏ်တပ်မယ်ဆိုပြီး ကြေ ငြာရတယ်၊ တမြို့လုံး ကလေးပဲ ကျန်တယ်၊ အကုန်လာတယ်။

ယခု အနာထပိဏ် သဌေးကသားက "တရားပွဲသွားပေါ၊ မင်းတရား တလုံး မှတ်မိယင် တထောင်ပေးမယ်"၊ ကျောင်းလဲရောက်ရော မောင် ကာဠ တရားပွဲ ဝင်ထိုင်တယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရား တော်ကို သူကြိုးစားပြီး မှတ်တယ်၊ ဟန်ကျပြီ၊ တလုံးတော့မှတ်မိတယ်။ မှတ်မိပြီလဲဆိုရော၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က "ဒီကောင်တရား

တကယ်နာချင်လို့ မဟုတ်ဘူး၊ ပိုက်ဆံ လိုချင်လို့ တရားလာမှတ်တာ" ဆိုပြီးသိတယ်။

ဒီတော့ "သူမှတ်မိတဲ့တရား ပျောက်စေသတည်း၊ မေ့စေသတည်း" ဆိုပြီး ဘုရားက ဟန့်တားတယ်။ စောစောက မှတ်ထားတာလေးမေ့ပြီး ပျောက်သွားတယ်၊ "ငါမှတ်မိတာ ပျောက်သွားပြီ" ဆိုပြီး၊ ကြိုးစားနာမိတယ်၊ဘုရားကသိတယ်။ "ဒီကောင် ပိုက်ဆံလိုချင်လို့ တရားနာတာ ပျောက်စေသတည်း" လို့ ထပ်လုပ်တယ်။

တလုံး မှတ်မိလိုက် ပျောက်သွားလိုက်၊ တလုံး ပျောက်သွားလိုက်၊ နောက်တလုံးထပ်မှတ်အုံးမယ်၊ ကြိုးစားပြီး မှတ်အုံးမယ်လို့ ကြိုးစားပြီး တရားနာတယ်။ မှတ်ယင်း မှတ်ယင်းနဲ့ ဘုရား ကိုယ်တော်မြတ်က "ပျောက်စေသတည်း" ဆို ပျောက်သွားပြန်ကော။ အဲဒီလိုနဲ့ပဲ မောင်ကာဠ တရားပွဲက ထကိုမထနိုင်ဖြစ်လာတယ်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကလဲ တဖြေးဖြေးနဲ့ သူမှတ်မိအောင် တိုးတက်တိုးတက်ပြီး သူစိတ်ဝင်စားအောင် ဟောတယ်၊ ဟောယင်း ဟောယင်းနဲ့ သစ္စာလေးပါး အနားကပ်လာပြီလဲဆိုရော ဘုရားရှင်ကိုယ်တော်မြတ်က "စောစောက မောင်ကာဠ မှတ်ထားတဲ့ တလုံးချင်းသော တရားတွေ အကုန်လုံး ပြန်သတိရအောင် ပြန်ပေါ်စေသတည်း" ဆိုတော့ စိတ်ထဲမှာမှတ်ထားတဲ့ တရားတွေ စီဘန်းပြီးပေါ်လာတဲ့အခါ စိတ်ထဲမှာ ကြည်လင်သွားတယ်၊ ဝမ်းသာသွားတယ်။

"ဟာ ငါမှတ်မိတဲ့ တရားတွေ မနည်းဘူးဟဲ့" ဆိုပြီး အားရ ဝမ်းသာ ဖြစ်လာတဲ့အချိန်မှာ စိတ်တွေရွှင်နေပြီ၊ ခုနကစိတ်က တက်ကြွတဲ့စိတ်။ ပသန္နစိတ်=ကြည်လင်သောစိတ်၊ မုဒုစိတ်=နူးညံ့သောစိတ်တွေ ဒီအချိန်မှာရလာတယ်။ ဒီလို နူးညံ့-ကြည်လင်-ရွှင်ပြ-တက်ကြွတဲ့အချိန်မှာ မြတ်စွာဘုရားက သစ္စာလေးပါးကို ဟောလိုက်တယ်။ အဲဒီလို သစ္စာလေးပါး အသီးအခြား ထုတ်ပြတာကို သာမုက္ကံသိကာ ဒေသနာခေါ်တယ်။

### မောင်ကာဠစိတ်အစဉ်ကြည်လင်လာခြင်း

အလွန်တရာ ညစ်နွမ်းနေတဲ့ ပုဆိုးတထည်ဆိုရင်ဆိုးတော့မယ် ကြံယင် ပထမဦးစွာ အညစ်အကြေးတွေကို ဆပ်ပြာနဲ့ ဆေးလိုက်ရတယ်၊

လျှော်လိုက်ရတယ်၊ အညစ်အကြေးများ သန့်ရှင်းသွားတဲ့ အခါကျ တော့ ဆိုးရည်ဆိုးယင် စွဲသွားတယ်။

"စွဲသွားပါတယ်ဘုရား"

ဒီအတိုင်းပဲ မောင်ကာဠရဲ့ စိတ်အစဉ်မှာ ငွေတထောင် လိုချင်တဲ့ လောဘ တည်းဟူသော ကာမစ္ဆန္ဒနီဝရဏတွေ အညစ်အကြေးတွေကပ် နေတယ်၊ တရားတွေကို မေ့ကုန်လို့ စိတ်ညစ်တယ်ဆိုတဲ့ ဗျာပါဒနီဝရဏ တွေ ကပ်နေတယ်၊ ထိုအညစ်အကြေးတွေကို ဘုရားရှင် ကိုယ်တော်မြတ် က "တရားပြန်မှတ်မိစေသတည်း" ဆိုတဲ့ အာနုဘော်ဖြင့် နီဝရဏတွေ ခွာလိုက်တာ စိတ်တွေရှင်းပြီးတော့ ကြည်လာတယ်။

"ကြည်လာပါတယ် ဘုရား"

ဒါကြောင့် ဘုရား ကိုယ်တော်မြတ်က-

ယဒါ ဘဂဝါ အညာသိ အနာထပိဏ္ဍိကဿ ပုတ္တံ ကာဠံ။

ယဒါ၊ အကြင်အခါ၌။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အနာထပိဏ္ဍိကဿ၊ အနာ ထပိဏ် သဌေးရဲ့။ ပုတ္တံ၊ သားဖြစ်သော။ ကာဠံ၊ မောင်ကာဠကို။ အညာသိ၊ သိတော်မူ၏။
ဘယ်လိုသိသလဲဆိုယင်-

## မောင်ကာဠ သောတာပတ္တိမဂ်ဖိုလ်ဆိုက်ရောက်ခြင်း

ကလ္လစိတ္တံ၊ မုဒုစိတ္တံ၊ ဝိနီဝရဏစိတ္တံ၊ ဥဒဂ္ဂစိတ္တံ၊ ပသန္နစိတ္တံ။

ကလ္လစိတ္တံ၊ သစ္စာလေးပါး၌ ဆီလျော်တဲ့ စိတ်ထားရှိ၍ နေသည် ကို၊ မုဒုစိတ္တံ၊ နူးညံ့တဲ့ စိတ်ဓာတ်သည်း ရှိ၍နေသည်ကို၊ ဝိနီဝရဏ စိတ္တံ၊ နီဝရဏ တရားငါးပါးကင်း၍ နေသည်ကို။ ဥဒဂ္ဂစိတ္တံ၊တက် ကြွတဲ့ စိတ်ဓာတ် ရှိ၍နေသည်ကို။ ပသန္နစိတ္တံ၊ ရွှင်လန်းတဲ့စိတ်ဓာတ် ရှိ၍နေသည်ကို။ အညာသိ၊ ကောင်းစွာ ထင်ထင် ဘုရားရှင် သိမြင် တော် မူခဲ့လေ၏။

ဆပ်ပြာနဲ့ဆေးလို့လျှော်လို့ အညစ်အကြေးကင်းသွားတဲ့ ပုဆိုးကလေး လို မောင်ကာဠရဲ့စိတ်မှာလဲ နီဝရဏငါးပါး အညစ် အကြေးတွေ

ကင်းလို့ ရှင်လန်းနေတယ်၊ ကြည်လင်ပြီးလာတာကို ဘုရားသိတော်မူသဖြင့်-

အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ တံ ပကာသေတိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ၊

အထ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုရားရှင်သည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်ကိုယ်တော်မြတ်တို့ရဲ့။ ယာသာမုက္ကံသိက ဓမ္မဒေသနာ၊ အကြင်ကိုယ်ဆိုင်ထုတ်၍ ဟောအပ်တဲ့ သစ္စာလေးပါး တရားတော်သည်၊ အတ္ထိ၊ ရှိပါပေ၏။ တံ၊ ထိုသစ္စာလေးပါးတရားကို။ ပကာသေတိ၊ ပြတော်မူခဲ့လေ၏၊ ဒုက္ခံ၊ ဒုက္ခသစ္စာကိုလည်းကောင်း။ သမုဒယံ၊ သမုဒယသစ္စာကိုလည်းကောင်း။ နိရောဓံ၊ နိရောဓသစ္စာကိုလည်းကောင်း။ မဂ္ဂံ၊ မဂ္ဂသစ္စာကိုလည်းကောင်း။ ပကာသေသိ၊ ကောင်းစွာမသွ ထင်ရှားပြတော်မူခဲ့ပါပေ၏။

ဒေသနာဝသာနေ၊ ဒေသနာနိဂုံးဆုံးသောကာလ၌။ အနာထပိဏ္ဍိကဿ ပုတ္တော ကာဠော၊ အနာထပိဏ်သဌေးရဲ့သား ငွေတထောင်ရချင်လို့ တရားနာနေတဲ့မောင်ကာဠသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိ မင်္ဂဉာဏ် - ဖိုလ်ဉာဏ်၌။ ပတိဋ္ဌဟိ၊ ကောင်းစွာတည်ခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

ငွေတထောင်လိုချင်လို့ တရားနာတဲ့မောင်ကာဠ သောတာပတ္တိမဂ်ရသွားပြီ။ မိဘနှစ်ပါး ကောင်းရာကို ညွှန်ကြားတယ်ဆိုတာ အဲဒီလိုကြံဖန်နည်းမျိုးစုံနှင့် သားသမီးတွေကို ခြောက်တလှည့်၊ ချော့တလှည့်လုပ်ရတယ်။ အမြဲတမ်းချည်း နင်းကန်ခြောက်လှန့်နေယင် ကြိမ်းမောင်းနေယင် ခြောက်ခြားကုန်တတ်တယ်။ အမြဲတမ်း မြှောက်ပင့်နေယင်လဲ ပေးလိုမလောက်ဖြစ်တတ်တယ်။ ဒါ့ကြောင့် ခြောက်တန်တဲ့အခါခြောက်၊ ချော့တန်တဲ့အခါချော့၊ တော်သလိုကြည့်စီမံရတယ်။

## မောင်ကာဠ အသပြာတထောင်ကိုငြင်းပယ်ပြီ

အနာထပိဏ်သဌေးကြီးရဲ့သား မောင်ကာဠ ငွေတထောင်ပေးပြီး တရားနာခိုင်းလိုက်သဖြင့် ယခုတော့ နာယင်းနာယင်း စိတ်ဝင်စားလို့

သောတာပန်တည်သွားပြီ။ မနက်မိုးလဲလင်း အိမ်ပြန်လာပြီး ထမင်းပွဲကျတော့ ခေါင်းငုံ့ပြီးစားနေတယ်၊ အဖေပိုက်ဆံပေးလို့ မပြောတော့ဘူး ။ သောတာပန်ဖြစ်သွားပြီ၊ အရိယာပုဂ္ဂိုလ်ဖြစ်သွားပြီ။

သောတာပတ္တိဖိုလ်က ငွေတထောင်ထက် တန်ဖိုးရှိတယ်။
ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။

ပထဗျာဧကရဇ္ဇေန၊ ဟောဒီမြေကြီးတခုလုံးကို ဧကရာဇ်မင်းကြီးပဲ လုပ်ရလုပ်ရ၊ သောတာပတ္တိမဂ်ဖိုလ်လောက် အရသာမရှိဘူး ။ သဂ္ဂဿ ဂမနေနဝါ။ နတ်ရွာသုဂတိ ရောက်ချင်တိုင်းရောက်၊ဟောဒီ သောတာပတ္တိမဂ်ဖိုလ်လောက် မချမ်းသာဘူး။

ဘုရားရှင် ကိုယ်တော်မြတ် နံနက်စောစော အနာထပိဏ်အိမ်ဆွမ်းဘုဉ်းပေးဘို့ရကြွလာတယ်၊အိမ်လဲရောက်ရောခေါင်းရင်းထိုင် ဆွမ်းဘုဉ်းပေးတယ်။မောင်ကာဠကမီးဖိုချောင်ထဲမှာ ထမင်းစားနေတယ်၊ အဖေကြီးလုပ်သူအနာထပိဏ်သဌေးကြီးကဘောနားငွေတထောင်ထုပ်ချထားတယ်၊ မောင်ကာဠက လှည့်တောင်မကြည့်ဘူး။ အဖေက ပိုက်ဆံလာပေးတာကို မောကာဠကစိတ်ထဲမှာ ရှက်နေတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြွလဲ့လာရော အနာထပိဏ်သဌေးကြီးကလျှောက်တယ်။

"မြတ်စွာဘုရား . တပည့်တော်သား တရားမနာလို့၊ မိုက်လွန်းလို့ တပည့်တော်ဥပုသ်တပတ်ကို ငွေတရာပေးပြီးတော့ ကျောင်းလွှတ်တယ်၊ ယခုတော့တရားတလုံးမှတ်မိယင် ငွေတထောင်ပေးမယ်ဆိုပြီး ကျောင်းလွှတ်တယ်၊ လွန်ခဲ့တဲ့ဥပုသ်တွေတုန်းကတော့ တရာပေးလဲယူတာပဲ၊ တထောင်ပေးလဲယူဘာပဲ။ ဒီကနေ့ကျောင်းကတရားနာပြီး ပြန်လာတာ ငွေတထောင်ပေးတာလှည့်တောင်မကြည့်ဘူး၊ ပိုက်ဆံထုပ်တွန်းပစ်တယ်ဘုရား"

အဲဒီတော့မှ မြတ်စွာဘုရားက "သဌေးကြီး သဌေးကြီးသားသောတာပတ္တိမဂ်+ဖိုလ်ဆိုက်လာတာ၊ သောတာပတ္တိမဂ်+ဖိုလ်ရဲ့အရသာဟာ - သဗ္ဗလောကဓိပစ္စေန=ခပ်သိမ်းသောလောကမှာရှိကြတဲ့ စကြာမင်းစည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်လောက်မျ

မကဘူးကောင်းတယ်။သောတာပတ္တိဖလံ ဝရံ=သောတာပတ္တိဖိုလ်ကမြတ်လို့၊ငွေတထောင် ဘာအရေးစိုက်မလဲ''လို့ ဘုရားက မိန့်ကြားတယ်။

## သားသမီးအမိုက်များကို ပရိယာယ်ဖြင့် ဆုံးမပါ

ဒီဝတ္ထုမှာဆိုလိုချင်တာက ကောင်းရာကိုညွှန်ကြားဆိုတာကမိဘများ ပရိယာယ်သုံးတတ်ဖို့ပြောတာ။အနာထပိဏ်သဌေးသည်သူ့သားမိုက်ရိုင်းနေတာကိုပရိယာယ်သုံးပြီး ကျောင်းတော်ပို့လို့ ယခုသောတာပန်ဖြစ်သွားပြီ၊ ဒီကနေ့ ဘုန်းကြီးတို့ ဒါယကာ ဒါယိကာမများလဲ မိမိတို့သားသမီးများကို ချော့တဲ့အခါချော့ ခြောက်တဲ့အခါခြောက်ပြီး ကောင်းရာကိုကြံဖန်ပြီးညွှန်ကြားတတ်ရမယ်။

## (၃) အတတ်ပညာသင်ပေးပါ

(၃) သိပ္ပံ၊ အတတ်ပညာကို။ သိက္ခာပေန္တိ၊ တတ်မြောက်အောင် သင်ပေးကုန်ရာ၏။

အတတ်ပညာကို တတ်မြောက်အောင်သင်ပေးရမှာက မိဘဝတ္တရားဖြစ်တယ်။ သားတွေသမီးတွေ အချိန်ရှိတုန်း ပညာကိုစုံအောင် မိဘကသင်ပေးမထားယင် ထိုသားသမီးတွေကြီးလာတဲ့အခါ အပြစ်တင်တတ်တယ်။ ''တို့အဖေအမေကွာ၊ တို့ဘာပညာမှ သင့်ပေးမသွားဘူး၊ တို့ဆာတော့ သင်ချင်သား၊ အဖေ-အမေက သင်မပေး''လို့ဆိုပြီး အပြစ်ဖြစ်လာတတ်တယ်။

ဒီလိုများ သားသမီးများက မိဘကိုအပြစ်တင်မိယင် အဲဒီအပြစ်ဟာ သားသမီးများအပေါ် ပြန်ရောက်တယ်၊ ဒီအချိန် အရှေ့အရပ်က လုံခြုံရေး မရတော့ဘူး၊ နံရံပေါက် ပြန်ဖြစ်ဘာပဲ။

## (၄) ထိမ်းမြားလက်ထပ်ပေးပါ

(၄) ပတိရူပေန ဒါရေန သံယောဇေန္တိ။

ပတိရူပေန၊ သင့်တော်လျောက်ပတ်သော။ ဒါရေန၊ သားမယားနှင့်လည်း။ သံယောဇေန္တိ၊ ထိမ်းမြားလက်ထပ်ပေးပါ။

အချိန်ကျလာပြီ၊ သားတွေ၊ သမီးတွေလဲ အရွယ်လဲ ရောက်လာပြီ၊ ပညာလဲစုံပြီ။''ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား''နိုင်တဲ့ အချိန်

ရောက်လျက်သားနဲ့အမျ ဒီသားသမီးတွေ၊ သားကိုလဲ သင့်တော်တဲ့အမျိုးသမီးနဲ့၊ သမီးကိုလဲ သင့်တော်တဲ့အမျိုးသားနဲ့ ထိပ်းမြားမပေးမိဘူးဆိုယင် အရွယ်လွန်သွားတဲ့အချိန် သားသမီးတွေက မိဘကိုအပြစ်တင်တတ်တယ်။ ဒါကြောင့် သင့်တော်လျောက်ပတ်သော အမျိုးသားအမျိုးသမီးနှင့် ထိပ်မြားလက်ထပ်ပေးဖို့ မိဘဝတ္တရားရှိပါတယ်။

(၅) အမွေအနှစ်ကိုအပ်နှင်းပါ

(၅) သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ။

သမယေ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့အချိန်အခါကာလ၌။ ဒါယဇ္ဇံ၊ အမွေကိုလည်း။။ နိယျာဒေန္တိ၊ အပ်နှင်းရကုန်၏ ။

ခုနက သင့်လျော်သော အမျိုးသား၊ အမျိုးသမီးနဲ့ ထိမ်မြား လက်ထပ်ပေးလို့ဆိုတယ်။ ထိပ်မြားပေးယင် တို့ပိုက်တာ တို့ယူမယ် ဖြစ်သွားမယ်။ အဲဒီအချိန်ကျ မိဘမှာပိုးတောက်ပြီသာမှတ်ထား၊ လုပ်သင့်တဲ့ဝတ္တရား အချိန်မီလုပ်ပေးယင်ပေး၊ အချိန်မီလုပ်မပေးယင် "တို့သဘောနဲ့ တို့" ဆိုယင် မီးလောင်တတ်တယ်။ အဲဒီနောက်ပိုင်း ဖြစ်သင့်တာတွေဖြစ်ကုန်ရော၊ လောကမှာ အသက်ပါဆုံးရှုံးသွားတာတွေ အများကြီးရှိတယ်၊ ဒီလောက်ပြောယင် လူတွေပိုပြီးသိပါတယ်။

**အမွေခွဲဝေပေးခြင်း အခြေအနေသုံးရပ်**

သင့်လျော်သောကာလမှာ ပစ္စည်းပေးဝေခြင်းဆိုတာလဲမိဘဝတ္တရားရှိတယ်၊ ဒီမှာ—

(၁) ကာလသမယရယ်။

(၂) နိစ္စသမယ-ရယ်လို့ သမယနှစ်ပါးရှိတယ်။

"နိစ္စသမယ"ဆိုတာက သားတွေ သမီးတွေကို အမြဲတမ်း ပေးနေရမယ်။ကျောင်းသွားဖို့လိုတယ်၊ ခရီးထွက်ချင်တယ် မုန့်စားချင်တယ်၊ပုဆိုးဝယ်ချင်တယ်၊ ပေးကိုပေးရမယ်၊ လက်ဝတ် လက်စားလေး လုပ်ချင်တယ်၊ ပေးလိုက်၊ အဲဒီလို လိုတဲ့အချိန်အခါတိုင်း ပေးရမယ်ဆိုတာက နိစ္စသမယမှာ ပေးခြင်းဖြစ်တယ်။ နည်းနည်းသုံးဖို့ ပေးတာကိုလဲ လက်မလွှတ်တမ်းပေးရမယ်။

"ကာလသမယ"ဆိုတာက သားတွေသမီးတွေ အိမ်ထောင်ပြုပြီးပြီ၊ အရွယ်ရောက်ကုန်ပြီ၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ဖြစ်ကုန်ပြီ၊ အဲဒီလိုအချိန်မျိုးမှာလဲ မိဘကသားသမီးတွေကို "ရော့ရွှေက မည်မျှ၊ ငွေက ဘယ်လောက်၊ ဒီအိမ်၊ဒီခြံ၊ ဒီကား၊ မင်းတို့ယူ၊ ကိုယ့်စီးပွားနှင့်ကိုယ် လုပ်ကြ" လို့လဲခွဲပေးထားရမယ်၊ သားသမီးများအချိန်ကျ အရွယ်ရောက်လို့ခွဲပေးတာမျိုးကိုလဲ ပေးရမယ်။

ဒီလိုမှမဟုတ်ပဲ ကိုယ်သေခါနီး ပြီဆိုတဲ့ အချိန်ကျတော့ သားသမီးတွေ အရွယ်ရောက်ပေမယ့် ခွဲပေးထားရမယ်၊ ကိုယ်သေခါနီးပြီ ပစ္စည်းတွေခွဲမပေးသေးပဲ ဒါတွေငါ့ပစ္စည်းချည်ပဲ လုပ်ထားပြီးသေသွားရော၊ ကျန်ခဲ့တဲ့သားသမီးတွေက အမွေလုပြီး၊ ဘယ်သားသမီးမှ မစားရဘဲ သုံးမရပဲ ကြားလူက ရွှေနေစားလိုက်ကုန်တာပဲ။ ဒါ့ကြောင့်ပစ္စည်းပေးဆိုတာ -

(၁) လိုတိုင်း-လိုတိုင် လိုတဲ့အချိန်မှာ နည်းနည်းချင်းပေး၍ သုံးစွဲခြင်းတမျိုး။

(၂) သားများ၊ သမီးများ အိမ်ထောင်ပြုလို့ အရွယ်ရောက်လို့ အချိန်ကျလို့ ခွဲဝေပေးခြင်းတမျိုး။

(၃) ကိုယ် သေခါနီးတဲ့အတွက်ကြောင့် အမွေဇတွဝေပေးခဲ့ခြင်း ဆိုတာ တမျိုး။

ဒီသုံးနည်းဖြင့် ပေးတာကို သင့်လျော်သော အချိန်ကာလပစ္စည်းခွဲဝေပေးခြင်းလို့ ခေါ်တယ်။ ဒီလိုပေးခြင်းမျိုးကို လုပ်ထားတတ်ရမယ်။

"မကောင်းမေတ္တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြား ခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"

## ဘေးရန်လုံရန် မေတ္တာခြုံကြပါ

သားသမီးကလဲ မိဘအပေါ် ဝတ္တရားငါးပါး၊ (ပဥ္စပစ္စုပဋ္ဌိတ)

မိဘကလဲ သားသမီးအပေါ် ဝတ္တရာ ငါးပါး၊ (ပဥ္စအနုကမ္ပက)

အပြန်ပြန်အလှန်လှန် ဝတ္တရားငါးခုစီ ချေလိုက်တော့ဝတ္တရားဆယ်ခုရတယ်၊ အဲဒါအကုန် ခြုံကောက်ယင် မေတ္တာတလုံးပဲရတယ်။ သားသမီး

မေတ္တာ မိဘအပေါ်လွှမ်းလို့ မိဘရဲ့ရင်ဝယ် အေးချမ်းတယ်၊ မိဘမေတ္တာ သားသမီးအပေါ် လွှမ်းလို့ သားသမီးတွေ ချမ်းသာတယ်၊ အရှေ့အိပ်နံရံကြီး လုံခြုံရေးရပြီ၊ အရှေ့အရပ် ရှိခိုးဆိုတာ ဒိဝတ်တွေ မပျက်ဖို့ပြောတာ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ဌာနေဟိ၊ ဤအကြောင်းအရာ တို့ဖြင့်၊ ပဥ္စဟိ- ဌာနေဟိ၊ အကြောင်းအရာလက္ခဏာငါးပါးတို့နှင့်။ ပုတ္တေန၊ သားသမီးသည်။ မာတာပိတရော၊ မိဘနှစ်ပါးတို့ကို။ ပစ္စုပဋ္ဌိတာ၊ ပြုစုလုပ်ကျွေးကြမယ်ဆိုယင်။ မာတာပိတရောပိ မိဘနှစ်ပါးတို့ကလည်း။ ပုတ္တံ၊ သားသမီးတို့ကို။ ဣမေဟိ ပဥ္စဟိ ဌာနေဟိ၊ ဤအကြောင်းအရာ ငါးပါးတို့ဖြင့်၊ အနုကမ္ပန္တိ၊ ကောင်းစွာမသေ့ ပြန်လည်၍စောင့်ရှောက်ကြလေကုန်၏၊

ဝေမဿ ဧသာ ပုရတ္ထိမာ ဒိသာ ပဋိစ္ဆန္နာ ဟောတိ ခေမာ အပ္ပဋိဘယာ။

ဝေံ၊ ဤသို့ အရှေ့လောကဓာတ် မိဘနှစ်ပါးနှင့် သားသမီးဝတ္တရား အပြန်အလှန်ကျေလို့ မေတ္တာတွေနှင့်လုံခြုံနေကြမယ်ဆိုယင်၊ မေတ္တာနှင့် ကာရံသားကြမယ်ဆိုယင်။ အဿ၊ ထိုအိမ်ထောင်ရှင်သားသမီးရဲ့။ ပုရတ္ထိမာဒိသာ၊ အရှေ့အရပ်သည်။ ပဋိစ္ဆန္နာ၊ လုံခြုံရေးရသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပဋိဘယာ၊ သားနှင့်သမီးဒေါသဆိုတဲ့ ဘေးရန်ကင်းသည်။ဟောတိ၊ဖြစ်၏။ အပ္ပဋိဘယာ၊သားသမီးနှင့်မိဘ မကျေနပ်မှုဆိုတဲ့ ဒေါသ ဘေးရန်မရှိသည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ မကျေနပ်တယ်ဆိုတဲ့ ဒေါသဘေးရန်မှ ကင်းကွာ၍ သွားသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါး သခင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပုရတ္ထိမာဒိသာ၊ အရှေ့အရပ်ရဲ့ အကြောင်းအရာကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

# သိင်္ဂါလသုတ္တန်(ဆင်္ခြပိုင်း)

၁၃၄၁-ခုနှစ် ကဆုန် လပြည့်ကျော် ၁၁-ရက်နေ့ည၊ရန်ကုန်တိုင်း၊ စမ်းချောင်း မြို့နယ်၊ ဆန်လျှအသင်းထောက်မှ မြသိန်းတန်ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပသည့် ဆန်လျှုရေစက်ချ ဓမ္မသဘင်၌ ဟောကြားအပ်သော ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော်၌လာသော သိင်္ဂါလသုတ္တန် တရားတော် ဆင်္ခြပိုင်း။

## အရပ် ၆-မျက်နှာလုံခြုံမှု ခိုင်မာစေရန်

"အရပ် ၆-မျက်နှာရှိခိုး" ဆိုတာ အရပ် ၆-မျက်နှာလို့ သတ်မှတ်ပြီးထားတဲ့ ပုဂ္ဂိုလ် ၆-မျိုးတို့ကို ဝတ္တရားကျေပွန်အောင် ပြုစုထားပြီး အရိုအသေ ပြုစုလုပ်ကျွေးတာကို အရပ် ၆-မျက်နှာ ရှိခိုးတာခေါ်တယ်။ လောကအနေနှင့် သမုတ်ကာတဲ့ အရှေ့-အနောက်-တောင်-မြောက်-အရပ်တွေကို ရှိခိုးရမှာ မဟုတ်ဘူး။

ဘာကို ရှိခိုးရမှာလဲ။

(၁) အရှေ့အရပ်လို့ သတ်မှတ်ထားတဲ့ မိဘနှစ်ပါး၊

(၂) တောင်အရပ်လို့ သတ်မှတ်ထားတဲ့ ဆရာသမား၊

(၃) အနောက်အရပ်လို့ သတ်မှတ်ထားတဲ့ သားမယား၊

(၄) မြောက်အရပ်လို့ သတ်မှတ်ထားတဲ့ မိတ်ဆွေခင်ပွန်း၊

(၅) အောက်အရပ်လို့ သတ်မှတ်ထားတဲ့ အလုပ်သမားတွေ၊

(၆) အထက်အရပ်လို့ သတ်မှတ်ထားတဲ့ ရဟန်းသူတော်စင်တွေ၊

ဒီ ပုဂ္ဂိုလ် ၆-ဦးတို့အား အသီးအသီး ဝတ္တရားကျေပွန်အောင် စောင့်ရှောက်ပြီး အရိုအသေပြုနေကြသပျှ အရပ် ၆-မျက်နှာ လုံခြုံမှု ရတယ်။ဆိုခဲ့သော ပဋိစ္ဆာဒန-ခေမ- အပ္ပဋိဘယ-စတဲ့ အကျိုးတွေရတယ်၊

ဘာ့ကြောင့် လုံခြုံရေးရဘာလဲဆိုတော့ အရှေ့အရပ်လို့ သတ်မှတ်ထားတဲ့ မိဘနှစ်ပါးအား သားသမီးများက အရိုအသေပြုနေခြင်းဖြင့် အရှေ့အရပ်ကို အစဉ်သဖြင့် ရှိခိုးနေတာ ပေါ်တယ်။

မိဘနှစ်ပါးသည် လောကမှာ ရှေးဦးစွာ ကျေးဇူးပြုတဲ့ ကျေးဇူးရှင်များဖြစ်ခြင်းကြောင့် အရှေ့အရပ်လို့ သတ်မှတ်ထားတဲ့ မိဘတို့ကို သားများသမီးများက ဝတ္တရားငါးမျိုးတို့ဖြင့် ထောက်ပံ့ယင် မိဘများကလဲ သားသမီးတို့ကို ဝတ္တရားငါးမျိုးဖြင့် ထောက်ပံ့ပါတယ်၊

ထို ၅-ခု ၂-လီသော ဝတ္တရားတွေကို တရားကိုယ်ကောက်လိုက်မယ်ဆိုယင် မိဘနှစ်ပါးက သားသမီးများအပေါ် မှာထားတဲ့ မေတ္တာ၊ သားသမီးများက မိဘအပေါ် မှာထားတဲ့ မေတ္တာ၊မိဘနှစ်ပါးနှင့် သားသမီးတို့ ချည်နှောင်ထားတဲ့ အိမ်ထောင်စုကြီးတခုလုံးရဲ့ အရှေ့လောကဓာတ် မေတ္တာတံတိုင်းကြီး ကာရံပြီးသားဖြစ်သွားပြီ၊ အဲဒီ မေတ္တာတံတိုင်းကြီး အရှေ့အရပ်က ကာရံထားတဲ့ အိမ်ထောင်စု လုံခြုံပြီလို့ မှတ်ရပယ်။

ဒီလို သားသမီးနှင့် မိဘ အရှေ့လောကဓာတ် မေတ္တာတံတိုင်းခတ် မထားလို့ မကျေချမ်းမှုတွေ ဖြစ်နေကြယင် သားသမီးက မိဘအပေါ် စိတ်ကောက်၊ မိဘက သားသမီးအပေါ် စိတ်ကောက် ဖြစ်နေမယ်။ ဒီမကျေချမ်းမှုလေးတွေနှင့် ဘုန်းကြီးတို့ နန္ဒမထေရ်အတွက် ဟောတဲ့ "မုနိသုတ္တန်"၊ ဓနိယနွားသဌေးကြီးအား ဟောတဲ့ "ဓနိယသုတ္တန်" နှစ်မျိုးမှာ ထည့်ပြီး ဟောထားတဲ့ စေတောခိလ=စိတ်ထဲကြောင့်စူးခြင်း တရားငါးပါးဆိုတာပြန်တွေးကြည့်ရမယ်။

### ယုံမှားသံသယတွေ ကင်းရှင်းကြပါစေ

(၁) ဗုဒ္ဓ၌ ယုံမှားခြင်း၊
(၂) ဓမ္မ၌ ယုံမှားခြင်း၊
(၃) သံဃာ၌ ယုံမှားခြင်း၊
(၄) သိက္ခာသုံးပါး၌ ယုံမှားခြင်း၊

ဒီယုံမှားခြင်း တရားလေးပါး ဖြစ်ပေါ်လာတာကို စိတ်ထဲ ခြောင့်စူးတာခေါ်တယ်။

လုပ်ဖော်ကိုင်ဘက်အချင်းချင်း စိတ်ထဲမှာ ယုံမှားသံသယ ခုလုခုလု ဖြစ်ခြင်းဟာ စိတ်ထဲ ခြောင့်စူးနေတာ။ ဒီတော့ "ခြောင့်စူး" ဆိုတာ ဘာလဲဆိုတော့ စိတ်နှလုံးမသာမယာဖြစ်ကြတာ။ စိတ်တွေ ထိခိုက်နေကြတာ၊ မြေဟောက်ခေါင်း တုတ်နဲ့ရိုက်လိုက်သလို ရှုံ့ရှုံ့ရှဲ့ရှဲ့နဲ့ အိမ်မှာ ဖြစ်နေကြတာ။ အဲဒီ စိတ်ဆိုးတဲ့အိမ်မှာ ခြောင့်စူးနေကြတာ။ ခြောင့်စူးနေယင် အဲဒီအိမ်မှာ မဖြောင့်ဖြူးတော့ဘူး။

အောက်က သစ်ငုပ်ကလေးတွေ၊ ကျောက်ခဲကလေးတွေ၊ ဆူးပင်ကလေးတွေရှိတဲ့ မြေပြင်မှာ ခြေလျင်လျှောက်တဲ့အခါ ခြေထောက် ဟိုကစူး ဒီကစူးနဲ့ ခုလုခုလုနေသလို အိမ်ထောင်စုတခုမှာ သားသမီးနဲ့ အမိ၊ သားသမီးနဲ့ အဖ၊ ညီအစ်ကို မောင်နှမအချင်းချင်း အိမ်ရှိတဲ့လူတွေ ခုလုခုလုကလေးတွေ ဖြစ်နေကြရတာ ခြောင့်စူးနေကြတာပဲ။

ထိုကဲ့သို့ စိတ်ထဲ ခြောင့်စူးလို့ ခိုးလိုးခုလုကလေးတွေ ခံနေပြီဆိုယင် ခြောင့်ကို ခပ်မြန်မြန်နှုတ်၊ မနှုတ်ဘူးဆိုယင် တော်ကြာ အထဲမှာ ပြည်တယ်သွားလိမ့်မယ်၊ ပြည်တယ်သွားလို့ အတွင်းလိုက်စားသွားတဲ့ အချိန်ကျမှ ခွဲစိတ်ကုရမယ်ဆိုယင် မလွယ်ဘူး။

လမ်းလျှောက်တဲ့အခါ ဆူးရဲ့အဖျားပိုင်း ခြေထောက်မှာဝင်စူးလို့ ခပ်မြန်မြန်မနှုတ်ယင် အတွင်းလိုက်စားသလိုပဲ၊ မကျေနပ်မှု သေးသေးကလေးဖြစ်နေယင် ခပ်မြန်မြန် ဖြေရှင်းပစ်၊ မဖြေရှင်းလို့ အသက်ရှင်အောင် မွေးထားယင် ကြာလာတဲ့အခါ ကြီးထွားလာပြီး ခြောင့်ကြီးဖြစ်သွားယင် ဒီအိမ်ထောင်စုကြီး တခုလုံး ပြိုကွဲသွားနိုင်တယ်။

အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က အရှေ့လောကဓာတ်ကို မိဘနှစ်ပါးလို့ သတ်မှတ်ထားတယ်၊ ဒီလောကမှာ ရှေးဦးကျေးဇူး ပြုတဲ့ ကျေးဇူးရှင် မိဘနှစ်ပါးကို သားများသမီးများက ဝတ္တရားငါးပါး ကျေအောင် ဆောင်ရွက်ပါ၊ မိဘများကလဲ မိဘဝတ္တရားငါးပါးဖြင့် ပြန်လည်တုံ့ပြန်ပါ၊ ဒါကြောင့် ၅+၂-လီ=၁၀-ချက်သော ဝတ္တရားများဖြင့် မေတ္တာတတိုင်းကြီး ခတ်ထားယင် ဒီအိမ်ထောင်စုဟာ ဆူးခြောင့်ကြီး မရှိတော့ဘူး။

စိတ်ရဲ့ပြောင်တံသင်း ကင်းသဖြင့် ဒီအိမ်ထောင်စုမှာ အလွန်ကြည်လင်သွားပြီ၊ ဒါဟာ အရှေ့လောကဓာတ်မှာ ခတ်ထားတဲ့ မေတ္တာတံတိုင်းကြီး၊ မေတ္တာတရားကို အခြေတည်တဲ့ သစ္စာတရားသည် တန်ခိုးထက်တယ်၊ ဒါကြောင့် အရှေ့လောကဓာတ်အကြောင်း သိရှိနားလည်ရန် ဟောရတာပဲ။

## တောင်အရပ်ကို ရှိခိုးနည်း

တောင်အရပ်ကို တံတိုင်းခတ်ပုံ ပြောပြမယ်။ တောင်အရပ်ကို ယူယင် ပါဠိလို ဒက္ခိဏသဒ္ဒါသည် တောင်အရပ်ကိုဟောတယ်။ ဂုဏ်ကို ယူယင် ဒက္ခိဏသဒ္ဒါသည် မြင့်မြတ်သော သဘောကိုရတယ်၊ ကြိယာပုဒ်ကို ယူယင် ဒက္ခိဏသဒ္ဒါသည် အရိုအသေပြုခြင်းသဘောကို ရတယ်။ အလှူဒါနကို ယူမယ်ဆိုယင် ဒက္ခိဏသဒ္ဒါသည် အလှူဒါနကို ဟောတယ်။

ဒီနေရာမှာ ဒက္ခိဏသဒ္ဒါကို အရပ်ဟောအနေနှင့် တောင်အရပ်ယူပြီး၊ ပုဂ္ဂိုလ်အရ ဟောမယ်ဆိုယင် အရိုအသေ အလေးအမြတ်ပြုသင့်တဲ့ ဆရာသမားကို ယူရတယ်။ ဒါကြောင့် ဆရာသမားများကိုအမြဲတမ်း မွန်မြတ်သောအရပ် လက်ျာဘက်ကထားပြီး အရိုအသေပြုရမှာမို့ ဆရာဆိုတာ ဒက္ခိဏ-သဒ္ဒါနှင့် တွဲပြီးတော့ တောင်အရပ်လို့ သတ်မှတ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က သိင်္ဂါလသတို့သားကို "တောင်အရပ်ရှိခိုး"ဆိုတာ ပကတိအရပ်မျက်နှာကို မဆိုလိုဘူး၊ ဒက္ခိဏ-ဟူသောပုဒ်အရ တောင်အရပ်နှင့် လက်ျာဘက်အရပ်လို့ သတ်မှတ်ပြီးထားထိုက်တဲ့၊ အရိုအသေပြုထိုက်တဲ့ ဆရာသမားများကို တပည့်ဝတ္တရားငါးပါး ကျေပွန်အောင်ပြုလေ။ ဆရာကို ရိုသေစွာ ရှိခိုးပါလေလို့ ဟောတော်မူတယ်။

ဒါဟာ တောင်အရပ်ရှိခိုးလို့ တောင်ဘက်ကအိမ်ကြီး လုံခြုံသွားတယ်၊ အဲဒီ တောင်အရပ်လို့ခေါ်တဲ့ ဆရာသမားများကို မည်သို့မည်ပုံ အရိုအသေပြုရမယ်ဆိုတဲ့ အကြောင်းကို ထပ်မံမိန့်ကြားလိုသော ဘုရားရှင်ကိုယ်တော်မြတ်က—

### ဆရာသမားကို အရိုအသေပြုလုပ်ကျွေးပါ

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အန္တေဝါသိနာ ဒက္ခိဏာ ဒိသာ အာစရိယာ ပစ္စုပဋ္ဌာတဗ္ဗာ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော၊ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းအင်္ဂါ လက္ခဏာတို့ဖြင့်။ အန္တေဝါသိနာ၊ တပည့်ဖြစ်ပေသော။ ကုလပုတ္တေန၊ အမျိုးသား အမျိုးသမီးသည်။ ဒက္ခိဏာဒိသာ၊ တောင်အရပ်လို့ သတ်မှတ်ပြီးထားအပ်သော။ အာစရိယာ၊ ဆရာတို့ကို။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ အကြောင်းအရာ လက္ခဏာတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးရမယ်။

သိင်္ဂါလကို တိုက်ရိုက်ဟောနေတာ ဖြစ်ခြင်းကြောင့် "ကုလပုတ္တေန၊ အမျိုးသားသည်"ဒီလိုဆိုတယ်။ အမျိုးသားသည်လို့ ဆိုလိုက်တဲ့အတွက်ကြောင့် အမျိုးသမီးကလေးများက တို့ပါဘူးလို့ မမှတ်နဲ့၊ ပါတယ်မှတ်ထားပါ။

ဘုန်းကြီးတို့ ပါဠိစာပေမှာ ကုလပုတ္တ ဆိုတဲ့ပုဒ်သည် အမျိုးသား အမျိုးသမီး အကုန်ထည့်ပါတယ်။ "နေရှင်နယ်လ်"ဆိုတဲ့ စကားမှာ အမျိုးသား အမျိုးသမီး အကုန်ပါသလို ပါဝင်စေရမယ်။

တပည့်ဖြစ်တဲ့ အမျိုးသား အမျိုးသမီးများသည် တောင်အရပ်လို့ သတ်မှတ်ထားတဲ့ အရိုအသေပြုရမယ့် ဆရာသမားများကို ဝတ္တရားငါး နည်းတို့ဖြင့် အရိုအသေပြုခြင်း၊ လုပ်ကျွေးခြင်းကိစ္စ ဆောင်ရွက်ရမယ်။

ဒီငါးနည်းကတော့—

တပည့်ကျင့်ဝတ် ၅-ပါး

(၁) ဥဋ္ဌာနေန၊

(၂) ဥပဋ္ဌာနေန၊

(၃) သုဿူသာယ၊

(၄) ပါရိစရိယာယ၊

(၅) သက္ကစ္စံသိပ္ပပဋိဂ္ဂဟဏေန။

သိင်္ဂါလက၊သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ အန္တေဝါသိနာ၊ တပည့်ဖြစ်ပေသော၊ ကုလပုတ္တေန၊

အမျိုးသား အမျိုးသမီးသည်။ ဒက္ခိဏာ ဒိသာ၊ တောင်အရပ်လို့ သတ်မှတ်ပြီး ထားအပ်ပေသော။ အာစရိယာ။ ဆရာကို။

(၁) ဥဋ္ဌာနေနစ၊ ထိုင်ရာမှထ ပေးခြင်းဆိုတဲ့ အရိုအသေပြုခြင်းဖြင့် လည်းကောင်း။

(၂) ဥပဋ္ဌာနေနစ၊ ဆရာ့ခြေရင်း တနေ့သုံးကြိမ်လာစားခြင်းဆိုတဲ့ ဥပဋ္ဌာနဖြင့်လည်းကောင်း။

(၃) သုဿုသာယစ၊ ဆရာပြောတဲ့စကား မှတ်မှတ်သားသား လေးစား လိုက်နာခြင်းဖြင့် လည်းကောင်း။

(၄) ပါရိစရိယာယစ၊ ရေပူရေချမ်း ကမ်းလှမ်းပြုစု လုပ်ကျွေးခြင်း ဖြင့် လည်းကောင်း။

(၅) သက္ကစ္စံ သိပ္ပ ပဋိဂ္ဂဟဏေနစ၊ အတတ်ပညာကို ရိုရိုသေသေ လေးလေး စားစား သင်ယူခြင်းဆိုတဲ့ လုပ်ငန်းဖြင့် လည်း ကောင်း။

ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းအရာ အင်္ဂါတို့ဖြင့်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေ ဟိ ကာရဏေဟိ၊ အကြောင်းအရာအင်္ဂါတို့ဖြင့်။ အန္တေဝါသိနာ၊ တပည့်ဖြစ်သော။ ကုလပုတ္တေန၊ အမျိုးသား-အမျိုးသမီးသည်။ ဒက္ခိဏာဒိသာ၊ တောင်အရပ်လို့ သတ်မှတ်ထားသော။ အာစရိယာ၊ ဆရာတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ မုချမသွေ လုပ်ကျွေး ထိုက်ပါပေ တော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရား ရှင် ကိုယ်တော်မြတ်သည်။ ဒက္ခိဏာ ဒိသာ၊ တောင်အရပ်ကို။ နမဿိ တဗ္ဗာ ကာရံ၊ ရှိခိုးရမယ်ဆိုတဲ့ အခြင်းအရာကို။ဝေ၊ ဤသို့။ အဝေါစ၊ ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

တောင်အရပ်လို့ သတ်မှတ်ထားတဲ့ ဆရာသမားများကို ရှိခိုးရမယ့်၊ အရိုအသေပြုရမယ့် အမူအရာကိုဘုရားရှင်ကိုယ်တော်မြတ်က အကြောင်းအရာ လက္ခဏာ ငါးချက် ဖော်ပြထားတယ်။

၁။ ဥဋ္ဌာန ညီညာ

၂။ ဥပဋ္ဌာန ထကြွ

၃။ သုဿုသ ဆုံးမနာယူ

၄။ ပါရိစရိယ လာမူဆီးကြို ထံနီးလုပ်ကျွေး

၅။ သက္ကစ္စသိပ္ပပဋိဂ္ဂဟဏ-သင်တွေးအံ့ရွတ်

## (၁) ဆရာလာယင် မတ်တတ်ရပ်ပါ

ဥဋ္ဌာနဆိုတဲ့ နံပါတ် (၁)က ဘုန်းကြီးတို့ အမျိုးသားများ-အမျိုးသမီးများ ရနေတဲ့ တပည့်ဖြစ်သူက ဆရာအပေါ်မှာ ပြုကျင့်ရမယ့် ဝတ္တရား လင်္ကာ....

**"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"**

ဒါကို ပါဠိလို ဥဋ္ဌာနခေါ်တယ်။ ဆရာ ကိုယ့်အနား ရောက်လာတာ မြင်ယင်၊ ထိုင်နေတဲ့တပည့်က ထိုင်မြဲထိုင်မနေပဲ၊ ကိုယ့်ဆရာရိုသေသော အားဖြင့် ထိုင်ရာမှထမတ်ဘတ်ရပ်လိုက်ရမယ်။ လက်အုပ်ချီတဲ့ အလေ့ အထရှိယင် လက်အုပ်ပါ ချီလိုက်ရမယ်။ ဒါတပည့်ဖြစ်သူက ထိုင်ရာမှ ထပေးသောအားဖြင့် ဆရာကို အရိုအသေပြုဘာ။

ဆရာက အခေါ်းကဲ့သာတယ်၊ တပည့်က ကုလားထိုင်ကြီးပေါ် ထိုင်မြဲ တိုင်း ထိုင်ပြီး ကုလားထိုင်ပေါ်က ဆင်းကိုမဆင်းဘူးဆိုယင် ဒီတပည့် သည် ဆရာ့ဂုဏ်ကျေးဇူးကို စော်ကားတာနဲ့အတူတူပဲ၊ ဆရာကလောက မှာ လူတလုံးသူတလုံးဖြစ်အောင် ကိုယ့်ကို ပညာရပ်အမျိုးမျိုး သင်ပေး နေတာ၊ ဒီဆရာလာလို့မှ ကုလားထိုင်ပေါ်က ဆင်းချင်စိတ်မရှိဘူးဆို ယင် ဒီတပည့်ဟာ ဆရာ့ထံက ပညာကောင်းကောင်း ရဖို့မလွယ်ဘူး။

ပညာရပြန်သော်လဲ ဒီတပည့်လောကအလယ် ဘယ်တော့မှ ဘယ်နည်းနဲ့မှ မကြီးပွားနိုင်ဘူး၊ ဒါကြောင့် "ညီညာထကြွ"ဆိုတဲ့ စကားဟာ "ထိုင်ရာမှထ"ဆိုယင် ပိုကောင်းတယ်၊ ဒါကြောင့် ထိုင်ရာမှထ ချဉ်းကပ်ကြပါလေ။ "ညီညာထကြွ ဆုံးမနာယူ" လင်္ကာကို—

"ထိုင်ရာမှထ၊ ချဉ်းကပ်ကြလေ၊ ဆုံးမသမှု၊ နာ:စိုက်ရှုလျက်၊ ပြုစုတွေလျှင်၊ လိုလိုချင်နှင့်၊ ပုတ်သားပညာ၊ သင်ယူပါ၊ ငါ ပြော တပည့်ဝတ်"

ဒီလိုဆိုယင်ပိုပြီးတော့ ပေါ်လွင်တယ်၊ ထိုင်ရာမှထ၊ ဆရာလာယင် အရိုအသေပေးရမယ်၊ ကောင်းပြီ၊ အရိုအသေပေးကြပြီ၊ ဆရာနှင့်တပည့် စကားပြောကြပြီဆိုတော့ ဆရာကထိုင်နေတယ်၊ တပည့်ဖြစ်သူက ကျကျနန သင်ဖြူးနဲ့ ခေါင်းအုံးနဲ့ အိပ်နေတယ်ဆိုယင် ကောင်းသလား။ သင့်တော်သလား၊ မသင့်တော်ဘူး၊ မကောင်းပြန်ဘူး။

### အမှုဌပုဏ္ဏားအပြုအမူ မယူကြလေနဲ့

လျောင်းသော ဣရိယာပုထ်၊ အိပ်သောဣရိယာပုထ်ဆိုတာ မြတ်တဲ့ ဣရိယာပုထ်၊ ထိုင်တဲ့ဣရိယာပုထ်ဟာ ညံ့တဲ့ဣရိယာပုထ်၊ ဆရာကညံ့တဲ့ ဣရိယာပုထ်နဲ့နေယင် တပည့်ဖြစ်သူက ဒီထက်ညံ့တဲ့ ဣရိယာပုထ်နဲ့နေရမယ်။ ဆရာဖြစ်သူက အိပ်တယ်ဆိုယင် တပည့်ဖြစ်သူက ထိုင်ရမယ်၊ ဒါ ရိုသေတဲ့ သဘောရှိတယ်။ ဆရာဖြစ်သူက ထိုင်ယင် တပည့်ဖြစ်သူကမတ်တတ်ရပ်ပြီး အရိုအသေပြုပြီးနေပါက ပိုပြီးလေးစားရာ ရောက်တယ်။ ဒါဟာ အပြစ်မရှိဘူး။

ကြာကြာ မရပ်နိုင်လို့ ထိုင်မယ်ဆိုယင် ဆရာထက်မြင့်သော နေရာ မြတ်သောနေရာက မထိုင်ရဘူး။ ဆရာထိုင်တဲ့ပုံနှင့် ပုံဘူကြီးမထိုင်ရဘူး။ ဆရာကလဲ တင်ပလ္လင်ခွေ၍ထိုင်လို့၊ တပည့်ကလဲ တင်ပလ္လင်ခွေ၍ထိုင်လို့ ဆိုယင် ဒါဟာ အဂါရဝ မရှိသေမလေးစားရာ ကျတယ်။ ဆရာကတင်ပလ္လင်ခွေထိုင်ယင် တပည့်ဖြစ်သူက ဒူးတုပ်ထိုင်မှ ကောင်းတယ်။ အဲဒီလိုနှိမ့်ချသော ဣရိယာပုထ်နှင့် ဆရာ့အနားမှာ ထိုင်ခြင်း၊ နေခြင်းရှိရမယ်။

ပြီတော့ ဆရာကထိုင်နေတယ်၊ တပည့်ဖြစ်သူကလက်ပိုက်ပြီး စကြံ ဟိုလျှောက်ဒီလျှောက်နဲ့ ကိုယ့်ဆရာကို စကားပြောတယ်ဆိုယင်လဲ မရို

သေတာပဲ၊ ဒီအကြောင်းအရာက ဘယ်မှာ အကျယ်ပါသလဲဆိုယင် "အမ္ဗဋ္ဌသုတ္တန်"မှာ ပါတယ်။

အမ္ဗဋ္ဌပုဏ္ဏားနှင့် မြတ်စွာဘုရား အချီအချ စကားပြောတဲ့နေရာမှာ ဓမ္မာသနာပလ္လင်မှာထိုင်နေတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို အမ္ဗဋ္ဌပုဏ္ဏားက ဘုရားရှင်ကိုယ်တော်မြတ်ရှေ့မှာလာပြီး လက်ပိုက်လိုက်၊ လက်နောက်ပစ်လိုက်နဲ့ မလေးစားတဲ့အမူအရာကို ဖော်ပြပြီး စကားပြောနေတယ်။ ဘုရားရှေ့မှာ လူးလားတုံ့ခေါက် စကားပြောတယ်၊ ဘုရားကထိုင်နေတယ်၊ သူက လျှောက်ပြီးစကားပြောနေတော့ မလေးစားတဲ့သဘောပဲ။

## တပ်မှူးနဲ့တပ်သားလို စံနမူနာယူ

စစ်တပ်များမှာ စစ်သားတွေက စန့်စန့်မတ်မတ် သတိအနေအထား နှင့်၊ တပ်မှူးလုပ်တဲ့သူက လက်နောက်ပစ်လို့ဖြစ်စေ၊ သို့မဟုတ် လက်ပိုက်လို့ဖြစ်စေ၊ တပ်သားများရဲ့ရှေ့မှာ ဟိုဘက်ထိပ် ဒီဘက်ထိပ် ဆုံးအောင်လျှောက်ပြီး တပ်သားတွေကို အမိန့်ပေးနေတယ်၊ ဩဝါဒ ပေးနေတယ်၊ မိန့်ခွန်း ပြောကြားနေတယ်ဆိုတာ တွေ့ရလိမ့်မယ်။ ဒီတော့ တပ်မှူးဖြစ်တဲ့ပုဂ္ဂိုလ်သည် မိမိလက်အောက် ငယ်သားများကို မိန့်ခွန်းပေးတယ်၊ ဩဝါဒပေးတယ်ဆိုယင် တပည့်များက သတိအနေအထားနှင့် မတ်တတ်ရပ်လျက် ဆရာလုပ်သူက ထိုတပ်သားတွေကို နိုင်နိုင်နင်းနင်းကြည့်ပြီး လက်ပိုက်လျက် စကြံလျှောက် ပြောနေတယ်ဆိုတဲ့ အမူအရာသည် တပ်မှူးက တပည့်ဖြစ်တဲ့တပ်သားတွေကို ပိုင်နိုင်တယ် ဆိုတာ ပြနေတယ်။

တပည့်ဖြစ်တဲ့ ကျောင်းသားကလေးတွေက ဆရာ့ရှေ့မှာ လက်ပိုက်လိုက်ပြီး ဟိုလျှောက်ဒီလျှောက် လုပ်နေမယ်ဆိုယင် တပ်မှူးက တပ်သားများကို ဆက်ဆံနေသလိုဖြစ်တယ်၊ အဲဒါအဂါရဝအမူအရာမလုပ်ကောင်းဘူး၊ စာထဲရှိလို့သာပြောရတယ်၊ အားတော့မရှိဘူး။ ဒီကနေ့ တပည့်တွေကို ဆရာက အရိုအသေပြုရမလိုဖြစ်နေပြီ။ ပြောင်းပြန်ကိုဖြစ်လာတယ်။ တပည့်က ဆရာကိုအရိုအသေပြုရတာ ခပ်ရှားရှား၊ ဆရာလုပ်တဲ့သူက တပည့်ကိုအရိုအသေပြုပြီး တောင်းတောင်းပန်ပန် စာသင်ရမယ့် အခြေအနေမျိုးတွေ အများကြီးရောက်လာတယ်။

## ဆရာနဲ့တပည့် မေတ္တာပျက်လာတဲ့အခါ

ဆရာနဲ့တပည့် ဆက်ဆံရေး ဒီလိုအခြေအနေရောက်လာတော့ ပညာရေးမှာလဲ ပေါက်မြောက်တဲ့ ထိပ်တန်းပညာရေးဖြစ်ဖို့ မလွယ်တော့ဘူး။ ဒီတပည့်တွေရဲ့အသည်းထဲ၊ နှလုံးထဲ ပညာရူးစူးစိုက်စိုက်နေရာက်ဖို့ မလွယ်တော့ဘူး။ ဘာကြောင့်မလွယ်တာလဲဆိုတော့ တပည့်က ဆရာကို မလေးစားတော့ဘူး ဆိုကတည်းက တပည့်တွေရဲ့နှလုံးသားထဲမှာ ပညာပေးတဲ့ဆရာကို လေးစားတဲ့ ဂါရဝတရားပရှိတော့ဘူး။ ဆရာ့မေတ္တာဟာလဲ တပည့်တွေထံ အပြည့်အဝ မရောက်တော့ဘူး၊

ဒီမေတ္တာနှစ်ခု ကူးစက်မှု မရဘူးဆိုယင် တပည့်များလဲ ထိပ်တန်းမရောက်ဘူး၊ ဆရာများလဲ ငွေချိန်ပြည့်ဝတ္တရားအရ သင်တာပဲဖြစ်တယ်၊ မေတ္တာအရသင်တာ မဖြစ်တော့ဘူး။ ဘာ့ကြောင့်လဲဆိုယင် တပည့်တို့ရဲ့ ရိုသေသမှုကို မရတဲ့ ဆရာသည် တပည့်များကို ပညာသင်တဲ့ အချိန်ဟာ တာဝန်အရ သင်ရတာပဲရှိတယ်၊ မေတ္တာဖြင့် သင်တာ မဖြစ်နိုင်ဘူး။

ပုထုဇဉ်သဘောဟာ အများအားဖြင့် ဒီအတိုင်းရှိတယ်။ တပည့်တွေ ဘယ်လိုပဲနေနေ၊ ငါ့ခါင်းရိုက်ခွဲချင်ခွဲ၊ မေတ္တာကရုဏာနဲ့ သင်မယ်ဆိုတဲ့ ဆရာသမားလဲ အနည်းအပါးတော့ ရှိပါတယ်၊ ဒါပေမယ့် အများစုကတော့ ဘုန်းကြီးပြောသလို ဖြစ်ကုန်ပါပြီ။

ဒါကြောင့် ဆရာလာယင် ဆိုင်ရာက မထဘူးဆိုတာကစလို့၊ ဆရာနှင့်တပည့်မေတ္တာပျက်ပြီး ပညာရေးတွေ ထိပ်တန်းမရောက်နိုင်ဘူးဆိုတာ မှတ်သားထားကြပါ။ အတန်းထဲ ဆရာဝင်လာတာနဲ့တပြိုနက်၊ တပည့်များ ထိုင်ရာက တညီထဲ ထတာရှိပေမယ့်၊ နောက်ချောင်ထဲက တပည့်တွေ ထချင်မှထကြတယ်၊ ဒီလိုမဖြစ်ရအောင် ဆရာလာယင် ထိုင်ရာမှ ထကြွပေးခြင်း၊ အရိုအသေပြုခြင်း ဂါရဝတရား မွေးမြူကြပါ။

## (၂) ဆရာ့ထံ တနေ့သုံးကြိမ် ချဉ်းကပ်ပါ

ဥပဋ္ဌာနဆိုတဲ့ နံပါတ် (၂)က တနေ့သုံးကြိမ် ဆရာ့အနားကို တပည့်များ ချဉ်းကပ်ရမယ်၊ ပညာသင်ပြီးတာနဲ့၊ ဒီဆရာနှင့် ဒီတပည့် ရန်ဖြစ်သွားတဲ့အတိုင်း တချို့များ စာသင်ခန်းက ထွက်လို့ထွက်ရော ဘယ်တော့

မှဆုံကို မဆုံတော့ဘူး။ လမ်းမှာမလွဲသာလို့ တွေ့ရပေမယ့် ဒါငါ့ဆရာပဲဆို ပြီးစိတ်ထဲအမှတ်ရှိချင်မှရှိတယ်၊ နှုတ်ဆက်ဖို့ အရိုအသေပြုဖို့ ဝန်လေးကြ တယ်။

စာထဲမှာကတော့ ညွှန်ကြားထားတယ်။ တနေ့သုံးကြိမ် ဆရာ့အနား ချဉ်းကပ်ပါ၊ တနေ့သုံးကြိမ် ချဉ်းကပ်ဆိုတာက ဘာအတွက် ချဉ်းကပ် ရမှာလဲ၊ ဆရာ့ကို လုပ်ကျွေးခြင်းဆိုတဲ့ မေတ္တာစေတနာနှင့် ချဉ်းကပ် ရမယ်၊ ဆရာဖြစ်တဲ့သူအလိုရှိ ငါခိုင်းဖို့ရာ ဝတ်ကြီးဝတ်ငယ် လုပ်ပေး မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တနေ့သုံးကြိမ်သုံးခါလောက် ဆရာ့အနား သွားဖြစ်အောင် သွားရမယ်။ ဒါက ဥဋ္ဌာနအရ ဆရာ့ထံ တနေ့သုံးခေါက် ချဉ်းကပ်ရခြင်းဖြစ်ပါတယ်။

## (၃) ဆရာ့ပြောစကား စူးစိုက်ပြီး နားထောင်ပါ

သုဿူသာဆိုတဲ့ နံပါတ် (၃)က ဆရာ့ထံ တနေ့သုံးကြိမ် ချဉ်းဇတော့ ချဉ်းကပ်သားပဲ၊ မလွှဲသာလို့ ဆရာပြောတဲ့စကား နားမထောင်ချင်ဘူး ဆိုလဲ ဟန်မကျဘူး။ "သုဿုသာ" ဆိုတာ သက္ကတ္တ သုဿူသာလို့ သက္ကတ္တ-ပုဒ်ကို ရှေ့ကထည့်ထားတယ်၊ ဆရာပြောတဲ့စကားကို ရိုသေစွာ နားထောင်ခြင်းဆိုတာ ရှိရမယ်။

ဆရာက ငါ့တပည့်ဟဲ့ ဆိုပြီးတော့ ဩဝါဒပေးနေတယ်၊ စကားပြော နေတယ်၊ သွန်သင်နေတယ် ဆရာပြောတဲ့စကားမကြားသလို လက်သည်း လက်သည်းချင်းကုပ်လိုကုပ်၊ နားရွက်နှိုက်၊ ခြေသည်းကုပ်၊ သတင်းစာ ကောက်လှန်လိုလှန် အကျီအိတ်နှိုက်လိုနှိုက်၊ ဖောင်တိန်နှင့် လက်သည်း ခြစ်လိုခြစ်၊ အဲဒီလို ကိုယ်လုပ်ချင်ရာကို လုပ်နေယင် ဆရာ့စကား ငါ နားမထောင်ဘူးဆိုတဲ့ အမူအရာကို ရှေ့မှာတင် ဖော်ပြရာရောက်တယ်။

ဆရာက ပြောတယ် ဆိုတာကို နားရွက် စွင့်ပြီးတော့ သတိအနေ အထားနှင့် နားထောင်ပါ၊ တပ်မှူးသည် တပ်သားများအမိန့်ပေးနေတဲ့ အခါ တပ်သားများ သတိအနေအထားနှင့် ကိုယ်ကို မတ်မတ်စန့်စန့် နားထောင်နေသလို နားရွက်စွန့်ပြီး သတိအနေအထားနှင့် လေးစား စွာ နားထောင်ခြင်းဖြင့် ဆရာကို မေတ္တာ တုံ့ပြန်ရမယ်။

ဆရာပြောတဲ့စကား မလေးစားသလိုနှင့် အဲဒီအမူအရာတွေ မပြရ ဘူး၊ အဲဒီအမူအရာမျိုးတွေက ခပ်များများ တွေ့တယ်၊ ဘုန်းကြီးက

အရေးကြီးတဲ့ စကားပြောပေမယ့် အရေးကြီးတဲ့စကားပြောသို့ ပြောမှန်းမသိဘူး။ လက်သည်းလက်သည် ချွင်း ဖြစ်လိုခြစ်၊ ပြေသည်းနှိုက်လို နှိုက်၊နှာရှက်နှိုက်လိုက်၊ သဘောင်းစာ ဟောက်လှုပ်လိုလှုပ် အဲလိုလုပ်နေ ကြယ်ဘုန်းကြီးတို့ပြောတဲ့ ပုဏ္ဏား ငါးယောက် တရားနာသလို ဖြစ်နေမယ်။

## ပုဏ္ဏားငါးယောက် တရားနာသလိုမဖြစ်စေနဲ့

ပုဏ္ဏား ငါးယောက် တရားနာတော့ ဘယ်လိုဖြစ်သလဲ။

(၁) ပုဏ္ဏားတယောက်က တရားနာတာ သစ်ပင်လေးပို့ပြီးတော့ ယိမ်းတိုနေတယ်။

(၂) ပုဏ္ဏားတယောက်က တရားနာတာ မြေကြီးလက်သည်းနှင့် ကုပ်ခနေတယ်။

(၃) ပုဏ္ဏားတယောက်က တရားနာရင်းနှင့် မြေကြီး လက်မနှင့် တူးနေတယ်၊

(၄) ပုဏ္ဏားတယောက်က တရားနာရင်းနှင့် ကောင်းကင် မော့နေတယ်။

(၅) ပုဏ္ဏားတယောက်က တရားနာရင်းနှင့် ငိုက်နေတယ်။

(၆) ပုဏ္ဏားတယောက်က တရားနာရင်းနှင့် သိပ်စိုက်ပြီးတော့ ငြိမ်နေတယ်။

အရှင်အာနန္ဒာက ဘုရားနားယပ်ခတ်ပြီးတော့....

"မြတ်စွာဘုရား ဟောတိုမှာ ငါးယောက်သော ပုဏ္ဏားတွေ အမူအရာက တော်တော် စိတ်ပျက်စရာကောင်းနေပြီ။ ဘုရားကတော့ ချွေးတလုံးလုံးနှင့် ဟောလိုက်ရတာ၊ တရားနာနေတဲ့ ပုဏ္ဏားတယောက်က သစ်ပင်မှီပြီးယိမ်းထိုးနေတယ်၊ အဲဒါ ဘာဖြစ်တာလဲဘုရား" လို့လျှောက်တော့ မြတ်စွာဘုရားက....

"အဲဒါ မြောက်ဘဝကလာတာ၊ အရှိန်မသေသေးဘူး၊ သစ်ပင်ကို ယခုထက်ထိ သူလှုပ်တုန်းရှိသေးတယ်"

"ကောင်းကင်မှော့နေတဲ့ ပုဏ္ဏားက ဘာဖြစ်တာလဲဘုရား"

"အဲဒါကတော့ ပြီးခဲ့တဲ့ဘဝက သူက နက္ခတ်ဆရာဘဝကလာတာ"

"တယောက်သောပုဏ္ဏားက မြေကြီးလက်မနှင့် တူးနေတယ်၊အဲဒါက ဘာဖြစ်တာလဲ ဘုရား"

"လွန်ခဲ့တဲ့ဘဝက သူက တီကောင် ဖြစ်လာတာ၊ တီကောင်ဘဝက မြေကြီးတူးတဲ့ အရှိန်မကုန်သေးလို့ ယခုဘဝလဲတရားနာရင်း မြေကြီး ဆက်တူးတုန်းပဲ" ဘုရားရှင်တရားပဲ ပြောနေတာနော်။

"နောက် မြေကြီး လက်သည်းကလေးနှင့် ခြစ်ခြစ်နေတဲ့ ပုဏ္ဏားက တော့ တခြားမဟုတ်ဘူး၊ သူက လွန်ခဲ့တဲ့ဘဝက ဗေဒင်ဆရာ၊ ဗေဒင် တွက်တဲ့အလေ့ အထက မကုန်သေးဘူး"။သူက မြေကြီးခြစ်ခြစ်ပြီး တရား နာနေစဉ်တောင် တွက်တုန်းပဲ။

"ငိုက်နေတဲ့ ပုဏ္ဏားကတော့ လွန်ခဲ့တဲ့ဘဝက နဂါးဖြစ်ဘူးတယ်။ နဂါးဘဝ စားပြီးအိပ်ယင် ခွေလျက်သာပင် အိပ်တဲ့ အတွက်ကြောင့် ယခု ပုဏ္ဏားဖြစ်ပြီး ဘုရားရှေ့မှောက် တရားသာနာနေတယ်၊ နဂါးဘဝ က ဘယ်လိုပဲအိပ်အိပ် အိပ်ရေးမဝလို့ သူကတရားနာရင်းအိပ်ငိုက်တာပဲ"

"စူးစူးစိုက်စိုက်ငြိမ်ပြီး တရားနာတဲ့ ပုဏ္ဏားကတော့ ဗေဒင်ကျမ်းတွေ ကို သရဇ္ဈာယ်ခဲ့တဲ့ အလေ့ အလာကြောင့် တရားနာရင်းလဲ ငြိမ်နေ တယ်"

## ဂါရဝတရား ရှေ့ထားပြီး နားထောင်ပါ

ဒီတော့ လေးစားထိုက်သောစကား၊ တန်ဖိုးရှိသောစကားကို ပြော နေတဲ့အချိန်မှာ လေးလေးစားစား တန်ဖိုးရှိရှိ နားထောင်မှ ဂါရဝ တရားနှင့်ညီတယ်၊ တန်ဖိုးရှိတဲ့စကား ဘယ်လောက်ပဲ ပြောနေနေ၊ ထောင်တန်တဲ့စကား ဘယ်လောက်ပြောနေနေ ဟိုဘက်လှည့်၊ ဒီဘက် လှည့်၊ ကောင်းကင်မှော့လိုမှော့၊ မြေကြီးခြစ်လိုခြစ်၊ တိုင်မှီငေးလိုငေး နေယင် ဒီစကားတန်ဖိုး မသားဘူးဆိုတဲ့ အမူအရာဖော်ပြတယ်။

တပည့်ဖြစ်တဲ့ပုဂ္ဂိုလ်သည် ဆရာ့စကား အဲဒီလိုအမူအရာတွေမပြပဲနှင့် လေးလေးစားစား နားထောင်ပါ။ တရားနာပရိသတ်ကလဲ ဓမ္မကထိကရဲ့

စကား ဒီလိုပဲနားထောင်ရမယ်။ ဒါမှ ပုဂ္ဂိုလ်ရဲ့နှလုံးသားကဲ တရား ရောက်တယ်၊ ဒီလိုအနုအရာအရှိပဲနှင့် ဘယ့်ကာဘိကာ တရားဟောနေတယ်၊ သူတို့က အောက်ကအပူအရာအဖျိုးနှင့် ကိုယ်ကြိုက်ကဲ့ ပုပ်ပွားတွေ ရှောက် လုပ်နေမယ်ဆိုယင်၊ ဗမာ့အဂါရဝ တရားပျိုသေသွားပေါ့တယ်၊ ဆရာ ပြောတဲ့စကားကို ရိုရိုသေသေ လေးလေးစားစား လိုက်နာခြင်းဖြင့် ဆရာကို မေတ္တာတုံ့ပြန်ရမယ်။

ဒါက "သုဿုသာ"အရ ဆရာပြောတဲ့ စကားကို ရိုရိုသေသေ လေးလေးစားစား လိုက်နာခြင်းဖြစ်တယ်။

## (၄) ဆရာသမားရဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုပေးပါ

ပါရိစရိယဆိုတဲ့ နံပါတ်(၄) က ဆရာ့ကို ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်း၊ အဝတ်ပုဆိုး လျှော်ဖွပ်ပေးခြင်းဆိုတဲ့ လုပ်ငန်းဖြင့် ပြုစုခြင်းဆိုတာ ရှိရမယ်။ ဆရာသောက်ရေလိုယင် ခပ်ပေး၊ သုံးရေလိုယင်ခပ်ပေး၊ ထမင်းလိုချင်ယင်ခွဲပေး၊ ပုဆိုးအပျော် ဟောင်းနွမ်းယင် လျှော်ဖွပ်ပေး၊ ဆရာ့အိမ်ရာ လုပ်စရာရှိတဲ့ ဝေယျာဝစ္စကို တပည့်တွေ အားရဝမ်းသာ တက်တက်ကြွကြွ လုပ်ကိုင်ပေးရမယ်။

အဲဒါကို တဘက်က ဒီဆရာကွာ တပည့် စာသင်ရုံသင်တာ မဟုတ်ပဲ၊ တပည့်တွေ သက်သက်မဲ့ အိမ်ခေါ် အချောင်အလုပ် လုပ်ခိုင်းတယ်လို့ အတွက်မလွဲကြနဲ့၊ အတွေး မလွဲကြနဲ့။

ကိုယ့်ကို လောကမှာ လူတလုံးသူတလုံးဖြစ်အောင် လုပ်ပေးကဲ့ဆရာ ကို ဝတ်ကြီးဝတ်ငယ်မပြုပေးချင်ယင် ဆရာ့အပေါ် ကျေးဇူးတုံ့ပြန်တဲ့ ကျေးဇူးဟာ ဘာမှမရှိတော့ဘူး၊ ဆရာ့ကျေးဇူးဆိုတာ တိုင်းတာလို့မရဘူး။ ဒီလောက်မှ မလုပ်ချင်ယင် ဒီလောကမှာ ဒီထက်ပိုက် သယ်စရာတော့မှ ကြီးပွားတော့ဘူး။ ဒါကြောင့် ဝတ်ကြီးဝတ်ငယ်ပြုစုခြင်းဟာလဲ တပည့်တို့ ဝတ္တရား မပျက် မရှိ ဆောင်ရွက်ကြပါ။

## (၅) ဆရာနဲ့တပည့်ကို ရိုသေလေးစားပါ

သက္ကစ္စံ သိပ္ပပဋိဂ္ဂဟဏဆိုတဲ့ နံပါတ် (၅)က ဆရာ ပြောတဲ့ ပညာရပ် များကို တပည့်များ သင်ကြားတဲ့အခါမှာ ပညာကိုလဲရိုသေ၊ ဆရာကို

လဲရှိသေး၊ ပညာနှင့်ဆရာ နှစ်ပါးကို ရိုသေလေးစားသဖြင့် ပညာကို ကိုယ့်နှလုံးသားထဲရအောင်ယူယင် ဝတ္တရားတခုပြည့်စုံပါတယ်။

ဆရာကို ထိုင်ရာမှထပြီး အရိုအသေမပြုခြင်း၊ တနေ့သုံးကြိမ်လဲ မချဉ်းကပ်ခြင်း၊ ဆရာပြောတဲ့စကားကိုလဲ လေးလေးစားစား မလိုက်နာခြင်း၊ ဆရာ့ဝတ်ကြီးဝတ်ငယ်လဲ မပြုချင်ယင် ဆရာ့အပေါ်မှာ လေးစားတဲ့ ဂါရဝတရားမရှိဘူးဆိုတာ ထင်ရှားနေတယ်။

ယခုနောက်ဆုံးအချက်က ပညာကို လေးလေးနက်နက်ကို ရိုသေစွာ သင်ဆိုဘာကျ ကိုယ့်ဘက်ကယူရမယ့်အခွင့်အရေးကို ပြဆိုတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်က ကိုယ့်ဘက်ကယူရမယ့်အခွင့်အရေးဟာ ပညာတခုတည်းပဲရှိတယ်၊ ထိုပညာဆိုတဲ့ ကိုယ်ရမယ့် အခွင့်အရေးကို ရိုရိုသေသေ လေးလေးစားစားနဲ့ ရခိုင်နိုင်ပြည့်ရအောင် ယူတတ်တဲ့ တပည့်များရဲ့ ဝတ္တရားတပါးအနေနှင့် ထည့်ထားတယ်။

ဒီဝတ္တရားငါးချက်နဲ့ တပည့်ကျ ဆရာကိုကျေပွန်ခဲ့လို့ရှိယင် ဆရာ့ မေတ္တာတပည့်အပေါ် အပြည့်အဝ ရောက်ရှိနေပြီလို့ မှတ်ကြပါ။ ဒါ့ကြောင့်-

(၁) ဥဋ္ဌာနေနစ၊ ထိုင်ရာမှ ထပြီးတော့ အရိုအသေ ပြုခြင်းဖြင့် လည်းကောင်း။

(၂) ဥပဋ္ဌာနေနစ၊ တနေ့သုံးကြိမ် ဆရာ့ထံ ခစားခြင်းဖြင့် လည်းကောင်း။

(၃) သုဿုသာယစ၊ ဆရာစကား လေးလေးစားစား လိုက်နာခြင်းဖြင့် လည်းကောင်း။

(၄) ပါရိစရိယာယစ၊ ဆရာကို ရေပူရေချမ်းကမ်းလှမ်းပြီး ဝတ်ကြီး ဝတ်ငယ် ပြုစုခြင်းဖြင့်လည်းကောင်း။

ဒါက ဆရာ့အပေါ် တပည့်တွေထားရမည့် ဂါရဝတရား လေးပါး၊ မိမိရဲ့ဘက်က ယူရမယ့်အခွင့်အရေးကတော့-

(၅) သက္ကစ္စံ သိပ္ပံ ပဋိဂ္ဂဟဏေနစ၊ ရိုရိုသေသေ အတတ်ပညာကို ရအောင်ယူခြင်းဖြင့်လည်းကောင်း။

ဋ္ဌတိ၊ ဤသို့။ ပဋ္ဌဟိ၊ ငါးပါးကုန်သော၊ ဌာနေဟိ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ အန္တေဝါသိနာ၊ တပည့်ဖြစ်သော။ ကုလပုတ္တေန၊ အမျိုးသားကောင်း- အမျိုးသမီးကောင်းသည်။ ဒက္ခိဏာ ဒိသာ၊ တောင်အရပ်လို့ သတ်မှတ်ပြီး ထားအပ်သော။ အာစရိယာ၊ ဆရာကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ ပုဇျပဒေ့ာ ပြုစုလုပ်ကျွေးထိုက်ပါပေတော့၏။ ဋ္ဌတိ၊ ဤသို့။ ဘ.ဂဝါ၊ ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံပြေား ရှင်တော်မြတ်ဘုရားသည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

## တပည့်တွေကို မြှောက်စားနည်း

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ သဌေးသား။ ပဋ္ဌဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ဌာနေဟိ-ကာရဏေဟိ၊ ဤအကြောင်းအရာ အချက်အလက်တို့ဖြင့်။ ဒက္ခိဏာဒိသာ၊ တောင်အရပ်လို့သတ်မှတ်၍ ထားအပ်ပေသော။ အာစရိယာ၊ ဆရာတို့ကို။ အန္တေဝါသိနာ၊ တပည့်ဖြစ်ပေသော။ ကုလပုတ္တေန၊ အမျိုးသား-အမျိုးသမီးသည်။ ပစ္စုပဋ္ဌိတာ၊ ပြုစုကြမယ် လုပ်ကျွေးကြမယ် ဆိုလို့ရှိယင်။

ဒက္ခိဏာ ဒိသာ၊ တောင်အရပ်လို့ မှတ်ပြီ ထားအပ်ပေသော။ အာစရိယာပိ၊ ဆရာတို့ကလဲပဲ။ အန္တေဝါသိကံ၊ တပည့်ဖြစ်သော။ ကုလပုတ္တံ၊ အမျိုးသား-အမျိုးသမီးကို။ ပဋ္ဌဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။

တပည့်ကလဲ ယခုလိုဖော်ပြထားတဲ့ ဝတ္တရားငါးပါးဖြင့် ဆရာကို ကျကျနန ဂါရဝနိမာနဖြင့် စောင့်ရှောက်မယ်ဆိုယင် ဆရာကလဲ တပည့်အပေါ် မေတ္တာတုံ့ပြန်ပြီးတော့ ငါးချက်သောဝတ္တရားဖြင့် စောင့်ရှောက်ပါလိမ့်မယ်။

## ဆရာ့ကျင့်ဝတ် ၅-ပါး

ထိုငါးချက်သော ဝတ္တရားများကတော့-

(၁) သုဝိနီတံ ဝိနေန္တိ၊

(၂) သုဂ္ဂဟိတံ ဂါဟာပေန္တိ၊

(၃) သဗ္ဗသိပ္ပသုတံ သမက္ခာယိနော ဘဝန္တိ၊

(၄) မိတ္တာမစ္စေသု ပဋိယာဒေန္တိ၊

(၅) ဒိသာသု ပရိတ္တာဏံ ကရောန္တိ။

### (၁) မကောင်းတာကို တားမြစ်ပေးပါ

(၁) သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုသူကြွယ်သား။ ဒက္ခိဏာ ဒိသာ၊ တောင်အရပ်လို့သတ်မှတ်၍ ထားအပ်ပေသော။ အာစရိယာ၊ ဆရာတို့သည်။ အန္တေဝါသိကံ၊ တပည့်ဖြစ်သော။ ကုလပုတ္တံ၊ အမျိုးသားကို။ ဝါ၊ အမျိုးသမီးကို။ သုဝိနီတံ၊ ကောင်းစွာ ဆုံးမခြင်းဖြစ်၍။ ဝိနေန္တိ၊ မကောင်းမြစ်ဘာ တားမြစ်ပြီးတော့ ဆုံးမတော်မူကြလေကုန်၏။

မကောင်းတာမြင်ယင် တပည့်တွေကို တားမြစ်ခြင်းသည် ဆရာ့ဝတ္တရားဖြစ်တယ်။ တပည့်က ဒီလောက်တောင် ဆရာ့အပေါ်မှာ ယုယုယယ၊ ခခယယဖြစ်လာယင် ဪ- ဒီလောက်တောင် ငါ့တပည့် ဆရာ့အပေါ်ခယတယ်၊ ရိုသေတယ်၊ ငါ့ကိုချစ်ခင်ဖေဖော်ရှာတယ်၊ ဂါရဝနိမာနရှိတယ်လို့ တပည့်အပေါ်မှာ လေးစားလာတယ်။

လိမ္မာတဲ့တပည့်ကို ဆရာသည် အစဉ်သဖြင့် နှလုံးထဲမှာစွဲပြီးနေသောကြောင့်“ငါ့တပည့် မကောင်းတာတွေမဖြစ်ပါစေနှင့်”စသည်ဖြင့် ဆရာသည် တပည့်အပေါ် မေတ္တာသက်ရောက်တယ်။ ဒီမေတ္တာမျိုး ရောက်နေတဲ့အတွက် တပည့်များ မှားမှားယွင်းယွင်း ဖြစ်မယ်ကြံယင် ဆရာသည် အဲဒီနေရာမျိုးမှာ တားမြစ်ပေးတယ်။

ကောင်းစွာဆုံးမ ကြသဖြင့် အဆုံးအမကို ခံယူပါ။မိမိကိုယ်ဆုံးမမယ့်သူ ရှိနေသေးသမျှ ကာလပတ်လုံး ငါကောင်းတယ်လို့သာ မှတ်ပါ။ ဆုံးမမယ့်လူမရှိတော့ဘူးဆိုယင် စည်းလွတ်ဝါးလွတ် ဖြစ်တော့မယ်။

လည်ပင်းကြိုးနှင့် နှာခေါင်းကြိုး ဖြုတ်လိုက်တဲ့နွားဟာ ခြံတကာတိုးသလိုပဲ၊ လည်ပင်းကြိုး၊ နှာခေါင်းကြိုးပဂျိုတဲ့နွားသည် ခြံတကာ့ခြံ၊ ခြုံတကာ့ခြုံ၊ တောတကာ့တောစိုက်ခင်းတကာ့စိုက်ခင်း တိုးယင်တော့ ခြံရှင်၊ စိုက်ခင်းရှင်တွေရဲ့ အရိုက်အနှက်ခံရတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ထိန်းကျောင်းတဲ့ကြိုး မရှိလို့ဖြစ်တယ်။

## နွားရိုင်းပမာ ထိန်းကျောင်းပါ

တပည့်ဖြစ်တဲ့ နွားရိုင်းကလေးတကောင်းကို ဆရာဖြစ်တဲ့နွားထိန်းတဲ့ ပုဂ္ဂိုလ်က မကောင်းတာကို တားမယ်ဆိုတဲ့ ကြိုးကလေးနှင့်ချည်နှောင်ပြီး မထားဘူးဆိုယင် လောကမှာ ဘေးဒုက္ခအမျိုးမျိုး တွေ့ပြီး နွားကြီး အရိုက်ခံရသလို အရိုက်အနှက်ခံရလိမ့်မယ်။ ဒါကြောင့်ဆုံးမတဲ့လူငါ့မှာ ရှိသေးယင် ငါကောင်းတယ်လို့ မှတ်ပါ။

ဆုံးမတဲ့နည်းတွေကလဲ ရှေ့ကဖော်ပြတဲ့အတိုင်း မကောင်းတာတွေ သိပ်ဖြစ်နေယင် ငါ့တပည့်ဉာဏ်ရှိတယ်ဆုံပြီး ဒရိပ်အမြွက်လေးကပ်ပြောလိုက်ရတယ်၊ တချို့များ ယဉ်ကျေးသိမ်မွေ့သွားပြီး နောက်ထပ်နှစ်နှစ်နာနာ ပြောစရာမလိုဘူး၊ အချို့အရိပ်ပြောလို့မရဘူး နှစ်နှစ်နာနာ ပြောရတယ်။

မြင်းတကောင် ရိုက်တဲ့အခါ အမွေးကျွတ်အောင် ရိုက်သလိုရိုက်ပေးရတယ်၊ အမွေးကျွတ်အောင်ရိုက်ယင် အမွေးလေးစုတ်သွား နာသွားတော့ ပြေးဖော်ရတယ်၊ တချို့တပည့်လဲ ဒီလိုနှစ်နှစ်နာနာလေး ပြောမှ လိမ္မာတယ်၊ တချို့ကျတော့မဟုတ်ပြန်ဘူး၊ အမွေးကျွတ်အောင်ရိုက်တဲ့မြင်း မလိမ္မာယင် နောက်တဆင့်ကျတော့ အရေပြားကျွတ်အောင်ရိုက်ရတယ်၊ ဒီလောက်ရိုက်မှ ယဉ်ကျေးတဲ့မြင်း လို တချို့တပည့်တွေတိုက်ရိုက်ခေါ်ပြီး ထိထိခိုက်ခိုက်ပြောမှ ယဉ်းကျေးတယ်။

တချို့ကျတော့ တိုက်ရိုက်ခေါ်ပြီး ရက်ရက်စက်စက် နှစ်နှစ်နာနာ တခါထဲမျက်ရည်ပေါက် ကြီးငယ်ကျအောင်ပြောမှ ယဉ်းကျေးတယ်၊

ဒီလိုမျက်ရည်ပေါက်ကြီးငယ်ကျအောင် နစ်နစ်နာနာပြောလို့မှ မရဘူး ဆိုယင်မပြောပဲထားလိုက်တာ ကောင်းတယ်။

မြင်းကြီးအရိုးကွဲအောင်ရိုက်မှ ဒီမြင်းကောင်းကောင်း မယဉ်ကျေးဘူးဆိုယင်၊ အဲဒီမြင်းသတ်စားလိုက်တာလို ဒီတပည့်လဲဆရာဖြစ်တဲ့သူက သတ်စားလိမ့်မယ်။ သတ်စားတယ် ဆိုတာ ဘယ်လိုလဲဆိုယင် ကောင်းတာတွေလဲ ဘာမှညွှန်ကြားတော့ဘူး၊ မကောင်းတာတွေလဲ ဖြစ်ချင်တိုင်းဖြစ်နေပါစေ၊ ဘာဆိုးမပေးတော့ဘူး။ မင်းသဘောနှင့်မင်းဆိုပြီး ပစ်ထားတယ် အဲဒီအချိန်သတ်စားခံရတဲ့မြင်းထက် နစ်နာတယ်။

ငါဆုံးမမယ့်သူ ရှိသေးတယ်ဆိုယင် ငါကံကောင်းတယ်လို့ မှတ်ပြီး အပြစ်ပြ၍ ဆုံးမတဲ့သူကို ရွှေအိုး ပေးတယ်ဆိုပြီး ချဉ်းကပ်ပါ။ ဒါကြောင့် ဆရာဖြစ်တဲ့သူဟာ ဆုံးမလိမ့်မယ်။

## (၂) စောကနာထားပြီး သင်ကြားပေးပါ

(၂) သုဂ္ဂဟိတံ ဂါဟာပေန္တိ။

သုဂ္ဂဟိတံ၊ ကောင်းစွာသင်ပေးအပ်တဲ့ ပညာကိုလဲပဲ။ ဂါဟာပေန္တိ၊ ကောင်းစွာမှတ်သား သင်ကြားစေကုန်၏။

အပြစ်ပြ၍ ဆုံးမခြင်း၊ အပြစ်မပြပဲဆုံးမခြင်း ဆုံးမနည်းမျိုးစုံတို့ဖြင့် တပည့်ကိုမကောင်းတာ တားခြင်းသည် ဆရာဝတ္တရားတခု ဖြစ်တယ်၊ နောက်တခါ ဆရာက ပညာသင်ပေးတဲ့ အခါကျတော့လဲ ကျကျနန ပိပိရိရိ ဖိဖိစီးစီး သင်ပေးတယ်။

ဝတ်ကျေတန်းကျေသင်ပေးတာမျိုးမဟုတ်ဘူး၊ ငါ့တပည့်ငါ့အပေါ်မှာ ငါပြောတာလဲနားထောင်တယ်၊ ငါ့အပေါ်မှာလဲဝတ္တရားငါးချက်ကျေတယ်၊ ဒီလိုလိမ္မာတဲ့တပည့်ကို အသေအချာ ငါတတ်အောင် သင်ပေးလိုက်မယ်ဟဲ့လို့ ဖိဖိစီးစီး ရင်းရင်းနှီးနှီး သင်ပေးတယ်ဆိုတာ ဆရာ့ဝတ္တရားတခုဖြစ်တယ်။

နောက်တဆင့်က ထိုက်တဲ့သို့ပညာသင်ပေးရာမှာ ဒီပညာကိုမခြွင်းမချန် သင်ပေးတယ်၊ တချို့က ဆရာစားကိုယ့်အတွက်ဆိုပြီး ပညာချန်ထားသေးတယ်၊ ဒီလိုမဟုတ်စေရဘူး။ ဆရာသည်ကိုယ်တတ်သမျှပညာ တပည့်ခံယူနိုင်သလောက် အစွမ်းကုန်သင်ပေးရမယ်။

## (၃) ပြည့်စုံစွာ သင်ပေးပါ

(၃) သဗ္ဗသိပ္ပသုတံ သမက္ခာယိနော ဘဝန္တိ။

သဗ္ဗသိပ္ပသုတံ၊ အလုံးစုံသိပ္ပသုတ နှစ်ဌာနတရားတို့ကို။ (ဝါ) အတတ်ပညာ အမျိုးမျိုးတို့ကို။ အနဝသေသေတွာ၊အကြွင်းအကျန် မရှိမူ၍။ သိက္ခာပေန္တိ ၊ သင်ပေးကြကုန်၏။ သမက္ခာယိနော၊ မိမိနှင့်ထပ်တူထား၍ ပြောလေ့ ရှိကြကုန်သည်။ ဘဝန္တိ၊ ဖြစ်ကြလေကုန်၏။

ကိုယ်နှင့်ထပ်တူထားပြီး အလုံးစုံသော အတတ်ပညာများကို အကြွင်း မရှိသင်ပေးရတယ်၊ ဒါဟာဆရာ့ဝတ္တရား ဖြစ်ဘယ်။

## (၄) မိတ်ဆွေကောင်းထံ အပ်နှံပေးပါ

(၄) မိတ္တာ မစ္စေသု ပဋိယာဒေန္တိ။

မိတ္တာ မစ္စေသု၊ မိတ်ဆွေခင်ပွန်းတို့ ထံမှာလဲပဲ။ ပဋိယာဒေန္တိ၊ အပ်နှံ၍ ပေးကြလေကုန်၏။

စတုတ္ထဝတ္တရားက ဆရာဘာဆောင်ရွက်သလဲဆိုယင် ကိုယ့်တပည့်ကို ဆုံးမတာလဲ နားထောင်တယ်၊ ပညာလဲ ကောင်းကောင်း သင်တယ်၊ ဆရာ့အပေါ်မှာလဲ ဝတ္တရားငါးပါးကျေတဲ့ တပည့်ကို ဆရာဖြစ်ဘဲ့ပုဂ္ဂိုလ် သည် မိတ်ဆွေသင်္ဂဟတို့ထံမှာအပ်နှံပေးလိမ့်မယ်။

ဟောဒီမှာ ကျုပ်တပည့်လေး ဘီ-အေအောင်သွားပြီ၊ သိပ်လိမ္မာ တယ်၊ ဆရာပြောသမျှစကား နားထောင်တယ်၊ တိုင်းပြည်ချစ်တဲ့စိတ် လဲရှိပါတယ်၊ တပည့်ကောင်း-ဘပည့်လိမ္မာလေးပါ၊ ထိုက်သင့်တဲ့နေရာ လေးများ- ရာထူးလေးများ ပေးလိုက်ပါ။ဒီလိုမိတ်ဆွေ သင်္ဂဟများထံ အပ်နှံပေးခြင်းဆိုတဲ့ ဆရာ့ဝတ္တရားရှိကို ရှိရမယ်။

ပါဠိတော်က ဒီလိုပြောထားသဖြင့် ဒီကနေ့ခေတ် ကျုပ်ဘပည့် ဘယ် နေရာပေး၊ ဘယ်ရာထူးပေးဆိုတာတွေကို အပြစ်မတင်ရဘူး၊ ဒါပေမယ့် တပည့်လိမ္မာအတွက် သာဖြစ်ရမယ်။ တပည့်မိုက်များကျတော့ ဆရာက အဲဒီလို လုပ်မပေးသင့်ဘူး။ လုပ်ပေးယင် ဆရာပါ နာမည်ပျက်တတ်တယ်။

ဆရာပါနာမည်ပျက်မယ့် တပည့်မျိုးကို ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်က ကိုယ့်တပည့်တွေကို ဘယ်မှအပ်နှံမပေးဘူး၊မင်းဟာမင်း ဝမ်းကျောင်း၊ မင်းအလုပ် မင်းရှာဆိုပြီး တခါထဲပစ်ထားတယ်။ အဲဒီအချိန်ကျ ဆရာ့အကူအညီမပါယင် တပည့်သိပ်မျက်နှာငယ်တယ်။

ရန်ကုန်က ဆရာဖြစ်သူက ကိုယ့်ရန်ကုန်တပည့်ကလေး တယောက် မန္တလေးပို့လိုက်တယ်၊စာလေးပါရေးပေးလိုက်တယ်။ ဟောဒီဟာကျုပ် တပည့်လေးပါ၊ ခင်ဗျားတို့ လေးလေးစားစားလိုက်နာခိုင်းကြပါ၊ ကျုပ် မျက်နှာထောက်ပြီး စောင့်ရှောက်ကြပါ။ ဆရာကြီးဖြစ်တဲ့သူက စာလေး ရေးပေးလိုက်၍ ဒီစာကိုင်သွားယင် မန္တလေးတနေရာ သွားအလုပ်လုပ် တဲ့တပည့်မှာ သိပ်မျက်နှာပွင့်တယ်။

ဘယ်သူတပည့်တဲ့၊ဘယ်ဆရာကြီးရဲ့တပည့်တဲ့၊ဘယ်ပုဂ္ဂိုလ်ကြီးရဲ့တပည့် တဲ့ဆိုပြီး နေရာတကာ မျက်နှာပွင့်လန်းတယ်။ ဒီလိုမိတ်ဆွေများထံ အပ်နှံ၍ ပေးခြင်း၊ မိတ်ဆွေများထံ အလုပ်ရရန် အကူညီပေးခြင်း၊ စောင့်ရှောက်၍ ပေးခြင်းဆိုတာလဲ ဆရာရဲ့စတုတ္ထဝတ္တရား ဖြစ်ပါတယ်။

ဝတ္တရားမကျေသော တပည့်ကို ဆရာကဒီလိုအပ်နှံပေးဘို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကိုယ့်တပည့်ကိုယ်ကမှ စိတ်မချယင် ဘယ်သူ ထံ အပ်အုံးမှာလဲ မလွယ်ဘူး၊ ယုံကြည်စိတ်ချလို့ အပ်လိုက်ဘယ်၊ဟိုကျ တလွဲတွေ ရှောက်လုပ်တော့ လူကြီးချင်းမျက်နှာ ပျက်ကုန်ကြရတယ်။ ဒါ့ကြောင့်—

မိတ္တာမစ္စေသု ပဋိယာဒေန္တိ။ ၊မိတ္တာမစ္စေသု၊ မိတ်ဆွေ သင်္ဂဟတို့ထံ မှာလည်း။ ပဋိယာဒေန္တိ၊ အပ်နှံ၍ ထားပေးလေကုန်၏။

## (၅) အကာအကွယ် အစောင့်အရှောက်ပေးပါ

(၅) ဒိသာသု ပရိတ္တာနံ ကရောန္တိ။

ဒိသာသု၊ အရပ်လေးမျက်နှာတို့၌လဲပဲ၊ ပရိတ္တာနံ၊ ကာကွယ် စောင့်ရှောက်ခြင်း ထောက်ရာတည်ရာကို။ ကရောန္တိ၊ ပြုလုပ်၍ ပေးကြလေကုန်၏။

ပဉ္စမဝတ္တရားက ကိုယ့်တပည့် ဘယ်အရပ်ရောက်သွားသွား ကိုယ့် တပည့်ရဲ့ ထောက်ရာတည်ရာ မှီရာအဖြစ်နှင့် ဆရာသည် အဝေးကနေ

ရပ်တည်နေတယ်။ ကိုယ့်တပည့် တစ်ယောက်သော မကောင်းမှုနှင့် ဒုက္ခဖြစ်ယင် ဆရာက လှမ်းပြီး အထောက်အကူပေးလိုက်တယ်။

ဒါကျုပ်တပည့်ပါ၊ ခင်ဗျားတို့ အပြစ်ရှိပေမယ့် သင့်မနိုပ်စက်ကြပါနှင့်၊ သက်သက်ညှာညှာ စဉ်းစားကြပါ၊ ဒီလို စာကလေးတစောင်လောက် ပို့လိုက်ယင် တပည့်ဟာ အများကြီး ထောက်တည့်မှု အကူအညီရတယ်၊ ဒီလို အရပ်မျက်နှာ ဘယ်ကိုရောက်ရောက် ဟာ့ညှာ့ ထောက်ရာတည်ရာ ရပ်တည်ရာ မှီရာအဖြစ်နဲ့ ဆရာဟာ ရပ်တည်နေရမယ်။

ဘုရားရှင်ကိုယ်တော်မြတ် မြင်တယ်ဆိုတာ ကြည့်စမ်းပါ၊ ပညာသင်ပြီးယင် တပည့်အပေါ်မှာ ဆရာသည် ဝတ္တရားကုန်ပြီလို့ မမှတ်နဲ့၊ ပညာသင်ပြီးသွားလို့၊ စာမေးပွဲအောင်ပြီးသွားလို့ လက်မှတ်ယူပြီးသွားတဲ့ တပည့်တွေရဲ့ အပေါ်မှာ ဆရာနောက်ဆုံး စောင့်ရှောက်ရတဲ့ ယခုလောလောဆယ် ဝတ္တရားနှစ်ခုက—

(၁) မိတ်ဆွေသင်္ဂဟကောင်းတို့ထံ အပ်နှံပေးရမယ်။

(၂) တပည့်ရောက်ရာအရပ်မှာ တပည့်ဒုက္ခမရောက်ရလေအောင် အမြဲတမ်း တပည့်ရဲ့ ထောက်ရာတည်ရာ မှီရာအဖြစ်နဲ့ ဆရာသည် ရပ်တည်ရမယ်။

ဒါက ပညာတတ်ပြီးသား တပည့်တို့ရဲ့အပေါ်မှာ ဆရာက အဝေးက ရပ်တည်ရမယ့် အချက်ဖြစ်တယ်။

## မြတ်နိုးရသောဆရာ

ပညာသင်နေစဉ် ရပ်တည်နေရမယ့် အချက် သုံးချက်က—

(၁) မကောင်းရာကို တားမြစ်ညွှန်ကြား ဆုံးမခြင်း။

(၂) ပညာကို ကိုယ်ဖိရင်ဖိ တတ်မြောက်အောင် သင်ကြားပေးခြင်း။

(၃) ပညာကို မိမိနဲ့ထပ်တူထားပြီးတော့ အကြွင်းမရှိသင်ပေးခြင်း။

ဒါက ဆရာတပည့်အဖြစ်နှင့် ပညာသင်နေစဉ် ရှိအပ်တဲ့ဝတ္တရား သုံးခုဖြစ်တယ်။ ပညာတတ်မြောက်ပြီးတဲ့နောက် စောင့်ရှောက်ရမယ့် ဝတ္တရား နှစ်ခုပါ ပေါင်းလိုက်ယင် ဆရာ့ဝတ္တရားငါးပါး ဖြစ်တယ်။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ပဍ္ဍဟိ၊ ငါးပါးကုန်သော။ ဠာနေဟိ ၅ါ နေဟိ၊ ဤအကြောင်းအရာတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးခံရကုန်သော။ ဒက္ခိဏာဒိသာ၊တောင်အရပ်လို့ ခေါ်ဆိုရသော။ အာစရိယာ၊ဆရာတို့ကို။ အန္တေဝါသိကေန၊ တပည့်ဖြစ်သော။ ကုလပုတ္တေန၊ အမျိုးသား+အမျိုးသမီးသည်။ ပစ္စုပဋ္ဌိတာ၊ ပြုစုလုပ်ကျွေးကြမယ်ဆိုလို့ရှိယင်။ ပဍ္ဍဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းအရာတို့ဖြင့်။ အာစရိယာ၊ ဆရာတို့ကလဲပဲ။ ကုလပုတ္တံ အန္တေဝါသိကံ၊ တပည့်ဖြစ်တဲ့ အမျိုးသား အမျိုးသမီးတို့အား။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ အဲဒီလို စောင့်ရှောက်ကြရလေ့ ကုန်တော့၏။

ဇဝံ၊ ဤသို့ ဆရာနှင့်တပည့် အပြန်ပြန်အလှန်လှန် ဝတ္တရားငါးချက်စီ ငါးချက်စီ စောင့်ရှောက်ပြီး နေကြမယ်ဆိုယင်။ အဿ၊ ထိုဝတ္တရားငါးပါး ကျေပွန်တဲ့ ဆရာတပည့်အတွက်၊ ဒက္ခိဏာဒိသာ၊ တောင်အရပ်သည်။ ပဋိစ္ဆန္နာ၊ လုံခြုံရေးရသည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ မကျေနပ်ခြင်းဆိုတဲ့ ဒေါသအာဃာတဘေးရန် ကင်းကွာ၍ သွားသည်။ ဟော::တိ၊ ဖြစ်လေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဒက္ခိဏဒိသံ၊ တောင်အရပ်ကို။ နမဿနာကာရံ၊ ရှိခိုးရခြင်း၏ အကြောင်းအရာကို။ ဒေသေတိ၊ ကရုဏာနှရှသား မေတ္တာအားဖြင့် ဟောကြားတော် မူလိုက်ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ဝတ်ငါးဖြာ"

ဒီလင်္ကာ သင်္ဂဇာဆရာတော်ဘုရားကြီးရေးတဲ့စာ လင်္ကာဖြစ်တယ်။ ခုန တပည့်ဝတ္တရား ငါးပါးကိုတော့ သင်္ဂဇာဆရာတော်ဘုရားစာကို ချန်ထားပြီး ဂန္ဓာရုံဆရာတော်ရဲ့ လင်္ကာဖြစ်ဘယ်၊ပိုပြီးတော့ ပေါ်လွင်လို့ ဖော်ပြခြင်း ဖြစ်ပါတယ်။

## တောင်ဘက်အရပ်ကလဲ လုံခြုံပါစေ

တပည့်တို့က ထိုကဲ့သို့ဆရာကို ဂါရဝနိပါတနဖြင့် ဝတ္တရားဆောင်ရွက်၊ ဆရာကလဲ တပည့်အားမေတ္တာကရုဏာနှင့် ပညာသင်ပေးပြီး ကာကွယ်စောင့်ရှောက်၊ ဆရာနှင့်တပည့် အပြန်ပြန်အလှန်လှန် ပေတ္တာတံတိုင်းကြီး ခတ်ထားကြယင် တောင်အရပ်ရဲလုံခြုံရေး ရပြီ၊

စာထဲသာရတာ၊ ဒီကနေ့ခေတ်က တောင်အရင်လဲ ကြိုးပေါက်နေပြီ၊ အိမ်နံရံကြီး တောင်ဘက်ကပေါက်တော့ လေတိုက်လိုက်တိုင်း ရေကောလေကောဝင်သလို အိမ်နံရံတောင်ဘက်ကပေါက်ယင် ရေကောလေကောဝင်တော့ အိမ်ထဲရှိကုန်ယင် ပစ္စည်းတွေပျက်စီးကုန်သလိုပဲ၊

ဆရာတပည့်ဆိုတဲ့ တောင်အရပ်က ဝတ္တရားတွေပျက်သဖြင့် ဒီကနေ့ဘာတွေဖြစ်တယ်ဆိုတာ ဘုန်းကြီးမပြောလိုဘူး။ ဂြိုဟ်ချင်တာတွေဖြစ်ကုန်ကြတယ်။ ဆရာနှင့်တပည့် ဝတ္တရားကမကျေ၊ သားသမီးနှင့်မိဘ ဝတ္တရားကမကျေတော့အရှေ့အရပ်ကလဲ တံတိုင်းမလုံဘူး။သူတို့အိပ်ကြည့်လိုက်ယင် အပေါက်တွေချည်း ဖြစ်နေတယ်။ အနောက်ဘက် နံရံကြည့်ရအောင်—

## အနောက်အရပ် ဇနီးသားသမီးတို့ကို ကျွေးမွေးပါ

> ပုတ္တဒါရာ၊ သားမယားတို့ကိုတော့။ ပစ္ဆိမဒိသာ၊ အနောက်အရပ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မုချမသွေ သတ်မှတ်အပ်ပေကုန်တော့၏။

သားသမီးရော ဇနီးမယားရော "အနောက်"၊ အ-ဖြုတ်လိုက်ယင် "နောက်"၊အိမ်ထောင်ဦးစီး ဒါယကာကြီးရဲ့နောက်မှာ ဒီသားမယားတို့ဟာ အမြဲဘမ်းရှိနေကြတယ်။

ဒါယကာကြီးက နောက်ရောက် ဒါယိကာမကြီးက ရှေ့ရောက်ယင် ဟန်မကျဘူး၊ သိကြားမင်း မဟာသိဝမဇလရိုထံလာတော့ သုဇာတာကို ရှေ့တန်းတင်လာတယ်မဟုတ်လား၊ ဒေါ်သုဇာတာ ရှေ့တန်းတင်လာတာက အဓိပ္ပာယ်ရှိတယ်။ မဟာသိဝမထေရ်ကို ပြုစုလုပ်ကျွေးချင်လို့ သုဇာတာကို ရှေ့တန်းတင်ခဲ့တာ၊ အဲဒီလိုမျိုးကျွမ်းကျင်တဲ့ ဒါယကာကြီးများရှိယင် ပျင်းတဲ့ဒါယကာကြီးများက နောက်ကလိုက်၊ကျွမ်းကျင်လိမ္မာတဲ့ ဒါယိကာမများကို ရှေ့ကတင်၊ ကိုယ်ကနောက်ကလိုက်၊တချို့ဒါမျိုးတွေလဲ ရှိတတ်သေးတယ်။

ဒါယကာကြီးတွေက ကျွမ်းကျင်လိမ္မာယင်ဖြင့် အစဉ်သဖြင့် ရှေ့က သွားရမှာပဲ၊ လူမှုရေးဆက်ဆံရေးအရ ကျွမ်းကျင်လိမ္မာတဲ့သူက ရှေ့က သွားတာရှိပေမယ့် အိမ်မှာတော့ ဒါယကာကြီးဖြစ်သူက ဒါယကာကြီး နေရာ၊ ဒါယိကာမကြီးဖြစ်သူက ဒါယိကာမကြီး နေရာမှာ နေရမယ်။

ငါကလူမှုရေးမှာ၊ ရက်ကွက်ဆက်ဆံရေးမှာ ဘုရားသွားကျောင်းတက်မှာ ရှေ့ကဦးဆောင်တယ်ဆိုပြီး အိမ်ကျပြန်တော့ ဒါယိကာမကြီးက တင်ပလ္လင်ခွေထိုင်ပြီး ဒါယကာကြီး ထမင်းခူးစမ်းဆိုတာမျိုးမလုပ်နဲ့၊ သူ့နေရာနဲ့သူ "ဒူးနေရာဒူး-တော်နေရာတော်" နေရာတကာ ငါချည်းရှေ့ကဆိုပြီးနေယင် ဒီအိမ်က ဒါယကာကြီး ထမီဝတ်, ထမင်းချက်ရလိမ့်မယ်၊ ဒီလိုဖြစ်လာယင်လဲ ဟန်မကျဘူး။

ပဉ္စဟိ ခေါ ဂဟပတိ ပုတ္တဌာနေဟိ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိ ပုတ္တ၊ အို-သူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော၊ ဌာနေဟိ၊ အကြောင်းအရာတို့ဖြင့်။ ကုလ ပုတ္တေန၊ အမျိုးသားသည်။ ပစ္ဆိမဒိသာ၊ အနောက်အရပ်သို့ သတ်မှတ်၍ထားအပ်ပေသော။ ပုတ္တဒါရာ၊ သားမယားတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အနောက်အရပ်လို့ သတ်မှတ်ထားတဲ့ ဇနီးမယားကို အိမ်ထောင်ရှင် အမျိုးသားသည် စနစ်တကျ လုပ်ကျွေးရမယ်။ အဲဒီငါးချက်သော လုပ်ကျွေးရမယ်ဆိုတာတွေက ဘာတွေလဲဆိုတော့ –

လင့်ကျင့်ဝတ် ၅-ပါး

(၁) သမ္မာနနာယ။

(၂) အနဝမာနနာယ။

(၃) အနတိစရိယာယ။

(၄) ဣဿရိယ ဝေါဿဂ္ဂေန။

(၅) အလင်္ကာရာ နုပ္ပဒါနေန။

## (၁) ချိုသာသောစကားဖြင့်ခေါ်ပါ

(၁) သိင်္ဂါလက၊ သိင်္ဂါလအမည်ရှိသော၊ ဂဟပတိပုတ္တ အို-သူကြွယ်သား။ သမ္မာနနာယ၊ လေးလေးစားစား မြတ်မြတ် နိုးနိုး ဆက်ဆံခြင်းဖြင့် ဇနီးသားသမီးကို လုပ်ကျွေးပါ၊

ဒါယကာကြီးများက ဒါယိကာမကြီးများကို ဆက်ဆံနေရာမှာ လေးလေးစားစား မြတ်မြတ်နိုးနိုးဆက်ဆံပါ။ အဲဒီအကြောင်းအရာကို ဘုန်းကြီးတို့ အသေးစိတ်မပြောတော့ဘူး။

ဒါယကာကြီးများက အိမ်ရှင်မ ဒါယိကာမကြီးကို ခေါ်လိုက်တယ်၊ "ဟေ့ ဘယ်သူတဲ့တုံး" နာမည်ကြီးတိုက်ရိုက် မခေါ်ပဲနဲ့ လေးစားချစ်ခင်တဲ့ အမူအရာ မေတ္တာလွှမ်းတဲ့ စကားလုံးကလေးနဲ့သုံးခေါ်ရမယ်။

ဒီလိုမေတ္တာ ကရုဏာလွှမ်းတဲ့ စကားအသုံးအနှုန်းနဲ့ ခေါ်လိုက်ယင် ဟိုက မေတ္တာကရုဏာနှင့် ချိုချိုသာသာတုံ့ပြန်လာတယ်။ အဲဒီကနေ ဘရင်းဂန်းနဲ့ဆွဲသလိုဆိုယင် ဟိုကဂျီသရီးနှင့် တုံ့ပြန်လိမ့်မယ်၊ အိမ်ထောင် တခုလုံး တဘုံးဘုံး တဒိုင်းဒိုင်းနဲ့ ပစ်ခတ်သံတွေ နားသာထောင် ပေတော့၊ ဘုန်းကြီးပြောထားခဲ့တဲ့ ကိုထွေးနဲ့ မထွေးတို့လို ဖြစ်လိမ့်မယ်။

### မြတ်နိုးလေးစား မေတ္တာထား

အိမ်ထောင်ဦးစီးလုပ်သူက ငါ့အိမ်ရှင်မ ဒါယိကာမသည် ငါ့လက်အောက်က ငါ့ရဲ့နောက်ဆွယ်က အမြဲတမ်းရှိရမယ်ဆိုတဲ့ဆန္ဒ၊ ရှေ့ကတင်ပြီး နောက်ဘန်းက ထားတဲ့၊ အောက်တန်းကထားတဲ့ ဒါယိကာမပဲဆိုပြီး အိမ်စေကျွန်မသဖွယ် မပြောရဘူး။

အိမ်စေကျွန်မကို ပြောသလို ဆက်ဆံသလို နှင်းပြီးတော့ နှင့်နှင့် နာနာ ရင့်ရင့်သီးသီး မပြောနဲ့၊ လေးလေးစားစား မြတ်မြတ်နိုးနိုး တယောက်နှင့်တယောက် တွေ့ခါစအချိန်တုန်းကလို ဒါယိကာမကြီးကလဲ ဒီလောကမှာ သူတယောက်ထဲရှိတာ၊ ဒါယကာကြီးကလဲ ဒီလောကကြီး တခုလုံး မင်းတယောက်ထဲသာရှိတာ၊ တော်တော်လေးလဲကြာရော နှစ်ယောက်ကြား လူဘယောက် တိုးလာပြီဆိုတော့ မျက်စောင်းလေး နဲ့နဲ့ခဲလာတယ်။

နှစ်ယောက်လောက် တိုးလာပြီးတဲ့အချိန်ကျတော့ အိမ်စေကျွန်မလို ငေါက်လား၊ ငမ်းလား၊ ခြိမ်းလား၊ ခြောက်လား၊ ဆဲလား၊ ဆိုလား ဖြစ်လာတတ်တယ်။ အဲဒီအချိန်ကျယင် အိမ်အောက်က ခွေးနက်ကြီး အိမ်ပေါ်က ဆူညံသံကြားလို့ ထွက်ပြေးရသလိုဖြစ်သွားပြီ၊ အိမ်အောက်က ခွေးကြီး အိမ်ပေါ်က မြုန်းဒိုင်းဖြစ်လာယင် ငါ့ရိုက်တော့မှာပဲဆို ပြေးသလိုဖြစ်ရော။

ဒါကြောင့် လေးလေးစားစား မြတ်မြတ်နိုးနိုး ဆက်ဆံခြင်းဆိုတဲ့ ချစ်ခင်နှစ်သက် မေတ္တာလွှမ်းတဲ့စကားဖြင့် ဇနီးသားသမီးတို့ကို ဆက်ဆံပါ။

## (၂) မခံသာအောင် မပြောဆိုရ

(၂) အဝမာနနာယ၊ မထီလေးစားမပြုပဲ မြတ်နိုးသောစကားဖြင့် ကျွေးပါ။

မြတ်နိုးစကား၊ လေးစားတဲ့စကားဖြင့် ဆက်ဆံပါ၊ အထင်သေးတဲ့စကားတွေနှင့် မဆက်ဆံပါနှင့်၊ အထင်သေးခြင်းမျိုးဖြင့် မဆက်ဆံရ၊ မထီမဲ့မြင် ပြုလုပ်ခြင်းမျိုး ကင်းရှင်းစေရမယ်။

## (၃) တခြားမိန်းမများ မလိုက်စားရ

(၃) အနတိစရိယာယ၊ မိမိအိမ်ရှင်မမှတပါး တခြားဒါယိကာမတွေမှာ ကိုယ်နှင့်၊ နှုတ်နှင့်၊ စိတ်နှင့် လွန်ကျူးခြင်း ကင်းသဖြင့် လုပ်ကျွေးရမယ်။

မိမိအိမ်ရှင်မမှလွဲပြီးတော့ အခြားအမျိုးသမီးများအပေါ်မှာ ကိုယ်၊ နှုတ် စိတ်တို့ဖြင့် လွန်ကျူးခြင်း ကင်းရမယ်၊ ဒါက အရေးအကြီးဆုံး အချက်ပါပဲ။

## (၄) စည်းစိမ်ဥစ္စာကို အပ်နှံပါ

(၄) ဣဿရိယ ဝေါဿဂ္ဂေန၊ ဣဿရိယကို အပ်နှံ၍ထားခြင်းဖြင့် လုပ်ကျွေးအပ်၏၊

ဣဿရိယဆိုတာ အိမ်ထောင်တခုလုံးကို စီမံအုပ်ချုပ်ဖို့ ဇနီးအား အပ်နှံခြင်းကို ဆိုလိုတယ်။ စီးပွားရှာမှုက အိမ်ထောင်ဦးစီးအမျိုးသား

ရဲ့တာဝန်၊ အိမ်ထောင် အုပ်ချုပ်မှု ထိန်းသိမ်းမှုက အမျိုးသမီး ဇနီးရဲ့ တာဝန်ဖြစ်တယ်။

အိမ်ရဲ့စီမံရေး၊ ခန့်ခွဲရေး၊ သားသမီးတွေ အုပ်ချုပ်ရေး စသည့် မီးဖိုချောင်စီမံရေးကို ဒါယကာကြီး ဝင်မစွက်ပါနဲ့၊ သူတို့က ဘုရင်ပဲ၊ သူတို့လက်ထဲကို ယောင်မအပ်လိုက်ဘာနဲ့ စကြာမင်းရဲ့ သန်လျက်လို ထင်နေတာ၊ သဘောထားနေတာ၊ ယောင် ပကိုင်မိတာနဲ့ မီးဖိုချောင်မှာ ဒါယိကာမကြီးများဟာ စကြာမင်းကြီး သန်လျက်ကို ကိုင်ရသလို စိတ်ထဲ ထင်သွားတတ်တယ်၊ ဒီနေရာမှာ ဒါယကာကြီးကပင်ပြီး နန့်မှုန့်ယဲခပ်ချင်၊ ဆားလဲခပ်ချင်၊ ငံပြာနံ့ရက်လဲ လိုးလိုက်ချင်တယ်ဆိုယင် ဒါယိကာမက သန်လျက်နဲ့ ခုတ်လိမ့်မယ်။

## အိပ်ရှင်မ အိပ်ရာက စောစောထ

ကုလသရိယ ဝေါဿဂ္ဂေနှ၊ သူနဲ့တင်တဲ့နေရာမှာ အဋ္ဌကထာအပြည့်အဝ ပေးထားတာ၊ ဘုရားရှင်ကိုယ်တော်မြတ်က အိမ်ထောင်ရေ ကို သေချာလိုက်ပုံတွေ ဟောတာ။ အရှင်ဉာဏိဿရ ဟောနေတယ် ပြောနေတယ် မအောက်မေ့နဲ့၊ ဗုဒ္ဓက အိမ်ထောင်ရေ ကို အသေးစိတ်ဟောပြီး သေချာပုံတွေကို ဘုန်းကြီးတို့ပြောနေတာ၊ ဒါနဲ့တောင် တချို့က ဗုဒ္ဓတရား တွေ အောက်အောင့်ဒိတ် ဖြစ်သွားပြီပြောသေးတယ်။

အိမ်ထောင်ရေးကို ဘယ်လောက် ခေတ်မီလိုက်သလဲ ကြည့်စမ်း၊ ထမင်းအိုးချောင်ဟင်းအိုးချောင် ဒါယိကာမကြီးတွေကို သေသေချာချာ အပ်ထားတဲ့ ဒါယကာကြီး ရုတ်ချက် ရုတ်ချက် ဝင်မလုပ်နဲ့၊ ဒါပေမယ့်လဲ တချို့အိပ်ရာက အထပျင်းတဲ့ ဒါယိကာမကြီးတွေ ရှိသေးတယ်၊ ရှစ်နာရီ ကိုးနာရီ အိပ်ရာက မထဘူး။

ဒါယကာကြီးက ရုံးသွားဖို့ နီးနေပြီ၊ ထမင်းအိုး ကြည့်လိုက်ပြန်တော့လဲ မတည်ရသေးဘူး၊ ဈေးလဲမဝယ်ရသေးဘူး၊ ဒါယိကာမကြီး ကြည့်လိုက်တော့ တရှူး ရှူးနဲ့ အိပ်တုန်း၊ ဒီတော့ ဒါယကာကြီးခမျာ မနေနိုင်တော့ ဆွဲခြင်းဆွဲပြီး ဈေးပြေးရတာတွေ ရှိသေးတယ်၊

ပြန်တော့ အိမ်ထောင်ရှင်မနိုးပြီသားလို့ ကြည့်လိုက်တော့ မနိုးသေးဘူး အဲဒါ ကိုယ့်ဟာကို ထမင်းဟင်းချက်ပြီး ရုံးတက်ရတဲ့ ဒါယကာ

ကြီးတွေက ရှိသေးတယ်၊ အဲဒီလိုသာဆိုယင် ဒီဒယောင်းမ ဒါယကာကြီး လက်သဲအပ် နောက်ကလူက ရှေ့ရှေ့ကလူက နောက်ရောက် ပြောင်းပြန် ဖြစ်ကော၊ အဲဒါ အနောက်ဘက် နံရံပေါက်တာ၊ သတိထား။ဒါ့ကြောင့် ဣဿရိယ ဝေါဿဂ္ဂေန၊ အိမ်ထောင်ဦးစီးလုပ်တဲ့ လုပ်ငန်းက ဒါယကာကြီးပင် ဖြစ်ငြားသော်လည်းပဲ မီးဖိုချောင် ကိစ္စကျယင် ဇနီးသည်ကို အာဏာ အပ်ပြည့်အဝ အပ်ပြီးထားရမယ်။

## (၅) ဆင်ယင်ထုံးဖွဲ့မှု ခြံုခြံပေါ

(၅) အလင်္ကာရ နုပ္ပဒါနေန-မိမိရဲ့ ပစ္စည်းအားနှင့် ချင့်ချိန်ပြီး တော့ သင့်တော်တဲ့အချိန်မှာ သင့်တော်ရာ အဆင်တန်ဆာကို ဆင်မြန်းပေးခြင်းဆိုတဲ့ အလင်္ကာရ နုပ္ပဒါန ဆင်မြန်းခြင်းဖြင့် လုပ်ကျွေးအပ်၏။

ကိုယ့်အင်အားနှင့် ချင့်ချိန်ပြီး ဒါယိကာမများ များသောအားဖြင့် ခန္ဓာကိုယ်နဲ့ပတ်သက်တဲ့ တန်ဆာကို ခုံမင်တယ်လို့ စာထဲမှာပြောတယ်၊ ဘုန်းကြီး က ဒီစကားပြောရတာ အားနာသေး။

ခန္ဓာကိုယ် အလှအပပြင်ဆင်ဖို့ အဝတ်တန်ဆာ အသစ်အဆန်းပေါ် လာယင် အလွန် ကြိုက်တတ်သတဲ့၊ အဲဒါ ဒါယကာကြီးက ရလာတဲ့ ပိုက်ဆံ မီးခံသေတ္တာထဲထည့်၊ သော့ပိတ်၊ သော့တွဲကြီး ခါးချိတ်ပြီး ရုံးသွားယင် အိမ်ကဇနီး ဈေးဝယ်ခါနီးကျမှ ရော့ နှစ်ကျပ် သုံးကျပ် တဆယ်၊ ဒါဈေးဝယ် တော်ပြီ၊ မင်းလုံချည်ဝယ်ဖို့ အကျီဝယ်ဖို့ မပေး ဘူးဆိုတာမျိုး မလုပ်နှင့်တဲ့။

သူက လှလှပပလေးဝတ်တတ်ယင် အချိန်နဲ့ ရာသီနဲ့ ကြည့်ပြီးတော့ ကိုယ့်အင်အားနှင့် ချင့်ချိန်ပြီး ဝယ်ပေးရမယ်၊ သူ့ဟာသူ ဝယ်တဲ့အထိ မစောင့်ရဘူး၊ သူ့ဟာသူဝယ်တဲ့အထိ မစောင့်ပဲ ကိုယ်ကကြည့်ပြီး ဝယ် ဆင်ပေးလိုက်ရမယ်။

သူ့ဟာသူဝယ်ယင် မွဲပြီသာမှတ်ထား၊ ဘယ်နှယ် မီးဖိုချောင်လဲအပ် ရသေး၊ မီးခံသေတ္တာသော့လဲ အပ်ရသေး၊ အသစ်ပေါ်တိုင်းဝယ်။ ဝယ် လို့ ဘယ်လောက်နိုင်မလဲ၊ သူတို့ထမီသေတ္တာကြီး ကြည့်လိုက်ယင် ဗိုလ် ချုပ်ဈေးက စတိုးကြီးကျနေတာပဲ၊ အဲဒီလိုဆိုတော့ မွဲရောပေါ့။

ဒါယကာကြီးတွေ ရှုံးသွားတယ်ဆိုတဲ့ အဓိပ္ပာယ် မိကျမှ ပေါ်တာ၊ ပြော် ရှုံးသွားတယ်ဆိုတာ ဘုန်းကြီးတို့က သူတို့အလုပ်ရှုံးသွားတယ်ထင် နေတာ၊ ဒါယိကာမတွေ ဖြုန်းလေသမျှ သူတို့ဘတွေ ကုန်းရုန်းနေရတာ ကို ရှုန်း(ရှုံး)သွားတာကိုးလို့ သဘောပေါက်တယ်။

ဒါကြောင့် အလင်္ကာရာနုပ္ပ ဒါနနကို အဋ္ဌကထာက သေသေ ချာချာပြောတယ်၊ ဒါယကာကြီးကိုယ်တိုင် သင့်လျော်သလို သေသေ ချာချာ ဆင်ပေးလိုက်၊ ဒါလေးဟော့ဆိုယင် "အမယ် ငါ့ယောင်္ကျားက ငါ့ကို ကိုယ်တိုင်ဆင်ပေးတယ်" ဆိုပြီး သိပ်ကျေနပ်သွားတယ်ပြောတယ်။

အနောက်ဘက်လုံခြုံရေးတာဝန် ကျေပါစေ

(၁) သမ္မာနနာယ= လေးလေးစားစား မြတ်မြတ်နိုးနိုး ဆက်ဆံ ခြင်းဖြင့် လည်းကောင်း။

(၂) အနဝမာနနာယ= မထီမဲ့မြင် မလုပ်ခြင်းဖြင့် လည်း ကောင်း။ အိမ်စေကျွန်မလို သဘောမထားခြင်းဖြင့် လည်း ကောင်း။

(၃) အနတိစရိယာယ= အခြားတပါးသော အမျိုးသမီးများနှင့် ကိုယ်နှင့်စိတ်နှင့် မဖောက်ပြန်ခြင်းဖြင့်လည်းကောင်း။ ဒါယ ကာကြီးတွေဘက်က ဆင်ခြင်ရမယ်။

(၄) ဣဿရိယ ဝေါဿဂ္ဂေန= မီးဖိုချောင်အာဏာ အပြည့်အဝ အပ်ပြီးတော့ ထားခြင်းဖြင့် လည်းကောင်း။

(၅) အလင်္ကာရာနုပ္ပဒါနေန = ဝတ်စားတန်ဆာကို ကိုယ်တိုင်က ဝယ်ပေးပြီးတော့ ဆင်မြန်းပေးခြင်း ဖြင့်လည်းကောင်း။

ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေ ဟိ၊ အကြောင်းအရာတို့ဖြင့်။ ကုလပုတ္တေန၊ အမျိုးသားသည်။ ပစ္ဆိမာဒိသာ၊ အနောက်အရပ်လို့ သတ်မှတ်ပြီးထားအပ်သောသော။ ပုတ္တဒါရာ၊ သားမယားတို့ကို။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေး ကြမယ်ဆို ယင်၊ တေပုတ္တဒါရာပိ၊ ထိုသားမယားတို့ကလည်း။ တံကုလပုတ္တံ၊ ထိုအိမ်ထောင်ဦးစီးဖြစ်နေတဲ့ ဒါယကာကြီးကို။ ပဉ္စဟိ၊ ငါးပါး

သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ အနုံကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြကုန်၏။

ဒါယကာကြီးက ဒီလိုဝတ္တရားငါးချက်ဖြင့် ဒါယိကာမကြီးအပေါ်မှာ သေသေချာချာ စောင့်ရှောက်ယင် ဒါယိကာမကြီးဖြစ်သူကလဲ ဒါယကာကြီးအပေါ်မှာ မေတ္တာလှယ်သဖြင့် ဝတ္တရားငါးပါး တုံ့ပြန်ရောက်လာတယ်။

မယားကျင့်ဝတ် ၅-ပါး

တုံ့ပြန်ရောက်လာတဲ့ ဒါယိကာမကြီးတွေရဲ့ ဝတ္တရားငါးချက်က—

(၁) သုသံဝိဟိတကမ္မန္တာ စ ဟောတိ၊

(၂) သင်္ဂဟိတပရိဇနာစ၊

(၃) အနတိစာရိနီစ၊

(၄) သမ္ဘတံ စ အနုရက္ခတိ၊

(၅) ဒက္ခာ စ ဟောတိ အနလသာ သဗ္ဗကိစ္စေသု။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ ဣကိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးခံရရသော။ ပုတ္တဒါရာ၊ သားမယားတို့သည်။ တံကုလပုတ္တံ၊ ထိုအမျိုးသားကို။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။

(၁) အိမ်တွင်းမှုလုပ်ငန်း ကျွမ်းကျင်ပါစေ

(၁) သုသံဝိဟိတကမ္မန္တာ စ၊ ကျွမ်ကျွမ်းကျင်ကျင် အိမ်တွင်းမှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဆိုတဲ့ ဝတ္တရားဖြင့်လည်း လုပ်ကျွေးအပ်၏။

အိမ်တွင်းမှုလုပ်ငန်းကို ကျွမ်းကျင်ရမယ်ဆိုတာ ဒါယိကာမများရဲ့ အဓိကတာဝန်ပဲ၊ ဒီကနေ့ လောကမှာ အိမ်တွင်းမှုကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်ပေးလို့တက်ရတယ်။ သင်တန်းတက်တာတောင်မှ အမျိုးသမီး

ကလေးတွေ အိပ်ထောင်ကျလာတော့ ကိုယ့်သမီးကိုယ် ချက်တတ်ရဲ့လားလို့မေးယင် ထမင်းချက်ပြုတ်သူ သပ်သပ် ခေါ်ရသေးတယ်။ ဆိုင်ဝယ်စား၊ ချိုင့်ကလေးနဲ့ ဟုပ်စားနေကြတယ်။

ဒီလိုဖြစ်ကုန်ကြတာတွေ ဘာကြောင့်လဲဆိုယင် ထမင်းမချက်တတ်၊ ဟင်းမချက်တတ်ကြလို့ဖြစ်တယ်။ ထမင်းချက်တော့ ပျော့ရဲ့အခါ ပျော့မာတဲ့အခါမာ၊ ရေတွေများလိုများ၊ ဆန်တွေနပ်ကာ ထမင်း ကြိုးကြိုးကျပ်လိုကျပ်၊ ရေတွေနင်းကန်ထည့်လိုက်ကြည့်၊ အောက်က မီးနင်းကန်ထည့်လို့ ထမင်းတွေ ချိုးကပ်လိုကပ် ဖြစ်နေတယ်။

## မီးဖိုချောင်တာဝန် ကျွမ်းကျင်မှု

ဟင်းများချက်လိုက်ယင်လဲ ငန်တဲ့အခါငန်၊ ပေါ့တဲ့အခါပေါ့၊ ငရုတ်သီးတွေ စပ်တဲ့အခါစပ်၊ ဟင်းများတခါတလေစပ်လို့ ဘာမှစားလို့ အဆင်မပြေဘူး၊ ကော်ပီကလေးမှ ကျကျနနမဖျော်တတ်ဘူး၊ သကြားမပါတဲ့အခါမပါဘူး၊ ကော်ပီမှုန့်တွေ များတဲ့အခါများ၊ နို့ဆီတွေနင်းကန်ထည့်ပြီး ဆားနဲ့သကြား ဟုပ်ခပ်လိုခပ် ဖြစ်နေကြတယ်၊ မှားမှားပေါ့။ ဆားနဲ့သကြား၊ အချိုမှုန့်နဲ့ မီးဖိုချောင်ထားလိုက်တာ အကုန်ရှုပ်နေတာပဲ။

ဆားကိုဆားနေရာ၊ သကြားကိုသကြားနေရာ၊ အချိုမှုန့်ကိုအချိုမှုန့်နေရာ မထားတတ်ကြဘူး၊ ကြည့်လိုက်ယင် ရှုပ်ယှက်ခပ်နေလို့၊ ငရုတ်သီးမှုန့်ရော၊ ကော်ပီမှုန့်ရော၊ နနွင်းမှုန့်ရော၊ ငါးပိရော၊ သကြားမှုန့်ရော၊ အချိုမှုန့်ရော၊ ဆားရော အကုန်စီထား၊ ရောထားကာ လှမ်းကြည့်ပြီး ဇွန်းတချောင်းတည်းနဲ့ အကုန်ရှောက်နှိုက်တယ်။ ဟင်းအိုးတည်ထားပြီး ပထမဇွန်းတချောင်းတည်းနှင့် အကုန်ရှောက်နှိုက်တယ်။

ပထမ ဆာ အိုးထဲနှိုက် ဆားခပ်လိုက်တယ်။ ဇွန်းကရေစိုနေတယ်၊ ဇွန်းထဲဆားတွေစာပ်ပါလာ၊ ဟင်းအိုးထဲထည့်တာက နည်းနည်း၊ ဇွန်းမှာရေစိုနေတော့ ဆားကနည်းနည်းပဲပါလာတယ်။ တခါ ဒီဇွန်းနဲ့ နနွင်းအိုးထဲ နှိုက်လိုက်တယ်၊ နနွင်းအိုးထဲ ဆားတွေကျကျန်ခဲ့ပြီးတဲ့အခါ ဇွန်းရေမဆေးသေးဘူး၊ သကြားခွက်ထဲမှာ စိုက်လိုက်တယ်။

တော်တော်လေးကြာရော အဲဒီထဲမှာ ဆားရယ်၊ သကြားရယ်၊ နနွင်းမှုန့်ရယ်၊ ငရုတ်သီးမှုန့်ရယ် အကုန်လုံးထွေးရင်ပတ် ဖြစ်ကုန်ရော၊

နောက်ဆုံးကျ သုံးလို့မကောင်းဘူးဆိုပြီး ပက်ကနဲ သွန်ချလိုက်တယ်၊ ရှုန်းပေရော့ ဒါယကာကြီး။ ဒီလိုအိမ်ရှင်မမျိုးသာ မီးဖိုချောင် အပ်ရယင် ဒီဒါယကာကြီး ရှုန်းပြီးရင်း ရှုန်းနေပေတော့။

## အပျင်းထူတဲ့ အဖိုးအို လင်မယား

အိမ်ထောင်တခုရဲ့ ပန်းကန်ခွက်ယောက်နှင့် ပတ်သက်တဲ့ ကိုယ်တွေ့လေး တခု ပြောပြပါ့မယ်။ ဒါယိကာမကြီး ငှလဲ အိုလှပြီ၊ လင်မယား နှစ်ယောက်ထီးတည်းနေတယ်၊ အပျင်းကလဲထူလိုက်တဲ့ဖြစ်ချင်း။ မနက်ရှစ်နာရီ-ကိုးနာရီထိုးမှ အိပ်ရာက ထတယ်၊ ထတော့ မီးဖိုချောင် ကြည့်လိုက်ယင် ထင်းမရှိဘူး။ ဘယ်လာရှာသလဲ ဆိုတော့ ဘုန်းကြီးကျောင်းထဲ ပြေးလာတယ်။ ဘုန်းကြီးကျောင်းနဲ့ အိမ်က ခပ်နီးနီးဆိုတော့ ကျောင်းထဲချည်း ပြေးလာတယ်။ ကျောင်းခြံစည်းရိုး ဝါးရုံပင်က ဝါးကိုင်းကလေးတွေချိုးပြီး ထမင်းအိုး တလုံးစာရယင် ပြန်သွားတယ်၊ အပိုမရှာဘူး၊ ထမင်းတနပ်စာ ထင်းကလေး ကျောင်းခြံစည်းရိုးက ခြံကြိုခြံကြားက ကောက်သွားပြီး မီးမွှေးတယ်။

မီးမွှေးပြီးတဲ့နောက် ဟင်းချက်စရာ ကြည့်ပြန်တော့ ဘာမှမရှိဘူး၊ လာပြန်ပြီ ကျောင်းခြံစည်းရိုးရှိ မန်ကျည်းပင်က မန်ကျည်းရွက်ကလေးတွေခူးတယ်၊ မန်ကျည်းရွက်ခူးနေတုန်း ဟိုကဖိုသားခဲ့တဲ့ ထင်းတွေ မီးလောင်တာ ပြန်သွားတဲ့အခါ ထင်းကွေကာမရှိပြန်ဘူး၊ ပြာပဲကျန်တော့တယ်။ မန်ကျည်းရွက်ကလေးထားခဲ့ကာ ကျောင်းထဲထင်းတခေါက်ခွေရပြန်တယ်၊ ထင်းပြန်ရှာပြီး ပြန်ချက်၊ ဒီလိုနဲ့ပဲ ထမင်းဟင်းစားသောက်ပြီပြီဆိုတော့ ထမင်းအိုး-ဟင်းအိုးမဆေးဘူး၊ ထမင်းကျန်၊ ဟင်းကျန် အကုန်လုံး မွှေနှောက်ပြီး ကြမ်းပြင်မှာ ပစ်ထားလိုက်တာချည်းပဲ။

အိမ်မှာ မွေးထားတဲ့ ခွေးကြီးတွေက သုံးလေးကောင်လောက်ရှိတယ်၊ ကြမ်းပြင်မှ ပစ်ထာ ဝဲ့ ထမင်းအိုး ဟင်းအိုးတွေ ခွေးတွေက အကုန်ဝင်စားသွားတယ်။ ပြီးတော့ ဝအောင်မစားရတဲ့ ခွေးတွေက အိုးကိုလျက်တာ တခါထဲ ပြာနဲ့ တိုက်ဆေးတာထက် ပြောင်သေးတယ်။ ဆေးပြီး ဘယ်တော့မှ မသိမ်းဘူး၊ ဒီအတိုင်းထားပြီး ညနေ ချက်ခါနီးကျမှ ကောက်ဆေးတယ်၊ ဘယ်လောက်စိတ်ပျက်စရာ ကောင်းတဲ့အိမ်ထောင်လဲဆိုတာ စဉ်းစားသာ ကြည့်ပေတော့၊ ဘုန်းကြီးက ဒီအကြောင်းသိ

တတည်းက အဲဒီအိမ်ရှေ့ ဘယ်တော့မှ ဘမ်းမခံဘူး။ ရပ်ပါအုံးဆိုလဲ အိပ်ခရွှကျ ရပ်ကို မရပ်တော့ဘူး၊ ငွေလျှက်ထားတဲ့ကိုးနဲ့ ချက်ကျေး တာဆိုတော့ စိတ်ပျက်စရာကောင်းကယ်၊ ကိုယ်တွေ့ဖြစ်ရပ်ကလေး စပ် မိလို့ ပြောပြတာပါ။

## လင်နဲ့မယား လိုက်ဖက်ညီတယ်

ဒါယကာကြီး ကျောင်းလာတဲ့အခါကျတော့ ဘုန်းကြီးက ပြောပြ တယ်။ ဒါယကာကြီးတို့ လုပ်ပုံက တော်တော်ဟန်မကျတာပဲ၊ ထမင်း ချက်ခါနီးမှ ရေခပ်တယ်၊ မီးမွှေးခါနီးမှ ထင်းခွေတယ်၊ ထင်းရှာတယ်၊ ဟင်းချက်ခါနီးမှ ခြံစည်းရိုးမှာ ဟင်းရွက်လျှောက်ခူးတယ်၊ စားပြီးတော့ လဲ အိုးခွက်ပန်းကန် ဒီအတိုင်းကြမ်းပြင်မှာ ပစ်ထားတော့၊ ဒါယကာကြီး တို့ဥစ္စာခွေးလျှက်သွားတယ်၊ ညနေကျဆေးတာကြောတာမရှိပဲ ဒီအတိုင်း ကောက်ချက်တယ်၊ ဒါယကာကြီးတို့ဥစ္စာ ဖြစ်ကတတ်ဆန်း နိုင်လွန်း တယ်။ "မထူးပါဘူး ကိုယ်တော်ရေ ကောစားလဲ ဒီထမင်းပါပဲ၊ ရေ မဆေးပဲစားလဲ ဒီထမင်းပါပဲ"တဲ့။

ထမင်းစားပြီးပြီ ဆိုပြန်တော့ အဲဒီဒါယကာကြီးကြည့်၊ ဝါးမှာ အင်္ကျီမပါဘူး။ အလွန်ချမ်းလှချီရှဲဆိုတဲ့ နတ္တော်ပြာသိုပဲအပါဝတ်တယ်။ နွေရော၊ မိုးရော ဘယ်တော့မှ အင်္ကျီမရှိဘူး။ ပုဆိုးစုတ်ကလေးကထည်ပဲ ပခုံးတင်ပြီး ဘုန်းကြီးတို့ကျောင်း ရောက်ရောက်လာတယ်၊ ကျောင်းကို လာပြီး ဇရပ်ခါးပန်းပေါ်မှာ ပုဆိုးစုတ်ကလေးခြုံ အိပ်လိုက်တာ နေ့ခင်းကနေ ညနေလေးနာရီ ငါးနာရီကျမှ ထသွားတယ်။

အိမ်ရောက်သတော့ ရေပုံးစုတ်ကလေးယူပြီး ကျောင်းက ရေတွင်းမှာ ရေနှစ်ပုံးလောက်ခတ် အိမ်ပြန်သွားတယ်၊ အဲဒါ ထမင်းတနင်စာ ချက် လိုက်ပြန်တယ်၊ ရေလဲပဲ အိမ်မှာ အပိုဘည်မထားဘူး၊ ဒီရေလေးနှစ်ပုံး လောက်နဲ့ ထမင်းချက်၊ ဇနီးမောင်နှံ နှစ်ယောက် ညစာ စားသောက် ပြီးတော့ အိုးခွက်တွေ ဒီအတိုင်းပစ်ထားကြတာပဲ၊

ဒါယကာကြီးကလဲနေနိုင်လွန်းဘယ်၊ဒါယိကာမကြီးကလဲ အိမ်မှုကိစ္စ ဘာမှမရှိဘူး၊ လူ့လောက လူသာဖြစ်ရုံပဲရှိတယ်၊ ဒီလိုလူမျိုးဟာ ဘယ် တော့မှ ပြောင်ပြောင်ရောင်ရောင်နဲ့ လူတလုံးသူတလုံး ဖြစ်နိုင်ဘူး၊

ပြောင်တာတော့ အိုးပဲပြောင်လိမ့်မယ်၊ အိုးပြောင်ယင် တော်သေးတာပေါ့၊ ကျန်တဲ့စီးပွားရေးတွေပါ ပြောင်ထွက်မသွားယင် တော်လှပြီ။

## အိမ်ရှင်မကောင်း ပီသရမယ်

ဒါကြောင့် ဒါယိကာမကြီးတွေ အိမ်တွင်းမှုကိစ္စ ကျွမ်းကျင်ကြပါ၊ ပန်းကန်ခွက်ယောက် သူ့နေရာနှင့်သူထား၊ ဆားအိုး၊ ဆီအိုး၊ကြက်သွန်၊ သူ့နေရာလေးနှင့်သူ သပ်သပ်ရပ်ရပ် ဆေးတန်ဆေး၊ လျှော်တန်လျှော်၊ ဖွပ်စရာရှိ သပ်သပ်ရပ်ရပ်ဖွပ် ရမယ်။ ဝတ်တဲ့အဝတ်လဲ ပြန်လာယင် လျှော်စရာရှိလျှော်၊ ဖပ်စရာရှိဖွပ်ထားရမယ်၊ ခေါက်ပြုထားရမယ်။

သူ့နေရာနှင့်သူ ထားတတ်ရမယ်။ တထည်ပြီး တထည်ဝတ်၊ အိမ်ရောက် ခုတင်အောက် ခြေထောက်နဲ့ ကန်ပစ် ထိုးထားလိုက်၊ အသစ် အသစ်တထည်ဝယ်လိုက်၊ တထည် လဲသွားလိုက်၊ ခြေထောက်နဲ့ကန် ခုတင်အောက် စ်ပြီး ထားလိုက်၊ ဆယ့်ငါးရက် အရက်နှစ်ဆယ်လောက် လဲ ကြာရော ခုတင်အောက် ချဉ်စော်လိုလိုနံလို့၊ ကြွက်တွေကကိုက်လို့၊ ပိုးတွေကခဲလို့၊ ခြေတွက တက်လို့၊ ဒီအိမ်မျိုးမှမမွဲယင် မမွဲတော့ဘူး။

ဘုရားစင် ဘုရားပန်းအိုး ကြည့်လိုက်အုံးမလား၊ ပန်းတခါထိုးယင် နှစ်လလောက်မလဲဘူး၊ ပုပ်ပြီး ပိုးတွေ တလောင်းလောင်းနဲ့၊ ဘုရားခန်း ရယ်လို့ ကျက်သရေမရှိဘူး။ ပန်းအိုးကပုပ်စော်နံ၊ ပိုးလောက်တွေက တဖွားဖွားနဲ့ဖြစ်နေတယ်။ ဒါကြောင့် အိမ်ထောင်တခုမှာ ဘယ်လောက် သပ်ရပ်တယ်ဆိုတာ အိမ်ရှေ့က ကျက်သရေသဘွယ် တည်နေတဲ့ ဘုရား ခန်းကြည့်လိုက်ယင် ထင်ရှားနေတယ်။

## သန့်ရှင်းမှုရှိမရှိ ဦးခေါင်းကြည့်

ဒီလူဘယ်လောက် သပ်ရပ်တယ်၊ မသပ်ရပ်ဘူးဆိုတာ ခေါင်းကို ကြည့်လိုက်ယင် သိတယ်၊ ခေါင်းပိုင်းမှာ တန်ဆာဆင်တာ အရှုပ်ဆုံးပဲ၊ သပ်သပ်ရပ်ရပ်နေတတ်တဲ့သူဆိုတာ ခေါင်းပိုင်းကို ကြည့်ယင် သိတယ်၊ ဒါယကာဖြစ်စေ၊ ဒါယိကာမဖြစ်စေ ခေါင်းပိုင်းကြည့်ယင်သိတယ်။

ခေါင်းကဆံပင်တွေ ဖရိုဖရဲနဲ့ဆိုယင် ဆွမ်းချက်တဲ့နေရာများမှာ ဟင်းအိုးထဲနှိုက်လိုက်၊ ခေါင်းကိုင်လိုက်၊ ဟင်းအိုးနှိုက်လိုက် လုံချည်ကိုင်လိုက်၊ ဆွမ်းအိုးထဲနှိုက်လိုက်၊ အင်္ကျီပြင်ဝတ်လိုက်၊ ထမီပြင်ဝတ်လိုက် လုပ်နေ

တော့ ထမင်းအိုး၊ ဟင်းအိုးထဲကျရောပေါ့။ နကိုကတည်းကိုက မီးဖိုးချောင် ဝင် ပပြင်ရအောင်ဟဲ့ဆိုပြီး လုံချည်ကို မြဲအောင် ဝတ်ထားရပယ်။

ဝတ်ပြီးတော့ နောက်ထပ် ပြန်ဝတ်ခြင်း၊ ပိုမြဲမြဲလုပ်ရအောင် တခါထဲတင်နေအောင် ဝတ်ထား၊ ထုံးထားရမယ်။ ဒီလိုမှမဟုတ်ယင် ဟင်းခွက်ထဲ ဆံပင် မွှေးကြီးတွေတန်းလို့၊ မဲလို့၊ ထမင်းခွက်ထဲက မဲပုံဆို ဟန်မကျဘူး။ ကေသာဆံပင်က အဲဒီအခါကျတော့မှ အသုဘဖြစ်တယ်။ ခေါင်းပေါ် တုန်းကတော့ သုဘထင်တယ်။ ထမင်းခွက်ထဲ၊ ဟင်းခွက် ထဲရောက်တော့မှ ရွံစရာ စက်ဆုတ်စရာ ကောင်းတယ်။

ဒါကြောင့် လူတကိုယ်လုံးမှာ ဘယ်လောက် သပ်သပ်ရပ်ရပ် နေ တယ် ထိုင်တတ်တယ်ဆိုတာ ခေါင်းကြည့်ရတယ်။ အိမ်တအိမ်လုံး ဘယ် လောက် သပ်သပ်ရပ်ရပ် နေတတ်ထိုင်တတ်တယ်ဆိုတာ ဘုရားစင်ကြည့် ယင် သိတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် အိမ်တွင်းမှုအလုပ် ဘယ်သူ့တာဝန်လဲဆိုယင် အိမ်ထောင်ကို ထိန်းသိမ်းဘို့ အပ်ထားတဲ့ ဒါယိကာမကြီးတွေရဲ့တာဝန်ဖြစ်တယ်၊ ကျွမ်းကျင်ကြပါစေ။

ဆင်းရဲပေမယ့် သပ်သပ်ရပ်ရပ်ကလေး ဆင်းရဲတယ်၊ ချမ်းသာပင် ချမ်းသာသော်လဲ အိမ်ထောင်မှု မကျွမ်းကျင်ကြယင် ပေပေကျံကျံကြီး ချမ်းသာတယ်။ ပြောင်ပြောင်ရောင်ရောင်ကလေး ဆင်းရဲတာက တော် သေးတယ်။ ညစ်ညစ်ပတ်ပတ် ဆင်းရဲတာကတော့ မဟုတ်ဘူး။ ခွေး ပန်းကန်ပြား ဆေးခိုင်းတာက ပိုဆိုးတယ်။ ဒါ့ကြောင့်အိမ်တွင်းမှု ကျွမ်း ကျင်ရမယ်ဆိုတာ ဒါယိကာမများရဲ့တာဝန်တရပ်ဆိုတာမှတ်ထားကြပါ။

## (၂) သူ့ဆွေမျိုးကိုယ့်ဆွေမျိုး မခွဲခြားပါနဲ့

(၂) သင်္ဂဟိတပရိဇနာစ၊ အိမ်ရှင်မဘက်က မိဘဆွေမျိုး။ အိမ် ရှင်ယောကျ်ားဘက်က မိဘဆွေမျိုးတွေရဲ့အပေါ်မှာ အိမ်ထဲကဒါယိ ကာမ လုပ်သူသည် အညီအမျှချီးမြှောက်ခြင်း ထောက်ပံ့ခြင်းဆိုတဲ့ ဝတ္တရားဖြင့်လည်းပြုလုပ်ရမယ်။

ဒါယကာဘက်က ဆွေမျိုးများကိုလဲ ဒါယိကာမကြီးသည် ကိုယ့် ဆွေမျိုးလို သဘောထားပြီး ထောက်ပံ့စရာရှိယင် ကျော့ကျော့ ပွန်ပွန်

ထောက်ပံ့ရမယ်။ ကိုယ့်မိဘ ကိုယ့်ဆွေမျိုးတွေကိုလဲ ညီညီ ညွတ်ညွတ် ထောက်ပံ့ရမယ်။

ဒီလိုမဟုတ်ပဲ ဒါယကာကြီးသိမှာသိပဲ၊ ငါ့အမေ ဘယ်လောက်ပေးလိုက်မယ်၊ ငါ့ညီ ငါ့နှမ ဘယ်လောက်ပေးလိုက်မယ်၊ ငါ့ညီမလေးတွေ ဘယ်လောက်ပေးလိုက်မယ်၊ ဒါယကာကြီး မသိအောင် ကိုယ့်ဆွေမျိုးတွေ ကြိတ်ကြိတ်ပြီး အတင်းထုတ်ပေးနေမယ်၊ ဒါယကာကြီး ဘက်က ဆွေမျိုးတွေကျတော့ မျက်စောင်းကလေးတခဲခဲ၊ အံ့ဘကြိတ်ကြိတ်နှင့် မီးဖိုချောင်က ငရုတ်ဆုံသံက ဂျောင်းဂျောင်း မြည်နေမယ် ဆိုယင် မကောင်းဘူး။

ကိုယ့်ဆွေမျိုးကိုအားရပါးရပေးသလို ဒါယိကာကြီးဘက်က ဆွေမျိုးကိုလဲ အားရပါးရပေးပါ၊ နှစ်ဘက်ဆွေမျိုးကို ညီတူမျှတူ ထောက်ပံ့ခြင်းဆိုတာဟာ ဒါယိကာမကြီးများရဲ့ဝတ္တရားဖြစ်တယ်။ ကိုယ့်ဆွေမျိုး ဖော်ဖော်ရွှေရွှေရှိပေမယ့် ဒါယိကာကြီးဆွေမျိုးကျမှ ဖော်ဖော်ရွှေရွှေမရှိယင် အဲဒီအချိန်ကစပြီး ဒီအိမ်ထောင် မီးလောင်သွားနိုင်တယ်။ဒီအချက်ဟာ အိမ်ထောင်တခုရဲ့ အရေးအကြီးဆုံး အချက်ဖြစ်တယ်။ ဒါကြောင့် အနောက်နံရံမပေါက်စေပဲ နှစ်ဘက်ဆွေမျိုးများကို အညီအမျှ ထောက်ပံ့ကူညီပါ၊ ဝတ္တရားမပျက်ပါစေနဲ့။

## (၃) လင်ယောကျ်ားအပေါ် သစ္စာရှိပါ

(၃) အနတိစာရိနီ စ=ဒါယကာကြီးက တခြား ဒါယိကာမတွေကို ကိုယ် နှုတ်-စိတ်-နဲ့ မဖောက်ပြန်ရခြင်းဆိုတဲ့ ဝတ္တရားဖြင့်လဲ လုပ်ကျွေးအပ်၏။

ဒါယိကာမကြီးဘက်ကလဲ ဒီဝတ္တရားဟာ အဓိကအနေနှင့် ပါတယ်။ တခြားယောကျ်ားတို့အပေါ်မှာ ကိုယ်နှင့်၊ စိတ်နှင့် မဖောက်ပြန်ရဘူးဆိုတာလဲ အဓိက အကြောင်းဖြစ်တယ်၊ ဒါယိကာမတွေကလဲ တခြားတခြားသော ယောကျ်ားကလေးတွေနှင့် ပြုံးပြုံးရယ်ရယ်နဲ့ ရောရောထွေးထွေး မနေရဘူး၊ မဖောက်ပြန်ရဘူး၊

အိမ်ထောင်ရှင် ဇနီးမယားအမျိုးအစားက နှစ်ဆယ်ရှိတယ်၊ မေထုန်ခံစားမှုဆိုတာလဲ ခုနစ်ပါးရှိတယ်၊ သိပ်အကျယ်မချဲ့တော့ပဲ ဒီလောက်

ဆို နားလည်ပါတယ်။ တခြားအမျိုးသားတွေရဲ့ အပေါ်မှာ ကိုယ်နဲ့လဲ မဖောက်ပြန်နဲ့၊ စိတ်နဲ့လဲ မဖောက်ပြန်နဲ့၊ နှုတ်နဲ့လဲ ကျီစယ်ပြီး မဖောက်ပြန်နဲ့၊ ဒါအရေးတကာ့ အရေးကြီးဆုံးဖြစ်တယ်။

## သောတာပန်ဒါယကာကြီးဖြစ်ပုံ

ဘုန်းကြီးတို့ ကဿပ ဘုရားရှင် လက်ထက်တော်က အရေးကြီးတဲ့ ပုံဝတ္ထုလေး သာဓကပြအုံးမယ်။ ဒါယကာကြီးက သောတာပန်၊ ဘုရား တရား-သံဃာ သိပ်ကြည်ညိုလို့ မိတ်ကောင်း နှလုံးကောင်း အင်မတန် ရှိတယ်၊ အိမ်ထောင့်ကိစ္စ အကုန်လုံး ဒါယိကာမကြီး လွှဲထားတယ်၊ ဒါယကာကြီးက ကဿပဘုရားကျောင်း ခဏခဏသွား တရားနာတယ်။ အိမ်မှာ လွှတ်လပ်စွာ ကျန်ခဲ့တဲ့ ဇနီးမယားက ယခုပြောတဲ့ တတိယ ဝတ္တရားမှာ ပျက်စီးနေတယ်။

တခြားအမျိုးသားတွေရဲ့ အပေါ်မှာ မပြစ်မှားပါဘူး ဆိုပေမယ့် ပြစ်မှားလွန်ကျူးမှု ဖြစ်နေတယ်၊ ကျောင်းသွားနေတဲ့ သောတာပန် ဒါယကာကြီးကို အရပ်က ဟိုကဒီက ပြောသဖြင့် သတင်းရနေတယ်၊ ရကဲ ရတော့ အိမ်ရောက်တော့ မေးကြည့်တယ်၊ ဟော့ မင်းကို ဒီလိုသတင်း ရတယ်၊ တခြားအမျိုးသားနဲ့ မှားနေတယ်လို့ ကြားရတယ်၊ ဟုတ်ရဲ့ လားဆိုတော့ ဒါယိကာမကြီးက ကျိန်ပြီးတော့ပြောတယ်။

## နတ်သမီးတဝက် ပြိတ္တာတဝက်

အိမ်မှာလဲ ခွေးတွေမွေးထားတယ်၊ ဘယ်လို ကျိန်လိုက်သလဲဆိုတော့ "ကျွန်မ သစ္စာဆိုပါမယ်၊ ကျွန်မ မှန်သောစကားဆိုပါမယ်၊ တခြား ယောကျ်ားနှင့် ကျွန်မ မဖောက်ပြန်ကြောင်း အမှန်ပါ၊ အကယ်၍ ဖောက်ပြန်လွန်ကျူးခဲ့မယ်ဆိုသင် ဟောဒီခွေးတွေကိုက်လို့ ကျွန်မ သေ ရပါစေ၊ ဘဝအဆက်ဆက် ဒီခွေးတွေကိုက်လို့ သေရပါစေ"လို့ အနား ရှိတဲ့ ခွေးလေးမြင်တာနဲ့ ခွေးနဲ့ကောက်ကျိန်လိုက်တယ်။

ဒီဘဝ ခွေးကိုက်လို့တော့ အဲဒီဒါယိကာမ မသေဘူး၊ နောက်ဆုံး သေ သွားတဲ့အခါကျတော့ ဟိမဝန္တာတောထဲက ကဏ္ဍမုန္ဒအိုင်အနီး ဗိမာန် တခုမှာ ပြိတ္တာတဝက် နတ်သမီးတဝက် သွားဖြစ်တယ်၊ ပြိတ္တာတဝက် နတ်သမီးတဝက်ဆိုတာ ညအခါ ဟိမဝန္တာတောထဲက ကဏ္ဍမုန္ဒအိုင်

မှာ နတ်သမီး နတ်စည်းစိမ်ခံစားတယ်။ နေ့အခါလဲကျရော ပြိတ္တာဖြစ်ပြီး ဗိမာန်ကထွက်၍ ဟိမဝန္တာတောထဲ ရောက်လှည့်တဲ့အခါ တောထဲမှာ သူ့ရဲ့ကံ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်လာတဲ့ ခွေးတွေက ဝိုင်းပြီး ကိုက်ကြတယ်၊ ခွေးတွေကိုက်လို့ တစပ်စပ်နဲ့ ဝါးစားခံရတော့ အရိုးချည်းပဲ ကျန်တယ်။ အသားတွေအကုန်လုံး တနေကုန် ခွေးကစားပစ်တယ်။ အဲဒီလို ခွေးတွေရဲ့ အကိုက်ခံရတာ ညနေ နေစောင်းတော့မှ ခွေးတွေထွက်ခွာသွားတယ်၊ ခွေးတွေ ထွက်ခွာသွားလို့ မှောင်ရီလဲပျိုးရော နတ်သမီးလေးဖြစ်ပြီး သူ့ဗိမာန် သူထွက်ခွာသွားတယ်၊

နတ်သမီးဖြစ်တာက ဘာ့ကြောင့်လဲဆိုယင် ကဿပဘုရားသာသနာမှာ ဘုရား-တရား-သံဃာ-ဆည်းကပ်ကိုးကွယ်ပြီး ယုံကြည်မှုကြောင့် ဖြစ်တာ၊ နေ့အခါ ပြိတ္တာဖြစ်ပြီး ခွေးစားခံရတာက ဘာ့ကြောင့်လဲဆိုပြန်တော့ ကာမေသုမိစ္ဆာစာရအမှုကြောင့်ဖြစ်တယ်။

ဗာရာဏသီ ဘုရင်တပါးနဲ့ တွေ့ဆုံ

အဲဒီအချိန် ဖြစ်ရပ်တခုက ဘာတိုးလာသလဲဆိုတော့ ဗာရာဏသီမင်းကြီး တောထဲ သမင်ပစ်ရအောင်သွားတယ်၊ နယ်ကျွံပြီးတော့ အဲဒီကဏ္ဍမုန္ဒအိုင်နားရောက်တော့ ဗိမာန်ရှင် အမျိုးသမီးက ညဥ့်အခါ နတ်သမီး၊နေ့အခါ ခွေးစားခံရတဲ့ ပြိတ္တာ။

အဲဒီလိုဖြစ်နေတဲ့ အမျိုးသမီးရဲ့ ဗိမာန်နားကို ရှင်ဘုရင်ကြီးရောက်သွားတော့ ရှင်ဘုရင်ကြီးရောက်လာပြီဆိုယင်ပဲ ဗိမာန်ရှင်နတ်သမီးက အလေ့အလာက ကုန်သေးတာမဟုတ်တော့ ရှင်ဘုရင်နဲ့ မွေ့တူးပျော်ပါးချင်တဲ့စိတ်တွေ ပေါ်လာတယ်၊ ပေါ်လာတော့ ရှင်ဘုရင်ကြီးကို ဖြားယောင်းပြီး သူ့ဗိမာန်ကို ဖိတ်တယ်။ ရှင်ဘုရင်ကလဲ တောထဲမှာ နတ်သမီးတွေ့ဘယ်ဆိုတော့ နတ်သမီးဗိမာန် တညတာ နားအုံးမယ်ဆိုပြီး ဝင်အိပ်တယ်၊ ထိုဗိမာန်ရှင်နတ်သမီးနဲ့ တညတာ မွေ့တူးပျော်ပါးပြီး နေကြတယ်။

ရှင်ဘုရင်ကြီးကို တောင်းပန်ထားတယ်။ ''မင်းကြီး ဒီဗိမာန်က တနေ့တာလောက်အောင့်ပြီး နေလိုက်ပါ၊ မသွားပါနှင့်၊ ကျွန်မကိစ္စရှိလို့ အပြင်ခဏ ထွက်လိုက်အုံးမယ်ဆိုပြီး ထွက်သွားတယ်၊ ရှင်ဘုရင်ကြီးစောင့်ပြီးတော့နေတယ်၊ တနေကုန်သွားပြီး တောထဲမှာခွေးစားခံရတယ်၊

ညခနေစောင်းတော့ ပြန်လာပြီ ရှင်ဘုရင်ကြီးနဲ့ တညတာပျော်ပါးနေပြန်တယ်၊ မိုးလင်းထွက်သွားပြန်ရော၊ ဒီလိုနဲ့သုံးရက်လောက် နေတော့ ရှင်ဘုရင်ကစဉ်းစားသတဲ့၊ ဒီနတ်သမီ ဟာ တနေ့လုံး ထွက်သွားတယ်၊ ဘယ်သွားသလဲမသိဘူး။ ငါလိုက်ပြီး ချောင်းအုံးမယ်ဆိုပြီး နောက်က မသိမသာ လိုက်ချောင်းတဲ့အခါ တနေရာမှာခွေးတကောင် စားနေတာ တွေ့ရတယ်၊ ခွေး တကောင် ခြေများကနေစားရင်းတစပ်စပ်နဲ့ အရိုးချည်းကျန်ဘာကိုသာတွေ့ရတယ်။

## ဘုရင်ကယ်ပေမယ့် တဆကခနနှစ်ဆပွား

သူနဲ့သုံးညခလောက် ပျော်ပါးတဲ့နတ်သမီ ခွေးစားနေတာတွေ့တော့ ရှင်ဘုရင်က သူ့လက်ထဲပါတဲ့ သန်လျက်နဲ့ခွေးကို ခါးကနေပိုင်းတယ်၊ ခွေးတကောင်ကနေနှစ်ကောင်ဖြစ်သွားတယ်၊ အဲဒီနှစ်ကောင်သန်လျက်နဲ့ ပိုင်းတော့ လေးကောင်ဖြစ်သွားတယ်၊ လေးကောင်ကို ထပ်ပြီးသန်လျက်နဲ့ပိုင်းတော့ ရှစ်ကောင်ဖြစ်သွားတယ်၊ ရှစ်ကောင်ကိုသန်လျက်နဲ့ ပိုင်းတော့ ခွေးဆယ့်ခြောက်ကောင် ဖြစ်သွားတယ်။

အဲဒီအချိန်မှာ ပြိတ္တာမက "မင်းကြီး အဲဒီခွေး ဆယ့်ခြောက်ကောင် သန်လျက်နှင့် နောက်ထပ်ပိုင်းနေယင် ခွေးသာတိုးလာယင် ပုက္ခမျှား တော့မယ် မခုတ်ပါနဲ့တော့"လို့ တောင်းပန်တယ်။ ဒီတော့ခွေးဆယ့်ခြောက်ကောင်အစား ခံနေရတဲ့ပြိတ္တာမက ဘာပြောသလဲ ဆိုတော့- "မင်းကြီး မြေကြီးကိုတံတွေးနှင့်ထွေးပြီး အဲဒီတံတွေးကျတဲ့ မြေကွက်ကို ဖနှောင့်နဲ့ နာနာဆောင့်ပြီး နင်းလိုက်စမ်းပါ"လို့ ပြောတယ်။

## ပြိတ္တာမဘဝ ကျွတ်ရပြီ

ရှင်ဘုရင်ကြီးက မြေကြီးကိုတံတွေးနဲ့ထွေး ခြေထောက်နဲ့ဆောင့်နင်းလိုက်တဲ့အခါမှာ ခွေး၁၆-ကောင်အကုန်လုံးပျောက်သွာ တယ်၊ခွေး ၁၆ ကောင် ပျောက်သွားတော့တာနဲ့ တပြိုင်နက် ပြိတ္တာမဟာ ချက်ချင်း ငေါက်ကနဲထထိုင်ပြီး နတ်သမီးပြန်ဖြစ်သွားတယ်။ အဲဒီအခါနတ်သမီးလေးက ရှင်ဘုရင်ကြီးကိုတောင်းပန်တယ်။

"ကျွန်မ ပြိတ္တာအဖြစ်နှင့် ဝဋ်ကြွေးကုန်ပါပြီ၊ ကျွန်မနတ်သမီးအဖြစ်နဲ့ ဗိမာန်မှာ နေရပါတော့မယ်၊ ကျွန်မနှင့်ခံစားပြီး ဒီတောထဲမှာနေ

ပါ၊ ဗာရာဏသီမပြန်ပါနဲ့”လို့ တောင်းပန်တယ်၊ ရှင်ဘုရင်ကြီးက စက်ဆုတ်ပြီး နေပြည်တော်ပြန်သွားတယ်။

အဲဒီနေရာမှာ ဘုန်းကြီးအဖြေမထွက်တာ တခုရှိတယ်၊ မြေကြီး တံတွေးထွေးပြီး ခြေထောက်နှင့်နင်းလို့ ခွေးတွေ ပျောက်သွားတယ် ဆိုတာ အဖြေမထွက်ဘူး။ ဒါကိုလဲပြိတ္တာမက သင်ပေးတယ်။ ဒါကြောင့် ဘုန်းကြီးတို့ပရိသတ် အရပ်တကာနယ်တကာ ညကြီးသန်းခေါင်လျှောက် လည်ပတ်လို့ ဟိုလည်-ဒီလည်ပြန်လာပြီး အိမ်ပေါ်တက်ယင် လှေကား ရင်းကျတော့ တံတွေးနဲ့ထွေးပြီး ခြေထောက်နဲ့ ဆောင့်ဆောင့်ပြီး တက်ကြတယ် မဟုတ်လား၊ ဘာဟဲ့ ညာဟဲ့ ပါးစပ်ကလဲ ဆိုလိုက်သေး တယ်နော်။

အဲဒီဝတ္ထုကြောင့်၊ ဒီလိုလုပ်တာလားလို့ တွေးကြည့်တယ်။ တံတွေး ထွေး ခြေထောက်နဲ့ဆောင့်လို့ ပြိတ္တာတွေ ထွက်ပြေးတယ်ဆိုတာ ဘာ တန်ခိုးမှန်းကို ဘုန်းကြီးနားမလည်သေးဘူး။ စဉ်းစားလို့မရသေးဘူး။ တံတွေးနဲ့ထွေးတာကိုပဲ ပြိတ္တာတွေကြောက်သလား၊ ဖနောင့်နှင့်ဆောင့် နင်းတာကိုပဲ ပြိတ္တာတွေကြောက်သလားဆိုတာ တခုခုတော့တခုခုပဲဖြစ် ရမယ်။

ကနေ့စုန်းပူးတယ်၊ တစ္ဆေပူးတယ်ဆိုယင် ပယောဂ ဆရာတွေက ဖနောင့်နှင့်ဆောင့်ပြီး နင်းပြတယ်၊ စုန်းတစ္ဆေနင်းမိယင် တော်ပါရဲ့၊ စုန်းတစ္ဆေမဟုတ်ပဲ ပကတိလူကောင်း ဖနောင့်နှင့်ပေါက်မိလို့ သေတာလဲ အများကြီးရှိတယ်။

ဒီတော့ ကာမေသု မိစ္ဆာစာရမှု ကြောက်စရာကောင်းပုံ ဒီဝတ္ထုကို သာ သာဓကထားကြ။ သတိထားကြပေတော့၊ ဒါယကာဖြစ်ဖြစ်၊ ဒါယိကာမဖြစ်ဖြစ် ဝတ္ထုလာအတိုင်း ခံရတတ်တယ်၊ ဒီဝတ္ထုမှာ ဒါယိကာမ ကို ထုတ်သွားတဲ့အတွက်ကြောင့် ဒါယကာကြီးတွေက တို့မပါဘူးလို့ တွက်မထားနဲ့၊ တို့လဲပါတယ်။

ဒါ့ကြောင့် တခြားယောကျ်ားများအပေါ်မှာ ကိုယ်-နှုတ်-စိတ်နှုရဲ့ မဖောက်ပြန် မလွန်ကျူးရခြင်းသည်လည်း ဇနီး မယားကောင်းတို့ရဲ့ ကျင့်ဝတ်တခုဖြစ်ပါတယ်။

## (၄) စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဖြစ်ပါစေ

(၄) သမ္ဘတဉ် စ အနုရက္ခတိ၊ဒါယကာကြီးစုဆောင်းထားတဲ့ ပစ္စည်းတွေကို ကောင်းမွန်စွာ စောင့်ရှောက်ခြင်းဆိုတဲ့ ဝတ္တရာ ဖြင့်လည်း လုပ်ကျွေးအပ်၏။

ဒါယကာကြီးက ပင်ပန်းဆင်းရဲစွာ ရှာဖွေလို့ရတဲ့ပစ္စည်းကို အိမ်ရှင်မက လေးလေးစားစား စောင့်ရှောက်ပြီး ပျပျတာတာ သုံးစွဲပုံကို ပထမလေးပိုင်းမှာ ဟောခဲ့ပြီးပြီ။

ရရှိတဲ့ပစ္စည်းကိုလေးစု စုပြီး တစုကို နေ့ပဉ်စား၊ နှစ်ခုကိုအရင်းအနှီးထဲထည့်၊ တစုကို ဘေးအန္တရာယ်ကြုံ သုံးဖို့ဆိုပြီး သိမ်းသည့်ထိုးထား၊ ဝှက်ထား၊ နေ့စဉ် စားသုံးတဲ့အထဲက ထုတ်ပြီးလှူ၊ ဒီလိုပစ္စည်းသုံးစွဲနည်းကို ဘုရားကြီးဟောပြီးခဲ့ပြီ။

ဒါကြောင့် ဒကာကြီးရှာဖွေလို့ရတဲ့ ပစ္စည်းကို အိမ်ရှင်မကောင်းပီသစွာ စောင့်ရှောက်ဆိုတာ ဒီနည်းနဲ့စောင့်ရှောက်ရမယ်၊ တရာရ-တရာလုံး၊ အကုန်သုံး၊ ငါးရာရ- ငါးရာလုံး အကုန်သုံး၊ မလုပ်ရဘူး၊ ဒါယကာကြီးပင်ပန်းဆင်းရဲစွာ ထွက်ရှာပြီး အိမ်ရှင်မက ရှိရှိသေသေ ထိန်းသိမ်းစောင့်ရှောက်ပြီး မျှတအောင် သုံးစွဲတတ်ပါစေ။

## (၅) အိမ်မှုကိစ္စ မပျင်းမရိလုပ်ပါ

(၅) ဒက္ခာ စ ဟောတိ အနလသာ သဗ္ဗကိစ္စေသု၊

သဗ္ဗကိစ္စေသု၊အလုံးစုံသော ပြုဘွယ်ကိစ္စလို့ဦလည်း။ဒက္ခာ၊ ကျွမ်းကျင်သည်။ အနလသာ၊ မပျင်းရိသည်။ ဟောတိ၊ ဖြစ်၏။

အိမ်မှာ လုပ်စရာကိစ္စ အားလုံးတို့ကို ကျွမ်းလဲ ကျွမ်းကျင်ရမယ်။ မပျင်းရဘူး၊ အိမ်ထဲဝင်သွားလို့ လှေကားရင်းကြည့်လိုက်လဲ ဖုတ်တွေ တသောသောနဲ့၊ ဝင်းထဲခြံထဲ ကြည့်လိုက်လဲ အမှိုက်တွေ တသောသောနဲ့၊ သောက်ရေအိုးကြည့်လိုက်လဲ ညွှီသည်လာလို့မှ ရေမရှိဘူး။ မျက်နှာ မလှဘူးဆိုတာ မရှိစေရ။

အိမ်ရှင်မပျင်းတဲ့အိမ်မှာ တံမြက်မလှည်းချင်ဘူး၊ သောက်ရေအိုး ရေမထည့်ချင်ဘူး၊ သောက်ရေခွက် မှန်မှန်မတိုက်ချင်ဘူး၊ အစရှိသည်ဖြင့်

စဉ်းစားကြပေတော့၊ အိမ်တွင်းမှု မကျွမ်းကျင်ရုံမဟုတ်ဘူး အပျင်းက ထူလိုက်သေးတယ်ဆိုယင် ဟန်မကျဘူး။ ဒါကြောင့် အိမ်ရှင်မကောင်း ပီသစွာအိမ်မှုကိစ္စအဝဝမှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့မပျင်းမရိလုပ်ရမယ်။

အိမ်ရှင်မရဲ့ ဝတ္တရားငါးပါး စုံသွားပြီ။

(၁) အိမ်တွင်းမှုလုပ်ငန်း ကျွမ်းကျင်ခြင်း။

(၂) နှစ်ဘက်ဆွေမျိုးတို့ကို ကောင်းကောင်းထောက်ပံ့ခြင်း၊ စောင့် ရှောက်ခြင်း။

(၃) ယောကျ်ားတပါးတို့နှင့် မဖောက်ပြန် မလွန်ကျူးခြင်း။

(၄) ဒါယကာကြီးရှာဖွေတဲ့ပစ္စည်းကို ကောင်းကောင်း ထိန်းသိမ်း ခြင်း။

(၅) မပျင်းမရိရခြင်း။

အဲဒီဝတ္တရားငါးပါးသည် ဒါယိကာမကြီး ဝတ္တရားငါးပါးဖြစ်တယ်။ ရှေးနား ပြောခဲ့တာက ဒါယကာကြီးဝတ္တရားငါးပါး၊ ဤကဲ့သို့ဒကာ နှင့်ဒကာမလင်မယားအပြန်ပြန်အလှန်လှန် ဝတ္တရားငါးပါးစီကြေကြယင် ဒိဇနီးမောင်နှံရဲ့ကြားတဲမှာ ဘယ်သူပဲသပ်လျှိုလျှိုမကွဲပြဲတော့ဘူး။ တခါ ထဲကို မေတ္တာနှင့် ချည်နှောင်ထားတဲ့ စွဲမြဲတဲ့အိမ်ထောင်ကြီးဖြစ်ပြီ။

### အနောက်ဘက်အရပ် လုံခြုံမှုရှိပါစေ

(၁) သုသံဝိဟိတကမ္မန္တာ၊ ကျွမ်းကျင်မှုလုပ်ငန်း ရှိရသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၂) သင်္ဂဟိတပရိဇနာစ၊ နှစ်ဘက်ဆွေမျိုးတွေကိုလည်း အညီအမျှ ထောက်ပံ့ရသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၃) အနတိစာရိနီစ၊ အခြားယောကျ်ားတွေအပေါ်မှာ မဖောက် ပြန် မကျူးလွန်ရသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၄) သမ္ဘတံစ အနုရက္ခတိ၊ ဒကာကြီးရှာထားတဲ့ ပစ္စည်းကို စောင့် ရှောက်ရသည်လည်း။ ဟောတိ၊ ဖြစ်၏။

(၅) သဗ္ဗကိစ္စေသု၊ အလုံးစုံသော ပြုဘွယ်ကိစ္စတွေကိုလည်း။ ဒက္ခာစ၊ ကျွမ်းကျင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အနလသာစ၊ မပျင်းမရိ လုံ့လရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်သည်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာဖြင့်။ ပုတ္တဒါရ၊ သားမယားတို့သည် ယိုအိမ်ထောင်ရှင် ဒကာကြီးကို။ အနုကမ္ပန္တိ၊ စောင့်ရှောက်ကြလေကုန်တော့၏။

ဝေ၊ ဤသို့ ဒကာ–ဒကာမ နှစ်ယောက် အပြန်ပြန်အလှန်လှန် ဝတ္တရားကျေပွန်ကြမယ် စောင့်ရှောက်ကြမယ်ဆိုယင်။ အဿ၊ ထိုအိမ်ထောင်ရှင်ရဲ့။ အဿ၊ ထိုဒကာ ဒကာမရဲ့။ ပစ္ဆိမဒိသာ အနောက်အရပ်သည်။ ပဋိစ္ဆာ၊ လုံခြုံရေးရသည်။ အပဋိဘယာ၊ မကျေနပ်မှုဆိုတဲ့ ဘေးရန်မရှိတော့သည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ တယောက်နှင့်တယောက် စိတ်ကောက်ခြင်းဆိုတဲ့ ဘေးရန်မှ ကင်းကွာ၍ သွားသည်။ ဟောတိ၊ ဖြစ်ပေတော့၏။

ဣတိ၊ ဤသို့။ ဘုန်းတော်ခြောက်ပါးသခင် ဘုရာ ရှင်ကိုယ်တော်မြတ်သည်၊ ပစ္ဆိမဒိသံ၊ အနောက်အရပ်သို့။ နမဿနာကာရံ၊ ရှိခိုးခြင်းဆိုတဲ့ အခြင်းအရာကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောတော်မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

အနောက်အရပ်နှင့်ပတ်သက်လို့ သင်္ဂဇာဆရာတော်ဘုရားက-

"အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိတ္တာကြည် ရှောင်၊ လျှော်အောင်ဖြန့်ချီ၊ ပြင်းရိပမှု ဝတ်ငါးဆူ၊ အိပ်သူကျင့်အပ်စွာ။"

အဲဒီလို အိမ်သူ့ဝတ္တရားငါးခုကျေပွန်ယင် အနောက်အရပ်ကမက္ကာတံတိုင်းခတ်ထားလို့ လုံခြုံရေးရတယ်။ ဤအိမ်ထောင်စု ကျကျနန စိတ်ချလက်ချ နေကြပေတော့၊ အနောက်အရပ်က ရန်မလာတော့ဘူး။

အနောက်အရပ်ကလာတဲ့ရန်ဆိုတာ ဇနီးခင်ပွန်း မကျေနပ်မှုကိုပြောတာ၊ဇနီးခင်ပွန်း မကျေချမ်းဘူးဆိုတဲ့ စူးနေတဲ့ ပြောင့်ကလေးတွေကို

ပြောတာ၊ အဲဒီပြောင့်ကလေးကို ဤလင့်ဝတ္တရား၊ မယားဝတ္တရား ဆယ်ချက်တို့ဖြင့်နှုတ်ပစ်လိုက်ပါ။

အနောက်အရပ်ပြီးတော့ မြောက်အရပ်၊ မြောက် အရပ်ဆိုတာ မိတ်ဆွေ။

## မြောက်အရပ်ဆိုတာဘာလဲ

ဥတ္တရာဒိသာ မိတ္တာမစ္စာ၊ မိတ္တာ မစ္စာ စ ဥတ္တရာ။

ဥတ္တရာဒိသာ၊ မြောက်အရပ်တို့ကို။ မိတ္တာမစ္စာ၊ မိတ်ဆွေခင်ပွန်းတို့ပါပဲလို့။ ဝေဒိတဗ္ဗာ၊ သိအပ်ပေ၏။

မြောက်အရပ်ဆိုတာ မိတ်ဆွေ၊ မိတ်ဆွေအကြောင်းကို ဘုန်းကြီးပြောရတာ သက်သာသွားပြီ။ မိတ္တပတိရူပကအခန်းနှင့် သုဟဒအခန်းကို အခန်းတခုဖွဲ့ကာ အကျယ်ဟောထားပြီးဖြစ်၍ မိတ်ဆွေအကြောင်းကို အကျယ်ဟောစရာမလိုတော့ဘူး။ ဒါပေမယ့် ပါဠိတော်ရှိသလောက်တော့ ဘုန်းကြီးတို့ပရိသတ်အား ပြောပါမယ်။

မြောက်အရပ်မိတ်ဆွေတို့ရဲ့ ဝတ္တရားကို ဘယ်နှယ်လာသလဲဆိုယင်–

## မိတ်ဆွေကျင့်ဝတ်ငါးပါး

(၁) ဒါနေန၊

(၂) ပေယျဝဇ္ဇေန၊

(၃) အတ္ထစရိယာ၊

(၄) သမာနတ္တတာယ၊

(၅) အဝိသံဝါဒနတာယ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရှိသော။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ ဥတ္တရာ ဒိသာ၊ မြောက်အရပ်လို့ ခေါ်ဆိုရသော။ မိတ္တာမစ္စာ၊ မိတ်ဆွေခင်ပွန်းတို့ကို။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။ စောင့်ရှောက်အပ်ကုန်၏။

## (၁) ပေးကမ်းစွန့်ကြဲပါ

(၁) ဒါနေန=ပေးကမ်းစွန့်ကြဲခြင်းဆိုတဲ့ ဒါန လုပ်ငန်းဖြင့်လည်း လုပ်ကျွေးအပ်ကုန်၏။

မိတ်ဆွေအချင်းချင်း ပေးကမ်းခြင်းဆိုတာ ရှိရတယ်၊ ဘုန်းကြီးတို့ ပြောခဲ့တယ်၊ အညဒတ္ထုဟရ မိတ်ဆွေခုံးမှာ ယူရုံသာ ယူတတ်တဲ့ မိတ်ဆွေ၊ နည်းနည်းကလေး ပေးပြီးတော့ အများကြီး ယူတတ်တဲ့ မိတ်ဆွေ၊ အဲဒါ ယုတ်မာတဲ့မိတ်ဆွေ။ မိတ်ကောင်းဆွေကောင်းဆိုတာ ကိုယ်ကပေးချင်တယ်ဆိုတာ ပြင်ဆင်နေရမယ်နော်။

သူများထံက ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မျှော်လင့်ချက်မထားပဲနှင့် ကိုယ်ကပေးရမယ်၊ မျှော်လင့်ချက်မထားပဲနှင့်ပေးမှ မိတ်ကောင်းခေါ်တယ်။ မျှော်လင့်ချက်နှင့် ပေးတယ်ဆိုတာ မိတ်ကောင်းအပြည့်အဝ မဖြစ်နိုင်ဘူး။ ဒါကြောင့် ကိုယ်ကပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေးကမ်းခြင်းဖြင့် ကူညီရမယ်။

## (၂) ချစ်ဖွယ်စကားပြောပါ

(၂) ပေယျဝဇ္ဇေန၊ ချိုချိုသာသာ ချစ်ဖွယ်စကားပြောဆိုဆက်ဆံခြင်းဖြင့်လည်း လုပ်ကျွေးအပ်ကုန်၏။

သူငယ်ချင်း အချင်းချင်း ရင်းရင်းနှီးနှီး ချိုချိုသာသာ ဆက်ဆံခြင်း ပိယဝါစာရှိရမယ်၊ နှုတ်ချိုယင် သျှိုတပါးဆိုတယ်။ သျှိုဆိုတာ ဘာလဲဆိုယင် လောကီဆေးကျမ်းကလာတဲ့ ပိယဆိုတဲ့ သျှိုကိုပြောတာ။ နှုတ်ချိုယင် အဲဒါပိယဆေးတခွက်ပဲ၊ ချစ်ဆေးတခွက်ပဲ။ ဒါ့ကြောင့် ချစ်ဖွယ်စကား ပြောကြားခြင်းဆိုတဲ့ ပိယဝါစာဖြင့်လဲ လုပ်ကျွေးရမယ်။

## (၃) သူ့အကျိုးကိုဆောင်ရွက်ပေးပါ

(၄) အတ္တစရိယာယ၊ ကိုယ့်မိတ်ဆွေအကျိုးကို ကျင့်ခြင်းဆိုတဲ့ ဆောင်ရွက်ခြင်းဖြင့်လည်း လုပ်ကျွေးအပ်ကုန်၏။

ကိုယ့်အားတွေ့တဲ့အချိန်ကျမှ မိတ်ဆွေအတွက်သွားလုပ်ပေးတာမျိုး မဖြစ်စေရ။ ကိုယ့်အားတွေ့မှ ကိုယ့်မိတ်ဆွေအကျိုး ဆောင်ရွက်ရမယ်

ဆိုယင် မိတ်ဆွေကောင်းမပီသဘူး။ ဒါကြောင့် ကိုယ့်မိတ်ဆွေအကျိုး အချိန်အခါမရွေး ဆောင်ရွက်ရမယ်ဆိုတဲ့ မေတ္တာစေတနာဖြင့် အမြဲတမ်း မိတ်ဆွေအကျိုးကို ဆောင်ရွက်ပါ။

(၁) ကိုယ်ကပဲပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပါ။

(၂) ချစ်ဖွယ် သာယာသောစကားကို ကိုယ်ကပဲ ပြောကြားပါ။

(၃) ကိုယ့်မိတ်ဆွေအကျိုးကို ကိုယ့်အတွက် မျှော်လင့်ချက်မထားပဲ ဆောင်ရွက်ပေးမယ် သဘောထားပါ။

(၄) ကိုယ့်မိတ်ဆွေနှင့် ကိုယ်နှင့် တန်းတူယှဉ်ပြီးတော့ ကိုယ်ချင်းစာပြီး ထားပါ။

"ဩော်- ငါဆင်းရဲယင် ငါ့မိတ်ဆွေလဲ ဆင်းရဲတော့မယ်၊ ငါ့မိတ်ဆွေ ဆင်းရဲအောင် ငါမလုပ်ဘူး။ ငါချမ်းသာယင် ငါ့မိတ်ဆွေလဲ ချမ်းသာပါစေ၊ ငါ့မိတ်ဆွေဆင်းရဲယင် ငါဆင်းရဲတာနဲ့အတူတူပဲ"ဒီလို ကိုယ်ချင်းစာတရား မွေးခြင်းဖြင့် ကိုယ်နှင့်တန်းတူထားပြီး ကူညီရမယ်။

## (၅) ကတိသစ္စာ တည်ပါစေ

(၅) အဝိသံဝါဒနတာယ၊ ပေးထားတဲ့ကတိတွေ မချို့ယွင်းစေခြင်းဖြင့်လည်း လိုပ်ကျွေးအပ်ကုန်၏။

ကိုယ့်မိတ်ဆွေများအပေါ်မှာ အမြဲတမ်းကတိတည်ရမယ်၊ သစ္စာရှိရမယ်၊ ကိုယ့်မိတ်ဆွေက ကိုယ့်အကူအညီ တောင်းထားတယ်၊ ငါ့ဘာကိစ္စကြောင့် ငွေလေးတရာလောက်ပေးပါ၊ ပေးမယ်၊ ဘယ်နေ့ကျလာခဲ့၊ လာတဲ့အခါကျ အကြောင်းအမျိုးမျိုးပြပြီး မနေ့ကလာယင်တော့ရမှာ၊ ဒီနေ့ဘာမှမရှိဘူး၊ မနက်ဖြန်ကာကျလာခဲ့ကွာ၊ မနက်ဖြန်ကျ ရှောင်သွားတယ်၊

ခုလိုချင်တာဆိုယင် ခုဘာဖြစ်တယ်၊ ညာဖြစ်တယ်။ လောလောဆယ် ပစ္စုပ္ပန်ပျက်စီးတာတွေ အကြောင်းပြတယ်၊ အကျိုးမရှိတဲ့ ချီးမြှောက်ခြင်းနဲ့ ချီးမြှောက်တယ်၊ ငါ့ပိုက်ဆံမရှိတော့ဘူး၊ ဟောဒီငါ့မော်တော်ကားကြီးပဲယူသွားတော့၊ လိုချင်တာက တရာထဲ မော်တော်ကားကြီး ပေးတော့ ဘယ်ယူမလဲ။ မဖြစ်နိုင်တာကြံဖန်ပြီး ချီးမြှောက်တယ်၊

ကုလားထိုင်တလုံးတည်း ထိုင်နေပြီး လဲထိုင်ကာဆိုကာ ကိုယ်က ဆင်းမပေးဘူး၊ အဲဒီလိုချိုးမြှောက်ခြင်းမျိုးတွေကို မလုပ်ပါနှင့်။ ကိုယ့်မိတ်ဆွေ ပေးမယ်ဆိုယင်ပေးလိုက်၊ ယူမယ်ဆိုယင် ခုချက်ချင်းကူညီလိုက်၊ ဒါကြောင့် ကတိတည်ပါစေ၊ သစ္စာရှိပါစေ၊ ထားတဲ့ကတိနဲ့သစ္စာတွေ မပျက်စေနဲ့။

ကုလပုတ္တေန၊ အမျိုးသားသည်။ မိတ္တာမစ္စာ ဥတ္တရာဒိသာ၊ မြောက်အရပ်လို့ခေါ်တဲ့ မိတ်ဆွေတို့ကို၊ ပစ္စုပဋ္ဌာ၊ လုပ်ကျွေးကြမယ်ဆိုယင်။ မိတ္တာမစ္စာပိ၊ မိတ်ဆွေပွန်းတို့ကလဲပဲ။ တံကုလပုတ္တံ၊ ထိုကဲ့သို့ ဝတ္တရားငါးချက် ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်ကို။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။

(၁) ပေးကမ်းခြင်း။

(၂) ချစ်ဖွယ်စကားပြောကြားခြင်း၊

(၃) သူ့အကျိုးကို ကိုယ်ကဆောင်ရွက်ပေးခြင်း၊

(၄) ကိုယ်နှင့်တန်းတူထားပြီးဆောင်ရွက်ခြင်း၊

(၅) ဝတ္တရားမပျက် ကတိမပျက်၊ သစ္စာမပျက် ဆောင်ရွက်ခြင်း။

ဒီလို မိမိဝတ္တရား ငါးချက်နှင့်အညီ ကိုယ်က ကိုယ့်မိတ်ဆွေများရဲ့အပေါ် ကူညီစောင့်ရှောက်မယ်ဆိုယင် ကိုယ့်မိတ်ဆွေကလဲ ကိုယ့်ကိုပြန်ပြီးတော့ ဝတ္တရားငါးချက်နဲ့ ပြန်စောင့်ရှောက်မယ်။

တုံ့ပြန်မိတ်ဆွေကျင့်ဝတ် ၅-ပါး

(၁) ပမတ္တံရက္ခန္တိ၊ မေ့လျော့တဲ့ပုဂ္ဂိုလ်ကို ပြန်ပြီးတော့ စောင့်ရှောက်ခြင်း။

(၂) ပမတ္တဿ သာပတေယျံ ရက္ခန္တိ၊ မေ့လျော့တတ်တဲ့ပုဂ္ဂိုလ်ရဲ့ ပစ္စည်းကို ကာကွယ်စောင့်ရှောက်ပေးခြင်း။

(၃) ဘီတဿ သရဏံ ဟောန္တိ၊ ကိုယ့်မိတ်ဆွေကြောက်စရာဘေးနဲ့ ကြုံယင် ရှောက မားမားမတ်မတ်ရပ်တည်ပြီးတော့ ပေးခြင်း။

(၄) အာပဒါသု န ဝိဇဟန္တိ၊ ဘေးရန်ကြုံယင် ရှောင်ထွက်မသွားခြင်း၊ ဒုက္ခ ်တွေ့ယင်ရှောင်ထွက်ပြီးတော့မသွားခြင်း။

(၅) အပရပဇာ စဿ ပဋိပူဇေန္တိ။ ။အဿ၊ မိမိ မိတ်ဆွေရဲ့။ အပ ၃ပဇာစ ဿ၊ နောင်လာနောက်သာ သားသမီး မြေး မြစ်တိုင်အောင်ပဲ။ ပဋိပူဇေန္တိ၊ ကူညီစောင့်ရှောက်ကြ လေကုန်တော့၏။

(၁) မေ့နေလျော့နေတဲ့ ကိုယ့်ကိုအမြဲတမ်းသတိပေး ထိန်းသိမ်းတယ်။

(၂) မေ့လျော့တဲ့ ဖရိုဖရဲဖြစ်နေတဲ့ စီးပွားရေးတွေကို ကူညီပြီး ထိန်းသိမ်းပေးတယ်။

(၄) ကြောက်စရာဘေး နှင့်ကြုံလာယင် ရပ်တည်ပေးတယ်။

(၄) ဘယ်လောက် ဒုက္ခနှင့်ကြုံကြုံ သေဘေးနှင့် ကြုံကြုံ ရှောင် မသွားဘူး။

(၄) မိတ်ဆွေကသာလျှင် ကိုယ့်ကိုသာ ပြန်စောင့်ရှောက်တယ် မအောက်မေ့နှင့်၊ ကိုယ့်သားသမီး မြေးမြစ်တိုင်အောင် စောင့်ရှောက်တယ်။အကူအညီပေးသွားလိမ့်မယ်။

ဒါက ကိုယ့်မိတ်ဆွေက ကိုယ့်ကိုတုံ့ပြန်လာတဲ့ ဝတ္တရားငါးချက် ဖြစ်တယ်။

ဤငါးချက်တို့ဖြင့် မိတ်ဆွေတို့ထံမှ တုံ့ပြန်ခြင်း၊ ကူညီခြင်းဆိုတဲ့ မေတ္တာကိုရရှိတယ်။ကိုယ်ကလဲ ကိုယ့်မိတ်ဆွေအပေါ် ဝတ္တရားငါးချက်နှင့် မေတ္တာတုံ့ပြန်ထားတယ်၊ မိတ်ဆွေအချင်းချင်း မေတ္တာဖြင့်ချည်နှောင်သောကြောင့် မြောက်အရပ်မှာ မေတ္တာတံတိုင်းခတ်ပြီးပြီ အခက်အခဲဘာမှမရှိတော့ဘူး။

## မြောက်ဘက်အရပ်လုံခြုံမှုရှိပါစေ

ဣတိ၊ဤသို့ ပဉ္စဟိ၊ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ကုလပုတ္တော၊အမျိုးသားတို့သည်။ မိတ္တာမစ္စာ၊

မိတ်ဆွေခင်ပွန်းတို့ကို။ တံကုသပုတ္တံ၊ ထိုမိမိကို စောင့်ရှောက်တဲ့မိတ်ဆွေခင်ပွန်းကို။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။ ဧဝံ၊ ဤသို့မိတ်ဆွေအချင်းချင်း ဝတ္တရား ငါးခု၊ နှစ်လီ–ဆယ်ချက် ညီအောင် မေတ္တာနှင့်အညီစောင့်ရှောက်ကြလျှင်။ အဿ၊ ထိုစောင့်ရှောက်တဲ့ပုဂ္ဂိုလ် များအတွက်။ ဥတ္တရာဒိသာ၊ မြောက်အရပ်သည်။ ပဋိစ္ဆန္နာ၊ လုံခြုံရေးရှိသည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ မိတ်ဆွေအချင်းချင်း၊ ပကျေနပ်ချက်ဆိုဘဲ ဘေးရန်ကင်းဘည်။ အပ္ပဋိဘယာ၊ တယောက်နှင့် တယောက် ရန်ငြိုးထားခြင်းဆိုတဲ့ ရန်မရှိတော့သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဣဘိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဥတ္တရံဒိသံ၊ မြောက်အရပ်လို့ ခေါ်ဆိုရတဲ့ မိတ်ဆွေကို။ နမဿနာကာရံ၊ ဝတ္တရား ငါးချက်စိနှင့် အညီ ကျေပွန်ခြင်းဖြင့် ရှိခိုးရမယ်ဆိုတဲ့ အခြင်းအရာကို။ အဒေသေ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့်ဟောကြားတော်မူခဲ့ပါပေတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)

မိတ်ဆွေတို့ရဲ့ ဝတ္တရားနှင့် ပတ်သက်တဲ့ လင်္ကာလေးကို စလိုက်ပြီးတော့ဆိုလိုက်၊ အဲဒါဆိုပြီးယင် အရှေ့ အနောက် တောင် မြောက်ဆိုတဲ့ အရပ်လေးမျက်နှာပြီးသွားတယ်။ အောက်အရပ်နှင့် အထက်အရပ်နှစ်ခုပဲ ကျန်တယ်။

"ပေးကမ်းချိုမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊
နှုတ်မြွက်ချိုသာ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"

အဲဒါ ကိုယ်ကနေပြီးတော့ မိတ်ဆွေအပေါ်မှာ စောင့်တဲ့ဝတ္တရားငါးပါး။

ကိုယ့်မိတ်ဆွေက ကိုယ့်ကို တုံ့ပြန်လာမယ့် ဝတ္တရား ငါးပါးလင်္ကာဆိုပါ။

"မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်
လိမ့်၊ ဘေးတွေ့မစွန့်၊ ဆက်ညွန့်သားမြေး၊ မြစ်လေးပူဇော်၊
ဤငါးဖော်ကား၊ ညီလျော်တို့လမ်း ကျင့်ဝတ်တည်း"

အဲဒါက အမရပူရ အောင်မြေဘုံစံအုဋ္ဌကျောင်းဆရာတော်လို့ အမည်တွင်တဲ့ ဆရာတော် ဦးဗုမ်ရေးသွားတဲ့လင်္ကာ၊ မိတ်ဆွေတို့ရဲ့ ဝတ္တရားကျသိုနားလည်ပြီး လိုက်နာကျင့်သုံးယင် မြောက်အရပ်မှာ လုံခြုံရေးတံတိုင်းကြီး ခတ်ပြီးသွားပါပြီ။

# သိင်္ဂါလသုတ္တန်(သတ္တမပိုင်း)

၁၃၄၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက်နေ့ည ရန်ကုန်မြို့အရှေ့ပိုင်းဂျိတော်ရဂ် ဗုဒ္ဓပါလမ္မာရုံ ဆွမ်းလှူအသင်း ထောက်ခံ၍ ဆောင်ယောင် ကျင်းပသည့် ဆွမ်းလှူရေစက်ချ ဓမ္မသဘင်၌ ဟောကြားတော်မူသော ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိတော်၌လာသည့် သိင်္ဂါလသုတ္တန်ကျမ်းတော်၏ သတ္တမပိုင်း။

## လူ့ကျင့်ဝတ်ဆိုင်ရာ ဂိဟိဝိနယ သုတ္တန်

သိင်္ဂါလသုတ္တန်ရဲ့ သတ္တမပိုင်းဆိုယင် ဒီကနေ့နိဂုံးချုပ် အပြီးသတ် အပိုင်းပါပဲ။ ဒီသိင်္ဂါလသုတ္တန်၊ တနည်းအားဖြင့် သိင်္ဂါလောဝါဒသုတ္တန်ကို၊ အမည်တမျိုး ပြောမယ်ဆိုယင် ဂိဟိဝိနယသုတ္တန်လို့ ပေါ်ပါတယ်။ အဋ္ဌကထာကြီးက "ဂိဟိဝိနယော နာမာယံ သုတ္တန္တော"- ဒီသုတ္တန်ဟာ လူ့ကျင့်ဝတ်တွေ အပြည့်အစုံပါသောကြောင့် "ဂိဟိဝိနယ လူ့ဝိနည်း လူ့ကျင့်ဝတ်ဆိုင်ရာ သုတ္တန်"လို့ အမည်ပေးထားပါတယ်။

ဒီဂိဟိဝိနယ သိင်္ဂါလောဝါဒသုတ္တန်ကို ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူပုံကို အာရုံပြုပြီး တရားနာလုံးသွင်းကြပါ။

လူ့ဝိနည်းတွေ ပြည့်စုံစွာပါတဲ့ သုတ္တန်၊ လူ့ကျင့်ဝတ်တွေ ပြည့်စုံစွာပါတဲ့ သုတ္တန်ကို အဋ္ဌကထာ ဆရာတော်ကြီး အရှင်မဟာ ဗုဒ္ဓဃောသက ဂိဟိဝိနယသုတ္တန်လို့ အဋ္ဌကထာမှာ အမည်ပေးထားတယ်။

ထိုဂိဟိဝိနယ စကားလုံးကို သုံးနှုန်းပြီး စံကျောင်းဆရာတော် ဘုရားကြီး ရေးသားထားတဲ့ "ဂိဟိဝိနယကျမ်း"။

အမရပူရနေပြည်တော် နန်းမတော်မယ်နု၏ အောင်မြေဘုံစံအုဋ် ကျောင်းကြီးမှာ သီတင်းသုံးတော်မူသွားတဲ့ ဆရာတော် ဦးဗုဓ်အမည် ရတဲ့ စက္ကိန္ဒာဘိဝံသမဟာထေရ်ကြီး ရေးသားထားတဲ့ "ဂိဟိဝိနယဆုံးမ စာ"ကျမ်းစာများသည် သိင်္ဂါလောဝါဒ သုတ္တန်မှာလာတဲ့ ဩဝါဒ အဆုံးအမတွေနဲ့ "ဂိဟိဝိနယ"လို့ နာမည်ပေးထားကြပါတယ်။

ဒီတော့ သိင်္ဂါလောဝါဒသုတ္တန်တရားဟာ လူတွေကျင့်ဆောင်ရမယ့် လူ့ကျင့်ဝတ်တွေလောကကြီးပွားကြောင်း ကျင့်ဝတ်ကောင်းတွေအပြည့် အစုံပါတဲ့သုတ္တန်ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်က ဟောထားခဲ့တဲ့ "ပရာဘဝ သုတ္တန်" ကတော့ လူ့လောကကြီးမှာ မပြုသင့်တာတွေပြုယင် ပျက်စီးနိုင်တဲ့ အကြောင်း တွေကို ဟောထားတယ်။

## ခါးဝတ်ပုဆိုးနဲ့တူတဲ့ သုတ္တန်

ကျင့်ဝတ်များ အပြည့်အစုံပါတဲ့ ဂိဟိဝိနယကို ကြားနာရပြီးလောက ပျက်စီးခြင်းကို ရှောင်ဖယ်ရာ မကောင်းတရားကိုလဲ ပရာဘဝသုတ္တန်ဖြင့် နာကြားခဲ့ကြရပြီ။

ဤသုတ္တန်များကို နာကြားခြင်းဖြင့် ခေါင်းပေါင်းကြီး သပ်သပ် ရပ်ရပ် ပေါင်းထားပေမယ့် အောက်ကပုဆိုးမပါယင် မသပ်ရပ်ဘူး ဆိုတာလို မဖြစ်ကြစေခြင်းအကျိုးငှာ တရားတကာ့ တရားထိမ်မှာထိပ်ဆုံး ဆိုတဲ့ ဝိပဿနာတရာကို အလေးအနက် ကြားနာပြီးတဲ့နောက် အိမ်နေ ယင်း-

(၁) လူမှုဆက်ဆံရေး ကျင့်ဝတ်ကလေးများ။

(၂) ဇနီးမောင်နှံကျင့်ဝတ်တရားများ။

(၃) သားသမီး နှင့်-

(၄) မိဘတို့ရဲ့ ကျင့်ဝတ္တရားများ။

(၅) အလုပ်သမားနှင့်-

(၆) အလုပ်ရှင်ကျင့်တို့ရဲ့ဝတ္တရားများဖြစ်တဲ့ လူမှုရေးကျင့်ဝတ်တွေ ကျန်နေခဲ့ယင် ပုဆိုးမပါပဲ ခေါင်းပေါင်းကြီးနဲ့ သွားတဲ့လူ လိုဖြစ်မှာပဲ။

"သိင်္ဂါလောဝါဒသုတ္တန်ဟာ ဘာလုပ်ပေးတာလဲ"

"ပုဆိုးဝတ်ပေးတာပါ ဘုရား"

"ဝတ်ပေးကဲ့ပုဆိုး ချွတ်မပစ်ကြနဲ့နော်"

"မှန်ပါ့ဘုရား"

ခေါင်းပေါင်းတွေကတော့ သိပ်ကောင်းတယ်၊ ပုဆိုးသာပပါယင် လူ့လောကမှာ မျက်နှာပလှဘူး၊ ဒီတော့ ကျန်နေသေးတဲ့ အကြောင်း နှင့် ကျင်းကျန်တဲ့အကြောင်းများကို ဆက်ဟောပယ်။

သိင်္ဂါလောဝါဒ သုတ္တန်ရဲ့ လိုရင်းနှစ်ချက်ကိုပြောပြီးပြီ၊ လူ့ကျင့်ဝတ် တွေ အပြည့်အစုံပါတဲ့၊ လူ့ဝိနည်းတွေကို ဟောပြတဲ့ ဂိဟိဝိနယသုတ္တန်၊ နောက်ထပ်တဖန် ခေါင်းပေါင်းပါ၍ ပုဆိုးမပါတဲ့လူလို ဖြစ်မှာစိုးလို့ လူ့ကျင့်ဝတ်ကို ဖော်ပြတဲ့အောက်ပိုင်း ပုဆိုးလေးနဲ့တူတဲ့ သုတ္တန်၊ နိဒါန်း စကားဖြင့် ကျန်တဲ့အရပ်ခြောက်မျက်နှာ ရှိခိုးရမယ်ဆိုတဲ့ အကြောင်း ဆက်ဟောမယ်။

## ကင်းမြီးကောက်ထောင် ရှိခိုးမယ်

ဆဒိသာ တာတ နမဿေယျာသိ။

တာတ၊ ချစ်သား၊ မမစ္စယေန၊ ငါကွယ်လွန်သွားတဲ့ အခါ၌၊ ဆဒိသာ၊ အရပ်ခြောက်မျက်နှာတို့ကို၊ နမဿေယျာသိ၊ ရှိခိုးပါလေ။

အဖေကြီး သိင်္ဂါလဗြာဟ္မဏ မှာခဲ့တဲ့ ဒီစကားကိုသာ သိင်္ဂါလနှလုံး ခိုက်အောင် စွဲလွန်းလို့ အဖေ့အခေါ်လာ သင်္ဂြိုဟ်ပြီတော့ အရပ်တွေ လှည့်ကာလှည့်ကာ ရှိခိုးတယ်။ အရှေ့ အနောက်၊ တောင်၊ မြောက်ရှိခိုး တယ် မခက်ဘူး၊ အထက်ကောင်းကင် ရှိခိုးတယ်မခက်ဘူး၊ အောက် မြေကြီးကို ရှိခိုးရမှာတော့ သိင်္ဂါလတော်တော်ခက်လိမ့်မယ်။

"ဒကာထွန်းကျော်ကြီး မြေကြီးကိုရှိခိုးပြစမ်း၊ ဘယ်လိုရှိခိုးရမယ်"

"ကင်းမြီးကောက်ထောင် ရှိခိုးပါ့မယ်ဘုရား"

ကျောင်းသားတွေအုန်းပင်စိုက်ရှိခိုးမယ်ပြောတယ်၊ အုန်းပင်စိုက်ရှိခိုးတယ်ဆိုတာ "မြေကြီး ခေါင်းကလေးစိုက်ပြီးတော့ ခြေထောက်နှစ်ချောင်း ထောင်ထားလိုက်တာကို အုန်းပင်စိုက်တယ်ခေါ်တာ"

လက်က မြေကြီးထောက်ထားတာ၊ အုန်းပင်စိုက် ရှိခိုးမှ ဖြစ်မယ်၊ ထန်းပင်စိုက်ရှိခိုးလို့တော့ မဖြစ်ဘူး။ ခေါင်းမြေကြီးမှာ စိုက်ပြီးတော့ လက်နှစ်ဘက်နှင့် မြေကြီးမှာ ကျကျနနထောက်ထားကာ ကလေးများကစားကြတာ တွေ့ဘူးကြလိမ့်မယ်။ သိင်္ဂါလက ဒီနည်းနဲ့များ ရှိခိုနေသလားလို့ တွေးတောစရာ အကြောင်းရှိတယ်၊ အဖေမှာလို့သာ ရှိခိုးရတယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် ဆိုတာ ဘာမှမသိဘူး။

အဲဒါ ဘုရားကြွလာတော့မှ....

"ဟော့-အရှေ့အရပ် ဆိုတာ မိဘနှစ်ပါးကွဲ့၊ မိဘနှစ်ပါး ဝတ္တရားကျေအောင် ပြုစုယင် အရှေ့အရပ်ကို ရှိခိုးတာလို့ခေါ်တယ်"

"တောင်အရပ်ဆိုတာ ဆရာသမား၊ ဆရာ့ဝတ်ကျေပွန်ယင် တောင်အရပ်ရှိခိုးပြီးသားဖြစ်တယ်"

"အနောက်အရပ်ဆိုတာ သားသမီးနှင့် ဇနီးမယား၊ အချင်းချင်း ဝတ္တရားကျေပွန်ယင် အနောက်အရပ် ရှိခိုးပြီးသားဖြစ်တယ်"

"မြောက်အရပ်ဆိုတာ မိတ်ဆွေ၊ မိတ်ဆွေတို့ရဲ့ ဝတ္တရားကျေယင် မြောက်အရပ်ရှိခိုးပြီးသား ဖြစ်တယ်"

အောက်အရပ်ဆိုတာ ဘယ်လိုလဲ၊ အောက်အရပ်ရှိခိုးတာ ဘယ်လိုလဲ ဆိုတာက....

## အောက်အရပ်ဆိုတာ ဘာလဲ

ပဥ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ အယျိရကေန ဟေဋ္ဌိမာ ဒိသာ ဒါသကမ္မကရာ ပစ္စုပဋ္ဌာတဗ္ဗာ။

သိင်္ဂါလက၊ သိင်္ဂါလကအမည်ရပေသော၊ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ အယျိရကေန၊ အရှင်သခင်ဖြစ်တဲ့ပုဂ္ဂိုလ်သည်။ (ဝါ) အလုပ်ရှင်သည်။ ဟေဋ္ဌိမာ ဒိသာ၊ အောက်အရပ်လို့သတ်မှတ်ပြီး

**ထားအပ်သော။ ဒါသကမ္မကရာ၊ အလုပ်သမား အစေအပါးတို့ကို၊ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏၊**

အရှင်သခင်ဖြစ်တဲ့ပုဂ္ဂိုလ်သည် အောက်အရပ်လို့သတ်မှတ်ထားသော အလုပ်သမားတွေကို ငါးပါးသော ကျင့်ဝတ်ဖြင့် ပြုစုရမယ်၊လုပ်ကျွေးရမယ်။

ယခု ဘုန်းကြီးရွတ်ဆိုလိုက်တဲ့ ပါဠိနဲ့အနက်ကို နားထောင်'' အရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် အလုပ်သမား အစေအပါးများကို ငါးရဲ့ လက်အောက်ကဆိုပြီး ထင်သလိုညှဉ်းမယ် မကြံလိုက်ပါနဲ့၊ ငါးချက်သော ကျင့်ဝတ်ဖြင့် ပြုစုရမယ်''

အလုပ်သမားကျင့်ဝတ်နှင့် အလုပ်ရှင်ကျင့်ဝတ်ကို မြတ်စွာဘုရားက အလုပ်ရှင်ကျင့်ဝတ်ကို ရွေထားပြီး ဦးစွာဟောတယ်။ ဒီစကားကြည့်လိုက်တော့ မြတ်စွာဘုရားက အလုပ်သမား ဦးစားပေးတယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ်လာတယ်။

ဗုဒ္ဓက တော်တော်ခေတ်မီတယ်၊ နောင်နှစ်ပေါင်း ၂၅၀၀-ကျော်ယင် အလုပ်သမားတွေ ရွှေတန်းရောက်လိမ့်မယ်ဆိုတာ အနာဂတံသဉာဏ်တော်နှင့် ကြည့်တယ်၊ သိတယ်။ မသိ၊ မမြင်တာဘာမှမရှိဘူး။ ဒါကြောင့် ဒီသုတ္တန်မှာ အလုပ်ရှင်က အလုပ်သမားကို ဘယ်လိုစောင့်ရှောက်ရမယ်ဆိုတာ ရှေးဦးစွာထားဟောတယ်။

## အလုပ်ရှင်ကျင့်ဝတ် ငါးပါး

''အလုပ်ရှင်''ဆိုတဲ့ စကားကိုကြားရခြင်းဖြင့် စက်ရုံ၊ အလုပ်ရုံပိုင်တဲ့ ပုဂ္ဂလိက အလုပ်ရှင်များကို အယ်ရိရကေန-ဆိုတဲ့ပုဒ်ထဲ ထည့်ရတယ်။ အလုပ်ရုံကြီးတွေကို ပြည်သူပိုင်ဆိုတဲ့နေရာထားစီမံပြီး တိုင်းပြည်အုပ်ချုပ်တဲ့ တိုင်းပြည်အစိုးရကိုလဲ အယ်ရိရကေန-ဆိုတဲ့ ပုဒ်ထဲထည့်ရတယ်။

ဒီပါဠိတော်အရ အလုပ်သမားကို စီမံခန့်ခွဲပြီး ခိုင်းစေသူမှန်သမျှ ''အယျိရကေန-အရှင်သခင်''ထဲမှာ အကုန်ပါတယ်။

ခိုင်းတဲ့ပုဂ္ဂိုလ်သည် အခိုင်းခံရတဲ့သူများရဲ့အပေါ်မှာ ဝတ္တရား ၅-ချက်ရှိတယ်။ ထိုဝတ္တရား ၅-ချက်က ဘာလဲဆိုယင်—

(၁) ယထာဗလံ ကမ္မန္တသံဝိဓာနေန။

(၂) ဘတ္တဝေတနာ နုပ္ပဒါနေန။

(၃) ဂိလာနုပဋ္ဌာနေန။

(၄) အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေန။

(၅) သမယေ ဝေါဿဂ္ဂေန။

## (၁) စွမ်းအားနဲ့တော်သင့်ရုံခိုင်းပါ

(၁) ယထာဗလံ၊ လုပ်သားတွေရဲ့ စွမ်းအားရှိသည်နှင့် အညီအမျှ။
**ကမ္မန္တသံဝိဓာနေန၊ လုပ်ငန်းကိုစီမံပြီး ခိုင်းစေခြင်းဖြင့် ခိုင်းရမယ်။**

ဘယ်လောက်များအလုပ်သမားဥပဒေ မြတ်စွာဘုရားမြင်ထားသလဲ ဆိုယင် အလုပ်သမားခိုင်းစေတဲ့နေရာမှာ အလုပ်သမားစွမ်းနိုင်တဲ့ ခွန်းအားရှိသလောက် စီမံပြီးတော့ခိုင်းပါတဲ့။ စွမ်းနိုင်တဲ့စွမ်းအား လုပ်နိုင်တဲ့လုပ်အားဆိုကြပါစို့၊ အလုပ်သမားတယောက်ဟာ လုပ်ငန်းတခုကို ဆိုကြပါစို့၊ လမ်းဖောက်မယ်တဲ့၊ လူတရာလောက် လမ်းဖောက်ခိုင်းမယ်။ လူတရာလောက် မော်တော်ကားလမ်းကြီး ဖောက်ဟေ့ဆိုပြီး ခိုင်းမယ်၊ တိုင်တာသတ်မှတ်ပြီးတော့ ပေးထားတယ်၊ မင်းတို့ကွာ ၂၄-နာရီအတွင်းမှာ ဟောဒီဘမိုင်ရှိတဲ့ မော်တော်ကား လမ်းကြီးကို ပြီးအောင် ဖောက်ဆိုပြီးခိုင်းယင် ၂၄-နာရီအတွင်း လူပေါင်းတရာလောက်ပေါက်ဘယ်၊ အချောလဲခင်းပြီးရမယ်။

မော်တော်ကားလမ်းက ဇမိုင်ပေးထားတယ်၊ ဖောက်ကွယ်ဆိုယင် တကယ်နိုင်မှ သေသေချာချာခိုင်းရတယ်၊ လူကတရာလောက်ရှိတယ်၊ မစွမ်းတဲ့ပုဂ္ဂိုလ်တွေ ရှုနာရှိက်ကုန်းပုဂ္ဂိုလ်တွေ မကျန်းကျင်တဲ့ပုဂ္ဂိုလ်တွေ စုထည့်ထားပြီးတော့ ကလေးတွေကော အဖွားအို-အဖိုးအိုတွေကော ငယ်ရွယ်သူတွေကော မလုပ်မကိုင်နိုင်တဲ့ ပုဂ္ဂိုလ်တွေ လူတရာလောက်စု ထည့်ထားပြီး ဒီလမ်း ၂၄-နာရီအတွင်း မင်းတို့အပြီးဖောက်ကွာဆိုယင် စွမ်းနိုင်ပါ့မလား မစွမ်းနိုင်ပါဘူး။

အဲဒီလိုမစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်တွေကို ခိုင်းမယ်ဆိုယင် ခိုင်းရာမရောက်ပဲ ညှဉ်းရာရောက်တတ်တယ်။

## ထုံးရှုံ့နစ်နာမှုတွေ မဖြစ်စေနဲ့

ယထာဗလံ- စွမ်းအား ရှိသလောက်ဆိုတာ အမျိုးသမီးနဲ့တော်တဲ့ အလုပ်ကို အမျိုးသမီးပဲခိုင်း၊ အမျိုးသားကြီးတွေနဲ့ တော်တဲ့အလုပ်ကို အမျိုးသားကြီးတွေခိုင်း၊ အသက်အရွယ်ကြီးတဲ့သူတွေနဲ့ တော်တဲ့လုပ်ငန်းကို အသက်အရွယ်ကြီးသူတွေခိုင်း၊ ငယ်သူကိုနဲ့တော်တဲ့ လုပ်ငန်းကို ငယ်သူတို့ခိုင်းရတယ်။ ငယ်သူနဲ့တော်တဲ့လုပ်ငန်းကို ကြီးသူခိုင်း၊ ကြီးသူနှင့်တော်တဲ့လုပ်ငန်းကို ငယ်သူခိုင်း၊ ဒကာကြီးများလုပ်မှဖြစ်မယ့်လုပ်ငန်းကို ဒါယိကာမကြီးတွေခိုင်း၊ အားကောင်းမောင်းသန် ယောက်ျားကြီးများလုပ်မှဖြစ်မယ့်လုပ်ငန်းကို အဖိုးအို အဖွားအိုတွေခိုင်းမယ်ဆိုယင်မတော်တဲ့ နေရာသွားခိုင်းတာဖြစ်၍ လုပ်တဲ့လူလဲပင်ပန်းတယ်၊ ခိုင်းလဲမတွင်ကျယ်ဘူး၊ လုပ်ငန်းလဲမအောင်မြင်ဘူး။ နောက်ဆုံးကျတော့ အချိန်ကုန် ငွေကုန်လူပန်းပြီး အရှုံးပဲထွက်တတ်တယ်။

စွမ်းရည်မရှိတဲ့ပုဂ္ဂိုလ်တွေကို သွားပြီးခိုင်းမိယင်လဲ အလုပ် မတွင်ကျယ်ရုံတင်မဟုတ်ပဲ တိုင်းပြည်ပါနစ်နာတယ်၊ တိုင်းပြည်နဲ့ ကြုံပြောရတယ်။ တဦးတည်းသော အလုပ်ရှင်အနေနဲ့ဆိုယင် ကိုယ့်အလုပ်ရုံကဲ ကိုယ့်အလုပ်သမားခိုင်းယင် တော်ရုံတန်ရုံခိုင်း၊ ပိုပြီးတော့မခိုင်းရဘူး။

ဒီကနေ့ခေတ်တော့ ဥပဒေအရသတ်မှတ်လိုက်တယ်၊ အလုပ်သမား တယောက်ရဲ့အလုပ်ချိန်သည် ၈နာရီ၊ ၈-နာရီထက် ပိုတဲ့အချိန်အတွက် လုပ်ခပေး၊ ၈-နာရီသာလုပ်နိုင်တဲ့အလုပ်သမားတယောက်ကို ၁၆ နာရီလောက် ခိုင်းထားမယ်ဆိုယင် ထိုအလုပ်သမားဟာ ဒုက္ခများသွားမယ်၊ ဒီလိုမဖြစ်စေရဘူး။

## ဗုဒ္ဓရဲ့ အလုပ်သမားအပေါ် ထားရှိရမယ့် ဝါဒ

ယထာဗလံ လုပ်စွမ်းနိုင်သလောက်သာ ခိုင်းကြစမ်းပါတဲ့။ စွမ်းအား ရှိတာထက်ပိုခိုင်းယင် အလုပ်သမားရဲ့ ခွန်အားဗလတွေကို အလွဲသုံးစား ပြုရာရောက်တယ်၊ ထိုအလုပ်သမားကိုလဲ ညှဉ်းဆဲရာရောက်တယ်၊ အလုပ်ရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ မတန်ရာခိုင်းပြီးတော့ အမြတ်ထုတ်ရာ ရောက်တယ်။

''အဲဒါ ဟုတ်ပြီလား''

''မှန်ပါ့ဘုရား''

အဲဒါကို အဋ္ဌကထာနှင့် ဋီကာက ကျယ်ကျယ်ပြန့်ပြန့် ရှင်းထားတဲ့ အတွက်ကြောင့်ပါ ငါ့ဒိ်ဋ္ဌိတော်မှာ သူတို့စွမ်းအားရှိသလောက်ခိုင်းပါတဲ့။ ဗုဒ္ဓရဲ့ အလုပ်သမားအပေါ်မှာ မြော်မြင်တော်မူပုံဟာ ဘယ်လောက်များ အဖိုးတန်သလဲဆိုယင် ဒီကနေ့ခေတ်ဥပဒေများနှင့် တထပ်တည်းကိုက်ညီ သွားတယ်။

တန်ရာတန်ရာ ခိုင်းကြပါ။ မတန်တာတွေမခိုင်းကြပါနှင့်၊ မတန်တဲ့ လုပ်ငန်းတွေ ပို၍ပို၍ခိုင်းခဲ့မယ်ဆိုယင်၊ သို့မဟုတ် အချိန်တွေ ပို၍ခိုင်းခဲ့ မယ်ဆိုယင်၊ သို့မဟုတ် အလုပ်တွေကို ကြီးကြီးကျယ်ကျယ် ခိုင်းခဲ့မယ် ဆိုယင် ခိုင်းသည်နှင့်အမျှ လုပ်သားတွေလဲပင်ပန်းမယ်၊ မအောင်မြင်တဲ့ အတွက်ကြောင့် ပစ္စည်းတွေလဲ ဆုံးရှုံးနစ်နာမှုတွေ မြောက်မြားစွာဖြစ် နိုင်မယ်။

## ကာယစွမ်းအားနဲ့ ဉာဏစွမ်းအား

ယထာဗလံ ကမ္မန္တ သံဝိဓာနေနစ– စွမ်းအားရှိသလောက် လုပ်ငန်း တွေကို စီမံခန့်ခွဲပေးပါ။ ဒီနေရာမှာ ''ယထာဗလံ''ဆိုတဲ့ပုဒ်ဟာ သိပ် ကျယ်ပြန့်တယ်၊ တိုက်ရိုက် ဒီနေရာရည်ရွယ်နေတာကတော့ ကာယ အားကို ညွှန်းတဲ့ပုံပေါ်တယ်။ ဒါပေမယ့် ဉာဏ်အားလဲ ဒီအဲထဲမှာ ''ယထာဗလံ=ကိုယ်အားရှိသလောက်'' သို့မဟုတ် ''ယထာဗလံ=ဉာဏ် အားရှိသလောက်''ခိုင်းရမယ်။

''သူ့ဉာဏ်ကလေးက မော်တော်ကားလောက်ပဲ ပြင်တတ်တဲ့ဉာဏ် ပါတယ်၊ ဒါပေမယ့် အဲဒီသူကို မင်း လေယာဉ်ပျံကြီးပြင်ကွာဆို ဖြစ်ပါ့ မလား''

''မဖြစ်ပါဘူးဘုရား''

ယထာဗလံ– အစွမ်းရှိသလောက်သာခိုင်းရမယ်၊ မော်တော်ကား လောက် ပြင်တတ်တဲ့သူကို လေယာဉ်ပျံစက်ကြီး ပြင်ခိုင်းယင် ဆုံးရှုံး နစ်နာမှုတွေ အများကြီး ဖြစ်သွားမယ်၊ စွမ်းအားရှိသမျှဆိုတာ ကိုယ်

စွမ်းအားရှိသလောက် တန်တဲ့အလုပ်ပေး၊ ညာဏ်စွမ်းအားရှိသလောက် သူ့ညာဏ်နှင့်သူ အသုံးချနိုင်တဲ့ အလုပ်ကလေး တန်ရာကိုပေး၊ ပုဂ္ဂလိက အလုပ်ရှင်ပဲဖြစ်ဖြစ်၊ မည်သည့်အလုပ်ပဲဖြစ်ဖြစ် ဒီအတိုင်း ခိုင်းတတ် ရမယ်။

ဒုတိယကျင့်ဝတ်က—

## (၂) လုပ်ခလစာအပြည့်အဝပေးပါ

(၂) ဘတ္တဝေတနာနုပ္ပဒါနေန၊ သူလုပ်တဲ့ထမင်းရိက္ခာ လုပ်ခ လစာကို အပြည့်အဝ ပေးခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

ဘတ္တ=ဆိုတာက ထမင်းရိက္ခာ။

ဝေတန=ဆိုတာက လုပ်တဲ့လုပ်အား။

ဘတ္တဝေတနာနုပ္ပဒါနေန၊ ဘတ္တ-ပုဒ်အရ လုပ်သားတွေအတွက် စားဖို့ရိက္ခာပြည့်စုံအောင်လဲ လုပ်ပေးရမယ်၊ ဝေတန-ပုဒ်အရ လုပ်တဲ့ လုပ်အားခကိုလဲ အပြည့်အဝပေးရမယ်၊ လုပ်အားခပေးရုံတင် မကဘူး၊ လုပ်ခအတွက် မင်း ဂ-နာရီလုပ်အားခအတွက် ရှစ်ကျပ်ယူ ဆိုပြီးတော့ ပေးလိုက်ပြီ။ အဲဒီငွေရှစ်ကျပ်အိတ်ထဲထည့်ထားပြီး ဆန်မရှိယင် အဲဒီ လုပ်သားအတွက်မလွယ်ဘူး။

ဒါကြောင့်မို့ ထိုလုပ်အားခအပြင် စာဖို့ရန် ထမင်းရိက္ခာအတွက် ဆန်၊ ဆီ၊ ငါးပိ၊ ငရုတ်၊ ကြက်သွန် လွယ်လွယ်ကူကူနဲ့ အလုပ်သမားတွေ စားရေးပြေလည်အောင် လုပ်ပေးလိုက်ခြင်းဖြင့် အလုပ်ရှင်ရဲ့ ဝတ္တရား ကျေပွန်ပြီ။

## စားရေးရိက္ခာလဲ လုံလောက်အောင်ပေးပါ

ဘတ္တဝေတနာနုပ္ပဒါနေန၊ ထမင်းရယ်၊ လစာလုပ်ခရယ်၊ ဤနှစ်ခုကို ပေးကမ်းခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

ဘတ္တဝေတန-ပုဒ်ကို ခွဲတွင်ပြီးတော့ စဉ်းစားပါ၊ လစာတွေ ဘယ် လောက်ပဲရနေနေ၊ ဆန်မရှိယင် အဲဒီလစာဟာ ဆန်ဈေးကြီးတာနဲ့၊ ဆီ

စျေးကြီးတာနဲ့ ထိုလစာလေးနဲ့ မမျှခဲ့ယင် ထိုအလုပ်သမား ကောင်းကောင်းလုပ်နိုင်ဖို့မလွယ်ဘူး၊ ဝေတန - ဆိုတဲ့ လစာလုပ်ခတော့ ပေးပါပြီ၊ ဘတ္တ-ဆိုတဲ့ ထမင်းစားဖို မလွယ်လာပြန်ဘူးဆိုယင် လုပ်ငန်းခွင်မှာ အမျိုးမျိုး အခက်အခဲတွေ တွေ့ရမယ်။

လစာရပြီးတော့ ဆန်မရှိယင် ဆန်ထွက်ရှာရလိမ့်မယ်၊ အလုပ်ချိန်အတွင်းမှာ ဆန်ထွက်ရှာရတာနဲ့၊ ဆီထွက်ရှာရတာနဲ့ဆိုယင် အဲဒီအလုပ်သမားတွေလုပ်တဲ့အလုပ်အကုန်လုံး လစ်ဟင်းကုန်လိမ့်မယ်။ ဒါကြောင့် လစာရိက္ခာပေးပြီးယင်ထိုလစာရိက္ခာနဲ့ လောက်ငမယ့်စားကုန်ပစ္စည်းများ လွယ်လွယ်ကူကူ ရှာထားပေးရမယ်၊ လွယ်လွယ်ကူကူ ရစေရမယ်။

တတိယကျင့်ဝတ်က –

## (၃) ဆေးကုပေးပါ

(၃) ဂိလာနုပဋ္ဌာနေနစ၊ ဂိလာနဖြစ်တဲ့အခါမှာ ပြုစုလုပ်ကျွေးခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အလုပ်သမားတွေခိုင်းပြီး နေမကောင်းတဲ့အခါမှာ မင်းနေမှမကောင်းပဲ မကျန်းမမာဖြစ်နေတာ၊ ငါ့အလုပ်ရှိနေမကောင်းလို့ လာမလုပ်တဲ့အတွက် လုပ်ခမရဘူး၊ မပေးနိုင်ဘူးဆိုတာမျိုး မလုပ်ရဘူး။

အလုပ်ရှင်ပုဂ္ဂိုလ်သည် အလုပ်သမားနေမကောင်းလို့ အလုပ်မလုပ်နိုင်ယင်"ဩော်-ငါ့အလုပ်လုပ်ပေးတဲ့သူဟာ ငါ့ရဲ့ကျေးဇူးရှင်ပဲ၊ ဒီအလုပ်သမားကြောင့် ငါထမင်းစားရတာ" ဆိုပြီးတော့ အလုပ်သမားများနေမကောင်းယင် ကိုယ်တိုင်ပြုစုရမယ်။

## လူမှုဖူလုံရေးနှင့် ဗုဒ္ဓအမြင်

ဗုဒ္ဓပိဋကတ်ဖြစ်တဲ့ ဒီသုတ္တန်ထဲမှာ ဒါတွေပါတယ် ဒါကြောင့်လူမှုဖူလုံရေး ဥပဒေမှာ ဗုဒ္ဓက ဘယ်လောက် မြင်တော်မူထားသလဲ ဆိုတာ ကြည့်စမ် ။

"လူမှုဖူလုံရေး ဥပဒေကလဲ ဒီကနေ့ ဒါတွေပဲ လုပ်ပေးတာမဟုတ်လား"

"မှန်ပါ့ဘုရား"

"အလုပ်သမားများ အလုပ်ခွင်မှာ နေ့ပကောင်းယင်၊ ဆေးရုံတက်ကုယင်၊ နေမကောင်းလို့ကုနေတဲ့အချိန်မှာ သူ့အတွက် လစာရမှာ တော်သလို ရနေတယ်နော်"

"ရနေပါတယ်ဘုရား"

မလုပ်နိုင်လို့ မင်းမပေးဘူးဆိုတာ ပါဖြစ်ရဘူး၊ ဒီကနေ့ခေတ် လူမှုဖူလုံရေး ဥပဒေအရ အလုပ်သမားများကို ဆဲ ဥ ဒေ ဘယ်တုန်း ကရှိခဲ့လဲ ဆိုယင် ဟို-လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကကြီး၊ ဗုဒ္ဓက ချမှတ်ခဲ့ပြီး၊ ဂိလာနုပဋ္ဌာနေန၊ လူမမာဆိုတဲ့ အလုပ်သမားတွေကို အလုပ်ရှင်ကိုယ်တိုင်က ပြုစုခြင်း၊ လုပ်ကျွေးခြင်းဖြင့် ပြုစုပါ။

ပုဂ္ဂလိကအလုပ်ရှင်တွေကလဲ ကြည့်ရှုရမှာပဲ။ ဒီအလုပ်ရုံတွေကို ကြီးကြပ်အုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရကလဲ ဩဝါဒ-တိုတိုင်းပြည်လုပ်ကျွေးနေတဲ့ လုပ်သားတွေ ကိုယ်ကိုယ်တိုင် ပြုစုတယ်၊ လူမှုဖူလုံရေးဆေးရုံကြီးများ ဆောက်ပြီး ပြုစုတယ်မဟုတ်လား။

"အဲဒီတော့ ဒီပါဠိတော်နဲ့အညီ လုပ်ကြရတာ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား"

စတုတ္ထကျင့်ဝတ်က-

## (၄) စားသောက်ဖွယ်ရာများ ခွဲခြမ်းဝေဖန်ပေးပါ

(၄) အစ္ဆရိယာနံ၊ အံ့ဩဘွယ်မှာ ကောင်းလှကုန်သော။ (ဝါ) မွန်မြတ်လှစွာသော။ ရသာနံ၊ အသာတို့ကို။ သံဝိဘာဂေနစ၊ ခွဲခြမ်း ဝေဖန်၍ပေးကမ်းခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အလုပ်သမားများအပေါ်မှာ အလုပ်ရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် ကိုယ်ရလာတဲ့ အံ့ဩဖွယ်ရာ စားဖွယ်ခဲဖွယ်များရှိခဲ့ယင် ငါပဲစားမယ်ဆိုတဲ့ မူမျိုး မလုပ်ပါနဲ့၊ ငါ့အလုပ်သမားတွေလဲ ငါခွဲခြားကျွေးအုံးမယ်ဆိုတဲ့ မူမျိုး လုပ်ကျွေးပါ။

ကိုယ့်ခြံထဲမှာ သရက်သီးလေးပေါ်တယ်၊မင်းဂွတ်သီးလေးပေါ်တယ် ဩဇာသီး စသည်ပေါ့၊ ထူးဆန်းတဲ့ စားဖွယ်ခဲဖွယ် ကိုယ့်မှာရှိလာယင်

ကိုယ့်ချည်းမစားနှင့်၊ ကိုယ့်အလုပ်သမားတွေပါ ခွဲကျွေးပါ၊ ဒါတာ ပါဠိတော်မှာပါတဲ့ တိုက်ရိုက်အမိန့်ပဲ။

တိုးချဲ့ပြီးတော့ စဉ်းစားရမယ်ဆိုယင် အလုပ်သမားများရဲ့အပေါ်မှာ အလုပ်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ် သဘောထားရမှာက မှန်မြတ်တဲ့ ဝတ်စရာ၊ မှန်မြတ်တဲ့ ထူးခြားတဲ့ စားဖွယ်သောက်ဖွယ် မှန်မြတ်တဲ့ ဆေးဝါးပစ္စည်း ထူးထူးခြားခြား။

## ဆေးဝါးပစ္စည်း ရှားပါးမှု မရှိပါစေနဲ့

ဆိုကြပါစို့ ဆိပ်ကမ်းက ပခုံးထမ်း လုပ်သား အလုပ်သမားဆေးရုံ တက်ဆေးကု၊ ရောဂါပျောက်လို့ နာလှန်ထ ဆေးရုံကဆင်းပြီဆိုယင် အားဆေးတော့လိုတယ်။ အဲဒီအလုပ်သမားကြီးအတွက်လဲ မော်ရီယာမင်းတို့၊ ဂျယ်ရီယာဗစ်တို့၊ အက်စ် (၂)တို့ကို ရှာပေးပါ။

"တိုက်နှင့်၊ ကားနှင့်၊ စိန်နဲ့၊ ရွှေနဲ့၊ နေတဲ့လူတွေမှ မော်ရီယာမင်း၊ ဂျယ်ရီယာဗစ် စားမယ်မကြံပါနှင့်၊ အမိန့်ပဲ့ယ်က သူတို့ကိုလဲ ရှာပေးပါ အုံးတဲ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

အေး ဒီကနေ့တော့ အဲဒီအဖိုးတန်ပေ ဆိုတဲ့ နိုင်ငံခြားဆေးဝါးပစ္စည်းများဟာ ခုလို ပခုံးကပေါက်အောင်၊ ပြဲအောင်၊ နဖူးကချွေးမြေကြီး ကျအောင် ထမ်းရတဲ့ အလုပ်သမားကြီးများ မစားနိုင်ဘူး၊ စားရတဲ့ ပုဂ္ဂိုလ်များ၊ စားနိုင်တဲ့ပုဂ္ဂိုလ်များကတော့ သိပ်စားရတယ်။ ဒီအတိုင်း လမ်းဘေးက ဝယ်ချယင်ရ၊ မချယ် နိုင်ငံခြားက ပို့သိုက်ဟော့ဆို ရတဲ့ ပုဂ္ဂိုလ်များကျတော့ ရတယ်။

ယခုလိုမှန်မြတ်တဲ့၊ အာဟာရဓာတ်ပြည့်ဝတဲ့၊ ပီနံကလာတဲ့အာဟာရဓာတ်ပြည့်ဝတဲ့ ဘီစကစ်ဘူးလေးတွေ၊ အိန္ဒိယကလာတဲ့ နက်စ်ကော်ဖီတို့ ဘာတို့၊ ဒီဆင်းရဲသားကြီးတွေလဲသောက်ချင်တာပဲ၊ ဒါပေမယ့် သူတို့ ကျတော့ သူတို့ထမ်းလို့ရတာလေးနဲ့ ဝယ်မသောက်နိုင်ဘူ ။

"သူတို့အတွက်လဲ ဒီလိုမှန်မြတ်တဲ့အစားအစာ ကျွေးစား စီမံပေးပါ တဲ့၊ ဟန်မကျဘူးလား"

"ဟန်ကျပါတယ် ဘုရား"

"စာထဲဟန်ကျတာ၊ တကယ်တော့ဟန်မကျဘူး"

"ဖြစ်လာမှာပါ ဘုရား"

"ဖြစ်လာမှာလား အေ-ရျော်ရကို မယ်၊ ဖြစ်လာမှာပါ ဆိုယင်တော့ စောင့်ရအုံးမယ်"

"မှန်ပါဘုရား"

## ပြည်သူချစ်သားများအတွက် ငဲ့ကွက်ပါ

တိုးချဲ့တိုးချဲ့ပြီး စဉ်းစားအုံးမယ်၊ ဆင်းရဲလို့ အဲဒီလိုဘဝပန်း၊ ဆင်းရဲတဲ့ တိုင်းပြည်အတွက် ချွေးဒီးဒီးကျအောင်လုပ်ရတဲ့ အဲဒီလို လုပ်သားကြီးတွေ၊ တိုင်းပြည်ရဲ့ အသက်သဘွယ်ဖြစ်နေတဲ့ ဆန်စပါးကို ရွံ့ထဲမှာ ကျွဲနွားနဲ့ ကုန်းရုန်းနေတဲ့ လယ်သမားကြီးတွေ။

တိုင်းပြည်ရဲ့ နယ်စပ်တောတွေတောင်တွေထဲမှာ ကိုယ့်အသက်အဆုံးအရှုံးခံပြီးတော့ ဘယ်သူမှမသိပဲနဲ့ အညာတရအားပြင်နဲ့ အသေခံပြီဆောင်ရွက်နေတဲ့ ရဲဘော်ကလေးတွေ၊ အဲဒီလို ပုဂ္ဂိုလ်များအတွက် သေဘေးကြုံလာတဲ့အချိန် အလွန်အရေးကြီးတဲ့ ဆေးဝါးပစ္စည်းများ သူတို့အတွက်လဲ လိုအပ်တယ်။

"သိပ်ပြီ ခွန်အားတွေ ကုန်ခန်းလို့ စားရမဲ့မဲ့ဖြစ်နေတဲ့ အချိန်များ အာဟာရဓာတ်ပြည့်ဝတဲ့ အစားအစာများ သူတို့မှာလိုအပ်တယ်နော်"

"မှန်ပါဘုရား"

အဲဒီလိုဆင်းရဲတဲ့လုပ်သားများ၊ လယ်သမားများ၊ အသက်နဲ့လဲပြီးတော့ တိုင်းပြည်အတွက်ဆောင်ရွက်နေပါ့ ရဲဘော်ကလေးများအတွက်လဲ အလွန်အရေးကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးများက ငါတို့စားမယ်ဆိုတဲ့ အဖိုးတန် အစားအစာကလေးများကိုသော့ မစားပဲနှင့် သူတို့ကိုဝေပေးလိုက်ပါ။

"အဖိုးတန်တဲ့ ဆေးဝါးများ တို့ချည်းမသုံးပဲနှင့် သူတို့အတွက်လဲ ဝေပေးလိုက်ပါ"

"မှန်ပါဘုရား"

အဖိုးတန်တဲ့ အဝတ်ကလေးများ တို့ချည်းမသုံးပဲနှင့် သူတို့အတွက်လဲ ဝေငှပေးလိုက်ပါအုံးတဲ့"

"မှန်ပါ့ဘုရား"

"ဘုရားကိုယ်တော်မြတ်က ဒီသုတ္တန်ပါဠိတော်ထဲမှာ "အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေ" လို့ထည့်ထားတယ်။ သိပ်ပြီးဟန်ကျတဲ့ ဥပဒေနော်"

"မှန်ပါ့ဘုရား"

**အလုပ်သမားနဲ့ အလုပ်ရှင် ပဋိပက္ခမဖြစ်ကြရလေအောင်**

အစ္ဆရိယာနံ၊ အံ့ဩဘွယ်ကောင်းလှပေကုန်သော။ ရသာနံ၊ စားဘွယ် ခဲဘွယ်အသွယ်သွယ်ဆိုတဲ့ အရသာတွေကို။ သံဝိဘာဂေနစ၊ အဲဒီလို အလှူတရာ တိုင်းပြည်အတွက် ပင်ပန်းစွာ ဆောင်ရွက်နေတဲ့ လုပ်သားတွေ၊ လယ်သမားတွေ၊ စစ်သားလေးတွေကို ခွဲခြားဝေဖန်၍ ပေးကမ်းခြင်းဆိုတဲ့ ကျင့်ဝတ်ဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ အရှင်သခင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက လုပ်ကျွေးရမယ်။

"ဘယ်နှစ်ချက်ရပလဲ လေးချက်ရှိသေးတယ်နော်"

"မှန်ပါ့ဘုရား"

အစ္ဆရိယာနံ၊ အလွန်တရာထူခြား မှန်မြတ်အံ့ဩဘွယ်ကောင်းပေသော။ ရသာနံ၊ အရသာတို့ကို။ ဘေသဇ္ဇာနံ၊ ဆေးတို့ကို။ ဝတ္ထာနံ၊ အဝတ်တို့ကို။ ဆီတို့ကို။ဆန်တို့ကို။(ဘုန်းကြီးက ဆီလျော်လို့ထည့်တဲ့ ပါဠိတွေ) သံဝိဘာဂေနစ၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်တို့ကို ဦးစားပေး၍ ဝေဘန်ပေးကမ်း ထောက်ပံ့ခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးရမယ်။

တိုင်းပြည်အတွက် ကျေးဇူးရှိလွန်းလို့ ဒီလိုပုဂ္ဂိုလ်တွေကို ထောက်ပံ့ပါ။ အလုပ်ရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် အလုပ်သမား တွေကို ဒီကဲ့သို့ ထောက်ပံ့ပါ။ ဗုဒ္ဓက ဘယ်လိုပဲထောက်ပံ့ပါ ပြောပြော အဲဒါတွေ မထောက်ပံ့တော့ ဖြစ်ချင်တာတွေ ဖြစ်ကုန် တာပေါ့၊ အလုပ်ရှင်ဘက်မှာ ဒီဝန်တွေရှိတာကို အလုပ်ရှင်တွေက မကျေပွန်တော့ အလုပ်

သမားတွေက တော်တော်ကြာ ထောင်ထတော့ ဒုက္ခများကုန်တော့တာပေါ့။

ပဥ္စမကျင့်ဝတ်က-

## (၅) အလုပ်သမားများရပိုင်ခွင့်ပေး

(၅) သမယေ၊ အချိန်အခါကာလကျေပမယ်ဆိုယင်း၊ ဝေါဿဂ္ဂေန၊ အလုပ်မှ ခွင့်လွှတ်ခြင်းဖြင့်လည်း။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အချိန်ကျလို့ သင့်လျော်တဲ့ အကြောင်းနဲ့ ညီညွတ်မယ် ဆိုယင် ဝေါဿဂ္ဂ- အလုပ်မှလွှတ်ပေးရမယ်၊ သမယေဝေါဿဂ္ဂ- လွှတ်သင့်တဲ့ ရက်ကို လွှတ်ရမယ်။ ပိုမိုရှင်းအောင်ပြောရမယ်ဆိုယင် ရပ်နားသင့်တဲ့ အချိန်မှာ နားပါစေ၊ နားရက်ရှိပါစေ ဆိုလိုတယ်။ အကယ်၍ နားရက်မှာ ခိုင်းမယ်ဆိုယင်လဲ သူတို့ကိုအချိန်ပိုလုပ်ခ (အိုဗာတိုင်း) ပေးရမယ်။

ဒီကနေ့ခေတ်တော့ တဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ အာဇာနည်နေ့၊ လွတ်လပ်ရေးနေ့တို့လို နေ့ထူးနေ့မြတ်တွေကို လွှတ်ပေးတာရှိတယ်၊ တနှစ်မှာ သူ့အဆင့်နှင့် အဆင့်နှင့်ပေါ့လေ။ လုပ်သားများအတွက် ခွင့်ဘယ်နှစ်ရက်၊ ဘယ်နှစ်လဆိုတာ အဆင့်သတ်မှတ်ထားတာရှိတယ်။

လုပ်သက်ခွင့်တို့ဘာတို့၊ ရှောင်တခင်ခွင့်တို့ပေါ့။ အဲဒီ လုပ်သက်ခွင့်တို့၊ ရှောင်တခင်ခွင့်တို့ နေ့ထူး နေ့မြတ်ကြီးများမှာ နားခွင့်၊ နေမကောင်းတဲ့အခါမှာ နားခွင့်တို့၊ ဒါတွေကို သမယေ ဝေါဿဂ္ဂ-ဆိုတဲ့ ပုဒ်ထဲမှာ အကုန်ထည့်။

အဋ္ဌကထာမှာ နိစ္စသမယနှင့် ကာလသမယဆိုပြီး သမယနှစ်ပါး ပြတယ်။

(၁) နိစ္စသမယ-ဆိုတာက ပုံမှန်ခွင့်လွှတ်ရမယ့် ပုံသေအားလပ်ရက်ကို နိစ္စသမယ ခေါ်ပါတယ်။

(၂) ကာလသမယ-ဆိုတာက အခါအားလျော်စွာ ပေးလိုက်တဲ့ ခွင့်ရက်များကို ကာလသမယ ခေါ်ပါတယ်။

တပတ်မှာဘယ်နှစ်ရက်နားရမယ်၊ ၂၄-နာရီလည်ပတ်နေတဲ့အလုပ်ရုံကြီးမှာဘယ်နှစ်နာရီအလုပ်လုပ်ပြီးယင် ဘယ်နှစ်နာရီနားမယ်၊ ပုံသေနားခွင့်ကလေးလဲ ပေးထားရမယ်၊ ဒါက နိစ္စသမယ။

နေ့ထူးနေ့မြတ်ကြီးများမှာ အခါအားလျော်စွာ နားခွင့် ဆိုတာရယ်၊ မကျန်းမမာကိစ္စ၊မိဘကိစ္စ၊ မောင်နှမကိစ္စ၊ ရပ်ရွာကိစ္စ၊ သာသနာရေး၊ လူမှုရေးစသည့် အခွင့်အရေးတွေကြောင့် တနှစ်တနှစ်မှာ ရှောင်တခဝ်ခွင့်ရက်တို့၊ ပုံသေခွင့်ရက်တို့မှာ နားခွင့်များပေးထားရမယ်၊ ဒါက ကာလသမယ။

## ဆုပေး ဒဏ်ပေး စနစ်

အဲဒီ သမယနှစ်ပါးနဲ့ညီညွတ်ခဲ့ယင် အလုပ်ရှင်ရဲ့ဝတ္တရား၊ နိုင်းသူတို့ရဲ့ဝတ္တရားအရ အလုပ်သမားတွေကို နားရက်နားခွင့်ပေးရတယ်။ အဲဒီလိုနားခွင့်မပေးပဲ အလုပ်လုပ်ကြမယ်ဆိုယင် လုပ်ခပိုပေးပါ၊ လုပ်ခမပေးပဲမခိုင်းပါနဲ့။ ဒါကို ဗုဒ္ဓက သေသေချာချာ ညွှန်ကြားထားပါတယ်။

ပြီးခဲ့တဲ့တတိယကျင့်ဝတ် ဂိလာနုပဋ္ဌာနေန– မကျန်းမာယင် ပြုစုတာလဲ ပေးထားတယ်။ စတုတ္ထကျင့်ဝတ် အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေန– ထူးခြားတဲ့အခွင့်အရေးများလဲ သူတို့ကိုပေးအုံးဆိုတော့။

''ဒါကဘာလဲဆိုတော့ ဘောနပ်စ်ဆုနဲ့တူပါတယ်၊ ဟုတ်လား''

''မှန်ပါဘုရား''

ထူးခြားတဲ့ဆုလာဘ်တွေကိုလဲ သူတို့ကိုပေးရအုံးမယ်တဲ့၊ အလုပ်ကြိုးစားသည်နှင့်အမျှ ဆုပေးရမယ်ဆိုတာပါနော်၊ ဒဏ်ပေးရမယ်ဆိုတာမပါဘူး။ ဗုဒ္ဓက ဒဏ်ပေးဖို့ဟောမထားဘူး၊ ဆုပေးဖို့တော့ ဟောထားတယ်။ အဲဒါ ဒဏ်ကတော့ ပေးချင်လဲပေး၊ မပေးချင်လဲနေရတယ်။ ဗုဒ္ဓဥပဒေထဲမှာတော့မပါဘူး၊ အချင်းချင်းပြေလည်နေကြယင် ဒဏ်ပေးဖို့မလိုပါဘူး။

အလုပ်သမားရဲ့ဝတ္တရားတွေ နောက်ပိုင်းမှာရှိသေးတယ်၊ ယခုပြောနေတာက အလုပ်ရှင်ရဲ့ဝတ္တရားဖြစ်တယ်။

## အလုပ်ရှင်တို့၏တာဝန် ၅-ချက်

(၁) သူ့စွမ်းအား ရှိသလောက် ခိုင်းပါ။ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသလောက်ခိုင်းပါ၊ အစွမ်းရှိတာထက်ပိုမခိုင်းပါနှင့်။

(၂) လစာရိက္ခာကို ခိုင်းသည်နှင့်အမျှ လုံလောက်စွာ ပေးပါ၊ သူတို့လစာနှင့်ညီမျှတဲ့ စားဝတ်နေရေးကို ဖ...းပေးပါ၊ ထောက်ပံ့ပါ။

(၃) ပင်ပန်းကြီးစွာ လုပ်ရတဲ့အလုပ်သမားတွေ နေမကောင်းယင် အလုပ်ရှင်ကိုယ်တိုင် ပြုစုပါ။

(၄) ထူးခြားမွန်မြတ်တဲ့ အဝတ်အစား၊ နေအိမ်၊ ဆေးဝါး၊ တန်ဖိုးရှိလှစွာသောဆေးဝါး၊ အဝတ်များကို တို့အရှင်သခင် ပဲဆိုပြီး တို့ချည်းမသုံးပါနှင့်၊ အလုပ်သမားတွေ အတွက်လဲ ခွဲပေးပါ။

(၅) နိစ္စသမယနှင့် ကာလသမယနှစ်ပါး ပုံသေနားရက်ဆိုတာလဲ ပေးပါ။

အဲဒီကျင့်ဝတ်ငါးခုဟာအလုပ်ရှင်တို့ရဲ့ကျင့်ဝတ်၊အလုပ်သမားများကို ခိုင်း၊သူတို့ရဲ့ကျင့်ဝတ်၊ ဤကျင့်ဝတ်ငါးခုကို ကျင့်ကြံ နေကြခြင်းဖြင့် အလုပ်ရှင်များရဲ့ စေတနာမေတ္တာ ကရုဏာတွေဟာ အလုပ်သမားများရဲ့ နှလုံးသားထဲမှာ ဘယ်လောက်ထိခိုက်နေသလဲဆိုတာ ကြည့်ပါ။

ဤကျင့်ဝတ်ငါးခုဆိုယင် ထိုအလုပ်ရှင်ရဲ့နှလုံးသားထဲမှာလဲ သဒ္ဓါ စေတနာမေတ္တာကရုဏာ မရှိဘူး၊ သဒ္ဓါစေတနာမေတ္တာကရုဏာ မပါ ပဲနှင့် ညှဥ်းသလိုလုပ်ပြီး ခိုင်းနေကြမယ်ဆိုယင် အလုပ်သမားများကလဲ မဟုတ်တာတွေနှင့် တုံ့ပြန်လာလိမ့်မယ်၊ ဒါ့ကြောင့်-

"အလုပ်ရှင်နှင့်အလုပ်သမား ပြေလည်ကြရန် အလုပ်ရှင်ဘက်က ဒီကျင့်ဝတ်ငါးခု ပြေလည်ပြီထား"

"မှန်ပါ့ဘုရား"

ဒါကြောင့်-

အောက်အရပ်လုံခြုံရေး မူ ၅-ချက်

(၁) ယထာဗလံ၊ စွမ်းအားရှိသည်အားလျော်စွာ။ ကမ္မန္တ သံဝိဓာ ဂေန၊ လုပ်ငန်းတွေကိုစီမံပြီးတော့ ခိုင်းပါတယ် ဆိုခြင်းဖြင့် လည်းကောင်း။

(၂) ဘတ္တဝေတနာ နုပ္ပဒါနေနစ၊ ထမင်း-လစာကို လုံလောက်စွာ ပေးကမ်း ချီးမြှောက်ခြင်းဖြင့်လည်းကောင်း။

(၃) ဂိလာနုပဋ္ဌာနေနစ၊ လုပ်သားတွေ မကျန်းမမာဖြစ်တဲ့ အခါ မှာ အလုပ်ရှင်ကိုယ်တိုင် ပြုစုစောင့်ရှောက်ခြင်းဖြင့် လည်း ကောင်း။

(၄) အစ္ဆရိယာနံ ရသာနံ သံဝိဘာဂေနစ၊ ထူးခြား မွန်မြတ်တဲ့ ဆေးဝါးနဲ့အထည်တွေကို အလုပ်သမားများအား အထူး ဆုလာဘ်အနေဖြင့် ပေးကမ်းခြင်းဖြင့်လည်းကောင်း။

(၅) သမယေ၊ အကြောင်းအခါ သင့်လျော်သောအခါကာလ၌။ ဝေါဿဂ္ဂေနစ၊ အလုပ်မှနားခွင့်ပေးခြင်းဖြင့်လည်းကောင်း။

ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်၊ အယျိရကေန၊ အရှင်သခင်ဖြစ်တဲ့ပုဂ္ဂိုလ်သည်။ ဟေဋ္ဌိမာ ဒိသာ။ အောက်အရပ်လို့ သတ်မှတ်ပြီးထားကုန်သော။ ဒါသ ကမ္မကရာ၊ အလုပ်သမားအစေအပါးတို့ကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ ပြုစု လုပ် ကျွေးထိုက် ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အယျိရကာဝတ္တံ၊ အလုပ်ရှင်တို့ရဲ့ ဝတ္တရားငါးပါး ကို။ ဒေသေတိ၊ ကချဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

"ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ ဟောရွတ်ပဥ္စမ"

အဲဒါအရှင့်ဝတ္တရား အလုပ်ရှင်တို့ရဲ့ဝတ္တရား စေခိုင်းသူဘို့ရဲ့တာဝန် ဝတ္တရားငါးပါးလက်ာဖြစ်ပါတယ်။ တနည်းပြောယင် အလုပ်ရှင်တို့က အလုပ်သမားတွေအပေါ်မှာ ကျင့်ရမယ့်တာဝန် ငါးချက်ဖြစ်တယ်။

အလုပ်ရှင်တွေ ဆောင်ရွက်ရမယ့် ပုဒ်မကြီး ငါးခုကို ပုဒ်မခွဲလေးတွေ တပ်မယ်ဆိုယင် အများကြီးဖြစ်လာတယ်။ ဒီပုဒ်မကြီးငါးခုကိုနားလည် လျှင် ပုဒ်မခွဲကလေးကို ဉာဏ်ရှိသလိုတပ်နိုင်ပါတယ်။ ပုဒ်မ (၁) နောက်ကနေပြီး ပုဒ်မခွဲ(က)(၁)ထည့်ပါ။

အဲဒီလိုအလုပ်ရှင် ဝတ္တရားငါးပါးဖြင့် အလုပ်သမားများရဲ့အပေါ်မှာ စနစ်တကျ ပြုစုစောင့်ရှောက်လာမယ် ဆိုယင် ထိုအလုပ်သမား ကလဲ ကိုယ့်အလုပ်ရှင်ကို ငါးပါးသော ကျင့်ဝတ်ဖြင့် တာဝန် ကြေအောင် ဆောင်ရွက်ဖို့လိုမယ်။

အလုပ်ရှင်ကသာ ဝတ္တရားကြေပြီး အလုပ်သမားက တာဝန်မကျေ ယင်လဲ ဒီအလုပ်သမားကို အလုပ်ရုံထဲထားဖို့ မလိုဘူး။

အလုပ်သမားကလဲ ဝတ္တရားငါးချက်ဖြင့် ပြန်ပြီးတော့စောင့်ရှောက် ရမယ်။

ဒါကြောင့် အလုပ်သမားဘက်က ကျင့်ဝတ်ငါးချက်ကိုထပ်မံ၍—

လုပ်သားများ၏ ကျင့်ဝတ်ငါးပါး

ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ အယျိရကံ အနုကမ္ပန္တိ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုး- သူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိ ဌာနေဟိ၊ ဤအကြောင်းအရာတို့ဖြင့်၊ ဣမေဟိ ဌာနေဟိ-ကာရဏေဟိ၊ ဤ အကြောင်းအရာတို့ဖြင့်၊ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်လို့သတ်မှတ် ပြီး ထားအပ်ကုန်သော။ ဒါသကမ္မကရာ၊ အလုပ်သမားအစေ အပါးတို့သည်။ အယျိရကံ၊ အရှင်သခင်ဖြစ်တဲ့ပုဂ္ဂိုလ်ကို။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ အကြောင်းအရာတို့ဖြင့်။ အနုကမ္ပန္တိ၊ ပြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။ ပစ္စုပဋ္ဌာ

တဗ္ဗာ၊ ဓောင်းစွာပြန်ပြီးတော့ လုပ်ကျွေးကြကုန်၏။ (၀ါ) ပစ္စု ပဋ္ဌိတာ၊ လုပ်ကျွေးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၁) ပုဗ္ဗုဋ္ဌာယိနော စ ဟောန္တိ။

(၂) ပစ္ဆာနိပါတိနော စ ဟောန္တိ။

(၃) ဒိန္နဒါယိနော စ ဟောန္တိ။

(၄) သုကတကမ္မကရာ စ ဟောန္တိ။

(၅) ကိတ္တိဝဏ္ဏဟရာ စ ဟောန္တိ။

## (၁) စောစောထ အချိန်မှန်မှန်ရှိသွား

(၁) သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုး-သူကြွယ်သား။ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်လို့ သတ်မှတ်ပြီး ထားအပ်ကုန်သော။ ဒါသကမ္မကရာ၊ အလုပ်သမား အစေအပါးတို့သည်။ အယျိရကံ၊ အရှင်သခင်ဖြစ်တဲ့ပုဂ္ဂိုလ်ကို။ ဒါသကမ္မကရာ၊ အလုပ်သမား အစေအပါးတို့သည်။ ပုဗ္ဗုဋ္ဌာယိနော စ၊ ရှေးဦးစွာ အိပ်ရာမှ ထအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကျင့်ဝတ်အလုပ်ချိန် လေးစားဖို့ပြောထားတယ်၊ အလုပ်သမားများ အလုပ်ချိန်လေးစားဖို့ကို "ရှေးဦးစွာအိပ်ယာမှထရမယ်" အလုပ်ရှင်နှင့် အလုပ်သမား နှစ်မျိုးတို့မှာ အလုပ်သမားဖြစ်သူက ရှေးဦးစွာအိပ်ရာမှ ထပါ။ ပါဠိတော်စကား တိုက်ရိုက်ပြဘာကို အဋ္ဌကထာနှင့် ဋီကာတို့က ထပ်ဖွင့်တဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။

ပုဒ်မခွဲကလေးတွေ သတ်မှတ်မယ်ဆိုယင် ရှေးဦး စွာ အိပ်ယာမှထပါ ဆိုတဲ့ အဓိပ္ပာယ်ကိုဖွင့်ဆိုယင် အလုပ်ချိန်လေးစားရမယ်လို့ ဆိုလိုတယ်။ အဲဒါကိုအခွဲကလေးတွေ ထပ်သတ်မှတ်မယ်ဆိုယင် နံနက် (၉) နာရီ (၁၀)မိနစ် ရုံးကုလားထိုင်ပေါ် သေချာရောက်ပါစေ၊ ရောက်တာနဲ့ တပြိုင်နက် လုပ်စရာကိစ္စကိုဘာခါထဲလုပ်ပါ၊ ဒီလိုမှမဟုတ်ပဲ ကုလားထိုင် နောက်မှာမှီ တိုက်ပုံအင်္ကျီချိတ်ပြီး ထွက်သွားတာမျိုးမလုပ်ပါနှင့်၊ တနေ့ လုံး ကုလား ထိုင်မှာ တိုက်ပုံအင်္ကျီနှင့် စားပွဲပဲရှိတာမျိုး မဖြစ်သင့်။

ညနေလေးနာရီထိုးမှ လက်မှတ်ကလေးထိုးပြီး တိုက်ပုံအကျႌပုခုံးချိတ်ကာ ရုံးဆင်းသွားတယ်ဆိုယင် အလုပ်ရှင်က ဝမ်းသာရာ ငါးချက်နှင့်ဘယ်လိုထောက်ထောက် ဒီအလုပ်သမားမျိုးသည် အလုပ်ရှင်နှင့် ပတော်ဘူး။

ဒါကြောင့်-

(၁) အလုပ်ချိန်ကို လေးစားရမယ်။

(၂) သတ်မှတ်ထားတဲ့အချိန် တခါထဲအလုပ်ခွင်ထဲကို ရောက်စေရမယ်။

(၃) ကိုယ့်ဘက်ကဝတ္တရားလည် ကြေရမယ်။

(၄) ကိုယ့်ဘက်က ဘာမှ ဝတ္တရား မကျေပဲ၊ လက်မထောင်ပြီး တို့အရေး တို့အရေးမလုပ်ပါနဲ့။

ကိုယ့်ဘက်က တာဝန်မကျေယင် တို့အရေးဘာမှမရှိဘူး၊ ကိုယ့်ဘက်က တာဝန်ကျေမှ တို့အရေးဆိုတာ ရှိမယ်၊ ကိုယ့်ဘက်က တာဝန်မကျေပဲနှင့် ကိုယ့်အရေးသွားလုပ်နေယင် သူ့အရေးက ကျေပြီးတော့ ကိုယ့်အရေးမရဘူး။ ဒါကြောင့် အလုပ်အချိန်ကို လေးစားရမယ်။

(၂) အကြံအဖန်တွေ မလုပ်နဲ့

၂။ ပစ္ဆာ နိပါတိနော စ ဟောန္တိ။ ။ပစ္ဆာ နိပါတိနော စ၊ နောက်ကျမှ အိပ်ယာဝင်ခြင်းသည်လဲ၊ ဟောန္တိ၊ ဖြစ်ကုန်၏။

ပစ္ဆာ နိပါတိ-နောက်ကျမှ အိပ်ယာဝင် ဆိုတာကို အဓိပ္ပာယ်ဖွင့်မယ်ဆိုယင် အလုပ်ရှင်နှင့် အလုပ်သမား လုပ်ငန်းခွင်က ထွက်ကြစို့ဟော့၊ အလုပ်ချိန်စေ့ပြီဆိုတဲ့အချိန်မှာ အလုပ်သမားက နောက်မှ ထွက်ပါလို့ ဆိုလိုတယ်။ အလုပ်ရှင်က အလုပ်ခွင်မှ ထွက်သွားပေမယ့် အလုပ်သမားက နောက်မှထွက်ရမယ်။

အလုပ်ရှင်က လုပ်ငန်းခွင်ထဲရှိသေးတဲ့အခါ အလုပ်သမားက အရင်ထွက်သွားတာမျိုး မဖြစ်စေရ။

အလုပ်ဆင်းချိန် ညနေ လေးနာရီမထိုးမီ နှစ်ချက်လောက်ထဲက လစ်တာလဲ အတော်မကောင်းတဲ့ အကျင့်ဖြစ်တယ်။

ဒါကြောင့် ပဋ္ဌာ နိပါတိ=အလုပ်ခွင် အရင်ဝင်ပြီး နောက်မှ အလုပ်ခွင်မှ ထွက်ရမယ်။

အဲဒါ အလုပ်သမားဘက်က ကျင့်ဝတ်တွေ မချွတ်ယွင်းစေနှင့်၊ လက်မှတ်ဆာလေးလာထိုးပြီး တနေကုန် မလစ်ရဘူး။ အကြံအဖန်ကလေး တွေရှိလို့ဆိုပြီး မလစ်ရဘူး။ သူတို့အကြံအဖန်က တော်တော်နယ်ကျယ် တယ်တဲ့၊ ကြံဖန်လိုက်တဲ့ ဖြစ်ခြင်း၊ မျိုးစုံနေတာပဲ၊ အကြံအဖန်ကလေး တွေနဲ့ သူတို့က သွားလာနေကြတာကိုး။

ဒီတော့ အကြံအဖန်နဲ့လဲ ထွက်ပြီးရှာလိုက်သေးတယ်၊ ဒီလုပ်ငန်း ခွင်ထဲမှာလဲ လစာရိက္ခာယူလိုက်သေးတယ်။ ဒြော် လုပ်ပုံက ကြည့်စမ်း ပါအုံး။ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲဆိုတော့ မလောက်ဘူးတဲ့၊ မလောက်ဘူးဆိုယင် ပေးတဲ့လူကလဲ လောက်အောင်ပေးပေါ၊လောက် အောင်ပေးလျက်နဲ့ အလုပ်ခွင်မဝင်ဘူးဆိုယင် ဘုရားကတော့ ဒဏ် ပေးတဲ့စနစ် မဟောဘူး၊ ပေးချင်တာ ပေးပေတော့။

## အလွဲသုံးစား မပြုလုပ်နဲ့

အလုပ်ချိန်စလျှင်လဲ ကိုယ်က နောက်ကျမှ လုပ်ငန်းခွင်ထဲက ထွက် ပါ၊အလုပ်ချိန်မစေ့ပဲနှင့်ထွက်သွားမယ်မကြံလိုက်ပါနှင့်၊တနေ့ အလုပ်ချိန် ရှစ်နာရီသတ်မှတ်တယ်၊ လုပ်ငန်းခွင်ဝင်လာတော့လဲ နံနက် ကိုးနာရီ မရောက်ဘူး၊ ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီမှ ရောက်တယ်။

မနက်ပိုင်းနှစ်နာရီလောက် အလုပ်ခိုထားလိုက်တယ်၊ ညနေအလုပ် ချိန်စေ့တော့လဲ နှစ်ချက်တီးလောက်က ဆင်းသွားတယ်။ နှစ်နာရီ လောက် စောဆင်းတော့ ညနေလဲ နှစ်နာရီလောက် ခိုးထားတယ်။ ဒီတော့ သူ့လုပ်ချိန်က တနေ့လုံးမှာ လေးနာရီပဲရှိတယ်၊ လေးနာရီ လောက်က မလုပ်ဘူး။

လူတယောက် တနေ့လုပ်မယ်ဆိုယင် လုပ်ခငွေ ရှစ်ကျပ်ရမယ်ဆား၊ လစာကြီးတဲ့ပုဂ္ဂိုလ်၊ ငယ်တဲ့ပုဂ္ဂိုလ် ရှစ်ကျပ်ရတယ်ထားစမ်းပါ၊ တနာရီ လုပ်တော့ တကျပ်သွားနဲ့ကိုက်တယ်၊ ဒါပေမယ့် သူတကယ်လုပ်တာက လေးနာရီပဲလုပ်တယ်။ ငွေထုတ်သွားတော့ ရှစ်ကျပ်ထုတ်သွားတယ်။

“ကျန်တဲ့ငွေလေးကျပ်က တိုင်းပြည်ဘဏ္ဍာကို ဘာလုပ်သလဲ”

"အလွဲသုံးစားလုပ်ပါတယ် ဘုရား"

"အလွဲသုံး ဟုတ်လား"

"မှန်ပါဘုရား"

"တနည်းပြောရယင် အဲဒါ အဒိန္နာဒါနမှု ပကာင်းဘူး"

"မှန်ပါဘုရား"

"အဲဒီလိုဆိုယင် ဒီတိုင်းပြည် ဘယ်ကောင်းမှာလဲ"

"မှန်ပါဘုရား"

"အဒိန္နာဒါနမှုနဲ့ ဒီလိုထူထောင်နေယင်တော့ ဘယ်တော့မှမကောင်း ဘူး မှတ်ပါ"

"မှန်ပါဘုရား"

ဒါ့ကြောင့် "ပုဗ္ဗုဋ္ဌာယီနော၊ အလုပ်ချိန် အတိအကျ ဝင်ပါ၊ ပစ္ဆာ နိပါတိနော၊ အချိန်စေ့မှ လုပ်ငန်းခွင်ကထွက်ပါ"

ဗုဒ္ဓက ဒီလိုအလုပ်သမားများရဲ့ ဥပဒေကိုသဲ ချပေးထားတယ်။

(၃) အတို့ အရှိုတွေ မလုပ်ကြနဲ့

၃။ ဒိန္နဒါယိနော စ ဟောန္တိ။
ဒိန္နဒါယိနော စ၊ အလုပ်ရှင်ပေးသမျှ ယူကြကုန်သည် လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကိုယ့်ပေးတာကိုပဲ ကိုယ်ယူပါ၊ မပေးတာကို လွယ်အိတ်ကလေးနဲ့ ထည့်မသွားကြပါနဲ့၊ ခါးကြားထဲ ညှပ်ညှပ်မသွားကြပါနဲ့၊ ထမင်းချိုင့် ကလေးထဲ ထည့်မသွားကြပါနဲ့၊ ပေးတာလောက်ပဲယူပါ၊ ကိုယ့်ရှစ်ကျပ် တန်လို့ ရှစ်ကျပ်ပေးထားတာပဲယူပါ။

ဒါနဲ့ မလောက်ဘူးဆိုပြီး လုပ်ငန်းထဲက ဟိုဟာလေးယူသွားမယ်၊ ဒီဟာလေးယူသွားမယ်၊ မကြံပါနဲ့။

ဘုန်းကြီးတို့ ပျဉ်းမနားနယ်ကို ရောက်ခဲ့တယ်၊ အထက်လေလိပ်တို့ ရွာသစ်ကြီးတို့လဲ ရောက်ခဲ့ပါတယ်၊ စက်ရုံကြီးတွေဆောက်တာ နေ့ရော

ညပါ၊ ၂၄-နာရီ အဆိုင်းတွေခွဲပြီးတော့ စက်ရုံကြီးတွေ တည်တယ်၊ နိုင်ငံခြားက အင်္ဂလိပ်နီယာတွေက မြန်မာအလုပ်သမားတွေကို ''သိပ် အလုပ်ကြိုးစားတဲ့ မြန်မာတွေပဲလို့ အံ့ဩသတဲ့'' ညမီးကြီးတွေထွန်းပြီး လုပ်ကိုင်ကြတာ၊ ညကြီးသန်းခေါင် စက်ရုံဆောက်လိုက်တာ၊ မီးတွေထွန်းပြီး တရုံးရုံးနဲ့ သိပ်အလုပ်လုပ်တာပဲ၊ နေ့အလုပ်လုပ်တဲ့ အဆိုင်းက ဒီလောက်မကြိုးစားဘူး၊ ညဆိုင်းက ပိုပြီးကြိုးစားတယ်လို့ ပြောတယ်။

ညဆိုင်းက သိပ်ကြိုးစားတယ်ဆိုပြီးတော့ နိုင်ငံခြားက အင်္ဂလိပ်နီယာတွေက ချီးကျူးနေတာမနက်မိုးလင်းရော အဲဒီအလုပ်သမားတွေ ဘယ်က ထထသွားသလဲဆိုတော့ အလုပ်ရုံရဲ့ အနီးအပါးက ခြုံတွေထဲက ထထသွားသတဲ့၊ ပြန်သွားတော့ ကြည့်လိုက်မှ ဘိလပ်မြေ ထမ်းသွားတဲ့သူနဲ့၊ သံချောင်းထမ်းသွားတဲ့သူနဲ့၊ စုံနေတာပဲတဲ့၊ ဩော်-မြန်မာတွေ ဒါ့ကြောင့် ကြိုးစားတာကိုး၊ အဲဒီတော့ မှတ်ချက်ချတယ်၊ သဘောပေါက်တယ်။

## တိုင်းပြည်ရဲ့ ကုန်ပစ္စည်းများ မှောင်ခိုမရောက်စေနဲ့

ဒိန္နဒါယိနော စ၊ ပေးတာလောက်နဲ့ မကျေနပ်ဘူး၊ မပေးတာလဲ ယူသွားကြတယ်၊ဒီစက်ရုံကြီးတရုံ တည်ဆောက်မယ်လို့ အင်္ဂလိပ်နီယာက တွက်တယ်၊ ဘိလပ်မြေအိတ်တန် ၁၀၀-ကုန်မယ်၊တန် ၁၀၀-ကုန်မယ်တွက်ထားတဲ့စက်ရုံသည် တန် ၁၅၀-ကုန်သွားတယ်၊ အဲဒါ ဘယ်ရောက်သွားသလဲဆိုတော့ ရောက်ချင်တဲ့နေရာ ရောက်သွားတယ်၊ ဘုန်းကြီးတို့က ကျောင်းဆောက်မယ်လို့ ဝယ်တော့ ဘိလပ်မြေအိတ် ၁၅၀-ပေးရတယ်၊

ဒိန္န ါယိနော စ၊ ပေးတာလောက် မယူပဲနှင့် မပေးတာလဲယူတော့ ဒီလိုဖြစ်ကုန်တယ်။

ပိုပြီး တွက်ချက်တဲ့သူကလဲ ရှိသေး၊ကျပ် ၁၀၀-လောက်ကုန်မယ့်နေရာကိုကျပ် ၁၀၀၀-လောက်ကုန်မယ် တွက်ချက်ပြီး ပိုတဲ့ကျပ် ၉၀၀-ကိုဒိန္နဒါယီနောက်လိုက်တာတွေကလဲ ရှိသေးတယ်။ကျပ် ၁၀၀-လောက်ကုန်မယ့်နေရာ ကျပ် ၁၀၀-ပဲ အတိအကျ တွက်ချက်ပြီး၊ တံဘားဖောက်တယ်၊ တံတားခင်း လမ်းခင်းတယ်၊ အလုပ်ရုံဆောက်တယ်။ ဒါပေမယ့်-

## ဝယ်ယင်ရကယ်

အင်္ဂတေကို တကယ်စပ်တဲ့ နေရာကျတော့ အကောင်းစားစပ်ယင် ၁၊ ၂၊ ၃၊ စပ်တယ်ဆိုပဲ၊ (၁) က-ဘိလပ်မြေ၊ (၂) က—သဲ၊ (၃) က-ကျောက်၊ အစိုရက လုံးမသုံ ဘူး၊ လုံးမထည့်ဘူး။ လပ်.မြေ၊ သဲ၊ ကျောက်သာ စပ်တယ်။ လပ်.မတ်တားကြီးတွေ ဆောက်လိုက်တာ ၁၊ ၂၊ ၃၊ နှင့်စင်ပြီ.တော့ ဘောင်ကြီးကွေ ့ ့တယ်။

အဲဒါမဟုတ်ဘူး၊ ၁၊ ၂၊ ၃၊မဟုတ်ဘူး၊ (၁)ဆိုတဲ့နေရာမှာ နှမ်ပိုင်း တပိုင်ထည့်စပ်ဘယ်။ ကျန်တဲ့နှမ်ပိုင်းတပိုင်းက ရောက်ချင်တဲ့နေရာရောက် သွာ တယ်။ လမ်းဖောက်တဲ့နေရာမှာ ဘိလပ်မြေသွား ဝယ်ယ ရတယ်။ အဲဒီတံတားကြီးတွေ ဆေးသုတ်ယင်လဲ ဆေးတွေ ဝယ်ယူရတယ်။

ဒိန္နဒါယီနော စ၊ ပေးသလောက်ယူပါလို့ ဘယ်လောက်ပဲဟောဟော ပေးတာတင်မဟုတ်ဘူး၊ မပေးတာတွေ ယူတဲ့အတွက် ဘုန်းကြီးတို့ တိုင်းပြည်ဒုက္ခများကုန်တယ်။

အလုပ်သမားများဘက်က ကျင့်ဝတ်ကို ဗုဒ္ဓက ဒီလို သေသေချာချာ ညွှန်ပြထားတယ်၊ မင်းတို့မလုပ်ကြနှင့်၊ ပေးတာပဲယူပါ၊ ပိုပြီးတော့ယူချင် ကြယင် တရားသဖြင့် မင်းတို့ ရင်ဆိုင်ပြီး ပြောယူကြ၊ တောင်းဆိုပြီးယူကြ။ အဲဒါ မပြောပဲနဲ့ယူကြတော့ အဒိန္နာဒါနမှုနှင့် လွှမ်းခြုံကုန်တော့၊ အကုန် ဆင်းရဲကုန်တယ်။

ဒါကြောင့် ဒိန္နဒါယီနော စ၊ ပေးသမျှကိုသာလျှင် ယူကြရ ုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တိုင်းပြည်ပစ္စည်း အလွဲသုံးစား မလုပ်ကြပါနဲ့၊ ပေးသလောက်ကိုသာ ယူကြပါ၊ မပေးတာကို မယူကြပါနဲ့။

## (၄) ခိုင်းတဲ့အလုပ်ကျေပွန်အောင်လုပ်ပါ

(၄) သုကတကမ္မကရာ စ။ ။သုကတကမ္မကရာ စ၊ ကောင်း စွာ ပြုအပ်တဲ့လုပ်ငန်းကို ပြုလုပ်ခြင်းသည်လည်း။ဟောန္တိ၊ ဖြစ်ကုန်၏။

ဒါက ပါဠိရှိတိုင်း အနက်ပြန်ဆိုတာ၊ ရှင်းအောင် ပြန်ရမယ်ဆိုယင် "သုကတကမ္မကရာ စ၊ ခိုင်းထားတဲ့အလုပ်ကို ရိုရိုသေသေ ကောင်းကောင်း

မွန်မွန် သပ်သပ်ရပ်ရပ် လုပ်ကြရကုန်သည်လည်း။ ဟောန္တိ။ ဖြစ်ကြလေကုန်၏”

ခိုင်းထားတဲ့ အလုပ်ကို သပ်သပ်ရပ်ရပ်လုပ်ပါ၊ ငါ့အလုပ်မှမဟုတ်ပဲ၊ သူများအလုပ်ဆိုပြီး ဖြစ်ကတတ်ဆန်း မလုပ်ပါနဲ့၊ သပ်သပ်ရပ်ရပ် စေ့စေ့စပ်စပ် အလုပ်လုပ်ကြပါ။

ဗုဒ္ဓရဲ့အလုပ်သမားဥပဒေ

သံကတကမ္မကရာ-ပုဒ်က အလုပ်ကို ရိုသေလေးစားမှုကို ပြောတယ်၊

ဒိန္နဒါယိနော-ပုဒ်က ပစ္စည်း ရိုသေလေးစားမှုကို ပြောတယ်။

ပုဗ္ဗုဋ္ဌာယိနော စနှင့် ပစ္ဆာနိပါတိနော နှစ်ပုဒ်က အချိန် ရိုသေလေး စားမှုကို ပြောတယ်။

(၅) အတင်းအဖျင်းစကားတွေ မပြောရ

(၅) ကိတ္တိဝဏ္ဏဟရာစ၊ မိမိအလုပ်ရှင်ရဲ့ ဂုဏ်သတင်းကိုသာလျှင် ပြောဆိုခြင်းသည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။

မိမိအလုပ်ရှင်ရဲ့ ဂုဏ်သတင်းကိုသာ ပြောကြားပါ၊ မိမိ အလုပ်ရှင် အလုပ်ပေးလို့ အလုပ်လုပ်ရ၊ ထမင်းစားနေရတာ၊ မိမိ အလုပ်ရှင်ရဲ့ မကောင်းသတင်း အပြစ်တွေကို မပြောပါနဲ့။

တိုင်းပြည်ကကျွေးတဲ့ ထမင်းကိုစားနေယင် တိုင်းပြည်ရဲ့ဂုဏ်သတင်း မဲ့ဘဲ့ စကားလဲ မပြောပါနှင့်၊ အဘင်းကလေးဘေ့ တိုးတိုး ပြောတာ ရှိသေး၊ ငါမင်းမို့လို့ပြောတာ၊ ဘယ်လူကြီးက ဘယ်လိုဆိုတာမျိုး မလုပ်ပါနှင့်၊ အမနာပ ကဲ့ရဲ့သတင်းတွေ၊ မကောင်းတဲ့ သတင်းတွေ မပြောကြပါနဲ့။

ဒါက နှုတ်ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ငန်းခွင်ထဲမှာ စုရုံးစုရုံးနဲ့ အတင်းချည်းပြောနေကြမယ်ဆိုယင် အလုပ်လဲပျက်တယ်၊ အချိန်လဲ ကုန်ပြီး အလုပ်မတွင်ကျယ်ဘူး။ တဖြေးဖြေးနဲ့ အတင်းပဲ ပြောပါများတော့ အထက်လူနဲ့အောက်လူ ပဋိပက္ခတွေ ရန်တွေဖြစ်ကုန်တယ်။

အထက်လူနဲ့အောက်လူ အတင်းပြောပါများလို့ မကျေနပ်မှုများပြီလဲဆိုယင် မင်းနေနှင့်အုံးပေါ့ကွာ၊ ငါအခွင့်ပေါ်ယင် မင်းဘယ်အထိ

ချလိုက်မယ် ကြိမ်းသွားသေးမယ်။ ဒီအချိန်ကစပြီး ပဋိပက္ခတွေထားပြီး ဟိုလူဖြုတ်ဒီလူဖြုတ် ဖြစ်ကုန်တယ်။ အဲဒါ အတင်းပြောရက စတယ်။

ဒါကြောင့် ကိတ္တိဝဏ္ဏဟာရစ-ဂုဏ်သတင်း ကိုသာလျှင် ရွေးချယ်ပြောမှ အထက်လူနှင့်အောက်လူ ဆက်ဆံရေးပြေပြစ်မယ်ဆိုတာမှတ်ပါ။

အလုပ်သမားဘက်က ဒီငါးချက်နှင့် ညီညွတ်မှုထိန်းသိမ်းမှုရှိမှ တိုင်းပြည်လဲ တိုးတက်၊ အလုပ်ရှင်လဲကြီးပွား၊ ကိုယ်လဲချမ်းသာ၊ အလုပ်ရှင်နှင့် ကိုယ်လဲပြေလည်ဖြစ်ကုန်တယ်။

**အထက်နှင့် အောက် ပြေလည်ရေး မူဝါဒ**

(၁) ပုဗ္ဗုဋ္ဌာယီ-အိပ်ရာမှ စောစောထ၊ လုပ်ငန်းခွင်ကို လေးလေးစားဝင်ပါ။ အချိန်အတိအကျဝင်ပါ၊ အလုပ်ရှင်ထက်စောပြီးတော့လုပ်ငန်းခွင်ဝင်ပါ။

(၂) ပစ္ဆာနိပါတိနော-အလုပ်ချိန် စေ့မှ ကိုယ်က နောက်ချန်ပြီး အလုပ်ကထွက်၊ လုပ်ငန်းရုံထဲကထွက်ခဲ့ပါ။

(၃) ဒိန္နဒါယီနော-ကိုယ့်ပေးထားတဲ့ အခွင့်အရေး လောက်ပဲ ကိုယ်ယူပါ။

(၄) သုကတကမ္မကရာ-အလုပ်ကို လေးလေး စားစား ကိုယ်ပိုင်အလုပ်လို သဘောထားပြီး လုပ်ကြပါ။

(၅) ကိတ္တိဝဏ္ဏဟာရာ-ကိုယ့်အထက်က လူကြီးတွေရဲ့ ဂုဏ်သတင်းကောင်းသောသတင်းတွေကို ရှာပြောပါ၊ အမနာပသတင်းတွေ မပြောပါနှင့်။

အလုပ်သမားဘက်က လိုက်နာရမယ့် ဝတ္တရားငါးချက် ဆုံးမစာလေး ဆိုလိုက်ကြရအောင်။

"အိပ်သေဝ်နောက်ကျ ထသော်ကားရှေး၊ ပေးမှယူအပ်၊
စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ"

သင်္ဂဇာဆရာတော်ဘုရားကြီး ရေးသား စီကုံးခဲ့တဲ့ လင်္ကာလေးမှာ ဒီကနေ့ခေတ်အခါနနဲ့ ကျွန်ဆိုတဲ့စကားလုံးကို ဖျောက်လိုက်ပြီး အလုပ်

သမားတို့ရဲ့ ကျင့်ဝတ်လို့ ပြင်လိုက်ယင် အထက်နှင့်အောက် ပြေလည်သွားမယ်။

အောက်ကနေတဲ့ အလုပ်သမားကလဲ ကိုယ့်တာဝန်ကျင့်ဝတ်ကို ကိုယ်ပြေလည်အောင် ဆောင်ရွက်၊ အထက်ကနေတဲ့ အလုပ်ရှင်ကလဲ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်အောင် ဆောင်ရွက်ကြလို့ အထက်နှင့်အောက် ပြေလည်နေယင် မေတ္တာနှင့်ကရုဏာနှင့် ချည်နှောင်ထားတဲ့ အထက်နဲ့ အောက်ဟာ တခါတည်းခိုင်ပြဲပြီး ကြမ်းတွေ အကျိုးအပေါက်မရှိတဲ့ အိမ်ကြီးကဲ့သို့ လုံခြုံရေးရသွားပါပြီ။

ဒီလိုမဟုတ်ပဲ အထက်နဲ့အောက် မပြေလည်ယင် ကြမ်းတွေပေါက်နေတဲ့ အိမ်ကြီ လိုဖြစ်နေမယ်၊ ခဏခဏ ကြမ်းကျိုးကျယင် ဒူးပြဲတတ်တယ်နော်၊ အောက်နဲ့အထက် မပြေလည်ယင် မှတ်သားထား ကြမ်းကျိုးတတ်တယ်။ ကြမ်းကျိုးလို့ ဒူးပြဲယင်မသက်သာဘူး သတိသာထားပေတော့။

## အောက်ဘက်အရပ် လုံခြုံမှုရှိပါစေ

ဣတိ၊ ဤသို့။ ပဥ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်လို့သတ်မှတ်ပြီး ထားအပ်ကုန်သော။ ဒါသကမ္မကရာ၊ အလုပ်သမားအစေအပါးတို့သည်။ ဥပရိမာဒိသာ၊ အထက်အရပ်လို့ခေါ်ဆိုအပ်အပ်သော။ အယျိရကံ၊ အရှင်သခင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို၊ ဣမေဟိ ပဥ္စဟိဌာနေဟိ၊ အကြောင်းအင်္ဂါ လက္ခဏာငါးပါးဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးကြကုန်သည်။ (ဝါ) ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးကြကုန်သည်။ ဟောန္တိ၊ ဖြစ်လေကုန်တော့၏။

သိင်္ဂါလက၊ သိင်္ဂါလခေါ်ဆိုရသော။ ဂဟပတိပုတ္တ၊ အို-သူကြွယ်သား။ ဝေံ၊ ဤသို့အထက်နှင့်အောက် ကိုယ့်ဝတ္တရားတွေကို ကျေပွန်ပြီးတော့ ပြေလည်ကြမယ်ဆိုယင်၊ အဿ၊ ထိုအလုပ်ရှင်ရယ်။ (ဝါ) အလုပ်သမားရယ်။ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်လို့ခေါ်ဆိုရကုန်သော။ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်သည်။ ပဋိစ္ဆန္နာ၊ လုံခြုံမှုရသည်။ ဟောတိ၊ ဖြစ်၏။ ခေမာ၊ မပြေလည်မှု-မကျေနပ်မှု-ဆန္ဒပြမှု အစရှိတဲ့ဘေးရန်မှကင်းသည်။ ဟောတိ၊ ဖြစ်၏။ ခေမာအပ္ပဋိ

ဘယာ၊ ရန်တုံ့မူခြင်း-ရန်ငြိုးထားခြင်းဆိုတဲ့ ဘေးရန်မှ ကင်းကွာ၍ သွားသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဟေဋ္ဌိမာဒိသာ၊ အောက်အရပ်ကို။ နမဿနာကာရံ၊ ရှိခိုးရမယ်ဆိုတဲ့ အခြင်းအရာကို။ အာစိက္ခိ၊ ကရုဏာ ရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

ဤကဲ့ကို အောက်အရပ်ကြမ်းတွေ မကျိုးပေါက်အောင်၊ လုံခြုံမှုရ အောင်ပယူလို့ အရှင်သခင်နှင့် အလုပ်သမား ဝတ္တရားငါးခု၊ နှစ်လီ-ကြေ သွားကြယင်၊ အောက်အရပ် လုံခြုံပါပြီ။

အထက်အရပ်ဆိုတာ ဘာလဲ

အောက်အရပ်လုံခြုံသွားတော့ အထက်အရပ် ကြည့်ကြရအောင်၊ အထက်အရပ်ဆိုတာက ရဟန်းတော်များ၊ ပါဠိစကားလုံးလေး သုံးရမှ အရသာရှိပါတယ်၊ သမဏ ဗြာဟ္မဏ၊ သမဏ-ဆိုတာက ရဟန်းတော်၊ ဗြာဟ္မဏ-ဆိုတာက သူတော်ကောင်း၊ ပုဏ္ဏားတွေ မထည့်ပါနဲ့။

သမဏ-"ကိလေသေ သမေတီတိ သမဏော" ကိလေသာငြိမ်း ကြောင်း အကျင့်ကောင်းကျင့်တဲ့ ရဟန်းတော်များနှင့် ဗြာဟ္မဏ "ဗာဟိ တပါပတ္တာ ဗြာဟ္မဏော" မကောင်းမှုတွေကို ခွာရှောင်ပြီးနေတဲ့ ပုဂ္ဂိုလ်များသည် အဆက်မှာ ရှိရတယ်။ ဘာဖြစ်လို့ ဒီပုဂ္ဂိုလ်တွေ အထက် ကထားသလဲဆိုယင် သီလ-သမာဓိ-ပညာဂုဏ်တို့ဖြင့် ကိုယ့်အထက်ကနေ ကြလို့ အထက်အရပ်လို့ သတ်မှတ်ထားတယ်။

အထက်အရပ်ဖြစ်တဲ့ ရဟန်းတော်များအား ဝတ္တရားတွေ ကြေ ကြယင် အထက်က အမိုးလုံတယ်၊ ခေါင်မိုးလုံတယ်၊ ဒါဖြင့်ယင် အထက် အရပ်နဲ့ပတ်သက်လို့-

ပဉ္စဟိ ခေါ ဂဟပတိပုတ္တ ဌာနေဟိ ကုလပုတ္တေန ဥပရိမာ ဒိသာ သမဏဗြာဟ္မဏာ ပစ္စုပဋ္ဌာတဗ္ဗာ။

သိင်္ဂါလကာ၊ သိင်္ဂါလ အမည်ရှိသော။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ ကုလပုတ္တေန၊ အိမ်နေသူလူဖြစ်တဲ့ ဒါယကာ ဒါယိကာမသည်။ ကုလပုတ္တေန၊ ကိုဟိုတနေ့ကတော့ အမျိုးသားသည်-လို့ ဆိုခဲ့တယ်၊ အမျိုးသမီးလဲ ပါပါတယ်၊ ဒါကြောင့် ဒီကနေ့ ခြုံမိငုံမိအောင်–ကုလပုတ္တေန၊ အိမ်နေသူ ဒါယကာ+ဒယိကာမဆိုတဲ့ ပုဂ္ဂိုလ်သည်။ ဥပရိမာ ဒိသာ၊ အထက်အရပ်လို့ ခေါ်ဆိုရသော။ သမဏဗြာဟ္မဏာ၊ ရဟန်းသံဃာတော်တွေ သူတော် သူမြတ်တွေ သူတော်ကောင်းတွေကို။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ပစ္စုပဋ္ဌာတဗ္ဗာ၊ လုပ်ကျွေးအပ်ကုန်၏။

အိမ်နေသူ ဒါယကာ-ဒါယိကာမတွေက အိမ်ရာတည်ထောင် လူ့ဘောင်လုပ်ငန်းကို စွန့်ခွာ၍ ဖန်ဝါနီလျှမ်း ဝတ်သက်န်းကို ဆင်မြန်းသည့် ရဟန်းတော်များကို ကျေပွန်အောင် ဝတ္တရားငါးပါးဖြင့် စောင့်ရှောက်ပါလေ။ ဒါမှ အထက်ပိုင်းက မိုးလုံမယ်။

ဒါယကာကျင့်ဝတ်ငါးပါး

(၁) မေတ္တေန ကာယကမ္မေန၊
(၂) မေတ္တေန ဝစီကမ္မေန၊
(၃) မေတ္တေန မနောကမ္မေန၊
(၄) အနာဝဋဒွါရတာယ၊
(၅) အာမိသာနုပ္ပဒါနေန။

(၁) မေတ္တေန ကာယကမ္မေန= မေတ္တာကာယကံဖြင့်လည်းကောင်း။

(၂) မေတ္တေနဝစီကမ္မေန= မေတ္တာဝစီကံဖြင့် လည်းကောင်း။

(၃) မေတ္တေန မနောကမ္မေန= မေတ္တာမနောကံဖြင့်လည်းကောင်း။

(၄) အနာဝဋဒွါရတာယ= အိမ်တံခါးကို အစဉ်သဖြင့် ဖွင့်ထားခြင်းဖြင့် လည်းကောင်း။

(၅) အာမိသာနုပ္ပဒါနေန= ဆွမ်းစသော အာမိသဖြင့် ထောက်ပံ့ခြင်းဖြင့် လည်းကောင်း။

ဣတိ၊ ဤသို့။ ပဋိပတ္တိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ကုလပုတ္တေန၊ အိမ်နေသူ လူဒါယကာ-ဒါယိကာမ ဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ ဥပရိမာဒိသာ၊ အထက်အရပ်လို့ သတ်မှတ်ပြီးထားအပ်သော။ သမဏ-ဗြာဟ္မဏာ၊ သူတော်ကောင်းနှင့် ရဟန်းတော်တွေကို။ ပစ္စုပဋ္ဌာတဗ္ဗာ၊ မုချမသွေ လုပ်ကျွေးထိုက်ပါပေ၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ ဥပရိမာဒိသာ၊ အထက်အရပ်ကိုဖြင့်။ အဝေါစ၊ ရှေးရှုဆောင်ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူခဲ့ပါပေ သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

## (၁) မေတ္တာကာယကံဖြင့် ဝတ်ကြီးဝတ်ငယ်ပြုစုပါ

အိမ်နေတဲ့ ဒါယကာ-ဒါယိကာမများသည် ရဟန်းတော်များအပေါ်မှာ မေတ္တာကာယကံဖြင့် ပြုစုပါ။ ''မေတ္တာကာယကံ''ဆိုတာ ဆရာတော်သံဃာတော်များက ခိုင်းလိုက်မယ်၊ ဟော့ ဒကာထွန်းကျော် ကျောင်းလာစမ်း''ဆိုပြီး အနီးကပ်လာတော့ ''ဟောဒီမှာ သောက်ရေအိုးရေထည့်၊ သက်န်းလျှော်''လို့ခိုင်းတဲ့အခါ ကိုယ်အမူအရာနဲ့ ဝေယျာဝစ္စတွေ လုပ်ရမယ်။

ကိုယ်အမူအရာနဲ့ ဝေယျာဝစ္စတွေလုပ်ယင် စိတ်ထဲမှာ မေတ္တာဓာတ်ခံကိုရအောင်ယူပြီး ထိုဝတ္တရားတွေကို လုပ်ပါ။

ဘုန်းကြီးခေါ်လို့ သာလာလိုက်ရတယ်၊ ခြေလှမ်းတိုင်း လှမ်းတိုင်း စိတ်မပါဘူးဆိုယင် မေတ္တာကာယကံမဖြစ်ဘူး။

ဆရာတော် သံဃာတော်များမှာ ခိုင်းမယ့်စေမယ့်သူမရှိဘူး၊ ငါသွား၊ ဝေယျာဝစ္စဆောင်ရွက်မှ ကိစ္စအောင်မြင်မယ်ဆိုယင် ခြေလှမ်းတိုင်း လှမ်းတိုင်းမှာ မေတ္တာရှေးရှုယင် မေတ္တာကာယကံပါတယ်။ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်တိုင်း မေတ္တာထားယင် မေတ္တာကာယကံ ခေါ်တယ်။ ဒါ့ကြောင့် ဆရာတော် သံဃာတော်များအား မေတ္တာကာယကံဖြင့် ဝတ်ကြီးဝတ်ငယ်ပြုစုပါ။

## (၂) မေတ္တာဝစီကံဖြင့် ချိုချိုသာသာဆက်ဆံပါ

ဒကာ-ဒကာမတွေနှင့် ဆရာတော် သံဃာတော်တွေ စကားပြောကြတဲ့ အခါတိုင်း စကားလုံးတွေမှာ ဘုန်းကြီးတို့ ဒကာ—ဒကာမများက ဆရာတော်များအပေါ်မှာ မေတ္တာဝစီကံဖြင့်ဆက်ဆံကြပါ။ တဆိတ်ရှိ မကျေနပ်ယင် "ကိုယ်တော်တို့က ကိုယ်တော်တို့ဘာ"လို့ စကား မသုံးပါနှင့်။

တရားပွဲလေးတပွဲ မရယင် "ကိုယ်တော်တို့ တရားပွဲမပေးဘူးလား၊ မပေးယင် နောင်နှစ် ဆန်လှူအသင်းဖျက်ပစ်လိုက်မယ်" ဒီလိုသုံးနှုန်းတာ မေတ္တာဝစီကံမဟုတ်ဘူး၊ ခဏခဏတွေ့ရတယ်။

ဒါ့ကြောင့် အဲဒီလိုမဖြစ်ကြပဲနှင့် ခြေလှမ်းတိုင်းလှမ်းတိုင်း ဆရာတော် သံဃာတော်များထံမှောက် လာရောက်တဲ့အခါမှာ မေတ္တာနှင့် လာကြပါ၊ ပြောဆိုဆက်ဆံတဲ့ စကားလုံးတွေမှာလဲ မေတ္တာနှင့်ချိုချိုငံငံ ဆက်ဆံကြပါ။ မေတ္တာကာယကံ မေတ္တာဝစီကံရှိကြပါ။

## (၃) မေတ္တာမနောကံဖြင့် စိတ်နှလုံးကောင်းမွေးပါ

ကိုယ်အမှုအရာနှင့်သွားပြီး ဝတ်ကြီးဝတ်ငယ်မလုပ်နိုင်လို့ မေတ္တာကာယကံကိုမဖော်ပြနိုင်ပဲရှိတယ်။ ရင်းရင်းနှီးနှီးစကားပြောခွင့်မရလို့ မေတ္တာဝစီကံကို ဖော်ပြခွင့်မရပဲရှိတယ်၊ ဝေယျာဝစ္စလဲ မဆောင်ရွက်နိုင်ဘူး၊ ရင်းရင်းနှီးနှီးလေးမှ စကားပြောခွင့်မရလို့ မေတ္တာဝစီကံလဲ မဆောင်ရွက်နိုင်ဘူး။

ဒါဖြင့်ယင် အဝေးကနေ ကိုယ်အမှုအရာ နှုတ်အမှုအရာမပြုနိုင်ယင် စိတ်ထဲကနေပြီးတော့ မေတ္တာမနောကံတော့ ရောက်အောင်ပို့ထားကြပါ၊ မေတ္တာနှလုံးကျင့်သုံးခြင်းဖြင့် မိမိတို့ရဲ့ ဆရာသမားများကို လုပ်ကျွေးရမယ်။

"တပည့်တော်ဘုရား၊ အလုပ်မအားလို့ လူမရောက်ပါဘူး၊ အရှင်ဘုရားတို့ထံ စိတ်တော့ရောက်ပါရဲ့" အဲဒါ မေတ္တာဝစီကံ စကားလုံးကလေးများဖြစ်တယ်။ အဲဒီလိုကလေးမှ ပြောလို့မရလျှင် အိမ်ကနေ မေတ္တာပို့ပေးလိုက်ပါ၊ မေတ္တာမနောကံဖြစ်ရော၊ ပွဲပြီးမီးသေတော့ မလုပ်ကြနဲ့၊ ပွဲလဲပြီးရော-ပြီးပြီးတာပဲကွာ၊ ဒီကိုယ်တော်တွေ ဘယ်ပဲ

ရောက်ရောက်၊ ဘိုတရားလဲ ဘယ်ပဲရောက်ရောက်ဆိုတာမျိုး မလုပ်နဲ့။ အဝေးရောက်သွားပေမယ့် မေတ္တာစိတ်နဲ့ အစဉ်သဖြင့် သတိရမေတ္တာပို့နေကြရမယ်။

ဒါ့ကြောင့် မေတ္တာပြဋ္ဌာန်းတဲ့ ကိုယ်အမှုအရာ၊ မေတ္တာပြဋ္ဌာန်းတဲ့ နှုတ်အမှုအရာ၊ မေတ္တာပြဋ္ဌာန်းတဲ့ စိတ်ထဲကနေပြီး ဝေယျာဝစ္စ ဆောင်ရွက်ကြပါ။

## (၄) ပစ္စည်းလေးပါးဖြင့် အမြဲတမ်းဖိတ်ထားပါ

"အနာဝဋ္ဋဒွါရတာယစ" ပုဒ်ကို နိဿယပြန်ယင် "မပိတ်သောတံခါးရှိခြင်းဖြင့်လည်းကောင်း" ဒါသဒ္ဒါနည်းအရ တိုက်ရိုက်ပြန်တာ။ မပိတ်သောတံခါးရှိရမယ်၊ (ဝါ) အိမ်တံခါးအမြဲတမ်း ဖွင့်ထားရမယ်။

"ဒကာထွန်းကျော်ကြီး အိမ်တံခါးဖွင့်ထားရဲ့လား"

"ပိတ်ထားပါတယ်ဘုရား"

"ဘုန်းကြီးတွေလာယင် ခပ်မြန်မြန်ပိတ်၊ ဆွမ်းခံဖိတ်မလား၊ အလှူခံဖိတ်မလားမသိဘူး ဒီလိုလား"

"မှန်ပါဘုရား"

"အဲဒီလိုမလုပ်နှင့် အိမ်တံခါးအမြဲတမ်းဖွင့်ထားပါ"

"အရှင်ဘုရားများအတွက် အိမ်တံခါးဖွင့်ထားပါတယ်၊ အချိန်မရွေး ကြွတော်မူပါဘုရား"လို့ဖိတ်ထားရမယ်၊ သူခိုးကြောက်လို့ ပိတ်ယင်ပိတ်ထား၊ အရှင်ဘုရားများ ကြွသာယင် ဖွင့်မယ်လို့ ရည်ရွယ်ထား၊ မေတ္တာမနောကံလေးရှိယင်လဲ ဒါလေးက မေတ္တာမနောကံရောက်တယ်၊ အရှင်ဘုရားများရောက်လာမှ ပုန်းနေလိုက်မယ်ဆိုယင်လဲ ဟန်မကျဘူး။

"အနာဝဋ္ဋဒွါရတာယ= အိမ်တံခါးများအမြဲတမ်း ဖွင့်ထား"ဆိုတဲ့ နောက်ထပ်အဓိပ္ပာယ်တခုက ဘာပြောသလဲဆိုတော့ တပည့်တော်များရဲ့ အိမ် အစဉ်သဖြင့် ဝင်ပါထွက်ပါ၊ ကြွတော်မူကြပါဘုရားလို့ ဖိတ်ကြားထားတာကို တံခါးဖွင့်ထားတယ်ခေါ်တယ်။ ကြွသို့ရောက်လာပြန်ယင် "အလိုရှိရာပစ္စည်းအလှူခံတော်မူပါဘုရား"ဆိုတာလဲ ပါရမယ်။

အဲဒါတံခါးဖွင့်ထားဆိုတာ ပကတိတံခါးကြီး ပိတ်ပိဘ် မပိတ်ပိတ် ဖွင့်ဖွင့် မဖွင့်ဖွင့် ဤစကားနှစ်ခွန်းကို ဆိုမြွက်ထားယင် အိမ်တံခါးဖွင့် ထားတာပဲ။ ဝင်းတံခါးတွေ အိမ်တံခါးတွေဖွင့်ချင်တိုင်းဖွင့် ဒီစကား နှစ်ခွန်းကိုမဆိုထားယင် အိမ်တံခါးပိတ်ထားတာနဲ့တူတယ်။

## ဘုန်းကြီးပင့်ဖိတ်တာလဲ ကြည့်ပြီးတော့ဖိတ်

ဒါပေမယ့် တခုတော့ ရှိတယ် "တပည့်တော်အိမ် အရှင်ဘုရားများ အချိန်မရွေး ကြွပါဘုရား၊ အလိုရှိရာပစ္စည်း အလှူခံပါဘုရား" ဆိုတာ ကြည့်ခပြောရတယ်၊ နှင်းကန်ပြီး ပိတ်တောင်းမယ့်ဘုန်းကြီး ပင့်မိယင်လဲ ဒုက္ခရောက်တတ်တယ်၊ မတောင်းတဲ့ ဘုန်းကြီးများကျတော့ ကြည့်ဖိဘ်။

ပရာဘဝသုတ္တန်မှာ ဘုန်းကြီးဟောခဲ့ပြီ၊ အဲဒီလိုဖိတ်ထားပြီးတော့ အိမ်သာမှ တံခါးပိတ်ထားယင် ဝဋ္ဋနာ=လှည့်ပတ်တာ ခေါ်တယ်။အလှူ ခံပုဂ္ဂိုလ်များကို ထိုကဲ့သို့ လှည့်ပတ်ဘာ ပျက်စီးခြင်းရဲ့ အကြောင်းတရား ဆိုတာ ပရာဘဝသုတ္တန် ပြန်ဖွင့်နာယင် တွေ့လိမ့်မယ်ခနော်။

"မှန်ပါဘုရား"

သုတ္တန်များအားလုံး ကွင်းဆက်တွေ ဖြစ်နေပါတယ်။

ဒါ့ကြောင့် အနာဝဋ္ဋဒွါရတာယ စ၊ အိမ်တံခါးပေါက်ကို ဖွင့်ဖွင့် မဖွင့်ဖွင့် ပိတ်ပိတ်မပိတ်ပိတ်၊ တပည့်တော်များ၏အိမ် အချိန်မရွေး ဝင် ထွက်သွားလာတော်မူကြပါဘုရားလို့ ဖိတ်ကြားထား၊ ရောက်တဲ့ အခါ မှာလဲ ပစ္စည်းလေးပါး အလှူခံတော်မူကြပါဘုရား၊ ဟဲဒါသည် အိမ် တံခါးဖွင့်ထားသည်လို့ မှတ်ပါလေ။

## (၅) ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ချီးမြှောက်ပါ

အာမိသာနုပ္ပဒါနေန စ၊ ကြွရောက်လာတဲ့ အရှင်မြတ်တွေကို ဆွမ်း-သင်္ကန်း-ကျောင်း-ဆေးဝါး-တဲ့ ပစ္စည်းလေးပါးကို စွမ်းအား ရှိသမျှထောက်ပံ့ရမယ်။

အာမိသာနုပ္ပဒါနေန-ဆိုတာက ကိုယ်စွမ်းရှိသမျှ စွမ်းအားရှိသမျှ ထောက်ပံ့ရမယ်၊ ကြွပါဘုရား၊ အလှူခံပါဘုရားလို့ ဖိတ်ပြီးလာပြီးတော့ တကယ်သဲ အလှူခံရော၊ မိစ္ဆာပတိရူပကအခန်း နဲနဲပြန်ပြောမယ်။ အတိ

တေန ပင္ဒိသန္တရတိ၊ အရှင်ဘုရား ယခုမှလာတယ် မနေ့ကလာယင် ရမယ်၊ အရှင်ဘုရား မနက်ဖြန် သဘက်ခါလောက်လာယင် ရမှာဘုရား၊ အခုတော့ မရှိသေးဘူး။ အတိတ်ပြန်ပြီးတော့ လိုးလှဲသွားတယ်၊ ဟို အနာဂတ်မရောက်သေးတာ ညွန်းပြီးတော့ ရှောင်ထွက်သွားတယ်၊ အခု လောလောဆယ်ကျတော့ညည်းညူလိုက်တာ ဘုန်းကြီးကို ဖျားမတတ်ဖြစ် ပြီး ပြန်သွားရတယ်။ ပစ္စုပ္ပန္နသု၊ ပစ္စုပ္ပန်တည့်တည့်ဖြစ်သော။ ကိစ္စသု၊ ကိစ္စတို့၌လည်း။ ဗျသန်၊ ပျက်စီးနေတာချည်း။ ဒဿေတိ၊ ဖျား မတတ် ငြီးလှတ်လိုက်တယ်။ အဲဒါဟာ ဝဋ္ဋနာ လှည့်ပတ်တာခေါ်တယ်။

## အကျိုးရှိတဲ့ ချီးမြှောက်မှုမျိုးပေးပါ

နောက်တခုက "နိရတ္ထကေန သင်္ဂဏှာတိ' အကျိုးမရှိတဲ့ အရာဝတ္ထု ဖြင့် ချီးမြှောက်လိမ့်မယ်" အကျိုးမရှိတာနဲ့ ချီးမြှောက်မယ် ဆိုတာက ဟိုက လိုချင်တာက နံပါတ် (၁) ကိုယ်ပေးတာက နံပါတ် (၂) ဖြစ် နေတယ်။

အရှင်ဘုရား ဘာလိုချင်လို့ ကြွလာသလဲ၊ ဒကာကြီးရေကျောင်းမှာ တော့ သိပ်အရေးကြီးနေတာပဲ။(ဘာလဲ ဘုရားပေါ့) ဥပမာဆိုကြပါစို့၊ လျှပ်စစ်ဓာတ်မီးအတွက် မီးသီးတွေ မီးလုံးတွေ အရေးကြီးနေတယ်ဆိုမှ သူက ဘာတွေထုတ်ပေးသလဲဆိုတော့ မီးကြိုးတွေ ထုတ်ပေးတယ်။

ကြိုးတွေကရိုက်ပြီး၊ ခေါင်းတွေကစဉ်ပြီးပြီ၊ လိုနေတာက မီးသီးတွေ ဆိုတော့ ကြိုးတွေထုတ်ပေးတော့ ကြိုးတော့ ရှိတယ်ဘုရား၊ မီးသီးတော့ မရှိဘူးဘုရား၊တလွဲလုပ်တယ်၊ဒါ ရှောင်သွားတာ၊ ကြိုးလိုလို့ လာတဲ့အခါ ကျတော့လဲ ကြိုးတော့မရှိဘူးကိုယ်တော် မီးသီးတော့ရှိတယ်၊ မလိုချင် တာ ရှောက်ပေးတယ်။ ကြိုးကောမီးသီးပါ လိုချင်တယ်ဆိုဟော့ မီးသီး ကြွမ်းတွေပဲ ထုတ်ပေးတယ်၊ သုံးမဖြစ်တာတွေ ထုတ်ပေးတယ်၊ ဒီလို မလုပ်ပါနဲ့၊ မိတ်ကောင်းဆွေကောင်း မပီသဘူး။

ဒါ့ကြောင့် အာမိသာနုပ္ပဒါနေန စ၊ လိုတဲ့ပစ္စည်းကို စွမ်းအားရှိသ လောက် အလှူခံပုဂ္ဂိုလ်များ စိတ်မဆင်းရဲအောင် ထောက်ပံ့ရမယ်။

## ကျင့်သုံးဖြည့်ဆည်းရမည့် ဒါယကာကျင့်ဝတ်ငါးခု

၁။ မေတ္တာကာယကံဖြင့် ဝတ်ကြီးဝတ်ငယ်ပြုပါ။

၂။ မေတ္တာဝစီကံဖြင့် ချေချေငံငံ ဆက်ဆံပါ။

၃။ ကိုယ်နှင့်နှုတ်နှင့် ရင်းရင်းနှီးနှီး မဆက်ဆံနိုင်ယင် မပြုနိုင်ယင် အဝေးကနေပြီးတော့ မေတ္တာမနောကံဖြင့်စိတ်နှလုံးကောင်း မွေးပြီးတော့ နေကြပါ။

၄။ "အိမ်ကို ကြွတော်မူကြပါ၊ လိုတဲ့ပစ္စည်း အလှူခံတော်မူကြပါ"လို့ ဖိတ်ကြား၍ ထားပါ။

၅။ ဆိုက်ရောက်လာတဲ့အခါ ရှိတဲ့ပစ္စည်း တတ်နိုင်သမျှ လှူလိုက်ရမယ်။

ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ ကုလပုတ္တေန၊ အိမ်ရှင်ဖြစ်သော ဒါယကာ ဒါယိကာမသည်။ဉပရိမံ ဒိသံ၊ အထက်အရပ်လို့သတ်မှတ်ပြီး ထားအပ်ပေသော။သမဏာ ဗြာဟ္မဏာ၊ရဟန်းသာမဏေတွေကို။ပစ္စုပဋ္ဌာတဗ္ဗာ၊ ကောင်းစွာမသွေ လုပ်ကျွေးထိုက်ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

ဒါယကာတို့ ဝတ္တရားငါးပါးသိရပြီ၊ အတိုချုပ်လင်္ကာကလေးက-

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊
လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊
ကျင့်လေဒါယကာ"

ထိုကဲ့သို့ ဒကာ-ဒကာမများက ကျင့်ဝတ်ငါးခုပြည့်စုံယင် ဆရာတော် သံဃာတော်များဘက်က ကျင့်ဝတ်တွေ တုံ့ပြန်ရလိမ့်မယ်၊ အပြန်အလှန်ကျင့်ဝတ်တွေရှိနေသောကြောင့် ဆရာတော်-သံဃာတော်များရဲ့ ကျင့်ဝတ်တွေက-

## အထက်အရပ်ကိုရှိခိုးလျှင်

ဣမေဟိ ခေါ ဂဟပတိပုတ္တ ပဉ္စဟိ ဌာနေဟိ ကုလပုတ္တေန ဉပရိမာဒိသာ သမဏဗြာဟ္မဏာ ပစ္စုပဋ္ဌိတာ ဆဟိ ဌာနေဟိ ကုလပုတ္တံ အနုကမ္ပန္တိ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုးသူကြွယ်သား။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊

အကြောင်းအရာတို့ဖြင့်။ ကုလပုတ္တေန၊ အိမ်နေသူ လူဒကာ-ဒကာမ ဆိုတဲ့ ပုဂ္ဂိုလ်တွေက။ ဥပရိမာ ဒိသာ၊ အထက်အရပ်လို့ ခေါ်ဆိုသော။ သမဏဗြာဟ္မဏာ၊ ရဟန်းသူတော်ကောင်းတွေကို။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးကြမယ်ဆိုယင်။ သမဏဗြာဟ္မဏာပိ၊ ရဟန်းသာမဏေ သူတော်ကောင်းတွေကလည်း။ ကုလပုတ္တံ၊ အိမ်နေသူ ဒကာ-ဒကာမတွေကို။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းအရာတို့ဖြင့်။ အနုကမ္ပန္တိ၊ မြန်ပြီးတော့ စောင့်ရှောက်ကြလေကုန်၏။

ဒကာ-ဒကာမများက ဝတ္တရားငါးချက်ဖြင့် ရဟန်းတော်-သံဃာတော်များကိုပြုစုယင် ဆရာတော်-သံဃာတော်များဘက်က ဒကာ-ဒကာမများကို စောင့်ရှောက်တာကတော့ ကျင့်ဝတ် ၆-ခု ဖြစ်လာတယ်။

ဘုန်းကြီးတို့ဘက်က ဝတ္တရားတပါးပိုတယ်၊ ဒကာ-ဒကာမများဘက်က ဝတ္တရားငါးခုထဲရယ်၊ ဘုန်းကြီးတို့ဝတ္တရား ၆-ပါးက ဘာတွေလဲဆိုတော့—

## ရဟန်းကျင့်ဝတ် ၆-ပါး

(၁) ပါပါ နိဝါရေန္တိ-

(၂) ကလျာဏေ နိဝေသေန္တိ။

(၃) ကလျာဏေန မနသာ အနုကမ္ပန္တိ၊

(၄) အဿုတံ သာဝေန္တိ၊

(၅) သုတံ ပရိယောဒါပေန္တိ၊

(၆) သဂ္ဂဿ မဂ္ဂံ အာစိက္ခန္တိ။

### (၁) မကောင်းတာကို တားမြစ်ပါ

(၁) ပါပါ နိဝါရေန္တိ။

သမဏဗြာဟ္မဏာ၊ အထက်အရပ်လို့သတ်မှတ်တဲ့ ရဟန်းသာမဏေ ရသေ့သူတော်ကောင်းတွေသည်။ ကုလပုတ္တံ၊ တို့ ဒကာ-

ဒကာမတွေကို။ ပါပါ၊ မကောင်းတဲ့အမှုမှလည်း။ နိဝါရေန္တိ၊ တားမြစ်တော်မူကြကုန်၏။

တပည့်ဒကာ-ဒကာမတွေ မကောင်းတာဖြစ်မှာစိုးယင်၊ မကောင်းတာတွေလွန်ကျူးယင်၊ မကောင်းကျိုးတွေရမယ်ဆိုတဲ့အတွက်ကြောင့် မေတ္တာကရုဏာပြဋ္ဌာန်းပြီး တပည့်ဒကာ—ဒကာမတို့ကို ဒါတွေဒါတွေ မလုပ်နဲ့။ မကောင်းတာမြစ်မယ်ဆိုပြီးတော့ တားမြစ်တော် မူကြရပါမယ်။

ဝတ္တရားတခုအနေနဲ့ ဘုန်းကြီးတို့က ဆောင်ရွက်ရမယ်၊ အဲဒီလို ဝတ္တရားတခုအနေနဲ့ ဆောင်ရွက်တာကို ဒကာ-ဒကာမတွေက နားလည်ထားမှ ပိုကောင်းမယ်၊ "မကောင်းတာလုပ်နေတာကို ဟေ့—မလုပ်နဲ့ကွ၊ မကောင်းတာပြောနေလဲ မပြောနဲ့ကွ၊ ဒီအကျင့်ဒီအကြံတွေ မမှန်ဘူး၊ ဒီလုပ်နည်းဒီပြောနည်းတွေ မမှန်ဘူး"လို့ တားမြစ်ယင် ဆရာတော်များက သူတို့ဝတ္တရား ဆောင်ရွက်တယ်လို့ သဘောထားနိုင်မှ ကောင်းတယ်။

## အပြစ်မတင်ကြပါနဲ့

ဒီလိုမဟုတ်ပဲ "နေရာတကာ ဒီကိုယ်တော်တွေ တယ်ရှုပ်တယ်ကွာ၊ ဒီလိုမလုပ်နဲ့၊ ဟိုနေရာလဲရှောက်ပြီးတော့ ကာဆည်းကာဆည်း၊ ဟို အပြစ်တွေလဲပြော၊ ဒီအပြစ်တွေလဲပြော" ဒီလိုတော့ အပြစ်မတင်နဲ့၊ ဝတ္တရားအရ ဆောင်ရွက်ခြင်းလို့ မေတ္တာထားရမယ်။

"တို့မကောင်းတာတွေကိုမြင်ယင် တားဆည်းပေးကြတဲ့ တို့ကျေးဇူးရှင်တွေ"လို့ ခံယူရမယ်၊ ဆရာတော် သံဃာတော်များ ဘက်ကလဲ တပည့်ဒကာ-ဒကာမတွေ မကောင်းကျိုးဖြစ်မှာမြင်ယင်၊မကောင်းမှုတွေ လွန်ကျူးနေတာမြင်ယင် တားမြစ်ရမယ်၊ ဒီလိုမကောင်းပြစ်မှုတွေ လွန်ကျူးတာမြင်လို့ တပည့်ဒကာ-ဒကာမတွေကို တားဆီးမပေးယင် ဆရာတော် သံဃာတော်များဘက်က ဝတ္တရားပျက်တယ်။

အဲဒါခေါင်းမိုး နည်းနည်းပေါက်သွားတယ်၊ ခေါင်းမိုးနည်းနည်း ပေါက်သွားယင် တော်ကြာတော့ နေပူယင်လဲ နေပြောက်ထိုးမယ်၊ မိုးရွာယင်လဲ ရေတွေယိုလိမ့်မယ်။ နေပူယင်နေပြောက် မထိုးကြရအောင်၊

မိုးရွာယင် ရေပေါက်မယိုရအောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို တားရလိမ့်မယ်၊ ခေါင်မိုးသက်ငယ်လေးတပျစ် သွပ်တချပ်ဘင်ပေးလိုက်တာလို့ သိရမယ်။

ဒါ့ကြောင့် ပါပါနိဝါရေန္တိ- မကောင်းတာတွေကို မြင်ယင်ကြားယင် တားမြစ်ပေးရမယ်။

(၂) ကောင်းရာကိုညွှန်ကြားပါ

(၂) ကလျာဏေ နိဝေသေန္တိ။

ကလျာဏေ၊ ကောင်းတဲ့နေရာကို။ နိဝေသေန္တိ၊ တိုက်တွန်းကုန်၏။

မကောင်းရာကိုတား၊ ကောင်းရာကို ညွှန်ကြားတာကို ကျေနပ်စွာလက်ခံနိုင်မှ ဆရာနဲ့တပည့်လဲ ပြေလည်လိမ့်မယ်။

မကောင်းရာကိုတားမြစ်၊ ကောင်းရာကိုညွှန်ကြားတဲ့ဆရာ့ဝတ္တရားကို ဆရာတော်တွေက ဘယ်လိုပင်ဆောင်ရွက်သော်လဲ ဒကာ-ဒကာမတွေက မကျေနပ်ယင် မီးတောက်လာပြီး ရန်များလိမ့်မယ်။ ပို၍မှတ်မိအောင် ပြောရယင် အဲဒါခေါင်မိုးမီးလောင်တာ။

## နာဠိကေရ ဘုရင်ကြီး

နာဠိကေရ မင်းကြီးရဲ့အကြောင်း ဘုန်းကြီးဟောထားတာ ကြုံးခွေရှိတယ်၊ နာဠိကေရ ရှင်ဘုရင်ကြီးဟာ တောထဲကလာတဲ့ ပုသေ့တွေ နေပြည်တော်ရောက်တဲ့အခါ ဉယျာဉ်တော်ထဲ တရားဟောဟောနေတယ်၊နေပြည်တော်သူ နေပြည်တော်သားတွေ သွားပြီးတော့အုတ်အုတ်ကျက်ကျက် တရားနာကြတယ်၊ ရှင်ဘုရင်ကြီးက တခါမှတရားနာမထွက်ဘူး။

အုတ်အုတ်ကျက်ကျက် လူတွေနန်းတော်ရှေ့ကဖြတ်ပြီး တရားနာသွားတာကို နန်းယင်ပြင်က ရှင်ဘုရင်ထွက်ကြည့်တော့ခတွေ့တယ်၊ ‘ ဒီလူတွေ တရုံးရုံးနဲ့ ဘယ်သွားကြတာလဲ’’အမတ်ကြီးတွေကို မေးတယ်။

အမတ်ကြီးများက “ဉယျာဉ်တော်ထဲ ရသေ့တွေ ရောက်နေတယ်၊ တရားဟောကောင်းတယ် ဆိုလို့တရားနာသွားကြတာပါဘုရား”

''ဩော်-တရားနာ တရားဟောလုပ်နေကြတယ်''ပေါ့။

''ဟုတ်ပါတယ်မင်းကြီး၊ ဒီရသေ့တွေဘယ်လိုတရား ဟောသလဲဆို တာ မင်းကြီးလိုက်နာကြည့်၊ အင်မတန်တရားနာ ကောင်းတယ်''ပေါ့။

''ကိုင်းကွာ ဒီလိုဆို ငါလဲ တရားနာလိုက်အုံးမယ်'' ဆိုပြီးတော့ ရှင်ဘုရင်ကြီး ထွက်လာတယ်။ နေပြည်တော်သူ၊ နေပြည်တော်သား တွေနဲ့ အုတ်အုတ်ကျွက်ကျွက် မင်းကြီးထွက်ပြီးတော့ တရားနာတယ်၊ ဥယျာဉ်ထဲရောက်လို့ ရသေ့ထံမှောက် ဝပ်ချရှိခိုးကန်တော့လိုက်တယ် ဆိုယင်ပဲ။

တိုင်းပြည်ကြီးတခုလုံး သဲကန္တာရဖုံးသွား

''အဲဒီမင်းဖြစ်ပုံက ပါပါ နိဝါရေန္တိ၊ ကလျာဏေ နိဝေသေန္တိ၊ ကို အဓိပ္ပာယ်တလွဲ ကောက်တာနော်''

မိုးကြီးကိုးမျိုးရွာတယ်၊မိုးကြီးကိုးမျိုးရွာတဲ့ အကြောင်းကို ပြောပြ စရာမလိုဘူး၊ ဘုန်းကြီး တရားခွေတွေရှိနေတယ်၊ နောက်ဆုံးရွာတဲ့မိုး ဟာ ပြာပူမိုး၊ သဲမိုး။ သဲမိုးက နောက်ဆုံးရွာတယ်၊ ရှေ့ဦးစွာ ရွာတဲ့ မိုးက ပဲစေ့မိုး၊ ပဲစေ့မိုးရွာတယ်၊ ပိုက်ဆံပဲစေ့ကလေးတွေ ရွာတယ်၊ ကျပ်စေ့ကလေးတွေရွာတယ်၊ အလုအယက် ပိုက်ဆံထွက်ကောက်ကြ တယ်၊ နောက်ပြီးတော့ တန်ဆာမိုးရွာတယ် အလုအယက် ထွက်ကောက် ကြတယ်။

ရှင်ဘုရင်ရော တိုင်းသူပြည်သားတွေရော စောင်းကင်က ရွာချတဲ့ တန်ဆာမိုး လက်ဝတ်ရတနာတွေကို အလုအယက် ကောက်နေတုန်း ဘာဖြစ်သလဲဆိုတော့၊ လက်နက်မိုးကြီး အကြီးအကျယ်ရွာချလို့ သေ့ သန်ရဲရဲ အကုန်သေကုန်တယ်။ အဲဒီ နောက်ကျတော့မှ ကျောက်ခဲမိုးတို့၊ ပြာပူမိုးတို့ ရွာချတယ်။ သဲမိုး ရွာလို့ တတိုင်းပြည်လုံး သဲဖုန်းလို့ သဲကန္တာရ ကြီး ဖြစ်သွားတာ တိုင်းပြည်ပျောက်တယ်တဲ့၊ နာဠိကေရ မင်း ရဲဖြစ်ပုံ က ဒီအတိုင်းပဲတဲ့။

ကောင်းမှုကို ဘယ်လိုပဲထားတား၊ ကောင်းရာကို ဘယ်လိုပဲညွှန်ကြား ညွှန်ကြား အဓိပ္ပာယ်အလွဲကောက်လို့ အယောနိသောမနသိကာရ တွေ တွေ့ယင် ပျက်စီးတတ်တယ်။ဝတ္တရားအရ ဆောင်ရွက်သူကို ဝတ္တရားအရ ဆောင်ရွက်သူမှန်း မသိခဲ့ယင် အမှားဖြစ်တတ်တယ်။

မိုးကြိုးကိုးမျိုးက ဘယ်လိုကြောင့် ရှာသလဲဆိုတော့ ထိုရသေ့သူ တော်ကောင်းတွေကို စောင့်ကြပ်နေတဲ့ နတ်ကောင်းနတ်မြတ်များရှိတယ်။ ရသေ့သူတော်ကောင်းတွေကို စောင့်ကြပ်နေတဲ့ နတ်ကောင်းနတ်မြတ် တွေက စိတ်ဆိုးပြီး လုပ်နေကြတာတဲ့။ အဲဒီမှာ နာဠိကေရမင်းရဲ့ တိုင်း ပြည်ကြီးဟာ ပျက်စီးလို့ သဲကန္တာရကြီး ဖြစ်ခဲ့ဘူ ပြီတဲ့။ ဒါကြောင့် –

ကလျာဏော နိဝေသေန္တိ=ကောင်းရာကို ညွှန်ကြားယင်လဲ လိုက် နာနိုင်မှ သူတော်ကောင်းမည်တယ်။

ပါပါ နိဝါရေန္တိ=မကောင်းရာကို တားမြစ်ယင်လဲ တားမြစ် မှန်းသိလို့ ရှောင်ရှားနိုင်မှ သူတော်ကောင်းမည်တယ်။

ဝတ္တရားအရ ဆောင်ရွက်တာကို ဆောင်ရွက်မှန်းသိမှ ကောင်း တယ်။

## (၃) မေတ္တာအပြုံပို့ပါ

(၃) ကလျာဏေန မနသာ အနုကမ္ပန္တိ။ ။ကလျာဏေန၊ ကောင်းသော။မနသာ၊စိတ်နှလုံးဖြင့်လဲ။ အနုကမ္ပန္တိ၊ အစဉ်သဖြင့် မေတ္တာလွှတ်ပြီးတော့ နေကြပါတယ်။

သံဃာတော်များရဲ့ တတိယဝတ္တရားသည် တိုင်းသားပြည်သူ ဒကာ ဒကာမအားလုံးတို့ရဲ့အပေါ် အစဉ်သဖြင့် မေတ္တာလွှတ်ပြီး နေရမယ်၊ ဆရာတော်များဘက်က အမြဲတမ်း မေတ္တာပို့ပြီးနေရမယ်။ အဲဒီ မေတ္တာ အရ တားမြစ်တာ၊ မေတ္တာအရ ညွှန်ကြားတာကို အဓိပ္ပာယ် ဖြောင့် ဖြောင့်ယူတတ်ရမယ်။ ဒါ့ကြောင့် ကလျာဏေန မနသာ=စိတ်ကောင်း နှလုံးကောင်းဆိုတဲ့ မေတ္တာစေတ်ဖြင့်။ အနုကမ္ပန္တိ၊ တိုင်းပြည်ရှိနေတဲ့ ဒါယကာ ဒါယိကာမတွေကို မေတ္တာဖြင့် စောင့်ရှောက်တော်မူကြပါ ကုန်၏။

## (၄) တရားအသစ်အသစ် ဟောပေးပါ

(၄) အသုတံ သာဝေန္တိ။ ။အသုတံ၊ မကြားစဖူး တရား အထူးအထွေကိုလဲ။ သာဝေန္တိ၊ ကြားရအောင်ဆိုပြီးတော့ ဟောပေးရမယ်။

ဒါယကာ ဒါယိကာမတွေကို တရားအထူးအထွေကိုလဲ ဟောပေးရမယ်၊ ထူးဆန်းတဲ့ တရားတွေကို ဟောပေးရမယ်၊ တခါလာလဲ မဲပြာပုဆိုး၊ တခါလာလဲ မဲပြာပုဆိုး ထပ်တလဲလဲ မဟုတ်ဘူးတဲ့၊ တရားကို အသစ်အသစ် တပုဒ်ပြီးတပုဒ် ဟောပေးရမယ်၊ တပုဒ်ပြီးတပုဒ်ဆိုတော့ ဘယ်သူတွေ ပိုခက်သလဲဆိုတော့ ဘုန်းကြီးတို့ ဟောဒီဆန်လှူ ဟောတဲ့ ဓမ္မကထိကတွေ ပိုခက်တယ်။

ခက်ပုံက နယ်ဟောယင် ဘုန်းကြီးတို့ ပိုပြီးချမ်းသာတယ်၊ တမြို့ပြီး တမြို့ပြောင်သွားယင်၊ တမြို့ကိုနှစ်ရက်ထက်ပိုဟောရတာမရှိဘူး။နှစ်ညဆို တရားနှစ်ပုဒ် ပြောင်းသွားတယ်၊ နောက်မြို့ရောက်လဲ ဒါထပ်ဟော ကိစ္စမရှိဘူး၊တရားတပုဒ်ဟောယင် တတိုင်းလုံးတပြည်လုံး ပြန့်သွားရော။

“ရန်ကုန်မြို့ဘုန်းကြီး အခုဟောနေတာ ရက်ပေါင်း ၅၆-ရက်ရှိပြီ တရား ၅၆-မျိုးတနေ့ကို တမျိုးကိုဟောနေရတယ်”

“မှန်ပါဘုရား”

ဘာသွားအခက်ခဲတွေ့သလဲ ဆိုတော့ တနေကုန် ဒကာဒကာမတွေ လာနေလို့စာအုပ်မကြည့်နိုင်ဘူး ဆိုယင် ညနေစောင်း ခေါင်ကိုက်ပြီ။

ဒါ့ကြောင့် အဃုတ်သာဝေတ္တိ= အသစ်အသစ်ဟောပေးရမယ်ဆို တော့အသစ်ဟောပေးမှလဲဒီစကိသမားတွေကကျေနပ်မှာကိုး။တော်တော် ကြာလဲ ဒီတရားပဲဆိုပြီး သူတို့ကဖျက်ပစ်ကြတယ်။

**တခါလာလဲမဲပြာပုဆိုးနဲ့ပွဲတကာတိုးခဲ့**

ဘုန်းကြီးတို့ကွဘူးတဲ့ ဆရာတော်ကြီး တပါးဆိုယင် ရှင်ပြုရဟန်းခံ မှန်သမျှ၊ ဘယ်ရှင်ပြုရဟန်းခံဖြစ်ဖြစ်၊ နန္ဒိယသဋ္ဌေးသား ပိတ်တထွာ လှူတာပဲဟောတယ်၊ နန္ဒိယသဋ္ဌေးသား ပိတ်တထွာလှူတယ်၊ ပဋ္ဌေက ဗုဒ္ဓါကြီး သင်္ကန်းချုပ်နေတာ တွေ့လို့ သင်္ကန်းချုပ်နေတော့ ပိတ်က မလောက်ဘူး၊ ပိတ်မလောက်ဘူးဆိုတော့ ဈေးကသွားကြည့်ပြီးတော့ ပိတ်တထွာလှူလိုက်တယ်၊ သင်္ကန်းဖြစ်သွားတယ်။

အဲဒီကောင်းမှုကြောင့် စကြာမင်းက ဘယ်နှစ်ကြိမ်၊ သိကြားမင်းက ဘယ်နှစ်ကြိမ်၊သူကအဲဒါဟောတယ်၊ဘုန်းကြီးတို့ကျောင်းသားဘဝထဲက အဲဒီဆရာတော်ကြီး အဲဒီဝတ္ထုဟောလာတာ၊ ဒီကနေ့အထိဟောတုန်းပဲ၊

ရှင်ပြုမှန်သမျှ စလာပြီ၊နန္ဒိယသဌေးသား ဆိုကတည်းကသိပြီ၊ ဩဘ်-ပိဘ်တထွာလှူလို့ စကြာမင်းဖြစ်ဘာ သူဟောဘာကိုးပုဒ်ပဲ ကို သိနေပြီ။ အဲဒီလိုဆိုပြန်တော့လဲ ပရိသတ်က တခါလာ နန္ဒိယဘိုတော့ ဟန်မကျပဲ ဖြစ်ဘာယ်။

ဒါပေမယ့် သူတို့ဘာမှတ်မိသလဲ မေးယင် နန္ဒိယနဲ့ပိတ်ဘထွာကလွဲလို့ ဘာမှမမှတ်မိဘူး၊ ကိုင်း-နန္ဒိယနဲ့ ပိတ်တထွာကလွဲ ဘာမှမှတ်မိပဲ လူသား များ ပရိတ်သတ်များ အတွက်လဲ-အာသုတ်သာဝေဏ္ဍိရဲ့ နောက် ငါးခု မြောက်ကျင့်ဝတ်အနေနှင့်-

(၅) ဟောပြီးသားလဲကျေညက်အောင်ထပ်ဟောပါ

(၅) သုတံ ပရိယောဒါပေန္တိ။

သုတံ၊ နာကြားပြီးသား တရားတွေကိုလည်း၊ ပရိယော ဒါပေန္တိ၊ ရှင်းရှင်း လင်းလင်း ကျေကျေ ညက်ညက်ဖြစ် အောင် ထပ်၍ တပ်၍ ဟောပါ။

ဒီခွင့်ပြုချက်ဝတ္တရားသာမရှိယင် အမြဲတမ်း အသစ်ချည်း ဟောရမလို ဖြစ်နေတယ်၊ တရားအသစ်အသစ်သဲ ဟောပါ၊ အဟောင်းတွေကိုလဲ ပရိသတ်ရှင်းလင်းသွားအောင် ထပ်မံပြီး ထပ်မံပြီးတော့ ဟောပေးပါတဲ့။

''ဒီဝတ္တရားပါတော့ နန္ဒိယသဌေးသား တသက်လုံးဟောတဲ့ ဆရာ တော်ကြီး အပြစ်တင်စရာမလိုဘူးနော်''

''မှန်ပါဘုရား''

''သစ်တုံးကြီးကို တသက်လုံး တရားဟောတဲ့ သီးလုံး ဆရာတော်လဲ ကျေးဇူးတင်စရာနော်''

''မှန်ပါဘုရား''

ကောင်းပြီ၊ ဒါ့ကြောင့် အသုတံ၊ မကြားစဖူး တရားထူး တွေကို။ သာဝေန္တိ၊ ဟောပေးရမယ်။ သုတံ၊ ကြားဘူးပြီးတဲ့-နာဘူးပြီးတဲ့ တရား တွေကိုလည်း။ပရိယောဒါပေန္တိ၊ ကျေကျေညက်ညက် ရှင်းရှင်းလင်းလင်း ဖြစ်အောင် ထပ်မံသုတ်သင်ပြီးတော့ ဟောရမယ်။

## (၆) နတ်ရွာနိဗ္ဗာန်အတွက်ကျင့်စဉ်ကွေပြပါ

၆။ သဂ္ဂဿ မဂ္ဂံ အာစိက္ခန္တိ။ ။သဂ္ဂဿ၊ နတ်ရွာသုဂတိ အတွက် မဂ္ဂံ၊ ခရီးလမ်းမှန်ကိုလည်း။ အာစိက္ခန္တိ၊ ပြောကြား ပြီးတော့ နေကြရမယ်။ နတ်ရွာရနိုင်သည့် လမ်းခရီးလဲ အစဉ်သဖြင့် ပြပေးနေရမယ်။

ဒီကောင်းမှု-ဒီကောင်းမှုက နတ်ပြရောက်မယ့် ကောင်းမှု၊ဒီကောင်း မှု-ဒီကောင်းမှုက ဗြဟ္မာ့ပြည်ရောက်မယ့် ကောင်းမှုကွ၊ ဒီကျင့်စဉ်တွေ ကတော့ နိဗ္ဗာန်အတွက် နိက္ခမလမ်းကြောင်းကြီးတွေလို့ နတ်ရွာနိဗ္ဗာန် အတွက် လမ်းကြောင်းကြီးတွေကို အစဉ်သဖြင့် ပြပေးနေရမယ်တဲ့။

ဘုန်းကြီး တို့ရဲ့ ဝတ္တရားဟာ ၆-ခုရှိတယ်၊ ဒကာ-ဒကာမတွေ ဝတ္တရား က ငါးခုထဲရှိတယ်၊ ဘုန်းကြီးတို့က တခုပိုဘယ်။

(၁) မကောင်းတာကို တားမြစ်ပါ။

(၂) ကောင်းရာကို ညွှန်ကြားပါ။

(၃) အစဉ်သဖြင့် ပစ္စည်းလေးဖြာ ထောက်ပံ့နေတဲ့ ဒကာ-ဒကာမ တွေကို မေတ္တာပို့ပြီးတော့ နေကြပါ။

(၄) တရားအထူးအထူး အသစ်အသစ်ကို ဟောပေးပါ။

(၅) အဟောင်းတွေကိုလည်း ထပ်မံပြီးတော့ ရှင်းလင်းအောင် ဟောပါ။

(၆) နတ်ရွာနိဗ္ဗာန်အတွက်လဲ လမ်းစဉ်တွေ-ကျင့်စဉ်တွေကို ပြပါ။

### ရှိခိုးခြင်းဟာ အထက်အရပ်လိုခြံမှု

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ အို- သူကြွယ်သား။ ပစ္စုဟိ၊ ငါးပါးကုန်သော။ ဌာနေဟိ ကာရဏေဟိ၊ အကြောင်းအရာ တို့ဖြင့်။ ကုလပုတ္တေန၊ အိမ်နေသူ-လူဒါယကာ ဒါယိကာမသည်။ ဥပရိမံ ဒိသံ၊ အထက်အရပ်လို့ ခေါ်ဆိုအပ်ကုန် သော။ သမဏဗြာဟ္မဏာ၊ ရသေ့ရဟန်း သူတော်စဉ်တို့ကို။ ပစ္စုပဋ္ဌ တာ၊လုပ်ကျွေးကြမယ်ဆိုယင်။ သမဏဗြာဟ္မဏာပိ၊ ထိုရသေ့ရဟန်း

သူတော်ကောင်းတို့ကလည်း။ ကုလပုတ္တ၊ အိမ်နေသူ-လူဒါယကာ ဒါယိကာမတို့ကို။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဌာနေဟိ-ကာရဏေဟိ၊ အကြောင်းတို့ဖြင့်။ ပုန၊ နောက်ထပ်တဖန်၊ အနုကမ္ပန္တိ၊ ပြန်လည်ပြီးတော့ စောင့်ရှောက်ကြကုန်၏။

ဣတိ၊ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးဆောင် ဘုရားရှင်သည်။ ဥငရိမ့် ဒိသံ၊ အထက်အရပ်လို့ ခေါ်ဆိုရတဲ့ အမိုး ကြို မပေါက် မပျက်စီးရမယ့် အကြောင်း လက္ခဏာကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားမိန့်တော် မူခဲ့ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

ဒါကြောင့် ဆရာနှင့်ဒကာ ဝတ္တရားမကျေယင် ခေါင်ကမိုးမလုံဘူးလို့ တ်ကြရမယ်။

(၁) ဆရာ ဒကာ ဝတ္တရား ၅-ပါးနဲ့ ရဟန်း သံဃာတွေရဲ့ ဝတ္တရား ၆-ပါး၊ ဤဝတ္တရား ၁၁-ပါး တခုခုပျက်ခဲ့ယင် အမိုးမလုံတဲ့ အိမ်။

(၂) ဆရာတပည့် ဝတ္တရားမကျေယင် တောင်ဘက်နံရံမလုံတဲ့အိမ်။

(၃) သားသမီးနဲ့မိဘ ဝတ္တရားမကျေယင် အရှေ့နံရံ ပေါက်နေတဲ့အိမ်။

(၄) မိတ်ဆွေအချင်းချင်း ဝတ္တရား ပျက်ယင် မြောက်ဘက်နံရံ ပေါက်နေတဲ့အိမ်။

(၅) ဇနီးမယားနှင့် ခင်ပွန်းသည် ဝတ္တရားတွေ ပျက်နေလို့ ဆူးငြောင့် ခလုတ်ကလေးတွေ ဖြစ်နေယင် အနောက်ဘက် နံရံ ပေါက်နေတဲ့အိမ်။

(၆) အလုပ်သမားနဲ့ အလုပ်ရှင် မပြေလည်ယင်၊ မကျေနပ်ချက်တွေ ဖြစ်နေကြယင် အောက်ကကြမ်းတွေ ကျိုးပေါက်နေတဲ့အိမ်။

ဒီဝတ္တရားတွေ အသီးသီးပြေလည်ကြမှ အိမ်ကြီးတခုရဲ့ အမိုး-အခင်း အကာ လေးဘက် လုံခြုံရေးရတဲ့အိမ်လို့ ဆိုရမယ်။

ဧဝမဿ သော ဥပရိမာ ဒိသာ ပဋိစ္ဆန္နာ ဟောတိ ခေမာ အပ္ပဋိဘယာ။

## ဝတ္တရားတွေ ကျေပွန်ကြမယ်ဆိုယင်

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ သူဌေး သား။ ဧဝံ၊ ဤသို့ ဖြစ်ခဲ့မယ်ဆိုယင်။ အဿ၊ ထိုပုဂ္ဂိုလ် ဒါယကာ ဒါယိကာမရဲ့။ သောဥပရိမာဒိသာ၊ ထိုအထက်အရပ်လို့ ခေါ်ဆိုရ ပေသော။ သော ဥပရိမာ ဒိသာ၊ ထိုအထက်အရပ်သည်။ ပဋိစ္ဆန္နာ၊ လုံခြုံမှုရှိသည်။ ဟောတိ၊ဖြစ်၏။ ခေမာ၊ တပည့်နှင့် ဆရာ၊ဒါယကာ နှင့်ဆရာ မေတ္တာစေတ်တွေ လွှမ်းခြုံနေကြသောကြောင့် အမိုးလုံ တယ်ဆိုတဲ့ ဘေးရန်ကင်းသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပဋိဘယာ၊ ဆရာနှင့် ဒကာ မကျေနပ်မှုဆိုတဲ့ ဘေးရန်ကင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဆဒိသာ ပဋိစ္ဆာဒနကထာ၊ အရပ်ခြောက်မျက် နှာ လုံခြုံရေးနဲ့ပတ်သက်၍ ဓမ္မကထာ ဒေသနာကို။ ကထေသိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

''မကောင်းမြစ်တား၊ ကောင်း ရာညွှန်လစ်၊ အသစ်ဟောကြား၊ နာပူ ထပ်ပံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။

အရပ် ၆–မျက်နှာ စုံသွားပြီ။

ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော အထာပရံ ဧတ ဒဝေါစ သတ္ထာ။

ဒီသုတ္တန်ရဲ့ နိဂုံးမှာ သင်္ဂဟတရားလေးပါးနှင့်နိဂုံးအုပ်ထားတယ်။ သင်္ဂဟတရားလေးပါးကို ဖြည့်စွက်ပေးယင် ဤသုတ္တန်လဲ ပြီးပါပြီ။

ဣဒံဝစနံ၊ ဤဆိုခဲ့တဲ့ ဆဗ္ဗိသာ ပဋိစ္ဆာဒနကထာကို။ ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ မိန့်ကြားတော်မူခဲ့ပါပေ၏။ ဣဒံ၊ ဤအရပ်ခြောက်မျက်နှာ လုံခြုံမှု မွေကထာ ဒေသနာကို၊ ဝတွာန၊ မိန့်ကြားတော်မူပြီးတော့မှ။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အထာပရံ၊ ထိုမှ နောက်၌။ ဧတံ ဝစနံ၊ ဤစကားကိုလည်း။ အဝေါစ၊ မိန့်ကြားတော်မူခဲ့ပါပေ၏။

**အရပ် ၆-မျက်နှာ ပိုင်းခြားသတ်မှတ် ရှိခိုးတယ်ဆိုတာ**

မာတာပိတာ ဒိသာ ပုဗ္ဗာ၊ အာစရိယာ ဒက္ခိဏာ ဒိသာ။
ပုတ္တဒါရာ ဒိသာ ပစ္ဆာ၊ မိတ္တာမစ္စာ စ ဥတ္တရာ။
ဒါသကမ္မကရာ ဟေဋ္ဌာ၊ ဥဒ္ဓံ သမဏ ဗြာဟ္မဏာ။
ဧတာ ဒိသာ နမဿေယျ၊ အလမတ္တော ကုလေ ဂိဟီ။

သိင်္ဂါလ၊ သိင်္ဂါလအမည်ရသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား" မာတာပိတာ၊ မိဘနှစ်ပါးတို့ကို၊ ပုဗ္ဗဒိသာတိ၊ အရှေ့အရပ်ဟူ၍" ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ အာစရိယာ၊ ဆရာသခင် ကျေးဇူးရှင်တို့ကို။ ဒက္ခိဏာ ဒိသာတိ၊ တောင်အရပ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ပုတ္တဒါရာ၊ သားမယားတို့ကို၊ ပစ္ဆာ ပစ္ဆိမာဒိသာ၊ အနောက်အရပ်ဟူ၍၊ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ မိတ္တာမစ္စာ၊ မိတ်ဆွေခင်ပွန်းတို့ကို။ ဥတ္တရာ ဒိသာတိ၊ မြောက်အရပ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဒါသကမ္မကရာ၊ အလုပ်သမား အစေ အပါးတွေကို။ ဟေဋ္ဌာဒိသာတိ၊ အောက်အရပ်ဟူ၍ ဒဋ္ဌဗ္ဗာ မှတ်အပ်ကုန်၏။ သမဏဗြာဟ္မဏာ၊ သမဏ-ဗြာဟ္မဏခေါ်ဆိုတဲ့ ပုဂ္ဂိုလ်သူမြတ်တွေကို။ ဥဒ္ဓံဒိသာတိ၊ အထက်အရပ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ကုလေ၊ အမျိုးထဲ၌။ ဂိဟီ၊ အိမ်နေသူလူဖြစ်တဲ့ ဒါယကာ ဒါယိကာမသည်။ ဧတာဒိသာ၊ ထို အရပ် ၆-မျက်နှာတို့ကို။ နမဿေယျ၊ ဝတ္တရားကျေအောင် အသီးသီး ဆောင်ရွက်ခြင်း ဖြင့် ရှိခိုးတယ်လို့ မှတ်ရမှာပါ။

ရှိခိုးတယ်၊ တကယ် ရှိခိုးတာမရှိခိုးတာ ပဓာနမဟုတ်ဘူး။ ပြောခဲ့တဲ့ ဝတ္တရားတွေကို ဆောင်ရွက်တာကို ရှိခိုးတယ်မည်ပါတယ်။

ဘောဒိသာ၊ ထိုအရပ် ၆-မျက်နှာတို့ကို။ နမဿေယျ၊ ရှိခိုးတယ်မည်ပါ၏။ ဝေါ၊ ဤသို့။ နမဿန္တော၊ ရှိခိုးမယ်ဆိုယင် (ဝါ) နမဿန္တော၊ ရှိခိုး၍ နေပေသော။ ဂိဟိ၊ အိမ်ယာတည်ထောင် လူ့ဘောင်၌နေသော ပုဂ္ဂိုလ်သည်။ ဃရံ၊ အိမ်ကို။ အာဝသိတုံ၊ အိမ်ကိုလွှမ်းမိုး အုပ်ချုပ်ပြီးတော့ နေခြင်းငှာ။ အလမတ္တော၊ စွမ်းနိုင်တဲ့သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

အရပ် ၆-မျက်နှာ ရှိခိုးလို့ အရပ် ၆-မျက်နှာ လုံခြုံရေးရတဲ့ ပုဂ္ဂိုလ်မှသာလျှင် အိမ်ယာတည်ထောင် လူ့ဘောင်၌ စွမ်းနိုင်တဲ့ လူစွမ်းကောင်းခေါ်ပါလို့။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအာဖြင့် မိန့်ကြားတော်မူခဲ့ပါသတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

ဒီဂါထာ နှစ်ပုဒ်ဖြင့် အရပ်ခြောက်မျက်နှာကို ကျကျနနရှိခိုးတယ်ဆိုတာ အရပ် ၆-မျက်နှာလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်အသီးသီးတို့ကို ဝတ္တရားကျေအောင် ဆောင်ရွက်ကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဤဝတ္တရားများကျေယင် အရပ် ၆-မျက်နှာလုံခြုံရေးရလို့ အိမ်ယာတည်ထောင်တဲ့လူ့ဘောင်မှာဤပုဂ္ဂိုလ်တွေ လူစွမ်းကောင်းတယောက်ဖြစ်ပြီ။

## အခြေအရံ ကျော်စောမှုတို့နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်

ပဏ္ဍိတော သီလသမ္ပန္နော၊ သဏှော စ ပဋိဘာနဝါ၊
နိဝါတဝုတ္တိ အတ္ထဒ္ဓော၊ တာဒိသော လဘတေ ယသံ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ ပဏ္ဍိတော၊ ဆဒ္ဒိသာပဋိစ္ဆာဒနသဘောကို ကောင်းကောင်းမွန်မွန် ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်သော ဉာဏ်ပညာရှိသော။ သီလသမ္ပန္နော၊ ကိုယ်ကျင့်တရားနှင့် နေပေထသော။ ပဏ္ဍိတာ - ဉာဏ်ရှိသူဆိုတာက ဒီဆဒ္ဒိသာပဋိစ္ဆာဒနသဘောကို နားလည်သူတွေကို ဒီနေရာမှာဉာဏ်ရှိသူလို့ခေါ်တယ်၊ ဒါကြောင့်—

ပဏ္ဍိတော၊ အရပ် ၆-မျက်နှာအကြောင်းကို ကောင်းကောင်းကြီး သိရှိနားလည်သော။ သီလသမ္ပန္နော၊ ပါပကမ္မလေးပါး၊ အဂတိလေးပါး၊ ဘောဂါနံ အပါယမုခ ၆-ပါးမှ ကင်းလွတ်တဲ့ ကိုယ်

ကျင့်တရားနှင့် ပြည့်စုံ၍ နေပေထသော။ သဒ္ဓော' နူးညံ့ပျော့ပျောင်းတဲ့ စိတ်နှလုံးထောင်းလဲ ရှိပေထသော။

ဒါက ကလျာဏမိတ္တအင်္ဂါကို ညွှန်းပြတာ။

ပဋိဘာနဝါ၊ အရာရာမှာ ဌာနတိုင်း ဌာနတိုင်းမှာ၊ နေရာတိုင်းမှာ ကျွမ်းကျင်သိမြင်တဲ့ ဉာဏ်ပညာနှင့် ပြည့်စုံ၍ နေပေထသော။

ပဋိဘာနဉာဏ်ဆိုတာက နေရာတိုင်း နေရာတိုင်းမှာ သိမြင်နိုင်စွမ်းရှိတဲ့ ဉာဏ်ကိုပြောတာ။ စာပေက ဌာနာဌာနကောသလ္လဉာဏ်— အရာဟုတ်သည် မဟုတ်သည်ကို သိတဲ့ဉာဏ်။ ဘယ်နေရာပဲရောက်ရောက် အဲဒီပုဂ္ဂိုလ်ဟာ ထူးနေတယ်၊ပိန်းနေတယ်လို့ မရှိဘူး။ တရားပွဲရောက်လဲ သူ့နေရာနှင့်သူ အလိုက်သင့်ပဲ၊ ပွဲလမ်းသဘင်ကျလဲ သူ့နေရာနှင့်သူ အလိုက်သင့်လေးဖြစ်နေတယ်။ အကုန်လုံးမှာ သူက အသိရှိနေတယ်။ ယခုခေတ်တော့ အဲဒါ ဘယ့်နှယ်ခေါ်သလဲ "ကွန်မွန်းဆင့်" လို့ ခေါ်တယ်။ နေရာတိုင်း မြော်တတ်မြင်တတ်တဲ့ ဉာဏ်မျိုး။

ပဋိဘာနဝါ၊ ထိုကဲ့သို့ အရာရာမှာ သိနိုင်တဲ့ ဉာဏ်ပညာနှင့် နှင့်လဲ ပြည့်စုံ၍ နေပေထသော။

နိဝါတဝုတ္တိ၊ နှိမ်ချတဲ့ သဘောတရားနှင့် ပြည့်စုံ၍ နေပေထသော။ ဒေါသမာနကင်းပြီးတော့ အစဉ်သဖြင့် မိမိကိုယ်ကို နှိမ်ချတဲ့ သဘောလဲ ရှိရမယ်။

အတ္ထဒ္ဓေါ၊ ခက်ထန်ကြမ်းတမ်းတဲ့ စိတ်နှလုံးလဲမရှိပေထသော။ မိဘ်ကောင် တို့ရဲ့ လက္ခဏာကို ပြောတာ။

တာဒိသော၊ ထိုသို့ သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယသံ၊ ဟောဒီပစ္စက္ခဘဝမှာလဲ အခြွေအရံနှင့် ပြည့်စုံခြင်း၊ သံသရာမှာလဲ အခြွေအရံနှင့် ပြည့်စုံခြင်းဆိုတဲ့ ယသ သမ္ပတ္တိတို့ဖြင့်။ လဘတေ၊ ကောင်းစွာမသွေ ရရှိနိုင်ပါပေတော့သတည်း။

(သာဓု-သာဓု-သာဓုပါ ဘုရား)

ထကြွလုံ့လ ဝီရိယနဲ့ ပြည့်စုံတဲ့ ပညာရှိပုဂ္ဂိုလ်

ဥဋ္ဌာနကော အနလသော၊ အာပဒါသု နဝေဓတိ၊
အစ္ဆိန္နဝုတ္တိ မေဓာဝီ၊ တာဒိသော လဘတေ ယသံ။

သိင်္ဂါလ ၏၊ သိင်္ဂါလအမည်ရှိပေသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ ဥဋ္ဌာနကော၊ ထကြွလုံ့လ ဝီရိယနှင့်လဲ ပြည့်စုံ၍ နေပေထသော။

အပျင်းရဲ့အင်္ဂါ ၆-ပါးမှ လွတ်ရမယ်လို့ ပြောတာ၊ ဒါတွေ အကျယ်ဟောပြီးသား။

အနလသော၊ ပျင်းရိခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်ဓာတ်ကျခြင်းဆိုတာလဲမရှိပေထသော။ အာပဒါသု၊ ဘေးရန်တွေနဲ့ကြုံတဲ့ အခါမှာလည်း။ နဝေဓတိ၊ တုန်လှုပ်ခြင်းဆိုတာ မရှိပေထသော။

အခက်အခဲနှင့် ဘယ်လောက်ပဲကြုံကြုံ နောက်မဆုတ်ဘူး၊ နောက်မတွန့်ဘူးဆိုတဲ့ ရဲရင့်တဲ့စိတ်လဲရှိရမယ်။ ဒါက မိတ်ကောင်းတို့ရဲ့ လက္ခဏာ "ဘီတ ဿသရဏံ ဟောတိ အာပဒါသု နဝိဇဟတိ"မှာ ပါသွားပြီ။

အစ္ဆိန္နဝုတ္တိ၊မပျက်စီးတဲ့အသက်မွေးလုပ်ငန် နှင့်ပြည့်စုံပေထသော။ အသက်မွေးတဲ့လုပ်ငန်း ဒုစရိုက်ကင် ရမယ်။

မေဓာဝီ၊အကြောင်းအကျိုးသိမြင်ပညာရှင်ဖြစ်၍နေပေထသော။ (ဝါ) မေဓာဝီ၊ ဂိဟိဝိနယမှာ ကျွမ်းကျင်တဲ့ဉာဏ်ပညာနှင့်ပြည့်စုံ၍ နေပေထသော။

ဒီနေရာမှာ မေဓာဝီဆိုတဲ့ပုဒ်က ဟောဒီလူ့ဝိနည်းတွေ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကို မေဓာဝီပညာရှိလို့ ခေါ်တယ်လို့ ညွှန်ပြတယ်။

မေဓာဝီ၊ ဂိဟိဝိနယ လူမှုကျင့်ဝတ်တွေကို ကောင်းစွာ နားလည်သော ဉာဏ်ပညာနှင့် ပြည့်စုံနေပေထသော။ တာဒိသော၊ ထိုကဲ့သို့ အကြောင်း ကျိုး သိမြင် ပညာရှင်ဆိုတဲ့ပုဂ္ဂိုလ်သည်၊ ဣဓဝေါ၊ ဤပစ္စက္ခလောက ဘဝ၌လည်းကောင်း။ ပစ္ဆာဝါ၊ တမလွန်လောက နောက်ဘဝ၌ လည်းကောင်း၊ တာဒိသံ၊ ထိုသို့သဘောရှိသော ယသံ၊ အခြံအရံနှင့်ပြည့်စုံခြင်းကို။ လဘတေ လဘတိ၊ ကောင်းစွာ မခဲသွ ရရှိနိုင်ပါတော့၏။

ဣတိ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ ငရုဏာရွှေထား မေတ္တာအားဖြင့် ဟောကြားတော် မူခဲ့ပါပေသတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

## သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်တတ်သူ

သင်္ဂါဟကော မိတ္တကရော၊ ဝဒညူ ဝီတမစ္ဆရော။
နေတာ ဝိနေတာ အနုနေတာ၊ တာဒိသော လဘတေ ယသံ။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ အိုး-သူကြွယ်သား။ သင်္ဂါဟကော၊ သင်္ဂဟတရားလေးပါးနှင့် ချီးမြှောက်စောင့်ရှောက်အပ်တဲ့ သဘောရှိသော။ မိတ္တကရော၊ အဲဒီသင်္ဂဟလေးပါးဖြင့် မိတ်ဆွေခင်ပွန်းရအောင် ပြုစုတတ်တဲ့ သဘောရှိပေထသော။ ဝဒညူ၊ သူတပါးရဲ့ကျေးဇူးကိုလဲ သိသဖြင့် ပြောတတ်တဲ့ သဘောရှိပေထသော၊ (ဝါ) သူတပါးပြောဆိုသောစကားတွေကို သိတတ်တဲ့သဘောရှိပေထသော။ ဝီတမစ္ဆရော၊ မစ္ဆရိယဆိုတဲ့ ဝန်တိုခြင်း အညစ်အကြေးမှကင်းပေထသော။ နေတာ၊ သူတပါးအကျိုးကို ကောင်းစွာဆောင်ရွက်နိုင်တဲ့ စွမ်းရည်နှင့် ပြည့်စုံပေထသော။ ဝိနေတာ၊ အထူးပြုပြီးတော့ ဆောင်ရွက်နိုင်တဲ့ စွမ်းရည်နှင့် ပြည့်စုံပေထသော။ အနုနေတာ၊ အများအကျိုးကို ထပ်တလဲလဲ ဆောင်ရွက်နိုင်တဲ့စေတနာသဒ္ဓါနှင့် ပြည့်စုံပေသော။ တာဒိသော၊ ထိုသို့သဘောရှိတဲ့။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဣဓဝါ၊ ဤပစ္စုပ္ပန်လောက၌ လည်းကောင်း။ ပစ္ဆာဝါ၊ တမလွန်လောက နောက်ဘဝ၌လည်းကောင်း။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ယသံ၊ အခြံအရံတွေကို။ လဘတိ၊ ကောင်းစွာမသွေ ရရှိနိုင်ပါပေတော့သတည်း။

(သာဓု- သာဓု- သာဓုပါဘုရား)

ဒီပါဠိတော်ပိုဒ်မှာ ကြည့်လိုက်အုံး။ သင်္ဂါဟကော၊ သင်္ဂဟတရားလေးပါးနှင့် ချီးမြှောက်တတ်တဲ့သူဟာ အခြံအရံအစဉ်သဖြင့် တိုးတက်တယ်၊ ဂုဏ်သတင်းတိုးတက်တယ်၊ မိတ်ဆွေတိုးပွားတယ်။

သင်္ဂါဟကောမိတ္တကရောဝဒညူတဲ့၊ "ဝဒညူ"ဆိုတာသူတပါးပြောဆိုတာကို သိတယ်လို့ တိုက်ရိုက်ပါဠိတော်က ပြောတယ်။ အဓိပ္ပာယ်ဆိုလိုတာက ကိုယ့်မိတ်ဆွေကိုယ့်အိမ်ရောက်လာယင် ကိုယ့်ဆီ တစုံတခု အကူအညီတောင်းလိမ့်မယ်၊ တောင်းယင် တောင်းတဲ့ အခါကျတော့ တခါတလေ တိုက်ရိုက်မပြောရဲလို့ သွယ်ဝိုက်ပြီး ဟို ဒီ ပြောလိမ့်မယ်၊ လှည့်လိမ့်မယ်။

## ဝဒညူ-ပုဂ္ဂိုလ်မျိုးဆိုတာ

“ငါ့ကွာ ဇနီးကလဲနေမကောင်း၊ သားသမီးကလဲ နေမကောင်း၊ ပိုက်ဆံကလဲပြတ်နေတယ်၊ လစာကလဲမထုတ်ရသေး” စသည်ဖြင့်ဒီလောက် ပြောလိုက်ယင် သူ ငွေလိုလို့ပြောတာကို သိရမယ်။ ဟိုကရှက်လို့ ဒီလောက် အားနာလို့မတောင်းတာ၊ ကိုယ်က အတောင်းစောင့်မနေပဲ တခါတည်း ပေးလိုက်။

အဲဒီလို သူတပါးပြောတာဆိုတာကို သိဖို့ဆိုတာ ဒီလို အရိပ်ပြလိုက် တာနဲ့ ကိုယ်ကူညီရမယ်ဆိုတာ သိကြပါ၊ ငါ့ကူညီတော့ဟေ့လို့ တိုက် ရိုက်ပြောမှသိယင် ဝဒညူမဟုတ်ဘူး ညံ့သွားပြီ။ အဲဒီလိုအရိပ်အရောင် ပြောရုံနှင့် သူတပါးကိုကူညီရမယ်ဆိုတာကိုသိတတ်တဲ့ အသိဉာဏ်ရှိတဲ့ သူ ကို “ဝဒညူ” လို့ခေါ်တယ်။

ကိုယ်ကူညီရမယ့်ဝတ္တရား တွန့်တိုတဲ့ မစ္ဆရိယ သဘောမှ ကင်းတဲ့ သူကို “ဝီတမစ္ဆရ” လို့ ခေါ်တယ်။

သူတပါး အကူအညီလိုနေတာသိတယ်၊ သူတပါးအကူအညီပေးဖို့ရာ မတွန့်တိုဘူး၊ သူတပါးကို အကူအညီလိုနေတဲ့အခါ ကိုယ်ကဆောင်ရွက် နေတဲ့သူကို “နေတာ” လို့ခေါ်တယ်။

သူတပါးရဲ့အကျိုးကိုစွမ်းစွမ်း တမံဆောင်ရွက်နေတဲ့သူကို “ဝိနေတာ” လို့ ခေါ်တယ်။

သူတပါးရဲ့အကျိုးတွေကို ထပ်တလဲလဲ ဆောင်ရွက်ပေးနေတဲ့သူကို “အနုနေတာ” လို့ ခေါ်တယ်၊ မိတ်ကောင်းတို့ရဲ့ သဘော။

ဒီလိုသဘောရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အခြံအရံနှင့်ပြည့်စုံတယ်၊ ဒီလောက မှာပဲဖြစ်ဖြစ်၊ နောင်တမလွန်ဘဝမှာပဲဖြစ်ဖြစ် အခြံအရံနှင့်ပြည့်စုံမှုတွေ ကို ကောင်းကောင်းရရှိနိုင်တယ်။

ဒါ့ကြောင့် သင်္ဂါဟကော၊ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်ရမယ်။

အဲဒီ သင်္ဂဟတရားလေးပါးက-

သင်္ဂဟတရားလေးပါး

ဒါနဉ္စ ပေယျဝဇ္ဇဉ္စ၊ အတ္ထစရိယာ စ ယာ ဣဓ၊
သမာနတ္တတာ စ ဓမ္မေသု၊ တတ္ထ တတ္ထ ယထာရဟံ။
ဧတေ ခေါ သင်္ဂဟာ လောကေ၊ ရထဿာဏီဝ ယာယတော။

သိင်္ဂါလက၊ သိင်္ဂါလအမည်ရှိသော။ ဂဟပတိပုတ္တ၊ သူဌေးသား။ ဒါနဉ္စ၊ ပေးကမ်းစွန့်ကြဲခြင်းဆိုတဲ့ ဒါနမှုဖြင့်လည်းကောင်း။

ဒါနလို့သုံးလိုက်ခြင်းဖြင့် ဘုန်းကြီးတို့ရှိသတ်က အလှူလို့ တွက်လိမ့်မယ်၊ အလှူတခုတည်းကိုလဲ ဒါနလို့မသတ်မှတ်လိုက်နဲ့၊ မိတ်ဆွေအချင်းချင်း ပေးကမ်းပြီးတော့ ကူညီနေတာကို ဒါနလို့ ဒီနေရာမှာ သုံးတယ်။ ဒါကြောင့်-

ဒါနဉ္စ၊မိတ်ဆွေအချင်းချင်း ပေးကမ်းကူညီတဲ့ ဒါနမှုကိုလည်းကောင်း။ ပေယျဝဇ္ဇဉ္စ၊ ချစ်ဖွယ်စကား ပြောကြားခြင်းဆိုတဲ့ ပိယဝါစာဖြင့် လည်းကောင်း။ အတ္ထစရိယာစ၊ သူ့အကျိုးဆောင်ရွက်ခြင်းဆိုတဲ့ အတ္ထစရိယဖြင့် လည်းကောင်း။ သမာနတ္တတာစ၊ ကိုယ်နှင့် ထပ်တူထားပြီးတော့ ဆောင်ရွက်ခြင်းဆိုတဲ့ ကိုယ်ချင်းစာတရားဖြင့်လည်းကောင်း။

ဒီသင်္ဂဟတရားလေးပါးကို ဘုရားက ဟောပြတယ်။

(၁) အကူအညီလိုယင် ကိုယ့်ပစ္စည်းပေးရမယ်။

(၂) ချစ်ဖွယ်စကားပြောကြားရမယ်။

(၃) သူ့အကျိုးဆောင်ရွက်ပေးရမယ်။

(၄) ကိုယ်နှင့်ထပ်တူ ကိုယ်ချင်းစာတရားထားရမယ်။

မိဘဖြစ်သူသည် သားသမီးအပေါ် ချီးမြှောက်ယင်လဲ ဒီသင်္ဂဟတရားလေးပါးနှင့်ချီးမြှောက်ရမယ်၊တချို့သားသမီးက ပေးတာကြိုက်တယ်။ တချို့သားသမီးက ချစ်ချစ်ခင်ခင် ယဉ်ယဉ် ကျေးကျေး သားသားတို့ မီးမီးတို့ ဒီလို ယဉ်ယဉ် ကျေးကျေး သိမ်သိမ် မွေ့မွေ့ ပြောတာကြိုက်တယ်။

## အလိုလိုက် အကြိုက်ဆောင်

သူ့အကြိုက်နှင့်သူ ချီးမြှောက်သွားယင် အကုန်လုံးကို ပြေလည်နေတယ်၊ ပေးတာကြိုက်တဲ့ သားသမီးပေး၊ ချစ်ချစ် ခင်ခင် ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ကြိုက်တဲ့ သားသမီး ချစ်ချစ် ခင်ခင် ချိုချိုသာသာ ပြော၊ သူကြိုက်တာလေးနှင့်သူ ပေးသွားယင် ပြေလည်တာပဲ။

တချို့ကျတော့ သူ့အကျိုးစီးပွားကိုဆောင်ရွက်ပေးမှ ကျေနပ်တယ်၊ တချို့က ကိုယ်ချင်းစာတရားလေးနဲ့ပြောမှလုပ်မှကျေနပ်တတ်၊ အိမ်တွင်းမှုမှာလဲဒီအတိုင်းပါပဲ၊ အိမ်ယာတည်ထောင် လူ့ဘောင်ခနကြတဲ့ ဇနီးမယား သမီးသားတွေ ဒီသင်္ဂဟတရားလေးပါးနှင့် တော်သလိုသင့်သလို သူကြိုက်တာလေးနှင့် ပေးကမ်းချီးမြှောက်သွားယင် အိမ်တွင်းရေးမှာလဲ အဆင်ပြေတယ်။

မိတ်ဆွေအချင်း ချင်းဆက်ဆံတဲ့နေရာမှာလဲပေးမှ ကြိုက်တဲ့သူပေးပါ၊ အကူအညီလိုတဲ့ပုဂ္ဂိုလ်ကိုအကူညီပေးပါ။ချစ်ဖွယ်စကား ပြောကြားတာကြိုက်တဲ့ပုဂ္ဂိုလ်ကို ချိုချိုသာသာဆက်ဆံပါ၊ ကိုယ်ချင်းစာ တရားကြိုက်တဲ့ပုဂ္ဂိုလ်ကျတော့ ကိုယ်ချင်းစာတရားလေးပြောပေးပါ။

အဲဒီလို လိုရာလိုရာနဲ့ ပြောဆိုသွားကြယင်၊ ချီးမြှောက် သွားကြယင် မိတ်ဆွေ အချင်းချင်း ဆက်ဆံရေးမှာ ပြေလည်ပါတယ်။

အလုပ်ရှင်နှင့် အလုပ်သမားလဲ ဒီသင်္ဂဟတရားလေးပါးပဲ၊

ရှင်ဘုရင်နှင့် တိုင်းသူပြည်သားတွေလဲ ဒီသင်္ဂဟတရား လေးပါးပဲ။

ဒီသင်္ဂဟ တရားလေးပါးဟာ အလွန်တရာကျယ်ဘယ်၊ လိုတဲ့သူလိုရာပေး ပြေလည်သွားတယ်၊ သိမ်သိမ်မွေ့မွေ့ စကားဆက်ဆံတာမှ ကြိုက်ယင်၊ သိမ်သိမ်မွေ့မွေ့ ဆက်ဆံလိုက်ယင် ပြေလည်သွားတာပဲ။

ပစ္စည်းလေးတို့ ဘာတို့သာတောင်းပါတယ်၊ လျှောက်လွှာလေးတင်လိုက်ပါတယ်၊ ငေါက်ထုတ်လိုက်မယ် မကြံလိုက်ပါနဲ့၊ ပိယဝါစာ ချစ်ဖွယ်သော စကားလေးနဲ့ ပြောလွှတ်၊ မရှိတာမရှိဘူးပြော၊ ပြောဆိုနည်းမှာလဲ အမျိုးမျိုးရှိတယ်။

## ပိယဝါစာနှင့် ဒေါသဝါစာ

ငေါက်ငမ်းကြိမ်းမောင်းပြီး "သွားမရှိဘူး ကုန်ပြီ" ဆိုပြီး နှင်လွှတ်တာတမျိုး၊ အကြောင်းနှင့် အကျိုးနှင့် ရှင်းပြပြီး မရှိလို့ ပမပေးနိုင်တဲ့ အကြောင်း ကျေနပ်အောင် တောင်းပန်လွှတ်တာ တမျိုး၊ အမျိုးမျိုး ရှိတယ်။

ပိယဝါစာနှင့် မရှိကြောင်း ပြောတာရယ်၊ ဒေါသဝါစာနဲ့ မရှိကြောင်းပြောတာရယ် မတူဘူး။

ဒေါသဝါစာနဲ့ ပြောလိုက်ယင် ကိုယ့်ကိုတကယ် ရန်ထောင်လာမယ်၊ ပိယဝါစာနဲ့ပြောလိုက်ယင် မရှိကြောင်း၊ ပမပေးနိုင်ကြောင်း၊ မကူညီနိုင်ကြောင်းပြောယင် ကိုယ့်ကို ဟိုက ချစ်ခြင်းမေတ္တာနှင့် တုံ့ပြန်လာတယ်။

ဒါကြောင့် သင်္ဂဟတရား လေးပါးသည် လူမှုရေးမှာရော၊ မင်းမှုရေးမှာရော၊ အိမ်တွင်းရေးမှာရော၊ မိတ်ဆွေရေးမှာရော၊ ဆရာဒကာ ဆက်ဆံရေးမှာရော၊ အကုန်လုံးအသုံးဝင်တဲ့ တရားလေးပါးဖြစ်တယ်။

ဒါနဉ္စ၊ ပေးကမ်းခြင်းဆိုတဲ့ ဒါနမှု။ ပိယဝါစဉ္စ၊ ချစ်မယ်စကား ပြောကြားခြင်းဆိုတဲ့ ပိယဝါစာမှု။ အတ္တစရိယာ၊ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း အကျိုးဆောင်ပေးခြင်းဆိုတဲ့ အတ္တစရိယ လုပ်ငန်း။ သမာနတ္တတာ၊ ကိုယ်ကျိုးနှင့်အတူထားပြီးတော့ သူ့အကျိုးကျင့်သုံးခြင်းဆိုတဲ့ သမာနတ္တတာကိုယ်ချင်းစာတရားလုပ်ငန်းဖြင့်။တတ္ထတတ္ထ၊ ထိုထိုထိုထို ကိစ္စတို့၌ ထိုထိုထိုထို အရာဌာနတို့၌ ထိုထိုကိစ္စ ထိုထိုအရာဌာန ထိုထိုရပ်ရွာတို့၌။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရေန္တိ၊ ပြုလုပ်ကြကုန်၏။ ဓမ္မေသု၊ လူမှုရေး ကျင့်ဝတ်တို့၌။ မဓမ္မေသု၊ ဂိဟိဝိနယ လူ့ဝိနည်း တရားတော်၌။ ယထာရဟံ၊ ထိုက်သင့်အားလျော်စွာ။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရေန္တိ၊ ပြုလုပ်ကြကုန်၏။

### လှည်းနစောင့်နဲ့တူတဲ့ သင်္ဂဟတရား ၄-ပါး

ဧတေခေါ သင်္ဂဟာ လောကေ၊ ရထဿာဏီဝ ယာယတော။

ဧတေသင်္ဂဟာ၊ ထိုသင်္ဂဟတရား လေးပါးတို့သည်။ လောကေ၊ ဤလူ့လောက၌။ ကိဉ္စာပိ နသန္တိ၊ အကယ်၍ မရှိခဲ့ကြဘူးဆိုခဲ့ယင်။

ယာယတော၊ သွား၍သွား၍ လိမ့်၍နေပေသော။ ရထား၊ရထား ကြီးရဲ့။ အာဏာ၊ နပန်းစောင့်သည်၊ (၀၁) လှည်းနစောင့်သည်။ နတ္ထိက္ကုဝ၊ မရှိသကဲ့သို့ ပါတည်း။

လှည်းကြီးမှာလည်း ဘီးဝင်ရိုးလျှိုထားတယ်၊ ထိုဝင်ရိုးက လှည်း ဘီးကျွတ်ပြီး မသွားစေခြင်းငှာ လှည်းဘီးဝင်ရိုးက အဖျား ကန့်လန့် လေး ဖောက်ထားတဲ့ သံချောင်းလေးရှိတယ်၊ ရှေးပေါ်ရာဏက 'နပန်း စောင့်'လို့ ခေါ်တယ်။

ဒီကနေ့ 'နပန်း'ကို 'ပန်း'ဆိုတဲ့ စာလုံးဖြုတ်ပြီးတော့ 'နစောင့်' 'လှည်းနစောင့်' ဝင်ရိုးနှစ်ဘက်ထိပ်က ကန့်လန့်လျှိုထားတဲ့ လှည်း နစောင့်ကျွတ်တာနဲ့ တပြိုင်နက် အဲဒီလှည်းကြီးဟာ ဘီးကြီးကျွတ်ထွက် သွားပြီး လမ်းမှာဖရိုဖရဲဖြစ်ဖို့ သေချာပြီသာမှတ်ပေတော့။

လှည်းနပန်းစောင့်မရှိတဲ့လှည်းသည် ဘီးနှင့် ဝင်ရိုးဖရိုဖရဲ တခြားစီ ဖြစ်ပြီး ဖရိုဖရဲပျက်စီးရသလို-

သင်္ဟတရားလေးပါး ကင် ကွာတဲ့အိမ်၊

သင်္ဟတရားလေးပါး ကင်းကွာတဲ့မိတ်ဆွေ၊

သင်္ဟတရားလေးပါး ကင်းကွာတဲ့တိုင်းပြည်၊

လှည်းနှင့်ဘီး တခြားစီပျက်စီးပြီး ဘာမှအကျိုးမသက်ရောက်သလို ပျက်စီးတတ်တယ်။

မော်တော်ကားများကျလဲ ဒီအတိုင်းပဲ၊ မော်တော်ကား ဝင်ရိုး ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်၊ ဘီးကြီးတွေတပ်ထား၊ မော်တော် ဘီး ကြီးတွေ မြဲအောင်လို့တပ်ထားတဲ့ အရာဝတ္ထုတွေဘာခေါ်သလဲ နပ်၊ နပ်ဆိုလို့ ကောင်းကင်ကနတ်လို့မထင်နဲ့ ဒေဝသဒ္ဒါကလာတဲ့ နတ်မဟုတ် ဘူး။ အဲဒီနပ်တွေကျွတ်သွားယင် ဘီးတွေတခြားစီဖြစ်သွားမယ်။ အဲဒီ အချိန် ဒီမော်တော်ကားပေါ်ကလူ သေပြီသာမှတ်။ ဒီအတိုင်းပါပဲ၊ မော်တော်ကားကြီးတခုလုံးမှာ နပ်ပြုတ်သွားယင် ဘီးနဲ့ကားတခြားစီ ဖြစ်သွားသလို၊ ဘာမှအလုပ်မဖြစ်တော့သလို သင်္ဟတရား လေးပါး

သည် ဒီလူ့လောကကြီးတခုလုံးရဲ့ နပ်ပဲ၊ နပင်းစောင့်ပဲ။ သင်္ဂဟတရား လေးပါးကင်းယင် နပ်ပြုတ်ထွက်သွားတဲ့မော်တော်ကားလို၊ နပင်းပြုတ်သွားတဲ့ လှည်းဘီးလို ပျက်စီးတော့တယ်။

ဒါကို ဘုရားရှင်ကိုယ်တော်မြတ်က-

ဧတေ ခေါ သင်္ဂဟာ လောကေ၊ ရထဿာဏီဝ ယာယတော။ လို့ ဟောတော်မူတယ်။

### သင်္ဂဟတရားကင်းကြသောအခါ

ဧတေသင်္ဂဟာ၊ ထိုသင်္ဂဟတရား လေးပါးတို့သည်။ ရထဿ၊ ထိုရထားကြီး၏။ ယာယတော။ တလှုပ်လှုပ် လိမ့်ကာ လိမ့်ကာ သွားလာ၍နေသော ရထားကြီးကို။ ရက္ခတိ ဣဝ၊ စောင့်ရှောက်လေသကဲ့သို့။ ဧတေသင်္ဂဟာ၊ ထိုသင်္ဂဟတရား လေးပါးတို့သည်။ လောကံ၊ ဤလူ့လောကကြီးကို။ ရက္ခန္တိ၊ ကောင်းစွာမသွေ စောင့်ရှောက်ကြလေကုန်တော့၏။

ဧတေစ သင်္ဂဟာ နာဿု၊ န မာတာ ပုတ္တကာရဏာ။
လဘေထ မာနံ ပူဇံဝါ၊ ပိတာဝါ ပုတ္တကာရဏာ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ သိင်္ဂါလက၊ သိင်္ဂါလအမည်ရပေသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ လောကေ၊ ဤလူ့လောကကြီး၌။ ဧတေသင်္ဂဟာ ဒါနဥ္စ၊ ပေယျဝဇ္ဇဥ္စ၊ အတ္တစရိယာစ၊ သမာနတ္တတာစ၊ ပေးကမ်းခြင်း၊ ချစ်ဖွယ်စကားပြောကြားခြင်း၊ သူ့အကျိုးဆောင်ရွက်ခြင်း၊ ကိုယ်ချင်း စာချင်းဆိုတဲ့ သင်္ဂဟတရား လေးပါးတို့သည်။ သစေနအာဿု၊ အကယ်၍ ဒီလောက၌ မရှိဘူးဆိုယင်။မာတာပိ၊ မိခင်ကလည်း။ ပုတ္တကာရဏာ၊ သားသမီးတည်းဟူသော အကြောင်းကြောင့်၊ (ဝါ) သားသမီးတို့ရဲ့ထံက။ ပိတာပိ၊ ဖခင်ကလည်း။ ပုတ္တကရဏာ၊ သားသမီးတည်းဟူသော အကြောင်းကြောင့်၊ (ဝါ) သားသမီးတို့ရဲ့ထံက။ မာနံဝါ၊ မြတ်နိုးခြင်းကိုလည်းကောင်း။ ပူဇံဝါ၊ ပူဇော်ခြင်းကိုလည်းကောင်း။ နလဘတိ၊ မရနိုင်တော့ပါ။

သင်္ဂဟတရား လေးပါးပျက်ယင် မိဘနှစ်ပါးသည် သားသမီးများထံမှ ချီးမြှောက်ထောက်ပံ့ စောင့်ရှောက်မှုဆိုတာ မမျှော်လင့်နဲ့မရတော့ဘူး၊ မိဘများက သားသမီးများအပေါ်မှာ သင်္ဂဟတရား လေးပါးနှင့် ချီးမြှောက်ယင် သားသမီးတွေက ဝတ္တရားငါးပါးနှင့်စောင့်ရှောက်လိမ့်မယ်။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်ကလဲ တိုင်းသူပြည်သားတွေရဲ့အပေါ်မှာ သင်္ဂဟတရားလေးပါးနဲ့ချီးမြှောက်ယင် တိုင်းသူပြည်သားတွေကလဲ ဝတ္တရားကြေကြလိမ့်မယ်။

အဲဒီလိုမှ အထက်ထက်က ပုဂ္ဂိုလ်များ သင်္ဂဟတရား လေးပါးနှင့် မပြည့်စုံခဲ့ယင် အောက်အောက်ကပုဂ္ဂိုလ်တွေရဲ့ ကူညီစောင့်ရှောက်မှုဆိုတာ ဖို့ခက်ပြီလို့ နိဂုံးအုပ်ပြီး တော့ မြတ်စွာဘုရားဟောပြတယ်။

ဧတေ စ သင်္ဂဟာ နာဿု၊ န မာတာ ပုတ္တကာရဏာ။
လဘေထ မာနံ ပူဇံ ဝါ၊ ပိတာ ဝါ ပုတ္တကာရဏာ။

သိင်္ဂါလက၊ သိင်္ဂါလ အမည်ရပေသော။ ဂဟပတိပုတ္တ၊ သူကြွယ်သား။ လောကေ၊ အဲဒီလူ့နေလောကကြီးမှာ။ ဧတေသင်္ဂဟာ၊ ထိုသင်္ဂဟတရားလေးပါးတို့သည်။ သစေနအဿု၊ အကယ်၍ မရှိကြဘူးဆိုလို့ရှိယင်။ မာတာပိ၊ မိခင်သည်လည်းကောင်း။ ပိတာပိ၊ ဖခင်သည်လည်းကောင်း။ ပုတ္တကာရဏာ၊ သားသမီးတည်းဟူသော အကြောင်းကြောင့် (ဝါ)သားသမီးတို့ရဲ့အထံက။မာတာပိ၊ ပိတာပိ၊ တိုင်းပြည်ရဲ့ မိခင်ဖခင်တို့ဖြစ်တဲ့ ရှင်ဘုရင်တို့သည်လည်းကောင်း။ ပုတ္တကာရဏာ၊ တိုင်းသူပြည်သားဆိုတဲ့ သားသမီးတို့ရဲ့ အထံက။ မာနံဝါ၊ မြတ်နိုးခြင်းကိုလည်းကောင်း။ ပူဇံဝါ၊ ပူဇော်ခြင်းကိုလည်းကောင်း။ နလဘေထ၊ မရနိုင်ပါ။

တသ္မာ၊ ဒါကြောင့်။ ဧတေသင်္ဂဟာ၊ ထိုသင်္ဂဟတရားလေးပါးတို့သည်။ လောကံ၊ ဤလူ့နေလောကကြီးကို။ ပါလေန္တိ၊ စောင့်ရှောက်နေကြလေကုန်၏၊ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊

ကရုဏာရှေ့ထား မေတ္တာအားဖြင့် မိန့်ကြားတော်မူလိုက်ပါပေတော့ သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

သိင်္ဂါလသုတ္တန်ကြီးတခုလုံး ပြီးဆုံးသွားပါပြီ။

သိင်္ဂါလသဌေးသား ဗုဒ္ဓရှင်တော်အား ရှိခိုးလျှောက်ထားပြီး

"ဘယ်မှာ အဆုံးသတ်သလဲဆိုတော့ သင်္ဂဟတရားလေးပါးနဲ့ အဆုံးသတ်လိုက်တယ်၊ အဲဒီသိင်္ဂါလသုတ္တန်မှာ ထိုးဝင်သွားတာနော်"

"မှန်ပါဘုရား"

"ဒီတော့မှ သိင်္ဂါလသဌေးသားလဲ စောင့်ကြောင့်ထိုင်ပြီး ဘုရားလက်အုပ်ချီဖော်ရတယ်"

"မှန်ပါဘုရား"

အထခေါ သိင်္ဂါလကော ဂဟပတိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ။

အထခေါ၊ ထိုအခါ၌။ သိင်္ဂါလကော ဂဟပတိပုတ္တော၊ သိင်္ဂါလခေါ်တဲ့ သဌေးသားသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဧတံဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ကြားရှာလေတော့၏။

သိင်္ဂါလက ရှိခိုးပြီးတော့ ဒီအခါကျမှ လျှောက်လိမ့်မယ်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဧတ၊ ရှင်တော်ဘုရား၏။ ဘာသိတံ၊ မိန့်ကြားတဲ့ ဤဂိဟိဝိနယဒေသနာတော်ဟာ။ မေ၊ တပည့်တော်အတွက်။ အဘိက္ကန္တံ၊ နှစ်သက်ဖွယ်ရာကောင်းလိုက်တာဘုရား။ သေယျထာပိ၊ နှိုင်းယှဉ်စရာ ဥပမာပြရမယ်ဆိုယင်။ နိက္ကုဇ္ဇိတံ၊ မှောက်ထားသောအိုးကြီးကို။ ဥက္ကုဇ္ဇေယျ သေယျထာပိ ဝါ၊ အထက်အောက် ပြောင်းပြန်လှန်ပြသကဲ့သို့ လည်းကောင်း။ ပဋိစ္ဆန္နံ၊ ဖုံးကွယ်ထားတဲ့ အရာဝတ္ထုတွေကို။ ဝိဝရေယျ သေယျထာပိဝါ၊ ဖွင့်လှစ်၍ ပြလိုက်သကဲ့သို့လည်းကောင်း။ မူဠှဿ၊ တောကြီးမျက်မည်း လှမ်းမှားနေတဲ့ ပုဂ္ဂိုလ်တယောက်အား။ မဂ္ဂံ၊

လမ်းမှန်ကို။ အာစိကွေယျသေယျထာပိဝ ါ၊ လက်ကိုကိုင်စွဲ ဒီလမ်းပဲလို့ သေသေချာချာ ညွှန်ပြလိုက်သကဲ့သို့လည်းကောင်း။

"ဒီတော့မှ အားရပါးရ လျှောက်တယ်၊ ကျေနပ်လွန်းလို့"

"မှန်ပါဘုရား"

အန္ဓကာရေ၊ အမိုက်မှောင်ကြီးထဲ၌။တေလပဇ္ဇောတံ၊ ဆီမီးတိုင်ကြီးကိုလည်းပဲ။ ဓာရေယျ သေယျထာပိ၊ညှိထွန်း၍ ထေ ာင်၍ပြလိုက်ဘိသကဲ့သို့လည်းကောင်း။ စက္ခုမန္တော၊ မျက်စိနှစ်ကွင်း အလင်းရတဲ့ပုဂ္ဂိုလ်တွေဟာ။ ဒက္ခန္တိ၊ မြင်ကြပေလိမ့်မယ်။ ဣတိ၊ ဤသို့ ရည်ရွယ်ပြီးတော့။ ဧဝမေဝ ဧဝံတထာ၊ ပမာထားယူ ထိုအတူ။ အနေကပရိယာယေန၊ တပါးမက များလှစွာသော နည်းပရိယာယ်တို့ဖြင့်။ ဘဂဝတာ၊ ရှင်တော်ဘုရားသည်။ အဟံ၊ ဘုရားတပည့်တော် သိင်္ဂါလဆိုတဲ့ပုဂ္ဂိုလ်ကို။ ဓမ္မောပကာသိတော၊ ဂိဟိဝိနယ လူ့ကျင့်ဝတ်တွေကို ပြလိုက်ပါသည် မြတ်စွာဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ သောဟံ သောဟံ၊ ထိုဘုရားတပည့်တော်သည်၊ အဇ္ဇေတဂ္ဂေ၊ယနေ့မှစ၍။ ပါဏုပေတံ၊ အသက်နှင့် ပြည့်စုံနေမျှကာလပတ်လုံး။ ဘဂဝန္တံ၊ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဓမ္မံ၊ တရားတော်မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ-သရဏံဣတိ၊ ကိုးကွယ်ရာပါပဲလို့။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ မြတ်စွာဘုရား။

"သိင်္ဂါလ ဗုဒ္ဓဘာသာ သေသေချာချာ ဖြစ်သွားပြီ"

"ဖြစ်သွားပါပြီဘုရား"

**သိင်္ဂါလသဒ္ဓေးသား လူ့ကျင့်ဝတ်ဖြင့် ဗုဒ္ဓဘာသာဖြစ်လာခြင်း**

ဂိဟိဝိနယသုတ္တန်ဖြင့် သိင်္ဂါလသဌေးသား ဗုဒ္ဓဘာသာ သေသေချာချာ ဖြစ်သွားပြီ စောစောတုန်းကအဖေ့စကား လေးစားနားထောင်ပြီးတော့ အရပ်ခြောက်မျက်နှာ လှည့်ရှိခိုးတာ ခုတော့ ရှိခိုးရာအမှန်ကို သူပြီ။ သစ္စာလေးပါးတရား၊ ဘာညာ မနာရသေးဘူး၊ လူ့ကျင့်ဝတ်လောက်နဲ့ပဲ ဗုဒ္ဓဘာသာဖြစ်တယ်။

သောဟံ သောဟံ၊ ထိုဘုရားတပည့်တော်သည်။ ဘဂဝန္တံ၊ ဘုရားကိုယ်တော်မြတ်ကို။ ဓမ္မံ၊ တရားတော်မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ–သရဏံဂစ္ဆတိ၊ ကိုးကွယ်ရာပါပဲလို့။ ဂစ္ဆာမိ၊ ယုံကြည်သိမှတ် တပည့်တော် အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ပါသည် မြတ်စွာဘုရား။

ဘန္တေ၊ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။မံ၊ ဘုရား တပည့်တော်ကို။ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။အဇ္ဇ တဂ္ဂေ၊ ယနေ့မှစ၍။ ပါဏုပေတံ၊ အသက် ထက်ဆုံး။ ဘဂဝန္တံ၊ ဘုရားရှင် ကိုယ်တော်မြတ်ကို။ ဓမ္မံ၊ တရား တော်မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ-သရဏံဂတိ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသို့။ ဂတံ၊ ရောက်၍ နေသော။ ဥပါသကန္တိ၊ ဗုဒ္ဓဘာသာဥပါသကာ တယောက်ဟူ၍။ ဓာရေတု၊ ဆောင်းစွာမသေ့ ့မှတ်တော်မူပါအရှင်ဘုရား။

ဣတိ၊ ဤသို့။သိင်္ဂါလကော ဂဟပတိပုတ္တော၊ သိင်္ဂါလခေါ်တဲ့ သဌေးသားသည်။ဘဂဝန္တံ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကို။တော်ဝစနံ၊ ဤကဲ့သို့ သရဏဂုံတည်ကြောင်း ကောင်းမြတ်တဲ့ စကားတွေကို။အဝေါစ၊ ရွှေနားတော်ကြားအောင် လျှောက်ထား ရှာလေတော့သတည်း။

(သာဓု၊သာဓု၊သာဓုပါဘုရား)

မြတ်စွာဘုရားကသင်္ဂါလကို ဤဂိဟိဝိနယသုတ္တန်ကြီး ဟောနေတာ ဘယ်လောက်ကြာသွားသလဲ မှန်းကြည့်စမ်း၊ ဘုန်းကြီးတို့ ဟောလိုက်ရ တာခုနစ်ည၊သိင်္ဂါလသဌေးသားကို လမ်းမှာမတ်တပ်ဟောတာ ဘုရားရှင် တော်တော် ကြာတယ်၊ ဆွမ်းခံတဲ့ အချိန်ပြီ တော့ နေကိုအတော်မြင့် သွားတယ်၊ သိင်္ဂါလလဲ ဗုဒ္ဓဘာသာကောင်းတယောက်ဖြစ်ပြီ။ သိင်္ဂါလ ငါဘုရားဆွမ်းခံဝင်လိုက်အုံးမယ်ဆိုပြီး ဘုရားရှင် မြို့ထဲဆွမ်းခံဝင်တော်မူ တယ်။

သိင်္ဂါလက ဘုရားရှင်ရဲ့နောက်က လိုက်သွားကာ အိမ်ကနေပြီး ဘုရားရှင်ကို ကြိုတင်ပြီးစောင့်၊ ဘုရားရှင်က တခြားရပ်ကွက်တွေ ဆွမ်းခံ သွားနေတုန်း အိမ်ထဲဝင် ဆွမ်းခဲဘွယ်ဘောဇဉ်တွေ ကြိုတင်ပြင်ဆင်ပြီး

တော့ ဘုရား ကြွလာတော့မှ ဂိဟိဝိနယ ဒေသနာ ကျေးဇူးဆပ်သောအားဖြင့် အားရပါးရ ဘုရားရှင်ကို “ဤနေ့မှစပြီးတော့ နေ့စဉ် ဆွမ်းဝတ်ပြုပါတယ်ဘုရား” လို့လျှောက်ထားတယ်။

သိင်္ဂါလ သဋ္ဌေးသားသည် ကနေ့မှစ၍ အရပ်ခြောက်မျက်နှာဆိုတာလဲ ကောင်းကောင်း နားလည်၊ ရှိခိုးရမယ်ဆိုတဲ့ ဝတ္တရားတွေဆိုတာလဲ ကောင်းကောင်း နားလည်သဖြင့် ဂိဟိဝိနယ ဒေသနာဖြင့် သိင်္ဂါလ သဋ္ဌေးသား ဗုဒ္ဓဘာသာစစ်စစ် ကောင်းစွာဖြစ်ပြီး ဤမှာပင် သိင်္ဂါလောဝါဒသုတ္တန် ပြီ ပြီးလို့ မှတ်ကြပေတော့။

သိင်္ဂါလသုတ္တန်တရားတော်ပြီး၏။

ဤ သိင်္ဂါလသုတ္တန် တရားတော် စာအုပ်ကို ဒေါ်ကြင်ကြင် "ကြင်ကြင်" အမျိုးသမီး သိဒ္ဓိပိဋကတ် ပရိက္ခရာဆိုင် အမှတ် ၄၃/၄၄ ရွှေတိဂုံအရှေ့ဘက်မုခ် ရန်ကုန်မြို့က မ,တည်ထားသော အလှူတော်ငွေဖြင့် စိုက်ထုတ်၍ ဤစာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာများကို သီတဂူ ရေအလှူတော်၌ ပါဝင်လှူဒါန်းမည် ဖြစ်ပါသည်။